အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက် (၄) ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန



ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး	ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး	ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး	ဒို့အရေး

တိုင်းရင်းသားလူမျိုးများ

တိုင်းရင်းသားလူမျိုးများဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ပင်ရင်းနိုင်ငံအဖြစ် သတ်မှတ်၍ စဉ်ဆက်မပြတ်နေထိုင်ခဲ့ကြသော လူမျိုးများကိုဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံသားပြုခွင့်ရသူများနှင့် ဧည့်နိုင်ငံသားများမပါဝင်။

တိုင်းရင်းသားရေးရာ

တိုင်းရင်းသားရေးရာဆိုသည်မှာ တိုင်းရင်းသားတို့၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် ကိုးကွယ်သည့်ဘာသာ၊ သမိုင်းအမွေအနှစ်၊ ငြိမ်းချမ်းရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများ ရရှိရေးတို့အပါအဝင် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးစသည့်ကိစ္စရပ်များကိုဆိုသည်။

MOEA

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

Ministry of Ethnic Affairs

ပြည်ထောင်စုတိုင်းရင်းသား

မဂ္ဂဇင်း

အတွဲ (၁)၊ အမှတ် (၃) ၂၀၂၅-ခုနှစ်၊ အောက်တိုဘာလ











ပြည်ထောင်စုတိုင်းရင်းသား မဂ္ဂဇင်း

အတွဲ (၁)၊ အမှတ် (၃) ၂၀၂၅-ခုနှစ်၊ အောက်တိုဘာလ



- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ သဝဏ်လွှာကောက်နုတ်ချက်
- ပြည်ထောင်စုဝန်ကြီးဋ္ဌာယျောဇဉ်
- ဒုတိယဝန်ကြီး၏အမှာစကား
- မှတ်တမ်းမာတ်ပုံကဏ္ဍ ၁၁-၃၄

ကဗျာ

တိုင်းရင်းပီစွာ ရိုင်းပင်းညီညာ	မျိုးမြတ်မြတ်မြင့်မောင်	၃၅
အတွေးထဲက အင်းလေး၊ မဲခေါင်	ပုသိမ်မောင်သောင်းယဉ်	၃၆
သားချင်းစုံညီ တို့မြန်ပြည်	ဆကာကြီးမောင်မောင်လွမ်းဦး	၃၇
မောတို့ဌာနေ အလှဝေ	တင်တင်(ရန်ကုန်)	၃၈
မုန်တိုင်းစဲလေသော် ဖြစ်စေနော်	သီဟအောင်	၃၉
လတပေါင်း	ဇေယျာဘုန်းမြင့်	၄၀
ရိုင်းပင်းအားပြုရမယ့် တိုင်းရင်းသားထုရဲ့ အားမာန်	ကိုရဲကိုကို	၄၁
လွမ်းမောဖွယ်ရာ ထနော့ရွာ	အရှင်ဆေကိန္နဒ(ထနော့)	၄၂
ကတူးမြေသို့	နေမြန်မာ(ရွှေကတူး)	၄၃
အလံဖြူထောင် ခရီးသွားရသများ	ခင်မောင်ညွှန့်(အင်းဝ)	၄၄
မိခင်မေတ္တာ	စိုင်းဆက်ဇော်(ဟုမ္မလင်း)	၄၆

ကာတွန်း

မောင်မောင်စန်းလွင်၊ Hero ၊ Lorraine PHANT ၊ ပျံလွှား၊ ဝင်းဖန့်ဖန့်၊ လှထွဋ်ဦး		၄၇-၅၃

NCA (၁၀)နှစ်ပြည့်အထိမ်းအမှတ် အထူးကဏ္ဍ


မြန်မာနိုင်ငံခေတ်အဆက်ဆက် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေး သမိုင်းမှတ်တမ်းများ	ဝဏ္ဏကျော်ထင်ဇော်အေးမောင်	၅၄

ဆောင်းပါး

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးရဲ့တိုင်းရင်းသား ညီအစ်ကိုများ၏ စည်းလုံးခြင်းသည်အကြီးဆုံးအင်အား	သိပ္ပံနည်းပညာအင်ဂျင်နီယာ(ထွန်း)	၆၂
ပြည်ထောင်စုသားတို့ရဲ့တိုင်းရင်းသားကျေးရွာ	မြင့်စိုး(နတလ)	၆၇

တာဝန်ခံအယ်ဒီတာ
သက်ဝေ







တိုင်းရင်းသားရိုးရာဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ	မေလတ်ဇံ(စစ်တွေ)	၁၀၅
မပျောက်ပျက်ရေး ဘယ်လိုဆက်လုပ်ကြမလဲ		
စာဖတ်လေလေ တိုးတက်လေ	ချစ်နိုင်(စိတ်ပညာ)	၁၀၉
ရခိုင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့(ရန်ကုန်)အကြောင်း	ဦးသန်းမောင်၊ ရခိုင်စာယဉ်(ရန်ကုန်)	၁၁၂
Just Blame the Government Please!	UAC	၁၂၁
ပြောင်းလဲခြင်းကို ဦးဆောင်မှု	ကျော်ကျော်လှိုင်(SMART)	၁၂၆
သစ္စာစကား အမှန်တရားသိမြင်	ရန်ကျော်	၁၃၂
မင်းခစား ကမ်းနားသစ်ပင်		
ကမ္ဘာကြီး၏ အနာဂတ်ကို ပုံဖော်ရာတွင်	ဦးဌေးလင်း	၁၃၇
အသိဉာဏ်တုနည်းပညာ AI ၏ ပါဝင်မှုအခန်းကဏ္ဍ		
တင့်တယ်စေချင် ခိုင်သဇင်	သက်မျိုးခင်(ရွှေကျွန်းမြေ)	၁၄၂
ရခိုင်ရိုးရာ ကျင်ကစားပွဲ	မေကြီးရှင်(စစ်တွေ)	၁၄၈
ယဉ်ကျေးမှုများ တိုးတိုက်မိခြင်း	မန်းနဲနန္ဒာစာရ(တောကျောင်း)	၁၅၂
စံနမူနာပြုထိုက်သော မင်းတစ်ပါး	နိုင်စိုးသိန်း-ပဲခူး	၁၅၅
ပအိုဝ်းတိုင်းရင်းသားလူမျိုးတို့ရဲ့ ပွယ်ထောက်နာမ်း	ဦးပညာသီရိ(ဓမ္မမေဒနီ)	၁၅၉
မြန်မာ့သမိုင်းထဲက ထနေ့လူမျိုး	အရှင်ဆေကိန္ဒ(ထနေ့)	၁၆၂
ရှေးမွန်စာပေသမိုင်းခေတ်ဦးမြင်ကွင်း	ဗညားဂုဏ်လဟော	၁၆၅
အောင်ဆန်းသူရိယစောဘရီ	ဆရာမောင်(ပန်းတနော်)	၁၇၀
ကရင်နှင့်တိုင်တစ်ရာကျောင်းကြီး	S.မင်းခိုက်သူ(PTN)	၁၇၃

ဝတ္ထု

ပန်းညမွှေး	မောင်မောက်(ဝတ်လုံ)	၁၇၇
အော်ဟ့် အုမ့် မည်းဟော်	ဝင်းနွယ်(ပုသိမ်)	၁၈၄
အားသစ်တွေတိုး	ပုသိမ်အောင်သန်းဦး	၁၈၈
ဘဝဇာတ်ဆရာဆိုသမျှ အလိုကျ	ရဲမာန်အောင်(RASU)	၁၉၁
အောက်ချင်းသစ္စာ-ကမ္ဘာတည်စေ	ဆုလာဘ်နွယ်(ဘားအံ)	၁၉၆
အလွမ်းဆိုတာ ဖွင့်ထားတဲ့ တံခါးတစ်ချပ်ကနေ	မင်းဆက်ပိုင်	၂၀၇
ဝင်ရောက်လာတတ်တယ်		
ကောက်စိုက်အပြန် ရေကန်ကြီးက	လက်ံာရည်ရည်ခိုင်	၂၁၂
ကြာတစ်စည်းလောက် ချိုးခဲ့ကွယ်		

မျက်နှာပုံးဓာတ်ပုံ

မျိုးမင်းထိုက် (IPRD)

အတွင်းသရုပ်ဖော်ပန်းချီ

မြင့်ဝင်းမောင်၊ ကျော်မိုး

ထုတ်ဝေသူ

ဒေါ်ခင်စန်းရီ

ညွှန်ကြားရေးမှူး

(၀၃၀၄၉)

တိုင်းရင်းသားလူမျိုးများရေးရာ

ဝန်ကြီးဌာန

ပုံနှိပ်သူ

ဦးဇော်မြင့်ထွန်း

အေဇင်ပုံနှိပ်တိုက်(၀၀၂၄၁)

၁၁၈၊ ၄ လမ်း၊ ပုသိမ်မြေရပ်ကွက်၊

ဒေါပုံမြို့နယ်၊ ရန်ကုန်။

အုပ်ရေ

၅၀၀

ပြည်ထောင်စုတိုင်းရင်းသားများ

စည်းလုံးညီညွတ်ရေးကို ရည်ရွယ်၍

အခမဲ့ဖြန့်ဝေသည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)
(၁၀)နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားအား
ဂုဏ်ပြုကြိုဆိုလျက် ထုတ်ဝေသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

မိမိတို့နိုင်ငံ၏ ထူးခြားသောဝိသေသမှာ တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ ကျော်သည် ပြည်ထောင်စုတစ်ဝန်းလုံးတွင် ပေါင်းစည်းနေထိုင်ကြခြင်းပင်ဖြစ်ပါသည်။ နေရာဒေသအသီးသီးရှိ တိုင်းရင်းသား ပြည်သူများအချင်းချင်း မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မစိုရ်တရားလေးပါးဖြင့် နေထိုင်ဆက်ဆံကြမည်ဆိုပါက အေးချမ်းသာယာသော လူ့ဘောင်လောကကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ အလားတူပင် နိုင်ငံသားတိုင်း ဝံသာနုရက္ခိတတရားတည်းဟူသော မိမိနိုင်ငံနှင့်လူမျိုးကို အစဉ်စောင့်ရှောက်လိုစိတ်၊ အမျိုးဂုဏ်ဇာတိဂုဏ်နှင့် အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းလိုစိတ်တို့ကိုအခြေခံပြီး အေးအတူပူအမျှချစ်ကြည်စွာ ပေါင်းစုနေထိုင်သွားကြမည်ဆိုပါက ပြည်ထောင်စုကြီး အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲနေမည်သာဖြစ်ပါသည်။

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊
နိုင်ငံတော်ဝန်ကြီးချုပ် (ယခု နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ)၊
ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုခမ္မ မင်းအောင်လှိုင်ထံမှ
၂၀၂၅ ခုနှစ်၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)



နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး

ဒုတိယဗိုလ်ချုပ်ကြီး ရာဇဥ်

၏

ဥယျောဇဉ်

ကျွန်ုပ်တို့၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည် ရှေးနှစ်ထောင်ပေါင်းများစွာကတည်းက တိုင်းရင်းသား မျိုးနွယ်စုများစွာဖြင့် စုစည်းကာ ဖွဲ့စည်းတည်ထောင်ထားရှိခဲ့သည့် ပြည်ထောင်စုနိုင်ငံတော်ကြီး ဖြစ်သည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင် ရှမ်း ဟူသော တိုင်းရင်းသားညီအစ်ကိုမောင်နမများသည် သွေးစည်းညီညွတ်စွာ ချစ်ခင်ရင်းနှီးစွာဖြင့် အေးအတူ၊ ပူအမျှ ဥမကွဲ၊ သိုက်မပျက်နေထိုင်လာခဲ့ကြသည်။

ထို့အတူ ပထမမြန်မာနိုင်ငံတော်ကြီးကို အနော်ရထာမင်းက စုစည်းတည်ထောင်ခဲ့သည်။ ဒုတိယမြန်မာနိုင်ငံတော်ကြီးကို ဘုရင့်နောင်မင်းတရားကြီးက စုစည်းတည်ထောင်ခဲ့သည်။ တတိယမြန်မာနိုင်ငံတော်ကြီးကို အလောင်းမင်းတရားကြီးက စုစည်းတည်ထောင်နိုင်ခဲ့ပြီးပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ကိုယ့်မင်းကိုယ့်ချင်း၊ ကိုယ့်ထီးကိုယ့်နန်းဖြင့် ခမ်းနားထည်ဝါစွာ တည်ဆောက်နိုင်ခဲ့ကြသည်။

ဒေသတွင်း နိုင်ငံအသီးသီးနှင့်လည်း အိမ်နီးချင်းကောင်းဝိသသော ဆက်ဆံရေးများဖြင့် သံခင်းတမန်ခင်းများ ထားရှိဆက်သွယ်နိုင်ခဲ့သည်။ ထို့အတူ ကျွန်ုပ်တို့၏ နိုင်ငံသည် စီးပွားရေး၊ လူမှုရေး၊ ပညာရေး တိုးတက်ကောင်းမွန်ရုံမျှ သာမက ဘာသာတရား ကိုင်းရှိုင်းသော၊ ယဉ်ကျေးသိမ်မွေ့သော၊ အဆင့်အတန်းမြင့်မားသော နိုင်ငံတစ်နိုင်ငံအဖြစ် အိမ်နီးချင်းနိုင်ငံများ၏ တလေးတစား အရေးထား လေးစားမှု၊ အသိအမှတ်ပြုမှုများကို ရရှိခဲ့သည့် ဂုဏ်ယူဖွယ်ရာ ပြည်ထောင်စုနိုင်ငံတစ်နိုင်ငံလည်း ဖြစ်သည်။

လွတ်လပ်ရေး ရရှိပြီးချိန်မှစတင်၍ သမိုင်းခေတ်အဆက်ဆက် တာဝန်ရယူခဲ့ကြသည့် အစိုးရအဖွဲ့များကလည်း တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးရေး၊ တိုင်းရင်းသားအသီးသီးတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ် ဓလေ့ထုံးတမ်းစဉ်လာများ မဆုံးရှုံး၊ မပျောက်ကွယ်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးခဲ့သည်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ကာ အထူးဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် ၁၉၈၈ ခုနှစ် နောက်ပိုင်းကာလမှစတင်ကာ နယ်စပ်ဒေသတိုင်းရင်းသားများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန (ယခုနယ်စပ်ရေးရာဝန်ကြီးဌာန) ကို တိုးချဲ့ဖွဲ့စည်းခဲ့ပြီး တိုင်းရင်းသားမျိုးနွယ်စုများ အများစုနေထိုင်ရာ နယ်စပ်ဒေသနှင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော တောင်တန်းဒေသများ၊ ဝေးလံခေါင်ဖျားသော ဒေသများပါမကျန် ဖွံ့ဖြိုးတိုးတက်လာစေရန် လမ်းတံတားများတည်ဆောက်ပေးခြင်း၊ အခြေခံပညာကျောင်းများ ဆေးရုံဆေးပေးခန်းများ ဆောက်လုပ်ပေးခြင်း၊ ရေနှင့်လျှပ်စစ်မီး သွယ်တန်းပေးခြင်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သည်။ ထို့အတူ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို ထပ်မံတိုးချဲ့ဖွဲ့စည်းပေးခဲ့ပြီး တိုင်းရင်းသားလူမျိုးများ၏ ဖွဲ့စည်းပုံပါအခွင့်အရေးများ အပြည့်အဝရရှိနိုင်ရေး၊ တိုင်းရင်းသားလူမျိုးအသီးသီးတို့၏ စာပေ၊ ယဉ်ကျေးမှုနှင့် ရိုးရာအမွေအနှစ် ဓလေ့ထုံးတမ်းစဉ်လာများကို ဖော်ထုတ်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကိုပါ မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုအခါပြည်ထောင်စုဖွားတိုင်းရင်းသားအများစုနေထိုင်လျက်ရှိသည့်နယ်စပ်ဒေသ၊ တောင်တန်းဒေသများတွင် ကျန်းမာရေး၊ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများသာမက အဆင့်မြင့်ပညာများကိုပါ ဆည်းပူးနိုင်သည့် တက္ကသိုလ်ကောလိပ်ကျောင်းများကိုပါ နိုင်ငံတော်မှ တာဝန်ယူတည်ဆောက်ပေးလျက်ရှိရာ နောင်အနာဂတ်တွင် ထူးချွန်ထက်မြက်သော၊ ပညာရည်ချွန်သော ပြည်ထောင်စုဖွား တိုင်းရင်းသားလူငယ်များကို မွေးထုတ်ပေးနိုင်တော့မည် ဖြစ်သည်။

သို့ပါ၍ ကျွန်ုပ်တို့ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအတွင်း နှစ်ပေါင်းရှည်ကြာ အတူတကွ လက်တွဲနေထိုင်လာခဲ့ကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအနေဖြင့် မိမိတို့၏ရရှိခဲ့ပြီးသောလွတ်လပ်ရေးကို တမြတ်တနိုး လေးစား တန်ဖိုးထားကြသကဲ့သို့ မိမိတို့ တိုင်းရင်းသားမျိုးနွယ်စုအသီးသီးတို့၏ စာပေ၊ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ ထုံးတမ်းစဉ်လာများကို ဝိုင်းဝန်းပူးပေါင်းကာ စောင့်ရှောက်ထိန်းသိမ်းမြှင့်တင်ကြရန်မှာ ကျွန်ုပ်တို့ ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး၏ သမိုင်းပေး အမျိုးသားရေးတာဝန်တစ်ရပ်ပင်ဖြစ်ပါကြောင်း ရည်ညွှန်းဖော်ပြလိုက်ရပါသည်။

ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်
ပြည်ထောင်စုဝန်ကြီး
နယ်စပ်ရေးရာဝန်ကြီးဌာနနှင့်
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန



တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန
ဒုတိယဝန်ကြီး
ဝဏ္ဏကျော်ထင် ဇော်အေးမောင်
၏
အမှာစကား

ပြည်ထောင်စုတိုင်းရင်းသားမဂ္ဂဇင်း အတွဲ(၁) အမှတ်(၁)ကို ၂၀၂၂ ခုနှစ်၊ ဧန်နဝါရီလက (၇၅)ကြိမ်မြောက် စိန်ရတုပြည်ထောင်စုနေ့အမှတ်တရအဖြစ် ဂုဏ်ပြုထုတ်ဝေနိုင်ခဲ့သည်။ အလားတူ ပြည်ထောင်စုတိုင်းရင်းသား မဂ္ဂဇင်း အတွဲ(၁) အမှတ်(၂)ကိုလည်း ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလက တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၈)နှစ်မြောက် အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုထုတ်ဝေနိုင်ခဲ့ပြီးဖြစ်ပါသည်။

ပြည်ထောင်စုတိုင်းရင်းသားမဂ္ဂဇင်း အတွဲ(၁) အမှတ်(၁)တွင် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမရင်းချာများဖြစ်ကြသည့် ရခိုင်နှင့်ဗမာတိုင်းရင်းသား လူမျိုး(၂)မျိုး၏ စကားဆက်စပ်နေပုံ၊ တိုင်းရင်းသားစာပေ ယဉ်ကျေးမှုများကို ဥပဒေအရ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ နောက်အော်နာဂ၊ ဆလုံလူမျိုးတို့၏ ဘာသာရေး ဓလေ့ထုံးစံများ၊ မွန်မင်းမဂဒူး၊ မယိမ်တက်ပွဲ၊ ကိန္နရီကိန္နရာ၊ ပအိုဝ်းတိုင်းရင်းသားတို့၏ စာပေလှုပ်ရှားမှု၊ မွန်ရိုးရာသင်္ကြန်ထမင်း၊ ကချင်တိုင်းရင်းသားလူမျိုး၊ ကယားအလွမ်းပြေ၊ မြောက်ဦးခေတ်တွင်ပေါ်ထွန်းခဲ့သော သချိုင်္ဂဟပညာနှင့် ဂဏိတရပညာရှင် ဦးမြဝါ၊ မနောမြေက လာချိဒ်တိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှု၊ ချင်းအတိတ်ချင်းနိမိတ် စသည့် ဆောင်းပါးများကို အထူးပြုထည့်သွင်းဖော်ပြခဲ့သည်။

ထို့အတူ (၇၅)ကြိမ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် နိုင်ငံတော်အဆင့်ကျင်းပပြုလုပ်ခဲ့သည့် သွေးချင်းတို့၏ပွဲတော်ဆီအခမ်းအနား အမှတ်တရ ဓာတ်ပုံများ၊ မြန်မာနိုင်ငံ၏ အတိတ်၊ ပစ္စုပ္ပန်နှင့် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိနိုင်ရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) အကြောင်း

သိကောင်းစရာဆောင်းပါးများအပြင် ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကို မောင်နှမများချစ်ကြည်ရင်နှီးရေး၊ ငြိမ်းချမ်းသာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ညွှန်းသော အခြားဆောင်းပါး၊ ဝတ္ထု၊ ကဗျာနှင့် ပုံပြင်တို့ကိုလည်း စုံလင်စွာရွေးချယ် ထည့်သွင်းဖော်ပြခဲ့သည်။

အလားတူ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)(၈) နှစ်မြောက်အထိမ်းအမှတ်အဖြစ် အမှတ်တရထုတ်ဝေခဲ့သည့် ပြည်ထောင်စုတိုင်းရင်းသား မဂ္ဂဇင်းတွင်လည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ငြိမ်းချမ်းရေး၊ မြန်မာ့ပထဝီနိုင်ငံရေး၊ ကမ္ဘာ့ပထဝီနိုင်ငံရေးနှင့် ပြည်ထောင်စုစိတ်ဓာတ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြားချုပ်ဆိုသော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် ဖြစ်ပေါ်လာပုံ အဆင့်ဆင့်နှင့်စာချုပ်ပါအကြောင်းအရာများ၊ မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုနှင့် တိုင်းရင်းသားရေးရာ ဟူသည့် ဆောင်းပါးများကို အထူးကဏ္ဍဆောင်းပါးများအဖြစ် ထည့်သွင်းဖော်ပြခဲ့သည်။

ထို့အပြင် အင်းဝစာဆို ရှင်မဟာရဋ္ဌသာရ၊ ရှင်တေဇောသာရနှင့် ရှင်သာရခိုင် တန်ဆောင်လောမယ်ဘွဲ့၊ ဂျာလင်းစေး၊ ယွန်းရှမ်း သို့မဟုတ် လန်းနားတိုင်း၊ ကရင်လူမျိုးတို့၏ ရိုးရာလက္ခဏာဖားစည်၊ မြန်မာနှင့်ခါးတောင်းကျိုက်ယဉ်ကျေးမှု၊ ရှေးခေတ်ပလောင်လူမျိုးတို့၏ ဘာသာဓလေ့ ထုံးတမ်းစဉ်လာများ၊ လီဆူတိုင်းရင်းသားတို့၏ ယုံကြည်ကိုးကွယ်မှု စသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားအစ်ကိုမောင်နှမများ၏ စာပေ ယဉ်ကျေးမှု အနုပညာနှင့် ရိုးရာဓလေ့ဆိုင်ရာ ဆောင်းပါးများ၊ ဝတ္ထုများ၊ ကဗျာများအပြင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ လှုပ်ရှားဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများကိုလည်း ထည့်သွင်းဖော်ပြနိုင်ခဲ့ပါသည်။

မိမိတို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအနေဖြင့်လည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်လျက်ရှိကြသော တိုင်းရင်းသားလူမျိုးအသီးသီးတို့၏ ဘာသာစကားများ၊ စာပေနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ ရိုးရာဓလေ့ထုံးတမ်းစဉ်လာများ ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ကာကွယ်စောင့်ရှောက်ခြင်း၊ တိုင်းရင်းသားလူမျိုး၏ တိမ်မြုပ်ပျောက်နေသော စာပေ၊ ဘာသာစကားနှင့် ရိုးရာဓလေ့ထုံးတမ်းဆိုင်ရာ စာအုပ်စာတမ်းများကို မှတ်တမ်းပြုစုထုတ်ဝေခြင်း၊ ရုပ်သံမှတ်တမ်းရိုက်ကူးခြင်းများကို ပြုလုပ်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်၍ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်၌ ကျရောက်မည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး(NCA) သဘောတူစာချုပ်(၁၀)နှစ်ပြည့်ကို ဂုဏ်ပြုထုတ်ဝေမည့် ပြည်ထောင်စုတိုင်းရင်းသားမဂ္ဂဇင်းအတွဲ(၁)အမှတ်(၃)တွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသော ဒို့တာဝန်အရေးသုံးပါးကို အခြေခံသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ သွေးစည်းချစ်ကြည်မှု၊ ရင်းနှီးဖော်ရွေမှု၊ လေးစားအားထား ယုံကြည်မှုများကို ရည်ညွှန်းဖော်ပြထားသည့် တိုင်းရင်းသားတို့၏ စာပေယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ဆိုင်ရာ ဆောင်းပါးများ၊ ဝတ္ထု၊ ကဗျာများကို စုစည်းဖော်ပြထားရာ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ ပြည်ထောင်စုစိတ်ဓာတ်အမွေကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ပါလိမ့်မည်ဟု လေးနက်စွာ ဆန္ဒပြု ရေးသားဖော်ပြလိုက်ရပါသည်။

ဝဏ္ဏကျော်ထင်ဇော်အေးမောင်
ဒုတိယဝန်ကြီး
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

ကျေးဇူးတင်ကြောင်း

NCA (၁၀)နှစ်ပြည့်အထိမ်းအမှတ် ပြည်ထောင်စုတိုင်းရင်းသားမဂ္ဂဇင်း အောင်မြင်စွာ ထုတ်ဝေနိုင်ရေးအတွက် ခွင့်ပြုပေးပါသော တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနအကြီးအကဲများအားလုံးကို ဦးစွာပထမ ကျေးဇူးဥပကာရတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

မဂ္ဂဇင်းအတွက် စိတ်အားထက်သန်စွာ ကဗျာ၊ ကာတွန်း၊ ဆောင်းပါး၊ ဝတ္ထုများ ရေးသားပေးပို့ပေးကြသော စာရေးဆရာကြီး၊ စာရေးဆရာမကြီးများနှင့် တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံးများမှတစ်ဆင့် ပေးပို့ခဲ့ကြသည့် စာမူရှင်များအားလုံးကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါသည်။

မဂ္ဂဇင်းထုတ်ဝေရန် စီစဉ်ချိန် တစ်နှစ်နီးပါးခန့် ကြာမြင့်ခဲ့သောကြောင့် စာမူများ ကြိုတင်ရယူထားခဲ့ရသည့်အတွက်လည်း စာမူရှင်များအားလုံးကို နားလည်ပေးပါရန် အနူးအညွတ် တောင်းပန်အပ်ပါသည်။

“မဂ္ဂဇင်းမျက်နှာဖုံးဓာတ်ပုံ”အသုံးပြုခွင့်ပေးပါသော ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဓာတ်ပုံ–မျိုးမင်းထိုက် (IPRD) ကိုလည်း ကျေးဇူးတင်ပါသည်။

အထူးသဖြင့် မဂ္ဂဇင်းတစ်ခုလုံးအတွက် လိုအပ်သည့် စာမူများရရှိရေး ကိုယ်စွမ်း ဉာဏ်စွမ်းဖြင့် အစစအရာရာ ကူညီပံ့ပိုးပေးခဲ့သော ဆရာကြီး ဦးရန်ကျော်(နိုင်ငံရေးလေ့လာသုံးသပ်သူ)ကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ထို့ပြင် မဂ္ဂဇင်းဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသည့် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများအားလုံးကိုလည်း ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

မဂ္ဂဇင်းဖြစ်မြောက်ရေးကော်မတီ



အမျှားပြည်သူများ အပန်းဖြေအနားယူနိုင်ရန်အတွက် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) ကို နေ့စဉ် နံနက် (၇း၀၀) နာရီမှ ညနေ (၅း၀၀) နာရီအထိ ဖွင့်လှစ်ထားရှိကြောင်း အသိပေးအပ်ပါသည်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ
နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
NCA (၈)နှစ်ပြည့် အခမ်းအနားတွင် ခင်းကျင်းပြသထားသည့်
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနပြခန်းအား လှည့်လည်ကြည့်ရှုစဉ်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ
နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
NCA (၈)နှစ်ပြည့် အခမ်းအနားတွင် ခင်းကျင်းပြသထားသည့်
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနပြခန်းအား လှည့်လည်ကြည့်ရှုစဉ်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ
နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
NCA (၈)နှစ်ပြည့် အခမ်းအနားတွင် ခင်းကျင်းပြသထားသည့်
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနပြခန်းအား လှည့်လည်ကြည့်ရှုစဉ်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ
နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
NCA (၈)နှစ်ပြည့် အခမ်းအနားတွင် ခင်းကျင်းပြသထားသည့်
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနပြခန်းအား လှည့်လည်ကြည့်ရှုစဉ်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ
နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
NCA (၈)နှစ်ပြည့် အခမ်းအနားတွင် ခင်းကျင်းပြသထားသည့်
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနပြခန်းအား လှည့်လည်ကြည့်ရှုစဉ်











(၂၆-၄-၂၀၂၄) ရက်နေ့
MICC II ၌ ကျင်းပပြုလုပ်သည့်
လူရည်ချွန်မောင်မယ်များ တွေ့ဆုံပွဲ အခမ်းအနား မှတ်တမ်းဓာတ်ပုံ



နယ်စပ်ရေးရာဝန်ကြီးဌာနနှင့်
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊
ပြည်ထောင်စုဝန်ကြီး
ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်
တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန
ပြခန်းအားကြည့်ရှုစစ်ဆေးစဉ်







နယ်စပ်ရေးရာဝန်ကြီးဌာနနှင့်
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး
ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်
တနင်္သာရီတိုင်းဒေသကြီး၌
ကရင်ရိုးရာ ဝါခေါင်လ
ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနား
မုခ်ဦးဆိုင်းဘုတ်အား
ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်







နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်
တနင်္သာရီတိုင်းဒေသကြီး၌
ကရင်ရိုးရာ ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားတက်ရောက်စဉ်



နယ်စပ်ရေးရာဝန်ကြီးဌာနနှင့်
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး
ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်
တနင်္သာရီတိုင်းဒေသကြီးရှိ
တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု
အသင်းအဖွဲ့များနှင့် တွေ့ဆုံပွဲ







နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်
တနင်္သာရီတိုင်းဒေသကြီးရှိ
တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုကော်မတီများအား
ချီးမြှင့်ငွေပေးအပ်စဉ်



(၂၉-၈-၂၀၂၅) ရက်နေ့
နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန
ပြည်ထောင်စုဝန်ကြီးက
၂၀၂၅ခုနှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောင်မြင်သူများအား ဆုချီးမြှင့်ခြင်းနှင့်
ဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းပေးအပ်ခြင်း အခမ်းအနား















(၂၉-၈-၂၀၂၅) ရက်နေ့
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်
ဒုတိယဝန်ကြီးတို့က
၂၀၂၅ခုနှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောင်မြင်သူများအား ဆုချီးမြှင့်ခြင်းနှင့်
ဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းပေးအပ်ခြင်း အခမ်းအနား











(၁၀-၄-၂၀၂၄) ရက်နေ့
ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)၌ ကျင်းပသည့်
ဗမာ့ရိုးရာကျေးလက်သင်္ကြန်ပွဲတော်











(၂၉-၆-၂၀၂၄) ပဲခူးတိုင်းဒေသကြီးအတွင်းရှိ
တိုင်းရင်းသားစာပေနှင်ယဉ်ကျေးမှုအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၏
နေပြည်တော် လေ့လာရေးခရီးစဉ် မှတ်တမ်းဓာတ်ပုံများ









(၁၃-၁၁-၂၀၂၄) ရက်နေ့၌ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏
နဝမအကြိမ်မြောက် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား









မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး
တန်ဆောင်တိုင်မီးထွန်းပွဲတော်
မီးပုံးပျံလွှတ်တင်ပူဇော်ပွဲ၌
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏
ပြည်ထောင်စုတိုင်းရင်းသားအမည်ရှိ
စိန်နားပန်းမီးပုံပျံလွှတ်တင်ပူဇော်မှု







မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲ၌
စည်းကမ်းလိုက်နာမှု အကောင်းဆုံးဆုလက်ခံရယူနေစဉ်









ပဉ္စမအကြိမ်မြောက်၊ အမျိုးသားအားကစားပွဲတော်တွင်
တိုင်ရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ကိုယ်စားပြုဘောလုံးအသင်းလေ့ကျင့်နေမှုအား
ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ကြည့်ရှုစစ်ဆေးစဉ်






၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင်
ပါဝင်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များအား
အောင်နိုင်ရေးအလံပေးအပ်ပွဲအခမ်းအနား













(၁၇-၁-၂၀၂၅) ရက်နေ့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊
ရန်ကုန်တိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူးရုံးတွင်ကျင်းပသည့်
မူပိုင်ခွင့်ဆိုင်ရာအသိပညာပေးဟောပွဲ အခမ်းအနားကျင်းပမှု







(၂၈-၁-၂၀၂၅) ရက်နေ့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊
ဥပဒေအသိပညာပြန့်ပွားရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးအစီအစဉ်













(၇-၂-၂၀၂၅) ရက်နေ့တွင် ကျရောက်သည့်
(၇၇)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားတက်ရောက်မှုမှတ်တမ်းဓာတ်ပုံ











(၁၂-၆-၂၀၂၅) ရက်နေ့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊
အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်သည့်
ဝန်ထမ်းသားသမီးများအား
၂၀၂၅ -၂၀၂၆ ပညာသင်နှစ်အတွက်
ပညာသင်ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနား













(၂၇-၆-၂၀၂၅) ရက်နေ့
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊
မိုးရာသီသစ်ပင်စိုက်ပွဲနှင့်
ဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲ



(၁၀-၇-၂၀၂၅) ရက်နေ့၌
တိုင်းရင်းသားလူမျိုးများရေးရာ
ဝန်ကြီးဌာန၏
ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ
အခမ်းအနား





တိုင်းရင်းပီပီ
ရိုင်းပင်းညီညာ
မျိုးမြတ်မြတ်မြင့်မောင်



❖ "ကယား" "ကချင်"၊ "မွန်" "ကရင်" နှင့်
တူယှဉ်တိုင်းရင်း၊ "ရခိုင်" "ချင်း" နှင့်
သားချင်း "ဗမာ"၊ "ရှမ်း" ပါပါမှ
ညီညာပေါင်းစု၊ "ပြည်ထောင်စု" ဟု
ဂုဏ်ပြုခေါ်ဆို နိုင်မည်တကား။

❖ တိုင်းရင်းပီပီ၊ ရိုင်းပင်းညီလျက်
ပြည်ထောင်စုပုံ၊ ကြန်အင်စုံအောင်
မျိုးဂုဏ်ဇာတိ၊ ပြည့်ထက်ပြည့်အောင်
ရှိသည်မှဆက်၊ ပိုတိုးတက်အောင်
အဘက်ဘက်ဝယ်၊ ပြည့်စုံကြွယ်အောင်
တင့်တယ်ခိုင်မတ်၊ မြတ်ထက်မြတ်အောင်
တတ်သည့်ပညာ၊ သာသည့်စွမ်းရည်
အလီလီဖြင့်
တိုင်းပြည် အကျိုး၊ လူမျိုးသိကွာ
မြှင့်တင်ပါမှ
"မြန်မာ" ပီသပေမည်တကား။

❖ အို ... ချစ်ဆွေငဲ့
တစ်မြေတည်းနေ၊ တစ်ရေတည်းသုံး
ဒို့အားလုံးသည်၊ "မြန်မာပြည်" တွက်
ပြည်ထောင်စုသား၊ အသိတရားဖြင့်
ပြည်ထောင်စုသွေး၊ အပြည့်မွေးပြီး
ပြည်ထောင်စုစိတ် ပြည့်လျှံသိပ်လျက်
ပုံရိပ်မြန်မာ၊ ဂုဏ်ထည်ဝါအောင်
မှန်စွာဆောင်ကြဉ်း၊ ညီစေသတည်း၊
မြန်မာနောင်ရင်း၊ ပီစေသတည်း။ ။

အငတ်ထဲက အင်းလေး၊ မဲခေါင်



❖ မဲခေါင်ဆိုတာ
ဝါတဲ့နေရာဝါ စိမ်းတဲ့နေရာစိမ်း
တောတောင်တွေယိမ်းက
ကျေးငှက်တွေပျော်မြူးကြနဲ့
သဘာဝအလှတွေထုံမွှမ်း
တစ်ချိန်က ယမ်းငွေ့တွေခြုံလွှမ်းခဲ့တဲ့
ပါလျှိုး၊ ကျိုင်းလတ်၊ ဝမ်လန်း၊ ဝမကျင်းဒေသ
အထင်ကရ သမိုင်းဝင်နေရာ
ယနေ့အခါမှာတော့
စာသင်ကျောင်းတွေ၊ ဆေးပေးခန်းတွေ
ဘုန်းကြီးကျောင်း၊ ဘုရားကျောင်းတွေနဲ့
ရိုးသားလှတဲ့ အာခါ၊ ရှမ်း၊ လားဟူ
တိုင်းရင်းသူတိုင်းရင်းသားတွေနေတဲ့
ရှမ်းပြည်အရှေ့ဖျားကနေရာပေါ့ ။။

❖ အင်းလေးဆိုတာ
လော်တက်ကိုခြေမှာညှပ်
ခေပယ်ခတ်လျက် မတ်ရပ်လော်
ရေပေါ်မှာနေ ရေနဲ့နီးရင်း
ကျွန်းမျောခင်းမှာ စိုက်ပျိုးကြ
"ချင်းချဉ်၊ ချင်းဆီး၊ ပယ်ခတ်သီး"
ဝမ်းမီးငြိမ်းဖို့ သီးနှံတွေ
အင်းလေးရေနဲ့ အင်းသူအင်းသား
ခွဲခြားမရတဲ့ တောင်ပိုင်းရှမ်းပြည်
ကမ္ဘာလှည့်တွေ နှစ်ခြိုက်တဲ့နေရာပေါ့ ။။

❖ ဩော် ။။
အေးချမ်းလှတဲ့ ရှမ်းတို့ဌာနီ
မောမြေမောအလှ သဘာဝပန်းချီ
ထင်းရှူးပင်တွေ စီစီရီရီ
ချယ်ရီပန်းတွေ ဝေဝေလန်းလန်း

ရှမ်းရိုးမက အိုးစည်သံ
ကျောယံထက်က လွယ်ပလိုင်း
တိုင်းရင်းသားတို့နဲ့ ယဉ်ကျေးမှုအမွေ
အရှေ့ဆီမှာ နေခြည်ဖြာ
အနောက်ဆီမှာ မြူမှောင်ကင်း
ငြိမ်းချမ်းခြင်းဖြင့် အလှဆင်
မဲခေါင်၊ အင်းလေး၊ ရေလွှာပြင်
မြင်တွေ့ခဲ့သမျှ အတွေးဖြာ
ရွှေရောင်လွှမ်းတဲ့ ပြည်မြန်မာ ။။

[ခေပယ်ခတ် = ခြေဖြင့်လော်၊ ချင်းချဉ် = ခရမ်းချဉ်သီး
ချင်းဆီး = ခရမ်းသီး၊ ပယ်ခတ်သီး = ဖရုံသီး]

သားချင်းစုံညီ တို့မြန်မာပြည်



- ရွှေပြည်မြန်မာ ပြည်မြန်မာ
  တို့ရွှေပြည်မြန်မာ။
- တို့ပြည်မြန်မာ တို့များချစ်
  ဘိုးဘွားအမွေစစ်။
- ကျောက်ခေတ် ကြေးခေတ် သံခေတ်တွေ
  ကျော်ဖြတ်ခဲ့လို့ပေ။
- ပရိုင်းမိတ်တွေ သက်သေပြ
  ပုံတောင်မြေလွှာက။
- ရုပ်ကြွင်းများက ဖော်ဆောင်ကာ
  နှစ်သန်းလေးဆယ်ပါ။
- လူမျိုးပွားကာ မြန်မာများ
  တစ်ရာသုံးဆယ့်ငါး။
- လူမျိုးကြီးများ ရှစ်ခုတွင်
  ရခိုင်၊ ရှမ်း၊ ကချင်။
- မွန်၊ ကရင်နဲ့ ဗမာ၊ ချင်း
  ကယားညီနောင်ရင်း။
- တို့သွေးချင်းတို့ ပိုင်ဆိုင်ရာ
  တို့ရွှေပြည်မြန်မာ။
- တို့များညီညာ ကမ္ဘာဆုံး
  လက်တွဲချည်နှောင် ခိုင်မာထုံး
  တို့များဘယ်မမုန်း။

မောတို့ဌာနေ အလုပ်ဝေ

တင်မောင် (ရန်ကုန်)



❖ ချယ်ရီပွင့်ပန်း အမြင့်နန်း
တင့်ဆန်းပါပေ မောဌာနေ
စာခွေရင်မှ သီပြတယ်
လာစေချင်ပါ့ ညီမငယ်။

❖ ရှမ်းအိုးစည်သံ ထက်နဘံ
လက်သံရယ်ပြင်း မောင်းလင်းကွင်း
တေးချင်းတို့လေ ရစ်ဖြာနွယ်
သွေးရင်းသို့ပေ ချစ်ရှာတယ်။

❖ ဒေသထွက်ကုန် ဆန်းပြားစုံ
စုပုံရောင်းသေး ငါးရက်စျေး
မြင်ရွေးလာဖို့ ခေါ်လေတယ်
ယဉ်ကျေးပါလို့ ဖော်ရွေတယ်။

❖ ပါးအိုနီစွေး ရှက်ပြုံးသွေး
နွေးထွေးပျူငှာ ဇည့်ဝတ်မှာ
ခင်လာမခွဲ နှမတွေရယ်
ရင်မှာအမြဲ လှနေတယ်။

❖ အပြောကချို မောလှပျို
အပိုမဖက် နူတ်ခွန်းဆက်
မေ့ခက်ပါပေါ့ တမ်းတတယ်
နေ့ရက်ကြာတော့ လွမ်းရတယ်။

❖ ရပ်ရှစ်ခွင်တိုင်း မြူတွေဆိုင်း
အုံမှိုင်းဝေသီ ဆောင်းရာသီ
ဌာနီမြင်ကွင်း အလှတွေကြွယ်
စာစီရင်တွင်း မျှဝေမယ်။

❖ တောင်တန်းအစွန် ရေတံခွန်
သွန်သွန်ဖြာသော လျှိုမြောင်ကြော
စာနှောမလွယ်ပါ့ ခမ်းနားထည်
သာမောဖွယ်လှ ဆန်းပြားတယ်။

မုန်တိုင်းစဲလေသော် ဖြစ်စေနော်



❖ ရေကြည် မြက်နု ပြည်ထောင်စုကို
ညီနောင် ၁၀၀ အစု တည်ထောင်ပြု၍
မိသားစုပမာ ညီခဲ့သည်။

❖ ဝေစည်ရွက်နု ပြည်ထောင်စုကို
နှစ်ထောင်ချီစု ချစ်အောင်ပြု၍
မိသားစုမြန်မာ တည်ခဲ့သည်။

❖ စက်မှုရွေ့ပြည် ဆက်ကာတည်၍
တိုင်းသူပြည်သား တစ်မျိုးသားလုံး
တစ်သားတည်းဖြစ် တစ်ခေတ်ထဲနေ ....
စနစ်မကွဲ အချစ်မြဲစေ
စစ်ပွဲမရှည်အောင် စွမ်းဆောင်နိုင်လျက်
ဘယ့်အတွက်ကြောင့်?

❖ မျက်ရှုနေပြည် ဖျက်ရန်ရည်ထား
ရန်သူ့ဓားကို ကိုယ့်အားမှတ်ရင်း
အယုံသွင်းခံ ရုန်းရင်းဆန်ခတ်
မဖြစ်အပ်ဘူး။

❖ ချစ်မြတ်သည့်မြေ လက်ခြေအဖြတ်မခံ
အသက်မသေ ရပ်ခံ ...
ပြည်သာ ရန်အေး
ညီလာခံရေး ဆွေးနွေးငြင်းခုံ
အားလုံးဆုံ၍
ကဆုန်မစိုင်း မပုန်မခိုင်း
မုန်တိုင်းစဲလေသော် ဖြစ်စေနော်။



- ပြန်ပြောင်းလို့ တွေးမပြေ
  တေးခြွေတဲ့ တပေါင်းလ။
- သမိုင်းစာရင်း ဇယားမှာလ
  တိုင်းရင်းသား ပေါင်းစုံညီနှင့်
  ကောင်းဂုဏ်ရည် သွေးနှိုးလို့
  ရေးထိုးခဲ့ကြ။
- တပေါင်းအဝင်မှာ သီချင်းသစ်တွေနဲ့
  ကောင်းကင်ပြာ အလင်းမြစ်က
  ဂရင်းနစ် စံချိန်မှန်။
- ထိုင်း၊ လာအို၊ အိန္ဒိယမှာ
  မိုးပြာညို တိမ်၏အလှတွေနဲ့
  ရွှန်းမြ ဝန်းရံ။
- တပေါင်းလရဲ့ပင်လက်ပံ
  ထက်ဝံမှာ ဖြိုင်ဖြိုင်ပွင့်။
- နယ်ချဲ့ကို အနိုင်မခံတဲ့
  တို့နိုင်ငံ အလံတော်ကား
  မိုးကြားမှာလွင့်။
- မြန်မာပြည် လေအပင့်မှာ
  ပေမြင့်တဲ့ ခါကာဘို။
- ပြည်ထောင်မြေ အရေးကြီးချိန်မို့
  ညီနောင်တွေ အဝေးခရီးမှာ
  ပြေးဆီးလို့ကြို။
- သွေးချင်းတို့ သစ္စာဆို
  လက်ပံပျို ပွင့်နီထွေး။
- ဂျပန်တွေ အလံမကောက်နိုင်ဘု
  အပြန်မလေ သင်္ကြန်အမြောက်ရယ်နဲ့
  မြန်မာပြည် ထရံပေါက်ကို
  ကန်ကျောက်လို့ပြေး။
- ဇာတိသွေး ဇာတိမာန်
  ထက်သန်တဲ့ လတပေါင်း။
- အဖျက်ယုတ်မှန်
  လက်တို့ပြန် ညီညွတ်စွာနှင့်
  ကျူးကျော်လာ နယ်ချဲ့မိုက်ကို
  တိုက်ခဲ့ပါကြောင်း။

ရိုင်းပင်းအားပြုရမယ့်
တိုင်းရင်းသားထုရဲ့
အားမာန်



ဘုရင်တစ်ဦးတည်း ဒါမှမဟုတ်
အစိုးရတစ်ဖွဲ့တည်းရဲ့
အုပ်ချုပ်မှုအောက်မှာ တည်ရှိတဲ့
နယ်မြေအပိုင်းအခြားဟာ
"တိုင်းပြည်" ...
မိမိတို့ဘိုးဘွား အစဉ်အဆက်
နေထိုင်လာတဲ့ တိုင်းပြည်မှာ
မွေးဖွားသူ အဲဒီလူဟာ
"တိုင်းရင်းသား" ...
"မြန်မာ" ဆိုတာ
မြန်မာနိုင်ငံမှာ အစဉ်အဆက်
နေထိုင် အခြေခိုင်လာခဲ့ကြတဲ့
တိုင်းရင်းသားတွေကို ခြုံခေါ်တဲ့အမည် ...
"ကချင်၊ ကယား၊ ကရင်၊ ချင်း
ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း"
တောင်တန်းနဲ့ပြည်မ
အတူတကွလက်တွဲ
ဥမကွဲ သိုက်မပျက် ခိုင်မြဲတဲ့လက်တွေနဲ့
တိုင်းရင်းသား အချင်းချင်း
ရိုင်းပင်းနွယ်ယှက်
ခရီးဆက်နိုင်မှသာ
အနာဂတ်မြန်မာပြည်
ကမ္ဘာတည်သ၍
အဓွန့်ရှည်နေပေလိမ့်မည် ... ။

လွမ်းမောဖွယ်ရာ ထင်နော့ရွာ


ကောင်းကင်ပြာပြာ တိမ်ဒေါ်နဲ့
ရောကာလိမ်ယှက် တောင်ပြာထက်ဝယ်
လွမ်းလျက်စီးကာ အလှဖြာလို့
အံ့ကာဆိုင်းတဲ့ နှင်းဖွေးနှင့်မြူ
တောနဲ့တောင်ကုန်း ပန်းမျိုးစုံကား
ရောင်စုံလန်းဆန်း ရနံ့လွှမ်းလျက်
အလွမ်းဖွဲ့ကာ တေးချိုသာနဲ့
လွန်စွာသီကျူး ကခုန်မြူးကာ
လေရူးကထန် ဘယ်ညာပြန်နှင့်
က ဟန်လားဆို အလွမ်းပိုရ
ရာဇဂြိဟ်အလား ဝိုင်းရံခြားတဲ့
တောင်များလေးလီ တောင်ပြာဆီမှ
စေတီကထူး ဦးခိုက်ဖူးလျက်
ကြည်နူးဖွယ်ရာ ထနော့ဌာနေ
ထိုရွာနာမ "တောင်ပို့လှ" ... ... ။



ကတူးငြိုသို့

မန်မြန်မာ

(ရွှေကတူး)



❖ "ဘယ်သွားမလဲ မောင်"
"ကျောင်းသွားမယ် ဆဲ"
"ဟုတ်သလား ညယ်"
"အဟုတ်ပါ့ အေး"
မောင် - ညယ် - ဆဲ - အေး
စကားလေးတွေ
တို့ဒေသဟန်၊ သရုပ်မှန်ပေါ့
အသံဝဲဝဲ၊ သဲသဲညင်သာ
မင်္ဂလာပါ အဆွေတို့ ... ။


❖ ပဒေသမည်ခေါ်၊ စာဆိုကျော်၏
ရော်ရည်မြည်တမ်း၊ လင်္ကာပန်းနှင့်
တောတန်းမြိုင်ခြေ၊ မဲဖာမြေသည်
ရွှေကတူးတို့ စံဌာနီ။

❖ "မမြင်ဖူး မူးမြစ်ထင်"
တင်စားနှုတ်လျှို၊ စကားဆိုရာ
ညိုပြာရီမှောင်၊ မိုင်းသုန်တောင်နှင့်
ရှောင်ခွေစီးရစ်၊ ထို "မူး"မြစ်တည်
ရွှေကတူးတို့ စံဌာနီ။

❖ မဃဒေဝါ လင်္ကာအရှင်
ဉာဏ်မြင်ထင်ပေါ်၊ ဆရာတော်၏
ဇာတိအခြေ၊ မန်လည်မြေသည်
ရွှေကတူးတို့ စံဌာနီ။

❖ ရှင်တော်ဗုဒ္ဓ၊ မြွက်ဟဗျာဒိတ်
မြတ်နိမိတ်ဆောင်၊ ဇလုံတောင်နှင့်
ရောင်ဝါစွေစွေ၊ ရတနာမြေသည်
ရွှေကတူးတို့ စံဌာနီ။

❖ မြန်မာပြည်သား၊ သွေးချင်းများ
အင်အားဖြစ်စေ၊ စည်းလုံးစေသား ... ။
ရသစုံထွေ၊ ကတူးမြေသို့
လှမ်းခဲ့ပါလေ မိတ်ဆွေများ ... ။



အလံဖြူထောင်ဒဂိုဏ်းရသများ

ဒင်္ဂမောင်သွန်း
(အင်းဝ)

(၁) ရှော့တိုက်ဒုံးဏ်
ဝုန်းဂျိမ်းအသံ
မိုးယံဖောက်ခွင်း
နံနက်ခင်းကို
နင်းချေဖျက်ဆီး
မြေတုန်ဟည်းခဲ့
"လားရှိုးစစ်မီး နိဒါန်းတည်း"

(၂) ဒုံးထိမှန်၍
ဖွာလန်ကြဲပြီး
မီးစွဲလောင်ကာ
တိုက်တာ အိမ်ခြေ
ကြေမွပြိုကျ
မြေသို့ခလျက်
ဝုံးစထိမှ
အမိလည်းသေ
သားလည်းသေဆုံး
ကြေပြုန်းခန္ဓာ
မြေစာပင်နယ်
ရွှမြင်မကောင်း
ထုထောင်းစစ်ဒဏ်
မခံနိုင်ပြီ
မျက်ရည်ရစ်ဝဲ
မန္တချင်လည်း
ရင်ထဲဆိုင်းစို့
လွမ်းညှိုညှိုနှင့်
မြို့ကိုစွန့်ခွာ ထွက်ကြရ။

(၃) ဆိုင်ကယ်ဦး၌
လွင့်မြူးဝဲပျံ
အလံဖြူထောင်
တုပ်ချီနောင်၍
စစ်ရှောင်ခရီး
စခဲ့ပြီ.....

ယာဉ်ဟူသမျှ
ထောင်ကြအလံဖြူ
တလူလူပေါ့
ဦးသူရှေ့က
ထွက်ခွင့်ရရန်
ရည်သန်ပြုစု
အလုအယက်
တိုးဝှေ့ထွက်ကြ ... ... ။
ယာဉ်မရှိသူ
သာမန်လူတွေ
ခြေကျင်လျှောက်ကြ
မြင်ရနာကျင်
ကျောတွင်သားငယ်
ခါးဝယ်သမီး
သားကြီးလက်ဆွဲ
အထုပ်လည်းပါ
ခေါင်းထက်မှာရွက်
အသက်လုကာ
ပြေးသာ ပြေးရ
ဘယ်ဒေသမှာ ယာယီနားခို
ရမည်ကိုလည်း
သဲကွဲမသိ
စစ်၏သားကောင် ဘဝများ။

(၄) "လားရှိုး ကျောခိုင်း
ဒုန်းဒိုင်း အသံ
နောက်မှာ ချန်ခဲ့
"မယ်ဟန်"၊ "နောင်မွန်"
ထိုမှ လွန်ရှင်
"စဉ့်အင် ဖောင်ဆိပ်"
ကူးတို့ခါဆိပ်ဦး
ဖောင်ဖြင့် ကူးရ
အဆင်း နက်နက်
အတက် ကြမ်းကြမ်း
ချောက်ကမ်းပါးကို
ဇောချွေးစိုနှင့်
ရင်ဖိုလှိုက်စွာ
ကျော်ဖြတ်လာခဲ့
"ကုန်းသာ" လမ်းခွ
ထိုမှတစ်ဖန်
ဆက်ရပြန်ပြီ
"နမ့်လည်ဆီသို့။
လာရာ လမ်းမှာ
ရှမ္ဘာ တိုက်ပွဲ
ဖြစ်ဆဲရှိက သွားမရတော့
စက်သော့ ပိတ်ကာ
ဝပ်လျက် နေရင်း
တိုက်ပွဲရှင်းမှ
ရှေ့ဆက်ရ ... ... ၊
သွားရာလမ်းမှာ
ဆီထပ်ဖြည့်ရန်
သောင်းကျန်းပြည်ဖျက်
အကြမ်းဖက်တို့
လက်နက် ပြ၍
အဓမ္မပြု
လူသစ်စုရာ
ခေါ်ဆောင် ပါသွား
လူငယ်များ၏
သနားစဖွယ်
ကံကြမ္မာကား
မည်သို့ရှိမည် မသိပြီတည့် ... ။


(၅) "နမ့်လန်" ရောက်မှ
သက်ပြင်းချ၍
ညအိပ်နားရ
လားရှိုးစစ်ရောင်
ရာထောင်ချီတို့
တည်းခိုစုပေါင်း
ဘုန်းကြီးကျောင်းမှာ
လဲလျောင်းခါမှ
ကြုံလာ ဒုက္ခ
ပြောကြ ဆိုကြ နှီးနောကြ ... ... ။

(၆) နံနက်ပိုင်းမှာ
"မိုင်းကိုင်" "လဲချား"
ကားစီးထွက်ခွာ
ဝဲယာတစ်ခွင်
တောင်စဉ် တောတန်း
ပတ်ဝန်း လွှမ်းခြုံ
"ပင်လုံ" ကျော်လျှင်
"လွိုင်လင်" "မိုင်းမွန်"
လွန်သော် "ဟိုပုန်း"
လမ်းဆုံး ခရီး
မြို့ "တောင်ကြီး" ဆီ
ရောက်ခဲ့ပြီ ... ။

(၇) လားရှိုးမြို့က
ပြန်ပြောပြသည့်
စစ်၏အဘိဓမ္မာ
ဒဿနကို
ဖွေရှာကြည့်ရှု
သတိပြုလေ
မိတ်ဆွေတို့ရေ။

(၈) ဩော် ...
နံနက်ခင်း၏
သင်းကြည်ထုံလန်း
"ငြိမ်းချမ်းပန်း" ကို
တရှိုက် မက်မက်
ရှိုက်နမ်းလျက်ဖြင့်
ကောင်းစွာအိပ်စက်၊
လိုချေပြီ ... ... ။
ကောင်းစွာ အိပ်စက်၊
လိုချေပြီ ... ... ။

ခင်မောင်ညွန့်(အင်းဝ)



မိုးမေတ္တာ

စိုင်းဆက်မြေ့ (ဟုမ္မလင်း)

❖ အမိဝမ်းခေါင်း ကိုးလအောင်းပြီး
ထပ်လောင်းဆယ်လ သက်ရှင်ရအောင်
မဝရေစာ သင့်တော်ရာနှင့်
စားစရာစီရင် အိုးခွက်မြင်လည်း
လိုထင်မပြု ဒုက္ခစုဝေ
ခါး ငန်ထွေပြား ရတုံငြားလည်း
မစား ရှောင်သွေ မေတ္တာအမေ။

❖ အသက်လုခါ ဗိုက်အောင့်နာပြီး
စိတ်မှာမလေး အားအင်ပေး၍၊
မွေးပေးခဲ့ပေ မေတ္တာအမေ။

❖ သားမျက်နှာမြင် ယုယချင်၍၊
ရင်ခွင်ပိုက်ထွေး အိပ်ရာမွှေး၌
သေး ချေးယိုလည်း စိတ်ထဲမရွံ
မေတ္တာအမေ။

❖ စားချိန်ရွယ်ရောက် စာနာထောက်၍
မဖောက်ဦးစွာ ငါးဟင်းစားကို
ရိုးမြွာစိတ်ခြမ်း သားကြမ်းမကျွေး
သားနုပေးလျက် ကျန်သေးရိုးနု
ခြစ်ယူစုစား စိတ်ထားမြတ်ပေ
မေတ္တာအမေ။

❖ အရွယ်ရောက်စ မျက်နှာလှအောင်
ဆရာ့ထံသွား အပ်နှံထား၍
တတ်ငြားပညာ ဥစ္စာပေးဝေ
မေတ္တာအမေ။

❖ ဘဝသံသရာ ခရီးကြာလည်း
ကောင်းရာသို့ပေါက် ချမ်းသာရောက်အောင်
မျက်မှောက်ကုသိုလ် အကုသိုလ်တရား
ခွဲခြားပေးဝေ မေတ္တာအမေ။

CARTOON


ကျွဲ
ကယား
ကျင်
ချင်း
ဗမာ
မွန်
ရခိုင်
ဂျမ်း
တိုင်းရင်းသား
တွေ့ရှိခဲ့ခင်မင်
ရင်းနှီးကျွမ်းဝင်
ရင်းသိပ်ကောင်းမှာပဲ
နော်....!
?
ညီရင်းဘစ်ကို
မောင်ရင်းနှမ
စိတ်ဓာတ်ခွန်အား
တွေနဲ့ လက်ရည်
တစ်ပြိုင်တည်း....!
တိုင်းရင်းသားဂိုးရာ
ဘစား:ဘသောက်
တွေကို/ပြိုင်ရေဂျက်ရေ/
စားသောက်ချင်လို့....ဟိ!!
Good Idea

CARTOON


စာအုပ်စာပေတွေကို
ဂရုစိုက်ထားပြီး
သိမ်းဆည်းထားရဲ့နဲ့
မဖြိုးကွေး။
ဖတ်လည်းဖတ်
မှတ်လည်းမှတ်ဘဲ
ကိုယ့်တန်ဖိုးပါ
တက်ညွှာမှာ။
ကိုယ့်မြေကိုယ့်ရေက သဘာဝ
စောရိုင်းတိရစ္ဆာန်တွေကို
တန်ဖိုးထားဖို့လိုတယ်။
ကိုယ့်ထက်တန်ဖိုးသိတဲ့
မသမာသူတွေလက်ထဲ
မရောက်အောင်လည်း
ကာကွယ်ဖို့လိုတယ်တော့
Lorraine PHANT

CARTOON


မမှီဝဲခိုနဲ့။
ကင်းအောင်ဖန်တာ
မင်္ဂလာတစ်ပါးပဲ
ကွယ်။
မှုးယမ်းဆေး
အဆင်သင့်စားပို့ရတဲ့
အစားအစာ ဆိုတာ၊
အဆင်မသင့်ရင်
ကျွန်မမှာရွေး
ဆိုခိုက်တာယ်
ဝေတာ့။
ဒိန်း!

CARTOON


ဂျပန်၊ တရုတ်၊ ကိုရီးယား၊ ထိုင်း၊ အိန္ဒိယ...
ဘာသာစကား တွေထက်....
ဒါဒီက တို့ဒေးဒေးသား ဘာသာစကား၊ ထမင်းစား၊ ရေသောက်၊ တတ်ရမှာကိုမှ ပြုစုမယ်ပျို့.....
တစ်ခြေထဲနဲ့ တစ်ရေထဲသောက် ပြုစုနဲ့ပျို့....
ဘာပြောလို့၊ ပြောမှန်းမသိ၊ ပြုစုရမှာစိုးလို့....
ငေးမနေနဲ့ ကူ

CARTOON


အမှန်းစကားတစ်ခွန်းကြောင့်
လူတစ်ယောက်ရဲ့နာကျင်မှုက
သူတစ်ယောက်တည်းရဲ့
၆၀၃ဆာမဟုတ်ဘူးသမီးရဲ့
လူသားစိတ်
ရှိအုံးလုံးခဲ့
သက်ဆိုင်တယ်
ဝင်းဖန်းဖန်

CARTOON


တိုင်းရင်းသားတွေရဲ့ ရိုးရာ
ယဉ်ကျေးမှု ဓလေ့ထုံးတမ်းတွေ
အပြန်အလှန် တန်ဖိုးထား
မြင့်တင်ကြရင်...
အမျိုးသား
စည်းလုံးညီညွတ်မှု
ဖိုးမိုခိုင်မြဲတာပေါ့
ဗန်း။

CARTOON


ကိုယ်ပတ်ဝန်းကျင်မှာ
အချင်းချင်း အမုန်း
ပွားတွေ့နဲ့ စိမ်းကား
ဖန်တားထက်..
သစ်ပင်ပန်းပင်
တွေ့နဲ့ စိမ်းစို
ဝေဆာဖန်တားက
ကမ္ဘာကြီးအတွက်
အဝတ်အစားကို
ဖြစ်တယ်ကွယ့်
ဟား..

အထူးကဏ္ဍ

မြန်မာနိုင်ငံ ခေတ်အဆက်ဆက် ဥပဒေပြုရေး အုပ်ချုပ်ရေး နှင့် တရားစီရင်ရေး သမိုင်းမှတ်တမ်းများ



ဝဏ္ဏကျော်ထင်ဇော်အေးမောင်

မြန်မာအစ

– မြန်မာနိုင်ငံသည် ကမ္ဘာ့သမိုင်း အစဖြစ်သော ဂျာဗားမန်း၏ ရုပ်ကြွင်းများအား ပုတောင်ပုံညာဒေသ ယောနယ်တွင် တွေ့ရှိသည့်အတွက် **"လူသားအစ မြန်မာက"** ဟု လည်းကောင်း ခေါ်ဆိုနိုင်သည်။

– မြန်မာနိုင်ငံသို့ မွန်ဂိုလွိုက်အနွယ်ဖြစ်သော တိဗက်တိုဘားမင်း မျိုးနွယ်စုများနှင့် အနောက်ဘက်မှ အာရီယန်လွိုက်မျိုးနွယ်စုများ ဝင်ရောက်အခြေချ နေထိုင်လာခြင်းမှ မြန်မာလူမျိုးနွယ်စုများ စတင်ခဲ့သည်။

– **"မြန်မာအစ တကောင်းက"** ဟု ဆိုရိုးစကားနှင့်အညီ မြန်မာနိုင်ငံအုပ်ချုပ်ရေးအစမှာ အနောက်ဘက်မှ ရွှေ့ပြောင်းလာသော အဘိရာဇမှစ၍ အုပ်ချုပ်ရေးသမိုင်း စတင်သည်ဟု သမိုင်းတွင် တွေ့ရှိ ရသည်။

– ထိုခေတ်မှစ၍ သက်ဦးဆံပိုင် ဘုရင်စနစ်ဖြင့် အုပ်ချုပ်ခဲ့ပြီး ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေး အာဏာ၊ တရားစီရင်ရေးအာဏာ အားလုံးသည် ဘုရင်တစ်ဦးတည်းတွင်သာ ရှိသည်။

မြန်မာနိုင်ငံ၏ ခေတ်(၄)ခေတ်

ပုဂံခေတ် (အေဒီ ၁၀၇ – ၁၃၆၈)

– မင်းဆက်ပေါင်း = ၅၅ ဆက်
– ပထမဆုံးမင်း = သမုဒ္ဒရာဇမင်း
– နောက်ဆုံးမင်း = စောမွန်နစ်မင်း

ပထမ အင်းဝခေတ် (အေဒီ ၁၃၆၄ – ၁၅၅၅)

– မင်းဆက်ပေါင်း = ၁၉ ဆက်
– ပထမဆုံးမင်း = သတိုးမင်းဖျား
– နောက်ဆုံးမင်း = စစ်ကိုင်းစည်သူကျော်ထင်မင်း

ညောင်ရမ်းခေတ် (အေဒီ ၁၅၉၇-၁၇၅၂)

– မင်းဆက်ပေါင်း = ၁၀ ဆက်
– ပထမဆုံးမင်း = မဟာသီဟသူရညောင်ရမ်းမင်း
– နောက်ဆုံးမင်း = မဟာဓမ္မရာဇာဓိပတိမင်း

ကုန်းဘောင်ခေတ်(အေဒီ ၁၇၅၂-၁၈၈၅)

– မင်းဆက်ပေါင်း = ၁၁ ဆက်

- ပထမဆုံးမင်း = အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ
- နောက်ဆုံးမင်း = သီပေါမင်း

ပထမမြန်မာနိုင်ငံတော် (ပုဂံခေတ်)

- ပထမ မြန်မာမင်းဆက်သည် တကောင်း အဘိရာဇာမှ စတင်သည်ဟု မြန်မာရာဇဝင်ကျမ်း၌ ဖော်ပြပါရှိသည်။
- ပထမ တကောင်းမင်းဆက်တွင် မင်းဆက် ၃၃ ဆက်ရှိပြီး နောက်ဆုံးမင်းဆက်သည် ဘိန္နကရာဇာမင်းဖြစ်သည်။
- ဓဇရာဇာမင်းသည် ဒုတိယတကောင်းမင်းဆက်ကို တည်ထောင်လေသည်။
- ဒုတိယတကောင်းမင်းဆက်၌ ၁၇ ဆက်ရှိပြီး နောက်ဆုံးမင်းဆက်သည် သတိုးမဟာရာဇာမင်း ဖြစ်သည်။
- သတိုးမဟာရာဇာမင်း၏ သားတော်နှစ်ပါး ဖြစ်သော မဟာသမ္ဘဝနှင့် စူဠာသမ္ဘဝမင်းသားတို့သည် သရေခေတ္တရာမင်းဆက်ကို တည်ထောင်လေသည်။
- သရေခေတ္တရာမင်းဆက်တွင် စုစုပေါင်း ၂၇ ဆက်ရှိသည်။ ၁၁ ပါးမြောက် သီရိရာဇ်မင်းသည် မဟာသမ္ဘဝမင်းမှ ဆင်းသက်သော တကောင်းမင်းဆက်တို့တွင် နောက်ဆုံးမင်း ဖြစ်သည်။
- ပထမမြန်မာနိုင်ငံတော်ဟု ခေါ်သော ပုဂံပြည်ကို ၁၁ ရာစုနှောင်းပိုင်းတွင် အနော်ရထာမင်းစောက ထူထောင်ခဲ့ပါသည်။
- အနော်ရထာမင်းစောသည်သက္ကရာဇ် ၁၀၄၄[1] တွင် နန်းတက်ခဲ့ပြီး ပုဂံမင်း ၅၅ ဆက်ရှိသည့် အနက် ၄၂ ဆက်မြောက် ဖြစ်သည်။
- အနော်ရထာမင်းမှ စတင် ထူထောင်ခဲ့သော ပထမမြန်မာနိုင်ငံတော်သည် စောမွန်နစ်မင်းလက်ထက်တွင် ပျက်သုဉ်းခဲ့သည်။
- အနော်ရထာမင်းကြီးသည် နန်းတက်သည်နှင့် တစ်ပြိုင်နက် နိုင်ငံစီးပွားရေးနှင့်စစ်အင်အားကို တောင့်တင်းအောင် စီမံဆောင်ရွက်ခဲ့သည်။
- နိုင်ငံတော်ပြုပြင်ရာတွင် ဆည်၊ မြောင်း၊ ကန်၊ ချောင်းတို့ကို ဖို့တော်မူသည်။
- ကျောက်ဆည်နယ်မှာရေလွှဲကိုးခရိုင်တည်ရာ ဖြစ်ပြီး ရမည်းသင်း၊ ဖက်ပိုင်း၊ ပြကောင်း၊ တောင်ညို အစရှိသည့် ရေလွှဲငါးခရိုင်ကို တည်တော်မူသည်။ စီးပွားရေး အင်အားတောင့်တင်းရန် ကျောက်ဆည်နယ်၌ တူးမြောင်းများကို စနစ်တကျဆည်ဖို့စေလျက် ဆည်ရေသောက်လယ်ယာမြေစနစ်ကို ထူထောင်ကာ စပါး၊ ကောက်ပဲသီးနှံ အများအပြား ထွက်ရှိအောင် စီမံခန့်ခွဲခဲ့သည်။[2]
- အနော်ရထာမင်းလက်ထက်တွင် အခွန်ကောက်ခံရန် အတွက် အလေး၊ တင်း၊ တောင်း အချိန်အတွယ်စနစ်ကို စတင်အသုံးပြုခဲ့သည်။
- အနော်ရထာမင်း၏အာဏာစက်သည် တရုတ်နိုင်ငံတောင်ပိုင်းနှင့်ယိုးဒယား၊ကမ္ဘောဒီးယား၊ ကိုချင်ချိုင်းနား (ဗီယက်နမ်)ထိတိုင်အောင် အာဏာပျံ့နှံ့ကြောင်း ယိုးဒယားရာဇဝင်များက ဆိုပါသည်။[3]
- သီဟိုဠ်၊ တရုတ်(ဆွန်မင်းဆက်)၊ မဏ္ဍိမဒေသတို့နှင့် သံတမန်ဆက်ဆံရေးများရှိခဲ့သည်။[4]
- သက်ဦးဆံပိုင်ဘုရင်စနစ်ဖြင့် အုပ်ချုပ်သည်။
- သက်ဦးဆံပိုင်ဘုရင်ခေတ် အုပ်ချုပ်ရေးစနစ်တွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး စသည့်အချုပ်အခြာ အာဏာ(၃)ရပ်လုံးအပြင် ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်အားလုံးကို ဘုရင်က ပိုင်သည်။
- ဘုရင်သည် ၎င်းပိုင်သော နယ်မြေများကို မြို့စား၊ နယ်စား၊ တောင်စား၊ ချောင်းစားများအထိ လုပ်ပိုင်ခွင့် အာဏာများအား ခွဲဝေအပ်နှင်းပါသည်။

ဘုရင့်သားတော်၊သမီးတော်၊မြှောက်စားပေးလိုသော သူများကိုလည်း အပိုင်စားပေးခဲ့သည်။

- တရားစီရင်ရေးအာဏာကိုလည်း ရပ်/ကျေး အထိ လုပ်ပိုင်ခွင့်များ၊ ဖမ်းဆီးချုပ်နှောင်ခွင့်နှင့် အပြစ်ပေးပိုင်ခွင့်

1 သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ မြန်မာ့ရက်စဉ်သမိုင်း ပထမတွဲ၊ စာ– ၃၁
2 သန်းစိုးအောင်၊ မောင်တို့မြန်မာပြည်၊ စာ ၉၇
3 သန်းစိုးအောင်၊ မောင်တို့မြန်မာပြည်၊ စာ ၉၆
4 သန်းစိုးအောင်၊ မောင်တို့မြန်မာပြည်၊ စာ ၁၀၀

အာဏာများကို ဘုရင်၏ အလိုကျ စိတ်တိုင်းကျ ခွဲဝေအပ်နှင်းပါသည်။ ကြီးလေးသောအမှုများကို ဘုရင်ကိုယ်တိုင် စီရင်ဆုံးဖြတ်ပါသည်။

- ဘုရင့်အပါးတွင် သံပျင်၊ ကလန်၊ သူငယ်တော်၊ ဟူးရားသမား၊ သုခမိန်များ ရှိကြသည်။[5] ဘုရင်သည် ၎င်းယုံကြည်စိတ်ချရသော ပညာရှိများကို ဝန်ကြီးများအဖြစ် ခန့်အပ်ပြီး အုပ်ချုပ်ရေးအာဏာကို ခွဲဝေပေးထားသည်။ ဥပမာ– ဘဏ္ဍာဝန်၊ သေနတ်ဝန်၊ ဆင်ဝန်၊ မြင်းဝန်၊ အိမ်တော်ဝန်တို့ ဖြစ်သည်။ အမတ်များဖြင့် လွှတ်တော်ကို ဖွဲ့စည်းထားသည်။
- ဘုရင်သည် လွှတ်တော်အမတ်၊ ဝန်ကြီးများနှင့် တိုင်ပင်၍ဖြစ်စေ၊ မတိုင်ပင်ဘဲဖြစ်စေ ၎င်းအလိုအတိုင်း အမိန့်များ ထုတ်ပြန်အုပ်ချုပ်သည်။ ထိုအမိန့်များသည် ဥပဒေပင်ဖြစ်သည်။
- ယခင် ဘုရင်အဆက်ဆက် သုံးစွဲခဲ့သော ဥပဒေ၊ ဖြတ်ထုံး၊ စီရင်ထုံးများကို ဖြဲတိုက်ဝန်ကြီးများက ထိန်းသိမ်းထားပြီး ဘုရင့်ထံ လိုအပ်သလို အစီရင်ခံ တင်ပြရသည်။ (ဥပမာ– မနုကျယ်ဓမ္မသတ်ကျမ်း၊ ရာဇသင်္ဂဟကျမ်း)
- ဖြဲတိုက်တွင် အမှုစီရင်ထုံးဟောင်းများ စုစည်းထားပြီး ရှေ့တော်စာဖတ်မှ ယခင်အမှုများ၌ မည်သို့ဆုံးဖြတ်ခဲ့သည်ကို တင်ပြပြီး ဘုရင်က စီရင်ဆုံးဖြတ်ပါသည်။
- အလေး၊ တင်း၊ တောင်း၊ အချိန်အတွယ်၊ အခွန်အကောက် အားလုံးကို ဘုရင်၏ သဘောအတိုင်း ဆောင်ရွက်သည်။
- သာသနာရေးနှင့်ပတ်သက်၍ဘုရင်၏အထူးအာဏာကုန် လွှဲအပ်ခံရသော သာသနာတော်ပိုင်ချုပ် ဆရာတော်ကြီးများက သံဃာတော်များအား ကြီးကြပ်ကွပ်ကဲအုပ်ချုပ်ပါသည်။
- စစ်ရေးအနေဖြင့် ဘုရင့်ကိုယ်ရံတော်တပ်ကိုသာ အမြဲတမ်းထားပြီး ပြည်တွင်း သို့မဟုတ် ပြည်ပနိုင်ငံများနှင့် စစ်ရေးပေါ်ပေါက်ပါက ပြည်သူများကိုစုစည်းပြီး ပြည်သူ့စစ်အသွင်ဖြင့် ဆောင်ရွက်ပါသည်။
- ပုဂံခေတ်ကို မြန်မာနိုင်ငံ၏ ပထမဦးဆုံး ရွှေခေတ်ဟု သတ်မှတ်နိုင်သည်။
- ပုဂံခေတ်သည် ဘီစီ ၁ ရာစု က စတင်ခဲ့သော်လည်း အေဒီ ၁၀၄၄ တွင် **အနော်ရထာမင်း** နန်းတက်ပြီးနောက် အင်အား ပိုမိုကြီးမားလာသည်။
- အနော်ရထာမင်းသည် ထေရဝါဒ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် သတ်မှတ်ခဲ့ပြီး စေတီ၊ ပုထိုးများစွာကိုလည်း တည်ထားကိုးကွယ်ခဲ့ပါသည်။
- ၁၁ ရာစုတွင် ဇကရာဇနိုင်ငံအဖြစ် အနော်ရထာမင်း ထူထောင်ခဲ့သော ယဉ်ကျေးမှုနှင့် ဗိသုကာပညာများ လွန်စွာထွန်းကားခဲ့သည့် ပုဂံနိုင်ငံတော်ကြီးသည် ၁၃ ရာစုတွင် မွန်ဂိုတို့၏ ကျူးကျော်မှုကြောင့် ပျက်သုဉ်းခဲ့ရသည်။

ဒုတိယမြန်မာနိုင်ငံတော်

- ဒုတိယ မြန်မာနိုင်ငံတော်ကို ဟံသာဝတီ ဆင်ဖြူများ ရှင် ဘုရင့်နောင်မင်းတရားကြီးက တည်ထောင်ခဲ့သည်။
- ဘုရင့်နောင်မင်းတရားကြီးသည် သက္ကရာဇ် ၁၅၁၁[6] တွင် နန်းတက်ခဲ့သည်။
- ပုဂံနိုင်ငံတော်ကြီး ပျက်သုဉ်းပြီးနောက် မြန်မာနိုင်ငံသည် ဝါးအစည်းပြေသကဲ့သို့ ပြိုကွဲသွားပြီး ပဒေသရာဇ်နိုင်ငံငယ်များ ပေါ်ပေါက်ခဲ့သည်။[7]
- တောင်ငူ၊ ရှမ်း၊ မွန်၊ ယိုးဒယားနှင့် အိန္ဒိယပြည်နယ်များ အပါအဝင် နိုင်ငံများစွာကို တစ်နိုင်ငံတည်းဖြစ်အောင် စုစည်းခဲ့ပါသည်။
- ဘုရင့်နောင်မင်းတရားကြီးလက်ထက်တွင် ဟံသာဝတီ၊ တောင်ငူ၊ ပြည်၊ မုတ္တမ၊ အဝ၊ အာသံ၊ မဏိပူရ၊ ရှမ်းကိုးပြည်၊ ကျိုင်းရုံး၊ ဇင်းမယ်၊ လင်းဇင်း၊ အယုဒ္ဓယ (ယိုးဒယား)အထိ ကျယ်ပြန့်ခဲ့သည်။[8]
- မြန်မာ့သမိုင်းတွင် အကျယ်ပြန့်ဆုံးသော လက်နက်နိုင်ငံတော်ကြီးကို တည်ထောင်နိုင်ခဲ့သော မင်းကြီးဖြစ်သည်။ ၎င်းတည်ထောင်ခဲ့သော မြန်မာနိုင်ငံတော်သည် ထိုခေတ်က အရှေ့တောင်အာရှတွင် အကျယ်ပြန့်ဆုံး ဖြစ်သည်။[9]

---

5 ဒေါက်တာသန်းထွန်း၊ ခေတ်ဟောင်းမြန်မာရာဇဝင်

6 ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စာ– ၂၁

7 ယဉ်ကျေးမှုဝန်ကြီးဌာန၊ မြန်မာသမိုင်းသုတေသန စာစောင်၊ အမှတ်စဉ်(၃၁)၊ စာ–၁၃၉

8 ယဉ်ကျေးမှုဝန်ကြီးဌာန၊ မြန်မာသမိုင်းသုတေသန စာစောင်၊ အမှတ်စဉ်(၂၃)၊ စာ–၆၈

9 ယဉ်ကျေးမှုဝန်ကြီးဌာန၊ မြန်မာသမိုင်းသုတေသန စာစောင်၊ အမှတ်စဉ်(၁၉)၊ စာ–၁၀၆

- ဘုရင့်နောင်မင်းတရားကြီးသည် စစ်ရေးနယ်ပယ်တွင် ကျွမ်းကျင်ပြီး ၎င်း၏စစ်မက်ရေးရာများသည် မြန်မာ့သမိုင်းတွင် အရေးပါလှသည်။
- မင်းတရားရွှေထီးနှင့် ဘုရင့်နောင်လက်ထက်မြန်မာနိုင်ငံ၏ လူမှုရေးအဖွဲ့အစည်းတွင် ပြည်သူတစ်ရပ်လုံးကို အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံလူတန်းစားဟူ၍ နှစ်မျိုးခွဲခြားနိုင်သည်။ မင်းဧကရာဇ်သည် အုပ်ချုပ်ရေး၏ အချက်အချာဖြစ်သည်။[10]
- ဒုတိယမြန်မာနိုင်ငံတော်ကို တည်ထောင်သည့် ဘုရင့်နောင်မင်းတရားကြီးလက်ထက်တွင် ဗုဒ္ဓဂေါသအခြေပြုပြီး ဥပဒေစနစ်တစ်ရပ်ကို တညီတညွတ်တည်းဖြစ်စေရန် ပြုစုပျိုးထောင်ပေးခဲ့သည်။
- ဘုရင့်နောင်လက်ထက်တွင် ဓမ္မသတ်ကျမ်းနှစ်စောင်ကို ရေးသားပြုစုခဲ့သည်။
- ဘုရင့်နောင်သည် တိုင်းပြည်ကို ပြန်လည်တည်ထောင်သည့် မင်းတစ်ပါးသာမက ထင်ရှားသည့် တရားသူကြီးနှင့်ဥပဒေပညာရှင်တစ်ဦးလည်းဖြစ်သည်။
- ၎င်းစီရင် ဆုံးဖြတ်ခဲ့သော ဟံသာဝတီဆင်ဖြူရှင်ဖြတ်ထုံးမှာ မြန်မာ့သမိုင်းတွင် ထင်ရှားသည်။[11]
- ဘုရင့်နောင်မင်းတရားကြီးသည် ၁၅၈၁ ခုနှစ် သက်တော် ၆၆ နှစ်အရွယ်တွင် နတ်ရွာစံခဲ့ပြီး သားတော် နန္ဒဘုရင်က ထီးနန်းဆက်ခံခဲ့သည်။

တတိယမြန်မာနိုင်ငံတော်

- အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ (၁၇၅၂–၁၇၆၀)သည် ကုန်းဘောင်ခေတ်ကို စတင်တည်ထောင်ခဲ့သော ပထမဆုံးမင်းဖြစ်ပြီး မုဆိုးဖိုရွာမှစ၍ အင်းဝ၊ ဟံသာဝတီ၊ ရန်ကုန်၊ ဒဂုံ၊ လွန်ဆေး၊ သန်လျင်တို့ကို သိမ်းပိုက်ကာ မြန်မာနိုင်ငံတော်ကြီးကို ပြန်လည်စည်းရုံးခဲ့သော ငတစ်ပါးမင်း (ငတစ်ပါးမင်းဆိုသည်မှာ မင်းမျိုးမင်းနွယ်၊ မှူးမတ်၊ ဝန်ကြီးမျိုးရိုးမှ မဟုတ်ဘဲ ကိုယ်ထူးကိုယ်ချွန်၊ ကိုယ်အားကိုယ်ကိုး ကြိုးစား၍ တိုင်းပြည်ထူထောင်သောမင်း) ဖြစ်သည်။
- ၁၇၅၂ ခုနှစ်တွင် အလောင်းမင်းတရားသည် ရွှေဘိုမြို့၌စစ်တပ်တည်ထောင်ကာ ပြန်လည်ပေါင်းစည်းရေးကို စတင်ခဲ့ပါသည်။
- အလောင်းမင်းတရားကြီးသည် ၁၇၆၀ ပြည့်နှစ်၌ အယုဒ္ဓယသို့ သွားရောက်တိုက်ခိုက်ပြီး အပြန်တွင် ထိုင်း–မြန်မာနယ်စပ်၊ ကင်းရွာ၌ ငှက်ဖျားရောဂါဖြင့် နတ်ရွာစံခဲ့သည်။
- ကုန်းဘောင်မင်း (၁၁)ဆက်ရှိပြီး သီပေါမင်းသည် နောက်ဆုံးမင်းဆက်ဖြစ်သည်။

(၁) အလောင်းမင်းတရား	(၁၇၅၂ – ၁၇၆၀)
(၂) နောင်တော်ကြီး	(၁၇၆၀ – ၁၇၆၃)
(၃) ဆင်ဖြူရှင်မင်း(မြေဒူးမင်း)	(၁၇၆၃ – ၁၇၇၆)
(၄) စဉ့်ကူးမင်း	(၁၇၇၆ – ၁၇၈၁)
(၅) ဖောင်းကားစားမောင်မောင်	(၁၇၈၁ – (၇)ရက်)
(၆) ဘိုးတော်ဘုရား	(၁၇၈၁ – ၁၈၁၉)
(၇) ဘကြီးတော် (စစ်ကိုင်းမင်း)	(၁၈၁၉ – ၁၈၃၇)
(၈) သာယာဝတီမင်း	(၁၈၃၇ – ၁၈၄၆)
(၉) ပုဂံမင်း	(၁၈၄၆ – ၁၈၅၃)
(၁၀) မင်းတုန်းမင်း	(၁၈၅၃ – ၁၈၇၈)
(၁၁) သီပေါမင်း	(၁၈၇၈ – ၁၈၈၅)

- ကုန်းဘောင်ခေတ် မြန်မာ့ရှေးရိုးအစဉ်အလာ အုပ်ချုပ်ရေးသည် သက်ဦးဆံပိုင်ဘုရင်စနစ်ကို လက်ခံကျင့်သုံးသည်။
- အုပ်ချုပ်ရေးတွင် ရာထူးကြီးငယ်အလိုက် ခွဲခြားသတ်မှတ်၍ တာဝန်များကို ချမှတ်ထားသည်။
- တရားမျှတမှုများကို အလေးထားပြီး မြန်မာ့ထုံးတမ်းဓလေ့နှင့်အညီ တရားစီရင်ခြင်း၊ အုပ်ချုပ်ခြင်း၊ စီမံခန့်ခွဲခြင်းများကို ပြုလုပ်ကြသည်။
- အုပ်ချုပ်ရေးပုံစံများ မပေါ်ပေါက်မီက မြန်မာတို့၏ အစဉ်အလာ အုပ်ချုပ်ရေးသည် မြို့ရွာအဖွဲ့အစည်းကို အခြေခံခဲ့သည်။
- ရှေးဦး မြို့ရွာအဖွဲ့အစည်းတွင် သွေးတူသူ မျိုးနွယ်စုတို့ စုဝေးနေထိုင်ကြသည်။ အုပ်ချုပ်မည့်သူကို အများ

10 ယဉ်ကျေးမှုဝန်ကြီးဌာန၊ မြန်မာ့သမိုင်းသုတေသနစာစောင် အမှတ်(၂၂)၊ စာ–၁၀၄
11 ယဉ်ကျေးမှုဝန်ကြီးဌာန၊ မြန်မာ့သမိုင်းသုတေသန စာစောင် အမှတ်(၂၂)၊ စာ–၁၀၇

သဘောတူ ရွေးကောက်တင်မြှောက်ကြသည်။ ထိုသူကို “သွေးကြီး”ဟု ခေါ်သည်။ သွေးကြီးသည် မြန်မာတို့၏ အုပ်ချုပ်ရေးတွင် ကျေးရွာတစ်ရွာ၏ ဦးစီးခေါင်းဆောင် ဖြစ်သည်။

– ကုန်းဘောင်ခေတ်နှောင်း တရားစီရင်ရေးတွင် ရာဇဌာနီတရားစီရင်ရေးနှင့် အဝေးမြို့နယ် တရားစီရင်ရေးဟူ၍ နှစ်မျိုးရှိသည်။

– တရားစီရင်ရေးတွင် ရာဇသတ်များ၊ ဓမ္မသတ်များ၊ ဖြတ်ထုံးများ၊ အစဉ်အလာဓလေ့ စီရင် ဆုံးဖြတ်မှုများကို ကိုးကားညှိနှိုင်း၍ တရားစီရင်ကြသည်။[12] ဥပမာ – မနုကျယ် ဓမ္မသတ်ကျမ်း။

အလောင်းမင်းတရားခေတ် မြန်မာ့တပ်မတော်

– အလောင်းမင်းတရားကြီး၏ လက်ထက်တွင် လက်ဝဲ၊ လက်ယာခွဲထားသော ၁၆ တပ် ရှိသည်။

– လက်ဝဲကြောင်းလေးတပ်၊ လက်ယာကြောင်းလေးတပ်၊ လက်ဝဲရွှေလှံတပ်၊ လက်ယာရွှေလှံတပ်၊ နတ်စုလက်ဝဲတပ်၊ နတ်စုလက်ယာတပ်၊ ရွှေးလက်ဝဲတပ်၊ ရွှေးလက်ယာတပ်၊ လက်ဝဲကြောင်း သေနတ်တပ်၊ လက်ယာကြောင်း သေနတ်တပ်၊ နောက်သေနတ်တပ်၊ ဘုန်းတော်ဖြစ် သေနတ်တပ်၊ ကုလားပျို သေနတ်တပ်၊ ကသည်းမြင်းတပ်၊ သံချပ်ဝတ်မြင်းတပ်၊ တင်ကျည်းတပ် ဟူ၍ ဖြစ်သည်။[13]

– ကုန်းဘောင်ခေတ်တပ်ဖွဲ့ပုံစံသည် ငါးယောက် တစ်အိုးစား ပုံစံဖြစ်သည်။ နှစ်အိုးစား တစ်ကြပ်၊ ငါးကြပ် တစ်သွေးသောက်၊ တစ်သွေးသောက်တွင် ငယ်သား ၅၀၊ အကြပ် ငါးယောက်နှင့် သွေးသောက်ကြီး တစ်ယောက်၊ စုစုပေါင်း ၅၆ ယောက် ပါမြဲဖြစ်သည်။

– ဗဒုံမင်းလက်ထက်တွင် ငယ်သားကိုးယောက် အကြပ် တစ်ယောက်ထား၍ တစ်သွေးသောက်တွင် ငယ်သား ၄၅၊ အကြပ် ငါး၊ သွေးသောက်ကြီး တစ်၊ စုစုပေါင်း ၅၁ ယောက် ဖွဲ့ခဲ့သည်။ တစ်တပ်ဟူသည် သွေးသောက်ကြီး ၁၀ ဦး ပါသောအဖွဲ့၊ တစ်နည်းအားဖြင့် ၁၀ သွေးသောက် ဖြစ်သည်။

– နှစ်သွေးသောက်လျှင် တစ်တပ်မှူး၊ ငါးတပ်မှူး တစ်ဗိုလ်ဖွဲ့သဖြင့် တပ်မှူးတစ်ဦး၏ ကွပ်ကဲမှုအောက်တွင် ငယ်သား ၁၀၀၊ အကြပ် ၁၀၊ သွေးသောက် နှစ်၊ တပ်မှူး တစ်၊ စုစုပေါင်း ၁၁၃ ယောက်ရှိသည်။

– တပ်တစ်တပ်၊ ဗိုလ်တစ်ဗိုလ်၏ ကွပ်ကဲမှုအောက်တွင် ဗိုလ်မှူး ငါး၊ သွေးသောက် ၁၀၊ အကြပ် ၅၀၊ ငယ်သား ၅၀၀၊ တပ်ရေး တစ်၊ နာခံ တစ်၊ ဗိုလ် တစ်၊ စုစုပေါင်း ၅၆၈ ယောက်ဖြင့် ဖွဲ့စည်းခဲ့ပါသည်။[14]

– ဗိုလ်လုပ်သူ၏ လူယုံ ကိုယ်ရံတော် ၃၀၊ ၄၀ ခန့် ပါရှိတတ်သဖြင့် လူ ၆၀၀ ခန့် ရှိပါသည်။

– အုပ်ချုပ်ခံတပ်ကို ငါးရာတပ်ဟုခေါ်လေ့ရှိပြီး အဆိုပါ ငါးရာတပ် နှစ်တပ်ကို လည်းကောင်း၊ နှစ်တပ်ထက် ပို၍ အုပ်ချုပ်ရသူကို တပ်ပေါင်းဗိုလ်ဟု ခေါ်ပါသည်။

– ထိုတပ်ပေါင်းဗိုလ်သည် ရှမ်းနယ်စော်ဘွားများနှင့် အဆင့်အတန်းတူသည်။ ရွှေထီးပိန်း ဆောင်းခွင့်ရပါသည်။ ထိုတပ်ပေါင်းဗိုလ် နှစ်ဦး သို့မဟုတ် သုံးဦးထက် ပို၍ အုပ်ချုပ်ရသောသူကို ဗိုလ်ချုပ်ဟု ခေါ်ပါသည်။

– ညီတော်၊ သားတော် ဘုရင်ခံမင်းသားကြီးများကို ဗိုလ်မှူးမင်းသားကြီးများခန့်အပ်ပြီးဗိုလ်ချုပ် နှစ်ဦး၊ သုံးဦးကို လည်းကောင်း၊ သုံးဦးထက်ပို၍ လည်းကောင်း ပေါင်းစပ် အုပ်ချုပ်ရသည်။

– စစ်ချီရာတွင် ဘုရင်မင်းမြတ်မပါသော် ဗိုလ်မှူးမင်းသားကြီးသည် စစ်ဘုရင်ဖြစ်တော့သည်။

– ရွှေးဘုရင်များလက်ထက်က အမြဲတမ်းစစ်တပ်ဟူ၍ မရှိဘဲ စစ်မက်အရေးအခင်း ပေါ်သောအခါမှသာ ဆင့်ခေါ်၍ အမှုတော်ကို ပြည်သူ့စစ်အဖြစ် ထမ်းရွက်စေမြဲ ဖြစ်သည်။[15]

– ကုန်းဘောင်ခေတ် တပ်မတော်၏ ဖွဲ့စည်းပုံကို အခြေခံအားဖြင့် အောက်ပါအတိုင်း အဆင့်ဆင့် ဖွဲ့စည်းထားသည်ကို တွေ့ရှိရသည် –

12 ယဉ်ကျေးမှုဝန်ကြီးဌာန၊ မြန်မာသမိုင်း သုတေသနစာစောင် အမှတ်(၂၃)။ စာ– ၁၇၉

13 မကြန်၏ သမိုင်းရှာပုံတော်ခရီးနှင့်အခြားစာတမ်းများ၊ စာ–၁၄၀

14 မကြန်၏ သမိုင်းရှာပုံတော်ခရီးနှင့်အခြားစာတမ်းများ၊ စာ–၁၄၁

15 မကြန်၏ သမိုင်းရှာပုံတော်ခရီးနှင့်အခြားစာတမ်းများ၊ စာ ၁၄၃–၁၄၄

- **ငယ်သား** စစ်သည်တော်
- **အကြပ်** အောက်ခြေအဆင့် စစ်သည်အချို့ကို ဦးဆောင်သူ
- **သွေးသောက်** စစ်သည် ၅၀ ဝန်းကျင် ပါဝင်သည့် အဖွဲ့ကို ဦးဆောင်ရသူ
- **တပ်မှူး** တပ်ဖွဲ့ငယ်များစွာကို ဦးဆောင်ရသူ
- **ဗိုလ်** တပ်ဖွဲ့များစွာကို ဦးဆောင်ရသူ
- **တပ်ပေါင်းဗိုလ်** ဗိုလ်များစွာကို ဦးဆောင်ရသူ
- **ဗိုလ်ချုပ်** တပ်ပေါင်းဗိုလ် များစွာကို ဦးဆောင်ရသူ
- **ဗိုလ်မှူး** စစ်ဘုရင်အဖြစ် စစ်ပွဲကို **မင်းသားကြီး** ဦးဆောင်သူ

ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲ(၁၈၂၄-၁၈၂၆)
ဖြစ်ပွားရခြင်းနှင့် စစ်ပွဲအပြီး အုပ်ချုပ်ရေး

- ကုန်းဘောင်မင်းဆက်သည် တနင်္သာရီ၊ ရခိုင်၊ မဏိပူရ၊ အာသံတို့ကိုသိမ်းယူပြီးနောက် အိန္ဒိယနယ်နိမိတ်အနီးအထိ ထိုးဖောက်လာသောကြောင့် မဏိပူရနယ်နှင့်အာသံဒေသ၌ တင်းမာမှုများ ဖြစ်လာခဲ့သည်။
- မြန်မာနိုင်ငံသည် အနောက်အိန္ဒိယအင်ပါယာအတွက် ဗြိတိသျှကုန်သွယ်ရေးလမ်းကြောင်း၏ အရေးကြီးသောဒေသဖြစ်သဖြင့် ထိန်းချုပ်လိုကြသည်။
- ဗြိတိသျှတို့သည် အိန္ဒိယနှင့် မြန်မာ နှစ်နိုင်ငံအကြား နယ်နိမိတ်ချင်း ထိစပ်နေသော အာသံပြည်နယ်နှင့်မဏိပူရဒေသတို့ကို တည်ငြိမ်မှုမရှိအောင် ဖန်တီးခြင်း၊ ယင်းဒေသရှိ အုပ်ချုပ်သူများအား ငွေကြေး၊ လက်နက်ထောက်ပံ့ပေးခြင်း၊ တော်လှန်ပုန်ကန်ရန် မြှောက်ပင့်သွေးထိုးခြင်းများကို ပြုလုပ်ခဲ့သည်။
- ၁၈၂၃ ခုနှစ်တွင် နတ်မြစ်ဝရှိ ရှင်မဖြူကျွန်းကို အင်္ဂလိပ်တို့က ကျူးကျော်ဝင်ရောက်သိမ်းပိုက်ခြင်းကြောင့် စစ်ရေးတင်းမာမှုများ ဖြစ်ကာ ၁၈၂၄ ခုနှစ်၊ မတ်လ ၅ ရက်နေ့တွင် အိန္ဒိယဘုရင်ခံချုပ် Lord Amherst က မြန်မာတို့အား စစ်ကြေညာခဲ့သည်။
- ရှင်မဖြူကျွန်းအရေးနှင့် ပတ်သက်၍ မြန်မာနှင့် အင်္ဂလိပ်တို့စစ်ဖြစ်ကြရာ အင်္ဂလိပ်တို့သည် စစ်ကြောင်းကြီးသုံးကြောင်းခွဲကာ ရန်ကုန်မြို့မှတစ်ဆင့် အင်းဝအထိ စစ်သင်္ဘောများနှင့် ချီတက်လာပြီး အင်းဝမြို့နှင့် ၄၅ မိုင်ခန့် အကွာ ရန်ကုပ်ရွာသို့ ရောက်ခဲ့သည်။
- ရန်ကုပ်ရွာ၌ အင်္ဂလိပ်တို့နှင့် စစ်ပြေငြိမ်းရေး စာချုပ်ချုပ်ဆို၍ စစ်ပြေငြိမ်းခဲ့သည်။
- ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲအပြီးတွင် ရခိုင်နှင့် တနင်္သာရီကို အင်္ဂလိပ်တို့ထံ ပေးအပ်ခဲ့ရသည့်အပြင် မဏိပူရနယ်နှင့် အာသံဒေသတို့ကိုလည်း လက်လွှတ်ခဲ့ရသည်။
- မြန်မာတို့က စစ်လျော်ကြေးငွေ ဒင်္ဂါးပြားရေ တစ်ကုဋေ (မြန်မာအချိန်ငွေကောင်း ၇၅၀၀၀)ကို ပေးခဲ့ရသည်။
- ရခိုင်ကို အိန္ဒိယ၏ပြည်နယ်တစ်ခုအဖြစ် တွဲ၍ အုပ်ချုပ်သည်။
- အိန္ဒိယပိုင်နယ်မြေများနှင့် ဆက်စပ်မှုမရှိသော တနင်္သာရီဒေသကို ဘုရင်ခံချုပ်၏ တိုက်ရိုက်အုပ်ချုပ်မှု အောက်တွင်ထားရှိသည်။
- တနင်္သာရီသည် မဟာဗျူဟာအရ အရေးပါသောဒေသဖြစ်သည့်အတွက် စစ်ဘက်အရာရှိများကို မြို့အုပ်၊ ခရိုင်အုပ်များအဖြစ် ခန့်အပ်၍ ထိန်းချုပ်ခဲ့သည်။ ၎င်းတို့သည် အိန္ဒိယဘုရင်ခံချုပ်၏အမိန့်ကို တိုက်ရိုက်နာခံရသည်။
- တနင်္သာရီနှင့် ရခိုင်ဒေသတွင် ဝန်ရုံတော်မင်းကြီး (Commissioner)တစ်ဦးစီ ခန့်ထားအုပ်ချုပ်ခဲ့သည်။
- အဆိုပါဒေသ(၂)ခုလုံး အင်္ဂလိပ်အစိုးရ၏ ဗျူရိုကရေစီအုပ်ချုပ်ရေးစနစ်အရ ဘုရင်ခံချုပ်၊ ကော်မရှင်နာမင်းကြီး၊ တိုင်းမင်းကြီးများက စီမံခန့်ခွဲ၍ အုပ်ချုပ်ပါသည်။
- တရားစီရင်ရေးနှင့်ပတ်သက်၍ တရားသူကြီးချုပ်၊ စက်ရှင်မင်းကြီး၊ မြို့မတရားသူကြီးနှင့် အရေးပိုင်များက တရားစီရင်ပါသည်။
- အိန္ဒိယပါလီမန်က အိန္ဒိယအက်ဥပဒေအချို့ကို ထိုစဉ်က လက်အောက်ခံ မြန်မာပြည်အတွက်လည်း အာဏာတည်စေခဲ့၍ ပြဋ္ဌာန်း အုပ်ချုပ်ခဲ့ပါသည်။ (ဥပမာ-Penal Code ၊ ရာဇသတ်ကြီးဥပဒေ)

ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲ (၁၈၅၂-၁၈၅၃)
ဖြစ်ပွားရခြင်းနှင့် စစ်ပွဲအပြီး အုပ်ချုပ်ရေး

- ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲ ဖြစ်ရခြင်းမှာ အင်္ဂလိပ်သင်္ဘောနှစ်စင်းသည် ဥပဒေချိုးဖောက်သဖြင့် ဟံသာဝတီမြို့ဝန် ဦးအုပ်က ဒဏ်ငွေ ၉၀၀၀ ကျော် တပ်ရိုက်သည်

ကို မကျေနပ်သဖြင့် ဘုရင်ခံချုပ် လော့ဒ်ဒါလဟိုဇီထံ တိုင်ကြားခဲ့ပြီး ဘုရင်ခံချုပ်က ရန်ကုန်သို့ စစ်သင်္ဘောသုံးစင်း စေလွှတ်ခဲ့ရာ မြန်မာတို့သည် အင်္ဂလိပ်တို့နှင့် ဆက်ဆံရေး အဆင်ပြေစေရန် ဒဏ်ငွေ ၉၀၀၀ ကျော်ကို ပြန်လည်ပေးအပ်ခဲ့ရသည်။

- အင်္ဂလိပ်တို့က ရန်ကုန်ဆိပ်ကမ်းရှိ မြန်မာသင်္ဘောများကို နှစ်မြှုပ်ခြင်း၊ မြန်မာပိုင် ရေနန်းယာဉ်သာ သင်္ဘောကို အဓမ္မရယူခြင်းတို့ကို ပြုလုပ်ခဲ့ရာမှ အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲ ဖြစ်ရန် အစပျိုးခဲ့ပြီး ၁၈၅၂ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင် စစ်ကြေညာခြင်းမရှိဘဲ တိုက်ပွဲများဖြစ်ပွားခဲ့ပြီး အင်္ဂလိပ်တို့က မြန်မာနိုင်ငံအောက်ပိုင်းကို သိမ်းယူခဲ့ကြသည်။
- ၁၈၅၃ ခုနှစ်တွင် ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲပြီးဆုံးခဲ့သည်။
- ဒုတိယအင်္ဂလိပ်-မြန်မာစစ်ပွဲအပြီးတွင် ပဲခူးနှင့် မုတ္တမတို့ကို အင်္ဂလိပ်တို့ထံ ပေးခဲ့ရသည်။
- မုတ္တမနယ်ကို တနင်္သာရီဝန်ရှင်တော်မင်းကြီး၏ အုပ်ချုပ်မှုအောက်တွင်ထား၍ ပဲခူးနယ်ကိုမူ ဘုရင်ခံချုပ်၏တိုက်ရိုက်အုပ်ချုပ်မှုအောက်ရှိ သီးခြားဝန်ရှင်တော်မင်းကြီး လက်အောက်တွင် ထားရှိခဲ့သည်။
- တနင်္သာရီ၊ ရခိုင်နှင့် အောက်မြန်မာပြည် (ပဲခူးနယ်) တို့ကို ၁၈၆၂ ခုနှစ်တွင် ဗြိတိသျှ ဘားမား(British Burma) ဟု ခေါ်တွင်စေသည်။
- ဝန်ရှင်တော်မင်းကြီးသုံးဦးကို ခန့်အပ်ခဲ့ပြီး ကြီးကြပ်ရန် မဟာဝန်ရှင်တော်မင်းကြီး (Chief Commissioner) တစ်ဦး ခန့်ထား၍ အုပ်ချုပ်ခဲ့သည်။
- ရခိုင်ဝန်ရှင်တော်မင်းကြီးသည် ဘင်္ဂလားအစိုးရ၏ ကြီးကြပ်မှုအောက်တွင်လည်းကောင်း၊ ပဲခူးသည် အိန္ဒိယဗဟိုအစိုးရ၏ ကြီးကြပ်မှုအောက်တွင်လည်းကောင်း၊ တနင်္သာရီဝန်ရှင်တော်မင်းကြီးသည် တရားစီရင်ရေးနှင့် အခွန်တော်ကိစ္စအတွက် ဘင်္ဂလားအစိုးရ၏ ကြီးကြပ်မှုအောက်တွင်ရှိပြီး အထွေထွေ အုပ်ချုပ်ရေးကိစ္စကိုမူ အိန္ဒိယဗဟိုအစိုးရအောက်တွင် ထားရှိသည်။
- မဟာဝန်ရှင်တော်မင်းကြီး၌ ဥပဒေပြုခွင့် အာဏာမရှိဘဲ စီရင်ဆုံးဖြတ်ရာ၌ လက်စွဲပြုနိုင်ရန် ဥပဒေကို ဘုရင်ခံချုပ်က ပြဋ္ဌာန်းပေးသည်။
- မြန်မာနိုင်ငံကို စီရင်စုနယ်မြေများသတ်မှတ်ပြီး နယ်မြေအလိုက် ဝန်ထောက်၊ မြို့မဝန်ထောက်၊ အရေးပိုင်များခန့်၍ အုပ်ချုပ်ခဲ့သည်။
- ၁၈၆၈ ခုနှစ်တွင် မဟာဝန်ရှင်တော်မင်းကြီးကို ဥပဒေပြုအာဏာ အပ်နှင်းခဲ့သည်။

တတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲ ဖြစ်ရခြင်းနှင့်စစ်ပွဲအပြီး အုပ်ချုပ်ရေး

- ၁၈၇၈ ခုနှစ်တွင် မင်းတုန်းမင်းကြီး နတ်ရွာစံသဖြင့် သားတော် သီပေါမင်း ထီးနန်းဆက်ခံခဲ့သည်။
- သီပေါမင်းလက်ထက်၌ အင်္ဂလိပ်-မြန်မာ ဆက်ဆံရေး အဆင်မပြေသဖြင့် ပြင်သစ်တို့နှင့် သံတမန်ဆက်ဆံခဲ့သည်။ ပြင်သစ်တို့က မြန်မာနိုင်ငံကို သိမ်းသွင်းရန် အကြံဖြင့် ဆောင်ရွက်လျက်ရှိချိန်တွင် အင်္ဂလိပ်တို့က လက်ဦးမှုရယူကာ စစ်ရေးပြင်ဆင်ခဲ့သည်။
- တောင်ငူသစ်တောနယ်တွင် ဘုံဘောဘားမား ကုမ္ပဏီက သစ်လုံးခိုးထုတ်မှုကြောင့် သစ်လုံးရေ ငါးသောင်း၏ နှစ်ဆဖြစ်သော ဒဏ်ငွေ ၂၃,၀၀၀,၀၀၀ တပ်ရိုက်ခြင်းကို အကြောင်းပြု၍ တတိယ အင်္ဂလိပ်-မြန်မာ စစ်ပွဲဖြစ်ပွားခဲ့ရသည်။
- တတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲ (Third Anglo-Burmese War) သည် မြန်မာ့သမိုင်းတွင် အရေးအကြီးဆုံးစစ်ပွဲတစ်ခုဖြစ်ပြီး ယင်းစစ်ပွဲအပြီးတွင် မြန်မာ တစ်နိုင်ငံလုံးသည် ဗြိတိသျှကိုလိုနီ လက်အောက်သို့ ကျရောက်သွားခဲ့ရသည်။
- အထက်မြန်မာနိုင်ငံကို တိုက်ရိုက်ထိန်းချုပ်ခဲ့ပြီး တောင်တန်းနှင့် နယ်စပ်ဒေသများကို သွယ်ဝိုက်ထိန်းချုပ်ခဲ့သည်။
- ၁၈၈၅ ခုနှစ်၊ တတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲ အပြီးတွင် အင်္ဂလိပ်တို့က အထက်မြန်မာနိုင်ငံကို ခရိုင်လေးခု၊ အောက်မြန်မာနိုင်ငံကို ခရိုင်ရှစ်ခု သတ်မှတ်၍ မဟာဝန်ရှင်တော်မင်းကြီး တစ်ဦးတည်းဖြင့်အုပ်ချုပ်ခဲ့သည်။ မဟာဝန်ရှင်တော်မင်းကြီးသည် အိန္ဒိယဘုရင်ခံချုပ်ကို တာဝန်ခံရသည်။
- ခရိုင်အသီးသီးကို ခရိုင်ဝန်ရှင်တော်မင်းကြီးများက အုပ်ချုပ်သည်။ ခရိုင်ဝန်ရှင်တော်မင်းကြီးအား ဥပဒေပြုရေးအာဏာအပ်နှင်းထားခြင်းမရှိသော်လည်း အုပ်ချုပ်ရေး

အာဏာ၊ တရားစီရင်ရေးအာဏာ၊ အခွန်ကောက်ခံရေး အာဏာ စသည့် အာဏာသုံးရပ်လုံးကို တစ်ဦးတည်း ကျင့်သုံးနိုင်သည်။

– လိုအပ်သော အက်ဥပဒေ၊ စည်းမျဉ်းဥပဒေများကို အိန္ဒိယဘုရင်ခံချုပ်က ပြဋ္ဌာန်းပေးသည်။

– မဟာဝန်ရုံတော်မင်းကြီးလက်အောက်တွင် ခရိုင် ဝန်ရုံတော်မင်းကြီး၊ အရေးပိုင်၊ နယ်ပိုင်၊ ဝန်ထောက်/ စစ်ကဲကြီးများ၊ မြို့ပိုင်/မြို့အုပ်၊ ရွာသူကြီးများဖြင့် အဆင့်ဆင့် စီမံအုပ်ချုပ်သည်။

– မြန်မာပြည်၌ အိန္ဒိယ အက်ဥပဒေ အချို့ကို ပြဋ္ဌာန်း၍ အုပ်ချုပ်ခဲ့ပါသည်။ (ဥပမာ–Penal Code)

– Penal Code သည် မြန်မာနိုင်ငံတွင် အင်္ဂလိပ်–မြန်မာ စစ်ပွဲများဖြစ်ပွားပြီး အင်္ဂလိပ်ကိုလိုနီလက်အောက် ကျရောက်စဉ် ၁၈၇၄ ခုနှစ်စည်းမျဉ်း ဥပဒေအမှတ် ၉ ဖြင့် ရခိုင်တောင်တန်းတွင် စတင်အာဏာသက်ရောက်ခဲ့သည်။ ထို့နောက် ၁၈၈၅ ခုနှစ်တွင် အထက် မြန်မာပြည်ပါ အင်္ဂလိပ် လက်အောက်ကျ ရောက်ခဲ့ပြီး ၁၈၈၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ အိန္ဒိယ၏ ပြည်နယ်အဖြစ် သတ်မှတ်ကာ ထိုနှစ် အက်ဥပဒေအမှတ် ၂၀ ဖြင့် နိဝင်ဘာ ၂၉ ရက်နေ့မှ စ၍ ရှမ်းပြည်နယ်မှအပ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အာဏာတည်ခဲ့သည်။

– ၁၈၉၈ ခုနှစ်တွင် ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြဋ္ဌာန်း ပြီး မြန်မာနိုင်ငံတွင် တရားစီရင်ရေးများကို စတင်ခဲ့သည်။

– ထို့နောက် အိန္ဒိယတွင် ပြဋ္ဌာန်းခဲ့သော သက်သေခံ ဥပဒေ၊ ကာလစည်းကမ်းသတ်ဥပဒေ၊ တရားမဥပဒေ၊ တရားမကျင့်ထုံးဥပဒေ စသည်တို့ကို မွေးစားယူကာ (Adoption Laws) အဖြစ် မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းကျင့်သုံး ခဲ့သည်။

– တရားရေးဆိုင်ရာ စီရင်ထုံးများကို ၁၈၇၂ ခုနှစ်မှ စ၍ SJLB, PJLB, BLT, BLJ, LBR, UBR, AIR, ILR, RLR နှင့် BLR စီရင်ထုံးများအရ တရားစီရင်ရေးကို ဆောင်ရွက်ခဲ့ သည်။

ဒိုင်အာခီ(Dyarchy)အုပ်ချုပ်ရေး

– ဗြိတိသျှတို့သည် မြန်မာနိုင်ငံအား ကျူးကျော်စစ်ပွဲ သုံးကြိမ်ဆင်နွှဲခဲ့ရာ ၁၈၈၅ ခုနှစ် တတိယ အင်္ဂလိပ်–မြန်မာ စစ်ပွဲအပြီးတွင် မြန်မာတို့သည် အချုပ်အခြာအာဏာ လုံးဝ ဆုံးရှုံးခဲ့ရပြီး ကိုလိုနီလက်အောက်သို့ ကျရောက်ခဲ့ ရသည်။

– အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်တို့ကို ပေါင်း၍ အိန္ဒိယ ဘုရင်ခံချုပ်က ခန့်အပ်သော “မဟာဝန်ရုံတော်မင်းကြီး” (Chief Commissioner) က တာဝန်ယူ အုပ်ချုပ်ခဲ့ပါသည်။

– ၁၈၉၇ ခုနှစ်တွင် မြန်မာနိုင်ငံအား ဒုတိယ ဘုရင်ခံ အုပ်ချုပ်သည့်ပြည်နယ်အဖြစ် တိုးမြှင့်သတ်မှတ်ခဲ့သည်။

– ၁၉၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် မြန်မာနိုင်ငံ သည် အိန္ဒိယနိုင်ငံပြည်နယ်များကဲ့သို့ ဒိုင်အာခီ အုပ်ချုပ်ရေး ရရှိခဲ့သည်။

ဒိုင်အာခီရွေးကောက်ပွဲနှင့်ခွဲရေးတွဲရေးပြဿနာ

– ၁၉၁၉ ခုနှစ်တွင် အိန္ဒိယ စီရင်အုပ်ချုပ်မှုဥပဒေအရ ဗြိတိသျှအစိုးရမှ မြန်မာနိုင်ငံကို အုပ်ချုပ်ရေးအဆင့်မြှင့် တင်ပေးချိန်တွင် အိန္ဒိယနိုင်ငံနှင့် သီးသန့် ခွဲခြား အုပ်ချုပ်စေ ခြင်း၊ တွဲဖက်အုပ်ချုပ်စေခြင်း စသည့် တွဲရေး၊ ခွဲရေးကိစ္စနှင့် စပ်လျဉ်း၍ စိတ်သဘောထားများကွဲလွဲကာ ပဋိပက္ခများ ပေါ်ပေါက်ခဲ့သည်။

– ၁၉၂၇ တွင် ဆိုင်မွန်ကော်မရှင်ကို ဖွဲ့စည်း၍ မြန်မာ နိုင်ငံ အုပ်ချုပ်ရေးအခြေအနေများကို စတင်စစ်ဆေးခဲ့သည်။ ကော်မရှင်အစီရင်ခံစာ၌ မြန်မာနိုင်ငံကို အိန္ဒိယမှ ခွဲထုတ်ရန် အကြံပြုခဲ့သည်။

– ခွဲရေး၊ တွဲရေးနှင့်စပ်လျဉ်း၍ ၁၉၃၁ ခုနှစ်တွင် ပြည် လုံးကျွတ်**ဆန္ဒခံယူပွဲ (referendum)** ကျင်းပပြုလုပ်ခဲ့ပြီး အိန္ဒိယနှင့် တွဲရေးဘက်မှ အနိုင်ရရှိခဲ့သော်လည်း အမြော်အမြင်ကြီးသော နိုင်ငံရေးခေါင်းဆောင်များ၏ တည့်မတ်မှုကြောင့် အိန္ဒိယနှင့်ခွဲရေးဘက်သို့ အလေးသာ ခဲ့သည်။

– ၁၉၃၂ ခုနှစ်၊ နိဝင်ဘာလ ၉ ရက်နေ့တွင် မြန်မာနိုင်ငံ၌ စတုတ္ထအကြိမ်မြောက် ဒိုင်အာခီရွေးကောက်ပွဲကို ကျင်းပ ပြုလုပ်ခဲ့ရာ အိန္ဒိယနှင့်တွဲရေးအဖွဲ့တွင် ဦးချစ်လှိုင် (ဂျီစီ ဘီအေ) နှင့်ဒေါက်တာဘမော်(ဒေါက်တာဘမော်ပါတီ)၊ ခွဲရေးအဖွဲ့များဖြစ်သော အမ်အေမောင်ကြီး၏ ပြည်သူ ပြည်သားပါတီတို့ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြသည်။

- ရွေးကောက်ပွဲတွင် တွဲရေးအမတ် ၄၅ဦး၊ ခွဲရေးအမတ် ၃၅ ဦး အရွေးခံရသည်။
- အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံကို ခွဲထုတ်အုပ်ချုပ်နိုင်ရန် ၁၉၃၅ မြန်မာနိုင်ငံတော်စီရင်အုပ်ချုပ်မှု အက်ဥပဒေ (The Government of Burma Act,1935)ကို ပြဋ္ဌာန်းခဲ့သည်။
- ၁၉၃၅ မြန်မာနိုင်ငံအစိုးရအက်ဥပဒေသည် ၁၉၃၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် အာဏာတည်ခဲ့သည်။
- ဒိုင်အာခီအုပ်ချုပ်ရေးစနစ်အရ အိန္ဒိယဗဟိုအစိုးရက အုပ်ချုပ်သည့်ဌာန၊ ဘုရင်ခံက အုပ်ချုပ်သည့် သီးသန့်ဌာနနှင့် ဥပဒေပြုကောင်စီက အုပ်ချုပ်သည့် ဌာနဟူ၍ ၃ မျိုး ခွဲခြားထားသည်။ အချုပ်အခြာအာဏာကို ဘုရင်ခံက ချုပ်ကိုင်ထားသည်။

၁၉၃၅ ခုနှစ်၊ မြန်မာနိုင်ငံ အက်ဥပဒေအရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာ

- အုပ်ချုပ်ရေးတွင် ဗြိတိသျှဘုရင်မင်းမြတ်နှင့် မြန်မာနိုင်ငံဆိုင်ရာ အတွင်းဝန် (ဝန်ကြီး)တို့၏ ညွှန်ကြားချက်များကို နာခံပြီး ဘုရင်ခံက ဆောင်ရွက်သည်။
- ဘုရင်ခံသည် ဗီတိုဆန်ဆန် အာဏာရှိသည်။
- လွတ်လပ်သော တရားစီရင်ရေးအဖွဲ့အစည်းကို တည်ထောင်ခဲ့ပြီး အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာကို ခွဲလိုက်သည်။
- တရားစီရင်ရေးကို တရားရုံး အဆင့်ဆင့်က ကျင့်သုံးဆောင်ရွက်ပြီး ဟိုက်ကုတ်သည် အမြင့်ဆုံးတရားရုံး ဖြစ်သည်။

ဗမာ ဌာနအုပ်ချုပ်ရေး

- ၁၉၃၅ ခုနှစ်တွင် မြန်မာနိုင်ငံအက်ဥပဒေ (The Government of Burma Act–1935) အရ အင်္ဂလိပ်အစိုးရက မြန်မာနိုင်ငံကို အိန္ဒိယမှခွဲထုတ်၍ တိုက်ရိုက်အုပ်ချုပ်သည်။
- မြန်မာနိုင်ငံသည်အိန္ဒိယမှခွဲထွက်ကာ သီးခြားနိုင်ငံဖြစ်လာပြီး ဒိုင်အာခီအုပ်ချုပ်ရေးမှ ဗမာ ဌာနအုပ်ချုပ်ရေးသို့ ကူးပြောင်းလာသည်။
- ဗမာ ဌာနအုပ်ချုပ်ရေးသည် ၁၉၃၅ ခုနှစ်၊ မြန်မာနိုင်ငံ အက်ဥပဒေ (The Government of Burma Act, 1935) အရ ပေါ်ပေါက်သော အုပ်ချုပ်ရေးစနစ် ဖြစ်သည်။
- အဆိုပါအုပ်ချုပ်ရေးစနစ်တွင် အုပ်ချုပ်ရေး ဌာနပေါင်း ၉၈ ဌာနရှိသည့်အနက် ဘုရင်ခံက အရေးကြီးသည့် ၇ ဌာနကို တိုက်ရိုက်အုပ်ချုပ်ပြီး ကျန်ဌာနများကို ပြည်သူ့ကိုယ်စားလှယ်ခေါ် အမတ်များက အုပ်ချုပ်ခွင့်ရရှိသည့် ၉၁ ဌာနကို အစွဲပြု၍ ၉၁ ဌာနအုပ်ချုပ်ရေးဟု ခေါ်ဆိုခြင်း ဖြစ်သည်။
- ၉၁ ဌာနအုပ်ချုပ်ရေးအရ ဘုရင်ခံသည်ဝန်ကြီးများနှင့် လွှတ်တော်ဆုံးဖြတ်ချက်များကို သဘောမတူလျှင် ဗီတိုအာဏာဖြင့် ပယ်ဖျက်နိုင်သည်။
- ဘုရင်ခံချုပ်နှင့် တွဲဖက်အုပ်ချုပ်ရန် အထက်လွှတ်တော်နှင့် အောက်လွှတ်တော်ဟူ၍ ဥပဒေပြုလွှတ်တော်နှစ်ရပ်ရှိပါသည်။

လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း

- ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေး (ဖဆပလ) အဖွဲ့ချုပ်သည်မြန်မာ့လွတ်လပ်ရေးအတွက် အဓိက အင်အားစုကြီး ဖြစ်ခဲ့သော်လည်း ၎င်းမပေါ်ပေါက်မီ အစော ပိုင်းကာလတွင် အခြားသော အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ် များ၏ ကြိုးပမ်းမှုများစွာ ရှိခဲ့သည်။
- ထင်ရှားသည့် အဖွဲ့အစည်းတစ်ခုမှာ **ကလျာဏယုဝအသင်း** ဖြစ်သည်။
- ထိုအသင်းကို ၁၉၀၈ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး မြန်မာလူငယ်များ၏ ပညာရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု တိုးတက်ရေးကို အဓိကထား ဆောင်ရွက်ခဲ့သည်။
- ၎င်းသည် မြန်မာတို့၏ အမျိုးသားရေး စိတ်ဓာတ်ကို မြှင့်တင်ပေးရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ပြီး နောင် ပေါ်ပေါက်လာမည့် နိုင်ငံရေးလှုပ်ရှားမှုများအတွက် လမ်းစဖွင့်ပေးခဲ့သည်။
- ထို့အပြင် ဦးဘဖေ၊ ဦးပု၊ ဦးထွန်းရှိန်တို့သည် ဗြိတိသျှတို့၏ ဥပဒေပြုကောင်စီများတွင် ပါဝင်ခဲ့ပြီး မြန်မာတို့၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် အခွင့်အရေးများအတွက် တောင်းဆိုခဲ့ကြသည်။
- မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်း၏ အရေးပါသော မှတ်တိုင်တစ်ခုဖြစ်သည့် **၁၉၂၀ ပြည့်နှစ် ကျောင်း**

သားသပိတ်သည် ဒီဇင်ဘာ ၅ ရက်နေ့တွင် **ရန်ကုန်တက္ကသိုလ်အက်ဥပဒေ**ကို မကျေနပ်၍ ပေါ်ပေါက်ခဲ့ရသည်။

- အဆိုပါဥပဒေသည် မြန်မာကျောင်းသားများ၏ ပညာရေးအခွင့်အလမ်းများကို ကန့်သတ်ထားသည်ဟု ယူဆသောကြောင့် ကျောင်းသားများကဖြိတ်သျှပညာရေးစနစ်ကိုဆန့်ကျင်ကာ တစ်နိုင်ငံလုံးသို့ ပျံ့နှံ့သွားသည့် အမျိုးသားရေး လှုပ်ရှားမှုကြီးတစ်ရပ်ကို စတင်ခဲ့ခြင်းဖြစ်သည်။

- ထိုသပိတ်သည် မြန်မာလူမျိုးတို့၏ **နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်**ကို ပိုမိုပြင်းထန်စေခဲ့ ရုံသာမက၊ လယ်သမား၊ အလုပ်သမားအရေး လှုပ်ရှားမှုများနှင့် မျိုးချစ်ခေါင်းဆောင်သစ်များပေါ်ထွက်လာစေရန်လည်းတွန်းအားဖြစ်ခဲ့သည်။

- ဤအစောပိုင်းလှုပ်ရှားမှုများကပင်နောင်တွင်မြန်မာ့လွတ်လပ်ရေးကို ဦးဆောင်ခဲ့သည့် အဓိကနိုင်ငံရေးအင်အားစုကြီးဖြစ်သော **ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်မြောက်ရေး(ဖ.ဆ.ပ.လ)အဖွဲ့ချုပ်** ပေါ်ပေါက်လာရေးအတွက် လမ်းခင်းပေးခဲ့ပါသည်။

- မြန်မာ့လွတ်လပ်ရေးအတွက် အင်္ဂလိပ်အစိုးရကို တော်လှန်ရန် ကြိုးပမ်းခဲ့ပြီး ဂျပန်နိုင်ငံ၌ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ရဲဘော်သုံးကျိပ်အဖွဲ့ဝင်များသည် စစ်ပညာသင်ကြားခဲ့သည်။

- ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာ ၂၆ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ် ဦးဆောင်သည့် **ဗမာ့လွတ်လပ်ရေးတပ်မတော်(BIA)**ကို ဖွဲ့စည်းကာ ဂျပန်တို့၏အကူအညီဖြင့် ဖြိတ်သျှနယ်ချဲ့အား မြန်မာ့မြေမှ မောင်းထုတ်နိုင်ခဲ့သည်။

- ဖြိတ်သျှတို့ အိန္ဒိယနိုင်ငံ ဆင်းမလားသို့ ဆုတ်ခွာစဉ် ဗိုလ်ကာဆင်းခေါင်းဆောင်သော ကုလားဆိုးသောင်းကျန်းသူများကို မြန်မာ့ တော်လှန်ရေးသမားများအား ခုခံရန် လက်နက်များတပ်ဆင်ပေးခဲ့သည်။

- ထို မူဂျာဟစ်ဒင် သူပုန်တို့သည် ရခိုင်ပြည်နယ်စပ်ရှိ ရခိုင်တိုင်းရင်းသား ကျေးရွာ ၁၀၀ ကျော်ကို မီးရှို့ ဖျက်ဆီးခဲ့ကြပြီး ဒေသခံရခိုင်တိုင်းရင်းသားများကိုပါ ရက်စက်စွာသတ်ဖြတ်ခဲ့ကြပါသည်။

- ဗိုလ်ရန်နိုင် ခေါင်းဆောင်သည့် ဗမာ့လွတ်လပ်ရေးတပ်မတော်(BIA)က ရခိုင်ပြည်နယ်သို့ လာရောက် ထိုးစစ်ဆင်မှသာ ထို မူဂျာဟစ်ဒင်အဖွဲ့သည် အနောက်ဘက်အိန္ဒိယနယ်သို့ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြသည်။

- ၁၉၄၂ ခုနှစ်၊ ဩဂုတ်လတွင် ဒေါက်တာဘမော်ဝန်ကြီးချုပ်အဖြစ် ပါဝင်သော မြန်မာပြည်အစိုးရအဖွဲ့ကို ဂျပန်အစိုးရလက်အောက်တွင် ထားရှိ၍ ဖွဲ့စည်းခဲ့သည်။

- ဂျပန်ခေတ်က စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်ခဲ့ပြီး ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ဂျပန်တို့ ကြိုတင်သဘောတူထားသည့် အချက်များကို ဂျပန်တို့ကအကောင်အထည်ဖော်ပေးရန်ပျက်ကွက်ခဲ့ပြီး ဖက်ဆစ်စနစ်အောက်တွင် မြန်မာပြည်သူများ ခါးသီးစွာခံခဲ့ရသည်။

- ၁၉၄၃ ခုနှစ်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ စည်းမျဉ်းကို ရေးဆွဲခဲ့ပြီး ၁၉၄၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် လွတ်လပ်ရေးပေးကြောင်း ဂျပန်တို့က အကြောင်းကြားခဲ့သည်။ ၎င်းတို့ပေးသောလွတ်လပ်ရေးသည် အတုအယောင် လွတ်လပ်ရေးမျှသာ ဖြစ်ခဲ့သည်။

- ဆာဒေါမန်စမစ်နှင့် ဖြိတ်သျှအစိုးရသည် မြန်မာပြည်ကို ပြန်လည်သိမ်းပိုက်မိပါက မည်သို့မည်ပုံ အုပ်ချုပ်မည်ကို စီမံချက်များ၊ ပရိုဂျက်များ ရေးဆွဲခဲ့သည်။ ဆင်းမလားမြို့၌ ရေးဆွဲခဲ့သောကြောင့် **ဆင်းမလားစီမံကိန်း**ဟု အမည်တွင်ခြင်း ဖြစ်လေသည်။

- ဆင်းမလားစီမံကိန်းအတွက် စီမံချက်ကို ဖြိတ်သျှအစိုးရထံ တင်ပြခဲ့ရာ ပါလီမန်က အတည်ပြု ပြဋ္ဌာန်းပြီးနောက် ၁၉၄၅ ခုနှစ်၊ မေလ ၁၇ရက် နေ့တွင်တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။

- ဖြိတ်သျှပါလီမန်က စက္ကူဖြူစာတမ်း (White Paper) အနေဖြင့် ထုတ်ပြန်ကြေညာခဲ့ခြင်း ဖြစ်သောကြောင့် **ဆင်းမလားစီမံကိန်း**ကို **စက္ကူဖြူစာတမ်း**ဟူ၍လည်း ခေါ်ဆိုကြသည်။

- ဆင်းမလားစီမံကိန်းတွင် အချက်ပေါင်း (၇) ချက် ပါဝင်သည်။ ၎င်းစီမံကိန်းတွင် မြန်မာနိုင်ငံအား ကိုယ်ပိုင်အုပ်ချုပ်ရေးမပေးမီ ၁၉၄၅ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ သုံးနှစ်တိုင်တိုင် ဘုရင်ခံက အာဏာကျင့်သုံး၍ အုပ်ချုပ်မည်ဟု ပါရှိသည်။

- မြန်မာပြည်မကို မတတ်သာ၍ လွတ်လပ်ရေး ပေးရ

စေကာမူ ရှမ်းပြည်နယ်နှင့် တောင်တန်းဒေသများကို ဆက်လက်ချုပ်ကိုင်ထားရန် ဖြစ်သည်။ ယင်းစီမံကိန်းကို ပြည်သူတစ်ရပ်လုံးက ကန့်ကွက်ခဲ့ကြသည်။

– ၁၉၄၁ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA) သည် အင်အား ၁၅၀၀၀ ကျော်အထိ တိုးလာခဲ့ရာ အဆိုပါ BIA ကို ဗမာ့ကာကွယ်ရေး တပ်မတော် (BDA) အမည်ဖြင့် အင်အား ၃၀၀၀ ခန့် အထိ လျော့ချ၍ ပြန်လည်ဖွဲ့စည်းကာ မြန်မာ့တပ်မတော်ကို အင်အားချည့်နဲ့အောင် ဆောင်ရွက်ခဲ့ကြသည်။

– မြန်မာနိုင်ငံတွင် အိန္ဒိယမှ မွေးစားဥပဒေများ၊ ပြဋ္ဌာန်းဥပဒေများ စုစည်း၍ မြန်မာကိုဥပဒေ အတွဲ(၁)မှ အတွဲ(၁၃)အထိ ၁၃ တွဲ ထုတ်ဝေခဲ့သည်။

– မြန်မာကိုဥပဒေ အတွဲတစ်ခုချင်း၏ ဥပဒေ အရေအတွက်များကို ဖော်ပြလိုက်ရသည် –

ကိုဓ အတွဲ အမှတ်	၃၁-၁၂-၁၉၅၄ အထိ		
	အိန္ဒိယ အက်ဥပဒေ	မြန်မာ အက်ဥပဒေ	ပေါင်း
၁	၁၆	၄၅	၆၁
၂	၁၂	၂၅	၃၇
၃	၁၈	၂၆	၄၄
၄	၂၀	၄၀	၆၀
၅	၂၂	၂၇	၄၉
၆	၁၄	၄	၁၈
၇	၂၂	၁၅	၃၇
၈	၃	၈	၁၁
၉	၁၆	၁၁	၂၇
၁၀	၁၄	၁၉	၃၃
၁၁	၃၁	၄	၃၅
၁၂	၈	၁	၉
၁၃	-	၁၄	၁၄
စုစုပေါင်း	၁၉၆	၂၃၉	၄၃၅

– မြန်မာနိုင်ငံကို တစ်နှစ်အတွင်း လွတ်လပ်ရေးပေးရန် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော မြန်မာအမျိုးသား ခေါင်းဆောင်များနှင့် ဖြိတိသျှဝန်ကြီးချုပ် ကလီမင့်အက်တလီတို့ ဆွေးနွေးပြီး ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် လန်ဒန်မြို့၌ **အောင်ဆန်း–အက်တလီ စာချုပ်**ကို လက်မှတ်ထိုး ချုပ်ဆိုခဲ့ကြသည်။

– အောင်ဆန်း–အက်တလီစာချုပ် ချုပ်ဆိုနိုင်ခြင်းသည် တစ်နှစ်အတွင်း လွတ်လပ်ရေးရရှိရေးအတွက် အရေးကြီးသော ခြေလှမ်းပင် ဖြစ်သည်။

၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခြင်း

– မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် အရေးပါသော မှတ်တိုင်တစ်ခုဖြစ်သည့် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ရေးဆွဲခြင်းသည် တိုင်းပြည်၏ အနာဂတ်အတွက် အခြေခံအုတ်မြစ် ချမှတ်ရာ၌ အဓိက အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။

– ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ရေးဆွဲနိုင်ရန် ၁၉၄၇ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် တိုင်းပြုပြည်ပြု လွတ်တော် ရွေးကောက်ပွဲ ကျင်းပခဲ့သည်။

– ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်မြောက်ရေး (ဖဆပလ)အဖွဲ့ချုပ်၊ ဗမာပြည်ကွန်မြူနစ်ပါတီ၊ ကရင် အမျိုးသားသမဂ္ဂတို့သာမက တစ်သီးပုဂ္ဂလများပါ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

– ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်မြောက်ရေး (ဖဆပလ) အဖွဲ့ချုပ်က ၂၅၅ နေရာအနက် ၂၄၃ နေရာရရှိရာ ၉၅ ဒသမ ၃ ရာခိုင်နှုန်းဖြင့် အပြတ်အသတ်အနိုင်ရရှိခဲ့ပြီး၊ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဖ.ဆ.ပ.လ အဖွဲ့ဝင် အများစုသည် ဥပဒေပြုလွတ်တော်အမတ်များ ဖြစ်လာခဲ့ကြသည်။

– ရွေးကောက်ပွဲအပြီးတွင် ဥပဒေပြုလွတ်တော်က ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းများကို စတင်ခဲ့သည်။

– ပြည်ထောင်စုစနစ်ကို အခြေခံသည့် ဒီမိုကရေစီနိုင်ငံတော်တစ်ရပ် ပေါ်ထွန်းလာစေ ရန်ရည်ရွယ်၍ ဥပဒေမူကြမ်းကို ရေးဆွဲခဲ့ကြသည်။

– အဆိုပါဥပဒေမူကြမ်းကို ၁၉၄၇ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့တွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြု လွတ်တော်က အတည်ပြုခဲ့ပြီး မြန်မာနိုင်ငံ၏ ပထမဆုံး ဖွဲ့စည်း

အုပ်ချုပ်ပုံ အခြေခံဥပဒေအဖြစ် ပေါ်ပေါက်လာခဲ့သည်။

- ဤဥပဒေသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏သမ္မတ၊ ဝန်ကြီးချုပ်၊ လွှတ်တော်များ၊ တရားရေးမဏ္ဍိုင်များကို အခြေခံကျကျ ပြဋ္ဌာန်းခဲ့သည်။
- ဤဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အခြေခံ၍ လွှတ်လပ်ရေးမရမီ ကြားကာလအတွက် ကြားဖြတ်အစိုးရအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။
- ဗိုလ်ချုပ်အောင်ဆန်းသည် ကြားဖြတ်အစိုးရ၏ အကြီးအကဲအဖြစ် တာဝန်ယူခဲ့ပြီး ဖ.ဆ.ပ.လ ခေါင်းဆောင်များနှင့် တိုင်းရင်းသားကိုယ်စားလှယ်အချို့လည်း ပါဝင်ခဲ့သည်။
- ၁၉၄၇ ခုနှစ်၊ ဇူလိုင် ၁၉ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်များ လုပ်ကြံခံခဲ့ရသည်။
- ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်များ လုပ်ကြံခံရပြီးနောက် ဘုရင်ခံကောင်စီ၏ ဒုဥက္ကဋ္ဌအဖြစ် ဦးနု ဆက်လက်တာဝန်ယူကာ ကျန်ရှိနေသေးသော လွှတ်လပ်ရေးလုပ်ငန်းစဉ်များကို အောင်မြင်စွာဆက်လက်ဆောင်ရွက်ခဲ့သည်။
- **ဦးနု**သည် အမျိုးသားအစိုးရအဖွဲ့ကိုဦးဆောင်ခဲ့ပြီး **နု-အက်တလီ စာချုပ်**ကို ၁၉၄၇ ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့တွင် ချုပ်ဆိုခဲ့သည်။
- **နု-အက်တလီ စာချုပ်**သည် စစ်မှန်သော ပြည်ထောင်စု အခြေခံပေါ်မူတည်၍လွှတ်လပ်ရေး ရရှိနိုင်ရေးအတွက် အရေးအကြီးဆုံး တစ်စိတ်တစ်ပိုင်းဖြစ်ခဲ့သည်။
- ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံ လွှတ်လပ်ရေးရရှိခဲ့ပြီး ကိုလိုနီဘဝမှ လွှတ်မြောက်ခဲ့ပါသည်။

လွှတ်လပ်ရေးရပြီး မြန်မာနိုင်ငံ၏ ပထမဆုံး အစိုးရနှင့် အိမ်စောင့်အစိုးရ

- ၁၉၄၇ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့တွင် တိုင်းပြည်ပြည်ပြုလွှတ်တော်က အတည်ပြုခဲ့သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၂၃၄ အရ ယာယီသမ္မတ ထုတ်ပြန်ကြေညာခဲ့သော အာဏာတည်သည့် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မှစ၍ ရွေးကောက်ပွဲကို ၁၈ လအတွင်း ကျင်းပရန် ပြဋ္ဌာန်းပါရှိသည်။
- မြန်မာနိုင်ငံသည် လွှတ်လပ်ရေးရရှိချိန်တွင် မူဂျာဟာစ်များနှင့် အလံနီကွန်မြူနစ်များက သူပုန်ထ၍ အတော်ပင် အရှိန်ရနေခဲ့သည်။
- ၁၉၄၈ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် သခင်သန်းထွန်း ခေါင်းဆောင်သော ဗမာပြည်ကွန်မြူနစ်ပါတီ တောခိုသွားခဲ့သည်။
- ပြည်သူ့ရဲဘော်တို့ နှစ်ခြမ်းကွဲသွားခဲ့ပြီး ရဲဘော်ဖြူတို့က ၁၉၄၈ ခုနှစ်၊ ဇူလိုင် ၁၆ ရက်တွင် တောခိုသွားခဲ့ကြပြန်သည်။
- ၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့တွင် စောဘဦးကြီး ခေါင်းဆောင်သော ကေအင်န်ဒီအိုများက အင်းစိန်မြို့ကို စီးနင်းသိမ်းပိုက်၍ ဖဆပလအစိုးရကို ပုန်ကန် တိုက်ခိုက်လာတော့သည်။
- N.S.H ခေါ် နွံစစ်ဟန် (ရဲရင့်သော လူငယ်များအဖွဲ့) အမည်ဖြင့် ရှမ်းလက်နက်ကိုင် အဖွဲ့၊ ကချင်လွတ်မြောက်ရေးတပ်မတော်(ကေအိုင်အေ)နှင့် ကချင်လွတ်မြောက်ရေးကောင်စီ(ကေအိုင်စီ)တို့ ပေါ်ပေါက်လာပြီး ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခများသည်ပို၍ပြင်းထန်လာခဲ့သည်။
- ၁၉၄၉ ခုနှစ် နောက်ပိုင်းတွင် ဗိုလ်ချုပ်လှိမ် ခေါင်းဆောင်သော အနောက်အုပ်စုလက်ဝဲ တရုတ်ဖြူ ကူမင်တန် ကျူးကျော်သူ ၆၀၀၀ ကျော်သည် မြန်မာနိုင်ငံ ရှမ်းပြည်နယ်၊ အရှေ့ပိုင်းသို့ ကျူးကျော်ဝင်ရောက်ခဲ့ရာ မြန်မာ့တပ်မတော်က အသက်သွေးချွေးများစွာ ပေးဆပ်၍ ပြန်လည်တိုက်ထုတ်နိုင်ခဲ့သည်။ အဆိုပါ ကူမင်တန်တပ်များသည် ထိုင်ဝမ်ကျွန်းသို့ လေကြောင်းဖြင့် ဆုတ်ခွာထွက်ပြေးသွားကြရသည်။
- ပြည်တွင်းသောင်းကျန်းမှုကြောင့် လုံခြုံရေး အခြေအနေ မကောင်းသဖြင့် ရွေးကောက်ပွဲကို အကြိမ်ကြိမ် ရွှေ့ဆိုင်းခဲ့ရသည်။
- ဥပဒေအာဏာတည်သည့် နေ့မှစ၍ ၁၈ လ အတွင်း ရွေးကောက်ပွဲကို ကျင်းပရန်အစား ၂၈ လဟူ၍ လည်းကောင်း၊ ၂၈ လအစား ၄၀ လဟူ၍လည်းကောင်း၊ ၄၀ လ အစား ၄၈ လဟူ၍လည်းကောင်း အကြိမ်ကြိမ် ပြင်ဆင်ခဲ့သည်။

- လွတ်လပ်ရေးရပြီးခေတ် ဖဆပလအစိုးရ ကာလ ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အတွင်း ပါလီမန် အထွေထွေ ရွေးကောက်ပွဲ သုံးကြိမ် ကျင်းပခဲ့သည်။
- ဖဆပလခေတ် ပထမအကြိမ်ရွေးကောက်ပွဲကို ၁၉၅၁ ခုနှစ်၊ ဇွန်လမှ ၁၉၅၂ ခုနှစ်၊ ဖေဖော်ဝါရီလအထိ အသုတ်လိုက်ခွဲ၍ ကျင်းပပြုလုပ်ခဲ့ပြီး ဖဆပလအဖွဲ့ချုပ် အပါအဝင် ပါတီ ၁၂ ခုတို့မှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။
- ၁၉၅၂ ခုနှစ်၊ ဇန်နဝါရီ ၂၀ ရက်နေ့ ထုတ်ပြန်ချက်အရ စုစုပေါင်း လွတ်တော်အမတ် ၂၃၃ နေရာတွင် ဖဆပလ အဖွဲ့ချုပ်က ၁၈၀ နေရာဖြင့် အနိုင်ရရှိခဲ့သည်။
- ပထမဆုံးအစိုးရအဖွဲ့တွင် ဦးနုက ဝန်ကြီးချုပ်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ ထိုစဉ်က သမ္မတမှာ စဝ်ရွှေသိုက် ဖြစ်သည်။
- ဦးနု ဦးဆောင်သော အစိုးရအဖွဲ့သည် ဖက်ဆစ်ဆန့်ကျင်ရေးပြည်သူ့လွတ်မြောက်ရေး (ဖဆပလ) အဖွဲ့ချုပ် ပါတီမှဖြစ်ပြီး ၎င်းတို့သည် မြန်မာ့နိုင်ငံရေးကို ဦးဆောင်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို စတင်ခဲ့ကြသည်။
- ၁၉၅၅ ခုနှစ် မှ ၁၉၆၂ မတ်လ အထိ ပါလီမန်ခေတ် ပြဋ္ဌာန်းခဲ့သော ဥပဒေများမှာ အောက်ပါအတိုင်း ဖြစ်သည်–

နှစ်	ပြဋ္ဌာန်း	၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်အထိ			
		ရုပ်သိမ်း/ ပယ်ဖျက်	လက်ကျန်	မူရင်း	ပြင်ဆင်ချက်
၁၉၅၅	၆၀	၄၁	၁၉	၆	၁၃
၁၉၅၆	၄၇	၃၁	၁၆	၆	၁၀
၁၉၅၇	၆၁	၃၈	၂၃	၈	၁၅
၁၉၅၈	၃၉	၂၉	၁၀	၅	၅
၁၉၅၉	၅၁	၂၅	၂၆	၁၂	၁၄
၁၉၆၀	၃၇	၂၀	၁၇	၈	၉
၁၉၆၁	၃၉	၂၁	၁၈	၇	၁၁
၁၉၆၂	-	-	-	-	-
စုစုပေါင်း	**၃၃၄**	**၂၀၅**	**၁၂၉**	**၅၃**	**၇၆**

- အထက်ပါစာရင်းတွင် တစ်နှစ်တစ်ကြိမ် ပြဋ္ဌာန်းကျင့်သုံးသော Budget ဥပဒေနှင့် စီမံကိန်းဥပဒေများ မပါဝင်ပါ။

- ဒုတိယအကြိမ် ပါလီမန်ရွေးကောက်ပွဲကို ၁၉၅၆ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံရေးပါတီ ၂၉ ခုတို့မှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။
- အဆိုပါရွေးကောက်ပွဲတွင် ဖဆပလအဖွဲ့ချုပ်က အမတ် ၁၄၄ နေရာဖြင့် အနိုင်ရရှိခဲ့ပြီး အဓိကပြိုင်ဘက်ပါတီဖြစ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အမျိုးသားညီညွတ်ရေးတပ်ပေါင်းစု(ပမညတ)က ၄၆ နေရာအနိုင် ရရှိခဲ့သည်။
- ၁၉၅၆ ခုနှစ်နောက်ပိုင်းတွင် ဖဆပလအတွင်း ဦးနု၊ သခင်တင်၊ ဦးဗဆွေ၊ ဦးကျော်ငြိမ်းတို့ သဘောထား ကွဲလွဲမှုများကြောင့် သန့်ရှင်းဖဆပလပါတီနှင့် တည်မြဲဖဆပလ ပါတီဟူ၍ နှစ်ခြမ်းကွဲခဲ့သည်။
- ဦးနုသည် တိုင်းပြည်အခြေအနေ ယိုယွင်းလာသည်ကို မထိန်းသိမ်းနိုင်တော့သဖြင့် ၁၉၅၈ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် တိုင်းပြည်အခြေအနေများကို ထိန်းသိမ်းရန် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းထံ အာဏာလွှဲပြောင်းပေးအပ်ခဲ့သည်။
- ဗိုလ်ချုပ်ကြီး နေဝင်းက ၁၉၅၈ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့တွင် အိမ်စောင့်အစိုးရဖွဲ့စည်း၍ နိုင်ငံတော်ကို တာဝန်ယူ အုပ်ချုပ်ခဲ့သည်။
- ဗိုလ်ချုပ်ကြီးနေဝင်းသည် **အိမ်စောင့်အစိုးရ ဥက္ကဋ္ဌ** အဖြစ်မှ **ဝန်ကြီးချုပ်** ရာထူးကို လက်ခံရယူကာ **၁၉၅၈ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အထိ (၂)နှစ်တာကာလ** အတွက် နိုင်ငံတော်ကို အုပ်ချုပ်ခဲ့သည်။ အဆိုပါကာလအတွင်း နိုင်ငံတည်ငြိမ်ရေးနှင့်ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် လုပ်ဆောင်ခဲ့သည်။
- ၁၉၆၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် တတိယအကြိမ် ပါလီမန်ပြည်သူ့လွှတ်တော် အထွေထွေ ရွေးကောက်ပွဲကို ကျင်းပခဲ့ရာ ဦးနု ဦးဆောင်သော သန့်ရှင်းဖဆပလသည် အမတ် ၁၅၃ ဦးဖြင့် အနိုင်ရရှိခဲ့သည်။ အစိုးရဖွဲ့စည်းရန် အမတ်ကိုယ်စားလှယ် အနည်းငယ်လိုအပ်နေသေးသဖြင့် ဦးနုသည် ရန်ကုန်တက္ကသိုလ် အပါအဝင် ပါတီငယ်များနှင့် ပေါင်းစည်းကာ ၁၉၆၀ ပြည့်နှစ်၊ ဧပြီလ ၄ ရက်နေ့တွင် ဝန်ကြီးချုပ် ဦးနု ဦးဆောင်သော အစိုးရအဖွဲ့ကို အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့သည်။
- သန့်ရှင်းဖဆပလကို ပြည်ထောင်စုပါတီဟု

အမည်ပြောင်း ခဲ့သဖြင့်ယင်းအစိုးရအဖွဲ့ကိုပြည်ထောင်စု အစိုးရဟု ခေါ်ဝေါ် ခဲ့သည်။

– ယင်းနေ့၌ပင်အိမ်စောင့်အစိုးရဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး နေဝင်းသည်ရွေးကောက်ပွဲတွင်အနိုင်ရရှိသောပြည်ထောင်စု ပါတီ (သန့်ရှင်းဖဆပလ) အစိုးရအဖွဲ့သို့ အာဏာပြန်လည် အပ်နှင်းခဲ့ပါသည်။

လက်နက်ကိုင်အဖွဲ့များနှင့်ပြည်ထောင်စုအစိုးရ

– ဦးနုအစိုးရစတင်အုပ်ချုပ်ချိန်မှစ၍ပြည်တွင်းငြိမ်ချမ်းရေးမှာ အဓိက စိန်ခေါ်မှုတစ်ခု ဖြစ်လာခဲ့သည်။

– ဗမာပြည်ကွန်မြူနစ်ပါတီ တောခိုခဲ့သည်။

– **ကရင်နှင့် ကချင်လက်နက်ကိုင်များ** ကဲ့သို့သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ ပေါ်ပေါက်ခဲ့ပြီး ပြည်ထောင်စုအစိုးရကို ဆန့်ကျင်တိုက်ခိုက်မှုများ ပြုလုပ်လာခဲ့ပြီး အထူးသဖြင့် **ကရင်လက်နက်ကိုင်ပဋိပက္ခ** များ ပို၍တင်းမာခဲ့သည်။

– ပြည်ထောင်စုအစိုးရလက်ထက်၌ ဖက်ဒရယ်မူနှင့် ပတ်သက်သော လူမျိုးပေါင်းစုံဆွေးနွေးပွဲကို ၁၉၆၂ ခုနှစ်၊ ဖေဖော်ဝါရီ ၂၄ ရက်နေ့နှင့် မတ်လ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပြီး ဖက်ဒရယ်မူနှင့်စပ်လျဉ်းသည့် ပြဿနာများကြောင့် ပြည်ထောင်စုပြိုကွဲ၍ လွတ်လပ်ရေးဆုံးရှုံးမည့် အခြေအနေများ ဖြစ်ပေါ်ခဲ့သဖြင့် တပ်မတော်က ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်ကိုထိန်းသိမ်းကာ နိုင်ငံတော်အာဏာကို လွှဲပြောင်းရယူခဲ့ရသည်။

တော်လှန်ရေးကောင်စီနှင့် ပြည်တွင်းငြိမ်းချမ်းရေးဆောင်ရွက်ချက်

– တော်လှန်ရေးကောင်စီ အစိုးရခေတ်တွင်လည်း ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲနှင့်အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ခဲ့သည်။

– လက်နက်ကိုင်လမ်းစဉ်ကျင့်သုံးနေသော တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများကို ဥပဒေဘောင်အတွင်းသို့ ဖိတ်ခေါ်ခဲ့ရာ တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းများမှ အဖွဲ့ဝင်များစွာတို့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြသည်။

လက်နက်ကိုင်လမ်းစဉ် ကျင့်သုံးနေသော တောတွင်း လက်နက်ကိုင်အဖွဲ့အစည်းများကို ဥပဒေဘောင်အတွင်းသို့ ဖိတ်ခေါ်ခဲ့ရာ တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းများမှ အဖွဲ့ဝင်များစွာတို့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြသည်။

– ဗမာပြည်ကွန်မြူနစ်ကဲ့သို့သော တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းအချို့ကမူတွေ့ဆုံဆွေးနွေးရေးကိုတောင်းဆိုခဲ့ကြသည်။

– တော်လှန်ရေးကောင်စီသည် ပြည်တွင်းငြိမ်းချမ်းရေးကို ပြန်လည်တည်ဆောက်ရန်အတွက်တွေ့ဆုံဆွေးနွေးရန် ကမ်းလှမ်းချက် ကို ၁၉၆၃ ခုနှစ်၊ ဇွန် ၁၁ ရက်တွင် ထုတ်ပြန်ခဲ့သည်။

– ကွန်မြူနစ်ပါတီ (ဗမာပြည်) ကိုယ်စားလှယ်အဖွဲ့အပါအဝင် စုစုပေါင်းရှစ်ဖွဲ့တက်ရောက် ဆွေးနွေးခဲ့ကြသည်။

– မုဆိုး ကော်ကဆာ ဟန်တာသာမွေး ခေါင်းဆောင်သောကရင်တော်လှန်ရေးကောင်စီအဖွဲ့တစ်ဖွဲ့တည်းနှင့်သာ ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိခဲ့ပြီး ၁၉၆၄ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့တွင် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ကျန်အဖွဲ့များနှင့် သဘောထားချင်းမတိုက်ဆိုင်၍ငြိမ်းချမ်းရေးဆွေးနွေးမှုကို ရပ်ဆိုင်းခဲ့ရသည်။

– ဗိုလ်ချုပ်ကြီးနေဝင်းနှင့် စောဘဦးကြီးတို့အကြား (၇)ရက် အပစ်ရပ်ကာငြိမ်းချမ်းရေးဆွေးနွေးပွဲ များပြုလုပ်ခဲ့သော်လည်း အောင်မြင်မှုရရှိခဲ့ခြင်းမရှိပေ။

– ၁၉၆၃ ခုနှစ် ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ပြားပြီးနောက် ဗမာပြည်ကွန်မြူနစ်ပါတီ ကိုယ်စားလှယ်များ တောတွင်းသို့ ပြန်လည်ဝင်ရောက်သွားခဲ့ကြသည်။

တော်လှန်ရေးကောင်စီခေတ် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး

– ဥပဒေပြုရေး အာဏာသည် တော်လှန်ရေးကောင်စီအဖွဲ့တွင် ရှိသည်။

- တော်လှန်ရေးကောင်စီခေတ် အုပ်ချုပ်ရေးစနစ်သည် နိုင်ငံတော်အဆင့်မှသည်အောက်ခြေအဆင့်အထိလုံခြုံရေး နှင့် အုပ်ချုပ်မှုကော်မတီများကို ဖွဲ့စည်းကာ အုပ်ချုပ်ခဲ့သည်-
- ရပ်/ကျေး လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မတီ
- မြို့နယ် လုံခြုံရေးနှင့်အုပ်ချုပ်မှု ကော်မတီ
- ခရိုင် လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီ
- တိုင်းကြီး/ပြည်နယ် လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီ
- ယင်းကော်မတီများသည် သက်ဆိုင်ရာဒေသများ၏ အုပ်ချုပ်ရေး၊ လုံခြုံရေးနှင့်စီမံခန့်ခွဲရေးကိစ္စများကို တာဝန်ယူအုပ်ချုပ်ခဲ့သည်။
- တရားစီရင်ရေးအာဏာကိုတရားသူကြီးချုပ်ဒေါက်တာမောင်မောင်ဦးဆောင်သော အဖွဲ့အား အပ်နှင်းထားပြီး တိုင်း/ပြည်နယ်၊ ခရိုင်၊ မြို့နယ်များတွင် တရားရေးဝန်ထမ်းများဖြင့် တရားရုံးများ ဖွင့်လှစ်ဆောင်ရွက်သည်။
- ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့မှ ၁၉၇၄ မတ်လ ၁ ရက်အထိ တော်လှန်ရေးကောင်စီခေတ် ပြဋ္ဌာန်းခဲ့သော ဥပဒေအရေအတွက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

နှစ်	ပြဋ္ဌာန်း	၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်အထိ			
		ရုပ်သိမ်း/ပယ်ဖျက်	လက်ကျန်	မူရင်း	ပြင်ဆင်ချက်
၁၉၆၂	၄၈	၂၉	၁၉	၁၀	၉
၁၉၆၃	၃၈	၂၃	၁၅	၁၁	၄
၁၉၆၄	၁၈	၁၀	၈	၇	၁
၁၉၆၅	၁၀	၆	၄	၃	၁
၁၉၆၆	၆	၂	၄	၄	-
၁၉၆၇	၅	၂	၃	၃	-
၁၉၆၈	၄	၁	၃	၂	၁
၁၉၆၉	၅	၁	၄	၂	၂
၁၉၇၀	၅	၂	၃	၂	၁
၁၉၇၁	၅	၃	၂	၂	-
၁၉၇၂	၈	၄	၄	၄	-
၁၉၇၃	၂၂	၉	၁၃	၁၂	၁
၁၉၇၄	၈	၃	၅	၅	-
စုစုပေါင်း	**၁၈၂**	**၉၅**	**၈၃**	**၆၃**	**၂၀**

- အထက်ပါစာရင်းတွင် တစ်နှစ်တစ်ကြိမ် ပြဋ္ဌာန်းကျင့်သုံးသော Budget ဥပဒေနှင့် စီမံကိန်းဥပဒေများ မပါဝင်ပါ။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို ချမှတ်ကြေညာကာ ၎င်းလမ်းစဉ်ကို အကောင်အထည်ဖော်ရန်အတွက် နိုင်ငံ၏ တစ်ခုတည်းသော နိုင်ငံရေးပါတီအဖြစ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို ထူထောင်ခဲ့သည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ စနစ်ဆီသို့ အသွင်ကူးပြောင်းမှု

- တော်လှန်ရေး ကောင်စီသည် ၁၉၆၄ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် နိုင်ငံရေးပါတီများ အားလုံးကို ဖျက်သိမ်းခဲ့သည်။
- ထို့နောက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို ချမှတ်ကြေညာကာ ၎င်းလမ်းစဉ်ကို အကောင်အထည်ဖော်ရန်အတွက် နိုင်ငံ၏ တစ်ခုတည်းသော နိုင်ငံရေးပါတီအဖြစ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို ထူထောင်ခဲ့သည်။

၁၉၇၄ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေ ရေးဆွဲခြင်း

- မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီအစိုးရ လက်ထက်တွင် ဗိုလ်ချုပ်ကြီးစန်းယု ဥက္ကဋ္ဌ၊ ဒေါက်တာမောင်မောင် ပါဝင်သည့် အဖွဲ့ဝင် ၉၇ ဦးပါနိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်ကို ဖွဲ့စည်းကာ "ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)" ကိုရေးဆွဲခဲ့သည်။ ထိုဥပဒေ(မူကြမ်း) အတည်ပြုရေး အတွက် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကို ၁၉၇၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့မှ ၃၁ ရက်နေ့အထိ ကျင်းပခဲ့ပြီး အချို့ ဆက်သွယ်ရေး အခက်အခဲရှိသော ပြည်နယ်နှင့်တိုင်း မြို့နယ်များမှ ဆန္ဒမဲအခြေ

အနေများကို ၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့အထိ စောင့်ဆိုင်း၍ စိစစ်လက်ခံခဲ့ရသည်။

- ၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့တွင် အဆိုပါ ဥပဒေကိုအတည်ပြုကြောင်း ကြေညာခဲ့သည်။
- ၎င်းဥပဒေအရ ပထမဆုံးအကြိမ် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲကို ၁၉၇၄ ခုနှစ် တွင် ကျင်းပကာ ပထမ အကြိမ် ပြည်သူ့လွှတ်တော်ကို ဖွဲ့စည်းနိုင်ခဲ့သည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအာဏာ

- မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရလက်ထက်တွင်အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးကဏ္ဍတို့သည်ဗဟိုချုပ်ကိုင်မှု အလွန်အားကောင်းခဲ့သည်။
- ဥပဒေပြုရေးအာဏာသည်ပြည်သူ့လွှတ်တော်တွင်ရှိသည်။
- နိုင်ငံတော်သမ္မတ၊ဒုတိယသမ္မတ၊ဝန်ကြီးချုပ်၊ဝန်ကြီးများ၊ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့၊ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့များ တိုင်း/ပြည်နယ် ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့၊မြို့နယ်ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့များဖြင့် ဖွဲ့စည်း၍အုပ်ချုပ်ခဲ့သည်။
- ရပ်/ကျေးအဆင့်၊ မြို့နယ်အဆင့်၊ တိုင်း/ပြည်နယ်အဆင့် ပြည်သူ့ကောင်စီများ ဖွဲ့စည်းအုပ်ချုပ်ခဲ့သည်။

တရားစီရင်ရေး

- တရားစီရင်ရေးကဏ္ဍ၌ ရပ်/ကျေး၊ မြို့နယ်၊ တိုင်း/ပြည်နယ် ပြည်သူ့တရားသူကြီးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များဖြင့် ဆိုရှယ်လစ်တရား စီရင်ရေး စနစ်ဖြင့် တရားစီရင်ခဲ့သည်။

ပထမဆုံးအကြိမ် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲကို ၁၉၇၄ ခုနှစ်တွင် ကျင်းပကာ ပထမအကြိမ်ပြည်သူ့လွှတ်တော်ကို ဖွဲ့စည်းနိုင်ခဲ့သည်။

- ၁၉၇၄ ခုနှစ် မတ်လ ၂ ရက် မှ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၇ ရက်အထိ ပြည်သူ့လွှတ်တော်ခေတ် ပြဋ္ဌာန်းခဲ့သော ဥပဒေအရေအတွက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

နှစ်	ပြဋ္ဌာန်း	၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်အထိ			
		ရုပ်သိမ်း/ပျက်	လက်ကျန်	မူရင်း	ပြင်ဆင်ချက်
၁၉၇၄	၁၈	၁၆	၂	၂	-
၁၉၇၅	၁၃	၆	၇	၇	-
၁၉၇၆	၈	၅	၃	၃	-
၁၉၇၇	၁၃	၆	၇	၃	၄
၁၉၇၈	၄	၂	၂	၂	-
၁၉၇၉	၂	-	၂	၂	-
၁၉၈၀	၄	-	၄	၄	-
၁၉၈၁	၅	၁	၄	၂	၂
၁၉၈၂	၄	၁	၃	၃	-
၁၉၈၃	၁၀	၄	၆	၃	၃
၁၉၈၄	၇	၃	၄	၃	၁
၁၉၈၅	၁၆*	၄	၁၂*	၅	၇
၁၉၈၆	၇	၂	၅	၃	၂
၁၉၈၇	၉#	၄	၅#	၄	၁
၁၉၈၈	၅	၁	၄	၃	၁
စုစုပေါင်း	၁၂၅	၅၅	၇၀	၄၉	၂၁

*ဥပဒေကဲ့သို့ အာဏာတည်သောအမိန့် ၂ ရပ် ပါဝင်သည်။
ဥပဒေကဲ့သို့ အာဏာတည်သောအမိန့် ၁ ရပ် ပါဝင်သည်။

- အထက်ပါစာရင်းတွင် တစ်နှစ်တစ်ကြိမ် ပြဋ္ဌာန်း ကျင့်သုံးသော Budget ဥပဒေနှင့် စီမံကိန်း ဥပဒေများ မပါဝင်ပါ။

- မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ခေတ်တွင်လည်း နိုင်ငံတော်ကောင်စီသည် အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်(၂/၈၀)ကို ၁၉၈၀ ပြည့်နှစ် ဇူလိုင်လ ၁၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ရာ ဝန်ကြီးချုပ်ဟောင်း ဦးနုနှင့် ဇနီး ဒေါ်မြရီ အပါအဝင် ပြည်ပြေးအဖွဲ့မှ ၄၅၈ ဦး ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာခဲ့ကြရာ ပြည်ပြေးအဖွဲ့၏ လှုပ်ရှားမှုလည်း ချုပ်ငြိမ်းသွားခဲ့လေသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်
ဖွံ့ဖြိုးရေး ကောင်စီသည်
၂၀၀၃ ခုနှစ်၊ ဩဂုတ် ၃၀ ရက်နေ့တွင်
နိုင်ငံတော်ရှေ့ဆက်သွားရမည့်
မူဝါဒလမ်းစဉ်(၇)ရပ်ကို ကြေညာခဲ့သည်။

- ထိုအစိုးရလက်ထက်တွင် ငွေကျပ် ၁၀၀ တန်၊ ၇၅ ကျပ်တန်၊၃၅ကျပ်တန် ငွေစက္ကူများကိုတရားမဝင်ကြောင်း ကြေညာခဲ့ရာ၊ စီးပွားရေးကျပ်တည်းမှုများကို မကျေနပ်မှုများမှစ၍ ၁၉၈၈ ဆန္ဒပြမှုများ ဖြစ်ပွားရာမှ တိုင်းပြည် ပြိုကွဲမည့်အနေအထားဖြစ်လာသည်။

တပ်မတော်က နိုင်ငံတော်၏အာဏာအရပ်ရပ်ကို တာဝန်ယူ ထိန်းသိမ်းခဲ့ခြင်း

- တပ်မတော်သည်နိုင်ငံရေးမတည်မငြိမ်ဖြစ်မှုများကို အချိန်မီ ထိန်းသိမ်းရန် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့၌ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့(နဝတ) ဖွဲ့စည်းကာနိုင်ငံတော်၏အာဏာ အရပ်ရပ်ကို တာဝန်ယူခဲ့သည်။

နဝတ လက်ထက် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ

- နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ၁၉၉၀ ပြည့်နှစ်မေလ ၂၇ ရက်နေ့တွင် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပခဲ့သည်။
- ရွေးကောက်တင်မြောက်ခံရသည့်လွှတ်တော် ကိုယ်စားလှယ်များ၊တိုင်းရင်းသားကိုယ်စားလှယ်များ၊ လူထုလူတန်းစား အသီးသီးက ကိုယ်စားလှယ်များ ပါဝင်သော အမျိုးသားညီလာခံကို ကျင်းပကာ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ရေးဆွဲဆောင်ရွက်ခဲ့သည်။
- NLD ပါတီ လွှတ်တော်ကိုယ်စားလှယ်များသည် ထိုဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခြင်းမှ နုတ်ထွက်သွားခဲ့သည်။

နဝတ လက်ထက် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး

- ဥပဒေပြုရေးအာဏာသည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့တွင်ရှိသည်။
- နဝတ လက်ထက်အုပ်ချုပ်ရေးတွင် ရပ်/ကျေး၊ မြို့နယ်၊ ခရိုင်၊ တိုင်း/ပြည်နယ်၊ နိုင်ငံတော်အဆင့် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့များကို အဆင့်ဆင့်ဖွဲ့စည်း၍ တာဝန် ပေးအပ်ခဲ့သည်။
- တရားသူကြီးချုပ်နှင့် တရားသူကြီးအဖွဲ့ဝင်များ ကို နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက် ရေးအဖွဲ့က ခန့်အပ်သည်။
- တရားစီရင်ရေးတွင် တရားရေးဦးစီးမှူးများကို မြို့နယ် အဆင့်၊ ခရိုင်အဆင့်၊ တိုင်း/ပြည်နယ်အဆင့်၊ တရားသူကြီးများအဖြစ် စီရင်ခွင့်အာဏာများ ပေးအပ်ခဲ့သည်။
- ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်မှ ၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်အထိ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေးအဖွဲ့ခေတ်ပြဋ္ဌာန်းခဲ့သော ဥပဒေအရေအတွက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

နှစ်	ပြဋ္ဌာန်း	၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်အထိ			
		ရုပ်သိမ်း/ပျက်	လက်ကျန်	မူရင်း	ပြင်ဆင်ချက်
၁၉၈၈	၁၄*	၉	၅*	၅	-
၁၉၈၉	၂၇	၁၁	၁၆	၆	၁၀
၁၉၉၀	၂၂	၁၁	၁၁	၈	၃
၁၉၉၁	၁၃	၃	၁၀	၆	၄
၁၉၉၂	၁၀	၂	၈	၈	-
၁၉၉၃	၁၇	၇	၁၀	၉	၁
၁၉၉၄	၉	၄	၅	၄	၁
၁၉၉၅	၉	၄	၅	၅	-
၁၉၉၆	၁၀	၁	၉	၉	-
၁၉၉၇	၈	၁	၇	၄	၃
စုစုပေါင်း	**၁၃၉**	**၅၃**	**၈၆**	**၆၄**	**၂၂**

*ဥပဒေကဲ့သို့အာဏာတည်သောအမိန့် ၃ ရပ်ပါဝင်သည်။

- အထက်ပါစာရင်းတွင် တစ်နှစ်တစ်ကြိမ် ပြဋ္ဌာန်း ကျင့်သုံးသော Budget ဥပဒေနှင့် စီမံကိန်း ဥပဒေများ မပါဝင်ပါ။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ)ဖွဲ့စည်းခြင်း

– ၁၉၉၇ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် နဝတကို ဖျက်သိမ်းကာ **နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ)** ဟူသောအမည်ဖြင့်ပြန်လည်ဖွဲ့စည်းခဲ့သည်။

– **နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ**သည် ၂၀၁၃ ခုနှစ်၊ ဩဂုတ် ၃၀ ရက်နေ့တွင် နိုင်ငံတော်ရှေ့ဆက်သွားရမည့် မူဝါဒ လမ်းစဉ်(၇)ရပ်ကို ကြေညာခဲ့သည်။

နအဖ လက်ထက် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး

– ဥပဒေပြုရေးသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ လက်ထဲတွင်ရှိသည်။

– နဝတ လက်ထက် အုပ်ချုပ်ရေးနည်းတူ မြို့နယ်၊ ခရိုင်၊ တိုင်း/ ပြည်နယ်၊ နိုင်ငံတော်အဆင့် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများကို အဆင့်ဆင့်ဖွဲ့စည်း၍ တာဝန်ပေးအပ်ခဲ့သည်။

– တရားသူကြီးချုပ်နှင့် တရားသူကြီးအဖွဲ့ဝင်များကို နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခန့်အပ်သည်။

– တရားစီရင်ရေးတွင် တရားရေးဦးစီးမှူးများကို တရားသူကြီးများအဖြစ် စီရင်ခွင့်အာဏာများ ပေးအပ်ခဲ့သည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေသည် ၂၀၀၃ ခုနှစ်တွင် စတင်ချမှတ်ခဲ့သည့် လမ်းပြမြေပုံ ၇ ခုအပြီးဌ သိသိသာသာ ပြောင်းလဲခဲ့ရာ၊ လမ်းပြမြေပုံအရ အရေးကြီးဆုံးအဆင့်သည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲအတည်ပြုခဲ့ခြင်း ဖြစ်သည်။

– ၁၉၉၇ခုနှစ်၊ နိုဝင်ဘာလ ၁၅ရက် မှ ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်အထိ နိုင်ငံတော် အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီခေတ်ပြဋ္ဌာန်းခဲ့သော ဥပဒေအရေအတွက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

နှစ်	ပြဋ္ဌာန်း	၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်အထိ			
		ရွှမ်းသိမ်း/ ပျက်	လက်ကျန်	မူရင်း	ပြင်ဆင်ချက်
၁၉၉၇	၃	၁	၂	၁	၁
၁၉၉၈	၁၀	၂	၈	၄	၄
၁၉၉၉	၄	-	၄	၃	၁
၂၀၀၀	၈	၁	၇	၅	၂
၂၀၀၁	၅	၂	၃	၂	၁
၂၀၀၂	၈	၂	၆	၆	-
၂၀၀၃	၈	၄	၄	၃	၁
၂၀၀၄	၈	-	၈	၆	၂
၂၀၀၅	၆	-	၆	၄	၂
၂၀၀၆	၈	-	၈	၄	၄
၂၀၀၇	၇	၃	၄	၃	၁
၂၀၀၈	၈	၂	၆	၃	၃
၂၀၀၉	၄	၁	၃	၃	-
၂၀၁၀	၃၇	၆	၃၁	၂၇	၄
၂၀၁၁	၁၇	၆	၁၁	၁၀	၁
စုစုပေါင်း	**၁၄၁**	**၃၀**	**၁၁၁**	**၈၄**	**၂၇**

– အထက်ပါစာရင်းတွင် တစ်နှစ်တစ်ကြိမ်ပြဋ္ဌာန်းကျင့်သုံးသော Budget ဥပဒေနှင့် စီမံကိန်းဥပဒေများ မပါဝင်ပါ။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုနှင့် ပထမ ဒီမိုကရေစီအစိုးရ

– မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေသည် ၂၀၀၃ ခုနှစ်တွင် စတင်ချမှတ်ခဲ့သည့် လမ်းပြမြေပုံ ၇ ခုအပြီးဌ သိသိသာသာ ပြောင်းလဲခဲ့ရာ၊ လမ်းပြမြေပုံအရ အရေးကြီးဆုံး အဆင့်သည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲအတည်ပြုခဲ့ခြင်း ဖြစ်သည်။

– ထိုဥပဒေကို ပြည်လုံးကျွတ် ဆန္ဒခံယူပွဲဖြင့် အတည်ပြုပြဋ္ဌာန်းပြီးနောက် ၂၀၁၀ ပြည့်နှစ်တွင် ကျင်းပသောပါတီစုံအထွေထွေရွေးကောက်ပွဲ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက အနိုင်ရရှိခဲ့သည်။

ပြည်ထောင်စုအစိုးရအဖွဲ့ ဖွဲ့စည်းခြင်း

- ဦးသိန်းစိန်သည် နိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူကာ ပြည်ထောင်စုအစိုးရအဖွဲ့ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းခဲ့သည်။

(၁) နိုင်ငံတော်သမ္မတ
(၂) ဒုတိယသမ္မတ
(၃) ပြည်ထောင်စုဝန်ကြီးများ
(၄) ပြည်ထောင်စုရှေ့နေချုပ်

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ ဖွဲ့စည်းခြင်း

- ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း ပေးအပ်လာသည့်တာဝန်များကို ထမ်းဆောင်နိုင်ရန် နိုင်ငံတော်သမ္မတဦးဆောင်သည့် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းခဲ့သည်။

(၁) နိုင်ငံတော်သမ္မတ
(၂) ဒုတိယသမ္မတ
(၃) ဒုတိယသမ္မတ
(၄) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ
(၅) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ
(၆) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
(၇) ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်
(၈) ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး
(၉) နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး
(၁၀) ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး
(၁၁) နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး

- ဤကာလတွင်ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်များဟူ၍ လွှတ်တော် ၃ ရပ် ပေါ်ပေါက်လာခဲ့ပြီး၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းရင်းသားဒေသများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသနှင့်တိုင်းများကိုလည်း သတ်မှတ်ပေးခဲ့သည်။

သမ္မတရွေးချယ်ရေးစနစ်

- ပြည်ထောင်စုလွှတ်တော်တွင်သမ္မတရွေးချယ်ရေးအဖွဲ့မှ ဦးဆောင်ကာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှအမည်စာရင်း(လွှတ်တော်ကိုယ်စားလှယ်၏အမည်စာရင်းသို့မဟုတ် အရည်အချင်းပြည့်မီ၍ မွေးရာပါတိုင်းရင်းသား ဖြစ်သော ပြင်ပပုဂ္ဂိုလ်၏ အမည်စာရင်း) တင်သွင်းသည့် သမ္မတလောင်း ၁ ဦးစီဖြင့် စုစုပေါင်း ၃ ဦးနှင့် တပ်မတော်သားကိုယ်စားလှယ်များမှ အမည်စာရင်းတင်သွင်းသည့် သမ္မတလောင်း ၁ ဦး၊ စုစုပေါင်း သမ္မတလောင်း ၃ ဦး ကို ပြည်ထောင်စုလွှတ်တော်အမတ် ၆၆၄ ဦးအနက်မှ တက်ရောက်သူတို့က မဲပေးကာ မဲအများဆုံးရသောသူသည် နိုင်ငံတော်သမ္မတဖြစ်ပြီး၊ ဒုတိယ မဲအများဆုံး ရသောသူသည် ဒုတိယ သမ္မတ-၁ ဖြစ်၍ တတိယ မဲအများဆုံး ရသောသူသည် ဒုတိယသမ္မတ-၂ အဖြစ် တာဝန်ယူဆောင်ရွက်ပါသည်။

- နိုင်ငံတော်သမ္မတသည် နိုင်ငံတော်၏အထွတ်အထိပ် အုပ်ချုပ်ရေးအာဏာ အမြင့်ဆုံးဖြစ်သည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ ၂၀၁၀ မှ ၂၀၁၅ အထိ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး

ဥပဒေပြုရေး

- ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား-၁ နှင့် ကြွင်းကျန်အာဏာများကို ပြည်ထောင်စုလွှတ်တော်က ဥပဒေပြု ဆောင်ရွက်သည်။

- တိုင်းဒေသကြီး / ပြည်နယ်လွှတ်တော်သည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေ၊ ဇယား-၂ တွင် ပါရှိသော ဥပဒေပြုရေးများကို ပြဋ္ဌာန်းပါသည်။

- ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ အုပ်ချုပ်ရေးအဖွဲ့သည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား-၃ ပါအတိုင်း ဥပဒေပြုအာဏာများကို ဆောင်ရွက်ပါသည်။

- တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ဇယား-၅ ပါ အခွန်အခများကို ဥပဒေနှင့်အညီ ကောက်ခံ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရပြီး အဆိုပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေများကို ဥပဒေနှင့်အညီ သုံးစွဲခွင့်ရှိသည်။

- ပြည်ထောင်စုလွှတ်တော်တွင်ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ အမတ်စုစုပေါင်း ၆၆၄ ဦး ရှိသည်။

- ပြည်သူ့လွှတ်တော်တွင် မြန်မာနိုင်ငံ၏ မြို့နယ် ၃၃၀ အတွက် တစ်မြို့နယ်လျှင် တစ်ဦးကျစီဖြင့် ကိုယ်စားလှယ် ၃၃၀ ဦးနှင့် တပ်မတော်သားကိုယ်စားလှယ် ၁၁၀ ဦး၊ ပေါင်း ၄၄၀ ဦး ရှိသည်။
- အမျိုးသားလွှတ်တော်တွင် တိုင်းနှင့်ပြည်နယ် ၁၄ ခုအတွက် တစ်ခုလျှင် ၁၂ ဦးစီ ဖြင့် ၁၆၈ ဦး နှင့် တပ်မတော်သား ကိုယ်စားလှယ် ၅၆ ဦး၊ စုစုပေါင်း ၂၂၄ ဦး ရှိသည်။
- အဆိုပါ လွှတ်တော် ၂ ရပ် ပေါင်း၍ ပြည်ထောင်စုလွှတ်တော်တွင် ဥပဒေကို ပြဋ္ဌာန်းသည်။
- ဥပဒေတစ်ရပ်အား တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားများကို ကိုယ်စားပြုသော အမျိုးသားလွှတ်တော်တွင် စတင်လျှင် ပြည်သူ့လွှတ်တော်သို့ ပေးပို့ဆွေးနွေးပြီး ပြည်သူ့လွှတ်တော်တွင် စတင်လျှင် အမျိုးသားလွှတ်တော်သို့ ပေးပို့ဆွေးနွေးပါသည်။
- လွှတ်တော် ၂ ရပ်လုံးက သဘောတူပါက ပြည်ထောင်စုလွှတ်တော်တွင် မဲပေးဆုံးဖြတ်၍ ဥပဒေပြဋ္ဌာန်းပါသည်။
- ဥပဒေကိုပြည်ထောင်စုလွှတ်တော်ကအတည်ပြုပြီး ပါကနိုင်ငံတော်သမ္မတကလက်မှတ်ထိုး၍ ထုတ်ပြန်ပါသည်။ လက်မှတ်ရေးထိုးခြင်းမပြုပါက ၁၄ ရက် ပြည့်ပြီးလျှင် အလိုအလျောက် အတည်ပြုပြီးဖြစ်သည်။
- ၂၀၁၁ ခုနှစ်၊ မတ်လ ၃၁ရက် မှ ၂၀၂၁ ခုနှစ်၊ ဧန်နဝါရီလ ၃၁ ရက် အထိ ပြည်ထောင်စုလွှတ်တော်ခေတ် ပြဋ္ဌာန်းခဲ့သော ဥပဒေ အရေအတွက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုလွှတ်တော်		၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်အထိ										
		ပြဋ္ဌာန်းဥပဒေ			ယင်းတို့အနက်			တည်ဆဲ			ယင်းဥပဒေများဖြင့်	
သက်တမ်း	ခုနှစ်	မူရင်းဥပဒေ	ပြင်ဆင်ဥပဒေ	ပေါင်း	ရုပ်သိမ်းပြီး	ပျက်ပြယ်ပြီး	ပေါင်း	မူရင်းဥပဒေ	ပြင်ဆင်ဥပဒေ	ပေါင်း	ရုပ်သိမ်းဥပဒေ	ပျက်ပြယ်ဥပဒေ
ပထမသက်တမ်း	၂၀၁၁	၆	၉	၁၅	၂	၁	၃	၄	၈	၁၂	၃	၆
	၂၀၁၂	၂၂	၂	၂၄	၁	-	၁	၂၁	၂	၂၃	၁၈	၂၂
	၂၀၁၃	၂၆	၁၁	၃၇	၁	၂	၃	၂၅	၉	၃၄	၁၅	၁၀
	၂၀၁၄	၂၈	၂၉	၅၇	၂	၂	၄	၂၆	၂၇	၅၃	၁၂	၉
	၂၀၁၅	၃၄	၄၀	၇၄	၁	၂	၃	၃၃	၃၈	၇၁	၁၇	၁၆
	၂၀၁၆	၁၆	၉	၂၅	၁	၁	၂	၁၅	၈	၂၃	၂	၁
	ပေါင်း	၁၃၂	၁၀၀	၂၃၂	၈	၈	၁၆	၁၂၄	၉၂	၂၁၆	၇၂	၆၄
ဒုတိယသက်တမ်း	၂၀၁၆	၁၁	၈	၁၉	-	-	-	၁၁	၈	၁၉	၉	၉
	၂၀၁၇	၁၅	၁၄	၂၉	-	-	-	၁၅	၁၄	၂၉	၆	၇
	၂၀၁၈	၂၁	၁၅	၃၆	-	-	-	၂၁	၁၅	၃၆	၁၃	၇
	၂၀၁၉	၂၈	၁၂	၄၀	-	-	-	၂၈	၁၂	၄၀	၁၅	၁၁
	၂၀၂၀	၁၂	၆	၁၈	-	-	-	၁၂	၆	၁၈	၄	၁
	ပေါင်း	၈၇	၅၅	၁၄၂	-	-	-	၈၇	၅၅	၁၄၂	၄၃	၃၅
စုစုပေါင်း		**၂၁၉**	**၁၅၅**	**၃၇၄**	**၈**	**၈**	**၁၆**	**၂၁၁**	**၁၄၃**	**၃၅၈**	**၁၁၉**	**၉၉**

* တိုင်းဒေသကြီး လွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များ၏ ပြဋ္ဌာန်းဥပဒေများ၊ နိုင်ငံတော်သမ္မတ၏ တစ်ချက်လွှတ် ဥပဒေအမိန့်များမပါဝင်ပါ။

- အထက်ပါစာရင်းတွင် တစ်နှစ်တစ်ကြိမ် ပြဋ္ဌာန်းကျင့်သုံးသော Budget ဥပဒေနှင့် စီမံကိန်း ဥပဒေများ မပါဝင်ပါ။

အုပ်ချုပ်ရေး

- နိုင်ငံတော်သမ္မတမှဦးဆောင်၍ပြည်ထောင်စု အစိုးရအဖွဲ့ ဝန်ကြီးဌာနများနှင့်ပြည်ထောင်စု အစိုးရအဖွဲ့ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများကို ခန့်အပ်တာဝန်ပေးပါသည်။
- ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့နှင့် အဖွဲ့အစည်းများကိုလည်းနိုင်ငံတော်သမ္မတကပြည်ထောင်စုလွှတ်တော်တွင် အမည်စာရင်း တင်သွင်းကာ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရကို ဖွဲ့စည်းပါသည်။
- ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့၏ အုပ်ချုပ်ခွင့်အာဏာသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ၊ ဇယား–၁ ပါဥပဒေပြဇွင့်အာဏာ နှင့် ကြွင်းကျန် အာဏာများအတိုင်း အာဏာရှိပါသည်။
- တိုင်းဒေသကြီး / ပြည်နယ်များရှိမြို့နယ် တစ်မြို့နယ်လျှင် မဲဆန္ဒနယ် အမှတ် ၁ ၊ ၂ ခွဲ၍ ကိုယ်စားလှယ် ၂ ဦးကျစီလွှတ်တော် အမတ်များ ရွေးချယ်ကာ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များကို ဖွဲ့စည်းပါသည်။
- ၎င်းလွှတ်တော် ကိုယ်စားလှယ်များထဲမှ ဥက္ကဋ္ဌ ၁ ဦးနှင့် ဒု–ဥက္ကဋ္ဌ ၁ ဦးတို့အား မဲပေးရွေးချယ်ပါသည်။
- ၎င်း တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထဲမှ ဝန်ကြီးချုပ်အား ရွေးချယ်ပါသည်။
- တိုင်းဒေသကြီး/ပြည်နယ်/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု ရရှိပြီးသော တိုင်းရင်းသားလူမျိုးများမှအပ လျော်ကန်သင့်မြတ်သော လူဦးရေဖြစ်သည့် နိုင်ငံလူဦးရေ စုစုပေါင်း၏ သုည ဒသမ တစ် ရာခိုင်နှုန်းနှင့် အထက်ရှိသည့် တိုင်းရင်းသားလူမျိုးအသီးသီးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု ဥပဒေပြုရေးတွင် တိုင်းရင်းသား ကိုယ်စားလှယ်များ ပါဝင်ခွင့်ရှိသည်။
- တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်ကိုမူ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်း တင်သွင်းရသည်။ ပြည်သူ့လွှတ်တော်၌ တပ်မတော်သား ကိုယ်စားလှယ် ၁၁၀ ဦး၊ အမျိုးသားလွှတ်တော်၌ တပ်မတော်သား ကိုယ်စားလှယ် ၅၆ ဦးနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၌ ကိုယ်စားလှယ် စုစုပေါင်း၏ သုံးပုံတစ်ပုံနှင့် ညီမျှသော တပ်မတော်သား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သည်။
- နိုင်ငံတော်သမ္မတက ဝန်ကြီးချုပ် အမည်စာရင်းကို ရွေးချယ်တင်သွင်းပြီး တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်မှ အတည်ပြုပါက ဝန်ကြီးချုပ်သည် တိုင်းဒေသကြီး/ပြည်နယ်များတွင် အုပ်ချုပ်ရေးအာဏာအမြင့်ဆုံးပုဂ္ဂိုလ် ဖြစ်လာသည်။
- နိုင်ငံတော်သမ္မတနှင့် တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်တို့က တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် အမတ်များထဲမှဖြစ်စေ၊ ပြင်ပမှဖြစ်စေ အမည်စာရင်း တင်သွင်းသော အဖွဲ့ဝင် ၅ ဦး သို့မဟုတ် အများဆုံး ၁၀ ဦး ပါဝင်သော တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့အား တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်တွင် အတည်ပြုကာ ဖွဲ့စည်းပါသည်။
- တိုင်းဒေသကြီး / ပြည်နယ် အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာ လွှတ်တော် အမတ်များသည် သက်ဆိုင်ရာ တိုင်းရင်းသားရေးရာဝန်ကြီးများ ဖြစ်ပါသည်။
- သတ်မှတ် အရည်အချင်းပြည့်စုံသော ဥပဒေပညာရှင် ၁ ဦးကို နိုင်ငံတော်သမ္မတက အမည် စာရင်း တင်သွင်းပြီး လွှတ်တော်မှ အတည်ပြုကာ ဥပဒေချုပ်အဖြစ် ခန့်အပ်ပါသည်။ ဥပဒေချုပ်သည် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ဝင်ဖြစ်ပါသည်။
- ထို့အတူနိုင်ငံတော်သမ္မတက စာရင်းအင်း ကျွမ်းကျင်သူ ၁ ဦး၏ အမည်စာရင်းတင်သွင်းပြီး လွှတ်တော်မှ အတည်ပြုကာ စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်ပါသည်။
- တိုင်းဒေသကြီး/ပြည်နယ်များ၌ ဝန်ကြီးချုပ်များက ခရိုင်များ၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးများခန့်အပ်၍ အုပ်ချုပ်စေခဲ့သည်။
- ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ အုပ်ချုပ်ရေးအဖွဲ့ကိုလည်း ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ အုပ်ချုပ်စေခဲ့သည်။

တရားစီရင်ရေး

- ၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေအရ တရားစီရင်ရေးဆိုင်ရာအခြေခံမူများကို အောက်ပါအတိုင်းချမှတ်ထားပါသည်–

(၁) ဥပဒေနှင့်အညီ လွတ်လပ်စွာတရား စီရင်ရေး
(၂) ဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး
(၃) အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရေး
(၄) ပြည်သူတို့၏အကျိုးစီးပွားကို ကာကွယ် စောင့်ရှောက်၍ တရားဥပဒေစိုးမိုးရေး
(၅) ဥပဒေကို ပြည်သူများက နားလည် လိုက်နာကျင့်သုံးလာစေရန် ပညာပေးရေးနှင့်ပြည်သူများက ဥပဒေကို လိုက်နာ သောအလေ့အကျင့် ပျိုးထောင်ပေးရေး
(၆) ပြည်သူအချင်းချင်းနှင့် ပတ်သက်သော အမှုကိစ္စများကို ဥပဒေဘောင်အတွင်း၌ ကျေးအေးပြီးပြတ်စေရေး
(၇) ပြစ်မှုကျူးလွန်သူကို အရေးယူအပြစ်ပေးရာတွင် အကျင့်စာရိတ္တပြုပြင်မှုကို ဦးတည်ရေး

– ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ပုဒ်မ ၁၈ အရ နိုင်ငံတော်၏ တရားစီရင်ရေးအာဏာကို ပြည်ထောင်စုလွှတ်တော်ချုပ်၊ တရားလွှတ်တော်များနှင့်အဆင့်ဆင့်သော တရားရုံးများသို့ ခွဲဝေအပ်နှင်းထားပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားသူကြီးများသည် အရည်အချင်း မပျက်ယွင်းပါက အသက် ၇၀ အထိ တာဝန်ထမ်းဆောင်နိုင်သည်–

– ပြည်ထောင်စုတရားလွှတ်တော်ချုပ်
– တိုင်းဒေသကြီး နှင့် ပြည်နယ်တရား လွှတ်တော်များ
– ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံး၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသတရားရုံးများနှင့် ခရိုင်တရားရုံးများ
– မြို့နယ်တရားရုံးများ
– ဥပဒေအရ တည်ထောင်သည့် အခြားတရားရုံးများ
– ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံးဖြစ်ပါသည်။

– ပြည်ထောင်စု တရားလွှတ်တော်ချုပ်သည် မူပိုင်ခွင့် ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ မူပိုင်ခွင့် တရားရုံးများသို့ အာဏာအပ်နှင်း ဆောင်ရွက်စေခဲ့ပါသည်။

– တိုင်းဒေသကြီး/ပြည်နယ်များ၌ တရားသူကြီးချုပ် အဖြစ် ရွေးချယ်ရန်အတွက် သတ်မှတ် အရည်အချင်းများနှင့်ပြည့်စုံသောပုဂ္ဂိုလ် ၁ ဦး အပါအဝင်အနည်းဆုံး ၃ ဦး၊ အများဆုံး ၅ ဦးအထိ နိုင်ငံတော်သမ္မတနှင့် ဝန်ကြီးချုပ်တို့မှ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်သို့ အမည်စာရင်းတင်သွင်းပြီးအတည်ပြုပြီး တရားစီရင်ရေးအာဏာကို တိုင်းဒေသကြီး/ပြည်နယ်တရားသူကြီးချုပ်နှင့် အဖွဲ့အား အပ်နှင်းသည်။ အဆိုပါ တရားသူကြီးချုပ်နှင့် တရားသူကြီးများသည် အရည်အချင်း မပျက်ယွင်းပါက အသက် ၆၅ နှစ်အထိ တာဝန်ထမ်းဆောင်နိုင်သည်။

– ခရိုင်နှင့်မြို့နယ်တရားသူကြီးများအား ယခင်အတိုင်း တရားရေးဝန်ထမ်းများအား တရားစီရင်ရေးအာဏာကို အပ်နှင်းထားသည်။

– တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော် သည် ကျပ်သိန်း ၃၀၀၀၀ အထက်မှ တန်ဖိုးအကန့်အသတ်မရှိသည့် တရားမမူလမှုများကို စီရင်ပိုင်ခွင့်အာဏာရှိပါသည်။

– ခရိုင်တရားသူကြီးနှင့် တွဲဖက်ခရိုင် တရားသူကြီးများသည် တန်ဖိုးငွေကျပ် သိန်း ၃၀၀၀၀ ထက်မပိုသည့် တရားမ မူလမှုများနှင့် မူလမှုခင်းမှုများကို စီရင်ပိုင်ခွင့်အာဏာရှိပါသည်။

– ဒုတိယ ခရိုင်တရားသူကြီးများသည် တန်ဖိုးငွေကျပ် သိန်း ၁၅၀၀၀ ထက်မပိုသည့် တရားမ မူလမှုများနှင့် မူလရာဇဝတ်မှုများ၊ မိမိတို့နယ်နိမိတ်အတွင်းရှိ မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ချက်များအပေါ် အယူခံမှုနှင့် ပြင်ဆင်မှုစီရင်ပိုင်ခွင့်အာဏာ ရှိပါသည်။

– မြို့နယ်တရားရုံးများသည် ရာဇဝတ်မှုနှင့် တရားမမှုနှစ်မျိုးစလုံးကို ကြားနာနိုင်သည့် မူလမှုစီရင်ပိုင်ခွင့် အာဏာရှိပါသည်။

– မြို့နယ်တရားသူကြီးများနှင့် တွဲဖက်မြို့နယ် တရားသူကြီးများအား တန်ဖိုးငွေကျပ်သိန်း ၅၀၀ ထက်မပိုသည့် တရားမမူလမှု(သို့မဟုတ်) မူလမှုခင်းများ၊ စီရင်ပိုင်ခွင့် အာဏာ အပ်နှင်းထားပါသည်။

– ဒုတိယ မြို့နယ်တရားသူကြီးများအား တန်ဖိုး ကျပ်သိန်း ၂၀၀ ထက်မပိုသည့် တရားမ မူလမှု(သို့မဟုတ်) မူလမှုခင်းများ စီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းထားပါသည်။

– တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိမြို့နယ် တရားရုံးများတွင် ကလေးသူငယ် တရားရုံးများကို ပူးတွဲ ဖွင့်လှစ်ထားရှိပြီး သက်ဆိုင်ရာ မြို့နယ်တရားသူကြီးများအား စီရင်ပိုင်ခွင့် အာဏာအပ်နှင်းထားရှိပါသည်။

- ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် ဥပဒေ၊ စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေ၊ စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေ၊ တီထွင်ခွင့်မူပိုင်ခွင့် ဥပဒေတို့အရစွဲဆိုထားသည့် မှုခင်းများအတွက် ခရိုင် တရားရုံးများကို စီရင်ပိုင်ခွင့်အာဏာ အပ်နှင်းထားသည်။
- ခရိုင်တရားရုံးများက မူပိုင်ခွင့် ဥပဒေများအရ ချမှတ်ခဲ့သည့် ရာဇဝတ်ဆိုင်ရာစီရင်ချက်၊ အမိန့်နှင့် ဆုံးဖြတ်ချက်များအပေါ် အယူခံမှု၊ ပြင်ဆင်မှုများကို စစ်ဆေးစီရင်ရန် တိုင်းဒေသကြီး /ပြည်နယ် တရားလွှတ်တော်များထံ စီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းထားသည်။

ငြိမ်းချမ်းရေးဆောင်ရွက်ချက်များ

- နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် အစိုးရအဖွဲ့သည်တစ်နိုင်ငံလုံးထာဝရ ငြိမ်းချမ်းရေး ရရှိရေးအတွက် အပစ်အခတ် ရပ်စဲထားသော အဖွဲ့အစည်းများသာမက အပစ်အခတ် ရပ်စဲထားခြင်း မရှိသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများကိုလည်း ဆွေးနွေးပွဲများသို့ ဖိတ်ခေါ် ဆောင်ရွက်ခဲ့သည်။
- ငြိမ်းချမ်းရေးဆွေးနွေးပွဲများ စတင်ဖိတ်ခေါ်သည့် နေ့မှစ၍ NCA စာချုပ် ရရှိသည်အထိ ရက်ပေါင်း ၁၄၅၀ အတွင်း တွေ့ဆုံညှိနှိုင်းမှုများ၊ အစည်းအဝေးငယ်များကို စုစုပေါင်း အကြိမ် ၅၀၀၀ ကျော် ဆောင်ရွက်ခဲ့သည်။
- တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး ညှိနှိုင်းရေး ပူးတွဲကော်မတီ (NCCT)တွင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း ၁၆ ဖွဲ့ ပါဝင်သည်။
- ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ(UPWC)ဝင်များ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ညှိနှိုင်းရေး ပူးတွဲကော်မတီ(NCCT)ဝင်များနှင့် အဆင့်မြင့်ကိုယ်စားလှယ် (SD)များ အကြား ၉ ကြိမ်တိုင်တိုင် အစည်းအဝေး ခေါ်ယူဆွေးနွေးခဲ့ကြသည်။
- NCA ရေးဆွဲရန်အတွက် ၂၀၁၃ ခုနှစ် နိုဝင်ဘာလ၌ ကျင်းပပြုလုပ်သည့် လိုင်ဇောထိပ်သီးညီလာခံတွင် သဘောတူညီမှုရရှိခဲ့သည်။
- ၂၀၁၄ ခုနှစ် မတ်လ ၈ ရက်နေ့တွင် UPWC နှင့် NCCT တို့အကြား NCA ညှိနှိုင်းမှုဆိုင်ရာ အစည်းအဝေးကို ပထမဆုံးအကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး နှစ်ဘက်မှတင်ပြလာသည့် NCA စာချုပ်များကို စာချုပ်တစ်ခုတည်း (NCA Single Text) အဖြစ် ပေါင်းစည်းရေးသားနိုင်ခဲ့သည်။
- ၂၀၁၄ မတ်လ ၃၁ ရက်နေ့တွင် NCA မူကြမ်းကို ရရှိခဲ့သည်။
- ၂၀၁၅ ခုနှစ် ဇွန်လ ၂ ရက်နေ့တွင် NCA စာချုပ် အချောသတ်နိုင်ရန်အတွက် စတင်နိုင်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့တွင် NCA စာချုပ်အပြီးသတ်ရေးသားနိုင်ခဲ့သည်။
- ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့၌ နိုင်ငံတော်သမ္မတနှင့် ထိပ်သီးခေါင်းဆောင်များ ဆွေးနွေးပွဲကျင်းပနိုင်ခဲ့ပြီး NCA စာချုပ်ကို အမြန်ဆုံးလက်မှတ်ရေးထိုးရန် နိုင်ငံတော် သမ္မတမှ ဖိတ်ခေါ်ခဲ့ပါသည်။
- အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲမှ တစ်ဆင့် "တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် Nationwide Ceasefire Agreement(NCA)"ကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ၈ ဖွဲ့အကြား ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့၌ နှစ်ဦးနှစ်ဖက် အောင်မြင်စွာ လက်မှတ်ရေးထိုး ချုပ်ဆိုနိုင်ခဲ့သည်။ စာရေးသူသည် ပြည်တွင်း အသိသက်သေအဖြစ်ပါဝင်လက်မှတ်ရေးထိုးခဲ့ပါသည်။
- NCA စာချုပ်တွင် အခန်း ၇ ခန်း၊ အပိုဒ် ၃၃ ပိုဒ် ပါဝင်ပါသည်။
- ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC)ဝင်များ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး ညှိနှိုင်းရေး ပူးတွဲကော်မတီ (NCCT)ဝင်များအကြား ရေးဆွဲပြုစုထားသည့် ပထမမူကြမ်း၌ ဆွေးနွေးရန်လိုအပ်ချက် ၁၀၄ ချက်ရှိပြီး သဘောတူညီချက် ၄၉ ချက်ကို ရရှိခဲ့သည်။
- ဒုတိယမူကြမ်း၌ ဆွေးနွေးရန်လိုအပ်ချက် ၅၅ ချက်ရှိပြီး ၂၄ ချက်သဘောတူညီမှုရခဲ့သည်။
- တတိယမူကြမ်းတွင်မူဆွေးနွေးရန်လိုအပ်ချက် ၃၁ ချက်ကျန်ရှိသည်။
- စတုတ္ထမူကြမ်းတွင် ဆွေးနွေးရန် လိုအပ်ချက် ၅ ချက် ကျန်ရှိသည်။
- ဆွေးနွေးရန်ကျန်ရှိသည့်အချက်များအားလုံးသဘောတူညီမှုရရှိခဲ့ပြီး NCA စာချုပ် မူကြမ်းကို ရရှိသည်။

- NCAစာချုပ်မူကြမ်းအပေါ် UPWC အဖွဲ့ဝင် များနှင့် အဆင့်မြင့် ကိုယ်စားလှယ်များသည် NCA စာချုပ်ကို အပြီးသတ်နိုင်ခဲ့ပါသည်။
- အဆိုပါ NCA စာချုပ်တွင် နိုင်ငံရေးဆိုင်ရာ အချက်အလက် ၃၅ ချက်၊ စက်ဘက်ဆိုင်ရာ အချက်အလက် ၅၅ ချက်၊ လူမှုစီးပွားဘဝနှင့် သက်ဆိုင်သော အချက်အလက် ၂၃ ချက် ပါဝင်သည်။

NCA စာချုပ် လက်မှတ် ရေးထိုးပြီးနောက် ရက်ပေါင်း ၉၀ အတွင်း ဆောင်ရွက်ရမည့် အချက်များ

- တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်းကို လက်မှတ်ရေးထိုးသည့် အချိန်မှစ၍ ၂၄ နာရီအတွင်း မိမိကွပ်ကဲမှုအောက် အဆင့်ဆင့်သို့ ညွှန်ကြားရန်နှင့် စာချုပ်ပါ အချက်အလက်များကို ၅ ရက်အတွင်း ရှင်းလင်းအသိပေးရန်။
- သဘောတူစာချုပ် လက်မှတ်ရေးထိုးသည့်နေ့ မှစ၍ ၁၄ ရက်အတွင်း တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှတာဝန်ရှိသူများ တွေ့ဆုံညှိနှိုင်းကာ ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ကိစ္စရပ်များကို တိကျသေအချိန်ဇယားသတ်မှတ် အကောင်အထည်ဖော်ဆောင်ရွက်ရွက်ခြင်းများ ပြုလုပ်သွားရန်။
- တစ်ဖက်နှင့် တဖက် အပြန်အလှန် လိုက်နာကြရမည့် စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာစည်းမျဉ်း စည်းကမ်းများကို NCA စာချုပ်ပါသတ်မှတ် ချက်များနှင့်အညီ လက်မှတ်ရေးထိုးပြီး ၃၀ ရက်အတွင်း အပြီးရေးဆွဲပြဋ္ဌာန်းရန်။
- နိုင်ငံရေးဆွေးနွေးပွဲမူဘောင်တစ်ရပ်ကို NCA သဘောတူစာချုပ်လက်မှတ်ရေးထိုးပြီးသည့် အချိန်မှစ၍ ရက်ပေါင်း ၆၀ အတွင်း ပါဝင်သင့် ပါဝင်ထိုက်သူများနှင့် အတူတကွ ပူးတွဲရေးသားဖော်ဆောင်ရန်။
- နိုင်ငံရေး တွေ့ဆုံ ဆွေးနွေးပွဲများကို NCA သဘောတူစာချုပ်လက်မှတ်ရေးထိုးပြီး ရက်ပေါင်း ၉၀ အတွင်း စတင်လုပ်ဆောင်ရန်။

ကျောက်ဖြူညီလာခံကျင်းပခြင်း

- နိုင်ငံတော်အစိုးရ ခွင့်ပြုချက်ဖြင့် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့တွင် ၂၀၁၄ ဧပြီ ၂၇ ရက်နေ့မှ မေလ ၁ ရက်နေ့အထိ ၅ ရက်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့သည်။
- ၎င်းညီလာခံသို့ ရခိုင်ပြည်နယ်မှ ကိုယ်စားလှယ်များ၊ အခြားသော တိုင်းဒေသကြီးနှင့်ပြည်နယ်မှ ရခိုင်လူမျိုး ကိုယ်စားလှယ်များ၊ ရခိုင်နိုင်ငံရေးပါတီ အသစ် နှင့် ပါတီအဟောင်းတို့မှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသား ကိုယ်စားလှယ်များ၊ ရခိုင်လက်နက်ကိုင်အဖွဲ့အစည်းများ၊ သံဃာတော်များ၊ အမျိုးသမီးကိုယ်စားလှယ်များ၊ လူငယ် ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရခိုင်မျိုးနွယ်စုများ၊ ပြည်တွင်းပြည်ပမှ ပညာရှင်များ၊ နိုင်ငံတော် အဆင့်ပုဂ္ဂိုလ်များ၊ သံတမန်များ၊ မီဒီယာများ၊ ဖိတ်ကြားထားသော့သည့်သည်တော်များနှင့် လေ့လာသူများ၊စုစုပေါင်း ၁၅၀၀ ခန့် တက်ရောက်ခဲ့ကြပါသည်။ အဆိုပါညီလာခံကို
- ရခိုင်ပြည်နယ်လုံခြုံတည်ငြိမ်အေးချမ်းစေရန်။
- ရခိုင်ပြည်နယ်အတွင်းငြိမ်းချမ်းရေးရရှိရန်။
- ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရန်။

ဟူသည့် ဦးတည်ချက် ၃ ရပ်ဖြင့်ကျင်းပခဲ့ပါသည်။

- ကဏ္ဍကြီး ၄ ခု၊ ခေါင်းစဉ် ၁၁ ခုခွဲ၍ ဆွေးနွေးခဲ့ကြရာတွင် ရခိုင်ခေါင်းဆောင်များသည် စစ်မှန်သည့် ပြည်ထောင်စုစနစ်ဖြင့် တည်ဆောက်ရန် ယုံကြည်ကြောင်းကို ထည့်သွင်းဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးချက်အများစုသည် ပြည်ထောင်စုမှ ခွဲထွက်ရန် ဦးတည်ခြင်းမျိုးမဟုတ်ဘဲ ပြည်ထောင်စုနှင့်ပူးပေါင်း တည်ဆောက်ရန် ဆွေးနွေး အတည်ပြုခဲ့ကြပါသည်။
- စာရေးသူကိုယ်တိုင် ညီလာခံဝိတ်ပွဲတွင် ရခိုင်ပြည်နယ်သည် မည်သည့်အခါမျှ ပြည်ထောင်စုမှ ခွဲမထွက်ဟုကြေညာခဲ့ရာ တစ်ခဲနက်ထောက်ခံခဲ့ကြပါသည်။

ဒုတိယ ဒီမိုကရေစီအစိုးရ လက်ထက် ဆောင်ရွက်ချက်

- နိုင်ငံတော်သမ္မတဦးသိန်းစိန် ဦးဆောင်သည့် အစိုးရအဖွဲ့သည် ၂၀၁၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲကို နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့ရာ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီက အနိုင်ရရှိခဲ့သည်။
- NLD ပါတီ အနိုင်ရရှိပြီးနောက်၊ ၂၀၁၆ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် ဒုတိယမြောက် ဒီမိုကရေစီ အစိုးရအဖွဲ့ကို

ဖွဲ့စည်းခဲ့သည်။ ဦးထင်ကျော်က နိုင်ငံတော် သမ္မတအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။

– NLD ပါတီအစိုးရအဖွဲ့သည် ၂၀၁၈ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်မညီသော နိုင်ငံတော် အတိုင်ပင်ခံဥပဒေကို ပြဋ္ဌာန်းကာ နိုင်ငံတော် သမ္မတ၏ရာထူးထက် ပိုမိုလုပ်ပိုင်ခွင့်များကို ဖန်တီးဆောင်ရွက်ခဲ့သည်။

– NLD ပါတီ အစိုးရအဖွဲ့သည် ပြည်ထောင်စု အစိုးရအဖွဲ့၏အထက်တွင် ဆောင်ရွက်နိုင်သော Development Assistant Corporate Unit (DACU)ကိုဖွဲ့ကာ ပြည်ထောင်စု အစိုးရအဖွဲ့၏အထက်တွင် ဦးဆောင်ယူနစ်တစ်ခုအဖြစ် ဆောင်ရွက်ခဲ့သည်။

– ပြည်ထဲရေးဝန်ကြီးဌာန၏ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနကိုပြည်ထောင်စုအစိုးရအဖွဲ့ရုံးအောက်သို့ပြောင်း ရွှေ့သွတ်သွင်းခဲ့ပြီး မြို့နယ်၊ ခရိုင်အဆင့်များတွင် ၎င်းတို့စီမံခန့်ခွဲနိုင်မည့် ပုဂ္ဂိုလ်များကိုသာ ရွေးချယ်တာဝန် ပေးအပ်ခဲ့သည်။

– ထိုဆောင်ရွက်ချက်များသည်ကြားဖြတ်ရွေးကောက်ပွဲနှင့် ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲများတွင် NLD ပါတီသည် ရပ်/ကျေး၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ် ကော်မရှင် အဆင့်ဆင့်ကို ၎င်းတို့၏ NLDအမာခံများဖြင့်အစားထိုး၍ဖွဲ့စည်းခဲ့သည်။

– တိုင်းရင်းသား ပါတီများမှ အနိုင်ရရှိသော လွှတ်တော် အမတ်များကို လက်တွဲခေါ်ယူဆောင်ရွက်ခြင်းမရှိဘဲ တိုင်းရင်းသားဒေသများတွင် ၎င်းတို့ NLD ပါတီ၏ ဝန်ကြီးချုပ်နှင့် သြဇာခံများကို ခန့်အပ်ကာ တစ်ဖက်စောင်းနင်း ဒီမိုကရေစီလမ်းကြောင်းသို့ရောက်ရှိသွားခဲ့သည်။

– ယခင် သမ္မတ ဦးသိန်းစိန် လက်ထက်၌ ငွေကြေးအကူအညီများ၊ စီးပွားရေးဆိုင်ရာ အကြံဉာဏ်များပေးရန်နှင့် ၎င်းတို့အဆိုပြုသူ တစ်ဦးကို ပြည်ထောင်စုအစိုးရအဖွဲ့ဝင်ဝန်ကြီးအဖြစ် ခန့်အပ်ပေးနိုင်ရေး ဂျော့ဆိုးရော့(George Soros)၏ ကမ်းလှမ်းချက်ကို ငြင်းပယ်ခဲ့သည်။ NLD ပါတီအစိုးရလက်ထက်တွင် ဂျော့ဆိုးရော့ (George Soros)က ထပ်မံ ကမ်းလှမ်းခဲ့ပြီး နေပြည်တော်၌ ၎င်း၏ရုံးခွဲဖွင့်လှစ်ခွင့်ပြုနိုင်ရေး အဆိုပြုမှုကိုပါ NLD ပါတီအစိုးရက လက်ခံခွင့်ပြုပေးခဲ့သည်။

– ထို့ပြင် မြန်မာနိုင်ငံတွင် ရှောင်တာနဲလ်(Sean Turnell) အပါအဝင် နိုင်ငံခြားသား အကြံပေး ပုဂ္ဂိုလ်ပေါင်း ၉၀ ကျော်ကို ခန့်အပ်ခဲ့သည်။

– မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးကိစ္စ အတွင်းရေး သတင်းအချက်အလက်များသည် ပြည်ပနိုင်ငံများဆီသို့ ရောက်ရှိသွားခဲ့သည်။

– အစိုးရ ဘတ်ဂျက်အမြောက်အမြားကို အသုံးပြုကာ မလိုအပ်ဘဲ ဂြိုဟ်တုတစ်လုံးကို လွှတ်တင် ဆောင်ရွက်ခဲ့သည်။

– မြန်မာနိုင်ငံအစိုးရပိုင် အမေရိကန် ဒေါ်လာသန်း ၁၀၀၀ ကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူခွင့်ပြုချက်မရှိဘဲ အမေရိကန်နိုင်ငံရှိ ဘဏ်တစ်ခုသို့ လွှဲပြောင်းသိမ်းဆည်းခဲ့ရာ ယခုတိုင် ပြန်လည်တောင်းဆိုရရှိခဲ့ခြင်းမရှိပေ။

– ၁၉၉၀ ခုနှစ်၌ သမ္မတ ဂိုဘာချော့ဗ်(Gorbachev) အား ၎င်းရေးသားသော “ပဲရယ် စတိုအီကာ(Perestroika)” စာအုပ်ကိုအကြောင်းပြုကာ ငြိမ်းချမ်းရေးနိုဗယ်ဆု ပေးအပ်၍ ဆိုဗီယက် ပြည်ထောင်စုကြီးကို ၁၅ ပြည်နယ်အထိ ပြိုကွဲအောင် အနောက်နိုင်ငံများက ဆောင်ရွက်ခဲ့ပါသည်။

– ဆိုဗီယက် ပြည်ထောင်စု တပ်မတော်၏ ဘတ်ဂျက်ကို လျှော့ချကာ အင်အားချိနဲ့အောင် ဆောင်ရွက်ခဲ့ကြပါသည်။

– မြန်မာနိုင်ငံတွင်လည်း ထိုလုပ်ရပ်အတိုင်းပင် NLD ပါတီ ခေါင်းဆောင်အား ငြိမ်းချမ်းရေးနိုဗယ်ဆုပေးကာ တိုင်းပြည် ၈ စိပ်ကွဲအောင် အနောက်နိုင်ငံများက စီစဉ်ထားရှိခဲ့ကြပါသည်။ တိုင်းပြည်ပြိုကွဲမှသာ တရုတ်နိုင်ငံ၏ OBOR အနောက်ထွက်ပေါက် ကျောက်ဖြူရေနက်ဆိပ်ကမ်း စီမံကိန်းများ ပျက်ပြားသွားစေရန် ဖြစ်သည်။

– ထို့ပြင်NLD အစိုးရသည် ယခင်ဘဏ္ဍာရေးနှစ် ဧပြီ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်အထိ အစား အောက်တိုဘာ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိဟု ပြောင်းလဲသတ်မှတ်ခဲ့ရာ သီးနှံဆိုင်ရာ စပါးပေါ်ချိန်များနှင့် စပ်လျဉ်း၍ အခက်အခဲများ ဖြစ်ပေါ်ခဲ့ရသည်။

– သို့ဖြစ်၍နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်၌ ယခင်ဘဏ္ဍာရေးနှစ် သက်တမ်းအတိုင်း ဖြစ်စေရန် ဖွ လ ဘဏ္ဍာရေးနှစ် သက်တမ်းဖြင့် ပြန်လည် တည့်မတ်ပေးခဲ့ရသည်။



NLD မှ ဝင်ရောက်ယှဉ်ပြိုင်မည့် ဧရာဝတီတိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းသန်းမှ မဲပုံးအနီးတွင် ထိုင်ကာ NLD အား မဲထည့်ရန် ဆော်သြ



ရပ်/ကျေး ရွေးကော်ဥက္ကဋ္ဌ ဦးကျော်မြင့်မှ လျှို့ဝှက်မဲပေးနေရာတွင် ထိုင်၍ တံဆိပ်တုံး ထုပေးနေခြင်း



NLD ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးသက်ပိုင်စိုးသည် ယင်းကဲ့သို့ မဲရုံအတွင်း ခြယ်လှယ်မှုပြုလုပ်ခဲ့ (ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးမြို့နယ်ခွဲ၊ မရမ်းကွင်းမဲရုံ)

- အများပြည်သူလူထုနှင့် တိုင်းရင်းသားများသည် NLD အစိုးရအာဏာရရှိလာပါက ဒီမိုကရေစီအပြည့်အဝ ရလိမ့်မည်ဟု မျှော်မှန်းခဲ့ကြသော်လည်း လက်တွေ့နှင့် ကွာခြားနေသဖြင့် တိုင်းရင်းသားများနှင့် ပြည်သူလူထုက နှစ်သက်မှု လျော့နည်းလာကာ ကြားဖြတ် ရွေးကောက်ပွဲများတွင် NLD ပါတီသည် မျှော်မှန်းထားသလောက်အနိုင် ရခဲ့ခြင်းမရှိပေ။
- ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲတွင် အပြတ်အသတ်အနိုင်ရရှိရေးအတွက် ရပ်/ကျေးမှအစ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အထိ ၎င်းတို့၏ သြဇာခံပုဂ္ဂိုလ်များဖြင့် အစားထိုးခန့်ထား၍ မဲမသမာမှုများကို ဆောင်ရွက်ခဲ့သည်။
- စာရေးသူကိုယ်တိုင် ဧရာဝတီတိုင်းဒေသကြီး၌ ရခိုင်တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ လက်တွေ့ကြုံတွေ့ခဲ့ရသောမဲမသာမှုမှတ်တမ်းများစွာ ရှိခဲ့သည်။
- NLD အစိုးရလက်ထက်တွင် Myanmar Peace Centre (MPC)ကို National Reconciliation and Peace Centre (NRPC) ဟု အမည်ပြောင်းကာ ယခင် ဆောင်ရွက်ခဲ့သော ဦးအောင်မင်း အဖွဲ့အား ဖျက်သိမ်း၍ ဒေါက်တာတင်မိုးဝင်းထံ လွှဲပြောင်းတာဝန် ပေးခဲ့ပါသည်။ ၂၁ ရာစုပင်လုံညီလာခံဟု အမည်ပြောင်းလဲဆောင်ရွက်၍ NCA ဦးတည်ချက်များ လမ်းလွဲသွားပြီး ငြိမ်းချမ်းရေးလမ်းစဉ် နောင့်နှေးသွားခဲ့ရသည်။
- NCA လက်မှတ်ရေးထိုးပြီး ရက်ပေါင်း ၉၀ အတွင်း ဆောင်ရွက်ရမည့် အချက်များကို မဆောင်ရွက်ခဲ့ပါ။

၂၀၂၀ ရွေးကောက်ပွဲ၊ မဲမသမာမှု ဖြစ်စဉ်များနှင့် တပ်မတော်၏ အာဏာထိန်းသိမ်းမှု

- ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို ကျင်းပခဲ့သည်။
- ရွေးကောက်ပွဲတွင် မဲစာရင်းများကြီးမားစွာ မှားယွင်းမှု၊ မဲမသမာမှု၊ ရွေးကောက်ပွဲ တရားမဲ့ပြုကျင့်မှုများဖြစ်ပွားခဲ့ပါသည်။
- မြန်မာနိုင်ငံ၌ မဲပေးပိုင်ခွင့်ရှိသူ ၃၈ ဒသမ ၂၇ သန်း ရှိရာ တရားဝင်ထုတ်ပြန်ခဲ့သော မဲစာရင်းများအပေါ် စိစစ်

ချက်များအရ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တစ်ခုတည်း ဖြင့် ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် မဲစာရင်းတွင် ပါဝင်သူများ၊ မိဘအမည်များ ကွဲလွဲနေမှုများမှာ ၅ သန်းကျော်ရှိပြီး၊ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင်ပါဝင်နေမှု၊ အသက် ၁၀၀ ကျော် လွန်နေသူများ ပါဝင်နေမှုတို့မှာ ၄ သန်းကျော်ရှိရာ စုစုပေါင်း ၁၀ ဒသမ ၄၈ သန်း ၏ စာရင်း ဇယားများ မှန်ကန်မှုမရှိဘဲ မှားယွင်းနေသည်ကို စိစစ် တွေ့ရှိခဲ့သည်။

- မဲစာရင်းစိစစ်တွေ့ရှိချက်များကို ၂၃-၁၂-၂၀၂၀ ရက်နေ့မှ ၂၈-၁-၂၀၂၁ ရက်နေ့အထိ ထုတ်ပြန်ခြင်းအကြိမ် ၃၀ ထုတ်ပြန်ကြေညာခဲ့ပါသည်။
- သဘောထားထုတ်ပြန်ချက်များ ထုတ်ပြန်ခြင်းကို ရွေးကောက်ပွဲမတိုင်မီ ၂ ကြိမ်၊ ရွေးကောက်ပွဲအပြီး ၄ ကြိမ်၊ စုစုပေါင်း ၆ ကြိမ် တရားဝင်ထုတ်ပြန်ခဲ့ပါသည်။
- မဲစာရင်း မှားယွင်းမှုများကို ဖြေရှင်းဆောင်ရွက်ပေး ရန် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်သို့ တောင်းဆိုခဲ့ သော်လည်းဖြေရှင်း ဆောင်ရွက်ပေးခြင်းမရှိသဖြင့် ဖွဲ့စည်း ပုံ အခြေခံဥပဒေ (၂၀၀၈)နှင့်အညီ ဖြေရှင်းဆောင်ရွက် ပေးရန် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခဲ့သော်လည်း ဆောင်ရွက်ပေးရန်ငြင်းဆန်ခဲ့သည်။
- ဒုတိယအဆင့်အနေဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၈၄၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၇ တို့နှင့်အညီ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီမှ လွှတ်တော်ကိုယ်စားလှယ် ၃၆ ဦး၊ ရခိုင် အမျိုးသားပါတီမှ ၄ ဦး၊ အမျိုးသားဒီမိုကရက် တစ်ပါတီမှ လွှတ်တော်ကိုယ်စားလှယ် ၁ ဦး၊ တစ်သီးပုဂ္ဂလလွှတ်တော် ကိုယ်စားလှယ် ၂ ဦး၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် ၁၆၀ ဦး၊ စုစုပေါင်းပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် ၂၀၃ ဦးတို့က ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ခေါ်ယူ၍ ဖြေရှင်းဆောင်ရွက်ပေးရန် တင်ပြ ခဲ့သော်လည်း ငြင်းဆန်ခဲ့သည်။
- နိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်တစ်ခုခုက နည်း လမ်းရှာပေးပါရန် တတိယအဆင့်အနေဖြင့် ထပ်မံ တောင်း ဆိုခဲ့ကြသည်။
- ၎င်းအဆင့်အားလုံးကို ငြင်းပယ်ခံရသည့်အတွက် "အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ" အစည်း အဝေးခေါ်ယူ၍ တွေ့ဆုံဆွေးနွေးပေးပါရန်နှစ်ကြိမ်တိုင် တိုင် တင်ပြခဲ့သည်။
- တပ်မတော်သည် မဲစာရင်းမှားယွင်းမှုများနှင့် စပ် လျဉ်း၍ ဖြေရှင်းပေးရန် အကြိမ်ကြိမ် တောင်းဆိုခဲ့သော် လည်း ယခင်နိုင်ငံတော်သမ္မတ၊ ယခင်ပြည်ထောင်စု လွှတ်တော်နှင့် ယခင်ပြည်ထောင်စုအစိုးရတို့က တစ်စုံ တစ်ရာ ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိခဲ့ပေ။
- ရွေးကောက်ပွဲတွင် မဲမသမာမှုများကြီးမားစွာဖြစ်ပွား နေပြီး အဆိုပါ ပြဿနာများကို မှန်ကန်စွာ ဖြေရှင်းခြင်း မပြုပါကနိုင်ငံတော်၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှု ဖြစ်စဉ်တွင် အခက်အခဲများ ဖြစ်ပေါ်လာစေမည်ဖြစ်၍ အခြေအနေကို ထိန်းသိမ်းနိုင်ရန် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ အခြေခံမူ ၄၀(ဂ)နှင့် အညီ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပုဒ်မ ၄၁၇ အရ အရေးပေါ်အခြေအနေ ကြေညာ ပြီး ပုဒ်မ ၄၁၈၊ ပုဒ်မခွဲ(က)အရ နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာတို့ကို တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထံ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် လွှဲအပ်တာဝန် ပေးအပ်ခဲ့သည်။
- တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ နိုင်ငံတော် စီမံ အုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်း၍ တာဝန်ပေးအပ်ခဲ့သည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက် ဥပဒေ ပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဥပဒေ ပြုရေး တာဝန်များကို ဆောင်ရွက်ပါသည်။
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံရေး၊ အမျိုးသားရေး ရည်မှန်းချက်များကို ချမှတ်ခဲ့ပြီး ၎င်း ရည်မှန်းချက်များ အောင်မြင်နိုင်ရေးအတွက် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်အထိ ရှေ့လုပ်ငန်းစဉ် ၅ ရပ် ၊ ဦးတည်ချက် ၁၂ ရပ်ကို ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၂၃ ခုနှစ်၊ ဩဂုတ် ၁ ရက်မှစပြီး ပြောင်းလဲဖြစ်ပေါ်လာသော အခြေအနေများ အရ ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် ဦးတည်ချက် ၉ ရပ်ကို ပြောင်းလဲချမှတ်၍ စီမံအုပ်ချုပ်ခဲ့ပါသည်။

– တိုင်းဒေသကြီး/ပြည်နယ်များ၏ အုပ်ချုပ်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဝန်ကြီးချုပ်များနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများကို ခန့်အပ်၍ အုပ်ချုပ်ခဲ့သည်။ တိုင်းရင်းသားရေးရာဝန်ကြီး ၁၄ ပါးခန့်အပ်ပြီး တိုင်းဒေသကြီး/ပြည်နယ်တစ်ခုလျှင်တစ်ဦးကျစီဖြင့် တိုင်းရင်းသားရေးရာကိစ္စများကို ဆောင်ရွက်စေပါသည်။

– တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီများကို ဖွဲ့စည်း၍အုပ်ချုပ်ရေးကို ဆောင်ရွက်ခဲ့သည်။

– နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ၂၀၁၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တရားစီရင်ရေးအာဏာခင် တရားသူကြီးချုပ် နှင့်တရားသူကြီးအဖွဲ့ဝင်များအား ဆက်လက် တာဝန်ပေးခဲ့ပါသည်။

– တိုင်းဒေသကြီး/ ပြည်နယ် တရားသူကြီးချုပ်နှင့် တရားသူကြီး အဖွဲ့ဝင်များကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက ခန့်အပ်တာဝန်ပေးအပ်ခဲ့ပါသည်။

– တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်၏ ကြီးကြပ်မှုအောက်မှ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများကို အဆင့်ဆင့် ကြီးကြပ်ကွပ်ကဲကာ စစ်ဆေးစီရင်ဆုံးဖြတ်ပါသည်။

– တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်၏ ကြီးကြပ်မှုအောက်၌ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများကို ထားရှိကွပ်ကဲ၍ စီရင်ပိုင်ခွင့်အာဏာများကိုခွဲဝေအပ်နှင်းထားသည်။

– ၁-၂-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော် သမ္မတရုံး ၏ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်၊ အမိန့်အမှတ် (၁/၂၀၂၁)ဖြင့် အောက်ဖော်ပြပါ ရှေ့လုပ်ငန်းစဉ် ၅ ရပ် ချမှတ်ဆောင်ရွက်ခဲ့ပါသည်-

(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(ခ) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(ဂ) COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ် နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံး ကုစားသွားမည်။

(ဃ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိစေရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

(င) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့် အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်။

ဦးတည်ချက် (၁၂)ရပ်ကိုလည်း အောက်ပါအတိုင်း ချမှတ်ဆောင်ရွက်ခဲ့သည် –

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီ နှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက်တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်းအလေးထား လုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့်လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့်

ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင် ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန် အစားထိုးရန်နှင့် ပို့ကုန် မြှင့်တင်နိုင်ရေးဒေသထွက် ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေး လုပ်ငန်းများ(MSME)များကိုရေရှည် အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်။

၃။ လူမှုရေး

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ် သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေး စိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ် ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေး စောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင် တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့်ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုး တိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ် နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

– နိုင်ငံ့အာဏာအရပ်ရပ်ကို ဖွဲ့စည်းပုံ အခြေခံ ဥပဒေနှင့်အညီ ခေတ္တထိန်းသိမ်းရာတွင် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်အထိ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၁၂)ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော်လည်း ၂၀၂၃ ခုနှစ်၊ ဩဂုတ် ၁ ရက်မှစပြီး ပြောင်းလဲ ဖြစ်ပေါ်လာသော အခြေအနေများအရ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်ကို ပြောင်းလဲချမှတ် အကောင်အထည် ဖော်လျက်ရှိရာ ယခင် ရှေ့လုပ်ငန်းစဉ်(၅)ရပ်တွင် ဖြစ်ပေါ်နေသော မဲမသမာမှုဆိုင်ရာများ ဖြေရှင်းရန်ကိစ္စ၊ ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ကုသ၊ ထိန်းချုပ်ရန် ကိစ္စနှင့် ကိုဗစ်-၁၉ ရောဂါကြောင့်ယိုင်နဲ့နေသောစီးပွားရေးကိုပြန်လည်တည့်မတ်ရန် ဆိုသည့် အချက်(၃)ချက်မှာ ဖြေရှင်းဆောင်ရွက်ပြီးဖြစ်၍ အချိန်အခါနှင့်ကိုက်ညီသည့် တစ်နိုင်ငံလုံး အတိုင်းအတာ အရလုံခြုံရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး ဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ရန်အတွက်လည်းကောင်း၊ ပြည်သူတို့၏ လူမှုစီးပွားဘဝမြင့်မားရေးတို့အတွက် လည်းကောင်း၊ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံ ဒီမိုကရေစီ စနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းတို့ကို ဆောင်ရွက်ရန်အတွက်လည်းကောင်း စသည့် အချက်(၃)ချက်ဖြင့် အစားထိုးပြင်ဆင်လျက် ငြိမ်းချမ်းရေးဆိုင်ရာနှင့် အထွေထွေရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များကိုမူ နိုင်ငံတော်၏ မူလရည်မှန်းချက်အတိုင်း ရှေ့လုပ်ငန်းစဉ်၌ ထည့်သွင်း၍ အောက်ပါအတိုင်း ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည် –

ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့်ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွား မြင့်မားရေးနှင့်

ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသောပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအားနိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်။

ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက်တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်းအလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွား ဘဝလုံခြုံရေးအတွက် ပြည်ထောင်စု တစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကိုအားပေးဆောင်ရွက်ကာပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဃ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင် သည်အထိကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ၊ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များ ဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

– နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ကို ပြန်လည်တည့်မတ် ကောင်းမွန်လာစေရန်

အတွက် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်ကို ချမှတ်၍ အားသွန် ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူများ၏ အကျိုးစီးပွားပျက်ပြားစေရန် တစိုက်မတ်မတ် ကြံစည် အားထုတ် ဆောင်ရွက်နေကြသည့် အကြမ်းဖက် အဖျက် သမားများကို ရှင်းလင်းဖယ်ရှားပြီး တိုင်းပြည်တည်ငြိမ် အေးချမ်းအောင်လည်း ကြိုးပမ်း ဆောင်ရွက်လျက် ရှိသည်။

– NUG၊ CRPH၊ PDF အမည်ခံ အကြမ်းဖက်များသည် နိုင်ငံတစ်ဝန်းအကြမ်းဖက်မှုများကို လုပ်ဆောင်လာခဲ့ကြပြီး ၎င်းတို့နှင့် ခံယူချက် သဘောထား အမြင်ချင်း မတူညီသူများ၊ မထောက်ခံသူများကို ဒလန်ခေါင်းစဉ်တပ်၍ ရက်ရက်စက်စက် သတ်ဖြတ်ခြင်း၊ အပြစ်မဲ့ ပြည်သူများကို ညှင်းပန်းနှိပ်စက် သတ်ဖြတ်ခြင်းများ၊ ၎င်းတို့အလိုကျ ပူးပေါင်းဆောင်ရွက် မပြုသည့် မြို့ရွာများကို မီးရှို့ဖျက်ဆီးခြင်း၊ နိုင်ငံပိုင် အဆောက်အအုံ၊ လမ်း၊ တံတား၊ ယာဉ်နှင့် လျှပ်စစ် တာဝါတိုင်များကို မိုင်းထောင်ဖျက်ဆီးခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

– ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၅ ခုနှစ် ဧနနဝါရီလအထိ စာရင်းအရ NUG နှင့် PDF အမည်ခံ အကြမ်းဖက် သမားများ၏ နိုင်ငံတစ်ဝန်း အကြမ်းဖက် တိုက်ခိုက်မှုကြောင့် ရဟန်း/ သံဃာ ၈၄ ပါး၊ သီလရှင် နှစ်ပါးနှင့် အပြစ်မဲ့ပြည်သူ/နိုင်ငံ့ဝန်ထမ်း ၇၆၆၇ ဦး သေဆုံးခဲ့ရသည်။

– ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၃၁ ရက်အထိ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ခေတ်တွင် ဥပဒေအရေအတွက် စုစုပေါင်း ၂၈၈ ခုကို အောက်ပါအတိုင်း ပြဋ္ဌာန်းခဲ့ပါသည်–

ခုနှစ်	ပြဋ္ဌာန်း ဥပဒေ ပေါင်း*	၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၁ ရက်အထိ							
		ဧယား ၁ ဥပဒေ	ဧယား ၂ ဥပဒေ	ရှုပ်သိမ်း/ ပျက်ပြယ်	တည်ဆဲ လက်ကျန်	မူရင်း ဥပဒေ	ပြင်ဆင် ချက် ဥပဒေ	ယင်းဥပဒေများ ဖြင့်	
								ရှုပ်သိမ်း	ပျက်ပြယ်
၂၀၂၁	၆၃	၂၀	၄၃	-	၆၃	၃၃	၃၀	-	-
၂၀၂၂	၄၉	၁၉	၃၀	-	၄၉	၃၇	၁၂	၄	-
၂၀၂၃	၅၆	၁၂	၄၄	-	၅၆	၅၀	၆	၆	၃
၂၀၂၄	၂၂	?	?	-	၂၂	?	?	?	?
၂၀၂၅	၄၈	?	?	-	၄၈	?	?	?	?
စုစုပေါင်း	၂၈၈	?	?	-	၂၈၈	?	?	?	?

* အခြေခံဥပဒေ ဧယား ၁ ဥပဒေများနှင့် ဧယား ၂ ဥပဒေများကို ပေါင်း၍ ဥပဒေအမှတ်စဉ် တပ်သည်။

– အထက်ပါစာရင်းတွင် တစ်နှစ်တစ်ကြိမ် ပြဋ္ဌာန်းကျင့်သုံးသော Budget ဥပဒေနှင့် စီမံကိန်းဥပဒေများ မပါဝင်ပါ။

– ၂၀၂၃ စာရင်း မထွက်ရှိသေးသဖြင့် Up to Date စာရင်း ဖော်ပြနိုင်ခြင်း မရှိသေးပါ။

မိုခါ(MOCHA)မုန်တိုင်း ဘေးအန္တရာယ်အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်ချက်များ

– ၂၀၂၃ ခုနှစ် မေလ ၁၄ ရက် နံနက်ပိုင်းမှစ၍ မိုခါမုန်တိုင်းသည် ရခိုင်ပြည်နယ်၊ စစ်တွေမြို့အနီးမှ ဖြတ်သန်းဝင်ရောက် တိုက်ခတ်ခဲ့ရာ မုန်တိုင်းတိုက်ခတ်ပြီးချိန်မှစ၍ ကူညီကယ်ဆယ် ရှာဖွေရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေး၊ ထောက်ပံ့ရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ကြရသည်။

– မုန်တိုင်းတိုက်ခတ်ပြီးနောက်တစ်နေ့၌စစ်တွေမြို့သို့ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သွားရောက်ခဲ့ပြီး လိုအပ်သည့် လမ်းညွှန်မှုများနှင့် အတူ ရခိုင်ပြည်နယ်မုန်တိုင်းသင့်ဒေသများအတွက်လျှပ်ဒါန်းငွေများပေးအပ်ခဲ့သည်။

– အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ပေါင်းစပ်ညှိနှိုင်းမှုဖြင့်သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများနှင့် မုန်တိုင်းဒဏ်သင့် ဒေသများအတွက် အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေး ပစ္စည်းများကို ပေးပို့ ဆောင်ရွက်ခဲ့ပါသည်။

– မိုခါမုန်တိုင်းဒဏ်သင့် ရခိုင်ဒေသ ပြန်လည် ထူထောင်ရာ၌ ရခိုင်ပြည်နယ်၏ ပျက်စီးမှုများကို နဂိုမူလထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးခဲ့ပြီး ၂၄ နာရီ လျှပ်စစ်မီးရရှိရေးနှင့် ဆက်သွယ်ရေးလိုင်းများ ကောင်းမွန်စေရေး အစရှိသည်တို့ကိုလည်း ဆောင်ရွက်ပေးခဲ့ပါသည်။

မန္တလေးငလျင်ကြီး လှုပ်ခတ်ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်ချက်များ

– ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့က လှုပ်ခတ်ခဲ့သည့် အင်အား ရစ်ချ်တာစကေး ၇.၇ အဆင့်ရှိ မန္တလေးငလျင်ကြီးကြောင့် သေဆုံးသူ (၃၇၃၉)ဦး၊ ထိခိုက်ဒဏ်ရာရသူ (၅၂၀၄)ဦး၊ ပျောက်ဆုံးနေသူ (၆၈)ဦး ရှိခဲ့ရာ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ငလျင်လှုပ်ခတ်ပြီးပြီးချင်း၌ပင် ကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေးလုပ်ငန်းများတွင် ပြည်တွင်း/ပြည်ပမှ အကူအညီများ ပေးအပ်နိုင်ရန် ဖိတ်ခေါ်ကမ်းလှမ်းခဲ့ပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို စတင် ဆောင်ရွက်ခဲ့သည့်အပြင် နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး

NCA လက်မှတ်ရေးထိုးထားပြီးဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များထဲမှ ၇ ဖွဲ့၊ လက်မှတ်မရေးထိုးထားရသေးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များထဲမှ ၃ ဖွဲ့၊ စုစုပေါင်း ၁၀ ဖွဲ့တို့နှင့် တွေ့ဆုံဆွေးနွေးနိုင်ခဲ့သည်။

ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် ငြိမ်းချမ်းရေး ဆောင်ရွက်ချက်များ

– နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များနှင့် ဆွေးနွေးနိုင်ရေး ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့ပါသည်။

– NCA လက်မှတ် ရေးထိုးထားပြီး ဖြစ်သည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များထဲမှ ၇ ဖွဲ့၊ လက်မှတ်မရေးထိုးထားရသေးသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များထဲမှ ၃ ဖွဲ့၊ စုစုပေါင်း ၁၀ ဖွဲ့တို့နှင့် တွေ့ဆုံဆွေးနွေးနိုင်ခဲ့သည်။

– အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအနေဖြင့် NCA လက်မှတ်ထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ၉၁ ကြိမ်၊ NCA လက်မှတ် ရေးထိုးထားခြင်းမရှိသေးသည့် အဖွဲ့များနှင့် ၂၅ ကြိမ်၊ နိုင်ငံရေးပါတီများနှင့် ၂၂ ကြိမ်၊ ငြိမ်းချမ်းရေး အကျိုးဆောင်အဖွဲ့များနှင့် ၁၃ ကြိမ် တွေ့ဆုံဆွေးနွေးခဲ့သည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့တွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက လွတ်ငြိမ်းချမ်းသာခွင့် (၁)ကြိမ်၊ စုစုပေါင်း (၁၅)ကြိမ်တိုင်တိုင် လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ပါသည်။

– ၂၀၂၅ ခုနှစ်အတွင်း ငြိမ်းချမ်းရေးစကားဝိုင်း (Peace Talk) တစ်ကြိမ်၊ ငြိမ်းချမ်းရေး ဆွေးနွေးပွဲ (Peace Forum) တစ်ကြိမ်တို့ကို ကျင်းပဆောင်ရွက်ခဲ့သည်။

– နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့အထိ လွတ်ငြိမ်းချမ်းသာခွင့် အကြိမ်ပေါင်း (၁၄) ကြိမ် ပေးခဲ့ပြီး ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့တွင် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီက လွတ်ငြိမ်းချမ်းသာခွင့် (၁)ကြိမ်၊ စုစုပေါင်း (၁၅)ကြိမ်တိုင်တိုင် လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီသည် မိမိ ဆောင်ရွက်ချက်များ အတိုင်းအတာတစ်ခုထိ အောင်မြင်ပြီးစီးပြီဖြစ်၍ နိုင်ငံတော်အာဏာ လွှဲအပ်ဆောင်ရွက်စေခဲ့သည့် အမိန့်အားပယ်ဖျက်ခြင်း

– ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၇နှင့် ၄၁၈ အရ အရေးပေါ် အခြေအနေကြေညာ၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်ဆောင်ရွက်စေသည့်ကိစ္စနှင့် စပ်လျဉ်း၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအား ပေးအပ်ထားသည့်တာဝန်ပြီးမြောက်အောင် ဆောင်ရွက်ပြီးဖြစ်ကြောင်း တင်ပြသည့်အစီရင်ခံစာကို လက်ခံရရှိပြီးဖြစ်သဖြင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာ လွှဲအပ်ဆောင်ရွက်စေခဲ့သည့် နိုင်ငံတော် သမ္မတရုံး၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်စွဲပါ အမိန့်အမှတ်၊ ၁/၂၀၂၁ ကို ပယ်ဖျက်ခဲ့သည်။

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင် ဖွဲ့စည်းခြင်း

– အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကိုကျင့်သုံးနေစဉ်ကာလအတွင်း နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် အေးချမ်းသာယာရေး၊ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးတို့အတွက် လိုအပ်သည့် လမ်းညွှန်မှုများပြုလုပ်နိုင်ရန်နှင့်ထိရောက်စွာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဥက္ကဋ္ဌ အဖြစ်ပါဝင်သည့် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ကို အောက်ပါအတိုင်း ဖွဲ့စည်းခဲ့သည် –

(၁) ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
ဥက္ကဋ္ဌ
ယာယီသမ္မတ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

(၂) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း
ဒုတိယ ဥက္ကဋ္ဌ
ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်

(၃) ဦးညီစော
အဖွဲ့ဝင်
နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အမျိုးသားစီမံကိန်းဝန်ကြီးဌာန၊
ပြည်ထောင်စုဝန်ကြီး

(၄) ဦးအောင်လင်းဒွေး
အဖွဲ့ဝင်
အမှုဆောင်ချုပ်
အမျိုးသာကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး

(၅) ဗိုလ်ချုပ်ကြီးမောင်မောင်အေး
အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး၊
ကာကွယ်ရေးဝန်ကြီးဌာန။

(၆) ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်
အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထဲရေးဝန်ကြီးဌာန။

(၇) ဦးသန်းဆွေ
အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး၊
နိုင်ငံခြားရေးဝန်ကြီးဌာန။

(၈) ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်
အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး၊
နယ်စပ်ရေးရာဝန်ကြီးဌာန။

(၉) ဗိုလ်ချုပ်ကြီးကျော်စွာလင်း
အဖွဲ့ဝင်
ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)

(၁၀) ဗိုလ်ချုပ်ကြီးရဲဝင်းဦး
အတွင်းရေးမှူး
တွဲဖက်အမှုဆောင်ချုပ်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

– နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် အေးချမ်းသာယာရေး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက် (၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)တွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ဦးတည်ချက်(၄)ရပ်ကို အောက်ပါအတိုင်းချမှတ်၍ ဆောင်ရွက်လျက်ရှိသည်–

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန် စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေး ကဏ္ဍစဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက် ခိုင်မာစေရေးအတွက်အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ လုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်း ပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။

– ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှ ယနေ့ (၁၁-၉-၂၀၂၅) အထိ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီခေတ်တွင် ပြင်ဆင်ချက် ဥပဒေ ၂ ခုကို ပြဋ္ဌာန်းခဲ့ပါသည်။

ခုနှစ်	ပြဋ္ဌာန်းဥပဒေပေါင်း	၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၁ ရက်မှ ယနေ့အထိ							
		စီးပွားရေး ဥပဒေ	စီးပွားရေး ဥပဒေ	ရပ်ဝန်းဖံ့ဖြိုးရေး/ယှဉ်ပြိုင်မှု	တည်ဆဲ လက်မှတ်ဥပဒေ	ဘဏ္ဍာရေး ဥပဒေ	ပြည်ထောင်စုဆိုင်ရာ ဥပဒေ	ယင်း ဥပဒေများဖြင့်	
								ရပ်ဝန်းဖံ့ဖြိုးရေး	ယှဉ်ပြိုင်မှု
၂၀၂၅	၂	၂	–	–	၂	–	၂	–	–
စုစုပေါင်း	၂	၂	–	–	၂	–	၂	–	–

“ကမ္ဘာ့အဏုမြူ သီတင်းပတ်ဖိုရမ်–၂၀၂၅ (World Atomic week forum–2025)”သို့ တက်ရောက်ရန် အလုပ်သဘော ခရီးစဉ်အဖြစ် သွားရောက်ခဲ့ပြီး အဏုမြူစွမ်းအင်ကို လူသားအကျိုးပြုလုပ်ငန်းများ၌ အသုံးပြုနိုင်ရေး အမြင်ချင်းဖလှယ်နိုင်ခဲ့သည့်အပြင် ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များ တိုးမြှင့်ဆောင်ရွက်နိုင်ရန် ဆွေးနွေးခဲ့ကြသည်။

နိုင်ငံ့အကျိုးပြုဆောင်ရွက်ချက်များ

– အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မြန်မာ နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၄ နိုင်ငံအား သွင်းကုန်ခွန် တိုးမြှင့်စည်းကြပ်ထားမှုနှင့် စပ်လျဉ်းသည့် သဝဏ်လွှာ/အကြောင်းကြားစာများကို ဇူလိုင် ၇ ရက်နေ့တွင် ပေးပို့ခဲ့ရာ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ထံ ညှိနှိုင်းပြန်ကြားသည့် သဝဏ်လွှာ/အကြောင်းကြားစာကို ဇူလိုင် ၉ ရက်နေ့တွင် ပေးပို့ခဲ့ပြီး အဆိုပါညှိနှိုင်းပြန်ကြားသည့်စာတွင် မြန်မာနိုင်ငံ၏ပကတိ အခြေအနေမှန်များကို ကမ္ဘာက သိရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

– တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ H.E. Mr. Xi Jinping ၏ ဖိတ်ကြားမှုအရ တရုတ်နိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် ရုန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025 Plus) နှင့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ် ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြ အခမ်းအနားများသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြသည်။

– ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်သမ္မတရှိကျင့်ဖျင်၊ အိန္ဒိယဝန်ကြီးချုပ် မိုဒီ၊ လာအိုသမ္မတ သောင်လွန်းအပါအဝင် နိုင်ငံခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၌ ယခုနှစ် ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ရာ ၎င်းတို့အနေဖြင့် ထောက်ခံကြိုဆိုခဲ့ပြီး အောင်မြင်ရန် ဆန္ဒပြုပြောကြားခဲ့ကြသည်။

– ရုန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့သည် ကမ္ဘာကြီး၏တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် အဖွဲ့အစည်းဖြစ်ပြီး မကြာမီကာလအတွင်း မြန်မာနိုင်ငံအနေဖြင့် SCO အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံ ဖြစ်လာရန် မျှော်မှန်းထားသည်။

– ထို့ပြင်အမေရိကန်ပြည်ထောင်စုအနေဖြင့်မြန်မာပြည်သူများနှင့် ထိတွေ့ဆက်ဆံမှု မြှင့်တင်ရန်အတွက် ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၁ရက်နေ့တွင် သံရုံး ဒုတိယအကြီးအကဲ ဒေါက်ဂလက်စ်အီးဆောန်နစ်ခ်ကို ခန့်အပ်၍ နှစ်နိုင်ငံ သံတမန် ဆက်ဆံရေး ပြန်လည်ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံ၏ အနာဂတ်သည် တည်ငြိမ်အေးချမ်း၍ ဖွံ့ဖြိုးတိုးတက်ရန် ရောင်နီသန်းလာပြီဖြစ်သည်။

– ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E Vladimir Vladimirovich Putin ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင် စက်တင်ဘာလ ၂၅ ရက်နေ့၌ ကျင်းပပြုလုပ်မည့် “ကမ္ဘာ့အဏုမြူ သီတင်းပတ် ဖိုရမ်–၂၀၂၅(World Atomic week forum–2025)”သို့ တက်ရောက်ရန် အလုပ်သဘော ခရီးစဉ်အဖြစ် သွားရောက်ခဲ့ပြီး အဏုမြူစွမ်းအင်ကို လူသားအကျိုးပြုလုပ်ငန်းများ၌ အသုံးပြုနိုင်ရေး အမြင်ချင်းဖလှယ်နိုင်ခဲ့သည့်အပြင် ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များ တိုးမြှင့်ဆောင်ရွက်နိုင်ရန် ဆွေးနွေးခဲ့ကြသည်။

အလားတူပင် ကာဇက်စတန်နိုင်ငံ သမ္မတ H.E Mr.

Kassym-Jomart Tokayev ၏ ဖိတ်ကြားချက်အရ ကာဇက်စတန်နိုင်ငံသို့ အလုပ်သဘောခရီးစဉ်အဖြစ် သွားရောက်ခဲ့ပြီးကုန်သွယ်ရေးနှင့်ကူးသန်းရောင်းဝယ်ရေးကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ ကုန်ပစ္စည်းများသယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့်သတ္တုတူးဖော်ရေးကဏ္ဍ၊ မြန်မာနိုင်ငံ၏နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုကဏ္ဍတို့အပါအဝင် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

ကာဇက်စတန်နိုင်ငံသို့ အလုပ်သဘောခရီးစဉ်သွားရောက်ခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာလာသည့် ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များ လိုက်ပါလာသည့်အထူးလေယာဉ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူမင်းမြို့၊ ကူမင်းလေဆိပ်၌ ခေတ္တရပ်နားစဉ် တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ပါတီကော်မတီ အမြဲတမ်းကော်မတီ အဖွဲ့ဝင်၊ ယူနန်ပြည်နယ်ပါတီကော်မတီ၏ နိုင်ငံရေးနှင့် ဥပဒေရေးရာကော်မရှင်အတွင်းရေးမှူး Mr. Hu Dapeng နှင့် တွေ့ဆုံ၍ တရုတ်-မြန်မာနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းမှု ထိန်းသိမ်းရေးအတွက် နှစ်နိုင်ငံအပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ နယ်စပ်ဖြတ်ကျော် မှုခင်းနှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံပြည်သူနှစ်ရပ်ကြားအကျိုးရှိစေမည့်ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့် ကိစ္စရပ်များ နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြပါသည်။

အထက်ဖော်ပြပါ ခရီးစဉ်ရလဒ်များသည် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ နိုင်ငံတော်အတွက် အထူးအကျိုးရှိသော ဆောင်ရွက်ချက်များပင် ဖြစ်သည်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကျင်းပမည့် အပိုင်းလိုက်နေ့ရက်များ သတ်မှတ်ကြေညာခြင်း

– လွတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက် (၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်)

တရုတ်-မြန်မာနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းမှု ထိန်းသိမ်းရေးအတွက် နှစ်နိုင်ငံ အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ နယ်စပ်ဖြတ်ကျော် မှုခင်းနှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံပြည်သူနှစ်ရပ်ကြား အကျိုးရှိစေမည့်ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြပါသည်။

တနင်္ဂနွေနေ့တွင် စတင်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းနှင့် ဆက်လက်ကျင်းပပြုလုပ်မည့် အပိုင်းလိုက် နေ့ရက်များကိုလည်း ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်အမှတ်(၅၅/၂၀၂၅) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

ကျင်းပပြုလုပ်မည့်ရွေးကောက်ပွဲစနစ်

– ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ ပါဝင်သည့် မဲဆန္ဒနယ်များအား စက်တင်ဘာလ ၁၄ ရက်နေ့၌ ထုတ်ပြန်ကြေညာခဲ့ရာ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်တို့ ပါဝင်သည်။

အဆိုပါဥပဒေအရ ရွေးကောက်ပွဲကို အလုံးစုံဖြစ်စေ၊ တစ်စိတ်တစ်ဒေသမျှပင်ဖြစ်စေ ပျက်ပြားစေရန်အတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြုမူပြောဆိုမှုများကို မပြုကြရန် တားမြစ်ထားသည်။

ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ ပြဋ္ဌာန်းခြင်း

- ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၄၈/၂၀၂၅ ဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေကို ပြဋ္ဌာန်းခဲ့သည်။
- ယင်းဥပဒေတွင် အခန်း ၈ ခန်း၊ ပုဒ်မ ၃၂ ခု ပါရှိပါသည်။
- ရွေးကောက်ပွဲတွင် မဲပေးကြမည့် မဲဆန္ဒရှင်များ၊ မဲရုံနှင့် ရွေးကောက်ပွဲကော်မရှင်တို့တွင် တာဝန်ထမ်းဆောင်ကြသူများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ မဲလက်မှတ်၊ မဲပုံး၊ မဲပေးစက်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများ၊ မဲရုံအဆောက်အအုံ၊ ရွေးကောက်ပွဲကော်မရှင်ရုံးအဆောက်အအုံများ စသည်တို့ကို ဥပဒေဖြင့် အကာအကွယ်ပေးထားခြင်းဖြစ်သည်။
- အဆိုပါဥပဒေအရ ရွေးကောက်ပွဲကို အလုံးစုံဖြစ်စေ၊ တစ်စိတ်တစ်ဒေသမျှပင်ဖြစ်စေ ပျက်ပြားစေရန်အတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြုမူပြောဆိုမှုများကို မပြုကြရန် တားမြစ်ထားသည်။
- ဥပဒေပါတားမြစ်ချက်များကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ကျူးလွန်သည့် ပြစ်မှုများအလိုက် ကျခံရမည့် ပြစ်ဒဏ်များမှာ ထောင်ဒဏ် အနည်းဆုံး သုံးနှစ်မှသည်နှစ်ရှည်ထောင်ဒဏ်၊ ထောင်ဒဏ် တစ်သက်နှင့် အကြီးလေးဆုံး ပြစ်ဒဏ်အဖြစ် သေဒဏ်အထိ ပြဋ္ဌာန်းထားသည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများ ကျင်းပမည့်ရက်ကို ထုတ်ပြန်ကြေညာသည့် ၂၀၂၅ ခုနှစ်၊ သြဂုတ်လ ၁၈ ရက် (တနလာ်နေ့)မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၂၀ နှင့် ၁၂၁ တို့ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီလျှင် ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများကို လည်းကောင်း၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း၊ ဆောင်ရွက်ခွင့်ရှိကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်က ကြေညာချက်အမှတ် (ဖခ/၂၀၂၅) ဖြင့် ၂၁-၈-၂၀၂၅ ရက်နေ့၌ ထုတ်ပြန်ကြေညာခဲ့ပါသည်။
- နိုင်ငံရေးပါတီ အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများက မဲဆန္ဒနယ်အသီးသီးတွင် မဲဆွယ်စည်းရုံးမှုများ ဆောင်ရွက်နေကြပြီ ဖြစ်ပါသည်။

ပြည်ထောင်စုအကျိုးအတွက်ထပ်မံဖိတ်ခေါ်ခြင်း

- အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က ၉-၉-၂၀၂၅ ရက်စွဲဖြင့် PDF အမည်ခံများ အပါအဝင် လက်နက်ကိုင်အုပ်စုများအနေဖြင့်ဒီမိုကရေစီ နှင့် ဖက်ဒရယ် စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေးကို မျှော်မှန်းကာ ဥပဒေဘောင်

နိုင်ငံရေးပါတီ အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများက မဲဆန္ဒနယ်အသီးသီးတွင် မဲဆွယ်စည်းရုံးမှုများ ဆောင်ရွက်နေကြပြီ ဖြစ်ပါသည်။

အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေးပြည်ထောင်စုအကျိုးအတွက်နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်လက်တွဲ၍ နိုင်ငံတော်အကျိုး၊ ဒေသအကျိုးကိုဖော်ဆောင်ရန်ဆန္ဒရှိပါကနိုင်ငံတော်အစိုးရနှင့်တပ်မတော်က ကြိုဆိုလက်ခံမည်ဖြစ်ပြီးတစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ နိုးစပ်ရာတပ်စခန်းများ၊ ဒေသအာဏာပိုင်များထံ ဆက်သွယ် ညှိနှိုင်းဆောင်ရွက်နိုင်ပါကြောင်း ကြေညာချက်ထုတ်ပြန်၍ ထပ်မံဖိတ်ခေါ်ခဲ့ပါသည်။

ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူ အားလုံး မဲပေးနိုင်ရန် အရေးကြီး


– ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲသည်နိုင်ငံနှင့်ပြည်သူများအတွက် အရေးကြီးသည့် ရွေးကောက်ပွဲဖြစ်ရာ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်အတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အားလုံး မဲပေးနိုင်ရေးသည်လည်း အရေးကြီးလှပေသည်။

– လွတ်တော်သည် ဥပဒေပြုသည့်သူများ၏ နေရာဖြစ်သဖြင့် အခြေခံအားဖြင့် ပညာရေးကောင်းမွန်ပြီး စဉ်းစားဆင်ခြင်နိုင်စွမ်း ကောင်းမွန်သည့်သူများဖြစ်ရန် လိုအပ်မည်ဖြစ်ရာ မဲဆန္ဒရှင်များအနေဖြင့် နိုင်ငံတော်အကျိုးကို ရှေးရှု၍ စိတ်ရင်းစေတနာမှန်ဖြင့် ဆောင်ရွက်ပေးနိုင်မည့် ပညာရည်မြင့်မားသော စဉ်းစားဆင်ခြင်နိုင်မှုစွမ်းရည်ထက်မြက်သောပါတီနှင့်လွတ်တော်ကိုယ်စားလှယ်လောင်းများကို ရွေးချယ်ကာ မိမိတို့၏ အသည်းကြားက မဲတစ်ပြားဖြင့် ဆန္ဒပြုရွေးချယ်ပေးကြပါစေကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

ဝဏ္ဏကျော်ထင်ဇော်အေးမောင်

ကျမ်းကိုးစာရင်း

- ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့က နေပြည်တော် ဇေယျာသီရိဗိမာန် ရေခဲတောင်ခန်းမ၌ ကျင်းပပြုလုပ်သည့် "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဂုဏ်ပြုတွေ့ဆုံပွဲအခမ်းအနား"၌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်။
- ၁၇-၈-၂၀၂၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ "ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှကာကွယ်"ခေါင်းစဉ်ဖြင့်ရေးသား ဖော်ပြထားသည့် အယ်ဒီတာ့အာဘော်။
- ၂၆-၁၁-၂၀၂၃ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ မောင်ရွှေရိုး ရေးသားသည့်" မြန်မာနိုင်ငံတွင် ကျင်းပခဲ့သော ရွေးကောက်ပွဲများနှင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်"ဆောင်းပါးမှ။
- ဒေါက်တာသန်းထွန်း၊ ခေတ်ဟောင်းမြန်မာရာဇဝင်။
- ယဉ်ကျေးမှုဝန်ကြီးဌာန၊ မြန်မာသမိုင်းသုတေသနစာစောင်များ
- ဦးသန်းမောင်(စစ်တွေ)၊ တရားလွှတ်တော်ရှေ့နေ၊ မြန်မာနိုင်ငံ၏ ခေတ်အလိုက် ပြဋ္ဌာန်းခဲ့သော ဥပဒေများ အရေအတွက်စာရင်း။
- ယဉ်ကျေးမှုဝန်ကြီးဌာန၊ မြန်မာသမိုင်း သုတေသနစာစောင်များ။
- သန်းစိုးအောင်၊ မောင်တို့မြန်မာပြည်။
- မကြန်၊ သမိုင်းရှာပုံတော်ခရီးနှင့် အခြားစာတမ်းများ။
- ဦးအုန်းသန်း(ဥပဒေ)၊ အုပ်ချုပ်ရေးသမိုင်းနှင့် ကျင့်သုံးသော ဥပဒေများ။
- ဦးစိုင်းကျော်သူ၊ မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲသမိုင်းမှတ်တမ်း။
- မြန်မာ့ဥပဒေသတင်းအချက်အလက်စနစ် (https://mlis.gov.mm)။
- Myanmar National Portal (https://myanmar.gov.mm)။
- Ministry of Information (https://www.moi.gov.mm)။
- Union Election Commission (https://2020election.uec.gov.mm)။



ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးရဲ့

တိုင်းရင်းသားညီအစ်ကိုများ၏

စည်းလုံးခြင်းသည် အကြီးမားဆုံးအင်အား

သိပ္ပံနည်းပညာအင်ဂျင်နီယာ (ထွန်း)

ကုန်ထုတ်စွမ်းအားနဲ့ စစ်အင်အား တိုးတက်ကြီးမားလာကြတဲ့ တိုင်းပြည်များအနက် ဂျပန်နဲ့အင်္ဂလိပ်တို့က ၎င်းတို့ထုတ်လုပ်နိုင်တဲ့ ထုတ်ကုန်များကို ဈေးကွက်တိုးချဲ့ရယူနိုင်ရေးအပြင် ကုန်ကြမ်းများရရှိရေးတို့အတွက်ပါ ဖွံ့ဖြိုးတိုးတက်မှုနည်းကာ စစ်အင်အားချည့်နဲ့တဲ့ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ သဘာဝသယံဇာတများ ပေါကြွယ်ဝလှမှုကို မျက်စိကျလာခဲ့ကြပါတယ်။

အရင်းရှင်နယ်ချဲ့ကိုလိုနီကာလ

အင်္ဂလိပ်ကိုလိုနီနယ်ချဲ့ အရင်းရှင်တို့က ၎င်းတို့ခြေကုပ်ရယူထားတဲ့ အင်္ဂလိပ်ကိုလိုနီနယ် အိန္ဒိယနိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံကို ကျူးကျော်ဝင်ရောက်ကာ ၁၈၂၄ ခုနှစ် မှ ၁၉၄၈ ခုနှစ်အထိ အုပ်ချုပ်ခြယ်လှယ်ခြင်းပြုခဲ့ပါတယ်။ တစ်ဖန် ၁၉၃၇ ခုနှစ်တွင် အင်္ဂလိပ်ကိုလိုနီနယ် အိန္ဒိယနိုင်ငံနဲ့ တွဲထားတဲ့ မြန်မာနိုင်ငံကိုသီးခြား အင်္ဂလိပ်ကိုလိုနီတစ်ခုအဖြစ်ခွဲထုတ်ကာ ၁၉၄၈ ခုနှစ်အထိ ၁၀ နှစ်ခန့် အုပ်ချုပ်ကျွန်ပြုခဲ့ပြန်ပါတယ်။

နယ်ချဲ့အရင်းရှင်အင်္ဂလိပ်တို့ရဲ့ ကိုလိုနီကျွန်ဘဝကလွတ်မြောက်ရန်အတွက် မိမိတို့ တိုင်းပြည်ကို ကူညီကယ်တင်ပေးနိုင်စွမ်းရှိတဲ့ ဂျပန်နိုင်ငံကို ခက်ခဲစွာလှုံ့ဖွံ့ချိတ်ဆက်ပြီး ကြိုးပမ်းခဲ့ကြရပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ရဲဘော်သုံးကျိပ်တို့ဟာ တိတ်တဆိတ်ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့ကြကာ စစ်ပညာများကိုသင်ယူခဲ့ကြပါတယ်။ မြန်မာနိုင်ငံကိုပြန်ရောက်လာတာနဲ့ မိမိတို့တိုင်းရင်းသားများကို လှုံ့ဖွံ့စွာ ထပ်ဆင့်သင်ကြားလေ့ကျင့်ပေးပြီး ဂျပန်တို့ရဲ့အကူအညီနဲ့ အင်္ဂလိပ်ကိုလိုနီနယ်ချဲ့ အရင်းရှင်တို့ကို တွန်းလှန်နိုင်ခဲ့ကြပါတယ်။

သို့သော်လည်း ဂျပန်တို့က တစ်ဖန် ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ မြန်မာနိုင်ငံကို ဂျပန်ကိုလိုနီအဖြစ် ထပ်မံအုပ်ချုပ်ကာ ဖက်ဆစ်ဝါဒီတို့ရဲ့ ရက်စက်မှုများအတိုင်းငယ်ထိပ်ပေါ်သို့ ရေတစ်စက်ချင်း၊ တစ်စက်ချင်းချကာ အသည်းခိုက်အောင်နာကျင်စေတဲ့ အပြစ်ဒဏ်ပေးခြင်း၊ လက်ကိုရေနွေးစိမ်ထားပြီး လက်သည်းခွံများကို ရက်စက်စွာ ခွာတ်ခွာအပြစ်ဒဏ်ပေးခြင်း အစရှိတဲ့ ယုတ်မာမှု၊ နှိပ်စက်မှုအမျိုးမျိုးကို ဆိုးဝါးစွာခံခဲ့ကြရပြန်ပါတယ်။

လွတ်လပ်ရေးရအောင်ကြိုးပမ်းမှု

ယုတ်မာကြမ်းတမ်းတဲ့ ဖက်ဆစ်ဝါဒီ ဂျပန်တပ်များကို တိုက်ထုတ်နိုင်ရန် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်တဲ့ ဗမာ့တပ်မတော်နဲ့ တို့ဗမာအစည်းအရုံးဝင်တို့ဟာ အိန္ဒိယပြည်ရှိ ဗြိတိသျှအာဏာပိုင်များနဲ့ တိတ်တဆိတ်ဆက်သွယ်ခဲ့ကြပါတယ်။ ထို့နောက် (ဖ–တ–ပ–လ)ခေါ် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ကို ဖွဲ့စည်းကာ ၎င်း (ဖ–တ–ပ–လ) အဖွဲ့ကြီးနဲ့အတူ မြန်မာ လူငယ်ခေါင်းဆောင်တို့ကလည်း တစ်ခဲနက်ပါဝင်ကြကာ ၁၉၄၅ ခုနှစ် မတ်လအစပြုလို့ ဂျပန်ကိုတော်လှန်ခဲ့ကြပါတယ်။ ထိုတော်လှန်နိုင်မှုကြောင့် ထိုနှစ်၌ပင် အင်္ဂလိပ်စစ်တပ်များသည် မြန်မာနိုင်ငံကို လွယ်ကူစွာဝင်ရောက်နိုင်ကြပြီး ၎င်းတို့နဲ့အတူ ဂျပန်တပ်များကို အပြီးအပိုင် မောင်းထုတ်နိုင်ခဲ့ကြပါတယ်။ မြန်မာပြည်ဘုရင်ခံဟာ ဆင်းမလားမှ မြန်မာနိုင်ငံသို့ ပြန်ဝင်လာပြီး စီမံအုပ်ချုပ်ခဲ့ပြန်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းဟာ (ဖ–ဆ–ပ–လ) ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ကာ၊ ၁၉၄၆ ခုနှစ်တွင် (ဖ–ဆ–ပ–လ) ခေါင်းဆောင်သော မြန်မာလူထုသည် တိုင်းပြုပြည်ပြု လွတ်တော်ခေါ်ရေး၊အချုပ်အခြာအာဏာပိုင်သော လွတ်လပ်ရေးရရေးစသည့် အဆိုများကို အတည်ပြုတင်သွင်း ကြပါတယ်။ (ဖ–ဆ–ပ–လ) ဦးစီးသော ပြည်မဒေသနဲ့ တောင်တန်းဒေသအင်အားတို့ကို မခံနိုင်တော့သဖြင့် အင်္ဂလိပ်အစိုးရသည် အုပ်ချုပ်ရေးအာဏာကို အပ်နှင်းပေးခဲ့ပြီး တစ်ပြည်လုံး လွတ်လပ်ရေးကိုလည်း မကြာမီပေးပါမယ်လို့ ကတိပြုဝန်ခံမှုပေးခဲ့ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော (ဖ–ဆ–ပ–လ) အစိုးရက ၁၉၄၇ ခုနှစ်တွင် တိုင်းပြု ပြည်ပြု လွတ်တော်ကို ကျင်းပကာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ရေးဆွဲခဲ့ကြပါတယ်။ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဦးဆောင်ခေါင်းဆောင်များ အစည်းအဝေးပြုလုပ်နေကြစဉ် ဂဠုန်ဦးစော ဦးဆောင်တဲ့ မသမာသူလူတစ်စုရဲ့ လုပ်ကြံခြင်းခံခဲ့ရပါတယ်။ သို့ရာတွင် (ဖ–ဆ–ပ–လ) ဒုတိယဥက္ကဋ္ဌ သခင်နုက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ကာ မြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အောင်မြင်စွာ အပြီးသတ်ရေးဆွဲနိုင်ခဲ့ကြပါတယ်။ ထို့နောက် မြန်မာခေါင်းဆောင်များဟာ အင်္ဂလိပ်အစိုးရ အက်တလီခေါင်းဆောင်အဖွဲ့နဲ့ သွားရောက်တွေ့ဆုံကာ နှစ်နိုင်ငံသဘောတူစာချုပ်များချုပ်ဆိုခဲ့ကြပြီး၊ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် အချုပ်အခြာအာဏာပိုင်သော ထာဝရလွတ်လပ်တဲ့ မြန်မာနိုင်ငံလို့ ကမ္ဘာကို ကြေညာနိုင်ကာ အင်္ဂလိပ်အလံကို ဖြုတ်ချပြီး မြန်မာနိုင်ငံတော်အလံကို လွှင့်ထူနိုင်ခဲ့ပါတယ်။

မျက်စိကိုမှိတ်အံကိုကြိတ်လို့ သူ့ကျွန်ဘဝနဲ့ ဖက်ဆစ်ဝါဒီတို့ရဲ့ နှိပ်စက်ခံရတဲ့ဘဝများက လွတ်မြောက်ကင်းဝေးစွာနေနိုင်ရေးအတွက် ဘိုးဘွားများက အသက်ကိုနှင်း ဘဝကိုရင်းကာ ဆင်းရဲဒုက္ခကြီးများစွာ အစုံစုံကို လက်တွေ့ခေါင်းငုံ့ခံခဲ့ကြပြီး ကိုလိုနီနယ်ချဲ့ အရင်းရှင်များရဲ့ လက်မှမိမိတို့တိုင်းပြည်ကို ပြန်လည်တိုက်ခိုက်ရယူကာ မြန်မာနိုင်ငံတိုင်းရင်းသား မျိုးနွယ်စု လူငယ်များလက်သို့ လွှဲအပ်ပေးခဲ့ပါတယ်။ လက်ခံရယူလိုက်ကြရတဲ့ မြန်မာပြည်ဖွား တိုင်းရင်းသား ညီအစ်ကို မောင်ဖွားရင်းချာများဖြစ်ကြတဲ့ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စတဲ့မျိုးနွယ်စု (၈)စုတို့ရဲ့ လူငယ်များကလည်း မိမိတို့လက်ခံရယူ ပိုင်ဆိုင်ထားကြတဲ့ ဒီခေတ်သစ် မြန်မာနိုင်ငံတော်ကြီးကို တိုင်းတစ်ပါးနယ်ချဲ့ အရင်းရှင်တို့ရဲ့ ကိုလိုနီကျွန်ဘဝအဖြစ် ထပ်မံမရောက်စေဘဲ ရှေ့သို့သာတက်လှမ်းချီလို့ ခေတ်မီဖွံ့ဖြိုးတိုးတက်ကာ အင်အားစွမ်းပကားကြီးမားတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးဖြစ်စေဖို့ စည်းလုံးညီညာစွာ ခိုင်ခိုင်မြဲမြဲ လက်ချိတ်တွဲလို့ တည်ဆောက်ကြဖို့ တာဝန်ယူကြရမယ့် အချိန်ရောက်လာခဲ့ပါပြီ။

စီးပွားရေးတောင့်တင်းပြီး ခေတ်မီအဆင့်မြင့်ရေး

ရေနံ၊ သဘာဝဓာတ်ငွေ့နဲ့ ကမ္ဘာ့တန်ဖိုးမြင့် ကျောက်သံပတ္တမြား၊ ပုလဲများနဲ့ ရွှေ၊ ငွေ၊ ကြေးနီ၊ သွပ်၊ ခဲ၊ ဒန်သတ္တု (အလူမီနီယံ)၊ သံဖြူ(Tin)၊ မဂ္ဂနိစ်၊ ခနောက်စိမ်းများ အပါအဝင် သံနဲ့ သံမဏိထုတ်လုပ်နိုင်တဲ့ ကုန်ကြမ်းများစုံလှတဲ့ မိမိတိုင်းပြည်ရဲ့ သဘာဝသယံဇာတများကို တိုင်းတစ်ပါးနယ်ချဲ့တို့ ကျူးကျော်ဝင်ရောက် တူးဖော်အမြတ်ထုတ်ယူခြင်းမျိုးများ ခံခဲ့ကြရပြီး ဖြစ်ပါတယ်။ ကျူးကျော်လာတဲ့ တိုင်းတစ်ပါးနယ်ချဲ့ အရင်းရှင်များရဲ့ ကုပ်သွေးစုပ်အမြတ်ထုတ်ခြင်းမျိုး နောက်ထပ်မခံရလေအောင် ကာ

အခြေခံအရင်းအမြစ်များဖြစ်ကြတဲ့ လျှပ်စစ်စွမ်းအား တိုးတက်တည်ငြိမ်မှုရရှိရေး၊ အသေးစား၊ အငယ်စား၊ အလတ်စား၊ အကြီးစား စက်မှုလက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်မြင်ရေးအတွက် နည်းပညာ အတတ်ပညာများ ထူးချွန်စွာတတ်မြောက်တဲ့ ကျွမ်းကျင်သူများတိုးပွားရေး စသည်တို့ကို အလေးထား ဆောင်ရွက်ကြရမှာဖြစ်ပါတယ်၊

ကွယ်နိုင်ကြဖို့ အလေးထားကြရန် လိုအပ်လှပါတယ်။ မိမိတို့ တိုင်းရင်းသားညီအစ်ကို မောင်ဖွားများပိုင်ဆိုင်ထားကြပြီးဖြစ်တဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းအေးချမ်း သာယာဝပြောကာ အစဉ်ခေတ်မီဖွံ့ဖြိုး တိုးတက်နေအောင် မိမိတို့တိုင်းရင်းသားများအားလုံးရဲ့ စုစည်းခိုင်မာကြီးမားလှတဲ့ အင်အားစုကြီးနဲ့ ဆက်လက်ဖော်ဆောင်ပေးကြရမှာ ဖြစ်ပါတယ်။

ထိုသို့ဖော်ဆောင်ရာမှာရှေးဦးစွာအခြေခံအရင်းအမြစ်များဖြစ်ကြတဲ့ လျှပ်စစ်စွမ်းအား တိုးတက်တည်ငြိမ်မှုရရှိရေး၊ အသေးစား၊ အငယ်စား၊ အလတ်စား၊ အကြီးစား စက်မှုလက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်မြင်ရေးအတွက် နည်းပညာ အတတ်ပညာများထူးချွန်စွာတတ်မြောက်တဲ့ကျွမ်းကျင်သူများတိုးပွားရေး စသည်တို့ကို အလေးထား ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ရည်မှန်းချက်များ ဖော်ဆောင်ရာမှာ မြန်မာတို့ရဲ့ ထူးခြားပြောင်မြောက်တဲ့ သမိုင်းမှတ်တမ်းဖြစ်စေအောင် ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံးက မိမိတို့ အခြေချနေထိုင်ရာ ဒေသအသီးသီးမှာ အောင်မြင်ဖြစ်ထွန်းနိုင်တဲ့ လယ်ယာသီးနှံများ စိုက်ပျိုးခြင်း၊ တိရစ္ဆာန်များ မွေးမြူခြင်းများကို အောင်မြင်စွာ ဖော်ဆောင်ကြပြီး ဆက်စပ်ထပ်ဆင့် ထွက်ပေါ်လာတဲ့ ထွက်ကုန်များကိုလည်း လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်ရောင်းချစွေးကွက်ဖန်တီးယူကြကာ ဝင်ငွေထပ်ဆင့်တိုးရအောင်ကြံဆနိုင်စွမ်းရှိကြဖို့ လိုအပ်ပါမယ်။ လုပ်ငန်းဖော်ဆောင်သူတိုင်းရင်းသားများနဲ့အတူ ၎င်းတို့ပိုင်ဆိုင်ထားတဲ့ ပြည်ထောင်စုကြီးကိုပါ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်စေအောင် အဆင့်လိုက် ထပ်တိုးရရှိလာနိုင်တဲ့ ထွက်ကုန်ပစ္စည်းများမှ ထပ်ဆင့်တန်ဖိုးမြှင့်ထုတ်ကုန် (value added products) များရဲ့ ထပ်တိုးဝင်ငွေများစွာရရှိစေနိုင်ခြင်းကလည်း ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များကို ထိရောက်စေမှုဖြစ်တဲ့အတွက် တိုင်းသူပြည်သားများအားလုံးကတစ်ခဲနက် စုပေါင်းကြိုးပမ်း ရယူကြရမှာ ဖြစ်ပါတယ်။

ဥပမာပြရပါလျှင် ဝါစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းတဲ့ အရပ်ဒေသများမှာ ဝါစိုက်ပျိုးခြင်းမှ ထွက်ရှိလာတဲ့ဝါများကို ဝါနဲ့ဝါစေ့ခွဲထုတ်ကာ ဝါမှချည်မျှင်ကိုထုတ်ယူပြီး အထည်အလိပ်အမျိုးမျိုး ထုတ်လုပ်ရောင်းချခြင်း၊ ထိုမှတစ်ဖန် လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ အဝတ်အထည်အမျိုးမျိုး စသည်တို့ကို ထပ်ဆင့်တိုး ထုတ်လုပ်ရောင်းချခြင်း စသည်ဖြင့် ထပ်ဆင့်တန်ဖိုးမြှင့် ထုတ်ကုန်များမှ ဝင်ငွေတိုးအောင် ဆောင်ရွက်နိုင်ကြရပါမယ်။ တစ်ဖန် ဝါစေ့များကိုကြိတ်လို့ ဆီထုတ်ရောင်းချကာ ဆီကြိတ်ဖတ်များကိုလည်း တိရစ္ဆာန်အစားအစာများအဖြစ် ပြုလုပ်ရောင်းချပြီး ဝင်ငွေတိုးစေနိုင်တာကိုပါ အလေးထားစဉ်းစား ဖော်ဆောင်နိုင်ကြရပါမယ်။ ယခုအခါ နှစ်ရှည်စွာစိုက်ပျိုးဖြစ် မြောက်နေတဲ့ အုန်းပင်ကြီးများရဲ့ တစ်ပင်လုံးမှရယူနိုင်တဲ့ အရည်၊ အသားဖတ်တို့မှ ဝင်ငွေယူနေကြရာမှ ထပ်ဆင့်လို့အုန်းသီးရဲ့ အပြင်အခွံနဲ့ အတွင်းအခွံမာတို့မှလည်း လူသုံးအလှကုန်ပစ္စည်း အမျိုးမျိုး ပြုလုပ်ကာ ဝင်ငွေရအောင် ဖန်တီးယူနိုင်နေကြတဲ့အပြင် ရှားပါးနေတဲ့လူတို့အတွက် လိုအပ်တဲ့ စားသုံးဆီကိုလည်း အုန်းဆီမှ အောင်မြင်စွာ ထုတ်ယူနိုင်အောင် မြန်မာ့သုတေသနပညာရှင်များက ဖန်တီးပေးနိုင်နေကြပါပြီ။ ထို့အပြင် ထန်းလက်များ၊ ထန်းပင်ရဲ့ပင်စည်များပါမကျန် အဆောက်အဦများ ဆောက်လုပ်ရာမှာသုံးသည့် ကုန်ကြမ်းများအဖြစ်လည်းကောင်း၊ လူသုံးပရိဘောဂ ကုန်ပစ္စည်းအမျိုးမျိုးအဖြစ်လည်းကောင်း၊ စုံလင်စွာတီထွင် ပြုလုပ်နိုင်ကြခြင်းဖြင့် ဝင်ငွေများထပ်တိုးရှာနိုင်လာကြတာကို ချီးကျူးမိပါတယ်။ အလားတူပင် မွေးမြူရေးလုပ်ငန်းများတွင်လည်း တိရစ္ဆာန်များရဲ့ အရေခွံများနဲ့အမွေးများမှ လူသုံးအဝတ်အထည်များ၊ အလှခြံလွှာများ၊ လက်ကိုင်အိတ်

များ စသည်တို့ကိုလည်းကောင်း၊ အရိုးများကိုလည်း ထပ်ဆင့်ကာ လူသုံးအလှကုန်ပစ္စည်းများအဖြစ်လည်းကောင်း ပြုလုပ်ပြီး (value added products) များဖန်တီးရောင်းချကာ ထပ်ဆင့်ဝင်ငွေများ ဖြည့်စွက်ပေါင်းစပ်ရယူနိုင်ကြပါတယ်။ ထိုသို့ ဆောင်ရွက်နိုင်ခြင်းများက လုပ်ငန်းလုပ်ကိုင်ကြသူ တိုင်းရင်းသားမျိုးနွယ်စု ညီအစ်ကိုမောင်ဖွားများအားလုံးနဲ့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကိုပါ ခေတ်မီတိုးတက် အဆင့်မြင့်ရေးအတွက် အကျိုးဖြစ်ထွန်းမှု များစေမှာဖြစ်ပါတယ်။ ဒီလိုပြည်သူအားလုံးက အလေးထားဖော်ဆောင်နိုင်စွမ်း ရှိကြခြင်းဟာ မျိုးနွယ်စုအားလုံးနဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အတွက်ပါ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြင့်တက်စေမှာဖြစ်ပါတယ်။ တိုင်းရင်းသားမျိုးနွယ်စုဝင်များ အားလုံးရဲ့ ကြီးမားတဲ့အင်အားစုကြီးဖြင့် စည်းလုံးညီညွတ်စွာ တက်ညီလက်ညီ လက်တွေ့ကြိုးပမ်း ပြန်ိုင်ကြခြင်းကို သမိုင်းမှတ်တမ်းတင်နိုင်ကြပါစေ။

ခေတ်သစ်မြန်မာနိုင်ငံတော်ကြီး အစပြုတည်ဆောက်နေတဲ့ ကာလမှာ ပမာဏကြီးမားတဲ့ မဟာဓာတ်အား စီမံကိန်းမှ လျှပ်စစ်စွမ်းအင်ရရှိရေးကို စောင့်မျှော်မနေကြဘဲ နိုင်ငံဒေသအနှံ့ ကျေးလက်များပါမကျန် မိမိတို့ကိုယ်ပိုင် တစ်နိုင်တစ်ပိုင်လုပ်ငန်းအသီးသီး အစပြုရန် လိုအပ်တဲ့ ပမာဏနည်းတဲ့လျှပ်စစ်စွမ်းအင် အသီးသီးကို အချိန်တိုအတွင်း ရနိုင်မယ့် သဘာဝမှလက်ဆောင်ပေးနေတဲ့ နေရောင်ခြည်စွမ်းအင်၊ လေအားစွမ်းအင်၊ မြစ်ချောင်းအင်းအိုင်တို့မှ ရယူနိုင်တဲ့ စွမ်းအင်များကို နည်းပညာတတ်ကျွမ်းတဲ့ ပညာရှင်များဖန်တီးထားတဲ့ နည်းစနစ်များကို အသုံးပြုကာ တစ်စုတစ်ဖွဲ့ချင်းကိုယ်စီ ရယူနိုင်ကြပါတယ်။ ထိုသဘာဝစွမ်းအင်များအနက်မှ မိမိတို့ နေထိုင်ရာ အရပ်ဒေသအသီးသီးအခြေအနေနဲ့ ကိုက်ညီသင့်မြတ်တဲ့ သဘာဝစွမ်းအင်မျိုးကိုရွေးပြီး တစ်နိုင်တစ်ပိုင် တစ်ဦးချင်း၊ တစ်ဖွဲ့ချင်းတို့ကလည်း ကိုယ်စီဖော်ထုတ်ရယူကာ မိမိတို့ လုပ်ငန်းငယ်များကို အလျင်အမြန်အစပြုနိုင်ကြမှာဖြစ်ပါတယ်။ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်စွမ်းအား အပြည့်အဝရနိုင်ချိန်မှာလည်း မိမိတို့လုပ်ငန်းများကို ဖြည့်စွက်တိုးချဲ့ရာတွင် လျင်မြန်စေမှုရစေရေးအတွက် အသင့်ပြင်ဆင်ထားမှုကိုလည်း လက်ဦးရထားပြီးဖြစ်နေရပါမယ်။

ဖွံ့ဖြိုးတိုးတက်ပြီး စွမ်းပကားထက်မြက်တဲ့ ပြည်ထောင်စုကြီးဖြစ်အောင် ဖော်ဆောင်နိုင်ကြရာမှာ ငွေကြေးတောင့်တင်းပြီး အသိအတတ်ပညာနဲ့ အတွေ့အကြုံရှိကြတဲ့ တိုင်းရင်းသားမျိုးနွယ်စုဝင်များ အားလုံးကလည်း အတွဆက် ပရစိတ်ဖြင့် နေရာစုံ ထောင့်အနှံ့က ပါဝင်ကာ ကြီးမားတဲ့ စုစည်းအင်အားဖြင့် ဖော်ဆောင်ကြဖို့ လိုအပ်ပါတယ်။

ကျူးကျော်ဝင်ရောက်လာနိုင်တဲ့ တိုင်းတစ်ပါးနယ်ချဲ့များကို ခုခံနိုင်ရန် တိုင်းရင်းသားမျိုးနွယ်စုဝင်များ အားလုံးကလည်း စစ်ရေးပညာကျွမ်းကျင်စွာဖြင့် ခေတ်မီလက်နက်များ စွဲကိုင်ကာ ဘတစ်ပြန်ကျားတစ်ပြန် ကာကွယ်တွန်းလှန်နိုင်ဖို့လိုအပ်ပါတယ်။ ဒါကြောင့် ဖွံ့ဖြိုးတိုးတက်ပြီး စွမ်းပကားထက်မြက်တဲ့ ပြည်ထောင်စုကြီးဖြစ်အောင် ဖော်ဆောင်နိုင်ကြရာမှာ ငွေကြေးတောင့်တင်းပြီး အသိအတတ်ပညာနဲ့ အတွေ့အကြုံရှိကြတဲ့ တိုင်းရင်းသားမျိုးနွယ်စုဝင်များ အားလုံးကလည်း အတွဆက် ပရစိတ်ဖြင့် နေရာစုံထောင့်အနှံ့က ပါဝင်ကာ ကြီးမားတဲ့ စုစည်းအင်အားဖြင့် ဖော်ဆောင်ကြဖို့ လိုအပ်ပါတယ်။

တိုင်းပြည်နဲ့လူမျိုးအတွက်လိုအပ်တဲ့ ခေတ်မီစက်ပစ္စည်းကိရိယာများ စုံလင်စွာ ထုတ်လုပ်ပေးနိုင်တဲ့ စက်မှုလက်မှုလုပ်ငန်းများကို ဦးဆောင်ပေးစွမ်းနိုင်ရေး၊ တတ်ကျွမ်းထူးချွန်တဲ့ အသိ အတတ်ပညာရှင်များ၊ သိပ္ပံနည်းပညာရှင်များ ဖြစ်ထွန်းပေါ်ပေါက်ရေးနဲ့အတူ အခြေခံလိုအပ်ချက်များဖြစ်တဲ့ လျှပ်စစ်စွမ်းအင် လုံလောက်ပြည့်ဝရေးတို့ကလည်း ယှဉ်တွဲပြည့်စုံစေရန် စီမံနိုင်ကြရပါမယ်။

စီးပွားရေးအလျင်အမြန် တိုးတက်အောင် အသေးစား၊ အငယ်စား၊ အလတ်စား၊ အကြီးစားစက်မှုလုပ်ငန်းများ လျင်မြန်စွာတိုးတက်လာစေရေးနဲ့ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း စသည်များ အားလုံးအပါအဝင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်တဲ့ခေတ်မီ နည်းပညာများပြန့်ပွားစေရေးပါ

လိုအပ်ပါတယ်။ အသေးစား၊ အငယ်စား၊ အလတ်စား လုပ်ငန်းများ အသီးသီးကိုမူ အစပြုနိုင်ရန် လုပ်ငန်းဖော်ဆောင်ကြမယ့် ပြည်သူအစုအဖွဲ့များ လိုအပ်တဲ့ ရင်းနှီးငွေများကိုလည်း ဘဏ်လုပ်ငန်းများ၊ သမဝါယမလုပ်ငန်းများမှ ထုတ်ချေးပေးနိုင်ရေး၊ လုပ်ငန်းများအသီးသီးစနစ်တကျ အောင်မြင် ဖြစ်ထွန်းရေး အတွက်အထွေထွေလိုအပ်ချက်များကို ဝိုင်းကူပံ့ပိုးဖြည့်ဆည်းပေးနိုင်ရန် လိုအပ်ပါတယ်။ ထို့ကြောင့် ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ တိုင်းစသည်တို့တွင် နိုင်ငံတော်မှ တာဝန်ပေးအပ်ထားတဲ့ အုပ်ချုပ်ကွပ်ကဲမှုပေးနေကြသော တာဝန်ရှိပုဂ္ဂိုလ်များရဲ့ အနီးကပ် ကြီးကြပ်မှုကလည်း အလွန်အရေးပါလှပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အလျင်အမြန် ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြရအောင် လိုအပ်တဲ့ အသေးစား၊ အငယ်စား၊ အလတ်စား၊ အကြီးစားစက်မှုလက်မှုလုပ်ငန်းများ၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ စသည်တို့နဲ့ ဖွံ့ဖြိုးတိုးတက်ရေးအထွေထွေလုပ်ငန်းများ အားလုံးအတွက် ပါမကျန် တည်ငြိမ်ပြည့်ဝတဲ့ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်စက်ရုံများ တည်ဆောက်ပေးခြင်းနဲ့ ရေအားလျှပ်စစ်စက်ရုံ၊ သဘာဝဓာတ်ငွေ့သုံးစက်ရုံများကိုလည်း နိုင်ငံတော်အစိုးရက အလေးထား တည်ဆောက်ပေးနေပြီဖြစ်ကြောင်းကို ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အသေးစား၊ အငယ်စားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အစည်းအဝေး (၂/၂၀၂၄)မှာ အသေးစိတ် အမှာစကား ပြောကြားခဲ့သည်မှာ အားရှိစရာပင်ဖြစ်ပါတယ်။


အဓိကအခြေခံလိုအပ်ချက်များ ပြည့်စုံတာနဲ့ တိုင်းရင်းသားမျိုးနွယ်စုများအားလုံးက ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အလျင်အမြန်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ အသီးသီးကို လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြရမှာဖြစ်ပါတယ်။ တိုင်းရင်းသား မျိုးနွယ်စုများအားလုံးက စစ်မှန်စည်းကမ်း ပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေးနဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့်ဖော်ဆောင်နိုင်မယ့် တိုင်းပြုပြည်ပြုအစိုးရသစ် ရွေးချယ်ရန် ဆန္ဒမဲပေးနိုင်သူ ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်ဖွား ရင်းချာများ ဖြစ်ကြတဲ့ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းစတဲ့ မျိုးနွယ်စုဝင်အားလုံးက တစ်ခဲနက် ပါဝင်ကာ ရွေးချယ်တင်မြောက် ပေးနိုင်ကြရပါမယ်။ ထိုသို့ ပြည်လုံးကျွတ်ရွေးကောက်ပွဲကြီး ဖြစ်မြောက်ရေးအတွက် နိုင်ငံတော်က သန်းခေါင်စာရင်းများကို နေရာဒေသအနှံ့ ကောက်ခံနေကြရာမှာ ပြည်သူအားလုံးက ကိုယ်စီ တာဝန်ကျေပွန်စွာပါဝင်ကြဖို့ လိုပါမယ်။

တိုင်းရင်းသားမျိုးနွယ်စုများရဲ့ ကြီးမားတဲ့စွမ်းပကား

ခေတ်သစ်ပြည်ထောင်စုကြီးကို အစပြုတည်ဆောက်နေတဲ့ကာလမှာ ကြီးမားတဲ့ နိုင်ငံကြီးတစ်ခုလုံးအတွက် မဖြစ်မနေလိုအပ်တဲ့ အခြေခံအဆောက်အအုံများကို အလေးထား ဦးစားပေး တည်ဆောက်ပေးနေရချိန်မှာ ငွေကြေးချမ်းသာတဲ့ တိုင်းရင်းသားလုပ်ငန်းရှင်ကြီးများကလည်း တစ်ဖက်တစ်လမ်းမှ အတွာထက် ပရဂို အလေးထားကာ စိတ်ရင်းစေတနာကောင်းဖြင့် မိမိတို့ကျွမ်းကျင်တဲ့ လုပ်ငန်းအတွေ့အကြုံများဖြင့် ကိုက်ညီတဲ့လုပ်ငန်းကြီးများတွင် ပါဝင်အားဖြည့်ကူကာ ပြည်ထောင်စုမျိုးနွယ်စုများ အားလုံးရဲ့ ငြိမ်းချမ်းအေးချမ်းသာယာတဲ့ ခေတ်သစ် ပြည်ထောင်စုကြီးကို တိုင်းရင်းသားညီအစ်ကိုများက စည်းလုံးညီညွတ်စွာ ကြီးမားတဲ့ စုစည်းအင်အားဖြင့် အလျင်အမြန် တည်ဆောက်ကြပြီး ကမ္ဘာမှာမြန်မာလို့ဝုံကြွားထည်ဝါစွာ ရပ်တည်နိုင်အောင် ကြိုးပမ်းကြရပါမယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ အဓိကအကြီးမားဆုံးအင်အားဖြစ်တဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသား ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စတဲ့ မျိုးနွယ်စုများအားလုံးရဲ့ ဗလငါးတန်ပြည့်ဝတဲ့ လူငယ်များအားလုံးက စည်းလုံးညီညွတ်စွာ လက်ချိတ်တွဲလို့ ခေတ်မီဖွံ့ဖြိုးတိုးတက် ငြိမ်းချမ်းသာယာတဲ့ ခေတ်သစ် စနစ်သစ် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို တည် ဆောက်ကြဖို့ အဓိဋ္ဌာန်ပြုကာ ရေးသားလိုက်ရပါသည်။

သိပ္ပံနည်းပညာအင်ဂျင်နီယာ(ထွန်း)
၁၉၉၂ခုနှစ်၊ စက်မှုစီးပွားထူးချွန်ဆုရှင်



ပြည်ထောင်စုတိုင်းရင်းသားတို့ရဲ့ တိုင်းရင်းသားကျွေးရွာ

မြင့်စိုး (နတလ)

အမှတ်တရသီချင်းတစ်ပုဒ်

၂၀၀၂ ခုနှစ် ဒီဇင်ဘာလ နောက်ဆုံးပတ်ထဲမှာ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ သန်လျင်တံတားအနီး တည်ဆောက်လျက်ရှိသော ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအား အများပြည်သူ လာရောက်လည်ပတ် လေ့လာကြည့်ရှုနိုင်ရန် ဖွင့်လှစ်တော့မည်ဖြစ်ရာ ဖွင့်ပွဲအမီ သီချင်းတစ်ပုဒ်ဖန်တီးပေးဖို့ ထိုစဉ်က နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေ (ယခု နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး) က တာဝန်ပေးလာသည်။ တေးစာသားကို အတန်အသင့် ရေးတတ်သော်ငြားလည်း သံစဉ်ကို ကျွန်တော်နားမလည်၊ ထုံးစံအတိုင်း စိတ်ထဲရှိတာတွေချရေးပြီး ကျွန်တော့်ဆရာဆိုလျှင်လည်းမမှား၊ မွေးရပ်ဇာတိတူ အစ်ကိုတော်ဟူ၍လည်း ပြောရသော ဂီတစာဆို အလင်္ကာကျော်စွာ ဟင်္သာတဦးမြင့်ငွေထံ ပြေးရတော့သည်။ ထိုစဉ်က ဆရာသည် လှိုင်မြို့နယ်ထဲက အိမ်မှာနေသည်။ ဆရာ့ဇနီးအစ်မဒေါ်တင်တင်အေး (တေးသံရှင် တက္ကသိုလ်ချိုလတ်)နှင့်လည်း ရင်းနှီးသည်။ သူတို့ သားသမီးများဖြစ်ကြသည့် တေးသံရှင်ဖြိုးကြီးနှင့် ယုဇနတို့က ငယ်ကြသေးသလို အငယ်ဆုံး သမီး ခတ္တာမြင့်ငွေသည် ပင်လျှင် ၃၈ ဖြာ မင်္ဂလာတရားတော် ဇာတ်လမ်းတွဲလေးများ ရိုက်ကူးနေသော ကလေးအုပ်စုထဲမှာ ပါဝင်နေဆဲကာလဖြစ်၏။

ကျွန်တော် နားလည်သလိုရေးထားသော တေးစာသားများထဲက ယူသင့်တာကိုယူ၊ ပယ်သင့်တာကိုပယ်၊ ဆရာ့ပညာဖြင့် ဖြည့်သင့်တာတွေ ဖြည့်ပေးပြီး မွေးဖွားပေးလိုက်သော “ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသီချင်း”၊ တေးသံရှင်ရတနာဦးက သီဆို၍ စန္ဒရား မောင်လှအေးက တီးခတ်ပေးသည်။ တာမွေမြို့နယ်ရှိ ဂီတအစည်းအရုံး အောက်ထပ်က မေစတူဒီယိုမှာ အသံသွင်းကြသည်။

အကြမ်းသွင်းပြီးပြီ၊ သွားနားထောင်ကြည့်ပါဟု ဆရာက ပြောသဖြင့် မေစတူဒီယိုပိုင်ရှင် ကိုစိုးမိုး(အကော်ဒီယံဦးအုန်းကျော်၏သား) နှင့် ဆက်သွယ်ကာ သွားရောက်နားထောင်ကြည့်ခဲ့သည်။

မြန်မာပြည်တစ်နံတစ်လျားက ...
တိုင်းရင်းသားမျိုးနွယ်စုတွေ ...မိသားစုတွေ
ရေမြေအလိုက် စုပေါင်းနေထိုင် ...
ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ...
တစ်စုတစ်စည်းတည်း ရှုမြင်ခံစားရအောင် ...
အပန်းဖြေ ...အနားယူရင်း ...လေ့လာရအောင်
လှမ်းလာခဲ့ဖို့ ဖိတ်ခေါ်ချင်တယ်
ပဲခူးမြစ်နဲ့ သန်လျင်တံတားကြီးနံဘေးက
ပြည်ထောင်စုသားတို့ရဲ့ နှလုံးသားအိမ်
ပြည်ထောင်စုစိတ်ဓာတ်တွေ မွေးဖွားပေးရာ
(ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ)၂
ပြည်ထောင်စုသားတို့ရဲ့.... တိုင်းရင်းသားကျေးရွာ

သည်နေရာအထိ အားလုံးအိုကေ၊ အသံရော အတီးရော ဘာမှပြောစရာမရှိ၊ အဆင်ပြေပါသည်။ ကျွန်တော် ဆက်၍ နားထောင်ကြည့်ပါသည်။

ကချင်၊ ကယား၊ ကရင်၊ ချင်း
ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း ...
မြန်မာပြည်တစ်ဝန်းလုံးက ရိုးရာအလှတွေ ...
ယဉ်ကျေးမှုဓလေ့ထုံးစံများ တွေ့ရမယ် ...လာ
မနောအလှနဲ့ ကချင်မြေ ...
တောင်ကွဲစေတီ ငွေတောင်ဆည် ...
ဖားစည်သံနဲ့ ဇွဲကပင် ...
တောင်ဇလပ်ပန်းနဲ့ ချင်းတောင်တန်း ...
ရှေးမြန်မာကြီးများရဲ့ ရိုးရာအိမ် ...

ထိုနေရာသို့အရောက် ခဏရပ်ခိုင်းပြီး နောက် တစ်ခေါက်ဖွင့်ပြပါရန် ကိုစိုးမိုးကို အကူအညီ တောင်းလိုက်ပါသည်။ ထပ်ဖွင့်သည်၊ ထပ်နားထောင်ပါသည်။ သိလိုက်ပါပြီ၊ တစ်ခုခုတော့ လွဲနေပါပကော။ ဆရာဟသ်ာတဦးမြင့်ငွေထံ ဖုန်းဆက်ရပါတော့သည်။ ဆရာရေ....ကူညီပါဦးဗျ၊ ရတနာဦးဆိုလိုက်တာ ရှေးမြန်မာကြီးများရဲ့ ရိုးရာအိမ် ဖြစ်နေတယ်၊ အမှန်က ရှေးဗမာကြီးများရဲ့ ရိုးရာအိမ် ဖြစ်ရမှာပါ။ မြန်မာနဲ့ ဗမာ ရောသွားလို့ပါ ဆရာရေ....။

ဆရာဦးမြင့်ငွေနှင့် မရတနာဦးတို့ကလည်း နောက်တစ်နေ့ အပြီး ပြန်လည်သီဆို၍ အသံသွင်းပေးပါသည်။ ကျေးဇူးတင်ခဲ့မိပါသည် ဆရာနှင့် တေးသံရှင် မရတနာဦး၊ စန္ဒရားမောင်လှအေး၊ ကိုစိုးမိုးတို့ရေ.....။

ကျန်အပိုင်းများကတော့ အားလုံးအဆင်ပြေပါသည်။
မွန်တို့ဌာနီ ရာမည၊ ကစ္ဆပနဒီနဲ့ ရခိုင်ပြည်၊
မောရှမ်းဒေသ အင်းလေးကန်သာယာ၊
ပြည်ထောင်စုကြီးရဲ့ အလှကဗျာ ...
ပြည်ထောင်စုကြီးရဲ့ ပန်းချီကား ...
အလှအပတွေပေါင်းစုထားရာ ...
တိုင်းရင်းသားကျေးရွာကကြိုနေမှာ ...
(ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ)၂
ပြည်ထောင်စုသားတို့ရဲ့ တိုင်းရင်းသားကျေးရွာ ...

သရုပ်ဆောင် ရတနာခင်နှင့် ရိုက်ကူးခဲ့သည်

အဆိုပါသီချင်းကို ရိုက်ကူးရေးလုပ်သည့်အခါမှာလည်း ဆရာဦးမြင့်ငွေကိုယ်တိုင် လာရောက်ကြီးကြပ်လျက် PD ကိုကျော်ကျော်၊ ကင်မရာမင်း ကိုထင်လင်းတို့အဖွဲ့၊ သရုပ်ဆောင် ရတနာခင်နှင့် တိုင်းရင်းသားကျေးရွာထဲမှာ ရိုက်ကူးခဲ့ကြသည်။ CD ကက်ဆက်ကြီးတစ်လုံးနှင့် သီချင်းကိုဖွင့်ပြီး သရုပ်ဆောင်ကြ၊ ရိုက်ခဲ့ကြတာကို ခုထိမမှေ့ပါ။ Grand Gate ရှေ့မှာ၊ ရိုးရာအိမ်တွေမှာ၊ ကယားအိမ်အနီးက တောင်ကွဲစေတီမှာ၊ သန်လျင်တံတားကြီးပေါ်မှာ ရိုက်ခဲ့ကြသည်။ ထိုအချိန်က ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကြီးထဲမှာ နန်းမြင့်မျှော်စင်၊ Food Centre၊ ပြည်ထောင်စု ခန်းမကြီး၊ ဂိတ်အဝင်မုခ်ဦး စသည်တို့ မတည်ဆောက်ရသေးပါ။ River View နေရာသည်ပင်လျှင် လှလှပပ မဟုတ်သေး။ MRTV အဖွဲ့နှင့် သီချင်းရိုက်ကူးနေသလို၊ မြဝတီရုပ်သံအဖွဲ့နှင့်လည်း ရိုးရာအိမ်များကို လှည့်လည်ရိုက်ကူးခြင်း၊ ယဉ်ကျေးမှုဝန်ထမ်း သမီးငယ်များနှင့် အင်တာဗျူးအစီ အစဉ် ပြုလုပ်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ မှတ်မှတ်ရရ မြဝတီရုပ်/သံအဖွဲ့တွင် မင်းမင်းစိုး၊ မေသက်ပိုင်တို့ ပါဝင်ခဲ့သည်ကို အမှတ်ရမိသည်။ သီချင်းရိုက်ကူးမှုအတွေ့အကြုံကိုလည်း ထိုနေရာမှာ ကျွန်တော် ရခဲ့သည်။ Editing လုပ်ခြင်းကိုလည်း စတင်မြင်ဖူးခဲ့သည်၊ ထိုစဉ်က ပါဝင်ကူညီခဲ့ကြသော တေးသံရှင်ရတနာဦး၊

သရုပ်ဆောင် ရတနာခင်တို့ ဘယ်အခြေဘယ်နေရာ ဘယ်ဒေသမှာ ရှိနေကြမည်ကို ကျွန်တော်မသိတော့။ ဆရာဂီတစာဆို အလင်္ကာကျော်စွာ ဟင်္သာတဦးမြင့်ငွေနှင့် သူ၏ဇနီးဖြစ်သူ တက္ကသိုလ်ချိုလတ် (ချစ်အလွမ်းလေးများပန်းသို့ခြွေ သီချင်းဖြင့် ကျွန်တော်နှစ်သက်ခဲ့သော တေးသံရှင်)တို့နှင့်မူ အဆက်အသွယ်မပြတ်ခဲ့။ ကင်မရာမင်းကိုထင်လင်းကတော့ ပင်စင်ယူသွားပြီဟု သိရသည်။ PD ကိုကျော်ကျော်က AD၊ သူ့ဇနီး မသူသူအေးက ဦးစီးအရာရှိရာထူးများဖြင့် MRTV မှာ ရှိနေကြဆဲ။ နှစ်ပေါင်း ၂၂ နှစ်ကြာမြင့်ခဲ့သည့်တိုင် အားလုံးကို အမှတ်ရနေမိပါသည်။

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၏ ဖြစ်တည်မှုအစ

နယ်စပ်/စည်ပင်ဟု ခေါ်တွင်ခဲ့ကြသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနပေါ်ပေါက်လာခဲ့ပြီးနောက် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ် သန်လျင်တံတားအနီးမြေဧက ၁၁၁ ဒသမ ၄၁၅ ဧကပေါ်တွင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကြီးတစ်ရွာ ပေါ်ပေါက်လာစေရေးအတွက် ၁၉၉၆ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့၌ စီမံကိန်းလုပ်ငန်းများ စတင်ခဲ့သည်။ ထိုသို့စတင်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပီပီပြင်ပြင် ဖြစ်ပေါ်လာခြင်းမရှိဘဲ ကျေးရွာအဝင်ဂိတ် (Grand Gate) နှင့် တောင်ကုန်းတောင်တန်းအတုများ၊ လက်မှုအနုပညာများ ပြသရန် ပြခန်းဆောင်များ (စဉ့်ရွာ) ကိုသာ ဆောက်လုပ်ပြသနိုင်ခဲ့ပါသည်။ ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး မောင်သင့်၏ နောက်ဝန်ကြီးတာဝန်ထမ်းဆောင်သော ဗိုလ်မှူးကြီးသိန်းညွန့်လက်ထက်တွင်မူ တိုင်းရင်းသားရိုးရာအိမ်များ တည်ဆောက်ခြင်းကို ၂၀၀၂ ခုနှစ်၊ ဖေဖော်ဝါရီလ၌ စတင်ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ ကျေးရွာအလိုက် ရိုးရာအိမ်များ တည်ဆောက်ရာတွင် ကချင်ရိုးရာအိမ်ပုံစံကို ကချင်ပြည်နယ်ယဉ်ကျေးမှုပြတိုက်မှ ရယူကာ ကချင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့က ကြီးကြပ်ကူညီတည်ဆောက်ပေးခဲ့သည်။ ကယားရိုးရာအိမ်ကို ကယားပြည်နယ် ယဉ်ကျေးမှုအဖွဲ့ကလည်းကောင်း၊ ကရင်ရိုးရာအိမ်ကို ဆရာကြီးဒေါက်တာ စောဆိုင်မွန်သာဦးစီးသည့် ကရင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ကလည်းကောင်း ဝိုင်းဝန်းကူညီ တည်ဆောက်ပေးခဲ့သည်။ အလား



တူ ချင်းရိုးရာအိမ်ကို ချင်းပြည်နယ်ယဉ်ကျေးမှုပြတိုက်မှ ပုံစံပေးပို့ပြီး ချင်းရိုးရာယဉ်ကျေးမှုအဖွဲ့က တာဝန်ယူ တည်ဆောက်ခဲ့ပါသည်။ ကျွန်တော် မှတ်မိသလောက် တင်ပြရလျှင် ချင်းရိုးရာအိမ်အတွက် အမိုးပြားများအပါအဝင် လိုအပ်သောပစ္စည်းများကို ချင်းရိုးရာယဉ်ကျေးမှုအဖွဲ့မှ ဦးဝမ်လျန်းထန်က ချင်းပြည်နယ်သို့ ပြန်လည်မှာယူ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ဗမာရိုးရာအိမ်ကို ရန်ကုန်နည်းပညာတက္ကသိုလ်က ပုံစံထုတ်၍ စည်ပင်သာယာရေး ဦးစီးဌာနမှ အင်ဂျင်နီယာများက တာဝန်ယူတည်ဆောက်ခဲ့ပါသည်။ မွန်ရိုးရာအိမ်ကိုမူ မွန်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့မှ မွန် ကျောက်စာပညာရှင် အဘနိုင်ဘရှင်က ဦးစီးဆောက်လုပ်ပေးခဲ့ပါသည်။ ရခိုင်ရိုးရာအိမ်ပုံစံကို ရခိုင်ပြည်နယ် ယဉ်ကျေးမှုပြတိုက်မှ ရယူခဲ့ပြီး ထိုစဉ်က ယဉ်ကျေးမှု ဗိမာန်ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်နုမြဇံ (ယခု သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး)က ကြီးကြပ်ဆောက်လုပ်ပေးခဲ့ပါသည်။ ရှမ်းရိုးရာအိမ်မှာ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းမဒေသရှိ အိမ်ပုံစံအတိုင်းဖြစ်ပြီး ရှမ်းယဉ်ကျေးမှုအဖွဲ့မှ ဒေါ်နန်းဝိုးဆိုင်တို့က ကူညီခဲ့ပါသည်။





ဒေသအလိုက် ထင်ရှားသောသင်္ကေတများ ဆက်လက်တည်ဆောက်

ယင်းသို့ ရိုးရာအိမ်များနှင့် မြေယာရှုခင်းအလှများ တည်ဆောက်နေဆဲကာလ ၂၀၀၂ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့၌ နတလလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့် လာရောက်ကြည့်ရှုစစ်ဆေးပြီး ယခု တိုင်းရင်းသားကျေးရွာတွင် ပြည်ထောင်စုကြီးအတွင်း ပြည်နယ်နှင့် တိုင်းများ ဖွဲ့စည်းဖြစ်တည်နေ သည့်အတိုင်း သက်ဆိုင်ရာတိုင်းရင်းသားလူမျိုးများ၏နေရာဒေသများကို ဒေသအလိုက် ထင်ရှားသည့် သင်္ကေတအမှတ်အသားများ ဖြစ်သော သဘာဝအဆောက်အအုံများ၊ ယဉ်ကျေးမှု အဆောက်အအုံများ တည်ဆောက်ပြီး ပေါ်လွင်အောင် ဖော်ညွှန်းပြသသွားရေး လမ်းညွှန် မှာကြားခဲ့ပါသည်။ သည့်အတွက် နယ်စပ်/ စည်ပင်ဝန်ကြီးဌာနသည် ကချင်တိုင်းရင်းသားကျေးရွာတွင် အမြင့်ပေ ၁၉၂၉၆ ပေရှိ ခါကာဘိုရာဇီတောင်နှင့် ပုံသဏ္ဌာန်တူကိုလည်းကောင်း၊ ကယားရွာတွင် စေတီ ၁၂ ဆူပါ တောင်ကွဲစေတီကိုလည်းကောင်း၊ ကရင်ရွာတွင် ဇွဲကပင်တောင်၏ သင်္ကေတအဖြစ် အလျား ၂၀၀ ပေ အမြင့် ၂၅ ပေရှိ ပုံစံတူတောင်ကိုလည်းကောင်း၊ ချင်းရွာတွင် ချင်းပြည်နယ်၏ အထင်ကရရိုဒါရေကန်ပုံစံငယ်ကိုလည်းကောင်း၊ ဗမာအိမ်အနီးတွင်မူ မင်းဖြူမှန်မှန်ပြော ဆိုသည့်စာဆိုနှင့်အညီ ကြေးပိသာချိန် ၅၅၅၅၅ ကိုယ်စားပြု ကြေးခေါင်းပွ ခေါင်းလောင်းကြီးတစ်လုံးကိုလည်းကောင်း၊ မွန်ရွာ၌မူ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏ ပုံတော်ကို မူလသဘာဝနှင့်မခြားဖူးမြော်နိုင်အောင်ဆောက်ရွက်ထားရှိပေးပါသည်။ ကျောက်လုံးတော် ၂၂ ပေ၊ ပစ္စယံ ၃ ပေ ၈ လက်မ၊ ခေါင်းလောင်းတော် ၃ ပေ ၆ လက်မ၊ ဖောင်းရစ် ၁ ပေ၊ ကြာမှောက်ကြာလှန် ၃ ပေ ၅ လက်မ၊ ငှက်ပျောဖူး ၂ ပေ ၁ လက်မ၊ ထီးတော် ၁၀ ပေရှိသဖြင့် “ကျောက်လုံးတော်တွက်စစ်၊ နှစ်ဆယ့်နှစ်





မြင့်ချေ၊ ထီးတစ်ဆယ်ပေ၊ စေတီမြတ် ဆယ့်သုံးပေ၊ ပေါင်းရေပါလက်မရှစ်၊ နှုန်းစံကုန် ဘုန်းစွာန်မုန်၊ တိမ်ညွှန့်မြူးကို ဖူးကြစဉ်– နှစ် စာချိုးနှင့်အညီ ဖူးတွေ့ရမည်ဖြစ်ပါသည်။ ရခိုင်ပြည်နယ် အထိမ်းအမှတ်သင်္ကေတအဖြစ် ရခိုင်ရွာအနီးတွင် ထုက္ကန့်သိမ်ပုထိုးတော်ကြီးကို တည်ဆောက်ပြသထားပါသည်။ မူလပုထိုးတော်ကြီးမှာ အလျား ၂၇၀ ပေ၊ အနံ ၂၄၀ ပေ၊ အမြင့် ၈၅ ပေ ရှိသည်။ ယခုပုံစံတူ ပုထိုးတော်ကို အလျား ၂၈ ပေ၊ အနံ ၂၀ ပေ၊ အမြင့် ၁၈ ပေဖြင့် အရွေ့နှင့်အနောက် ဦးတည်ဆောက်လုပ်ထားပြီး မူလပုထိုးတော်အတိုင်း အတွင်း၌ ခရုပတ်လမ်းနှင့် ခံတပ်ပုံသဏ္ဌာန် ဖွဲ့စည်းထားပါသည်။ ရှမ်းရွာတွင်မူ အင်းလေးဒေသ၏ သင်္ကေတကိုယ်စားပြု အင်းလေးကန်ငယ်တစ်ခုတူးဖော်ပေးထားပါသည်။

ယင်းနောက်ပိုင်းမတော့ နန်းမြင့်မျှော်စင်၊ ပြည်ထောင်စုခန်းမကြီး၊ Food Centre တို့ ပေါ်ပေါက်လာသည်။ ဆက်လက်၍ ဂိတ်အဝင်မုခ်ဦးကြီးကို အခြေခံတိုင်ကြီး ၈ တိုင်ဖြင့် တည် ဆောက်ထားပေရာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းတည်းဟူသော တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး တစ်စိတ်တည်း တစ်ဝမ်းတည်း ပေါင်းစည်းညီညွတ်ခြင်း သဘော၊ အေးအတူပူအမျှဥမကွဲသိုက်မပျက် စုစည်းယှက်နွှယ် နေထိုင်လျက်ရှိကြသည့် သဘောတို့ကို ရည်ညွှန်းဖော်ဆောင်ထားခြင်း ဖြစ်ကြောင်း သိရသည်။ ၎င်းပြင် တိုင်းရင်းသား တစ်ရွာချင်းတွင်လည်း ကချင်ရွာတွင် မနောကွင်းနှင့် မွန်ရွာတွင် ဆွမ်းလောင်းဧရပ် တိုးလာသည်၊ ကရင်ရွာတွင်လည်း ဖားစည်ကြီးတိုးလာပါသည်။

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ တည်ထောင်ဖွင့်လှစ်ပြသရခြင်း ရည်ရွယ်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ရှေးအစဉ်အဆက်ကပင် ရင်းနှီးချစ်ကြည်စွာ အတူတကွမှီတင်းနေထိုင်လာခဲ့ကြသည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်နှင့် ရှမ်း စသည့် တိုင်းရင်းသားလူမျိုးစုညီအစ်ကိုမောင်နှမများ၏ယဉ်ကျေးမှုဓလေ့ထုံးစံ၊ နေထိုင်ပုံဓလေ့စရိုက်များကို တစ်စုတစ်စည်းတည်း တစ်နေရာတည်းတွင် လေ့လာသိရှိနိုင်ပြီး ပြည်ထောင်စုစိတ်ဓာတ် ပိုမိုကိန်းအောင်း ခိုင်မာလာစေရန်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပိုမိုဖြစ်ထွန်းလာစေရန် ရည်ရွယ်လျက် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကြီးကို တည်ဆောက်ပြသထားခြင်း ဖြစ်သည်။

ယင်းကဲ့သို့ ထူးခြားကောင်းမွန်လေးနက်သော ရည်ရွယ်ချက်များဖြင့် တည်ဆောက်ခဲ့သော ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကြီးကို ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ဖွင့်လှစ်ပေးခဲ့ပါသည်။ ထိုနေ့အခမ်းအနားကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီး နယ်စပ်/ စည်ပင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် ဗိုလ်မှူးချုပ် သန်းထွန်း၊ နတလဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ် ဗိုလ်မှူးကြီးသန်းဆွေ၊ စည်ပင်သာယာရေး ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး သန်းဝင်းတို့နှင့်အတူ ဝန်ထမ်းများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင် များ၊ လေ့လာရေးခရီးစဉ် ရောက်ရှိနေကြသည့် တိုင်းရင်း သားလေ့လာရေးအဖွဲ့များ ပါဝင်တက်ရောက်ခဲ့ကြပြီး တိုင်း ရင်းသားကျေးရွာ Grand Gate ကြီးရှေ့၌ တပျော်တပါး ဖွင့်လှစ်ခဲ့ကြသည်။

တိုင်းရင်းသားရိုးရာအိမ်များကို လေ့လာကြည့်ရှုနိုင်

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကြီးထဲမှာ တိုင်းရင်းသားရိုးရာအိမ်များ တည်ဆောက်ရန် မြေနေရာ ရွေးချယ်သတ်မှတ်စဉ်ကတည်းက ထူးခြားမှုများကို တွေ့ရ ပေမည်။ မြန်မာပြည် မြေပုံတွင် တည်ရှိနေကြသည့်အတိုင်း မြောက်ဘက်အစွန်ဆုံးတွင် ကချင်ရိုးရာအိမ်၊ ထိုမှ ချင်း ရိုးရာအိမ်၊ ရခိုင်ရိုးရာအိမ် စသည်ဖြင့် အနောက်ဘက် တစ်ကြောတွင် သတ်မှတ်တည်ဆောက်ခဲ့ပြီး အလယ်ပိုင်း တွင် ဗမာနှင့် မွန်၊ ကရင်၊ အရှေ့ဘက်ခြမ်း၌ ရှမ်း၊ ကယား စသည်ဖြင့် တွေ့ရပေမည်။ အိမ်များတည်ဆောက် ရာတွင်လည်း တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များမှ ကြီး ကြပ်၍ ရှေးရိုးစဉ်လာ ရိုးရာယဉ်ကျေးမှုမပျက် သတ်မှတ် ချက်များနှင့်အညီ တည်ဆောက်ခဲ့ကြခြင်း ဖြစ်သည်။ တိုင်းရင်းသားလူမျိုးအလိုက် အသုံးအဆောင်ပစ္စည်းများ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဒေသအလိုက် ပေါက် ရောက်သော သစ်ပင်ပန်းမန်များ၊ ရိုးရာဂီတအနုပညာ ဆိုင်ရာ တူရိယာပစ္စည်းများ စသည်ဖြင့် ပြည့်ပြည့်စုံစုံလေ့ လာကြည့်ရှုနိုင်အောင် ကြိုးပမ်းရွာဖွေစုဆောင်းပြသထားခဲ့ ကြသည်။ ဒေသအလိုက် အထင်ကရ သင်္ကေတများအဖြစ် ထားရှိပေးသော စေတီ၊ ပုထိုး၊ အရာဝတ္ထု၊ ရေမြေတော တောင် သဘာဝများကလည်း လာရောက်ကြည့်ရှုလေ့လာ သူတို့၏ စိတ်နှလုံးကို ညို့ယူဖမ်းစားနိုင်ခဲ့ကြသည်။ ရခိုင်ရွာတွင် စနစ်မှန်ပုံတူ တည်ဆောက်ပြသထားသော ထုက္ကန့်သိမ်ပုထိုးတော်ကို တွေ့မြင်ဖူးမြော်လိုက်ရသည်နှင့် ခရစ်နှစ် ၁၅၇၁ ခုနှစ်၊ မြန်မာသက္ကရာဇ် ၉၃၃ ခုနှစ်က ရခိုင်ဘုရင်မင်းဖလောင်းနှင့် မိဖုရားရှင်လတ်တို့၏ အလှူ တော်မင်္ဂလာကို ပြန်ပြောင်းအောက်မေ့သတိရစေမည် ဖြစ်သည်။ ရခိုင်အိမ်တွင် ဒူးလောင်းစောင်း၊ မိကျောင်း စောင်း၊ ရခိုင်မင်္ဂလာစည်တော်၊ ဗျာလအရုပ်၊ ကြိုးသုံး ချောင်းတပ် အုန်းမှုတ်ခွက်တယော၊ ကြောင်သားရေဖြင့် ကျက်ထားသော မာလာခွံတယော စသည့် တူရိယာပစ္စည်း အမျိုးမျိုးကို လေ့လာကြည့်ရှုနိုင်ပါသည်။ ထို့အတူ မွန်ရွာ မွန်ရိုးရာအိမ်အနီးတည်ရှိနေသော ကျိုက်ထီးရိုးဆံတော်ရှင် ပုံတူကို မြေသန့်မင်္ဂလာ၊ ပန္နက်တင်မင်္ဂလာ၊ ဌာပနာ တော်သွင်း အဆင့်ဆင့်မင်္ဂလာတို့ဖြင့် အချိန်အခါ နရီ၊ စည်းများနှင့်အညီ ဆရာတော် ကြီးများ၏ ဩဝါဒကိုခံယူ၊ ပညာရှင်များ၏ အကြံပြုချက်များကိုရယူ၍ မင်္ဂလာမြောက် အောင်ဧယျာတုသဗ္ဗမင်္ဂလာဝင်းခင်းလျက် တြင်း၊ နဝင်းကို တည်ထားပူဇော်ခဲ့ခြင်း ဖြစ်သည်။ မွန်ရိုးရာ ဆွမ်းလောင်း ဧရပ်သည်လည်းပဲ မွန်တိုင်းရင်းသားတို့၏ ဘာသာတရား ကိုင်းရှိုင်းမှုကို ဖော်ညွှန်းပြသနေပေသည်။

ကရင်ရိုးရာအိမ်ကို စဝင်လိုက်သည်နှင့် ရိုးရာပြက္ခဒိန် ကို လေ့လာတွေ့ရှိရမည်ဖြစ်ပြီး ဖားစည်၊ ဗျပ်စောင်း၊ ကျွဲချို့ အုန်းမှုတ်ခွက်တယော၊ စောင်းကောက်၊ နားဒိန်းတူရိယာ အပါအဝင် လယ်ယာသုံး၊ မီးဖိုချောင်သုံး ပစ္စည်းအမျိုးမျိုး ကိုလည်း ပြသထားပါသည်။ ကချင်ရိုးရာအိမ်၏ ဖွဲ့စည်းပုံ နှင့် ယဉ်ကျေးမှုဓလေ့ထုံးစံအရ သားတစ်ယောက် အိမ် ထောင်ကျတိုင်း နေအိမ်မှာ လေ့ကားတစ်ခု တိုးလာသည် ဆိုခြင်းကမှတ်သားဖွယ်ရာပင်။ အမိုးမိုးထားသည်ကလည်း မြင်တွေ့နေကျ ဗမာအိမ်တွေလို သက်ငယ်ကိုဝါးတံတွင် သီ၍ ပျစ်၍ မိုးခြင်းမျိုးမဟုတ်ဘဲ သက်ငယ်များကို အဆုပ်လိုက်အဆုပ်လိုက်စုစည်းကာမှန်ကူကွက်ပုံသဏ္ဌာန် ဖော်၍မိုးထားခြင်းဖြစ်၏။ ထူထူထဲထဲသိပ်သိပ်သည်းသည်း ရှိလှပြီး တစ်ကြိမ်မိုးထားလျှင် ၄-၅ နှစ် ခံသည်ဆို၏။ ရှမ်းအိမ်မှာ ရှမ်းရိုးရာပစ္စည်းများနှင့် လွယ်ပလိုင်းအမျိုးမျိုး ရှိနေသည်။ ကယားအိမ်မှာတော့ ကယားဒေသသုံး နွားဝန်တင်ကုန်းနီးများအကြောင်း၊ ကယန်း(ပဒေါင်)တိုင်း ရင်းသူ များ၏ ခန္ဓာကိုယ်ဖွဲ့စည်းမှုနှင့် ကိုက်ညီအောင် ပြုလုပ်ထားသော ကျောလွယ်ပလိုင်းများအကြောင်း လေ့လာစေ့ငုကြည့်ရှုနိုင်ပါသည်။ မည်သည့်ရိုးရာအိမ်ကိုပဲ ကြည့်ကြည့် တိုင်းရင်းသားသွေးချင်းများ၏ မိသားစု နေထိုင်ပုံ ဓလေ့စရိုက်များကိုလည်းကောင်း၊ ဆင်ယင် ထုံးဖွဲ့မှုနှင့် ယဉ်ကျေးမှုအနုပညာ၊ လက်မှုအတတ်

ပညာများကိုလည်းကောင်း၊ ဘာသာတရားကိုင်းရှိုင်းမှု၊ လူကြီးမိဘများအပေါ် ရိုသေလေးစားဂါရဝတရား ထားရှိမှု တို့ကိုလည်းကောင်း၊ မိသားစုအတွင်း စည်းလုံးညီညွတ်စွာနေထိုင်မှုနှင့် အပျိုလူပျိုဆက်ဆံရေးများကိုလည်းကောင်း တွေ့မြင်နိုင်မည်ဖြစ်၍ သွားရောက်လည်ပတ်ကြည့်ရှုလေ့လာသူများအတွက် အကျိုးကျေးဇူးများပြားလှပေသည်။

တိုင်းရင်းသားတို့ မွေ့ပျော်ခဲ့ရာ တိုင်းရင်းသားကျေးရွာ

နယ်စပ်/စည်ပင်ဝန်ကြီးဌာနလက်ထက် ၁၉၉၃ ခုနှစ်မှစတင်၍ နယ်စပ်ဒေသများမှ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များကို ရန်ကုန်မြို့ မဟာသင်္ကြန်ပွဲတော်သို့ ဖိတ်ကြားခေါ်ယူ ပါဝင်ဆင်နွှဲစေခဲ့သည်။ ၁၉၉၉-၂၀၀၀ ပြည့်နှစ်လောက်မှစ၍ မဟာသင်္ကြန်မဏ္ဍပ်ကို တိုင်းရင်းသားကျေးရွာအတွင်း၌ တည်ဆောက်ကာ နိုင်ငံတော်အကြီးအကဲများ၊ နိုင်ငံခြားသံတမန်များ လာရောက်ရေကစားကြစဉ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများ၊



သင်္ကြန်ယိမ်း အကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။ တိုင်းရင်းသားလူမျိုးစုံစွာ အဆိုပါ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကြီးအတွင်းမှာ ရေစက်ဆုံခဲ့ကြသည်၊ ရင်းနှီးခင်မင်ခဲ့ကြသည်။ နာဂတိုင်းရင်း သားတိုင်းရင်းသူလေးများ၏ "ကိုင်အီလို" တေးသီချင်းနှင့်အက၊ လီဆူတိုင်းရင်းသားတိုင်းရင်းသူများ၏ "ရှာဖဲတာ" အက၊ မြို့တိုင်းရင်းသားများ၏ "နိန့်ဆာကျိုးရီပလိုက်" အမည်ရသောနှစ်သစ်ကို ကြိုဆိုသည့်အက၊ ချင်းရိုးရာဝါးညှပ်အက၊ ကိုးကန့်တိုင်းရင်းသူများ၏ လက်ဖက်ခူး အက၊ မြူးမြူးကြွကြွ ကရင်ဒုံးယိမ်းအက၊ ကယန်း(ပဒေါင်)တိုင်းရင်းသူလေးများ၏ "သာယာလှပ ကယန်းဒေသ" အက၊ 'ဝ' တိုင်းရင်းသားတိုင်းရင်းသူလေးများ၏ "စပါးလိပ်ပြာပြန်လာပါ" အက စသော တေးသီချင်းနှင့် ရိုးရာအကများသည် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကြီးအတွင်း၌ ယနေ့ထိတိုင်ပုံရိပ်များ ထင်ကျန်အမှတ်ရစေခဲ့ပါသည်။ လွမ်းရချေပြီတမှဲ့။

နယ်စပ်/ စည်ပင်မှသည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနသို့တိုင်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနလက်ထက် ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကြီးကိုစတင်ဖွင့်လှစ်ပေးခဲ့ပြီးနောက် နယ်စပ်ရေးရာဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ် ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနတို့မှ အဆင့်ဆင့်လွှဲပြောင်းတာဝန်ယူ ကွပ်ကဲဆောင်ရွက်ခဲ့ကြပြီးနောက် ၂၀၁၉ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့မှစတင်ကာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနက တာဝန်ယူကွပ်ကဲစီမံဆောင်ရွက်လျက်ရှိပါသည်။

အလည်တစ်ခေါက် ရောက်ခဲ့ရပါပြီ

ပြန်လည်တွက်စစ်ကြည့်လိုက်တော့ ကျွန်တော်တို့ နှစ်ပေါင်းများစွာ ပျော်မွေ့ခဲ့သော ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ မရောက်ဖြစ်သည်မှာ ၅ နှစ်ကျော် ၆ နှစ်နီးပါးခန့် ရှိပေရော့မည်။ သက္ကညီနောင်ဘုရားကိုလည်း

မဖူးရသည်မှာ ကြာပါပေါ့။ ယခု သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးတာဝန် ထမ်းဆောင်နေစဉ် ရန်ကုန်မြို့ရှိ UMFCCI တွင် ကျင်းပပြုလုပ်မည့် ညီလာခံတစ်ခုသို့ တက်ရောက်ရန် အကြောင်းပေါ်လာခဲ့သည်။ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့ နေပြည်တော်–ရန်ကုန် ခရီးစဉ်မှာ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) သို့ ဝင်ရောက်ပြီး မွေးရပ်မြေ လေးမျက်နှာမြို့နယ်မှ တက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံ အားပေးစကား ပြောကြားမည်၊ ပြီးလျှင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ ခေတ္တ ဝင်ရောက်၍





ဘုရားလည်းဖူးရင်း လေ့လာကြည့်ရှုမည်။ ထိုသို့စိတ်ကူး၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးဇော်အေးမောင်ထံ အကျိုးအကြောင်းပြောကာ ခွင့်တောင်းခဲ့ပါသည်။

ထိုနေ့က စိတ်ကူးထားသည့်အတိုင်း ဒီဂရီကောလိပ်သို့ဝင်၍ မိမိဇာတိမြေမှ ကလေး (၄) ဦး၊ မိုခါမုန်တိုင်းသင့် ချိန်မှာ ရခိုင်ဒေသ၌ ကူညီဆောင်ရွက်ပေးရင်း ကွယ်လွန်ခဲ့သည့် မြန်မာ့သစ်လုပ်ငန်းမှ လွှဝိုင်းဆရာ ကိုဇော်လတ်၏ သမီးဖြစ်သူ အောင်လံမှကလေး (၁) ဦး၊ ယခင် မိမိ တာဝန်ထမ်းဆောင်ခဲ့သည့် နတလဦးစီးဌာနမှ ဝန်ထမ်းသားသမီးများဖြစ်ကြသော ကလေး (၁၂) ဦး၊ ပေါင်း (၁၇) ဦးနှင့် တွေ့ဆုံ၍ မုန့်ဖိုးများပေးခဲ့သည်။ ပြီးလျှင် တိုင်းရင်းသားကျေးရွာသို့ ဝင်ရောက်ပြီး ဝန်ထမ်းများအား တွေ့ဆုံနှုတ်ဆက်သည်။ သူတို့စီစဉ်ပေးသော ဘာဂီများဖြင့် ရွာအတွင်းလှည့်လည်ကြည့်ရှုကာ ဘုရားလည်းဖူး၍ အလှူငွေများထည့်ဝင်လှူဒါန်းခဲ့ကြသည်။ ဖြစ်နိုင်လျှင် နန်းမြင့်မျှော်စင်ပေါ်သို့ တက်ရောက်ပြီး ရွာ၏အလှအပကို ခံစားကြည့်ရှုလိုသော်လည်း အချိန်မရခဲ့။ ကလေးအားကစားကွင်းမှာ သစ်လွင်တောက်ပစွာဖြင့် ကစားစရာတွေ စုံလင်တာကို မြင်ခဲ့ရသည်။ ဆလုံတိုင်းရင်းသားများ၏ လူနေမှုစရိုက်ကို လေ့လာနိုင်အောင် ပြခန်းတည်ဆောက်ပြသထားကြောင်း တွေ့ရသည်။ ရေနွေးငွေ့သုံး မီးရထားစက်ခေါင်းနှင့် ကမ်းရိုးတန်းသွား MV–705 သဘော်ကြီးကို တည်ဆောက်ပြသထားသောကြောင့် ရွာသို့ လာရောက်သူများအတွက် ကြည့်ရှုလေ့လာစရာတွေ တိုးပွားလာသည်ကို တွေ့ရသည်။ River View တွင် တည်ဆောက်ထားရှိပြီးဖြစ်သော ဆိပ်ခံဗောတံတားသည် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၏ အနာဂတ်ခရီးသွားလုပ်ငန်းအစီအစဉ်၌ အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေပါလိမ့်မည်။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဦးစီးဌာနမှ တာဝန်ရှိသူများ၏ ကြပ်မတ်ကွပ်ကဲဆောင်ရွက်နေမှုများနှင့်အတူ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသည် ရည်မှန်းချက်များနှင့်အညီ ထာဝစဉ်ဖွံ့ဖြိုးတိုးတက်နေမည်ဟု အလေးအနက် ယုံကြည်မိပါသည်။

မြင့်စိုး(နတလ)



တိုင်းရင်းသားရိုးရာ
ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ
မပျောက်ပျက်ရေး ဘယ်လိုဆက်လုပ်ကြမလဲ

မေလတ်ဇံ (စစ်တွေ)

ယဉ်ကျေးမှုအမွေအနှစ်ကို ယူနက်စကို (UNESCO) ခေါ် ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံ ပညာနှင့်ယဉ်ကျေးမှု ဆိုင်ရာအဖွဲ့အစည်းကြီး၏ ကမ္ဘာလုံးဆိုင်ရာ စံသတ်မှတ်ထားသော အမွေအနှစ် သုံးမျိုးအဖြစ် တွေ့မြင်လေ့လာနိုင်သည်။ ယင်းတို့မှာ–

(က) ကမ္ဘာ့အမွေအနှစ် (World Heritage)

(ခ) ကမ္ဘာ့မှတ်တမ်းများအမွေအနှစ် (Memory of World Register)

(ဂ) ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် (World Intangible Culture Heritage)

ဟူ၍ ဖြစ်လေသည်။

ကမ္ဘာ့အမွေအနှစ်တွင်လည်း ယဉ်ကျေးမှုအမွေအနှစ် (Cultural Heritage) နှင့် သဘာဝ အမွေအနှစ် (Natural Heritage) ဟူ၍နှစ်မျိုးရှိရာ ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ တည်းဟူသော ပျူရွှေမြို့ဟောင်း (၃) မြို့နှင့် ပုဂံတို့မှာ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် ရွေးဟောင်းနေရာများ ဖြစ်ကြသည်။ အင်းတော်ကြီး၊ နတ်မတောင်၊ အင်းလေးကန်ကဲ့သို့ ဒေသများမှာ သဘာဝအမွေ အနှစ်ဖြစ်ပေသည်။

ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် ပုဂံမှမြစေတီကျောက်စာ၊ ဘုရင့်နောင်မင်းတရားကြီး၏ ခေါင်းလောင်း စာ၊ မန္တလေးမှကုသိုလ်တော်ကျောက်စာများက သတ်မှတ်ခံထားရပြီး အာရှနှင့်ပစိဖိတ် ဒေသအဆင့် မှတ်တမ်းများ အမွေအနှစ်အဖြစ် မြဂနိုင်ရုပ်ရှင်ကားနှင့် မြောက်ဦးမြို့မှ အာနန္ဒစန္ဒြ ကျောက်စာတို့ ရရှိထားသည်။ ကမ္ဘာ့အဆင့်မှတ်တမ်းများ အမွေအနှစ်သတ်မှတ်ခံရရန်လည်း ပိုမို ပြည့်စုံစွာဖြည့်စွက်၍ လျှောက်ထားဆဲဖြစ်သည်။

မြန်မာနိုင်ငံတွင် အထူးပေါကြွယ်ဝပါလျက် ယခုထိ ကမ္ဘာ့ဒြပ်မဲ့အမွေအနှစ်စာရင်းမဝင် နိုင်သေးသည့် ရုပ်ပိုင်းမဟုတ်သော စိတ်ပိုင်းဆိုင်ရာယဉ်ကျေးမှုများစွာရှိပေသည်။ ယင်းတို့မှာ ဘာသာစကား၊ စကားပုံ၊ စကားထာ၊ ဖျော်ဖြေတင်ဆက်မှုအနုပညာ၊ ရိုးရာလက်မှုပညာ၊ ပွဲလမ်း သဘင်၊ လူမှုထုံးတမ်းအစဉ်အလာများ၊ ရိုးရာအားကစား၊ ဗေဒင်နက္ခတ်ပညာ၊ တိုင်းရင်းဆေး၊ ရိုးရာအစားအသောက်များ စသည်ဖြင့်ဖြစ်သည်။

မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တွေ့ရှိရသော ဖြစ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များစွာတို့အနက် လက်ဆင့်ကမ်း ထိန်းသိမ်းရမည့် စကားပုံ၊ စကားထာများစွာသည် တိုင်းရင်းသားလူမျိုးတိုင်း ပျောက်ပျက်လုနီး ဖြစ်လာပြီကို တွေ့ရသည်။

ဤဆောင်းပါးရေးနေဆဲမှာပင် ယူနက်စကိုက ကမ္ဘာ့ဖြစ်မဲ့ယဉ်ကျေးမှုအဖြစ်မြန်မာနိုင်ငံမှအဆိုပြုတင်သွင်းထားသော "မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်"ကို ပဏာမကြေညာချက်စာရင်းတွင် ထည့်သွင်းပေးထားကြောင်း တွေ့ရသည်။ ဤသို့ ပဏာမ စာရင်းဝင်ခြင်းသည် နောက်တစ်ကြိမ်ပြုလုပ်မည့်အစည်းအဝေးတွင် ကြေညာရာ၌ တရားဝင် ပါလာမည်မှာ ရာနှုန်း ပြည့်သေချာနေပြီဟု သိရသည်။ အမှန်တကယ်သာ "မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်" ကမ္ဘာ့ဖြစ်မဲ့ယဉ်ကျေးမှုအမွေအနှစ် (အတိုကောက်အားဖြင့် ICH) စာရင်းဝင် ကြေညာခံရပါက မြန်မာနိုင်ငံ၏ ပထမဆုံးကမ္ဘာ့အဆင့် ICH သတ်မှတ်ခံရခြင်းပင်ဖြစ်၍ ဝမ်းသာဂုဏ်ယူစရာကောင်းလှသည်။ (မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို UNESCO ရဲ့ Intangible Culture Heritage ကမ္ဘာ့ဖြစ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့က တရားဝင်သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။)

ကမ္ဘာ့အဆင့် ICH မသတ်မှတ်ခင် မိမိနိုင်ငံအဆင့် (တစ်နည်းအားဖြင့်) အမျိုးသားအဆင့် ဖြစ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်စာရင်း အရင်သွင်းရပေသည်။ ထို့ပြင်ကမ္ဘာ့အမွေအနှစ်နှင့်ကမ္ဘာ့မှတ်တမ်းများ အမွေအနှစ်တို့ကို နိုင်ငံတော်အစိုးရကိုယ်စားပြု သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနကဲ့သို့ အစိုးရအဖွဲ့အစည်းတစ်ရပ်ရပ်က ဦးဆောင်တင်သွင်းလျှောက်ထားရသော်လည်း ကမ္ဘာ့ဖြစ်မဲ့ယဉ်ကျေးမှုအမွေအနှစ်မှာ အစိုးရကလျှောက်ထား၍မရဘဲ ဤဖြစ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ကို လက်ခံလိုက်နာကျင့်သုံးနေရုံသာမက နောင်မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းလွှဲပြောင်းခြင်းဖြင့် ဆက်လက်ထိန်းသိမ်းလျက်ရှိကြသော လူမှုအဖွဲ့အစည်း (Community) (တစ်နည်းအားဖြင့်) ပြည်သူလူထုအဝန်းအဝိုင်းကသာ လျှောက်ထားခွင့်ရှိခြင်းကလည်း ထူးခြားချက်တစ်ရပ်ပင်ဖြစ်သည်။

အခြားအမွေအနှစ်များနှင့် ဖြစ်မဲ့အမွေအနှစ် မတူခြားနားသည်မှာ ပြည်သူကထိန်းသိမ်းမှ ရခြင်းသည် ဖြစ်မဲ့အမွေအနှစ်၏ အနှစ်သာရပင်ဖြစ်သည်။ အစိုးရအားပေးထောက်ပံ့မှုကတော့ လိုပါသည်။ သို့သော် ပြည်သူသာ အဓိက ဖြစ်ပါသည်။

မြန်မာနိုင်ငံရှိတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တွေ့ရှိရသော ဖြစ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များစွာတို့အနက် လက်ဆင့်ကမ်းထိန်းသိမ်းရမည့် စကားပုံ၊ စကားထာ များစွာသည် တိုင်းရင်းသားလူမျိုးတိုင်း ပျောက်ပျက်လုနီးဖြစ်လာပြီကို တွေ့ရသည်။ တိုင်းရင်းသား သက်ကြီးများက သက်ငယ်များကို လက်ဆင့်ကမ်းနိုင်မှ၊ ဆက်ခံထိန်းသိမ်းရမည့် သက်ငယ်များကလည်း ထိန်းသိမ်းလိုစိတ်ရှိမှ အဆိုပါ ဖြစ်မဲ့ ယဉ်ကျေးမှုများ တည်မြဲမည်ဖြစ်သည်။

ထို့အတူဒေသအသီးသီး၊ မြို့အသီးသီးတွင် ကိုယ်ပိုင်ပွဲတော်များရှိကြသည်။ တစ်နိုင်ငံလုံးကျင်းပ လေ့ရှိသော သင်္ကြန်ပွဲတော်သည်ပင်လျှင် ဒေသအလိုက်၊ လူမျိုးအလိုက် ဆောင်ရွက်ပုံ၊ ပြုမူပုံ အနည်းငယ်စီ ကွဲပြားလေ့ရှိသည်။ ဥပမာအားဖြင့် – ရခိုင်လူမျိုးတို့၏ သင်္ကြန်ပွဲတော်တွင် လူအချင်းချင်း ရေမပက်ခင် ဘုရားဆင်းတုရုပ်ပွားတော်များ၊ စေတီပုထိုးများကို ဦးစွာရေသပ္ပာယ်ရသည်။ ထိုသို့ ရေသပ္ပာယ်ရန် စုပေါင်းနံ့သာသွေးပြီး ရလာသောနံ့သာအရည်များကို ငွေဖလားများတွင်ထည့်ကာ ရေသပ္ပာယ်ရမည့် ဘုရားဆင်းတု၊ စေတီပုထိုးများကို ဦးစွာအမျိုးသား



ပုံ(၁) ရခိုင်ရိုးရာနံ့သာသွေးပွဲပုံ



ပုံ(၃) ရခိုင်ရိုးရာသက်ကြီးပူဇော်ပွဲမင်္ဂလာစည်တော်အက

များက ကြေးညှောင်ဖုန်မှုန့်ကင်းစင်အောင် တိုက်ချွတ်ဆေးကြောပြီးမှ အမွေးနုံသာအရည်ဖြင့် နောက်ဆုံးပက်ဖျန်းပူဇော်ရသည်။

ထိုသို့ အဆင့်ဆင့်ပြုလုပ်သည်ကို ရခိုင်တို့က "နံ့သာသွီးပွဲ" "ဘုရားရီချိုးပွဲ" ဟုအမည်တပ်လေ့ရှိသည်။ ထိုသို့ဘာသာရေးကိစ္စဆောင်ရွက်ပြီးမှ ရပ်ရွာများအတွင်း ရေလောင်းမဏ္ဍပ်များ ဆောက်လုပ်ကာ လောင်းလှေကြီးများကို မဏ္ဍပ်တွင်းသွင်း၍ ရေဖြည့်ပြီး မိန်းမပျိုလေးများက မဏ္ဍပ်တွင်း၊ ယောကျ်ားပျိုလေးများက မဏ္ဍပ်ပြင်ဘက်မှ နေ၍ ယဉ်ကျေးသိမ်မွေ့စွာ ရေပက်ကစားကြရသည်။ တစ်ဦးနှင့်တစ်ဦးယခင်က မသိကျွမ်းကြသော်လည်း သင်္ကြန်ကာလတွင် အမည်မေး၊ လိပ်စာမေး၊ ပန်းကုံးတောင်း၊ လက်ကိုင်ပုဝါပေး စသည့် လူပျိုအပျိုဆက်ဆံရေးများဖြင့် အစပြုခဲ့သောရခိုင်ဖူးစာဖက်ပွဲတစ်မျိုးလည်း ဖြစ်ပေသည်။

သုံးရက်သုံးလီ မဏ္ဍပ်ရေကစားပြီး နှစ်ဆန်းတစ်ရက် ရောက်သည်နှင့် ရခိုင်သက်ကြီးပူဇော်ပွဲများ ကျင်းပလေ့ရှိသည်။ ကန်တော့ဖွယ်ပစ္စည်းများကိုင်ဆောင်၍ ရပ်ကွက်အလိုက်လှည့်လည်ကာ သက်ကြီးဘိုးဘွားများရှိရာ အိမ်တိုင်ရာရောက် ကခုန်တီးမှုတ်ပူဇော်ရင်း ကန်တော့ကြသော ဓလေ့ရှိသည်ကလည်း ထူးခြားသည်။

ကိုယ်ပိုင်ပွဲတော်ဆိုသည်နှင့် တိုင်းရင်းသားတိုင်း ကျင်းပလေ့ရှိသော ပွဲတော်များကို သတိရကြမည်သာဖြစ်သည်။

ကချင်ဆိုလျှင် မနောပွဲနှင့်မနောအကတို့ဖြင့် တွဲဖက်၍ မြင်ပြီး ကယားဆိုသည်နှင့် ကေ့ထိုးဘိုးနှင့်စုပေါင်းဝိုင်းဖွဲ့အက၊ ကရင်ဆိုလျှင် ချည်ဖြူဖွဲ့ပွဲနှင့်ဒုံးယိမ်းအက၊ ချင်းဆိုလျှင် ခွာဒိုပွဲတော်နှင့် ချင်းရိုးရာဝါးညှပ်အက၊ ဗမာဆိုလျှင် သင်္ကြန်နှင့် အိုးစည်ဒိုးပတ်ဝိုင်း၊ မွန်ဆိုလျှင် မွန်ရိုးရာဆီဆွမ်းလောင်းပွဲနှင့်ဟင်္သာမောင်နှံအက၊ ရခိုင်ဆိုလျှင်ဆွမ်းတော်ကြီးလောင်းပွဲနှင့်ဗုဒ္ဓပူဇနိယဆီမီးခွက် အက၊ ရှမ်းဆိုလျှင် တန်ဆောင်တိုင်မီးပုံးပျံလွှတ်တင်ပူဇော်ပွဲနှင့် ရှမ်းအိုးစည်ဓားသိုင်း အကတို့ကို မြင်ယောင်ကြမည်မှာ အသေအချာပင်ဖြစ်သည်။

လက်မှုအနုပညာဆိုလျှင်လည်း တိုင်းရင်းသားတိုင်း ထူးထူးခြားခြား တတ်ကျွမ်းသော လက်မှုအနုပညာကိုယ်စီရှိကြသည်။ ယွန်းထည်လုပ်ငန်း၊ ကြေးသွန်းလုပ်ငန်း၊ ကျောက်ဆစ်လုပ်ငန်း၊ ပန်းပုလုပ်ငန်း၊ ပန်းတော့လုပ်ငန်း၊ ပန်းတမော့လုပ်ငန်း၊ ရက်ကန်းလုပ်ငန်း၊ ကျောက်စီ ပန်းချီလုပ်ငန်း၊ ငွေထည်လုပ်ငန်း၊ ရွှေပန်းထိမ်လုပ်ငန်း၊ အိုးလုပ်ငန်း၊ ဖျာရက်လုပ်ငန်း စသည်ဖြင့် ပန်းဆယ်မျိုးသာမကများပြားလှစွာသော လက်မှုအနုပညာလုပ်ငန်းများ တိုင်းရင်းသားလူမျိုးတိုင်းလိုလိုရှိကြသည်။



ပုံ(၃) ကချင်မနောပွဲ



ပုံ(၄) ကရင်ချည်ဖြူဖွဲ့ပွဲ

ရိုးရာအစားအစာဆိုလျှင်လည်း ကြက်ကချင်ချက်၊ ကယားဝက်အူချောင်း၊ ကရင်တာလပေါဟင်း၊ ချင်းဆာဗူးသီးဟင်း၊ မွန်သကြံနှံထမင်း၊ ရခိုင်မုန့်တီ၊ ဗမာမုန့်ဟင်းခါးနှင့် ရှမ်းငါးထမင်းနယ် စသည်ဖြင့် တိုင်းရင်းသားအလိုက် နာမည်ကျော်အစားအစာများ ရှိကြသည်။

ဤဖြပ်မဲ့အမွေအနှစ်များတည်တံ့ရေးသည် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးများ၏ နေရာဒေသတည်ငြိမ်အေးချမ်းသာယာနေရန် အဓိကကျသည်။ အကယ်၍ အဆိုပါဒေသများတွင် စစ်မက် ပဋိပက္ခများ ဖြစ်ပွားနေလျှင် ဖြစ်စေ၊ ရေဘေး၊ မီးဘေး၊ မုန်တိုင်းဘေး၊ မြေငလျင်ဘေး စသည့် သဘာဝဘေးအန္တရာယ်များ ကြီးကြီးမားမားကျရောက်လျှင်ဖြစ်စေ ဒေသခံတိုင်းရင်းသားများသည် မိမိနေရပ် အိုးအိမ်လုပ်ငန်းများကိုစွန့်ခွာ၍ အသက်ဘေးအတွက် ပြေးလွှားရှောင်တိမ်းကာအရပ်တစ်ပါးသို့ ပြောင်းရွှေ့ကြရသည်။

ထိုအခြေအနေမျိုးတွင် နှစ်စဉ်ကျင်းပမြဲပွဲတော်များလည်း မကျင်းပနိုင်တော့သလို ဆောင်ရွက်မြဲ လက်မှုအနုပညာလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်ရန် အခက်အခဲ ကြုံကြရလေ့ရှိသည်။ အရပ်တစ်ပါးတွင် ကာလရှည်ကြာ ပြောင်းရွှေ့နေထိုင်ရသောအခါ မိမိရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများလည်း လျော့ပါးတတ်စမြဲ၊ ထိုမှတဖြည်းဖြည်း ကွယ်ပျောက်သွားရမြဲဖြစ်သည်။

ထို့ကြောင့်တိုင်းရင်းသားတို့၏ ရိုးရာဖြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်ရေးမှာ အလွန်အရေးကြီးသော အခြေအနေတစ်ရပ်အဖြစ် သိနားလည်ကြရန် လိုအပ်ပြီး ဆက်လက် ထိန်းသိမ်းနိုင်ရေး လူသားမျိုးနွယ် တိုင်း တစ်ယောက်မကျန် တာဝန်ရှိကြောင်း အသိပေးလိုက်ရပေသည်။

မေလတ်ဇံ (စစ်တွေ)



စာဖတ်လေလေ တိုးတက်လေ

ချစ်နိုင် (စိတ်ပညာ)

ချမ်းသာခြင်း

ကမ္ဘာပေါ်မှာရှိကြတဲ့ သူဌေးကြီးတွေ ၁၅ ရာခိုင်နှုန်းကတော့ မိဘဆီကအမွေရလို့ ချမ်းသာကြွယ်ဝကြတာပေါ့။ ကျန်တဲ့ ၈၅ ရာခိုင်နှုန်း ကမ္ဘာ့သန်းကြွယ်သူဌေးများကတော့ မိမိကိုယ်တိုင် ရုန်းကန်ကြိုးစားပြီး အခုလို ကြီးပွားအောင်မြင်ကာ ချမ်းသာကြွယ်ဝလာကြတာ ဖြစ်ပါတယ်။ ဘယ်လိုများ ငွေကြေးဥစ္စာပြည့်စုံလာအောင် ကြိုးစားခဲ့ပါသလဲ မေးတဲ့အခါ သူတို့က စာဖတ်ကြလို့ပါတဲ့ ဖြေလေ့ရှိကြတယ်။ ဘာစာအုပ်တွေဖတ်ကြသလဲ စိတ်ကူးယဉ်စာပေ (ဝတ္ထု၊ ကဗျာ) ထက် ဘဝမှာအသုံးကျမယ့် (Non-fiction) သမိုင်း၊ ပထဝီ၊ သိပ္ပံ၊ ဆက်ဆံရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ စိတ်ပညာ၊ အတွေးအခေါ်၊ ဒဿနိကဗေဒ စသဖြင့် စာအုပ်အမျိုးမျိုးပေါ့။ စာအုပ်တွေဘယ်လောက် ဖတ်သလဲ။ တစ်ပတ်တစ်အုပ်လောက် ဖတ်ကြတယ်။ တစ်နှစ်ဆိုရင် အနည်းဆုံးစာအုပ် ၅၀ ကျော် ဖတ်ဖြစ်အောင်ဖတ်တယ်။ ရုပ်ရှင်မကြည့်ဘဲ ရုပ်မြင်သံကြားမကြည့်ဘဲ ဘဝအတွက် အကျိုးရှိမယ့်၊ အသုံးကျမယ့် စာအုပ်မျိုးတွေဖတ်ပါတယ်။ နိုင်ငံရေး၊ စီးပွားရေး စသဖြင့်ပေါ့။ Self – help မိမိကိုယ်ကို မြှင့်တင်နိုင်တဲ့ စာပေဗဟုသုတတွေဖတ်ကြပါတယ်တဲ့။

စာမဖတ်လို့ဘာမှ ဂဃနဏာ တိတိကျကျ ရေရေရာရာ မသိမခြင် မတတ်မကျွမ်းကြတဲ့ လူပြိန်းတွေကြားထဲမှာ တစ်လတစ်အုပ် စာကောင်းပေကောင်းတွေရှာဖွေပြီး သေသေချာချာ မှတ်သားလေ့လာစုဆောင်းတဲ့ အသိပညာဗဟုသုတတွေနဲ့ ပြည့်ဝလာတဲ့ လူငယ်ဟာ သူအလုပ်လုပ်တဲ့ အလုပ်မှန်သမျှ ကောင်းသထက်ကောင်းအောင် ပြောင်းလဲနိုင်တယ်။ တိုးတက်သထက် တိုးတက်အောင်မြင်အောင် ကြံဆောင်နိုင်တယ်။ ချမ်းသာသထက် ပိုချမ်းသာအောင် မြော်မြင်စီမံနိုင်တယ်၊ လမ်းမှားတွေကို ကြိုတင်ကြည့်မြင်နိုင်ပြီး ဝေးဝေးရှောင်ကွင်း ရှောင်ရှားနိုင်တယ်။ လမ်းကောင်းလမ်းမှန် အကျိုးရှိတဲ့ နည်းလမ်းတွေကို ရွေးချယ်ဆုံးဖြတ်ပြီး လိုက်နာကျင့်သုံးတတ်တယ်။ သူများတကာထက် သာတာပေါ့။

တတ်ကျွမ်းမှု

အသက်အရွယ်ကြီးရင့်လာတာနဲ့အတူ သူရဲ့အမြော်အမြင် အသိဉာဏ်ပညာ တတ်မြောက်ကျွမ်းကျင်မှုတွေက ဖွံ့ဖြိုးတာနဲ့အမျှ ပို၍ ပို၍အောင်မြင်လာတာပဲ။ ဒါဟာ အိန္ဒိယသူဌေးတွေသာ မဟုတ်ဘူး။ တရုတ်၊ ရုရှား၊ အမေရိကား၊ အင်္ဂလန်၊ ပြင်သစ်၊ ဂျပန်၊ ကိုရီးယား၊ စင်ကာပူ၊ ဘယ်လူမျိုး၊ ဘယ်နိုင်ငံမှာမဆို အခြားသာမန်လူများထက် စာပိုဖတ် အသိအမြင်ပိုပြီး ကြွယ်ဝ၊ အမြင်ကျယ် သူတွေဟာ စီးပွားဥစ္စာ လုပ်ကိုင်ရာဖွေရာမှာလည်း “ထောင်မြင်ရာစွန့်” ဆိုတဲ့စကားလို တန်ဖိုးကြီးမားတဲ့ အရာတွေကို ရယူနိုင်ဖို့ရာ သူ့ရဲ့အချိန်တွေကို အဖိုးတန်အကျိုးအရှိဆုံး ဖြစ်စေအောင် စာကို ကြိုးကြိုးစားစားဖတ်တော့တာပဲ။

မန္တလေးက လူချမ်းသာ၊ သူဌေးတွေ၊ မျိုးရိုးအရ အမွေစားအမွေခံ ချမ်းသာသူအချို့မှအပ ကြွယ်ဝချမ်းသာလာကြတဲ့ အောင်မြင်သူ ၈၅ ရာခိုင်နှုန်းဟာလည်း တောက

ဆင်းဆင်းရဲရဲနဲ့တက်လာပြီး ဘဝကိုခက်ခက်ခဲခဲ ရုန်းကန်ရင်းပဲ စာရေးဆရာမင်းသိခ်ရေးတဲ့ "ပုဏ္ဏားဘကွန်း" ဝတ္ထုထဲက ဇာတ်ကောင်လို တစ်စတစ်စ စာပေဖတ်ရှု လေ့လာပြီး (မိတ်ဆွေကောင်း၊ ဆရာကောင်း တရုတ်အဘိုးကြီး ဦးဘွန်ဟောလို) မိတ်ဆွေတွေနဲ့တွေ့ကာ ချမ်းသာကြွယ်ဝလာခဲ့ကြတာပဲ မဟုတ်လား။

ယူဒီဦးခင်မောင်ဝင်း (စစ်ကိုင်းမြို့ဇာတိ) ဦးအောင်ဆန်းဝင်း (မတ္တရာ) စသဖြင့် အရောင်းအဝယ်နယ်ပယ်၊ စက်ရုံအလုပ်ရုံနယ်ပယ်၊ ပညာရေး၊ ကျန်းမာရေး ဝန်ဆောင်မှုနယ်ပယ်တွေမှာ အလှူအတန်းလည်းရက်ရော၊ လူမှုရေးကူညီမှုတွေမှာလည်း ရှေ့တန်းကပါဝင်လုပ်ဆောင်ကြတဲ့ မန္တလေးမြို့ကျက်သရေဆောင် မြို့မျက်နှာဖုံးသူဌေးသူကြွယ်တွေများစွာဟာ ကိုယ့်ထူးကိုယ်ချွန်တွေ မဟုတ်လား။

စာပေလေ့လာ

ဆရာကြီးရွှေဥဒေါင်းရဲ့ "အကြံဉာဏ်ဖြင့်ကြီးပွားရေး" ဖတ်တယ်။ စာရေးသူ သိသလောက်တော့ ဘွဲ့ရသူလည်းပါတယ်၊ဆရာဝန်တွေလည်းပါတယ်၊ဆယ်တန်းမအောင်တဲ့သူလည်း ပါတယ်။ ၇ တန်း၊ ၈ တန်းတောင် မရောက်ခဲ့ကြသူတွေလည်း ပါကြပါတယ်။ ဒါပေမဲ့ ဘာသာရေးစာပေရော၊ လောကီစာပေတွေရော မိမိတို့ထက် ကျယ်ကျယ်ပြန့်ပြန့် လေ့လာမှတ်သားကြတာတွေ့ရတယ်။ အတန်းပညာ ဘွဲ့လက်မှတ်မရှိလို့ အထင်မသေးမိလေနဲ့နော်။ စာဖတ်တယ်။

ငွေကြေးဥစ္စာစည်းစိမ်ချမ်းသာရုံမျှသာမက သူတို့ဟာကိုယ့်ရပ်ဇာတိ၊ မိဘဆွေမျိုးနဲ့ သာသနာအကျိုး၊ ဘာသာအကျိုးကိုလည်း အလေးအမြတ်ထောက်ပံ့ချီးမြှင့်ကြတဲ့သူတွေပါ။ သူတော်ကောင်းပုဂ္ဂိုလ်တွေဟာ အကြောင်းရင်းခံက စာအုပ်စာပေကို မိတ်ဆွေကောင်း၊ ဆရာကောင်းလို ရင်းရင်းနှီးနှီး ပေါင်းဖော်တာကိုဗျ။ ဆရာတော်များ၊ သံဃာတော်များနဲ့ စာအုပ်စာပေ။ စိတ်ထဲပေါ် ရာပြောလိုက်ပါစေ။

မြို့မငြိမ်း၊ အလင်္ကာကျော်စွာဆရာကြီး (ဦးကျော်ငြိမ်း/ဆရာငြိမ်း) တေးပြုစာဆို ပါရမီရှင်ကြီးက ဂီတ၊ ပန်းချီ၊ ပန်းပု၊ အတီးအမှုတ်အစုံရတဲ့သူလေ။ သူဟာ တေးသီချင်းသီကုံးတာ ကွန့်မြူးဆန်းသစ်တာလည်းမပြောနဲ့ စာအုပ်နဲ့ မျက်နှာနဲ့ မခွာဘူး။ စာဖတ်တယ်။ တကယ်သိအောင်၊ တတ်အောင် အမြဲလေ့လာတဲ့ဆရာ။ ရွာစားစိန်တင်ဟန် ရေးဖူးတယ်။ ရွှေမန်းတင်မောင် မင်းသားရယ်လို့ ဆယ်နှစ်သားကျော်ကျော်ကပင် ထင်ရှားအောင်မြင်ခဲ့တာ။ ကျေးဇူးရှင်ဆရာတော်ဦးသူရိယရဲ့ အဆုံးအမကျေးဇူးတော်လည်း ပါပေမှာပါပဲ။ သူ့ဘဝတစ်သက်လုံး ခေါင်းအုံးဘေးမှာချပြီး ဖတ်တဲ့စာကတော့ ပီမိုးနင်းရဲ့ တက်ကျမ်းတွေတဲ့လေ။ စာအုပ်စင်ထဲမှာလည်း ပီမိုးနင်းရေးတဲ့စာအုပ်တွေ အပြည့်ပဲ။ သားကြီးကိုညွှန့်ဝင်းတို့ သားငယ်တွေကယူကြည့်ရင် "သားတို့ ယူတဲ့နေရာကို စနစ်တကျ သေသေချာချာပြန်ထားနော် ဖေဖေက သူ့နေရာသူရှိစေချင်တယ်" တဲ့။ အမြဲမပြတ် ပီမိုးနင်းနဲ့ နေ့နေ့ည‌ည‌ထိတွေ့ (သင်တန်းတက် သင်ယူမှတ်သား) နေတာ ဘဝတစ်သက်တာလုံးပါပဲ။

စာဖတ်တယ်

နိုင်ငံအဝန်းကိုကျော်ပြီး အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်လို့ အောင်မြင်ထင်ရှားရခြင်း အကြောင်းရင်းက စာဖတ်တဲ့ စာမှတ်တဲ့ (ကျက်မှတ်ရွတ်ဆိုနိုင်တဲ့) ပညာရှာမှီးဖြည့်ဆည်းတဲ့ အကျင့်ကောင်းကြောင့်မဟုတ်လား။ သူကတော်မှာပေါ့။ ကျော်မှာပေါ့။ သူ့အကျင့်မူဝါဒ။

Life–Long Learning

ဘဝတစ်သက်တာသင်ယူလေ့လာနေမယ်။

လူငယ်များ မောင်တို့မယ်တို့ –

အောင်မြင်ကျော်ကြား၊ ထူးခြားချမ်းသာကြွယ်ဝချင်ကြရင်တော့ အိန္ဒိယသန်းကြွယ်သူဌေးကြီး တစ်ဦး အင်တာဗျူးမှာ ဖြေတဲ့ သူ့ဆောင်ပုဒ်စကားကိုသာ မှတ်သားကျင့်သုံးရုံလေးပါပဲ။ လွယ်ပါတယ်ကွယ်။

"Learn more earn more"

ဆည်းပူးလေ့လာပိုမိုများလေ

စည်းစိမ်စီးပွား၊ အောင်မြင်ကြွယ်ဝခြင်းများ

ပိုမိုတိုးတက်လေလေသာ။

လက်တွေ့သာဓက

စာရေးသူပြောတာရေးတာကိုမယုံပါနဲ့။ မန္တလေးသူမန္တလေးသားတွေကို မေးကြည့်ပါ။ ချမ်းသာကြီးပွားတဲ့လူတွေရဲ့ သူများနဲ့မတူတဲ့ အကျင့်စရိုက် အလေ့အထက

ဘာလဲ ခင်ဗျာ။ ချမ်းသာသူပဲဖြစ်ဖြစ်၊ ဆင်းရဲသူပဲဖြစ်ဖြစ် သူကဖြေပါလိမ့်မယ်။ “အဲ့ဒီလူက သတင်းစာ၊ ဂျာနယ် မဂ္ဂဇင်း၊ စာအစုံတော်တော်ဖတ်တဲ့လူဗျ”

မိဘလက်ငုတ် ပြည့်စုံချမ်းသာရာမှ တိုက်ရောင်း၊ ဆိုင်ရောင်း၊ မြေရောင်း ယုတ်လျော့ကျဆင်းသွားတဲ့ သူဌေးမျိုးရိုး အထည်ကြီးပျက်တွေအကြောင်း ဘေးက သိကြမြင်ကြသူတွေကို မေးစမ်းကြည့်လိုက်ပါ။ သူတို့ဟာမျိုးရိုးအရ ချမ်းသာကြွယ်ဝခဲ့ကြတာပါ။ အမှန်ပဲ။ သို့ရာတွင် တစ်တိတစ်တိနဲ့ ရှိသမျှ ပိုင်သမျှလေးတွေကို ထုခွဲရောင်းချပြီး နွမ်းပါးသွားကြပြီ။ ဆင်ပိန်ကျွဲ ဆိုတာလို မရှိမရှား အခြေအနေလေးပဲရှိတော့တယ်။

သူတို့ရဲ့အဓိကအားနည်းချက်က ဘာလဲ။

စာနဲ့ပေနဲ့ဝေးခဲ့ကြတယ်။

ချမ်းသာပေမယ့် စာနဲ့ပေနဲ့ဝေးတယ်။

သတင်းစာတောင်မဖတ်တော့ ကိုယ်နေတဲ့မြေ၊ ကိုယ်ပိုင်တဲ့အိမ်တောင်မှ ကာလပေါက်ဈေးဘယ်လောက်တန်ဖိုးရှိနေမှန်း မသိကြဘူး။ ငွေကြေးဖောင်းပွမှု ဘယ်လောက်ရှိမှန်းလည်းမသိဘူး။ သိန်းဂဏန်း သန်းဂဏန်းမျှကို ရှေးကာလလိုမျှားလှပြီ ထင်နေကြတယ်။

ထားပါတော့ ဗဟုသုတ အသိပညာနည်းပါလှတာကြောင့် နစ်နာဆုံးရှုံးခဲ့ကြရတယ်။

ကွာခြားချက်

စာဖတ်တဲ့သူနဲ့ စာမဖတ်တဲ့လူဟာ နှိုင်းယှဉ်တွက်ဆလို့ မရအောင် ကွဲပြားခြားနားကြပါတယ်။

စာဖတ်တတ်တယ်။ ဆယ်တန်းအောင်ပြီးသားပါ၊ ဘွဲ့ရပြီးသားပါဆိုပေမယ့်လည်း ဘာမှဆက်မလေ့လာ၊ သတင်းစာမဖတ်၊ ဂျာနယ်မဖတ်၊ မဂ္ဂဇင်းမကြည့်၊ ရေဒီယို (မြန်မာ့အသံ၊ မြဝတီ) သတင်းလေးတောင် မကြည့်ဘဲ ပိတ်ထားတာကြာပေါ့ဆိုတဲ့လူတွေ အတော်များများဟာ ယနေ့ ၂၁ ရာစုရောက်နေပြီ။ ၂၀၂၄ ပြီးရင် ၂၀၂၄-၂၀၂၅ ရောက်တဲ့အခါမှာ ငါတို့ဟာ ၂၁ ရာစုရဲ့ ၄ ပုံ ၁ ပုံ ဖြတ်သန်းလာခဲ့ပြီ။

ဒီတော့ စီးပွားရေးသဘောတွေလည်း ယခင်နဲ့မတူတော့ဘူး။ နိုင်ငံရေးဟာလည်း ၁၉ ရာစု၊ ၂၀ ရာစုနဲ့ မတူတော့ဘဲ ၂၁ ရာစုအခြေအနေသစ်တစ်ခုသို့ သိသိသာသာ ပြောင်းလဲနေပြီ။ နိုင်ငံတကာရေးရာမှာလည်း ယခင်ကနဲ့မတူတော့ဘဲ သိပ္ပံနဲ့နည်းပညာကို ပိုမိုအားပြုတဲ့ခေတ်ကိုရောက်နေပြီ မဟုတ်လား။

၂၁ ရာစု အာရှဟာ တကယ်သာအသိဉာဏ်ပညာပြည့်စုံကြွယ်ဝရင် ရွှေခေတ်ရောက်လာပြီ။

သို့ရာတွင် အသိပညာလည်းမရှိ၊ အတတ်ပညာလည်း မရှိဘူးဆိုရင်တော့ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ကိုးရီးယား၊ ဂျပန် စတဲ့ ကိုယ့်ကိုခိုင်းစေမယ့် သခင်တွေဆီမှာ အမှိုက်သိမ်း၊ အိမ်သာဆေး၊ အဝတ်လျှော်၊ ထမင်းချက်၊ ကလေးထိန်း၊ အိမ်စောင့်၊ ကားရေဆေး အလုပ်တွေသွားလုပ်ရင်း ကျွန်အဖြစ် နွံနစ်ကြရဦးမယ်ဆိုတာ သိမြင်ကြဖို့လိုပါတယ် မောင်တို့မယ်တို့။

ကမ္ဘာ့အခြေအနေကိုလည်းမသိ၊ ပတ်ဝန်းကျင်နိုင်ငံတွေနဲ့ ပြောင်းလဲမှုလည်း သတိမမူမိ၊ ဘာမှမသိ။ အဲဒါ သတိထားပါ။

သိရမယ်

နိုင်ငံတကာဖြစ်ပေါ်ပြောင်းလဲမှု အတတ်ပညာ နည်းပညာတွေကိုလည်း ဘာဆိုဘာမှတတ်ကျွမ်းနားလည်မှုမရှိ။ တောသားတာဇံဘဝလို ဝူးဝူးဝါးဝါးနဲ့ ဘယ်ဘာသာစကားမှလည်း တတ်မြောက်ကျွမ်းကျင်မှုမရှိ။ မြန်မာလူမျိုး လူငယ်အများစုက နှစ်ပေါင်း ၄၀ – ၅၀ လောက် ခေတ်နောက်ကျကျန်နေရစ်ခဲ့ပြီဆိုရင် စိတ်မဆိုးနဲ့နော်။ ကြိုးစားအားထုတ်မှုမအိပ်မနေလုပ်ရမယ်ဆိုတာ သတိပြုစေချင်လို့သာ စေတနာနဲ့ သတိပေးတာ မပေါ့ဆနဲ့နော်။

ဘယ်သူ့ကိုမှလည်း အပြစ်တင်မနေနဲ့။

သူများအပေါ် အပြစ်ပုံချဖို့စဉ်းစားမနေနဲ့။

ရောက်တဲ့နေရာ ရှိတဲ့အခြေအနေကပဲ ရဲရဲဝံ့ဝံ့ အကောင်းဆုံးကြိုးစားဖြတ်သန်းမယ်။ “ငါ့နိုင်ငံတော်၊ ငါ့လူမျိုးအတွက် မျက်နှာမငယ် မျက်နှာမည်ဖြူးရအောင် အမိနိုင်ငံတော် ကောင်းကျိုးအတွက် ငါလူရာဝင်အောင်၊ တော်အောင်၊ ထူးချွန်အောင် ကြိုးစားပြီး ကျေးဇူးဆပ်မယ်လို့ စိတ်ကူးစေချင်ပါတယ်။ မင်းတို့လူငယ်များဟာ စာဖတ်ခြင်းဖြင့် ကြီးမြင့်နိုင်ကြပါတယ်။ ကြိုးစားပါ။ လေးစားယုံကြည်အားထားလျက်ပါ။

ချစ်နိုင်(စိတ်ပညာ)



ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ (ရန်ကုန်) အကြောင်း

ဦးသန်းမောင်၊ ရခိုင်စာယဉ် (ရန်ကုန်)

၁။ ရခိုင်စာယဉ်(ရန်ကုန်) ဖွဲ့စည်းရခြင်းအကြောင်း

ရခိုင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့(ရန်ကုန်)ကို ၂၀၁၃ ခုနှစ်တွင် အငြိမ်းစားသံရုံးပါမောက္ခဆရာကြီး ဒေါက်တာဦးကျော်သိန်း (ယခု ကွယ်လွန်) က ဦးဆောင်ပြီး ရန်ကုန်ရောက် ရခိုင်ဒေသအသီးသီးမှ ရခိုင်အမျိုးသား၊ အမျိုးသမီးများကို စုစည်းလျက် စတင်ဖွဲ့စည်းခဲ့ပါသည်။ ရခိုင်လူမျိုးတို့၏ စာပေရေးရာ၊ သမိုင်း၊ ယဉ်ကျေးမှု၊ အဆို၊ အက၊ သီဆိုတီးမှုတ်မှု၊ ရိုးရာအားကစား စသည်တို့ကို ဖော်ထုတ်ကာ အမြတ်အစွန်းမရှာသော လူမှုရေး၊ စာပေနှင့်ယဉ်ကျေးမှု ဆိုင်ရာအဖွဲ့အစည်း (Non-profit social, literature and culture organization)၊ နိုင်ငံရေးနှင့်မသက်ဆိုင်သော အဖွဲ့အစည်း (Non-political organization) အဖြစ် ပြည်ထဲရေးဝန်ကြီးဌာနတွင် တရားဝင်မှတ်ပုံတင်ထားသည့် အဖွဲ့ဖြစ်ပါသည်။

၂၀၂၂ ခုနှစ်၊ မေလ ၅ ရက်နေ့က တိုင်းရင်းသားလူမျိုး များရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် တက်ရောက်သည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များကို တရားဝင်အသိအမှတ်ပြုပွဲ အခမ်းအနားတွင်လည်း ရခိုင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့(ရန်ကုန်)ကို ရခိုင်တိုင်းရင်းသားများကို ကိုယ်စားပြုသော စာပေယဉ်ကျေးမှုအဖွဲ့အဖြစ် အတည်ပြုသတ်မှတ်ခဲ့ပါသည်။

ရခိုင်စာယဉ်(ရန်ကုန်)သည် စတင်ဖွဲ့စည်းသည်မှ စ၍ ပြည်ထောင်စုမြန်မာနိုင်ငံ တစ်ဝန်းလုံးတွင်သာမက ပြည်ပနိုင်ငံများသို့တိုင် ပျံ့နှံ့ရောက်ရှိနေကြသော ရခိုင်အမျိုးသားထုတစ်ရပ်လုံးအတွက်ပါ မူပိုင် ရိုးရာဓလေ့ ထုံးတမ်းစဉ်လာများကို မပျောက်ပျက် မတိမ်ကောစေရန် ရည်ရွယ်လျက် ယဉ်ကျေးမှုပွဲတော်များ၊ ဟောပြောပွဲ၊ စာတမ်းဖတ်ပွဲများ၊ ပြပွဲများ၊ ရခိုင်ရိုးရာနပန်းအားကစား ကျင်ပြိုင်ပွဲများ ကျင်းပခြင်း၊ ရခိုင်အဆိုအကနှင့် ပန်းကျင်း စည်တီး သင်တန်းများဖွင့်လှစ်ခြင်း၊



အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်)နှင့် ရခိုင်စာယဉ်ကျွမ်းကျင်သူများ



ရခိုင်ရိုးရာဝတ်စုံအမှန်



သိမ်ဖြူမိုးလုံလေလုံအားကစားရုံတွင်ကျင်းပခဲ့သော ရခိုင်ရိုးရာကျင်ပြိုင်ပွဲ

ပြည်တွင်းပြည်ပများတွင် ယဉ်ကျေးမှုဖလှယ်မှုများ၊ သင်ကြားမှုများပြုလုပ်ခြင်း စသည်တို့ကို ဖော်ထုတ်ဆောင်ရွက်လျက် ရှိနေပါသည်။

ထို့အပြင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်) အတွက် ရခိုင်အဆိုအကများ တူရိယာတီးမှုတ်မှုများကို သင်ရိုးညွှန်းတမ်းတွင် ပါဝင်ထည့်သွင်းရေးကိုလည်းကောင်း၊ ရခိုင်အဆိုအကနှင့်ယဉ်ကျေးမှုရေးရာ သင်တန်းပို့ချခြင်းများကိုလည်းကောင်း ရခိုင်စာယဉ် (ရန်ကုန်)မှ ရခိုင်အနုပညာ ကျွမ်းကျင်သူများဖြစ်ကြသည့် ဒေါ်စောခင်နု (ဒုတိယဥက္ကဋ္ဌ)နှင့် ဦးထွန်းဝင်း (အတွင်းရေးမှူး)တို့ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ပေးလျက် ရှိကြပါသည်။

၂။ ရခိုင်ရိုးရာသင်္ကြန်

ပျောက်ကွယ်လုနီးပါးဖြစ်နေသော ရခိုင်ရိုးရာသင်္ကြန်ကို ရန်ကုန်မြို့ရှိ ရခိုင်အသင်းအဖွဲ့များ၊ ရခိုင် အမျိုးသမီးအမျိုးသားများအားလုံးကို စုစည်းကာ ၂၀၀၄ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ သိမ်ဖြူကားမောင်းသင်ကွင်းတွင် ၉ ကြိမ်



ရခိုင်ရိုးရာသင်္ကြန်၏ နှံ့သာသွေးပွဲ



ရခိုင်ရိုးရာသင်္ကြန်၏ ဘုရားရေသပ္ပာယ်ပွဲ



ရခိုင်ရိုးရာသင်္ကြန်ပွဲ ရေလောင်းမဏ္ဍပ်များ

နှင့် ၂၀၁၃ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ သုဝဏ္ဏအားကစားကွင်းတွင် ၆ ကြိမ်၊ စုစုပေါင်း ၁၉ ကြိမ်တိုင်အောင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။ ကျင်းပရာ အစုပိုင်းနှစ်များက ရန်ကုန်မြို့ပြ ဓလေ့စရိုက်ဖြစ်သော ကားဖြင့်ပတ်ကာ အော်ဟစ်ခုန်ပေါက် ရေပက်ခံထွက်သည့်အကျင့်ကို စွဲမြဲနေကြသော ခေတ်လူငယ် အမျိုးသား အမျိုးသမီးလေးများအဖို့ ကွင်းပြင်တစ်နေရာတည်းတွင် မဏ္ဍပ်များ၊ လောင်းလှေများဖြင့် ရေကစားကြရသည့် ရခိုင်သင်္ကြန် ရေလောင်းဟန်ကို ယဉ်ပါးနားလည်လာရန် အလွန်ခက်ခဲစွာ စည်းရုံးခဲ့ရပါသည်။ သို့သော် ခေတ်လူငယ်များက တစ်နှစ်ထက်တစ်နှစ် ရခိုင်သင်္ကြန်၏ ထူးခြားသော အစဉ်အလာ ဓလေ့ဟန်ကို ချစ်ခင်နှစ်သက်စွာ လက်ခံကျင့်သုံးတတ်သွားကြသည်မှာ မှတ်တမ်းတင်လောက်စရာ ဖြစ်ခဲ့ရပါသည်။ ပထမဆုံးအကြိမ် ၂၀၀၄ ခုနှစ်က ရေလောင်းမဏ္ဍပ် ၇ ခု သာ ရှိခဲ့ရာမှ ၁၅ ကြိမ် ၂၀၁၈ ခုနှစ်တွင် ရေလောင်းမဏ္ဍပ် ၂၁ ခုအထိ တိုးတက်လာခဲ့ပါသည်။

ထိုသို့ အောင်မြင်စွာကျင်းပနိုင်ခဲ့သည်မှာ ထိုစဉ်က ရန်ကုန်တိုင်းဒေသကြီးအစိုးရ၊ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင် (ယခု ဒုတိယဝန်ကြီး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန) ၏ ဦးဆောင်မှုဖြင့် ရခိုင်စာယဉ်အဖွဲ့အပါအဝင် ရခိုင်လူမှုရေးအသင်းများစွာတို့က တညီတညွတ်တည်း ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြ၍သာ ဖြစ်ပါသည်။ ရန်ကုန်ရခိုင်သင်္ကြန်တွင် တိုင်းရင်းသားများအားလုံး တပျော်တပါး ပါဝင်ဆင်နွှဲခဲ့ကြပါသည်။ ကမ္ဘာလှည့်ခရီးသည်များလည်း လာရောက်ရေကစားကြသဖြင့် မြန်မာပြည်ခရီးသွား ကြော်ငြာများ၌ ရခိုင်သင်္ကြန်ပွဲကို မဖြစ်မနေ ထည့်ပေးရသည်အထိ နိုင်ငံတော်ကြီးနှင့်တကွ ရခိုင်လူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုဂုဏ်ဒြပ်ကို များစွာမြှင့်တင်ပေးနိုင်ခဲ့ပါသည်။

၃။ ဗုဒ္ဓပူဇနိယသီချင်းနှင့် ဆီမီးခွက်ယိမ်းအက

၂၀၁၇ ခုနှစ်က ဗုဒ္ဓပူဇနိယယိမ်းသီချင်း ရေးစပ်သူ အမည်နှင့်ပတ်သက်၍ အငြင်းပွားမှုတစ်ရပ် ဖြစ်ပေါ်ခဲ့သည်တွင်လည်း ရခိုင်စာယဉ် (ရန်ကုန်) မှ ဥက္ကဋ္ဌ ဒေါ်စောခင်တင့်နှင့် တာဝန်ရှိသူများ၊ တေးရေးဆရာဦးမြင့်မိုးအောင်တို့သည် စစ်တွေမြို့အထိ သွားရောက်ကာ

ဗုဒ္ဓပူဇနိယယိမ်းသီချင်း ရေးစပ်ခဲ့သူ ဆရာကြီး ရက္ကန်းဦး ဦးဘသာ(ကွယ်လွန်)၏မိသားစုများ၊ စစ်တွေမြို့မိမြို့ဖများ၊ ဂီတပညာရှင်များနှင့် ရင်းနှီးချစ်ကြည်စွာ တွေ့ဆုံဆွေးနွေးလျက် တေးရေးသူ၏ မူပိုင်ခွင့်အခွင့်အရေး (Copyright) ကိုအသိအမှတ်ပြုမှုရရှိအောင်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ထို့အပြင် ဗုဒ္ဓပူဇနိယယိမ်းသီချင်းနှင့် ရခိုင်ဆီမီးခွက်ယိမ်းအကကို စားသောက်ဆိုင်များ၊ အရက်ဆိုင်များ၊ စီးပွားရေးနှင့် ကိုယ်ရေးကိုယ်တာ ပွဲလမ်းသဘင်များ၊ ညစာစားပွဲများတွင် စည်းမဲ့ကမ်းမဲ့ မဖွယ်မရာ ကခုန်ဖြေဖျော်နေကြခြင်းများကို တားဆီးပိတ်ပင်နိုင်ရန် သင့်လျော်သော စည်းမျဉ်းစည်းကမ်းများကိုရေးဆွဲကာ” ရခိုင်ဗုဒ္ဓပူဇနိယ တေးသီချင်းနှင့်ရခိုင်ရိုးရာဆီမီးခွက်အကတို့နှင့်ပတ်သက်၍ ကြေညာချက်”ကို ၂၀၁၆ ခုနှစ်က အောက်ပါအတိုင်း ထုတ်ပြန်ခဲ့ပါသည်။

ရခိုင်ဗုဒ္ဓပူဇနိယတေးသီချင်းနှင့် ရခိုင်ရိုးရာဆီမီးခွက်ယိမ်းအကတို့နှင့်ပတ်သက်၍ ကြေညာချက်

၁။ “အို - - မဟာမုနိဘဂဝါ” အစချီသော ဗုဒ္ဓပူဇနိယသီချင်းကို ရခိုင်ဂီတစာဆိုသျှင် ရက္ကန်းဦးဘသာ ခေါ် ဦးဦးဘသာ (ရက္ကန်း) က ၁၉၆၅ ခုနှစ်ခန့်က ရေးသားသီကုံးစပ်ဆိုခဲ့ပြီး ရခိုင်ရိုးရာယဉ်ကျေးမှုအဖွဲ့က ၁၉၆၆ ခုနှစ်၊ ပြည်ထောင်စုနေ့အခမ်းအနား (တောင်ကြီးမြို့)တွင် ယင်းသီချင်းကို ရခိုင်ရိုးရာဆီမီးခွက်ယိမ်းအကအဖြစ် သရုပ်ဖော်ကပြခဲ့ရာမှ အလွန်ကျော်ကြား ထင်ရှားလာခဲ့ပါသည်။

၂။ ယင်းတေးသီချင်းနှင့်ယိမ်းအကသည် မြတ်စွာဘုရားရှင်အမှူးပြုသော အနန္တောအနန္တငါးပါးအား ရှိခိုးပူဇော်ကန်တော့သော ဓမ္မပူဇာတေးဖြစ်သည့်အပြင် ရခိုင်ရိုးရာပန်းကျင်းစည်တော်များ၊ ရခိုင်ရိုးရာ ဝတ်စုံအပြည့် ဆင်ယင်သော ယိမ်းသူယိမ်းသားများဖြင့် ဂန္ဓဝင်မြောက်စွာ သီဆိုတီးမှုတ်ကခုန်ခြင်းကြောင့် လည်းကောင်း၊ ရခိုင်ဘာသာစကား၊ ရခိုင်ကိုယ်ပိုင်တေးသွားသံစဉ်နှင့် ရခိုင့်ကိုယ်ပိုင်ဟန်ပန် ကကွက်များဖြင့် ဖန်တီးထားမှုကြောင့်လည်းကောင်း အခြားမည်သည့်လူမျိုးတို့နှင့်မျှမတူ ကွဲပြားခြားနားသော အသွင်လက္ခဏာ ဂုဏ်အင်္ဂါအပြည့်အဝ ပါရှိနေပါသည်။ ထို့ကြောင့် ရခိုင်တစ်မျိုးသားလုံး၏ ကိုယ်ပိုင်ယဉ်ကျေးမှု အမွေအနှစ်အဖြစ် အမြတ်တနိုးတန်ဖိုးထားလျက် ရခိုင်ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ရခိုင်လူမှုရေးအဖွဲ့အစည်းများက ဘာသာရေးနှင့် ဆက်နွယ်သော ပွဲလမ်းသဘင်နှင့် အခမ်းအနားများတွင် နှစ်ကာလရှည်ကြာစွာကပင် ယနေ့တိုင် စဉ်ဆက်မပြတ် သီဆိုကပြလျက်ရှိကြပါသည်။

၃။ ထို့ကြောင့် ယင်းဗုဒ္ဓပူဇနိယတေးသီချင်းနှင့် ယိမ်းအကတို့ကို ရခိုင်တိုင်းရင်းသားတစ်ရပ်လုံးက ပိုင်ဆိုင်သော ရိုးရာယဉ်ကျေးမှုဓလေ့ဆိုင်ရာ သို့မဟုတ် ဂန္ဓဝင်အနုပညာအမွေအနှစ်ဆိုင်ရာ အသိပညာ၊ အတတ်ပညာ (Traditional Knowledge) (TK) အဖြစ် တရားဝင် သတ်မှတ်လိုက်ကြောင်းနှင့် ယင်းတေးသီချင်းနှင့် ယိမ်းအကကို ရခိုင်အမျိုးသားထုတစ်ရပ်လုံး၏မူပိုင် ရိုးရာယဉ်ကျေးမှု၊ ဂန္ဓဝင်အနုပညာ အမွေအနှစ်(TK) အနေဖြင့် ဥပဒေနှင့်အညီ ထိရောက်စွာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြမည်ဖြစ်ကြောင်း အများသူငှာအား လုံး သိရှိကြစေရန် ကြေညာလိုက်ပါသည်။

၄။ သို့ဖြစ်ရာ မည်သူမဆို ယင်းဗုဒ္ဓပူဇနိယ တေးသီချင်းနှင့် ယိမ်းအကကို သီဆိုကပြမည်ဆိုပါက အောက်ပါသတ်မှတ်ချက်များနှင့်အညီ မဖျက်မကွက် လိုက်နာဆောင်ရွက်ကြရန် အသိပေးကြေညာအပ်ပါသည်-

(က) ထေရဝါဒဗုဒ္ဓဘာသာကိုအရင်းခံလျက်အနန္တောအနန္တငါးပါးနှင့်အကျုံးဝင်သည့် အခမ်းအနားပွဲလမ်းသဘင်မျိုးတွင်သာ သီဆိုကပြရန်၊

(ခ) အခမ်းအနားပွဲလမ်းသဘင်၏ ဖျော်ဖြေမှုအစီအစဉ်တွင် အလျင်ဦးဆုံး ထည့်သွင်းရန်၊

(ဂ) ရခိုင်ရိုးရာဝတ်စုံအပြည့်အစုံဝတ်ဆင်ကာ ဆီမီးခွက်အစစ် သို့မဟုတ် ဆီမီးခွက်သဏ္ဌာန်မီးတစ်မျိုးမျိုးဖြင့် သီဆိုကပြရန်၊

(ဃ) သင့်တင့်လျောက်ပတ်သော စင်မြင့်နေရာပေါ်တွင်သာ သီဆိုကပြရန်၊

(င) ရက္ကန်းဦးဘသာ ရေးသားသော ရခိုင်ဂန္ဓဝင်ဓမ္မပူဇာတေးသီးချင်းဖြစ်ကြောင်းနှင့် ရခိုင်တိုင်းရင်းသား ရိုးရာအကဖြစ်ကြောင်း ကပြ တင်ဆက်မှုမပြုမီ လူသိရှင်ကြားကြေညာပေးရန်၊

(စ) မူရင်းသံစဉ်နှင့် မူရင်းစာသားများကို ပြုပြင်ပြောင်းလဲခြင်း လုံးဝမပြုလုပ်ရန်၊

(ဆ) မူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ရခိုင်ယဉ်ကျေးမှုကော်မတီက လိုအပ်သဖြင့် အခါအားလျော်စွာ ထုတ်ပြန်ကြေညာသော သတ်မှတ်ချက်နှင့် အညီသာ အသုံးပြုရန်။

၅။ ဖော်ပြပါ ဗုဒ္ဓပူဇနီယသီချင်းကို ရခိုင်ဂီတစာဆိုသျှင် ရက္ကန်းဦးဘသာက ၁၉၆၅ ခုနှစ်ခန့်တွင် ရေးသားသီကုံးစပ်ဆိုခဲ့ကြောင်းကို ရခိုင်ယဉ်ကျေးမှုနှင့်ဂီတ အနုပညာရှင်များ၊ ရှေးမိနောက်မီပုဂ္ဂိုလ်များက စုဝေးဆွေးနွေးကာ အထောက်အထား အခိုင်အမာဖြင့် အတည်ပြုခဲ့ကြပြီး ဖြစ်ပါသည်။

၆။ ၁၉၇၅ ခုနှစ်တွင် ရက္ကန်းဦးဘသာ ကွယ်လွန်အနိစ္စရောက်ခဲ့ပြီးနောက် ကျန်ရစ်သူဇနီး ဒေါ်စောညွန့်နှင့် မိသားစုက ယင်းတေးသီချင်း၏ အနုပညာရေးရာမူပိုင်ခွင့်(Copyright)ကို တည်ဆဲမြန်မာနိုင်ငံမူပိုင်ခွင့် အက်ဥပဒေအရ ယနေ့တိုင်အောင် ရရှိပိုင်ဆိုင်လျက်



ရခိုင်ရိုးရာဆီမီးခွက်အက



ဒေါ်စောညွန့်
(ဆရာကြီးရက္ကန်းဦးဘသာ၏ မူပိုင်ခွင့်ဆက်ခံသူဇနီး)
နှင့် ရခိုင်စာပေနှင့်ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)

ရှိပါသည်။ ထို့ကြောင့် မည်သူမဆို ယင်းတေးသီချင်းနှင့် ယိမ်းအကကို အနုပညာအခြေပြုစီးပွားရေးကိစ္စတစ်ရပ်ရပ်အတွက် မည်သည့်နည်းလမ်းဖြင့်မဆို သုံးစွဲလိုပါက ရက္ကန်းဦးဘသာ၏ သက်ရှိထင်ရှားဇနီး ဒေါ်စောညွန့်နှင့် မိသားစုသို့မဟုတ် ယင်းတို့ကလွဲအပ်တာဝန် ပေးထားသောပုဂ္ဂိုလ် (သို့မဟုတ်) အဖွဲ့အစည်း၏ ကြိုတင်ခွင့်ပြုချက်ကို မဖြစ်မနေ ရယူရန်လည်းကောင်း၊ ထိုသို့ မရယူဘဲဖြစ်စေ၊ ခွင့်မပြုဘဲဖြစ်စေ လုံးဝ မသုံးစွဲကြရန်လည်းကောင်း သတိပေးအပ်ပါသည်။

၇။ ဖော်ပြပါ ဗုဒ္ဓပူဇနီယသီချင်းနှင့်ပတ်သက်၍ တေးရေးသူ၏ အမည်ကိုဖြစ်စေ၊ တေးခေါင်းစဉ်၊ စာသားအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကိုဖြစ်စေ လွဲမှားစွာဖော်ပြရေးသားခြင်း၊ ပြုပြင်ပြောင်းလဲခြင်း၊ တေးရေးသူ၏ ဂုဏ်သိက္ခာအခွင့်အရေးကို ထိခိုက်ညှိုးနွမ်းအောင်ပြုလုပ်ခြင်း၊ ခွင့်ပြုချက်မရရှိဘဲ စီးပွားရေးအကျိုးငှာ တစ်နည်းနည်းသုံးစွဲခြင်း၊ ရခိုင်တိုင်းရင်းသားများ၏ဂန္ဓဝင်ယဉ်ကျေးမှုအမွေအနှစ်ကို အလွဲသုံးစားပြုခြင်း၊ သတ်မှတ်ချက်တစ်ရပ်ကို ဖောက်ဖျက်ခြင်းစသည်တို့ကို မပြုလုပ်ရန် တားမြစ်လိုက်ပါသည်။ ဖော်ပြပါ တားမြစ်ချက်တစ်ရပ်ရပ်ကို

ဖောက်ဖျက်ကျူးလွန်ပါက တည်ဆဲဥပဒေများနှင့် အညီထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းလေးနက်စွာသတိပေးကြေညာအပ်ပါသည်။

ထိုသို့ ကြေညာချက်ထုတ်ပြီးချိန်မှစ၍ ဗုဒ္ဓပူဇနီယတေးသီချင်းနှင့် ရခိုင်ရိုးရာဆီမီးခွက်အကတို့ကို စည်းမဲ့ကမ်းမဲ့ မဖွယ်မရာ ကခုန်ဖျော်ဖြေနေကြခြင်းများ လုံးဝပျောက်ကွယ်သွားသည်ကို အားရဖွယ်ရာ တွေ့ရှိရပါသည်။

၄။ ရခိုင်ရိုးရာသမက်တက်ပွဲဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ ကျင့်ထုံးများ သတ်မှတ်ရေး

ယခုအခါ ရခိုင်ရိုးရာသမက်တက်ပွဲ (ရခိုင်အစဉ်အလာမင်္ဂလာဆောင်ပွဲ)များကို အနယ်နယ်အရပ်ရပ်တွင် ပြန်လည်ဖော်ထုတ် ကျင်းပလာမှုများ ကျယ်ကျယ်ပြန့်ပြန့် ထွန်းကားလာနေသည်ကို တွေ့မြင်လာရသဖြင့် ရခိုင်စာယဉ်အဖွဲ့ (ရန်ကုန်)အနေဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ရပါသည်။ ရခိုင်စာယဉ်အဖွဲ့ (ရန်ကုန်)သည် ရခိုင်ရိုးရာအစဉ်အလာကို အခြေခံသည့် သမက်တက်ပွဲကျင်းပပုံလုပ်နည်းလုပ်ဟန်များကို သတ်မှတ်ရေးဆွဲကာ လက်လှမ်းမီသရွေ့ သမက်တက် မင်္ဂလာအခမ်းအနားများတွင် အများသူငါတို့လိုက်နာကျင့်သုံးနိုင်ကြရန် ကူညီဆောင်ရွက်ပေးလျက် ရှိနေပါသည်။

သို့သော် ယခုအခါ အချို့သော ရခိုင်သမက်တက်ပွဲများသည် ခေတ်မီလိုမှု၊ ဆန်းသစ်လိုမှု၊ ဂုဏ်ပကာသနပြိုင်ဆိုင်လိုမှု၊ ကိုယ့်ယဉ်ကျေးမှုဓလေ့စရိုက်နှင့် မကိုက်ညီသော အနောက်တိုင်းဆန်ဆန် အစီအစဉ်များကို ရောနှောထည့်သွင်းလာမှု၊ စသည်တို့ကို တလွဲရှေ့တန်းတင် ဦးစားပေးလွန်းလာကြကာ ရခိုင်ရိုးရာဝတ်စားဆင်ယင်မှု၊ ရခိုင့်ပင်ရင်း အစဉ်အလာ၊ အသွင်သဏ္ဌာန်များမှ တစ်စထက်တစ်စ သွေဖည် လွဲမှားလာနေကြသည်များကို ဝမ်းနည်းဖွယ်ရာ မြင်တွေ့နေရပါသည်။

ယင်းသွေဖည်မှုများကြောင့် အခြားလူမျိုးများက ရခိုင်ရိုးရာဓလေ့များအပေါ် အမြင်လွဲမှားမှတ်ယူသွားစေနိုင်သဖြင့် ရခိုင်လူမျိုးထုတစ်ရပ်လုံး၏ ဂုဏ်သိက္ခာကိုပါ ထိခိုက်စေမည်ဖြစ်ပါသည်။ ထိုသို့လွဲမှားစွာ လုပ်ဆောင်နေကြသည်ကို အမှတ်မထင် လျစ်လျူရှုထားလိုက်ပါက တဖြည်းဖြည်းနှင့် အမှားများကို အမှန်ဟု ထင်မှတ်သွားကာ ပြည်တွင်းပြည်ပနေ ရခိုင်လူမျိုးတို့က ကျင့်သုံးသွားကြလျှင် ရခိုင်တို့၏ အခြားလူမျိုးတို့နှင့်မတူညီဘဲ သီးသန့်ထူးခြားသည့် ရိုးရာယဉ်ကျေးမှုဓလေ့အပေါ် အရိုးပေါ် အရွက်ဖုံးသလို မျိုးခြားယဉ်ကျေးမှုအသွင်သဏ္ဌာန်များ လွှမ်းမိုးလာကာ နောက်ဆုံးတွင် “ရခိုင်”ဟူ၍ သီးသန့်လူမျိုးတစ်မျိုးအဖြစ် ကမ္ဘာ့မျက်နှာစာတွင် ရပ်တည်နေနိုင်မှုအနေအထားသည်ပင် ပျောက်ကွယ်သွားမည်မှာ ဧကန်မလွဲပင် ဖြစ်ပါသည်။

ထို့ကြောင့် ရခိုင်စာယဉ်(ရန်ကုန်)က ရခိုင်ရိုးရာဓလေ့ဆိုင်ရာ ကျွမ်းကျင်သူများနှင့် အကြိမ်ကြိမ် တိုင်ပင်ရေးဆွဲထားသည့် “ရခိုင်ရိုးရာသမက်တက်ပွဲ (ရခိုင်အစဉ်အလာမင်္ဂလာဆောင်အခမ်းအနားပွဲ)များ ကျင်းပခြင်းဆိုင်ရာ အခြေခံ စည်းမျဉ်းစည်းကမ်းများ” ဟူသည့် ကြေညာချက်





ရခိုင်ရိုးရာ သမက်တက်ပွဲ

သမက်ရှင်အတွက် သမက်ရှင်၏ နေ့နံသင့်အညွှန့်များထည့်ထားသော ရေစင်အိုးတစ်စုံ၊ မင်္ဂလာဝင်ပစ္စည်းများဖြစ်သော အိပ်ရာလိပ်(သို့မဟုတ်) အဝတ်သေတ္တာ၊ ဓားရှည်၊ ယပ် စသည်တို့ကို နေ့သင့်နံသင့်သူများက ကိုင်ဆောင်နိုင်ရန် စီစဉ်ပေးရပါမည်။

တစ်ရပ်ကို ၂၀၂၂ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့ နေ့စွဲဖြင့် အောက်ဖော်ပြပါအတိုင်း ထုတ်ပြန်ပြီး ဆောင်ရန် ရှောင်ရန် အချက်များအဖြစ် အလေးအနက်ထား လိုက်နာကျင့်သုံးကြရန် တိုက်တွန်းနှိုးဆော်ခဲ့ပါသည်။

ရခိုင်ရိုးရာသမက်တက်ပွဲ (ရခိုင်အစဉ်အလာမင်္ဂလာဆောင် အခမ်းအနားပွဲ)များကျင်းပခြင်းဆိုင်ရာ အခြေခံစည်းမျဉ်းစည်းကမ်းများ

၁။ သမက်ရှင်၊ သမီးရှင်နှင့် အရန်များသည် ဖုံကတ္တီပါပေါ်တွင်သာ မေပြု၍ ထိုင်ကြရပါမည်။ ထိုင်ခုံများဖြင့် ထိုင်ခြင်း လုံးဝ မပြုသင့်ပါ။ မင်္ဂလာအစီအစဉ်အရ သမက်ရှင်၊ သမီးရှင်တို့ထံ တက်ရောက်ချီးမြှင့်ကြမည့် လူကြီးသူမများ၊ ဧည့်သည်တော်များအား အ,ဂါရဝ ပြုရာရောက်ပါသည်။

၂။ ရခိုင်ရိုးရာဝတ်စားဆင်ယင်မှုနှင့်အညီ သမက်ရှင်၏ ခေါင်းပေါင်း သို့မဟုတ် အုပ်ပေါင်း၏ အစွန်းကို ဘယ်ဘက်သို့ ချရပါမည်။ ပြင်ခံတိုက်ပုံသည် ဘယ်ဖုံးဖြစ်ရပါမည်။

၃။ သမီးရှင်ဝတ်စုံဒီဇိုင်းကို ရခိုင်ရိုးရာဝတ်စားဆင်ယင်မှုနှင့်မညီညွတ်သော အလွန်အကျွံဆန်းသစ်တီထွင်မှုမျိုးကို မပြုကြစေလိုပါ။ ဥပမာ သမီးရှင်၏ထမီတွင် ရေသီနားတပ်ဆင်ခြင်းသည် ရခိုင်ရိုးရာတွင် လုံးဝမရှိသဖြင့် မတပ်ဆင်သင့်ပါ၊ ပဝါစကိုမူ ဘယ်တင်ညာချဖြင့် နှစ်သက်သလို အတိုအရှည် ဝတ်ဆင်နိုင်ပါသည်။ ထမီပေါင်စွံအမည်း၏ ဖြတ်အကျယ်ကို ၂ လက်မထက် မပိုသင့်ပါ။

၄။ မင်္ဂလာထမင်းနှင့်ဟင်းပွဲများရွေးချယ်ခြင်း၊ ချက်ပြုတ်မှုထုံးစံများကို ရခိုင်စာယဉ်(ရန်ကုန်)မှ သိရှိနားလည်သူများက လမ်းညွှန်သည့်အတိုင်း ရခိုင့်ဓလေ့ထုံးတမ်းစဉ်လာ အယူအဆအရ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။ အခြေခံအားဖြင့် မင်္ဂလာလောင်ပွန်းတွင် ထမင်းဖြည့်ပြီး အူစုံသည်းစုံကြက်သား သုံးခွက်၊ ရွှေဖရုံသီးနှစ်ခွက်၊ ပေါင်းမင်္ဂလာဟင်းပွဲ ၅ မျိုး ဖြစ်ရပါမည်။ ကျန် အသေးစိတ်လိုအပ်ချက်များအတွက် ရခိုင်စာယဉ် အဖွဲ့(ရန်ကုန်)က အခြေအနေနှင့် လိုက်လျောညီထွေမည့် အကြံပြုချက်များပေးပါမည်။

၅။ မင်္ဂလာလောင်ပွန်း(ပန်းကန်ပြား)အောက်တွင် စပါးစေ့များခင်းထားကာ ငွေဒင်္ဂါးတစ်စုံကိုလည်း ထည့်ရပါမည်။

၆။ သမက်ရှင်၊ သမီးရှင်တို့၏ နေ့နံနှင့်ကိုက်ညီသောပန်းအညွှန့်အခက်များထိုးထားသည့် ရေစင်အိုး နှစ်အိုးပါရှိရပါမည်။ ယင်းရေစင်အိုးများကို မင်္ဂလာမြှောက်ထားသော ပရိတ်ကြိုးဖြင့် ရစ်ပတ်ထားရပါမည်။

၇။ သမက်ရှင်သည် မြားသည့်အချိန်တွင် ကိုယ်တင်အဖြူကို မဖြစ်မနေ ဝတ်ဆင်ထားရပါမည်။

၈။ သမီးရှင်ပန်ဆင်ရန် နေ့နံအရ သတ်မှတ်ထားသော ပန်း ၃ စုံ ပါရှိရပါမည်။

၉။ သမက်ရှင်အတွက် သမက်ရှင်၏နေ့နံသင့်အညွှန့်များထည့်ထားသော ရေစင်အိုးတစ်စုံ၊ မင်္ဂလာဝင်ပစ္စည်းများဖြစ်သော အိပ်ရာလိပ်(သို့မဟုတ်) အဝတ်သေတ္တာ၊ ဓားရှည်၊ ယပ်စသည်တို့ကို နေ့သင့်နံသင့်သူများက ကိုင်ဆောင်နိုင်ရန် စီစဉ်ပေးရပါမည်။

၁၀။ သမက်ရှင် သမီးရှင်တို့သည် လူပျို အပျို မဟုတ်ပါက ရခိုင်ရိုးရာထုံးတမ်းစဉ်လာအရ သျှောင်ဆောင်း ခွင့်မရှိပါ။ သျှောင်များကို သမက်တက်အခမ်းအနားအစီအစဉ်အတွက်မဟုတ်ဘဲ အလှသက်သက် ရိုက်ကူးရေးများတွင် အသုံးမပြုရပါ။ သမက်ရှင် သမီးရှင် မဟုတ်သောသူများက ဝတ်ဆင်ခြင်း၊ သုံးစွဲခြင်း လုံးဝမပြုလုပ်ရပါ။

၁၁။ မြားပေးမည့် လူကြီးသူမများသည် အညွှန့်သျှင်များသာဖြစ်ရပါမည်။ ရခိုင်ရိုးရာဓလေ့ထုံးစံကိုလည်း

နားလည် တတ်ကျွမ်းသူများဖြစ်ရပါမည်။ ရခိုင်စာယဉ်အဖွဲ့(ရန်ကုန်)၏ တတ်ကျွမ်းနားလည်သူများထံမှ အကူအညီ တောင်းယူနိုင်ပါသည်။

၁၂။ သမက်ရှင်၊ သမီးရှင်၊ နှစ်ဖက်မိဘများနှင့် အခမ်းအနားတွင်ပါဝင်ကြမည့်သူများအားလုံး၏ အဝင်အထွက်၊ လူအခင်းအကျင်းနှင့် တန်းစီမှု၊ ပန်းကျင်းစည်တော်၊ ခရာသင်း၊ အတီးအမှုတ် စသည့် အစီအစဉ်အသေးစိတ်ကို ရခိုင်စာယဉ်အဖွဲ့(ရန်ကုန်)က အသိအမှတ်ပြုထားသော ရခိုင်ရိုးရာကျွမ်းကျင်သည့် အစီအစဉ်မှူး(ဘိသိက်ဆရာ) ၏ စီစဉ်မှုအတိုင်း သမက်တက်ပွဲရှင်များက တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်ကြရပါမည်။

၁၃။ ပြင်ပတီးဝိုင်းအဆိုအကများ၊ အခြား ကြားဖြတ်အစီအစဉ်များကို ထည့်သွင်းလိုပါက ရခိုင်ရိုးရာသမက်တက် အခမ်းအနားအစီအစဉ် အစအဆုံးကို မထိခိုက်စေအောင်သာ စီစဉ်ဆောင်ရွက်ရပါမည်။

၁၄။ ရခိုင်စာယဉ်အဖွဲ့(ရန်ကုန်)သည် အထက်ပါ အခြေခံစည်းမျဉ်းစည်းကမ်းများအား ပြောင်းလဲလာသော အခြေအနေ အချိန်အခါနှင့် လိုက်လျောညီထွေအောင် လိုအပ်သော ဖြည့်စွက်ချက်၊ ပြင်ဆင်ချက်များကို အခါအားလျော်စွာ ပြုလုပ်ပေးသွားပါမည်။

၁၅။ ဤအခြေခံစည်းမျဉ်းစည်းကမ်းများသည် ရခိုင်လူမျိုးတို့၏ ဘာသာရေးအခြေခံ မိရိုးဖလာယုံကြည်မှုအဖြစ် အလေးထားကာ လိုက်နာကျင့်သုံးလာခဲ့ကြခြင်းဖြစ်ရာ ဤအချက်များကို မလိုက်နာခြင်း၊ ပြီးစလွယ်ပြုလုပ်ခြင်း၊ မှားယွင်းစွာပြုလုပ်ခြင်း စသည်တစ်ရပ်ရပ်ကြောင့် ပေါ်ပေါက်လာနိုင်သည့် အကျိုးအပြစ်တို့အတွက် သမက်တက်ပွဲရှင်များတွင်သာ တာဝန်ရှိလိမ့်မည်ဖြစ်ကြောင်း အလေးအနက် အသိပေးနှိုးဆော်အပ်ပါသည်။

ဟူ၍ ဖြစ်ပါသည်။

ဤ ရခိုင်သမက်တက်ပွဲဆိုင်ရာ ကြေညာချက်အပေါ်တွင်လည်း အမျိုးဂုဏ် ဇာတိဂုဏ်ကို အလေးထားကြသော အများသူငါတို့က စိတ်ဝင်စားစွာ အပြုသဘောဖြင့် ထောက်ခံကြိုဆိုကြခြင်း၊ အကြံပြုကြခြင်းများဖြင့် တုံ့ပြန်ကြသည်ကို ဝမ်းမြောက်ဖွယ်ရာ တွေ့ရှိရပါသည်။



အိန္ဒိယနိုင်ငံ၊ တြိပူရပြည်နယ်က ဘုန်းတော်ကြီးဦးဆောင်သည့် မော့ဂ်ရခိုင်လူငယ်များနှင့် ရခိုင်စာယဉ်မှ ဆရာဆရာမများ



အိန္ဒိယနိုင်ငံ၊ တြိပူရပြည်နယ်မှ မော့ဂ်ရခိုင်လူငယ်များ၏ ဗုဒ္ဓပူဇနိယယိမ်း

၅။ အိန္ဒိယနိုင်ငံတွင် ရခိုင်ယဉ်ကျေးမှုနှင့်အကများ သွားရောက်သင်ကြားခြင်း

အိန္ဒိယနိုင်ငံ၊ တြိပူရပြည်နယ်တွင်နေထိုင်ကြသော မော့ဂ်ခေါ် ရခိုင်မျိုးနွယ်စုတို့ထံမှ ဖိတ်ကြားချက်အရ ရခိုင်စာယဉ်(ရန်ကုန်)အဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဒေါ်နုမြဇံ(ယခု ဒုတိယဝန်ကြီး၊ သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန) ဦးဆောင်ပြီး အမှုဆောင်များဖြစ်ကြသော ဒေါ်စောခင်နု၊ ဦးထွန်းဝင်း၊ ကိုမျိုးသန့်စင်တို့ ၄ ဦးသည် ၂၀၁၆ ခုနှစ်

ရခိုင်တိုင်းရင်းသားရေးရာ ယဉ်ကျေးမှု အမွေအနှစ်များ၊ ဓလေ့ထုံးတမ်းစဉ်လာများကို ကာကွယ်စောင့်ရှောက်ရန်မှာ “မည်သူပြုပြု မပြုပြု၊ ကိုယ့်အမှု” ဟူသကဲ့သို့ ရခိုင်လူမျိုးအားလုံး ကိုယ်တိုင်ကိုယ်ကျ ထမ်းဆောင်ရမည့် ကိုယ့်အမျိုးသားရေးတာဝန် ဖြစ်ပေသည်။

အောက်တိုဘာလမှ ဒီဇင်ဘာလအထိ ၃ လတိုင်တိုင် ရခိုင်မော့ဂ် လူငယ်အမျိုးသား၊ အမျိုးသမီးလေးများစွာတို့အား ရခိုင်ယဉ်ကျေးမှု ရိုးရာအကများ သင်ကြားပေးခြင်း၊ ရခိုင်ယဉ်ကျေးမှုရေးရာများ ဟောပြောခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြသည်မှာ သမိုင်းမှတ်ကျောက်တစ်ခုပင်ဖြစ်ပါသည်။

၆။ ဝန်ကြီးဌာနများ၏ ပံ့ပိုးကူညီမှုများ

ပြည်ထောင်စုကြီးတွင် အေးအတူပူအမျှ အတူတကွ နေထိုင်လျက်ရှိကြသော တိုင်းရင်းသားလူမျိုး အသီးသီးတို့နည်းတူ ရခိုင်တိုင်းရင်းသားရေးရာ ယဉ်ကျေးမှုအမွေအနှစ်များ၊ ဓလေ့ထုံးတမ်းစဉ်လာများကို ကာကွယ်စောင့်ရှောက်ရန်မှာ “မည်သူပြုပြု မပြုပြု၊ ကိုယ့်အမှု” ဟူသကဲ့သို့ ရခိုင်လူမျိုးအားလုံး ကိုယ်တိုင်ကိုယ်ကျ ထမ်းဆောင်ရမည့် ကိုယ့်အမျိုးသားရေးတာဝန် ဖြစ်ပေသည်။

ရခိုင်စာယဉ်အဖွဲ့(ရန်ကုန်)သည် ယင်းတာဝန်ကို အခြေအနေပေးသမျှ ထမ်းဆောင်နေသည်တွင် ပြည်ထောင်စုအဆင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့်တကွ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရ တိုင်းရင်းသားရေးရာဝန်ကြီးဌာနတို့၏ ပံ့ပိုးထောက်ကူမှု အခန်းကဏ္ဍကလည်း အဓိကကျလှပါသည်။

ထိုသို့ ဌာနဆိုင်ရာများ၏ အစီအစဉ်ဖြင့် အခြား ညီနောင်တိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံပွဲများပြုလုပ်ခြင်း၊ ရိုးရာပွဲလမ်းသဘင်များကို အပြန်အလှန် ဖိတ်ကြားခြင်း၊ လေ့လာရေးခရီးစဉ်များကို အတူတကွ သွားလာကြခြင်း စသည်တို့ကြောင့် တိုင်းရင်းသား အချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက်ခိုင်မာစေလျက် ရှိနေပါကြောင်း တင်ပြရေးသားလိုက်ရပါသည်။ ။

ဦးသန်းမောင်၊ ရခိုင်စာယဉ်(ရန်ကုန်)



တိုင်းရင်းသားစာ/ယဉ်အဖွဲ့များ၏ ချစ်ကြည်စည်းလုံးရေး လေ့လာရေး ချောင်းသာခရီး



Just Blame the Government Plaese!

UAC

Starting with diplomats from the West to Myanmar diaspora working abroad to the working or unemployed locals around your neighborhoods, everything happening in Myanmar could only be attributed to the fault of one i.e., the current military government. Diplomats, especially those who are doing nothing now for Myanmar development at present, kept on blaming the administration for every single failure, and the only purported solution from their point of view seems to be bring back the crooked Su Kyi back from the dead. The blame is even more notable from those who contributed nothing but hot air for Myanmar stability and repcovery. At least China and India have been constructively engaging Myanmar on many fronts, putting the money where their mouth lies.

Myanmar diaspora continued their funding and support of terrorist activities within the country, cheering on the NNCP terrorists and EAOs who has done nothing but brought heartaches and agonies to the local population in many destroyed towns and villages. While these compatriots working overseas continue to enjoy their earnings in stable currencies in peaceful countries, spare a thought for those who had to run away en mass from Kyauk Mae, Lashio and Thandwe, because the embolden terror attacks backed by their support. The irony is if these supporters are given an ultimatum of either having

The working or employed locals do not fare so well either. Most of them are gifted with dubious ethics, spend their times wisely playing video games, tiktok or watching porn, do the bare minimum work and expect to be treated like rare earth.

to stay in Koh Kant, Kayin, Kayah, Sagaing or in Nay Pyi Taw, they would have chosen the last city whole heartedly. Hypocrisy at its best!

The working or employed locals do not fare so well either. Most of them are gifted with dubious ethics, spend their times wisely playing video games, tiktok or watching porn, do the bare minimum work and expect to be treated like rare earth. Putting an extra effort or 'carpe diem' do not apply to their brilliant minds. Yet they would be world #1 in the Guinness Book for the population who swear, smear, slander, stain and sully the government, our military and its leaders the best. How can this be! The writer examines the reasonableness behind the blame game based on genuine anecdotes.

The risky world of Microfinance

ABC micro–finance (names have been altered) was the biggest lender after the government in Mon State, prior to Covid. The company has a supervisor/manager Ms. Alice Aye Mon who went around with her assistance to lend micro loans to the farmers in different townships of the state. Instead of actually supervising the distribution of funds, she eventually ended up touring the state with her young toy boy, while just leaving the funds the company disbursed at the branches with just the branch officers (who are simply responsible for collection of debts). She bribed her assistant to refrain from reporting the infringements to the company's management. Alice eventually became so daring to the extent of creating false invoices and hotel vouchers and went AWOL in totality.

Due to her sheer adeptness, Ms. Saw Yu, a branch officer in Ywar Lut village of Chaung Zone township managed to steal 55 million Kyats (a lot of money then), through just lending all the money to herself, using the previous domination of farmers to create fake loans. Another branch officer in Thaton township, Mr. Aung Mg also used the same modus operandi to lend the company funds to himself (both of them, using documentations from previous borrowers), defrauded more than 120 million Kyats from the company, sending his uneducated daughter to Japan and setting up businesses for his sons. When the investigation came, Alice took no responsibility at all, saying this was solely the fault of the branch officers. Only when the investigation discovered her fraudulent claims and mismanagement altogether, she suddenly disappeared and tried to half–heartedly apologise to the management for her misdeeds through an email.

All three of them has been found guilty of Criminal Breach of Trust, Theft and Misuse of Company's funds and properties. Aung Mg had served his time and gave his farmlands to the

company in lieu of some of his debts. Alice Aye Mon and Saw Yu are still on the run from warrants of arrests issued by the courts and the police. The competencies of the country law enforcement ensure that they would remain loose unless the company hires bounty hunters themselves. The company had wanted to enrich the lives of farmers and the rural population yet eventually lost their confidence in the integrity of the staff. And hence, it since withdrew from lending across three different states within the country.

Besides the farmers and the poor being deprived of access to micro finance, more than twenty permanent jobs were lost. To lose a company that is supplementing the government efforts to develop the rural economy speaks of volume of the lasting damage to the development of these States at grassroots levels.

Yes, blame the government please, for the poor and farmers not having access to finance. Blame the government please for not providing employment opportunities to crooked staff and over–motivated employees. Blame the leaders and ministers for failing to get the companies to come over to the States and the Regions.

The most polite population on earth

If you do know how to read Myanmar language, just look at the Facebook pages of anti–establishment, pro Su Kyi forces who want the country and its military to fail. Their pages are full of swearing, cursing, condemning, profanities, foul languages, especially on leaders and military personnel, based on fake news most of the times. A few who tries to tone down the rhetoric were tyrannised and intimidated in various forms to cower away from speaking the truth and for civility.

As an historical example, based on fake news that previous President Office Minister Soe Thane has kept or stolen $11 Billion of government money (totally maliciously created information), he and his family were always sworn and cursed at in the anti–establishment Facebook pages, even if he is acknowledged as most honest, uncorrupted minister of pre–Su Kyi era, by the international community. His successful children were also tormented, slander and cyber bullied. Su Kyi supporters even wrote to the University where his daughter is a tenured professor to sack her because of her being the daughter of an alleged killer. These criminals also coerced wikipedia to alter her biography to include the falsehood of her being the daughter of a killer. Mind you, he has nothing to do with the change of government, which had happened due to elections fraud by Su Kyi administration.

How would the government and its leaders' function under such circumstances! How can they ever get proper respect from other countries, if

To lose a company that is supplementing the government efforts to develop the rural economy speaks of volume of the lasting damage to the development of these States at grassroots levels.

people from their own countries, keep on attacking and accusing them and their own families based on malicious agendas and allegations. 'A lie can travel half way around the world while the truth is putting on its shoes!', said Mark Twain. Yet, there is not an ounce of self-policing or control, on these platforms. The current 66D criminal charges are also weak and ineffective. Most people were just given fines amounting to a couple of hundred dollars.

Observe the Facebook situation in Singapore, Malaysia, Vietnam or Thailand. Such a contrast from Myanmar in terms of civility and courtesy in these countries. Oh no, it is not the fault of Facebook, Su Kyi, terrorists, uneducated population, celebrities and artists, or ethnical teachers. It is the fault of the government or Myanmar military. Just blame the government please, for all the impertinence, insolence and impudence happening online.

The un- population

An insinuation of having to deal with the majority of uneducated, untrained, untrainable, unschooled, unread, illiterate, uninformed population in this country would definitely spark a tumult in the Facebook with a barrage and bombardment ranging from expletives to death threats set upon the writer or the speaker. (I myself had experienced death threats online). Mind you, Myanmar population want the freedom, especially the freedom of speech; just not when other people counter their illogical and incoherent blasphemies with facts and data.

Let me give you an authentic anecdote. An agricultural entrepreneur named Mr. Chan decided to start planting rubber trees on two acres of his hilly land in Mon State. He bought the seedlings himself and deployed his farm supervisor, farm worker plus two external daily wage workers to plant all the sprigs. He also gets one of his managers from Yangon Office to monitor the work. It cost him more than 1.5 million Kyats last year. When it came to revisit the plantation this year, as fate would have it, more than 95% of the plants do not survive. It was surprising as rubber is the primary tree of value that is abundantly grown in this Mon State. So, what's the culprit then? It turned out that the plastic bags that were used to hold the seedlings were not removed when transplanted into the ground. How can this simple mistake be made! Either they do not know this simple act of having to remove the plastic cover (the UN-population) or all five of them do not want to bother doing their jobs properly. The end result has been the same!

While a Thai entrepreneur in similar situation was paying their staff extra bonuses as most of the seedlings, he planted last year blossomed into baby trees this year, this entrepreneur from Myanmar is having to fork out another 2 million Kyats to redo the same thing of last year, wasting previous time and resources. How would the latter possibly increase the wages of his staff. Who is to blame here? Probably the government!

Slayers of 'Conan the Destroyer'

Conan the Destroyer would have cried if he encountered damage done to the country by its own Myanmar people. They would made him so small in his feats. They destroyed Myanmar businesses, Myanmar brands, leaders, personalities

and success stories.

Probably the best beer in South East Asia, Myanmar Beer, was targeted. Until now, a lot of F&B establishments who are antigovernment, are not having the national beer on their menus. They also tried to destroy Mytel, including the assassination of its CFO. The only online platform who could compete with Alibaba in Myanmar, rgo47, was also left in ruins due to their cyber terrorism. Myanmar largest bank KBZ was bombed many times, due to its unwillingness to side with the terrorists. And if someone ever ask why Myanmar do not have large corporate brands like neighboring Thailand, they would answer that it is the government fault.

In the meantime, the terrorist keeps on bombing the highways, blowing up the rail tracks, drop bombing the schools, hospitals and bridges, blasting the transmission towers, burning the transformers, shooting randomly at express buses and extorting money from travelers through intimidation. And it is the government fault that Myanmar has lousy logistic and appalling power infrastructure.

The speciality of just asking for money

Myanmar people, including some in position of power, are good at doing nothing effective but extracting from budgets or not using the brain and just asking for money.

Let me just give you one final example. One so called the accountant of a real company keeps on asking for an increasing amount of money for the diesel fuel. The amount began to go up to twice the expense of the previous weeks. The boss who was overseas told her that there must be something wrong with the generator to be costing that much in fuel. The accountant gave the flimsy excuse that there are longer times without power supply during the week, hence the bills mounted. Eventually when the boss returned and directed her to check the generator, it turned out that the fuel pipe was leaking inside the machine. Any extra effort other than just giving excuses is unfamiliar to most staff. The only thing the accountant is proficient in is asking for money from the boss and distributing that money. A very competent professional indeed.

A government agency tasked with bringing up one of the Myanmar sectors has a lot of paid local experts. The Chairman, the leader of the agency, rather than making the best use of them, to effectively develop the sector, is only interested in attending the national events, travelling to and from Nay Pyi Taw, extracting the agency budget and doing the least possible every month. No strategy, no tactics, just grab all the power, get all the benefits, ask for all the welfare and awards from government solely for himself.

How can Myanmar develop with these types of attitudes and capabilities in both private and public sectors? Well, maybe it is also the fault of the government.

Detractors may argue these cases may not be representative of the population, but I beg to differ. Whatever the reality might be, we can all agree that it is always easy to find an excuse and blame the government. What we all need to is to put in some elbow's grease to effectively get the job done through putting in an extra effort for the sake of future generations. Above and beyond the call of duty perhaps!

U A C



ပြောင်းလဲခြင်းကို ဦးဆောင်မှု

ကျော်ကျော်လှိုင် (SMART)

နိဒါန်း

လူရယ်လို့ဖြစ်လာလျှင် အခက်အခဲနှင့် ရင်ဆိုင်ရစမြဲဖြစ်ပါသည်။ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားညီအစ်ကို မောင်နှမများလည်း အနည်းနှင့်အများဆိုသလို ဘဝတွင် အခက်အခဲများနှင့် ရင်ဆိုင်ရမှာ မုချဖြစ်ပါသည်။ အထူးသဖြင့် လက်နက်ကိုင် အကြမ်းဖက်များက နိုင်ငံအနှံ့အပြား မြို့ရွာများကို နှောင့်ယှက်ဖျက်ဆီးနေချိန်တွင် အခက်အခဲများကို ပိုမိုရင်ဆိုင်နေရမည်ဖြစ်ပါသည်။ လက်နက်ကိုင် အကြမ်းဖက်များကြောင့် လမ်းပန်းဆက်သွယ်ရေးများ ခက်ခဲရခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် ကုန်ပစ္စည်းများရှားပါးပြီး ဈေးနှုန်းကြီးမြင့်ခြင်း၊ မိမိဒေသကို စွန့်ခွာပြီး စစ်ရှောင်ရသဖြင့် မိမိလုပ်နေကျ လုပ်ငန်းများကို မလုပ်နိုင်ခြင်း၊ နေရာဒေသအသစ်တွင် အသက်မွေးဝမ်းကျောင်းအတွက် အဆင်မပြေခြင်း စသည့် အခက်အခဲများကို ရင်ဆိုင်နေကြရပါသည်။ အခက်အခဲကို ဖြေရှင်းရန် နည်းလမ်းတစ်ခုတည်းဖြင့် မရနိုင်ပါ။ သို့သော် အခက်အခဲကို ဖြေရှင်းသည့် နည်းလမ်းများကို ထိရောက်သည့် နည်းလမ်းတစ်ခုမှာ ပြောင်းလဲခြင်းဖြစ်ပါသည်။

မနုဿဗေဒပညာရှင် ချားစ်ဒါဝင်က **“ရေရှည်ရပ်တည်နိုင်သူများသည် အင်အားအကြီးဆုံး သို့မဟုတ် ဉာဏ်အကောင်းဆုံး လူသားများမဟုတ်ပါ။ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေအောင် ပြုပြင်ပြောင်းလဲနိုင်သူများသာ ရေရှည် ရပ်တည်နိုင်ပါမည်”** ဟု ဆိုခဲ့ပါသည်။

အခက်အခဲများ၊ စိန်ခေါ်မှုများ ပြဿနာများကို ကျော်လွှားရန် ပြောင်းလဲခြင်းသည် အရေးကြီးပါသည်။ ဤဆောင်းပါးတွင် ပြောင်းလဲခြင်းကို ဦးဆောင်မှုပြုလုပ်မည့် ခေါင်းဆောင်တစ်ဦး ထားရှိရမည့် စိတ်ထားများ၊ တွေ့ကြုံနိုင်သည့် အခက်အခဲများ၊ အတားအဆီးများနှင့် ဆောင်ရွက်ရမည့် အချက်များကို ရေးသားတင်ပြသွားပါမည်။

ပြောင်းလဲခြင်းနှင့်ခေါင်းဆောင်မှု

ပြောင်းလဲခြင်းသည် တိုးတက်မှုကို ဖြစ်စေပါသည်။ ဆန်းသစ်တီထွင်မှုကို အားပေးပါသည်။ အခွင့်အရေးကို ဖမ်းဆုပ်နိုင်ရန် ပြောင်းလဲခြင်းလိုအပ်ပါသည်။ သို့သော် လူ၏သဘာဝက ပြောင်းလဲခြင်းကို ကြောက်ကြပါသည်။ ပြောင်းလဲရမှာကို ဝန်လေးပါသည်။ ပြောင်းလဲခြင်းကို

စွမ်းဆောင်နိုင်မှုသည် ခေါင်းဆောင်အရည်အသွေးကောင်းဖြစ်ပါသည်။ အိမ်ထောင်စုတစ်စု၊ ကုမ္ပဏီတစ်ခု၊ အဖွဲ့အစည်းတစ်ခုတွင် ခေါင်းဆောင်ကောင်းလိုအပ်ပါသည်။ အထူးသဖြင့် အခက်အခဲနှင့် ရင်ဆိုင်ရသောအချိန်များတွင် အဖွဲ့အစည်းများအတွက် ခေါင်းဆောင်ကောင်းများ လိုအပ်ပါသည်။ ခေါင်းဆောင်ကောင်းများက အခက်အခဲများကို ကျော်လွှားအောင် ဦးဆောင်နိုင်သည်။ ရလဒ်များထွက်အောင် စွမ်းဆောင်နိုင်သည်။ မိမိဦးဆောင်နေသောအဖွဲ့ကို အောင်မြင်ရန် ကူညီပေးနိုင်သည်။ အောင်မြင်ရန် နည်းလမ်းရှာနိုင်သည်။ ခက်ခဲသည့်အချိန်များတွင် ခေါင်းဆောင်တစ်ယောက်အနေဖြင့် အပြောင်းအလဲကို အားပေးဦးဆောင်သူဖြစ်ရန် လိုအပ်ပါသည်။ မိမိဦးဆောင်နေသူများကို ၎င်းတို့၏ သက်သောင့်သက်သာဇုန် ပြင်ပသို့ခေါ်ဆောင်သည့်အခါ၌ပင် အပြုသဘောဆောင်သော ပြောင်းလဲမှုကို လက်ခံနိုင်ရန် ခေါင်းဆောင်ကောင်းများက ကြိုးစားရပါမည်။ မဖြစ်နိုင်ဟု စိုးရိမ်နေသူများကိုလည်း ရလဒ်ကောင်းများထွက်ရန် ခေါင်းဆောင်ကောင်းများက ကူညီရန်လိုအပ်ပါသည်။

အခက်အခဲကို ပြောင်းလဲခြင်းဖြင့် အောင်မြင်စွာ ဦးဆောင်ကျော်ဖြတ်နိုင်ခဲ့သည့် ခေါင်းဆောင်ကောင်းတစ်ယောက်၏ သာဓကတို့ကို တင်ပြပါမည်။ ကိုဗစ်-၁၉ ဒယ်တာလိုင်း (Delta Variant) သည် မြန်မာနိုင်ငံကို ၂၀၂၁ ခုနှစ်တွင် ပြင်းထန်စွာ ရိုက်ခတ်ခဲ့ပါသည်။ အောက်ဆီဂျင်နှင့် ဆေးပစ္စည်းများ မလုံလောက်မှုကြောင့် အသက်ဆုံးရှုံးသူများလာပါသည်။ အင်အယ်ဒီ (NLD)အစိုးရလက်ထက်က ချမှတ်ခဲ့သော ကိုဗစ်-၁၉ ထိန်းချုပ်ရေး အစီအမံများသည် အခြေအနေနှင့် ကိုက်ညီမှုမရှိ ဖြစ်လာပါသည်။ ထိုအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ (ယခု နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ) ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က "လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိ" ဟုဆိုကာ ယခင်ကအသုံးပြုနေသော ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး အစီအမံများ၊ နယ်စပ်မှကုန်ပစ္စည်းတင်သွင်းသည့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းကမ်းများကို ရဲရဲတင်းတင်း ပြောင်းလဲနိုင်ခဲ့သဖြင့် အလွန်ဆိုးရွားသော ဒယ်တာလိုင်းကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့ပါသည်။

ပြောင်းလဲရမည့်အချိန်တွင် ပြောင်းလဲခြင်းပြုလုပ်ရန် ငြင်းဆန်ခဲ့သည့်အတွက် ကျဆုံးမှုဖြစ်ရသည့် သာဓကတစ်ခုကို တင်ပြပါဦးမည်။ တစ်ချိန်က နိုကီယာ (Nokia) တယ်လီဖုန်းကုမ္ပဏီသည် ကီးပက် (Keypad) ဖုန်းများထုတ်ရာတွင် ရောင်းအားအကောင်းဆုံး ကမ္ဘာ့နံပတ် ၁ ကုမ္ပဏီဖြစ်ခဲ့ပါသည်။ ၂၀၀၈ ခုနှစ်တွင် ကမ္ဘာ့စျေးကွက်၏ ၄၀ ရာခိုင်နှုန်းကို ပိုင်ဆိုင်ခဲ့ပါသည်။ လက်နှင့်ပွတ်ရသော စမတ်ဖုန်း(Smart Phone)ခေါ် တပ်ချ်ဖုန်း(Touch Phone)များ ၂၀၁၀ ခုနှစ်မှစ၍ ခေတ်စားလာသောအခါ နိုကီယာ၏ စီအီးအိုက စမတ်ဖုန်းများ ထုတ်လုပ်ရန် ငြင်းဆန်လိုက်သည့်အတွက် နောက်ဆုံးကီးပတ်ဖုန်းများ စျေးကွက်မရှိတော့သည့်အခါကုမ္ပဏီသည် အရှုံးများစွာနှင့် ရင်ဆိုင်ခဲ့ရပြီး ၂၀၁၄ ခုနှစ်တွင် ကုမ္ပဏီကို ရောင်းချခဲ့ရပါသည်။

ပြောင်းလဲခြင်းကို မျှော်လင့်ပါ။ ကြိုဆိုပါ။

ပြောင်းလဲခြင်းဦးဆောင်သည့်ခေါင်းဆောင်များသည် ပြောင်းလဲခြင်းကို မျှော်လင့်သည့်အပြင် ပြောင်းလဲရန်အတွက် ပြင်ဆင်ထားပါသည်။ ပြောင်းလဲခြင်းကို ကြိုဆိုပါသည်။ လူတော်တော်များများက အပြောင်းအလဲကို မျှော်လင့်ကြသော်လည်း တကယ်တမ်းပြောင်းလဲချင်သူက အနည်းငယ်သာရှိပါသည်။ လူအများစုက ပြောင်းလဲခြင်းမပြုလုပ်ဘဲ အခက်အခဲကို ကျော်ဖြတ်ရန် ကြိုးစားလေ့ရှိပါသည်။ ပြောင်းလဲခြင်းမပြုလုပ်လျှင် အခက်အခဲကို ကျော်ဖြတ်ရန် မဖြစ်နိုင်ပါ။ ပြောင်းလဲရမည်ဆိုတာကို လက်ခံပြီး ပြောင်းလဲရမည့် နည်းလမ်းကိုရှာရပါမည်။

ပြောင်းလဲခြင်းကို ဦးဆောင်သူဖြစ်ရန် သန္နိဋ္ဌာန်ချခြင်း

ပြောင်းလဲရန်လိုအပ်သည်ဟုသိခြင်း၊ လက်ခံခြင်းသည် အရေးကြီးပါသည်။ သို့သော် သိရုံနှင့် မလုံလောက်ပါ။ မည်မျှပင်အခက်အခဲများနှင့် ရင်ဆိုင်ရသည်ဖြစ်စေ၊ ပြဿနာမျိုးစုံနှင့် ရင်ဆိုင်ရသည်ဖြစ်စေ၊ ပြောင်းလဲမည်ဟု သန္နိဋ္ဌာန်ချသည့် ခေါင်းဆောင်များသည် ပြောင်းလဲခြင်းကို ဦးဆောင်ပါသည်။ ပြောင်းလဲလိုက်လျှင် ရရှိမည့်အကျိုးကျေးဇူးကိုသိ၍ ဖြစ်ပါသည်။ ပြောင်းလဲမည်ဟု သန္နိဋ္ဌာန်ချထားသည့်ခေါင်းဆောင်သည် မိမိအဖွဲ့သားများကိုလည်း ရှေ့သို့ ဆက်လက်ချီတက်လာအောင် အားပေးပါသည်။

အရှိန်ရလာသည်နှင့်အမျှ နောက်ပြန်လှည့်ခြင်းမရှိပါ။ အရှိန်ကိုသာ ပိုရအောင် တွန်းအားပေးသည့်အတွက် ကြီးမားသော ပြောင်းလဲခြင်းများ ဖြစ်လာပါသည်။

အခြေခံတူညီမှုကို ရှာဖွေခြင်း

ပြောင်းလဲခြင်းကို ဦးဆောင်သူဖြစ်ရန် ကြိုးစားသည့်အခါ ချစ်ခင်ရင်းနှီးမှု တည်ဆောက်ရာတွင် သုံးသည့် အချက်များကို သုံးနိုင်ပါသည်။ ဘာတွေပြောင်းလဲရမည်ဟု မိမိအဖွဲ့သားများကို ပြောခြင်း၊ ညွှန်ကြားခြင်းဖြင့် မလုံလောက်ပါ။ မိမိအပေါ် လေးစားမှု၊ ချစ်ခင်မှုရှိမှသာ ပြောသည့်အခါ၊ ညွှန်ကြားသည့်အခါ အောင်မြင်ပါမည်။ မိမိအပေါ် လေးစားမှု၊ ချစ်ခင်မှုရှိလာရန် အောက်ပါနယ်ပယ်များတွင် အခြေခံတူညီမှု ရှာဖွေပါ။

၁။ **အမြင် (Vision)** အမြင်ချင်းတူလျှင် ရင်ဘတ်ချင်းနီးပါသည်။ အမြင်တူသူသည် မိမိနှင့်အတူတူ ပြောင်းလဲခြင်းတွေကို အကောင်အထည်ဖော်ရန် ပြင်းပြသည့် ဆန္ဒရှိပါသည်။ အမြင်ချင်းတူရန် ကြိုးစားပါ။

၂။ **တန်ဖိုးများ (Values)** ထားရှိသော တန်ဖိုးများ မတူညီသူများနှင့် ရေရှည်အလုပ်လုပ်ရန် ခက်ခဲပါမည်။ မိမိအဖွဲ့သားများ၏ ရပ်တည်ချက်၊ တူညီသော စံနှုန်းများကို ရှာဖွေပါ။

၃။ **ပေါင်းသင်းဆက်ဆံရေး (Relationship)** အောင်မြင်သော အဖွဲ့အစည်းများတွင် အဖွဲ့သားများသည် တစ်ဦးနှင့်တစ်ဦး ပေါင်းသင်းဆက်ဆံရေး ကောင်းကြပါသည်။

၄။ **စိတ်နေသဘောထား (Attitude)** အပြုသဘောဆောင်သည့် ပြောင်းလဲမှုရရန်အတွက် အဖွဲ့သားတွေကို လက်တွဲခေါ်ဆောင်သည့်အခါ အဖွဲ့သားများ၏ သဘောထားများက အပြုသဘောဆောင်ပြီးဖွဲ့ ရှိရန် လိုပါသည်။

၅။ **ပြောဆို ရေးသား ဆက်သွယ်ရေး (Communication)** ပွင့်လင်းမြင်သာမှုရှိရန်၊ ရိုးသားရန် အရေးကြီးပါသည်။ ပြည့်ပြည့်စုံစုံ မသိရသည့်အခါ မှားယွင်းသော ယူဆချက်များဖြစ်ရန် အခွင့်အရေးများပါသည်။ အဖွဲ့သားများအားလုံး ရှင်းရှင်းလင်းလင်းသိရန် ခေါင်းဆောင်တွင် တာဝန်ရှိပါသည်။

အခြေခံတူညီမှုကို ရှာဖွေပြီးလျှင် ပြောင်းလဲမှုများကို စတင်နိုင်ပါသည်။ ပြောင်းလဲခြင်းကို စတင်ရန်သည် ခေါင်းဆောင်၏ တာဝန်ဖြစ်ပါသည်။ သတင်းကောင်းမှာ လူတွေက အပြောင်းအလဲကို လိုအပ်သည့်အခါ ခေါင်းဆောင်၏ လှုံ့ဆော်အားပေးမှုနှင့် လမ်းညွှန်မှုကို အလိုရှိခြင်းပါ။ ခေါင်းဆောင်ကောင်း တစ်ယောက်အနေဖြင့် ပြောင်းလဲခြင်းကို ဦးဆောင်ပြောင်းလဲသည့်အခါ အောက်ပါအချက်များကို သတိထားရန်လိုပါသည်။

ပြောင်းလဲရန် လွယ်ကူသောအရာထက် အမှန်တကယ် ပြောင်းလဲရန်လိုသည်ကိုသာ ပြောင်းပါ။

အဖွဲ့အစည်းများ အခက်အခဲကြုံလာသည့်အခါ ခေါင်းဆောင်တွေက အပြောင်းအလဲတွေ လုပ်ရမည်ကို အလိုလိုသိပါသည်။ သို့သော် မသေချာသောအချက်မှာ ထူးခြားမှုဖြစ်စေသော အပြောင်းအလဲများကို မိတ်ဆက်မည်လား သို့မဟုတ် ကြည့်ကောင်းအောင် ဟန်ပြပြောင်းလဲမည်လား ဖြစ်ပါသည်။ ဟန်ပြပြောင်းလဲရန် လွယ်ကူပါသည်။ သို့သော် ဟန်ပြပြောင်းလဲခြင်းသည် ထူးခြားသော ရလဒ်များကို ရရှိမည်မဟုတ်ပါ။

ထူးခြားမှုကို ဖြစ်စေနိုင်သည့် အပြောင်းအလဲများကို ပိုခက်ပါသည်။ ဥပမာအားဖြင့် ပျက်စီးယိုယွင်းနေသော အဖွဲ့အစည်းများ၏ ယဉ်ကျေးမှုကို ပြောင်းလဲရန် အလွန်ခက်ခဲပါသည်။ ထိုနည်းတူ တန်ဖိုးများကို ပြောင်းခြင်း၊ ဦးဆောင်သူကို ပြောင်းခြင်း၊ ဖွဲ့ဖြိုးတိုးတက်မှုပုံစံကို ပြောင်းခြင်းတို့သည် အလွန်ခက်ခဲပါသည်။ သို့သော် ဤပြောင်းလဲမှုများကို ကြိုးစားလုပ်ဆောင်နိုင်လျှင်မူ အကျိုးကျေးဇူးကြီးမားပါသည်။

မနေ့က ပြီးခဲ့သည့် အရာများကို လွှတ်ချနိုင်မှ မနက်ဖြန်က အောင်မြင်မည်။

ယနေ့ခေတ် နည်းပညာပြောင်းလဲမှု အရှိန်အဟုန်ကြောင့် နည်းပညာနယ်ပယ်တွင် အလုပ်လုပ်နေသူများသည် မနေ့ကပြီးခဲ့သည့်အရာများကို စွန့်လွှတ်ကာ မနက်ဖြန်အတွက် အပြောင်းအလဲကို လက်ခံရမည်ကို သိကြပါသည်။ နည်းပညာပိုင်း သို့မဟုတ် နည်းပညာနှင့် ဆက်စပ်လုပ်ငန်းများတွင် အလုပ်မလုပ်သူများအတွက်မူ

ဤအချက်ကို လက်ခံရန် ခက်ခဲလေ့ရှိပါသည်။ မိုက်ကရိုဆော့ (Microsoft) တည်ထောင်သူ ဘီလ်ဂိတ် (Bill Gates) က **"ကျွန်တော့်ကုမ္ပဏီကထုတ်တဲ့ ထုတ်ကုန်တိုင်းဟာ သုံးနှစ်အတွင်းခေတ်ကုန်မှာပါ။မေးခွန်းကကျွန်တော်တို့က စွန့်ပစ်မှာလား သို့မဟုတ် တခြားတစ်ယောက်ကြောင့် စွန့်ပစ်ရမှာလား"**ဟု ပြောခဲ့ပါသည်။

ပြောင်းလဲခြင်းကို ဦးဆောင်သူသည် ခေတ်မမီသော လုပ်ထုံးလုပ်နည်းများနှင့် ရှေးရိုးအတွေးအခေါ်များကို စွန့်လွှတ်ရန်လိုအပ်ပြီး မိမိ ဦးဆောင်နေသူများကိုလည်း အလားတူ လုပ်ဆောင်ရန် အကူအညီပေးရပါမည်။ အတိတ်ရဲ့အရေးပါမှုကို အသိအမှတ်ပြုပါ။ အတိတ်ကို အောင်မြင်အောင် စွမ်းဆောင်ခဲ့သူတွေကို ဂုဏ်ပြုပါ။ သို့သော် အတိတ်မှာ ဘာကြောင့် မနေသင့်ကြောင်းနှင့် ပြောင်းလဲခြင်းဖြင့်ရရှိလာမည့်ထူးခြားသောအကျိုးများကို မိမိအဖွဲ့သားများ နားလည်အောင် ရှင်းပြရန်လိုပါသည်။

ရိုးရှင်းသော သတင်းစကားကို သုံးပါ။

ရိုးရှင်းပြီး ဆွဲဆောင်မှုရှိသော သတင်းစကားတစ်ခုတွင် ကြီးမားသော စွမ်းအားရှိပါသည်။ ပြောင်းလဲခြင်းမှ ရရှိမည့် မျှော်မှန်းချက်ကို ရှင်းပြသည့်အခါ အကျိုးကျေးဇူးများကို ပြောပြပါ။ အကြောင်းပြချက်များလေ၊ လူအများလက်ခံနိုင်ခြေ ပိုများလေဖြစ်ပါသည်။ အဓိက အကြောင်းရင်းသည် အဖွဲ့အစည်း တိုးတက်ကောင်းမွန်ရန်သာဖြစ်ပါသည်။ ပြောင်းလဲခြင်းက အဖွဲ့အစည်းနှင့် ဆက်ဆံနေရသော တခြားအဖွဲ့အစည်းများ၊ ဖောက်သည်များ၊ လူမှုအသိုင်းအဝိုင်းအတွက် မည်သို့အကျိုးပြုမည်လဲ? ယခုပြောင်းလဲခြင်းကိုအကောင်အထည်ဖော်ရမည့်အဖွဲ့အစည်းတွင်းရှိ လူများအတွက် ပိုကောင်းပါသလား စသည့် မေးခွန်းများကို ဖြေနိုင်ရပါမည်။ အဖွဲ့သားများမေးမည့် "ငါ့အတွက် ဘာရှိလဲ" ဆိုသည့် မေးခွန်းကို ဖြေဖို့လည်း အရေးကြီးပါသည်။ ဤမေးခွန်းကို လျှော့မတွက်စေလိုပါ။

ယုံကြည်မှု၏ စွမ်းအား

ပြောင်းလဲခြင်းကို အကောင်အထည်ဖော်ရန် ပထမဆုံးခြေလှမ်းသည် မိမိကိုယ်မိမိ ယုံကြည်မှုရှိခြင်းဖြစ်ပါသည်။ ကိုယ်ပိုင်ခံယူချက်မရှိသူက ပြောင်းလဲခြင်းကိုလုပ်ရန် တွန့်ဆုတ်နေတတ်ပါသည်။ ပြောင်းလဲခြင်းကို တွန့်ဆုတ်နေသည့် ခေါင်းဆောင်ကိုလည်း အဖွဲ့သားများကသိပါသည်။တွန့်ဆုတ်နေသည့်ခေါင်းဆောင်၏ ဦးဆောင်မှုနောက်ကိုလိုက်ရန် ဝန်လေးနေကြပါမည်။ သတိထားရမည့် အချက်က ပြောင်းလဲရမည့် အကြောင်းရင်းကို ယုံကြည်တာထက် အကောင်အထည်ဖော်မယ့်သူများအပေါ် ယုံကြည်မှုရှိရန် ဖြစ်ပါသည်။ ဦးဆောင်မည့်သူက အကောင်အထည်ဖော်မယ့်သူများအပေါ် ယုံကြည်ကြောင်းကို သိရှိသည့်အခါမှသာ ၎င်းတို့က ရှေ့ဆက်သွားရန် ဆန္ဒရှိမရှိကို ဆုံးဖြတ်ကြပါသည်။ ခေါင်းဆောင်၏ ယုံကြည်မှုက မိမိလူများကို ယုံကြည်မှုတွေတိုးစေပါသည်။ ခေါင်းဆောင်က မိမိလူများအပေါ် ယုံကြည်မှုရှိလေ ယုံကြည်မှုက ခိုင်မြဲလေဖြစ်ပါသည်။ ခေါင်းဆောင်က မိမိလူများကို ခွန်အားပေးခြင်းဖြင့် အဖွဲ့အစည်းတစ်ခုလုံးကို ခွန်အားဖြစ်စေပါသည်။

အတားအဆီးများကို ဖယ်ရှားပါ။

ပြောင်းလဲခြင်းအတွက် လိုအပ်ချက်နှင့် ပြောင်းလဲလိုက်သည့်အခါ ရမည့်အကျိုးကျေးဇူးကို ဆက်သွယ် ပြောဆိုပါ။ မိမိလူများကို ၎င်းတို့ပြောင်းလဲနိုင်သည်ဟု ယုံကြည်လာစေရန် ကူညီပေးပြီးသည်နှင့်တစ်ချိန်တည်း ခေါင်းဆောင်တစ်ဦး၏ အရေးကြီးဆုံးတာဝန်မှာ ပြောင်းလဲခြင်းကို တားဆီးမည့် အတားအဆီးများကို စတင်ဖယ်ရှားရန် ဖြစ်ပါသည်။ အတားအဆီးများသည် ခေတ်နောက်ကျနေသည့် စနစ်များ၊ ရှုပ်ထွေး၍ အဆင့်များသောလုပ်ထုံးလုပ်နည်းများ၊ ခက်ခဲသောလူများ စသည်တို့ဖြစ်ပါသည်။ အတားအဆီးများကို ရှာတွေ့ရန် မိမိလူများ၏ လုပ်ဆောင်ချက်ကို စောင့်ကြည့်ပြီး အခက်အခဲများကို နားထောင်ရပါမည်။

ခေါင်းဆောင်များ မိမိကိုယ်မိမိ အောက်ပါမေးခွန်းများ မေးပါ။

၁။ လိုအပ်သောပြောင်းလဲမှုများကို လွယ်ကူချောမွေ့စေရန် အဖွဲ့အစည်းအတွင်းရှိမည်သည့်အတားအဆီးများကို ဖယ်ရှားရန်လိုအပ်သနည်း။

၂။ လိုအပ်သော ပြောင်းလဲမှုများနှင့် ဆန့်ကျင်ဘက်ဖြစ်သော မူဝါဒများကို မည်သို့ဖယ်ရှားနိုင်မည်နည်း။

၃။ လိုအပ်သော အပြောင်းအလဲများကို မိမိလူများလွတ်လွတ်လပ်လပ် အကောင်အထည်ဖော်ရန် မည်သည့် မလိုအပ်သောတာဝန်များကို ဖယ်ရှားနိုင်သနည်း။

၄။ လိုအပ်သော ပြောင်းလဲမှုများ ဖြစ်မြောက်လာစေရန် မည်သည့်အရင်းအမြစ်များကို လွတ်လွတ်လပ်လပ် ပေးသုံးနိုင်မည်နည်း။

၅။ လိုအပ်သော အပြောင်းအလဲများကို တားဆီးရန် မည်သူက ကြိုးစားနေသနည်း၊ ထိုသူများကို ပြောင်းလဲလာအောင် မည်သို့စည်းရုံးမည်နည်း။

အတိတ်က အခက်အခဲများကို ကျော်လွှားပါ။

ဘဝမှာလူတိုင်းအခက်အခဲများကိုကြုံတွေ့ရပါသည်။ ပန်းတိုင်ကို ရောက်အောင် ရည်မှန်းချက်ချ ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ ရင်ဆိုင်ရသည့် အခက်အခဲများက ပိုမိုကြီးမားပါသည်။ ခေါင်းဆောင်တွေ ရင်ဆိုင်နေရသည့် အခက်အခဲက အကြီးမားဆုံးဖြစ်ပါသည်။ အထူးသဖြင့် ခက်ခဲသောအချိန်များတွင် ပြောင်းလဲခြင်းကို ဖော်ဆောင်နေသည့်အခါ ဖြစ်ပါသည်။ အများဆုံး တွေ့ရလေ့ရှိသည့် အခက်အခဲများမှာ –

၁။ **ကျရှုံးမှု**

အပြောင်းအလဲအတွက် အကြီးမားဆုံးစိန်ခေါ်မှုမှာ ကျရှုံးခြင်းပင်ဖြစ်သည်။ ကျရှုံးမှုက ရောင်လွှဲလို့ မရပါ။ အိုလံပစ်ရွှေတံဆိပ်ရှင် မေရီလူးရက်တွန် (Mary Lou Retton) က “ပန်းတိုင်ကို ရောက်ပြီး ပထမရတယ်ဆိုတာ ခံစားချက်ကောင်းတစ်ခုပါ။ ဒါပေမဲ့ အဲဒီကိုရောက်ဖို့ဆိုရင် ကျရှုံးမှုတွေကို ကျော်ဖြတ်ရမှာပါ။ ကျရှုံးတိုင်း ပြန်ထပြီး ရှေ့ဆက်နိုင်ရမယ်”ဟု ပြောခဲ့ပါသည်။

၂။ **အဖွဲ့အစည်းအတွင်း အဆိုးမြင်မှု**

အဖွဲ့ထဲက လူတိုင်းက အပြုသဘောဆောင်သည့် အပြောင်းအလဲကို မမြင်ပါ။ အများစုက ပြောင်းလဲခြင်းကို ရှောင်ရှားရန်ကြိုးစားပြီး တချို့က ပို၍ပြင်းထန်စွာ စိန်ခေါ်ကြပါမည်။ အဖွဲ့ဝင်များသည် ပြောင်းလဲခြင်းကြောင့် ခြိမ်းခြောက်ခံရသည်ဟု ခံစားရသောအခါအဆိုးမြင်မှုများလည်းပေါ်လာနိုင်ပါသည်။ ပြောင်းလဲခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်လာသူများကို မြင်ရသဖြင့် တချို့သူများ စိတ်ဓာတ်ကျနိုင်ပါသည်။ သူတို့ကိုယ်သူတို့ နောက်ကျကျန်နေခဲ့သည်ဟု ခံစားရသည့်အခါ ပြောင်းလဲမှု လုပ်ငန်းစဉ်ကို နှေးကွေးစေရန် အဆိုးဘက်ကို အာရုံစိုက်ကြပါသည်။ အပြောင်းအလဲကို ကြောက်ခြင်း၊ စွန့်စားရမည်ကို ကြောက်ခြင်းသည် လူအချို့ကို ဘာဆက်လုပ်ရမည်မသိ ဖြစ်သွားနိုင်ပါသည်။ ခေါင်းဆောင်ကောင်းများသည်ပြောင်းလဲရန်ကြောက်နေသူများကိုအာမခံချက်ပေးပြီး စည်းရုံးရပါမည်။

၃။ **အမှားတွေ ရင်ဆိုင်ရမည်။**

ပြောင်းလဲခြင်း လုပ်ဆောင်ရာတွင် အမှားများစွာတွေ့နိုင်ပါသည်။ အမှားနှင့် ကြုံရသည့်အခါ ဘာလုပ်မည်လဲ စဉ်းစားထားပါ။ မိမိ အဖွဲ့သားများအမှားနှင့် ရင်ဆိုင်ရသည့်အခါ မည်သို့ အားပေးမည်လဲကို ပြင်ဆင်ထားပါ။ အမှားများမှ သင်ခန်းစာယူပြီး ပြန်လည်ပြောင်းလဲပါ။

အကောင်းဆုံး ဖြစ်အောင်လုပ်ပါ။

အလုပ်လုပ်သည့်အခါ ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ရပါမည်။ အကောင်းဆုံးသည် Perfectionism ဟုခေါ်သော အသေးစိတ်ကစပြီး လုံးဝချို့ယွင်းချက် မရှိအောင် လုပ်ဆောင်ခြင်းနှင့် မတူပါ။ Perfectionism သည် မလိုအပ်ဘဲ အချိန်ကုန်သည် သာမက စိန်ခေါ်မှုများကိုလည်း ရင်ဆိုင်ရန် ဟန့်တားပါသည်။ အကောင်းဆုံးဖြစ်အောင် လုပ်မည်ဆိုခြင်းသည့် ရည်မှန်းချက်က ရှင်းလင်းသဖြင့် အဖွဲ့သားများကိုလည်း စိတ်ဓာတ်တက်ကြွစေပါသည်။ အမြဲတမ်းအကောင်းဆုံးကို ရချင်မှရပါမည်။ သို့သော် “ဒါလောက်ကောင်းရင် ရပါပြီ” ရည်မှန်းချက်ထားသော ခေါင်းဆောင်ထက် ရလဒ်ကောင်းမည်မှာ သေချာပါသည်။ ရည်မှန်းချက်ကို မြင့်မြင့်မှန်းထားသော ခေါင်းဆောင်နှင့် သူ၏အဖွဲ့သားများသည် ပြောင်းလဲခြင်းကို အောင်မြင်အောင် လုပ်ဆောင်နိုင်ပါမည်။ အလုပ်ကိုပြီးမြောက်အောင် လုပ်ရုံဖြင့် မလုံလောက်ပါ။ ဖြတ်လမ်းမလိုက်ဘဲ အလုပ်တိုင်းကို ကောင်းဆုံးဖြစ်အောင် ကြိုးစားဆောင်ရွက်ပါ။

ခေါင်းဆောင်များ ပြုစုပျိုးထောင်မွေးထုတ်ပါ။

ခက်ခဲ ကြမ်းတမ်းသော အခြေအနေမှ လွတ်မြောက်ရန် ပြောင်းလဲခြင်းများ ပြုလုပ်သည့်အခါ လူအများကို ဦးဆောင်ရန်၊ မတူညီသော လူ့အဖွဲ့အစည်းများ ဦးဆောင်ရန် အကောင်းဆုံး နည်းလမ်းသည် ခေါင်းဆောင်များကို ပြုစုပျိုးထောင်ပြီး တာဝန်ပေးခြင်းဖြစ်ပါသည်။ ခေါင်းဆောင်များ ပြုစုပျိုးထောင်ရန်အတွက် ရင်းနှီးမြှုပ်နှံခြင်းသည် မိမိတစ်ယောက်တည်း ဦးဆောင်နေခြင်းထက် ရေရှည်တွင် အကျိုးအမြတ်များပါသည်။ ခေါင်းဆောင်အရည်အသွေး ပြည့်ဝသောသူများလေ အဖွဲ့အစည်းက အားကောင်းလေ၊ စွမ်းအားကြီးလေဖြစ်ပါသည်။ အဖွဲ့အစည်းအတွင်း လူတစ်ဦး၏စွမ်းရည်ကို တိုးမြှင့်လိုက်တိုင်း အဖွဲ့အစည်း၏ ရည်မှန်းချက်ကို ပြည့်မီရန် စွမ်းရည်တိုးလာလေ ဖြစ်ပါသည်။ ခေါင်းဆောင်ကောင်းများက အဖွဲ့အစည်းကို ဦးဆောင်သည့်အခါ အဖွဲ့အစည်းသည် အဘက်ဘက်က တိုးတက်ကောင်းမွန်လာပါမည်။

တစ်စုံတစ်ယောက်ကို လုပ်ခိုင်းခြင်းထက် ကိုယ်တိုင် လုပ်ရသည်က လွယ်ကူသည် မြန်သည် သေချာသည်ဟု အများစုက စဉ်းစားလေ့ရှိကြပါသည်။ မိမိအချိန်နှင့် မိမိလုပ်ဆောင်နိုင်စွမ်းကို အသုံးပြုပြီး အားကိုးခြင်းသည် ရေတိုအတွက်သာ ကောင်းပါသည်။ တစ်စုံတစ်ယောက်ကို လုပ်တတ်အောင် သင်ကြားပေးပြီး ပြုစုပျိုးထောင်သည့်အခါ အချိန်ယူရပါသည်။ စိတ်ရှည်ရှည်နှင့် ပြုစုပျိုးထောင်လျှင် ရေရှည်တွင် အကျိုးအမြတ်က များပါမည်။ ထင်ထားတာထက် ပိုခက်ပြီး ပိုလည်း ကြာနိုင်ပါသည်။ သို့သော် ခေါင်းဆောင်အရည်အသွေး ပြည့်လာသည့် မိမိ အဖွဲ့သားများ တိုးလာသည့်အခါ မိမိ စွမ်းအား၊ မိမိ အဖွဲ့သားများ၏ စွမ်းအား၊မိမိ အဖွဲ့အစည်း၏ စွမ်းအားများသည် အဆပေါင်းများစွာ ကြီးလာပါမည်။ ခေါင်းဆောင်က မိမိအဖွဲ့သားများ၏ ခေါင်းဆောင်အရည်အသွေး ဖွံ့ဖြိုးတိုးတက်မှုကို အာရုံစိုက်ပြီး လုပ်ပိုင်ခွင့်များပေးသည့်အခါ လုပ်ငန်းများလည်း တိုးတက်အောင်မြင်လာသည့်အတွက် အားလုံးကောင်းဖို့သာဖြစ်ပါသည်။

ခေါင်းဆောင်အရည်အသွေး ပြည့်မီသော ခေါင်းဆောင်အသစ်များ ရရှိလာသောအခါ ၎င်းတို့ လုပ်ဆောင်သည့်အရာလည်း ပိုကောင်းလာကာ ၎င်းတို့နှင့် လက်တွဲလုပ်ဆောင်သူတိုင်းကိုလည်း အရည်အသွေး တိုးတက်လာအောင် ကူညီပေးကြသည်။ ဤခေါင်းဆောင်အသစ်များသည် အဖွဲ့သားများနှင့် ပိုမိုကောင်းမွန်သော ဆက်ဆံရေးကို စတင်တည်ဆောက်သဖြင့် လုပ်ငန်းခွင် ပတ်ဝန်းကျင်လည်း ပိုမိုသာယာလာကာ ပျော်ရွှင်ဖွယ် အဖွဲ့အစည်းဖြစ်လာပါသည်။

နိဂုံး

အခက်အခဲများ မည်သို့ပင်ရှိစေကာမူ ခေါင်းဆောင်မှုဆိုင်ရာ အခြေခံမူများသည် ပြောင်းလဲခြင်းမရှိပါ။ အဖွဲ့သားများကို ဖွံ့ဖြိုးတိုးတက်အောင် ပြုစုပျိုးထောင် အကူအညီပေးခြင်းသည် ခေါင်းဆောင်ကို ပျော်ရွှင်မှု၊ ကျေနပ်မှုနှင့် စွမ်းအားများဖြစ်စေပါသည်။ အဖွဲ့အစည်းကိုလည်း အောင်မြင်မှုရစေပါသည်။ ပြောင်းလဲခြင်းကြောင့် အောင်မြင်မှုများ ရရှိလာသည့်အခါတိုင်း အောင်ပွဲများ ကျင်းပခြင်းနှင့် အဖွဲ့သားများကို ကျေးဇူးတင်ကြောင်းကို ခေါင်းဆောင်က မပျက်မကွက် ဆောင်ရွက်ရပါမည်။

အခက်အခဲများကို ရင်ဆိုင်ရသည့်အခါ ပြောင်းလဲခြင်း ပြုလုပ်နိုင်မှသာ စိန်ခေါ်မှုများကို ကျော်လွှားနိုင်မည့် အကြောင်းကို ရေးသားခဲ့ပါသည်။ ပြောင်းလဲခြင်းများကို ခေါင်းဆောင်အရည်အသွေးရှိသည့် ခေါင်းဆောင်များက ဦးဆောင်ပြောင်းလဲခြင်း ပြုလုပ်မှသာ အိမ်ထောင်စုများ၊ ကုမ္ပဏီများ၊ အဖွဲ့အစည်းများသည် ပြောင်းလဲခြင်း၏ အကျိုးကျေးဇူးများကို ခံစားရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသား ညီအစ်ကိုမောင်နမများလည်း မိမိကိုယ်မိမိ ခေါင်းဆောင်အရည်အသွေးပြည့်အောင် ပြုစုပျိုးထောင်ကြပါ။ ခေါင်းဆောင်အရည်အသွေးများ ပြည့်ဝလာသည့်အခါ ပြောင်းလဲခြင်းကို ဦးဆောင်ပါ။ အခက်အခဲများ၊ စိန်ခေါ်မှုများကို လွယ်ကူစွာဖြတ်ကျော်နိုင်မည် ဖြစ်ပါသည်။

ကျော်ကျော်လှိုင် (SMART)



သစ္စာစကား အမှန်တရားသို့မြင် မင်းခစား ကမ်းနားသစ်ပင်

ရန်ကျော်

မင်းခစား ကမ်းနားသစ်ပင်ဆိုသည့် ဆိုရိုးစကားမှာ အလကားတော့ ပေါ်လာသည်မဟုတ်ပြီ။ မင်းအပါး ခစားရသောသူ တစ်နည်း ဝန်ထမ်း သို့မဟုတ် မင်းအစိုးရမဟုတ်ငြားသော်လည်း ထိုအုပ်စိုးသူတို့၏ ချီးမြှင့်မြှောက်စားငွေ (လစာ+ရိက္ခာ)ကို ခံစားရသောသူကို မင်းခစားဟု ခေါ်ကြပေသည်။ ထိုသူတို့သည် ရာထူးအနိမ့်အမြင့် ကွာဟကြသော်လည်း ၎င်းတို့ကို ချီးမြှင့်မြှောက်စားထားသော မင်းအစိုးရအပေါ် သစ္စာစောင့်သိရခြင်း၊ တာဝန်ယူရခြင်း၊ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ရခြင်းတို့သည် ၎င်းတို့၏ အဓိကအလုပ်များပင် ဖြစ်ပေသည်။

ထိုသို့စေလာသောတာဝန်ကိုကျေပွန်စွာထမ်းဆောင်ခဲ့သော်လည်း တာဝန်မကျေဟု သတ်မှတ်၍လည်းကောင်း၊ အခြားသောကိစ္စရပ်များ ပေါ်ပေါက်လာ၍လည်းကောင်း ဖမ်းဆီးထိန်းသိမ်းမှု၊ ကွပ်မျက်မှုတို့ကိုခံခဲ့ရသော သာဓကများလည်း သမိုင်းတွင် ပေါ်ပေါက်ခဲ့ဖူးလေပြီ။ ထို့အတူ ပေးလာသောတာဝန်ကို ကျေပွန်စွာ မထမ်းဆောင်နိုင်သော်လည်းမင်းပြစ်မင်းဒဏ်မှလွတ်ကင်းခဲ့ရသည်တို့လည်း ရှိပေသည်။

၎င်းတို့အထဲမှ ပုဂံခေတ်မှ ဖြစ်စဉ်တစ်ခုနှင့် ပင်းယခေတ်မှ ဖြစ်စဉ်တစ်ခုတို့ကို မီးမောင်းထိုးပြ ဖော်ပြလိုက်ပါပေသည်။

ပထမဖြစ်စဉ်

ပုဂံခေတ်

အိမ်ရှေ့စံကိုယ်တော် နရပတိစည်သူတစ်ယောက် ယာယီသစ်ခက်တဲနန်းအတွင်း လူးလာခေါက်တုံ့လက်ကို နောက်ပစ် ခပ်ဆတ်ဆတ် လမ်းလျှောက်လျက်ရှိသည်။ ထိုသို့လျှောက်နေရင်းမှ ရုတ်တရက် ရပ်လိုက်သည်။ ထို့နောက် သွေးသောက် သူရဲသူခက်တို့ရှိရာသို့ မျက်နှာမူလိုက်ပြီး နှုတ်မှ –

“ဟဲ့ ငအောင်စွာ”

“ဘုရား”

“အမိန့်တော်မှတ်မယ် နာခံစေ”

“မှန်ပါဘုရား”

“သွေးသောက်ရဲမက် လက်ရွေးစင်ရှစ်ကျိပ်ရွေးပြီး ခုမနေး ပုဂံကိုချီတက်လော့၊ ပုဂံရောက်သော် နောင်တော်

ဘုရင် မင်းယဉ်နာရသိခ်အား အပြီးတိုင်ကြံစေ”

“အမိန့်တော်မြတ် အတိုင်းပါဘုရား”

တစ်ဖန်

“အောင်စွာငယ်သည် အရေးအောင်လို့ ငါကိုယ်တော် တိုင်းပြည်အုပ်ချုပ် မင်းလုပ်ရသည်နှင့် သူ့တွင်ရှိသော မိဖုရားကြီးသုံးဦးအနက် နင်ကြိုက်ရာရွေးလို့ တစ်ဦးနဲ့ ဆုတော်အဖြစ် လက်ဆက်ပေးလို့ စည်းစိမ်ကို ခံစားရစေ မယ်ဗျား။ မှာစရာတွေစုံပြီဖြစ်လို့ ခုပင်မနေး ပုဂံသို့ချီ၍ အရေးတော်ပုံ အောင်မြင်ရန် ဆောင်ရွက်ကြစေဗျား”

“မှန်လှပါ အမိန့်တော်မြတ်နာခံ၍ အောင်မြင်စွာ ဆောင်ရွက်ပါမည်ဘုရား”

သည်လိုနှင့် ကျွန်ရင်းအောင်စွာနှင့် ရဲဘော်ရှစ်ကျိပ် တို့လည်း အလျင်စလိုနှင့်ပင် စီမံဆောင်ရွက် ယူစရာရှိသည် တို့ကို ယူငင်ပြီး ပုဂံသို့ဒုန်းစိုင်း၍အပြင်းချီတက်ခဲ့ကြပါတော့ တယ်။ ပုဂံရောက်၍ ထီးဘုရား မင်းယဉ်နရသိခ်ရှိရာ လွှတ် ရုံးတော်ပေါ်သို့ ဓားလွတ်ကိုယ်စီကိုင်ပြီး မေးမြန်းရှာဖွေရာ ရေအိမ်တက်နေကြောင်းသိရ၍ အောင်စွာ ဦးဆောင်သော ရဲမက်အချို့ ရေအိမ်အဝမှ စောင့်ဆိုင်းနေကြပေသည်။ ရေအိမ်တွင်းမှ မင်းယဉ်နရသိခ်တစ်ယောက်ထွက်အလာ သူ၏အပါးတွင် ဓားလွတ်ကိုင်တို့ကိုတွေ့ရာ

“ဟဲ့ ဟဲ့ ... ဘယ်သူတွေတုန်း ဓားလွတ်တွေနဲ့” ဟု မေးမြန်းရာတွင်

အောင်စွာက –

“မှန်ပါအိမ်ရှေ့ကိုယ်တော် နရပတိစည်သူ၏အမိန့်ဖြင့် မင်းကြီးအားစီရင်ရန် ရောက်နေရခြင်း ဖြစ်ကြောင်းပါ”

ပြန်လည်လျှောက်ထား စကားအဆုံးတွင် အောင်စွာ လက်ထဲမှဓား လေထဲ တစ်ချက်မြောက်တက်၍သွားတော့ လေသည်။ မင်းယဉ်နရသိခ်ရဲ့သွေးတို့လည်း အောင်စွာရဲ့ ကိုယ်သို့ပင် စင်လေတော့သည်။

ပုဂံနန်းတော် အနောက်တံခါးဆီမှ ခွေးတစ်ကောင်ရဲ့ ဆွဲဆွဲငင်ငင် အူသံသည် ပုဂံနန်းတွင်းရှိ နန်းတွင်းသူ၊ နန်း တွင်းသားတို့ကြက်သီးထဖွယ်ကြားလိုက်ရပေတော့သည်။

ပုဂံ အရှင်သခင်အသစ် ပေါ်ထွက်လို့လာပြန်ပေတော့ သည်။ သူကား ဘုရင်နရပတိစည်သူပေတည်း။

ဘုရင် နရပတိစည်သူ အမြဲစဉ်းစားရင်း ခေါင်းခဲလျက် ရှိသောအရာတစ်ခုက ရှိနေပြန်ပါတော့သည်။ စစ်ရေးစစ်ရာ တိုင်းပြည်ရေးရာတော့ မဟုတ်ပါချေ။ ကျွန်ရင်း ငအောင်စွာ အား ဆုတော်လာဘ်တော်ချီးမြှောက်ရေးကိစ္စပင်ဖြစ်ပေ သည်။

ထို့အတူ အောင်စွာတစ်ယောက်လည်း မဟာဆီ မဟာသွေးကြွယ်ဝ၍လှပတင့်တယ်သောမိဖုရားသုံးပါးထဲမှ တစ်ပါးပါးနဲ့ လက်ဆက်ခွင့်ရရေး အိပ်မက်ကိစ္စပင် ဖြစ်နေ ပေသည်။

အောင်စွာကိုပေးထားသည့် ကတိကတစ်ကြောင်း၊ ဘေးလောင်းတော် ဘိုးလောင်းတော်တို့မှ စပ်အပ်ရလျှင် နောင်တော် မင်းယဉ်နရသိခ်၏ မိဖုရားသုံးပါးတို့က အစ်မတော်များ တော်စပ်နေသည်ကတစ်ကြောင်း၊ သူတို့ ကိုယ်၌ကိုက ကျေးကျွန်မျိုးနှင့်လက်မဆက်လို၍ လက် ဆက်မပေးရန် တောင်းခံလာသည်တို့ကတစ်ကြောင်းတို့ ကြောင့် ဦးခေါင်းကားခဲမြဲ။ ထို့အတူ အဖြေကလည်း မပေါ် စမြဲပင် ဖြစ်နေပေတော့သည်။ နောက်ဆုံးတွင် ဖြေရှင်းရန် အကြံတစ်ခုရသဖြင့် ကျွန်ရင်း အောင်စွာအား –

“အောင်စွာငယ်ရေ မင်းကိုပေးထားတဲ့ ကတိစကားနဲ့ ဆုလာဘ်အဖြစ် ချီးမြှောက်ရေးမှာ အစ်မတော်သုံးပါးက မင်းနဲ့ လက်ဆက်မပေးရန် အရေးဆိုနေကြတဲ့အတွက် မင်းကို အခြားသော အမျိုးကောင်းသမီးတစ်ဦးဦးနဲ့ လက် ဆက်ပေးလိုမူတယ်ကွယ်”လို့ လေပြည်လေးနဲ့ ဘုရင်မင်း မြတ်က ပြောနေသော်လည်း မိဖုရားသုံးပါးရာဂမုန်ယိုနေ သော အောင်စွာတစ်ယောက် ရင်ထဲမှာ ယောက်ယက်ခတ် ရင်း၊ ငါကတော့ ငါ့အသက်ကို ဖက်ရွက်လိုသဘောထားပြီး တာဝန်ကို ကျေပွန်စွာထမ်းခဲ့တယ်။ သူလည်း မင်းအဖြစ်ကို ရခဲ့တယ်။ သူ မင်းအဖြစ်ရရှိရေးမှာ ငါက အဓိကဒေါက်တိုင် ဆိုတာ မေ့သွားလေခြင်း မင်းမြတ်ရယ်လို့ ရင်ထဲမှာ မြည် ဟည်းလို့နေတော့တယ်။ ရင်တွင်းမှာ မိဖုရားသုံးပါးနဲ့ဆက် နွယ်လို့ အောင်စွာတစ်ယောက် ရာဂမုန်တွေ လောင်လောင် ကျည်ကျည် ထွက်နေရာက နှုတ်ခမ်းမှတစ်ဆင့် “ထွီ”ဟု တံတွေးတစ်စက် နန်းရင်ပြင်ပေါ် ခုန်သက်ခဲ့ပါတော့တယ်။

“ဟယ် ... မိုက်လှတဲ့ ငမိုက်သားငအောင်စွာကို ခုပင် နန်းပြင်ထုတ် သုသာန်မှာ ဓားခုတ်သတ်စေဗျား၊ တစ်ချက် လွှတ်အမိန့်တော်” ဆိုပြီး ကွပ်မျက်လိုက်လေတော့သည်။ မင်းတို့စကား မိုးကြိုးသွားနှယ်ပင်ဖြစ်တော့သည်။

မည်၍မည်မျှပင် တာဝန်ကျေပွန်စေကာမူ မင်းတရား

စစ်တုရင်ခုံပေါ်က
ဘုရင်မကြီးကိုခွေရန် ရွှေ့လိုက်သောအရွေ့ကို
နရပတိစည်သူကလည်း ရိပ်မိတော့
မြင်းနှင့်ခံထားသည့်အလား၊
လူယုံတော် ကျွန်ရင်း မြင်းတော်ခံငပြည့်ကို
စီးတော်မြင်းကိုပေးအပ်၍
အကြောင်းထူးက
အမြန်လာရောက် သံတော်ဦးတင်ရန်
အမိန့်ချမှတ်လိုက်ပါတယ်။

နရပတိစည်သူ၏ ရာဇမာန်ပွားမှုကြောင့် ငယ်ကျွန်ရင်း အောင်စွာ အသက်နှင့်ခန္ဓာ အိုးစားကွဲခဲ့ရပေတော့သည်။

အော် မင်းခစားတို့မည်သည်ကား ကမ်းနားသစ်ပင်နှယ်ပင် ဖြစ်ပေသည်။

မင်းယဉ်နရသိခီတွင် မိဖုရားကြီး သုံးပါးကလည်း အထင်အရှားရှိနေပါသည်။ ထိုမိဘုရားများကလည်း နှယ်နှယ်ရရတော့မဟုတ်ချေ။ ဘုရင်ဆင်တော်စီး၍ ရှေ့မှ ကြွမြန်းလျှင် ထိုမိဖုရားကြီး သုံးပါးတို့ကလည်း သီခြားဆင်သုံးစီးဖြင့် နောက်တော်ပါးမှ လိုက်ခွင့်ရသူများသာတည်း။ မိဖုရားအားလုံးမှာလည်း မဟာဆီမဟာသွေးကြွယ်သူချည်းသာဖြစ်တော့သည်။ ထိုသို့ ပြည့်စုံနေသည့်အချိန်တွင် ရှေ့တော်အရောက် ဆက်သသော ဝေဠုဝတီမင်းသမီးကို မင်းယဉ်နရသိခီငြင်းလိုက်ပုံက “နားကလည်း ကျယ်၊ ဝမ်းကလည်း ကယ်ပါဘိ”ဟူ၍ ဖြစ်ပါသည်။ အဓိပ္ပာယ်ကား နားပေါက်ကလည်း ကျယ်နေသည်။ ဝမ်းဗိုက်ကလည်း ပူပူဖြစ်နေသည်ဟု ဆိုလိုက်ခြင်းဖြစ်ပါသည်။

ဘုရင်နှင့်အိမ်ရှေ့စံတို့၏မိခင်မယ်တော်ကြီးမှ နားနှင့်လိုက်ဖက်သော နားတောင်းများကို ဆင်မြန်းစေပြီး ရှေ့သို့ဖွံ့နေသော ဝမ်းဗိုက်တို့ကို ဖုံးကွယ်စေသည့် ဝတ်လဲတော်တို့ကို ချုပ်လုပ်ဝတ်ဆင်စေခြင်းတို့ကြောင့် ဘုန်းတင့်ကျက်သရေပြီးပြည့်စုံပြီး မြင်သူရှုမငြီး နတ်သမီးအလား ထင်မှတ်မှားရအောင် အလှတွင်အယဉ်ဆင့်လို့ ဘဝအခြေအနေတင့်လျက် အိမ်ရှေ့စံကိုယ်တော် နရပတိစည်သူရဲ့ ကြင်သူသက်ထား ဇနီးမယားပင်ဖြစ်၍ နေပေတော့သည်။

သူ့မယားလိုချင် သူ့လင်လုံနဲ့ထိုး၊ ဆိုရိုးကွဲသို့ပင် အလှသွေးကြွယ်သော ခယ်မငယ်အပေါ် မှားလိုတဲ့ မင်းယဉ်နရသိခီတစ်ယောက်က ဘာကျူးကျော်စစ်၊ ဘာမငြိမ်သက်မှုမှမရှိတဲ့ ငဆောင်ချမ်းအရပ်ကို ညီတော်ကိုချီ၍ နှိမ်နင်းရန် စေလိုက်လေသည်။ စစ်တုရင်ခုံပေါ်က ဘုရင်မကြီးကိုခွေရန် ရွှေ့လိုက်သောအရွေ့ကို နရပတိစည်သူကလည်း ရိပ်မိတော့ မြင်းနှင့်ခံထားသည့်အလား၊ လူယုံတော် ကျွန်ရင်း မြင်းတော်ခံငပြည့်ကို စီးတော်မြင်းကိုပေးအပ်၍ အကြောင်းထူးက အမြန်လာရောက် သံတော်ဦးတင်ရန် အမိန့်ချမှတ်လိုက်ပါတယ်။

ဘုရင်မင်းယဉ်နရသိခီတစ်ယောက် ခယ်မတော်ကို သိမ်းပိုက်လေတော့သည်။ ထိုသတင်းရသည်နှင့် မြင်းတော်ခံငပြည့်လည်း မြင်းကိုဒုန်းစီး၍ အိမ်ရှေ့ကိုယ်တော်ရဲ့ တပ်တော်နောက်ကို အပြင်းလိုက်ခဲ့ရာ နေဝင်ဖြိုးဖြ မှောင်ရိပ်သန်းစတွင် ငါးပါတ်ချောင်း သည်မှာဘက်ကမ်းသို့ ရောက်ရှိပြီး စခန်းချနားနေအိပ်စက်လေတော့သည်။ ညဉ့်ပိုင်းတွင် ချောင်း၏အခြားဘက်မှ မြင်းဟီသံအချို့ကြားရတိသကဲ့သို့ ငပြည့်၏မြင်းကလည်း ဟီလေ၏။ နံနက်တွင် ချောင်းကိုဖြတ်ကူးပြီး တစ်ဖက်ကမ်းအရောက်တွင် သခင်ရင်းအိမ်ရှေ့စံ နရပတိစည်သူနှင့်တွေ့၍ ကျိုးကြောင်းစုံလင်ငပြည့်သံတော်ဦးတင်အပြီးတွင် အမှုထမ်းပေါ့လျော့မှုအတွက် သေဒဏ်ချမှတ်ခံခဲ့ရပါသည်။

ဝေဠုဝတီရေစီးကြမ်းနဲ့ပထမဆုံးတိုက်ရိုက်ကမ်းနားမှ မရဏာကြောင့် ခန္ဓာစဲရတဲ့ မြင်းတော်ခံငပြည့်နှင့် အောင်စွာကား မင်းခစား၊ ကမ်းနားသစ်ပင်များနှယ်ပင်တည်း။

နောက် ...

ဒုတိယဖြစ်စဉ်
ပင်းယခေတ်

အထက်ပါ ပုဂံခေတ် သခင်ဖြစ်သူနရပတိစည်သူနှင့် ငယ်ကျွန်ရင်းအောင်စွာတို့ဖြစ်စဉ်နှင့် သံတူကြောင်းကွဲဖြစ်စဉ်တစ်ခု ပင်းယခေတ်တွင် ပေါ်ပေါက်ခဲ့ဖူးပြန်ပါသည်။

ပင်းယမြို့တည်နန်းတည်မင်းကား သီဟသူမည်၏။ သူ့တွင်မြတ်နိုးရပါသော တောင်နန်းမိဖုရားနှင့် မြောက်နန်းမိဖုရားဟူ၍ မိဖုရားနှစ်ပါးရှိပါသည်။ တောင်နန်းမိဖုရားနှင့် ဥဇနာ၊ ကျော်စွာ၊ နော်ရထာဟူသော သားတော်သုံးပါး

ရရှိခဲ့ပြီး မြောက်နန်းမိဖုရားနှင့်မူ အသခ်ံရာစောယွန်း ဟူသော သားတော်တစ်ပါး ရရှိခဲ့ပါသည်။ သို့ဖြစ်သော ကြောင့် သီဟသူတွင် ဘတူမိကွဲ သားတော်လေးပါး ရှိလေ သည်။ သီဟသူမင်းအဖြစ် စိုးစံစဉ်တွင် သားတော်ကြီး ဥဇနာမှာ နန်းအိမ်ရှေ့စံအဖြစ် တည်ရှိပြီး ကျော်စွာမှာကား ပင်လယ်မြို့ကိုစားရသော မြို့စားသာဖြစ်၍နေပေသည်။ သီဟသူ လွန်သော် ဥဇနာနန်းတက်လေသည်။ ဥဇနာ အိမ်ရှေ့မင်းဖြစ်စဉ်က ဆင်ဖြူတစ်စီးသာပိုင်လေသည်။ ထိုစဉ်ကတည်းကပင် ပင်လယ်မြို့စားကျော်စွာက ဆင်ဖြူ ငါးစီးပိုင်လေသည်။ ရှေးမင်းတို့၏ ဘုန်းတန်ခိုးရှိန်စော် အာနုဘော်ကို ပိုင်ဆိုင်သော ဆင်ဖြူအရေအတွက်နှင့် ချိန်ဆ၍တိုင်းတာပြောဆိုတတ်ကြသည်။ဤအချက်ကပင် ဥဇနာ နန်းသက်မရှည်ဖို့ဖြစ်ခဲ့ရသည်။ သူ့ထက်စွမ်းဆောင် နိုင်သူ၊ ဘုန်းတန်ခိုးထက်သူ တိုင်းပြည်မှာ မင်းလုပ်အုပ်ချုပ် ရန် အသင့်ဆုံးလို့ ပြောဆိုပြီး ဥဇာနာဘုရင် ပင်းယမြို့ အနောက်တံခါးမှအထွက်တွင် ပင်လယ်မြို့စားကျော်စွာ လည်း နန်းမြို့အရှေ့တံခါးမှဝင်၍ မင်းစည်းစိမ်ကို ရယူပိုင် ဆိုင် စိုးစံတော်မူခဲ့သည်ဖြစ်ချေသည်။

ကျော်စွာနန်းတက်ပြီး တစ်ခုသောညီလာခံအပြီးဝယ် သူ၏ ငယ်ကျွန်လူယုံ တပည့်ရင်း ငခင်ညိုအား အတွင်း ဆောင်သို့ဆင့်ခေါ်လိုက်ပြီး –

“ဟဲ့ ငခင်ညို”

“ဘုရား”

“မင်းကို သေသေသပ်သပ် လုပ်ဆောင်ရမယ့် တာဝန် တစ်ခုပေးချင်တယ်၊ ပြီးမြောက်အောင်မြင်အောင်လည်း ဆောင်ရွက်ရမှာဖြစ်တယ်။ မောင်မင်း ဒါက ငါ့အမိန့်လည်း ဖြစ်တယ်”

“မှန်ပါ”

“တာဝန်ကတော့ မောင်မင်း စစ်ကိုင်းကိုသွားပြီး စစ်ကိုင်းစား အသခ်ံရာစောယွန်းကို လုပ်ကြံရမှာဖြစ်တယ်။ လိုအပ်သည်များကို ယူဆောင်ပြီး အရေးတော်ပုံအောင် စေရန် ယခုပင် စစ်ကိုင်းကို ချီပေတော့ဗျာ”

“မှန်လှပါ အမိန့်တော်မြတ်အတိုင်းပါဘုရား”

ဤသို့ဖြင့် ငခင်ညိုတစ်ယောက် စစ်ကိုင်းသို့ ချီခဲ့လေ ၏။ စစ်ကိုင်းစား၏ နန်းတော်တွင်းသို့ကား ငခင်ညို အလွယ်တကူဝင်ရောက်လို့ရခဲ့သော်လည်း လုပ်ကြံဖို့အရေး မှာကား လွယ်မယောင်နှင့်ခက်၊ တိမ်မယောင်နှင့်နက်သည့် အလား ဖြစ်၍နေပေသည်။ ယခုညဉ့်ဆိုလျှင် သုံးညတိုင် ပေပြီ။ စစ်ကိုင်းစား အသခ်ံရာစောယွန်းကို လုပ်ကြံဖို့အရေး ကား အခွင့်မသာဆဲပင်။ ထိုသို့သောအချိန်တွင် ကံတရား သည် ငခင်ညိုကို မျက်နှာသာပေးလိုက်ပေပြီ။ စစ်ကိုင်းစား ၏ အိပ်ဆောင်တွင်းသို့ ငခင်ညို ချင်းနင်းဝင်ရောက်ချိန် တွင်တော့ စစ်ကိုင်းစားသည် သာလွန်ထက်တင် နှစ်ချိုက် စွာ အိပ်မောကျလျက် ရှိနေပေသည်။ ဟောက်များပင် ဟောက်၍နေသေးသည်။ ငခင်ညိုတစ်ယောက် လွယ်ထား သောဓားကို ဓားအိမ်တွင်းမှ ဆွဲထုတ်ရန် ဓားရိုးသို့ လက် အရောက်တွင် သူ၏နှာခေါင်းဝတွင် အနံ့တစ်ခုရလိုက် လေသည်။ အခြားမဟုတ် ဟင်းနံ့ဖြစ်ပေသည်။ ငခင်ညို မျက်စိတစ်ချက် ဝေ့လိုက်ရာ သူ၏လက်တစ်ကမ်းတွင် ရွှေစလောင်းအပြည့် နတ်ဆက်ထားသော ထမင်းနှင့် အမဲ ဟင်းများတွေ့လေရာ ဘာမှမစားရသည်မှာ သုံးရက်ရှိသော ငခင်ညိုတစ်ယောက် စစ်ကိုင်းစား အသခ်ံရာစောယွန်းကို လုပ်ကြံဖို့အရေး ခေတ္တဘေးဖယ်ပြီး ဆာဆာနှင့် အမဲဆွမ်း ကို အားပါးတရ စားလိုက်လေတော့သည်။ ထိုသို့ စား သောက်ပြီးနောက် ဒုတိယအကြိမ် ဓားရိုးပေါ်သို့ လက် ရောက်ပြီး လုပ်ကြံရန်ပြင်ဆင်ခြင်းနှင့်အတူ ခေါင်းထဲသို့ အတွေးတစ်ခု ဝင်ရောက်လို့လာခဲ့ပါတော့သည်။

‘ဟယ် ...

‘ငါအခု သတ်ရမယ့်သူသည်ကား ငါ၏ထမင်းရှင်၊ ငါ၏ကျေးဇူးရှင်ဖြစ်နေပေပြီ။ တစ်လုတ်စားဖူး သူ့ကျေးဇူး ကား ကြီးမားလှပါဘိကောင်း။ မပြစ်မှားသင့် မပြစ်မှား ထိုက်ပေ။ ကျေးဇူးရှင်၏ ကျေးဇူးကို ပစ်မှားမိသူကား ဘဝ သံသရာတွင် ကံကြီးထိုက်၍ အပါယ်ငရဲသို့ ကျရမည်မှာ ဧကန်ပင်။ တော်ပြီ ငါမသတ်တော့ပြီ။’

‘ဟင် ...

‘မသတ်ပြန်လျှင်လည်း ငါ့အရှင် ငါ့သခင် ပင်းယ ရွှေနန်းရှင် မင်းတရားကျော်စွာပေးအပ်သည့် တာဝန် မကျေ၍ ငါ့အသက်လည်း ငါ့ကိုယ်၌ မြဲတော့မည်မဟုတ် ပါချေ။ တတ်နိုင်ပါဘူး လူဆိုတာမျိုးဟာ ဘဝမှာသေဖို့ အတွက် မွေးဖွားလာခဲ့ရတာပါပဲ။ ဘဝတစ်ခုတွင်လည်း တစ်ခါသာမွေး၍ တစ်ခါသာသေကြသည်ကလည်း ဓမ္မတာ ဖြစ်လို့ သိပ်တော့မဆန်းတော့ပါ။ စစ်ကိုင်းစား အသခ်ံရာ

စောယွန်းထံ ငါရောက်ခဲ့ကြောင်းကို သူ့ရဲ့ ပတ္တမြားကျောက်စီမံခန့်ခွဲမှုဆိုင်ရာ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဝင်းက ဖုန်းဆက်ပြောပြပါတယ်။ ဒီတော့ ငါ့ကို ဦးသိန်းဝင်းက ဧည့်ခံပွဲတစ်ခုမှာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးတွေ၊ ဌာနဆိုင်ရာ ဝန်ထမ်းတွေ၊ ပတ္တမြားကုမ္ပဏီတွေ၊ ပတ္တမြားကုန်သည်တွေ၊ ပတ္တမြားလက်မှုပညာရှင်တွေ အားလုံးနဲ့ တွေ့ဆုံခွင့်ရအောင် စီစဉ်ပေးပါတယ်။

ဒီလိုနဲ့ ငါဟာ ပတ္တမြားကျောက်စီမံခန့်ခွဲမှုဆိုင်ရာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးတွေ၊ ဌာနဆိုင်ရာ ဝန်ထမ်းတွေ၊ ပတ္တမြားကုမ္ပဏီတွေ၊ ပတ္တမြားကုန်သည်တွေ၊ ပတ္တမြားလက်မှုပညာရှင်တွေ အားလုံးနဲ့ တွေ့ဆုံခဲ့ပါတယ်။ ဒီတွေ့ဆုံပွဲမှာ ပတ္တမြားကျောက်စီမံခန့်ခွဲမှုဆိုင်ရာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးက ပတ္တမြားကျောက်စီမံခန့်ခွဲမှုဆိုင်ရာ ဦးစီးဌာနရဲ့ တာဝန်ဝတ္တရားတွေ၊ ဌာနရဲ့ ရည်မှန်းချက်တွေ၊ ဌာနရဲ့ ဖွဲ့စည်းပုံတွေ၊ ဌာနရဲ့ ဆောင်ရွက်ချက်တွေ၊ ဌာနရဲ့ ပြဿနာတွေ၊ ဌာနရဲ့ အခက်အခဲတွေ အကြောင်းကို ရှင်းလင်းတင်ပြပါတယ်။ ဒီနောက် ဌာနဆိုင်ရာ ဝန်ထမ်းတွေ၊ ပတ္တမြားကုမ္ပဏီတွေ၊ ပတ္တမြားကုန်သည်တွေ၊ ပတ္တမြားလက်မှုပညာရှင်တွေက ပတ္တမြားကျောက်စီမံခန့်ခွဲမှုဆိုင်ရာ ဦးစီးဌာနရဲ့ တာဝန်ဝတ္တရားတွေ၊ ဌာနရဲ့ ရည်မှန်းချက်တွေ၊ ဌာနရဲ့ ဖွဲ့စည်းပုံတွေ၊ ဌာနရဲ့ ဆောင်ရွက်ချက်တွေ၊ ဌာနရဲ့ ပြဿနာတွေ၊ ဌာနရဲ့ အခက်အခဲတွေ အကြောင်းကို ဆွေးနွေးတင်ပြကြပါတယ်။



ကမ္ဘာကြီး၏ အနာဂတ်ကို ပုံဖော်ရာတွင်

အသိဉာဏ်တုနည်းပညာ AI ၏

ပါဝင်မှု အခန်းကဏ္ဍ

ဦးဌေးလင်း

ယနေ့ခေတ်တွင် အသိဉာဏ်တုနည်းပညာ AI သည် စိတ်ကူးယဉ်သိပ္ပံဇာတ်လမ်းများနှင့် သာမန်လူများ အလှမ်းဝေးသော စာပေသုတေသနနယ်ပယ်ထဲတွင်သာ ရှိနေသည့် ဘာသာရပ်အကြောင်းအရာတစ်ခုအနေဖြင့် မဟုတ်တော့ပါ။ လုပ်ငန်းနယ်ပယ်များ၊ လူမှုအသိုက်အဝန်းများ အသွင်ပြောင်း ပုံဖော်လာစေရန် နေရာတကာတွင် တွန်းအားပေးနေသည့် အင်အားတစ်ခုအနေဖြင့် တွင်တွင်ကျယ်ကျယ် ဖြစ်ထွန်းလျက်ရှိပါသည်။ အသိဉာဏ်တုနည်းပညာ AI သည် လူသားအသိဉာဏ်အား ကွန်ပျူတာစနစ်ဖြင့် တုပ၍ လူဦးနှောက်၏ တွေးတောစဉ်းစား အဖြေထုတ်နည်းကို ပုံစံတူ လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ထိုလုပ်ငန်းစဉ်များတွင် သင်ယူခြင်း (Learning)၊ တွေးတောဆင်ခြင်ခြင်း (Reasoning)၊ ပြဿနာဖြေရှင်းခြင်း (Problem-solving)၊ အာရုံခံစား သိမြင်နိုင်ခြင်း (Perception) နှင့် ဘာသာစကားနားလည်ခြင်း (Language Understanding) တို့ ပါဝင်ပါသည်။ အသိဉာဏ်တုနည်းပညာ AI စဉ်ဆက်မပြတ် ပြောင်းလဲဖြစ်ပေါ်လာသောကြောင့် ကမ္ဘာကြီး၏ ပြောင်းလဲမှုနှုန်းသည် ကျွန်တော်တို့ ထင်မှတ်မထားလောက်အောင် အဆပေါင်းများစွာ ပြောင်းလဲတိုးတက်သွားနိုင်ပါသည်။

အသိဉာဏ်တုနည်းပညာ AI ၏ အထင်ရှားဆုံး၊ အလားအလာအကောင်းဆုံး နယ်ပယ်တစ်ခုသည် ကျန်းမာရေးကဏ္ဍဖြစ်ပါသည်။ ရောဂါများရှာဖွေခြင်း၊ လူနာများ၏ တိုးတက်မှုနှုန်းများကို ခန့်မှန်းခြင်း၊ လူနာတစ်ဦးချင်းစီ၏ အခြေအနေအလိုက် ကုသမှုအစီအစဉ်များကို ရေးဆွဲရာတွင် ကူညီခြင်းများအတွက် AI နည်းပညာကို အသုံးပြုနေပြီဖြစ်ပါသည်။

ထိုပြောင်းလဲမှုသည် ကမ္ဘာ့ကဏ္ဍအသီးသီး၏ အနာဂတ်အကျိုးဆက်များတွင် သက်ရောက်မှုရှိမည်ဖြစ်ပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ၊ ပညာရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍနှင့် ကဏ္ဍများအားလုံးတွင် အသိဉာဏ်တုနည်းပညာ AI နည်းပညာသည် အသွားနှစ်ဖက်ရှိသော ဓားတစ်လက်အဖြစ် အကျိုးရှိသောအခွင့်အလမ်းများစွာနှင့် စိန်ခေါ်မှုများကို တစ်ပြိုင်တည်း သက်ရောက်သွားစေနိုင်ပါသည်။ ဤဆောင်းပါး၏ ရည်ရွယ်ချက်သည် အသိဉာဏ်တုနည်းပညာ AI ၏ လာမည့်ဆယ်စုနှစ်အတွင်း ကမ္ဘာကြီးအပေါ် လွှမ်းမိုးမှုများကို ဟန်ချက်ညီညီရှုမြင်သုံးသပ်ပြရန်ဖြစ်ပါသည်။

အသိဉာဏ်တုနည်းပညာ AI ၏ လက်ရှိအနေအထား

အသိဉာဏ်တုနည်းပညာ AI ၏ အနာဂတ် ရိုက်ခတ်မှုကို နားလည်စေရန် လက်ရှိအခြေအနေကို ဆန်းစစ်ရန်လိုအပ်ပါသည်။ AI နည်းပညာများသည် လက်ရှိကျွန်တော်တို့လူသားများ၏နေ့စဉ်ဘဝပေါင်းစပ်ပါဝင်ဖြစ်တည်လျက်ရှိပါသည်။ iPhone ရှိ Siri နှင့် Window Computer System ရှိ Cortana ကဲ့သို့သော အသံဖြင့်ခိုင်းစေနိုင်သော Voice Assistant များမှအစပြု၍ နေရာတိုင်းတွင် AI နည်းပညာဖြင့် ပံ့ပိုးမှုများစွာရှိနေပါသည်။ စီးပွားရေးကဏ္ဍတွင် ကုမ္ပဏီများသည် ခွဲခြမ်းစိတ်ဖြာကြိုတင်ခန့်မှန်းခြင်း၊ စားသုံးသူများနှင့် ဆက်ဆံရေးစီမံခန့်ခွဲခြင်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် လျင်မြန်ကောင်းမွန် လွယ်ကူစေခြင်းတို့အတွက် AI နည်းပညာကို အသုံးပြုနေကြပြီဖြစ်ပါသည်။ AI နည်းပညာ၏ မှတ်သားဖွယ်အကောင်းဆုံး တိုးတက်မှုများအနေဖြင့် အောက်ပါအတိုင်း တင်ပြလိုပါသည်။

၁။ လူ့ဘာသာစကားများဖြင့် အလုပ်လုပ်နိုင်ခြင်း Natural Language Processing (NLP) – OpenAI ၏ Chat GPT ကဲ့သို့သော စနစ်များ၏ လူအချင်းချင်း ဆက်သွယ်ရာတွင် အသုံးပြုသည့် စာသားများကို နားလည်ခြင်း၊ ပြန်လည်ပြောဆို အဖြေထုတ်ပေးနိုင်ခြင်းများကို ဆောင်ရွက်ပေးနိုင်မှု

၂။ လူကဲ့သို့မြင်သိနိုင်ခြင်း Computer Vision (CV) – လူမျက်နှာများအား ခွဲခြားသိရှိနိုင်ခြင်း၊ ဆေးဘက်ဆိုင်ရာ ပုံရိပ်ဖော်ခြင်း၊ ယာဉ်များအား အလိုအလျောက် ခွဲခြားသိမြင် မှတ်သားနိုင်ခြင်းများ။

၃။ အချက်အလက်များမှ သင်ယူနိုင်ခြင်း Machine Learning (ML) – စုဆောင်း ထားသော အချက်အလက်များအား ခွဲခြမ်းစိတ်ဖြာ၍ မှတ်သားသင်ယူနိုင်သော လုပ်ငန်းစဉ် Algorithm များ၏ မသမာမှုများစုံစမ်းနိုင်ခြင်း၊ တစ်ဦးချင်းစီအကြိုက် အလိုက်ပေါ်မူတည်၍ စျေးကွက်ရှာဖွေခြင်း၊ ရာသီဥတုခန့်မှန်းခြင်း ဆောင်ရွက်နိုင်မှုများ။

ကျန်းမာရေးကဏ္ဍနှင့် AI နည်းပညာ

အသိဉာဏ်တုနည်းပညာ AI ၏ အထင်ရှားဆုံး၊ အလားအလာအကောင်းဆုံး နယ်ပယ်တစ်ခုသည် ကျန်းမာရေးကဏ္ဍဖြစ်ပါသည်။ ရောဂါများရှာဖွေခြင်း၊ လူနာများ၏ တိုးတက်မှုနှုန်းများကို ခန့်မှန်းခြင်း၊ လူနာတစ်ဦးချင်းစီ၏ အခြေအနေအလိုက် ကုသမှုအစီအစဉ်များကို ရေးဆွဲရာတွင် ကူညီခြင်းများအတွက် AI နည်းပညာကို အသုံးပြုနေပြီဖြစ်ပါသည်။ အနာဂတ်တွင် ထိုသို့သော စွမ်းဆောင်ရည်မှုများသည် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်လာပြီး ကျန်းမာရေးကဏ္ဍတစ်ခုလုံး ပြောင်းလဲသွားစေသည်အထိ သက်ရောက်နိုင်ပါသည်။

ရောဂါရှာဖွေမှုအား အဆင့်မြှင့်ခြင်း

- AI နည်းပညာဖြင့် ပံ့ပိုးထားသော ရောဂါရှာဖွေကိရိယာများသည် X-rays နှင့် MRI ကဲ့သို့သော ဆေးဘက်ဆိုင်ရာ ပုံရိပ်ဖော်မှုများတွင် လူသားပုံရိပ်ဖော်ပညာရှင်များထက် ပိုမိုစွမ်းဆောင်ရည်တိကျကောင်းမွန်နိုင်ပါသည်။
- တီဘီရောဂါနှင့် နှလုံးရောဂါကဲ့သို့သော နာတာရှည် ရောဂါများအတွက် စောစီးစွာ သိရှိနိုင်ရန် ကြိုတင်ခန့်မှန်းခဲ့ခြင်းစိတ်ဖြာနိုင်ခြင်း။

လူနာတစ်ဦးချင်းစီ၏ အခြေအနေအလိုက်ကုသခြင်း

- AI နည်းပညာသည် သီးခြားလူနာတစ်ဦးချင်းစီ၏ ဆေးမှတ်တမ်းအထောက်အထားများအပေါ် အခြေခံ၍ လူနာတစ်ဦးချင်းစီ၏ အခြေအနေအလိုက်ကုသမှု အစီအစဉ်များကို ရေးဆွဲ၍ တစ်ဦးချင်းစီ၏ထိထိရောက်ရောက်ကျန်းမာရေးကုသစောင့်ရှောက်မှုကို စွမ်းဆောင်နိုင်ပါသည်။
- AI နည်းပညာသည် ဒြပ်ပေါင်းအသစ်များ၏ အစွမ်းအာနိသင်များကို ကြိုတင်ခန့်မှန်းသိရှိ၍ ထိရောက်သော ကုသမှုများအတွက် ဆေးဝါးအသစ်များ တီထွင်ဖန်တီးခြင်းဖြင့် ဆေးဝါးလောက တိုးတက်မှုကို မြှင့်တင်နိုင်ပါသည်။

ကျန်းမာရေးစောင့်ရှောက်မှု အထောက်အကူပြု

- သွားလာရခက်ခဲသော၊ ဝေးလံခေါင်ပါးသော နေရာများအတွက် AI နည်းပညာဖြင့် ပံ့ပိုးထားသော အဝေးမှ ရောဂါကုသခြင်းစနစ်များ Telemedicine Powered by AI သည် အရည်အသွေးကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုကို ရနိုင်ပါသည်။
- ကျန်းမာရေးအသိပညာရရှိခြင်း၊ ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူများနှင့် တိုင်ပင်ဆွေးနွေးခွင့် ရရှိခြင်းများကို အချိန်နေရာမရွေး AI နည်းပညာဖြင့် ပံ့ပိုးထားသော အပြန် အလှန်ပြောဆိုနိုင်သည့် Chatbots or Virtual Assistant များမှတစ်ဆင့် ရရှိနိုင်ပါသည်။

ကျောင်းသားတစ်ဦးချင်းစီ၏ အားနည်းချက်နှင့် အားသာချက်များကို အခြေခံ၍ ကျောင်းသားတစ်ဦးချင်းစီအတွက် သင့်တော်သည့် သင်ကြားရေး အထောက်အကူပြုပစ္စည်းများကို အသုံးပြု၍ စွမ်းဆောင်ရည်တိုးတက်စေရန် AI နည်းပညာက ပံ့ပိုးပေးနိုင်ပြီဖြစ်ပါသည်။

ပညာရေးကဏ္ဍနှင့် AI နည်းပညာ

ပညာရေးကဏ္ဍသည် AI နည်းပညာ၏အကြီးအကျယ် သက်ရောက်မှုရှိပြီးဖြစ်သော ကဏ္ဍတစ်ခုဖြစ်ပါသည်။ သမားရိုးကျရှေးနည်းဖြစ်သော ဆရာတစ်ဦးတည်းမှ အားလုံးနှင့်သင့်တော်သည့် သင်ကြားနည်းပုံစံတစ်ခုတည်းဖြင့် ကျောင်းသားအားလုံးအား ချဉ်းကပ်သင်ကြားနေသည့် ပုံစံအစား သီးခြားကျောင်းသားတစ်ဦးချင်းစီ၏ အခြေခံအနေအထားပေါ်မူတည်၍ သင်ကြားနိုင်သော သင်ကြားနည်းဖြင့် အစားထိုးလိုက်ပြီဖြစ်ပါသည်။

လိုအပ်သလို ပြောင်းလဲသင်ကြားပေးနိုင်စွမ်းရှိသော သင်ကြားရေးနည်းစနစ်များ

- ကျောင်းသားတစ်ဦးချင်းစီ၏ အားနည်းချက်နှင့် အားသာချက်များကို အခြေခံ၍ ကျောင်းသားတစ်ဦးချင်းစီအတွက် သင့်တော်သည့် သင်ကြားရေးအထောက်အကူပြုပစ္စည်းများကို အသုံးပြု၍ စွမ်းဆောင်ရည်တိုးတက်စေရန် AI နည်းပညာက ပံ့ပိုးပေးနိုင်ပြီဖြစ်ပါသည်။
- Khan Academy နှင့် Oudingo ကဲ့သို့သော AI နည်းပညာသုံး Digital Learning Platform များသည် သင်ယူသူတစ်ဦးချင်း၏ လိုအပ်ချက်များ

AI နည်းပညာသုံး အလိုအလျောက် လုပ်ငန်းဆောင်ရွက်သောစနစ်များ၊ ဆုံးဖြတ်ချက်များအတွက် အထောက်အကူပေးသောစနစ်များနှင့် တီထွင်ဖန်တီးဆန်းသစ်နိုင်သော စနစ်များသည် စီးပွားရေးလုပ်ငန်းများကို အသွင်ပြောင်းလဲလာစေပါသည်။ AI နည်းပညာ တိုးတက်လာခြင်းက တစ်ကမ္ဘာလုံး၏ စီးပွားရေးတိုးတက်မှုကိုလည်း သက်ရောက်စေပါသည်။

အတိုင်း သင်ခန်းစာ Content များကို AI နည်းပညာဖြင့် ဖန်တီးသင်ကြားပေးနေပြီဖြစ်သည်။

တစ်ကမ္ဘာလုံးအတိုင်းအတာရရှိနိုင်သောပညာရေး

- AI နည်းပညာသုံးဘာသာပြန် Tools များနှင့် Virtual Classroom များသည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့်ရှိနေသောကမ္ဘာ့နိုင်ငံအသီးသီးမှ သင်ယူလိုသူ ကျောင်းသားများအတွက် အရည်အသွေးကောင်းမွန်သော ပညာရေးစနစ်ကို ဖြစ်စေနိုင်ပါသည်။
- ကျေးလက်ဒေသနှင့် ဖွံ့ဖြိုးမှုနည်းသောဒေသများမှ ကျောင်းသားများအတွက် AI နည်းပညာဖြင့် ဖန်တီးဆောင်ရွက်ထားသော သင်ကြားရေးအရင်းအမြစ်များသည် အလွန်ပင် ထိရောက်အကျိုးကျေးဇူးကြီးမားလှပါသည်။

သင်ကြားပေးသူ ဆရာ/ဆရာမများအတွက် အထောက်အကူဖြစ်စေခြင်း

- AIနည်းပညာသည်ကျောင်းသားများအားအဆင့်အရည်အချင်း သတ်မှတ်ပေးခြင်း၊ သင်ခန်းစာပုံမှန်သင်ယူမှုအခြေအနေ မှတ်တမ်းပြုစုခြင်းစသည့် အတန်းတွင်းအုပ်ချုပ်မှု ကိစ္စရပ်များကို ကူညီဆောင်ရွက်ပေးလာသဖြင့် ဆရာများမှ သင်ကြားရေးကိစ္စတစ်ခုတည်းကို ပိုမိုအာရုံစိုက်နိုင်လာစေပြီး စာသင်ချိန် ပိုမိုရရှိစေနိုင်ပါသည်။
- AI နည်းပညာသုံး သင်ကြားရေးစနစ်များသည် ကျောင်းသားတစ်ဦးချင်းစီ၏ အတန်းတွင်း ပါဝင်လှုပ်ရှားမှုနှင့် သင်ကြားရေးလုပ်ငန်းစဉ်ဆောင်ရွက်မှုအပေါ် ထဲထဲဝင်ဝင် စေ့စေ့ငင အချက်အလက်ကျကျစိစစ်ပေးနိုင်ပြီး သီးခြားဖြည့်စွက်အထောက်အပံ့ လိုအပ်သောကျောင်းသား၊ ကျောင်းသူများအတွက်လည်း ကူညီပေးနိုင်ပါသည်။

စီးပွားရေးကဏ္ဍနှင့် AI နည်းပညာ

AI နည်းပညာသုံး အလိုအလျောက် လုပ်ငန်းဆောင်ရွက်သောစနစ်များ၊ ဆုံးဖြတ်ချက်များအတွက် အထောက်အကူပေးသောစနစ်များနှင့် တီထွင်ဖန်တီးဆန်းသစ်နိုင်သော စနစ်များသည် စီးပွားရေးလုပ်ငန်းများကို အသွင်ပြောင်းလဲလာစေပါသည်။ AI နည်းပညာ တိုးတက်လာခြင်းက တစ်ကမ္ဘာလုံး၏ စီးပွားရေးတိုးတက်မှုကိုလည်း သက်ရောက်စေပါသည်။

အလိုအလျောက်လုပ်ငန်းဆောင်ရွက်ခြင်းနှင့် လုပ်ငန်းပြီးမြောက်မှုနှုန်းတိုးတက်ခြင်း

- AI နည်းပညာဖြင့် ဆောင်ရွက်သော အလိုအလျောက် ဆောင်ရွက်မှုများသည် ထပ်ကာထပ်ကာဆောင်ရွက်ရသော လုပ်ငန်းများတွင် လူထက်ပို၍ ထိရောက်မှုရှိစေပြီး ကုန်ကျစရိတ်များလျော့ချရေးနှင့် ကုန်ထုတ်လုပ်မှုကို တိုးတက်စေနိုင်ပါသည်။
- ထုတ်ကုန်ကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် ငွေရေးကြေးရေးကဏ္ဍများကဲ့သို့သောကဏ္ဍများသည် AI နည်းပညာမှ ဆင်းသက်လာသော အလိုအလျောက် လုပ်ငန်းဆောင်ရွက်နိုင်ခြင်း၏ အသီးအပွင့်အကျိုးကျေးဇူးကို ခံစားနေရပြီဖြစ်ပါသည်။

အချက်အလက်အခြေပြု ဆုံးဖြတ်ချက်ချခြင်း

- စီးပွားရေးလုပ်ငန်းများအနေဖြင့် AI နည်းပညာကို အသုံးပြု၍ ပမာဏများစွာသော အချက်အလက်များကို အချိန်တိုအတွင်း ခွဲခြမ်းစိတ်ဖြာပြီး ရလဒ်များကို လျင်မြန်စွာထုတ်ပေးလာနိုင်ပြီဖြစ်ပါသည်။
- ကြိုတင်ခန့်မှန်း ခွဲခြမ်းစိတ်ဖြာနိုင်မှုများသည် ကုမ္ပဏီများအတွက် သုံးစွဲသူများ၏ အမူအကျင့်နှင့် စျေးကွက်အလားအလာများကို ကြိုတင်မျှော်မှန်းသိရှိစေနိုင်ပါသည်။

ဝယ်ယူသူများအတွက် အတွေ့အကြုံ

- AI နည်းပညာသုံး အလိုအလျောက်ပြန်ဖြေကြားနိုင်သော Chatbots များ၊ Virtual Assistance များသည် ဝယ်ယူသူတစ်ဦးချင်းစီအတွက် သီးခြား Customer Service ဆောင်ရွက်ပေးနိုင်သည့် အခြေအနေကို ဖန်တီးပေးနိုင်ပြီး ဝယ်ယူသူများ၏ စိတ်ကျေနပ်မှုနှင့် ပုံမှန်ဝယ်ယူမှုဖြစ်စေခြင်းတို့ကို တိုးတက်စေနိုင်ပါသည်။
- AI နည်းပညာမှ ဝယ်ယူသူတစ်ဦးချင်းစီအတွက် လိုက်ဖက်သော ကုန်ပစ္စည်းများကို အကြံပြုရွေးချယ်ပေးနိုင်ခြင်းသည် စျေးဝယ်ထွက်သူများအတွက် စိတ်ကျေနပ်မှုကို ရရှိစေပါသည်။

AI သည် စတုတ္ထစက်မှုပြောင်းလဲမှုကာလဖြစ်သည့် ၂၁ ရာစု အစောပိုင်းခုနှစ်များဖြစ်သည့် ၂၀၀၀ ပြည့်နှစ်နှင့် ၂၀၂၄ ခုနှစ် ကာလတွင်ထွန်းကားသော နည်းပညာတစ်ခုဖြစ်ပါသည်။ ပဉ္စမမြောက်စက်မှုပြောင်းလဲမှုကာလဖြစ်မည့် ၂၁ ရာစုအလယ် ၂၀၂၅ ခုနှစ် နောက်ပိုင်းများတွင် လူသားအဓိက အခြေပြုသောပညာရပ်များ၊ လူအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်မှု ပညာရပ်များနှင့် လူ့အဖွဲ့အစည်းစဉ်ဆက် မပြတ် ရေရှည်ရှင်သန် တိုးတက်တည်မြဲရေးအတွက် လူသားများအားလုံး နည်းပညာများ တန်းတူအသုံးပြုနိုင်ရေးကို ဦးတည်လာတော့မည်ဖြစ်ပါသည်။


ထိုအခါ လူသားများအနေဖြင့် မိမိတို့လိုအပ်သော အချက်အလက်နှင့် တွက်ချက်မှုများအတွက် AI ဖြင့် မည်သည့်အရာကို အဖြေရှာစေမည်၊ လက်ရှိလူသား၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် AI အားမည်သို့သော မေးခွန်းမျိုး ထိထိရောက်ရောက်မေးရမည်၊ AI ၏ ဖြေကြားတုံ့ပြန်မှုသည် မေးခွန်းနှင့်ကိုက်ညီမှု ရှိ မရှိ၊ စံလွဲမှု ရှိ မရှိ၊ လူသား၏ ဆုံးဖြတ်ချက်အတွက် အကူအညီအနေဖြင့် ထည့်သွင်းဆောင်ရွက်ရန် သင့်တော်သောရလဒ် တုံ့ပြန်မှုဟုတ်မဟုတ်ကို ခွဲခြားစိတ်ဖြာနိုင်သော အသိဉာဏ်စွမ်းရည် အရည်အသွေးတွေးခေါ်နိုင်မှု Common Sense ရှိနေရမည်ဖြစ်ပါသည်။

ကမ္ဘာ့ကုလသမဂ္ဂတွင် WHO, UNESCO, ILO တို့ကဲ့သို့သော အဖွဲ့အစည်းတစ်ခုဖြစ်သည့် International Telecommunication Union (ITU) ဟူသည့် နည်းပညာနှင့် သက်ဆိုင်သော အဖွဲ့အစည်းကြီးက ကမ္ဘာ့နိုင်ငံများ၏ AI အပါအဝင် အခြားသော ICT နည်းပညာကိစ္စရပ်များကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

နည်းပညာတိုင်းတွင်ကောင်းကျိုးဘေးထွက်ဆိုးကျိုးနှင့် မသမာသူများ၏ အလွဲသုံးမှုများ ရှိသည်ဖြစ်သော ကြောင့် AI နှင့်ပတ်သက်သော စံချိန်စံညွှန်းများ၊ နိုင်ငံအဆင့် နည်းဗျူဟာများနှင့် ဥပဒေထိန်းကျောင်းမှုများလည်း နိုင်ငံအလိုက် လိုအပ်မည်ဖြစ်ပြီး အချို့နိုင်ငံများတွင် စတင်လျက်ရှိနေပြီဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း အမြော်အမြင်ကြီးမားသော ခေါင်းဆောင်များ၏ ဦးဆောင်မှုနှင့် မေတ္တာရိပ်အောက်တွင် အခြားနိုင်ငံများနည်းတူ အမျိုးသားအကျိုးစီးပွားကို မျှော်မှန်း၍ AI နည်းပညာနှင့်ပတ်သက်သည့် မဟာဗျူဟာများချမှတ်ကျင့်သုံးရေး၊ ဥပဒေထိန်းကျောင်းမှုများ ပြဋ္ဌာန်းအကောင်အထည်ဖော်ရေး၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအားပေးခြင်းနှင့် နိုင်ငံသားအားလုံး တစ်ပြေးညီအနေဖြင့် အဆင့်မြင့်နည်းပညာယဉ်ကျေးမှုကျင့်သုံးနိုင်သော လူ့ဘောင်သစ်တစ်ရပ်ဖြစ်ရေးအတွက် အစိုးရနှင့် အစိုးရမဟုတ်သော ပညာရှင်အဖွဲ့အစည်းများ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ပြီး စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်လာမည်ဟု ယုံကြည်မိပါကြောင်း တင်ပြလိုက်ပါသည်။

ဦးဌေးလင်း
နည်းပညာအကြံပေး
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့



တင့်တယ်စေချင်
ဦးသင်း

သက်မှူးခင် (ရွှေကျွန်းမြေ)

မြန်မာနိုင်ငံအတွင်းရှိ ၁၃၅ မျိုးရှိသော တိုင်းရင်းသားမျိုးနွယ်စုများတွင် ရခိုင်တိုင်းရင်းသား လူမျိုးများသည် ပင်လယ်ကမ်းရိုးတန်းဒေသများတွင် အခြေချနေထိုင်ကြသည့် လူမျိုးစုများဖြစ်သည့်အတွက် စိုက်ပျိုးရေးနှင့်ပင်လယ်ရေကြောင်း ကုန်ကူးသန်းရောင်းဝယ်မှုအား အလွယ်တကူဆောင်ရွက်နိုင်သည့် အခွင့်အရေးရရှိသည့် လူမျိုးစုဖြစ်သည်။ ရှေးရခိုင်လူမျိုးများသည် ဘုရင်စနစ် ကျင့်သုံးပြီး စည်ပင်ဝပြောသည့် နိုင်ငံအဖြစ်ထူထောင်နိုင်ခဲ့ကြသည်။

ရခိုင်ဘုရင်အချို့သည် စစ်တကောင်းနယ်နှင့် အိန္ဒိယသမုဒ္ဒရာ ကူးသန်းရောင်းဝယ်မှုတို့အား အကြောင်းပြု၍ (ပါရှုန်အစ္စလမ်မစ်) ဓလေ့ထွန်းကားသည့် အိန္ဒိယတိုက်၏ ဓလေ့ထုံးတမ်းများ လွှမ်းမိုးမှုကြောင့် မူစလင်ဘွဲ့ခံယူခဲ့ကြသည်။

ရခိုင်လူမျိုးတို့သည် ခေတ်အဆက်ဆက် ဘုရင်စနစ်ဖြင့် နှစ်ပေါင်းများစွာ လက်ဆင့်ကမ်း၍ အုပ်ချုပ်နိုင်ခဲ့ကြရာတွင်မြောက်ဦးခေတ်သည်အလွန်ထင်ရှားစည်ကားသည့်ခေတ်ဖြစ်သည်။

မင်းစောမွန် (အေဒီ ၁၄၃၀– ၁၅၃၁) တွင် စည်ပင်သာယာဝပြောသည့် မြောက်ဦးပထမခေတ်အား ထူထောင်၍ မင်းဆက်(၁၁)ဆက်ဖြင့် (၁၀၁)နှစ် အုပ်ချုပ်ခဲ့သည်။

သီရိသုဓမ္မရာဇာမင်း (အေဒီ ၁၆၂၂ –၁၆၃၈) သည် မြောက်ဦးဒုတိယခေတ် (၈)ဆက်မြောက် ဘုရင်ဖြစ်ပြီး ထူးခြားသည့်မင်းဖြစ်သည်။ မူစလင်ဘွဲ့ခံယူခြင်းကင်း၍ ထီးနန်းတက်ခဲ့ပြီး မြောက်ဦးနန်းမြို့နှင့် ဆက်စပ်နေသည့် တိုင်းပြည်၏နယ်နိမိတ်အား တိကျစွာတိုင်းတာ၍မှတ်တမ်းတင်နိုင်ခဲ့သည့်မင်းဖြစ်သည်။ သီရိသုဓမ္မရာဇာမင်း အုပ်ချုပ်ခဲ့သည့် မြောက်ဦးဒုတိယခေတ်တွင် မြောက်ဦးနန်းမြို့သည် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးဘက်စုံအောင်မြင်ခဲ့သည့်အတွက် ရခိုင်လူမျိုးတို့၏ဂုဏ်အား အထူးတင့်တယ်စေသည့် ကာလဖြစ်ခဲ့သည်။

မြောက်ဦးမြို့တော်သည် အလွန်စည်ကားသည့်မြို့တော်ဖြစ်သည်။ မြို့တော်၏ထူးခြားချက်မှာ မြို့အတွင်းရေစီးသန်သည့် မြစ်ကြီးတစ်စင်း ဖြတ်သန်းစီးဝင်နေပြီး ဖြာထွက်နေသည့် မြစ်လက်တက်များက မြို့၏နေရာအနှံ့စီးဆင်းနေခြင်းကြောင့် မြို့၏နေရာအနှံ့ လောင်းလှေများ

ဖြင့် သွားလာနိုင်ပြီး မြို့တွင်းစျေးကွက်အတွက် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရန် လွယ်ကူနေခြင်းဖြစ်သည်။ မြောက်ဦးမြို့အတွင်း နေထိုင်သူများအတွက် လိုအပ်သည့် စားသောက်ကုန်နှင့် လူ့အသုံးအဆောင်ပစ္စည်းများ အလွယ်တကူ ရောင်းဝယ်သယ်ယူပို့ဆောင်နိုင်ပေသည်။ သီရိသုဓမ္မရာဇာမင်းသည် ဘုန်းကံကြောင့် တိုင်းပြည်စည်ပင် သာယာဝပြောသည့် မင်းဖြစ်သော်လည်း ဘိသိက်မင်္ဂလာပြုပါက ထီးနန်းအလုခံရမည်၊ အသေဆိုးနှင့်သေရမည် အတိတ်တဘောင်ကြောင့် ရခိုင်လူမျိုးဆွေမျိုးတော်တို့အား ရှောင်ရှားပြီး မိမိသက်တော်စောင့်အဖြစ် ဂျပန်ဆာမူရိုင်းအား ခန့်ထားသည့် နန်းတော်လုံခြုံရေးအတွက် ပေါ်တူဂီကိုယ်ရံတော် အမြောက်တပ်အား ကြေးစားငှားရမ်း၍ နန်းတော်အား ကာကွယ်စောင့်ရှောက်စေခဲ့သည်။ သီရိသုဓမ္မရာဇာမင်းသည် နန်းတွင်းနန်းရင်းဝန်အဖြစ် ငလက်ရုံးနှင့် ငကုသလတို့အား ခန့်အပ်ထားကာ ပြည်တွင်းလူမှုစီးပွားစစ်ရေးများအတွက် တိုင်ပင်၍ တိုင်းပြည်အား မင်းလုပ်အုပ်ချုပ်ခဲ့သည်။ ငကုသလသည် မင်းဗာကြီး (အေဒီ –၁၅၃၁ –၁၅၅၃)၏ မြစ်တော်ဖြစ်ပြီး လောင်းကြက်မြို့ကို စားရသည့် မြို့စားဖြစ်သည်။

မင်းဆက် (၉) ဆက်ဖြင့် နှစ်ပေါင်း (၁၀၇)နှစ်အထိ စိုးစံခဲ့သည့် မြောက်ဦးဒုတိယခေတ် နန်းစံ ဘုရင်သီရိသုဓမ္မရာဇာမင်းအား ၁၆၃၈ ခုနှစ်တွင် နန်းရင်းဝန်ငကုသလက လုပ်ကြံ၍ ကံတော်ကုန်ခဲ့သည်။ သီရိသုဓမ္မရာဇာမင်းအား လုပ်ကြံခဲ့သည့် ငကုသလသည် နရပတိကြီးအမည်ဖြင့် (အေဒီ ၁၆၃၈ –၁၆၄၅) ခုနှစ်တွင် နန်းတက်ခဲ့သည်။ နရပတိမင်းသည်လည်း မိမိလုံခြုံရေးနှင့် ကာကွယ်ရေးအတွက် တိုင်းတပါးသားကြေးစားစစ်သားများအားငှားရမ်းအသုံးပြုခဲ့သည်။ နရပတိကြီးသည် ၁၆၄၅ ခုနှစ်တွင် ကွယ်လွန်ပြီးနောက် မြေးတော် စန္ဒသုဓမ္မရာဇာသည် (၁၆၅၂ –၁၆၇၄) ခုနှစ်တွင် ရခိုင်ထီးနန်းဆက်ခံကာ မင်းဖြစ်လာသည်။ ရခိုင်တိုင်းသူပြည်သားများမှ ယုံကြည်လက်ခံသည့် မင်းဖြစ်သည့်အတွက် တိုင်းပြည်ကို အေးချမ်းသာယာစေသည့် မင်းဖြစ်ခဲ့သည်။ အိန္ဒိယနိုင်ငံ မဂိုအင်ပါယာကေရာဇ် ရှာဂျီဟန် (အေဒီ – ၁၆၆၁) တွင် ကွယ်လွန်ပြီး မဂိုအင်ပါယာ ထီးနန်းဆက်ခံရေးတွင် ညီဖြစ်သူ "သြရန်ဇစ်" တိုက်ခိုက်မှုကို ခံရသည့် မဂိုလ်ဧကရာဇ်၏ ဒုတိယမြောက်သားတော် "ရှာရှူးဂျာ"မှ ရခိုင်ဘုရင်ထံနိုင်ငံရေးခိုလှုံခွင့် တောင်းခံခဲ့ရာ ရခိုင်ဘုရင်စန္ဒသုဓမ္မရာဇာမှ "ရှာရှူးဂျာ"နှင့် ကိုယ်ရံတော်တပ်သား ၅၀၀ အား လက်နက်ဖြုတ်စေပြီး မြောက်ဦးနန်းမြို့တွင် စံအိမ်ဆောက်၍နေစေသည်။ မြောက်ဦးနန်းမြို့တွင် နန်းစံနေသည့် "ရှာရှူးဂျာ" အားပြန်လည်အပ်နှံပေးရန် မဂိုဗိုလ်ချုပ် "မိရ်ဂျုမ္မလား"က ရခိုင်ဘုရင်အား ပြင်းထန်စွာ တောင်းဆိုခဲ့သည်။

ယင်းတောင်းဆိုချက်အား ရခိုင်ဘုရင် စန္ဒသုဓမ္မရာဇာမင်းက ငြင်းဆန်၍ ဒီဂင်္ဂါတွင် ရခိုင်ရေတပ်ဖြင့် တပ်ဖြန့်၍ ချထားလိုက်သည်။ ရခိုင်ဘုရင်စန္ဒသုဓမ္မရာဇာက မြောက်ဦးနန်းမြို့အတွင်း ခိုလှုံနေသည့် "ရှာရှူးဂျာ"၏သမီးတော်ကြီးအား မိမိနှင့်စုံဖက်ပေးရန် တောင်းဆိုခြင်းအား "ရှာရှူးဂျာ"မှ အမျက်ထွက်ငြင်းပယ်မှုနှင့်အတူ နန်းမြို့အတွင်း ပုန်ကန်ခဲ့သည်။ ရခိုင်ဘုရင်၏ နှိမ်နှင်းမှုကြောင့် ပုန်ကန်သူများသတ်ဖြတ်ခြင်းခံရပြီး အသက်ရှင်ကျန်ခဲ့သည့် ပုန်ကန်တပ်သားများအား နန်းတော်အစောင့်အဖြစ် တာဝန်ပေးအပ်သည်။ ယင်းတို့သည် ကမန်လူမျိုးများဖြစ်ကြပြီး ယနေ့ရခိုင်လူမျိုးတွင် ပါဝင်သည့် လူမျိုးစုတစ်ခုအဖြစ် သတ်မှတ်ခြင်းခံရသည့် မျိုးနွယ်စုဖြစ်သည်။

ရခိုင်ဘုရင်က "ရှာရှူးဂျာ"၏ မိသားစုဝင် (၃) ဦးအား အသက်ချမ်းသာခွင့်ပေးခဲ့သည်။ မဂိုဘုရင် "ရှားယစ္စတာခန်" မှ ဒီဂင်္ဂါတွင် တပ်စွဲထားသည့် ရခိုင်တပ်တွင်းမှ ပေါ်တူဂီကြေးစား စစ်သားများကို ရခိုင်တို့ပေးသည့် ကြေးထက် ပို၍ပေးကာ ပူးပေါင်းခဲ့သည့်အတွက် ဘင်္ဂလားနယ်အတွင်းရှိ ရခိုင်ရေတပ်စစ်စခန်းအား မဂိုဘင်္ဂလား ဘုရင်ခံ "ရှားရစ္စတာခန်"မှ (အေဒီ –၁၆၆၆) ခုနှစ်တွင် ရခိုင်ဘုရင် ပိုင်နက်ဖြစ်သည့် စစ်တကောင်းအား သိမ်းယူနိုင်ခဲ့သည်။ ရခိုင်မင်းတို့သည် နိုင်ငံကာကွယ်ရေး ဆောင်ရွက်မှုများတွင် တိုင်းတစ်ပါးသားကြေးစားတပ်သားများအားအခကြေးငွေပေးကာ ပူးပေါင်းစေခဲ့ခြင်းကြောင့် ကာကွယ်ရေးစည်းပေါက်ရခြင်းဖြစ်သည်။ ကြေးစားဟူသည် အခကြေးငွေဖြင့် ရပ်တည်သူများ ဖြစ်သည့်အတွက် မိမိတိုင်းပြည်အား ကာကွယ်ရန် ယုံကြည်မှုဖြင့် ပူးပေါင်းခဲ့သည့် ရခိုင်ဘုရင်များ၏ အားနည်းချက်သည် ဗဟိုအုပ်ချုပ်မှုအတွင်း စည်းကျိုးပေါက်ကာ ထီးနန်းပျက်သုန်းရန် မြန်စေသော အဓိကကျသည့်အချက်ဖြစ်သည်။ ထို့ကြောင့် ရခိုင်ဘုရင်

ပိုင်နက်မြေဖြစ်သည့် စစ်တကောင်းသည် ယနေ့တိုင် မဂိုတို့၏ ပိုင်သည့်နယ်မြေဖြစ်ခဲ့ရခြင်းဖြစ်သည်။

ရခိုင်မြောက်ဦးမင်းများသည် ၁၅ ရာစုနှောင်းပိုင်း ကပင် ရခိုင်ကမ်းခြေကို မြောက်ဘက်သို့ ချဲ့ထွင်ပြီး မြောက်ဦးခေတ် အစောပိုင်းမင်းများမှစ၍ ရခိုင်ပြည်ကို စိုက်ပျိုးရေးကိုမှီခိုရသော နိုင်ငံမှ ပင်လယ်ရေကြောင်းဖြင့် ကူးသန်းရောင်းဝယ်သည့် ကုန်သွယ်မှုဖြင့်ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ် စတင်ထူထောင်ခဲ့ကြသည်။ ရခိုင်လူမျိုးများ အခြေချနေထိုင်ရာဒေသများမှာ ရမ်းဗြဲကျွန်းနှင့် မာန်အောင်ကျွန်းများလည်း ပါဝင်သည်။ ရခိုင်မြောက်ဦးမင်းများသည် ရခိုင်ပြည်အား နယ်မြေကျယ်ပြန့်ရန် အရှေ့ဘက်နာဂရအင်္ဂကိုကျော်၍ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသမှ ရန်ကုန်မြစ်ဝအထိလည်းကောင်း၊ အနောက်ဘက်တွင် ဘင်္ဂလားပင်လယ်အော်၏ကူးသန်းရောင်းဝယ်ရေး အချက်အချာ ဗဟိုဆိပ်ကမ်းမြို့ဖြစ်သည့် အရှေ့ဘင်္ဂလားနယ် ကာနာပူလီမြစ်ဝှမ်းမှ စစ်တကောင်းမြို့အထိ ချဲ့ထွင် အုပ်ချုပ်နိုင်ခဲ့သည်။ မင်းပင် (အေဒီ ၁၅၃၁–၁၅၅၃) လက်ထက်တွင် အရှေ့ဘင်္ဂလားကို သိမ်းယူနိုင်ပြီး မင်းရာဇာကြီး (အေဒီ ၁၅၉၃– ၁၆၁၂) လက်ထက်တွင် ဟံသာဝတီကို သိမ်းယူနိုင်ခဲ့ပြီး နန်းတော်နှင့်အတူကျောင်းကြီး၊ အိမ်ကြီးများအား မီးရှို့ဖျက်ဆီးကာကျန်ခဲ့သည့် သံထည်များနှင့် အတူ ဘုရားဆင်းတု၊ စာပေကျမ်းဂန်များအား ရခိုင်သို့ သယ်ဆောင်ခဲ့ကြသည်။ သန်လျင်ဆိပ်ကမ်းအထိ ရခိုင်ရေပိုင်နက်ကို ချဲ့ထွင်နိုင်ခဲ့ပြီး ရေကြောင်းကုန်သွယ်ရေးအတွက် မုတ္တမပင်လယ်ကွေ့မှ ဆိပ်ကမ်းမြို့များကို ချုပ်ကိုင်ရန် ရည်ရွယ်သည်။ ရခိုင်မင်းများသည် ပေါ်တူဂီတို့ထံမှ စစ်လက်နက်ဝယ်ယူခြင်း၊ ပေါ်တူဂီကြေးစားစစ်သားများ ငှားရမ်းအသုံးပြုခြင်းဖြင့် ရခိုင်ရေတပ်နှင့် ပေါ်တူဂီကြေးစားတပ်တို့ပူးပေါင်းကာ ရခိုင်မင်းများသည် ဘင်္ဂလားပင်လယ်အော်အား ရေကြောင်းမှ ထိန်းသိမ်းနိုင်ခဲ့သည်။

ရခိုင်မင်းပင် (ဆက်ခံမင်း) များသည် ကာနာမူလီမြစ်၏ အနောက်ဘက်ကမ်းဒီဂင်္ဂါတွင် ပေါ်တူဂီကြေးစားစစ်သား ၇၅၀ ကို တပ်စွဲထားစေသည်။ ရခိုင်မင်းများနည်းတူ မဂိုဧကရာဇ် “ကျီဟင်ဂီရ်”ကလည်း ဒီဂင်္ဂါအနီးရှိ “ဟူဂလီ”တွင် ပေါ်တူဂီကြေးစားတပ်များကို တပ်စွဲထားစေသည်။ စစ်တကောင်းနှင့် ဟူဂလီသည် နေ့စဉ် တရုတ်နှင့် အိန္ဒိယကုန်ပစ္စည်းများ လဲလှယ်သည့် စျေးမြို့ကြီးဖြစ်သည်။ ကျွန်ရောင်းဝယ်ခြင်းအတွက် ပေါ်တူဂီတို့မှဒီဂင်္ဂါသို့ နှစ်စဉ်ဖမ်းဆီးရောင်းချကြသည့် ကျွန်ဦးရေမှာ ၃၄၀၀ ထက်မနည်းရှိသည်။ ရခိုင်နှင့်ပေါ်တူဂီ ပင်လယ်ဓားပြများ ကျွန်ကုန်ကူး၍ ရောင်းချသည့်စျေးမြို့မှာ မြောက်ဦးသည် အဓိကကျသည့် ဆိပ်ကမ်းမြို့ဖြစ်သည်။ ရခိုင် မြောက်ဦးမင်းခေတ် (၁၆/၁၇) ရာစုတွင် ကမ္ဘာအရပ်ရပ်မှ ယဉ်ကျေးမှုမျိုးစုံထွန်းကားသည့် မင်းနေပြည်တော်မြို့အဖြစ် နှစ်ပေါင်း ၃၅၀ တိုင်တည်ရှိခဲ့သည်။ ပေါ်တူဂီနှင့် ဒတ်ချ်တို့က ရခိုင်လူမျိုးတို့အား (အာရကာအို၊ အာရကန်၊ ရကန်) စသည်ဖြင့် ခေါ်ကြသည်။ ၁၆ ရာစုတွင် အိန္ဒိယသမုဒ္ဒရာနှင့် ပစ္စဖိတ်သမုဒ္ဒရာရေပြင်တွင် ကြီးစိုးနေသည့် အနောက်တိုင်းစစ်လက်နက်များကိုင်ဆောင်ထားသည့် ပေါ်တူဂီကြေးစားစစ်သားများကို စည်းရုံးရေးပြုကွဲနေသည့် ဂျပန်နိုင်ငံမှ ဒိုင်းလူမျိုးခေါ်သည့် နယ်စားကြီးများကလည်း ငှားရမ်းအသုံးပြုခဲ့ကြသည်။

ယင်းနယ်စားကြီးများကို ပေါ်တူဂီဘုန်းတော်ကြီးများက ခရစ်ယာန်ဘာသာသို့ သွတ်သွင်းကြသည်။ ဂျပန်နိုင်ငံတွင် (အေဒီ ၁၆၂၂) ခုနှစ်က ဂျပန်လူမျိုးခရစ်ယာန်ဘာသာဝင်များ၏တော်လှန်ပုန်ကန်မှုများအား ရက်စက်စွာနှိမ်နင်းမှုကြောင့် ခရစ်ယာန်ဘာသာဝင် ဂျပန်ဆာမူရိုင်းများသည် ပေါ်တူဂီဘုန်းကြီးများနှင့်အတူ အရှေ့တောင်အာရှသို့ တိမ်းရှောင်လာကြပြီး ရခိုင်ဘုရင်နှင့် ထိုင်းဘုရင်များထံတွင် မင်းမှုထမ်းအဖြစ် ခိုလှုံခဲ့ကြသည်။

ဘင်္ဂလားပင်လယ်အော်တွင်လည်းရခိုင်ရေတပ်ဩဇာကြီးနေသည့် အချိန်ကာလဖြစ်သည်။ ပေါ်တူဂီနှင့် ဂျပန်ဆာမူရိုင်းတို့သည့် ရခိုင်ရေတပ်တွင် ကြေးစားစစ်သားများအဖြစ် ဝင်ရောက်ပူးပေါင်းပါဝင်မှုသည် ရခိုင်ရေတပ်အား ပိုမိုအင်အားတောင့်တင်းစေခဲ့သည်။ ရခိုင်လူမျိုးအချို့နှင့် ပေါ်တူဂီစွန့်စားသူများ ပူးပေါင်းကာ ဂင်္ဂါမြစ်ဝကျွန်းပေါ်နှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတို့တွင် တိုက်ခိုက်လုယက်ခြင်းဖြင့် ပင်လယ်ဓားပြများဖြစ်လာကြသည်။ ရခိုင်ဘုရင့်ကာကွယ်ရေးတပ်တွင် ပေါ်တူဂီကြေးစားစစ်သားများအား ငှားရမ်းအသုံးပြုသကဲ့သို့ မဂိုဘင်္ဂလားဘုရင်များသည်လည်း ပေါ်တူဂီကြေးစား စစ်သားများအား ငှားရမ်းအသုံးပြုခဲ့ကြသည်။

မြောက်ဦးတတိယခေတ် နရပတိကြီးမှ မဟာသမ္မတမင်းအထိ မင်းဆက်(၇)ဆက်ဖြင့် နှစ်ပေါင်း(၁၄၆) နှစ်အထိ အုပ်စိုးခဲ့ကြသည့် ရခိုင်ရာဇဝင်တွင် လေးမြို့ခေတ်အား အနှစ် ၄၀၀ အတွင်း နန်းမြို့တော်ကို လေးကြိမ်တိုင်ပြောင်းရွှေ့၍ နန်းမြို့တည်ခဲ့ရသည်ဟု မှတ်သားရသည်။ လေးမြို့ခေတ်၏ နောက်ဆုံးနန်းမြို့အား စိုးစံခဲ့သည့် အရှင်သခင် လေးမြို့ခေတ်ဘုရင် နမိတ်လှ (အေဒီ–၁၄၀၄ ခုနှစ်)၏ လက်အောက်ခံ "ဒါးလက်" မြို့စား(အနန္တသိန်)က သစ္စာဖောက်၍ အင်းဝမင်းခေါင်ကို လေးမြို့အား တိုက်ခိုက်သိမ်းယူပေးပါရန်တောင်းဆိုမှုကြောင့် အဝတပ်များမှ စစ်ချီတိုက်ခိုက်မှုဖြင့် လေးမြို့ခေတ်နန်းမြို့ဖြစ်သည့် လောင်းကြက်မြို့အား အင်းဝမင်းခေါင်မှ သိမ်းယူပြီး နမိတ်လှအား နန်းချလေသည်။

မြောက်ဦးခေတ် မင်းစောမွန်(အေဒီ–၁၄၃၀)တည်ထောင်သည့် နန်းမြို့အား မြန်မာတို့မှ (အေဒီ–၁၇၈၅)တွင် သိမ်းယူခဲ့သည်အထိ မြောက်ဦးမြို့သည် ရခိုင်ဘုရင်များ နန်းစိုက်သည့် မင်းနေပြည်တော်ဖြစ်ခဲ့သည်။ ရခိုင်မင်းနေပြည်တော် ပျက်သုန်းရခြင်းသည် ရခိုင်လူမျိုးအချင်းချင်း စောင့်လေမျိုးနွယ်ဂုဏ်အား ထိန်းသိမ်းခြင်းမရှိသည့် ရခိုင်လက်အောက်ခံမြို့စား၊ နယ်စား၊ ပညာရှိ၊ မှူးမတ်အချို့ ရှိခဲ့ခြင်းသည် ရခိုင်သမိုင်းအား ရိုင်းစေခဲ့သည်။

ဓမ္မရာဇာဇာမင်း (အေဒီ ၁၇၇၇–၁၇၈၂) တွင် နတ်ရွာစံ၍ ဓမ္မရာဇာဇာမင်း၏ တူမ ယောကျ်ားဖြစ်သည့် လက်ဝဲမြန်သတိုးအောင်အား မင်းအဖြစ် တင်မြှောက်၍ မဟာသမ္မတမင်းဘွဲ့ခံ၍ နန်းတက်သည်။ မဟာသမ္မတရာဇာမင်း နန်းတက်ပြီး နှစ်နှစ်အကြာတွင် အတိတ်နိမိတ်မကောင်းသည်များ ခံစားရသည့်အတွက် မဟာမြတ်မုနိသိမ်တော်မြောက်ဘက်တွင် သီတင်းသုံးသည့် ရဟန်းတော်တစ်ပါးအား နန်းတွင်းပင့်၍ မေးမြန်းလျှောက်ထားရာ တိုင်းတစ်ပါးမှ ရခိုင်တွင် မင်းပြု၍ ရခိုင်ပြည်ပျက်စီးမည်ဟု ဟောကြားသည်။

ရခိုင်ပြည်သူပြည်သားများသည်လည်း နိုင်ငံစီးပွားဘက်စုံ ယိုယွင်းခြင်းကြောင့် သောင်းကျန်းသူအုပ်စုများ စင်ပြိုင်ပေါ်ပေါက်လာ၍ ရခိုင်လူမျိုးအချင်းချင်း ညဉ်းပန်းနှိပ်စက်လုယက်မှုများဖြင့် မငြိမ်မသက်သည့် အခြေအနေကြောင့် အမရပူရဘုရင် ဗဒုံမင်းမှသားတော် အိမ်ရှေ့စံမဟာဥပရာဇာ ရွှေတောင်မင်း(မောင်ပေါ်) အား ၁၇၈၄ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့တွင် ရခိုင်ခညဝတီအား သိမ်းယူရန်အမိန့်ထုတ်သည်။ ရခိုင်မဟာသမ္မတရာဇာမင်းသည် မြန်မာကျူးကျော်စစ်ကို ရင်ဆိုင်ရန် ညီတော်၊ ယောက်ဖတော်၊ ရဟန်း၊ လူပညာရှိများနှင့် နန်းတွင်းညီလာခံကျင်းပ၍ တိုင်ပင်သည်။ ဓားပိုင်ကြီးကျော်ပုံက မြန်မာတို့ အင်အားကြီးမားသည့်အတွက် လက်ဆောင်ပဏ္ဏာနှင့် သမီးကညာဆက်၍ မဟာမိတ်ပြုရန် အကြံပေးလျှောက်ထားသည်ကို ငြင်းဆန်၍ ညီတော်အိမ်ရှေ့စံချစ်လှရွှေကို ဗိုလ်ချုပ်ခန့်အပ်ကာ မဟာသမ္မတရာဇာမင်းကိုယ်တိုင် လောင်းကြက်မြို့တွင် တပ်စွဲထားသည့် မြန်မာတပ်များအား ကြည်းကြောင်း၊ ရေကြောင်းဖြင့် တိုက်ခိုက်ခဲ့သည်။

မဟာသမ္မတမင်းကိုယ်တိုင်ဦးစီးသည့်တပ်မှ လောင်းကြက်မြို့တွင် တပ်စွဲထားသည့် မြန်မာတပ်များအား ဝင်ရောက်တိုက်ခိုက်ရာ အင်အားမတူသည့်အတွက် မြောက်ဦးမြို့တော်သို့ ပြန်လည်ဆုတ်ခွာခဲ့ကြရသည်။ မြန်မာအိမ်ရှေ့စံမင်းသား မဟာဥပရာဇာရွှေတောင်မင်း(မောင်ပေါ်) စစ်ရိုင်းကျွန်းသို့ရောက်ရှိသော်စစ်ပန်းလာသည့်ရခိုင်တပ်မှ အမာခံဗားပိုင်ကြီးငသံထွေနှင့် လေးခက်တောင်စားငထွန်းစံတို့အား စည်းရုံးခေါ်ယူပြီး လောင်းကြက်မြို့တွင် တပ်ထိုင်စေသည်။ ရခိုင်မဟာသမ္မတရာဇာမင်းသည် မြောက်ဦးမြို့တော်မှ ဆုတ်ခွာ၍ ရွှေဝင်းတော်အတွင်းမှ တိုက်ခိုက်ရန်ကြိုးစားသော်လည်း အဆင်မပြေသည့်အတွက် မူးမတ်လူ

အပေါင်း၊ ညီတော်အိမ်ရှေ့ မင်းချစ်လှရွှေ၊ အရှေ့ဝင်းမှူး ငရော်ကပြေ၊ အနောက်ဝင်းမှူး ရောက်မစည်တို့နှင့်အတူ မြောက်ဦးမြို့တော်မှ ထွက်ခွာပြီး ကျွန်းသာယာတွင် ခိုလှုံခဲ့ရသည်။ မြန်မာတပ် မြင်းဝန်နေမျိုးကျော်ထင်စည်သူက ကျွန်းသာယာတွင် ပုန်းခိုနေသည့် ရခိုင်ဘုရင်နှင့် မိဖုရား၊ ဆွေတော်မျိုးတော်တို့အား ဖမ်းဆီးခေါ်ဆောင်၍ မြန်မာမင်း မဟာဥပရာဇာရွှေတောင်မင်းထံ ဆက်သအပ်နှံသည်။ မဟာဥပရာဇာရွှေတောင်မင်းသည် ရခိုင်တပ်၏ အကြီးအကဲဖြစ်သည့် ဓားပိုင်ကြီးငသံထွေနှင့် လေးခက်တောင်စား ငထွန်းစံတို့၏ အကူအညီဖြင့် ရခိုင်ပြည်မြောက်ဦးမြို့နန်းတော်အား ၁၇၈၅ ခုနှစ်၊ ဧန်နဝါရီလ ၁ ရက်နေ့တွင် သိမ်းယူနိုင်ခဲ့သည်။

ရှေးယခင်က မြန်မာမင်း၊ ရခိုင်မင်းဟု မည်သို့ပင် ကိုယ့်ထီးကိုယ့်နန်းနှင့် နေထိုင်ခဲ့ကြသည့် လူမျိုးများဖြစ်ခဲ့ကြသည်မှန်သော်လည်း ဗြိတိသျှတို့၏ သုံးကြိမ်တိုင် ကျူးကျော်စစ်ကြောင့်တိုင်းတစ်ပါးလက်အောက်ကျရောက်ခဲ့ရသည့် မြန်မာနိုင်ငံတွင် ရခိုင်ပြည်နယ်သည်လည်း ပါဝင်ခဲ့သည်။ ယနေ့မြန်မာနိုင်ငံဆိုသည်မှာ တိုင်းရင်းသား ၁၃၅ မျိုးဖြင့် စုပေါင်းတည်ထောင်ထားသည့် နိုင်ငံဖြစ်သည်။ လွန်ခဲ့သည့် နှစ် ၂၀၀ ကျော်တွင် အုပ်စိုးခဲ့သည့် ပြည်ပကျူးကျော်သူတို့အား မြန်မာနိုင်ငံအဝန်းရှိ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း အစရှိသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အတူလက်တွဲတိုက်ထုတ်ခဲ့ခြင်းကြောင့် ၁၉၄၈ ခုနှစ်၊ ဧန်နဝါရီလ (၄) ရက်နေ့တွင် မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်သည့် လွတ်လပ်သည့် မြန်မာနိုင်ငံဖြစ်လာသည်။

ယနေ့မြန်မာနိုင်ငံ တစ်နံတစ်လျားရှိမြန်မာနိုင်ငံသားများ သည် မြန်မာနိုင်ငံ လွတ်လပ်ရေးအား နှစ်ပေါင်းများစွာ နယ်ချဲ့တို့၏ ဖိနှိပ်အုပ်ချုပ်မှုအား တွန်းလှန်၍ မြန်မာတိုင်းရင်းသားတို့၏ အသက်၊ သွေး၊ ချွေးပေါင်းများစွာဖြင့် ကြိုးပမ်းခဲ့ရသည့် လွတ်လပ်ရေးအား သတိမေ့လျော့နေပြီဖြစ်သည့် မြန်မာနိုင်ငံသား ပြည်ပအားကိုး ပုဆိန်ရိုး လူတစ်စုမှ ပုဂ္ဂိုလ်စွဲ၊ အမည်နာမစွဲ၍ အစွဲကြီးသည့် စိတ်အား အခြေပြု၍ မြန်မာနိုင်ငံသားအချို့၏ နိုင်ငံရေးအသိဉာဏ်အားနည်းမှုအား အခြေခံ၍ သွေးထိုးလှုံ့ဆော်တိုက်တွန်းမှုများကြောင့် တိုင်းရင်းသားအချင်းချင်း၊ သွေးစည်းညီညွတ်မှုများ ပျက်ပြားခဲ့ရသည်။ မြန်မာနိုင်ငံအတွက် လွတ်လပ်ရေးရရန် ကြိုးပမ်းခဲ့ရသည့် တိုင်းရင်းသားခေါင်းဆောင်များ ချုပ်ဆိုခဲ့သည့် ပင်လုံစာချုပ်ပါ အချက်များအားမေ့လျော့၍ တိုင်းရင်းသားအချင်းချင်း ညှိနှိုင်းတောင်းဆိုနိုင်ပါလျက် တိုင်းရင်းသားခေါင်းဆောင်အချို့၏ ပြည်တွင်းစစ်ပွဲများ ဖန်တီး၍ နယ်မြေလုနေခြင်းများသည် သက်ဆိုင်ရာ ပြည်နယ်အတွင်း နေထိုင်သူများအား ငဲ့ကွက်ခြင်းမရှိ၊ ပြည်တွင်းစစ်အား ဖန်တီးနေကြခြင်းသည် ရင်နင့်ဖွယ်ဖြစ်သည်။

တောင်ပေါ်မြေပြန့် ဘာသာဓလေ့ထုံးတမ်းများကွဲပြားမှုကို အကြောင်းပြု၍ လူမျိုးရေးဗန်းပြကာ တိုင်းရင်းသားအချင်းချင်း သွေးစည်းညီညွတ်မှုပျက်ပြားပြီး စိတ်ဝမ်းကွဲစေရန်အတွက် ကျပ်မပြည့်သည့် လူမျိုးရေးဝါဒ အကြောင်းပြ သွေးထိုးလှုံ့ဆော်မှုမျှသာဖြစ်သည်။ သမိုင်းလိမ်များဖြင့် ကိုယ်ကျိုးစီးပွားရှာသူတို့၏ သားကောင်များမှာ ပုဂ္ဂိုလ်စွဲ၍ မြန်မာနိုင်ငံသမိုင်းအား မေ့လျော့ကြနေသူများပင်ဖြစ်သည်။ နိုင်ငံရေးမှိုင်းတိုက် အကြမ်းဖက်၍ စီးပွားရှာရန်အတွက် အကြမ်းဖက် ကြိုးပမ်းမှုများရှိနေခြင်းသည် ပြည်တွင်းစစ်မီးငြိမ်းရန် လွန်စွာခက်ခဲနေခြင်း၏ အဓိကအချက်ဖြစ်သည်။ တိုင်းရင်းသားလူမျိုးခေါင်းဆောင်အချို့၏ လွဲမှားသည့်ခံယူချက်များကြောင့် မိမိတို့၏ ပြည်နယ်ရှိ ရပ်ရွာတွင်နေထိုင်သူများသည် ယင်းတို့၏ အိုးအိမ်များကိုစွန့်ခွာ၍ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည် အထိ ဒုက္ခခံစားရသည့် ပြည်သူတွေရဲ့ ရင်ထဲကြေကွဲဆို့နင့်နေကြမည်ဖြစ်သည်။

ပြည်ပရောက် မြန်မာနိုင်ငံသား အချို့သည်လည်း ကိုယ်ကျိုးစီးပွားအတွက် နိုင်ငံခြားအထောက်အပံ့ရရန် ယနေ့တိုင် မြန်မာနိုင်ငံအား ဘက်စုံပျက်သုန်းစေရန် ကြိုးပမ်းနေဆဲပင် ဖြစ်သည်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးသည် ငါတို့သည် မြန်မာနိုင်ငံသားများဖြစ်သည်ဆိုသည့် ခံယူချက်ရှိနေပါလျှင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း အစရှိသည့် ၁၃၅ မျိုးသော တိုင်းရင်းသားညီအကိုမောင်နှမအပေါင်းတို့သည် တောင်ပေါ်မြေပြန့် မည်သို့ကွဲပြားပါစေ စည်းလုံးချစ်ခင်စိတ်ဖြင့် ငါတို့သည် မြန်မာနိုင်ငံသား၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ မည်သို့ကွဲပြားပါစေ ငါတို့သည် မြန်မာနိုင်ငံသားဟု ခံယူနိုင်ပါလျှင် ပြည်တွင်းစစ်မီးကြီး ငြိမ်းသွားပေလိမ့်မည်။

ရခိုင်ပြည်နယ်တွင် မိုခါမုန်တိုင်းဝင်ရောက်တိုက်ခတ်ဖျက်ဆီးမှု၏ပမာဏမှာ ၉၀ ရာခိုင်နှုန်းနီးပါး ပျက်စီးသွားခဲ့သည်။ ရခိုင်ပြည်နယ် မုန်တိုင်းသင့်ပြည်သူများအား မြန်မာနိုင်ငံဗဟိုအစိုးရမှ ဦးစီးပြီး တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ နယ်ပယ်အသီးသီးမှ မြန်မာနိုင်ငံသားများအားလုံး ဝိုင်းဝန်း စုပေါင်းကူညီ ကြိုးပမ်းအားထုတ်မှုဖြင့် ပြန်လည်ထူထောင်ရေးကာလမှာ များစွာတိုတောင်းခဲ့ပြီး ရခိုင်တိုင်းရင်းသားများသည် မိမိတို့၏အိုးအိမ်များတွင် အေးချမ်းစွာ ပြန်လည်အခြေချနေထိုင်နိုင်ခဲ့သည်။

ဒုတိယအကြိမ် သဘာဝဘေးအန္တရာယ်ဖြစ်သည့် တိုင်ဖွန်မုန်တိုင်း ရာဂီအား ခံစားရသည့် ပြည်နယ်တိုင်း အသီးသီးတွင် အိုးအိမ်အကျိုးစီးပွားများစွာ ပျက်စီးခဲ့ရာ ရခိုင်ပြည်နယ်သည်လည်း ပါဝင်ခဲ့သည်။ “ရာဂီ” မုန်တိုင်း ဒဏ်ကြောင့် ရေဘေးသင့်ပြည်သူများအား အလှူရှင် စေတနာရှင် တိုင်းရင်းသားလုပ်သားပြည်သူများမှ ဝိုင်းဝန်း ဆောင်ရွက်၍ဖြည့်ဆည်းပေးနိုင်ခဲ့သော်လည်း ရေဘေးသင့် ရခိုင်ပြည်နယ်သူ ပြည်နယ်သားများ၏ အကူအညီ တောင်းခံမှုအား စိတ်မကောင်းစွာ ကူညီဆောင်ရွက်ပေးနိုင်ခြင်းမရှိခဲ့ပေ။ အကြောင်းမှာ ဒေသခံလက်နက်ကိုင် အကြမ်းဖက်အဖွဲ့အစည်းမှ အထူးကန့်သတ်နယ်မြေများ သတ်မှတ်တင်းကျပ်ထားသည့် အကြမ်းဖက်မှုများကြောင့် ပင်ဖြစ်သည်။ ရခိုင်ပြည်နယ်အတွင်း မည်သည့်တိုင်းရင်းသားမျှ ဝင်ခွင့်မရှိ၊ လူမှုကယ်ဆယ်ရေးအသင်းများသည်လည်း မဝင်ရဲကြပေ။ ဆိုရှယ်မီဒီယာများမှတစ်ဆင့် ရခိုင်ရေဘေးသင့်ပြည်သူများ၏ အကူအညီတောင်းခံခြင်းအား ကူညီခွင့်မရကြသည့် တိုင်းရင်းသားမြန်မာနိုင်ငံသားများမှာ ရင်နာစွာဖြင့် အဝေးမှစိတ်မကောင်းဖြစ်ခဲ့ကြရသည်။ လူမျိုးရေးအကြောင်းပြချက်ဖြင့် အကြမ်းဖက်သတ်ဖြတ်အုပ်ချုပ်မှုအားမခံမရပ်နိုင်သည့် ရခိုင်လူမျိုးအများစုတို့သည် ယင်းတို့၏ စုဆောင်းရှာဖွေထားသည့် အိုးအိမ်ဥစ္စာပစ္စည်းများအား စွန့်ခွာထွက်ပြေးခဲ့ကြရသည်။ နေရပ်စွန့်ခွာထွက်ပြေးလာရသူတို့၏ ပိုင်ဆိုင်သည့် အိုးအိမ်ကောင်းများတွင် အကြမ်းဖက်များနှင့် အကြမ်းဖက်အားပေးသူ လူအချို့မှ ဥပဒေမဲ့ဝင်ရောက်နေထိုင်ကြပြီး သစ်ဖြင့်တည်ဆောက်ထားသည့် ချို့တဲ့သည့် အိမ်များအား ရိုက်ချိုးဖျက်ဆီးထင်းစိုက်ကြသည်ကို ဆိုရှယ်မီဒီယာများတွင် မြင်နေကြားနေရခြင်းသည် ဥစ္စာရှင်နေရာတွင် ကိုယ်ချင်းစာစိတ်ဖြင့် ခံစားမိသည်။ ပိုင်ဆိုင်မှုဟူသည် ဦးနှောက်သွေးချွေးဖြင့် ပေးဆပ်ရယူခဲ့ရစမြဲပင်ဖြစ်သည်။

ကြိုးစားတည်ဆောက်ခဲ့သည့် အရာအားလုံးအတွက် ကာယကံရှင်ခံစားချက်မည်သို့ရှိမည်နည်း၊ အသိတရား၊ အတွေးအခေါ်ဟူသည် အမိနိုင်ငံသား သက်ဆိုင်ရာလူမျိုးသွေးစစ်စစ်ဖြစ်နေပါလျှင် သွေးကစကားပြောကာ သနားကြင်နာကိုယ်ချင်းစာနိုင်ပါလိမ့်မည်။ သွေးနှောအကြမ်းဖက်အာဏာရှူးသူများ၏ ဦးနှောက်တွင် လူမျိုး၊ ဘာသာ၊ သာသနာမရှိ အတ္တများ လွှမ်းနေပေမည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀ ကျော်က ဖြိတိသျှတို့ သုံးကြိမ်တိုင် ကျူးကျော်စစ်ပွဲနှင့်အတူမြန်မာနိုင်ငံ၏အချုပ်အခြာအာဏာအား သိမ်းပိုက်ခြင်းခံခဲ့ရသည်။ ပြည်ပကျူးကျော်စစ်ပွဲဖြင့် မြန်မာမင်းများထံမှ သိမ်းယူသွားသည့် မြန်မာနိုင်ငံတွင် ပါဝင်သည့် ရခိုင်ပြည်နယ်နှင့် တိုင်းရင်းသားဒေသအားလုံးအား ဖြိတိသျှတို့ထံမှ တိုင်းရင်းသားတို့၏ သွေးစည်းညီညွတ်မှုဖြင့် ကြိုးစား၍ရရှိခဲ့သည့် လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်သည့် မြန်မာနိုင်ငံအဖြစ် ပြန်လည်ရှင်သန်ခဲ့ရခြင်းဖြစ်သည်။ ပြည်ပသွေးနှင့်ရောယှက်သူ ပြည်ပကျူးကျော်စစ်ဖြင့် မြန်မာနိုင်ငံအား သိမ်းပိုက်ခဲ့သည့် တိုင်းတစ်ပါးသားတို့နှင့် ထွေးရောယှက်တင် သခင်ထင်သူတို့၏ အတွေးမှား အယူအဆမှားများဖြင့် ပြည်ဖျက်လိုသူ လူတစ်စုအား အေးချမ်းစွာနေထိုင်လိုသူ တိုင်းရင်းသားများက နိုင်ငံတော်ကာကွယ်လိုသည့် အမိနိုင်ငံချစ်စိတ် အခြေခံနှင့်အတူ ကာကွယ်စောင့်ရှောက်ခြင်းဖြင့် မြန်မာနိုင်ငံသည် ပြည်ထောင်စုတိုင်းရင်းသားများ သွေးစည်းညီညွတ်သည့် နိုင်ငံဖြစ်သည်ဟု ကမ္ဘာအလယ် ဝင့်ထည်စွာ ရပ်တည်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းလိုက်ရပေသည်။

သက်မှူးခင် (ရွှေကျွန်းမြေ)

ကိုးကား။

(၁) ရခိုင်သမိုင်းမိတ်ဆက်၊
ဒေါက်တာအေးချမ်း(ရက္ခဝံသရက္ခိတ)
(၂) ရခိုင်ရှေးဟောင်းမြို့တော်များ၊
ထွန်းရွှေခိုင်(မဟာဝိဇ္ဇာ)



ရခိုင်ရိုးရာ ကျင်ကစားပွဲ

မေကြီးရှင် (စစ်တွေ)

ကျင်အားကစားနည်း အတတ်ပညာသည် ရှေးခေတ် အဆက်ဆက် ရခိုင်မင်းများလက်ထက်ကပင် ဆင်းသက်လာသည့် နည်းပညာရပ်ဖြစ်ပါသည်။ တောင်ကျောင်းဆရာတော် ရခိုင်ရာဇဝင်သစ်ကျမ်းနှင့် အခြားရာဇဝင်ကျမ်းတချို့တွင် ဘီစီ ၆၀၀၀ ကျော် ရှေးဦး ဒွါရာဝတီခေတ်၊ ဝါသုဒေဝ၊ ဗလဒေဝတို့ မင်းညီနောင်ခေတ်ကပင် လက်ပန်းသတ်ပွဲ(ကျင်ပွဲ)အနိုင်ရပုံနှင့် ဦးရာဇ်တောင်ဘုရားသမိုင်းလင်္ကာဒီပ ကျင်လက်ပန်းသည် အကြောင်းများ ရေးဖွဲ့ထားပါသည်။ ဝေသာလီခေတ် စူဠစန္ဒြာမင်းလက်ထက် အမတ်မမွေဇေယျ၏ “ဗျည်း ၃၃ လုံး လေ့တော်သံ” တွင် “ကိုးဆယ့်ကိုးလံ ကိုးပင်းကန်၊ ကျန်သန်တိရာ တက်ပျာစီးလို့ မဟာလောင်းကြီးထွက်လို့လာ” စသည်ဖြင့် စစ်ချီထွက်ခဲ့ကြောင်း ရေးစပ်ခဲ့သည်ကို တွေ့ရှိရပါသည်။

ရုပ်ဝတ္ထုသက်သေအဖြစ် သျှစ်သောင်းဘုရားလိုဏ်ပတ်တွင်း၌ ကျင်အားကစားနည်းဆိုင်ရာ ရုပ်လုံးရုပ်ကြွများ ထွင်းထုထားသည်ကို လက်ရှိမျက်မြင်တွေ့ရှိနိုင်ပါသည်။ မင်းပွဲညီလာခံ နန်းတွင်းသဘင်၊ ကျွန်းပွဲ၊ ရွာပွဲ၊ ဘုရားပွဲ၊ ထီးတင်ပွဲ၊ စျာပနပွဲ၊ မယ်တော်ပျံပွဲ၊ သင်္ကြန်ပွဲ၊ ပြိုင်လောင်းပွဲ၊ ဆို၍ မင်္ဂလာစည်တော်များ တီးခတ်၊ ကျင်ကွင်းကို နှံ့သာရည်များ ဖျန်းပြီးဖွင့်ရသည်။

ရှေးက ကျင်ပွဲကို ရွှေမောင်းတန်း၊ငွေမောင်းတန်းဟူ၍ ခွဲခြားကျင်းပခဲ့သည်။ ယခုအခါတွင် သင်္ကြီးတန်း (ကျင်အိုတန်း)၊ အကြီးတန်း၊ အလတ်တန်း၊ အငယ်တန်း၊ မျိုးဆက်သစ်တန်းဟူ၍ စီစဉ်ကျင်းပလာကြပါသည်။

ကျင်သန်များကို ကျင်သန်၊ ကျင်သန်သွေ့၊ ကျင်သန်ကြီး၊ ပြည်ကျင်သန်ကြီးဆိုပြီး ခွဲခြားထားပါသည်။

ရွှေမောင်းတန်း ကျင်သန်သည် ငွေမောင်းတန်း၌ ဆင်းကိုင်ခွင့်မရှိပါ။ ငွေမောင်းတန်း ကျင်သန်က ရွှေမောင်းတန်း၌ တက်ရောက် ယှဉ်ပြိုင်ကိုင်နိုင်ခွင့်ရှိသည်။

ကျင်ပညာသည် ပြင်းပြင်းထန်ထန် ထိုးကြိတ်၊ သတ်ပုတ်၊ ကန်ကျောက်ပြီး ပြိုင်ဘက်အား အနာတရဖြစ်အောင် ဒေါမာန်ဖြင့် ကြံဆ တိုက်ခိုက်ခွင့်ရှိသည့် နည်းပညာရပ် မဟုတ်ပါ။ (ဦးခေါင်း၊ ဒူး၊ တံတောင်၊ ခြေဖနောင့်၊ ခြေစောင်း၊ ခြေဝါး၊ လက်စောင်း၊ လက်ဝါး၊ လက်ညိုး၊ လက်သီး စသည်တို့ကိုသုံးပြီး ထိုး၊ တိုက်ရိုက်ဆောင့်ကန် သတ်ပုတ်ခြင်းမျိုး လုံးဝ မပါဝင်ချေ)။

ကျင်ကိုင်သည်ကို ကျင်လုံးသည်ဟုလည်း ဆိုကြပါသည်။ ကျင်ကိုင်ရန်အတွက် ကျင်သန်နှစ်ဦး ရှိရမည်။ ကျင်သန်နှစ်ဦးကို ကျင်ပူးတစ်ပူး(သို့)ကျင်တည်းတစ်တည်း(သို့) ကျင်တွဲတစ်တွဲအဖြစ် သတ်မှတ်ပါသည်။ ကျင်ကိုင်ရန်အတွက် အဖမ်းနှင့်အခံကို ရွေးချယ်ပေးရပါသည်။ ကျင်ဖမ်းသူကို အဖမ်းသားခေါ်ပြီး ကျင်ခံပေးသည့်သူကို အခံသားဟူ၍ ခေါ်ဝေါ်ကြပါသည်။ ဖမ်းလှည့်ကို ရသောကျင်သန်က လက်နှစ်ဖက်ကို မြှောက်ကားကာ စဖမ်းရပြီး အခံအလှည့် ကျသည့် ကျင်သန်က လက်မောင်းနှစ်ဖက်ကို နံဘေးမှာ ကပ်၍ လက်ဖျားပိုင်းကို ရှေ့သို့တောင့်တောင့် ထိုးပေးထားကာ ကိုယ်ကိုညွတ်၊ ဦးတည်ပြီး သတိဖြင့် ခံပေးရပါသည်။ အခံသားခြေနှစ်ဖက်ကိုလည်း ပြိုင်မရပ်ဘဲ ရှေ့နောက် ဟန်ချက်ညီညီထားပြီး ခံရပါသည်။ အဖမ်းသားကစပြီး လှန်ဖက်၊ ဆွဲဖမ်း၊ ပေါင်ချိတ်၊ လိမ်ကျစ်နိုင်ပါသည်။ ကျင်ခြင်း၊ ကျင်ကွက်ဖြင့် ပစ်ချနိုင်ပါသည်။ အခံကျင်သန်ကလည်း ဖြုတ်၊ ဆီးကာ၊ ချွတ်ခါ၊ တိုးကန်၊ ရုန်းထွက်၊ ကာကွယ်နှင့် ကြိုးစားပြီး ရှောင်ရပါသည်။ ပြန်လည် ပစ်ချခွင့် ရှိပါသည်။

ကျင်တလင်း(သို့)ကျင်ကွင်းထဲသို့ ကျင်ကိုင်ဖို့လာရောက်ရန် ကျင်တွဲကို "ပြန်ကြားရေးကော်မတီ"က ဖိတ်ခေါ်ပေးရသည်။ ကျင်သန်နှစ်ဦးစလုံး ရောက်ရှိပါက ၎င်း "ကျင်တွဲ" ကို "ကျင်ဒိုင်အဖွဲ့" ထဲမှ ဒိုင်နှစ်ဦး တာဝန်ယူကြီးကြပ်ပြီး ကျင်တိုက်ရသည်။ အမည်များကို ကြေညာပေးရပါသည်။ ကျင်တလင်း အကျယ်အဝန်း၊ ကြီးကြပ်ဒိုင် အရေအတွက်အပေါ် မူတည်၍ ကျင်တွဲများကို တစ်တွဲကနေ လေး၊ ငါးတွဲထိ တစ်ပြိုင်တည်း တိုက်နိုင်ပါသည်။ ကျင်တွဲ၏ အနိုင်၊ အရှုံးကို ကြီးကြပ်ကွင်း ကျင်ဒိုင်များ၏ အဆုံးအဖြတ်အား မကျေနပ်ပါက "ကျင်ခုံသမာဓိအဖွဲ့ (ကျင်အကဲဖြတ်လူကြီးအဖွဲ့)" ထံ စောဒကဝင် တင်ပြနိုင်ပါသည်။ ကျင်ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်သည် နောက်ဆုံး အပြီးအပြတ် အတည်ဖြစ်သည်။

ကျင် ကျင်းပရေးကော်မတီတွင် ၁။ ကျင်ခုံသမာဓိအဖွဲ့ ၂။ ကျင်ဒိုင်အဖွဲ့ ၃။ ကျင်စာရင်းထိန်း အဖွဲ့ ၄။ ပြန်ကြားရေးအဖွဲ့ ၅။ ကျင်ဧပြားရောင်းချရေးအဖွဲ့ ၆။ ကျင်ဧပြားဖိုး(ဆုငွေ)ပြန်ပေးချေရေးအဖွဲ့ ၇။ ကြိုဆိုနေရာချထားရေးအဖွဲ့ ၈။ ကျင်တလင်း၊ ကျင်မဏ္ဍပ်ပြင်ဆင်ရေးအဖွဲ့ ၉။ ကျင်ပွဲအခမ်းအနားပြင်ဆင်ရေးအဖွဲ့ ၁၀။ ကျင်သန်များ ဆုခံစဉ် လိုက်ပါကူညီရေးအဖွဲ့ ၁၁။ လျှပ်စစ်မီးတပ်ဆင်ရေးအဖွဲ့ ၁၂။ စာရင်းစစ်အဖွဲ့ စသည်ဖြင့် ဖွဲ့စည်းထားရပါသည်။

ကျင်ဒိုင်အဖွဲ့၏ တာဝန်နှင့်ကျင့်ဝတ်ဂုဏ်များမှာ –

(၁) မိမိနှင့်သက်ဆိုင်သည့် ကျင်တွဲများကို ကျင်တလင်းသို့ ခေါ်ယူပြီး ခါးစည်းကြိုးကို မှန်ကန်စနစ်တကျ စည်းနှောင်စေရမည်။ ဘောင်းဘီဖြင့် ကျင်ကိုင်ခြင်းကို တားမြစ်ရမည်။

(၂) အန္တရာယ်ဖြစ်စေနိုင်သည့် လက်ဝတ်ထည်များကို ဝတ်ဆင်ထားသည်ကို တွေ့ရှိပါက ချွတ်ထားရန် ပြောရမည်။ လက်သည်းရှည်များရှိပါက ချက်ချင်း လှီးဖြတ်စေရမည်။

(၃) ကျင်သန်နှစ်ဦးအတူ ပရိသတ်ကို ရှိခိုးအရိုအသေပြုပြီးမှ ကျင်ကွင်းထဲ ဝင်စေရမည်။

(၄) ကျင်သန်နှစ်ဦးကို ဒေါသမပါဘဲ ချစ်ကြည်ရင်နှီးစွာဖြင့် လက်ဆွဲနှုတ်ဆက်ပြီးမှ စည်းကမ်းနှင့်အညီ ကျင်ကိုင်စေရမည်။

(၅) ကျင်သန်နှစ်ဦး ဖမ်းလှည့်၊ ခံလှည့်ကို စည်းကမ်းအတိုင်း စီစဉ်ဆုံးဖြတ်ပေးရမည်။

(၆) ကြီးကြပ် ကျင်ကိုင်ဒိုင်နှစ်ဦးသည် မိမိတို့နှင့် သက်ဆိုင်ရာ ကျင်တွဲကို မျက်ခြည်မပြတ် စေ့စပ်သေချာ ဂရုစိုက်စောင့်ကြည့်နေရမည်။ ထိုင်မနေရ၊ တစ်နေရာတည်း၌ ရပ်မနေရ၊ ကျင်တွဲနှင့်အတူ လိုက်ပါလှုပ်ရှားနေရမည်။







(၇) ကျင်သန်နှစ်ဦး အဖမ်းအခံကို အငြင်းပွားပါက သက်ဆိုင်ရာ ကျင်ဒိုင်နှစ်ဦးက ဆုံးဖြတ်ပေးရမည်။

(၈) ကျင်သန်နှစ်ဦး သတ်မှတ် ကျင်တလင်းနေရာ၌သာ ကျင်ကိုင်နိုင်စေရန်နှင့် လူထုထဲ(သို့) စည်းအပြင်သို့ တွန်းပစ်ချမှုမျိုးမဖြစ်စေရအောင် သက်ဆိုင်ရာ ကျင်ဒိုင်နှစ်ဦးက ကြီးကြပ်နိုင်ရမည်။

(၉) ကျင်တလင်း၏ စည်းအပြင်ဘက် လူထုထဲသို့ ပစ်ချခြင်း၊ ကြိုးဝိုင်းစည်းပေါ်၌ ပစ်ချခြင်းမျိုးကြောင့် ကျင်သန်တစ်ဦး ကျလဲသွားပါက အနှုံးအနိုင်မပေးဘဲ ပြန်ကိုင်စေရမည်။

(၁၀) ကျင်သန်တစ်ဦးဦး ကျင်ကိုင်၍ တစ်ကြိမ်ပြီးသဖြင့် အနားယူခွင့်တောင်းပါက ပေးသင့်က ပေးရမည်။ တစ်ကြိမ်မှာ ၁၅ မိနစ်ထက် ပိုအနားယူခွင့်မပေးရ။

(၁၁) ကျင်သန်တစ်ဦးဦး ကျင်ကိုင်နေစဉ် စည်းကမ်းဖောက်ဖျက်မှုရှိပါက သတိပေးတားမြစ်ရမည်၊ ထုတ်ပယ်သင့်သည်ထင်မြင်က ကျင်သမာဓိအဖွဲ့ထံ တင်ပြအတည်ပြုချက်ယူရမည်။

(၁၂) ကျင်ဒိုင်သည် ကျင်တွဲတစ်တွဲတိုက်ပြီးတိုင်း အနှုံးအနိုင်ကို ကျင်တည်းအဖွဲ့သို့ ပြန်လည် တင်ပြပေးရမည်။

(၁၃) ကျင်ကွင်းအနေအထားကို ကြည့်ပြီး ကျင်တွဲများကို ထုတ်တိုက်ရမည်။ ကျင်တွဲ မများစေရ၊

(၁၄) ကျင်ကွင်း၌ ကျင်တွဲ မဖြတ်စေရန်လည်း ဂရုစိုက်ရမည်။

(၁၅) ကျင်သန်များ ကျင်ကွင်းပြလိုက စီစဉ်ပေးရမည်။

(၁၆) ကျင်သန်များသည် ကျင်ပွဲ မစမီကပင် ကျင်တလင်း၌ အဆင်သင့်ရှိနေရပါမည်။

ကျင်ဝတ္ထရာများတွင် ကျင်ဒိုင်များသည် အနိုင်အနှုံးကို ချက်ချင်း မှန်ကန်စွာ၊ ပြတ်သားစွာ ဆုံးဖြတ်ပေးနိုင်ရမည်။ တစ်ဦးတစ်ဖက်ကိုမှ အားပေးအားမြှောက် အကြံပေးခြင်းမလုပ်ရ၊ အဖမ်းကျင်သန်က အခံကျင်သန်၏ ခါးကို ကိုင်ဖက်ထားလျှင် အဖမ်းသားကိုလွှဲပစ်မချစေရန် ချက်ချင်းတားပြီး အခံသားကို အကျပေးရမည်၊ အခံသားက အကျမခံလိုက ပစ်ချခွင့်ပြုရမည်။ လာဘ်ပေးလာဘ်ယူ လုံးဝ ကင်း

ရှင်းပြီး ကျင်သန်များနှင့် ပွဲကာလ၌ ရောနှောမနေသင့်၊ ဆေးလိပ်၊ အရက် လုံးဝရှောင်ကြဉ်ရမည်။ ကျင်တိုက်နေစဉ် စိတ်ဝင်တစားနှင့် စောင့်ကြည့်နေပြီး ကျောသားရင်သား မခွဲခြားဘဲ စိတ်ထားစေတနာ မှန်ကန်ရမည်။ ကျင်ဒိုင်ဝတ်စုံ စနစ်တကျဝတ်ဆင်၍ ကြီးကြပ်သင့်သည်။

ကျင်ပွဲကြည့် ပရိသတ်များသည် ကျင်ဇေပြားများ ဝယ်ယူပြီး ကျင်သန်များဆုခံစဉ်၊ ကျင်ကွင်းပြစဉ်တို့မှာ ဆုချီးမြှင့်ပေးရသည်၊ ငွေသားလည်း ချီးမြှင့်ပေးကြသည်။

ကျင်သန်များသည် ကျင်ကွင်းပြရာတွင် ကျင်ပွဲအသီးသီးမှ မိမိရရှိထားသော ရွှေ၊ ငွေ၊ ဆုတံဆိပ်များကို လည်တွင်ဆွဲ၍ မိမိ၏နည်းပြဆရာများကို ကန်တော့ရသည်။ ကျင်ခုံသမာဓိများ၊ ပရိသတ်များကိုလှည့်ပတ်၍ ဂါရဝပြုရသည်။

ကျင်ကွင်းနည်း အမျိုးမျိုးရှိပါသည်။

၁။ ဝံလက်သဲ(သို့)ဝံလက်သစ်ကွင်းနည်း

၂။ ကျီးကန်းရေချိုးကွင်းနည်း

၃။ ဥဒေါင်းဝဲကွင်းနည်း

၄။ လင်းကွက်ကွင်းနည်း

၅။ လက်ခမောင်းခတ်ကွင်းနည်း

၆။ ကင်းမြီးကောက်ကွင်းနည်း

၇။ နောက်ဂျမ်းပစ်ကွင်းနည်း

၈။ ရှေ့ဂျမ်းပစ်နည်း

၉။ သိမ်းငှက်ကွင်းနည်း

၁၀။ ကြိုးကြာပျံကွင်းနည်းဆိုပြီး အမျိုးမျိုးရှိပါသည်။

ယင်းကွင်းနည်းမျိုးစုံဖြင့် ကွင်းတွင် တစ်နေရာမှ တစ်နေရာသို့ ပြေးလွှားကာ ကွင်းတစ်ပတ်ပြည့်အောင် ကွင်းပြကြပါသည်။


ကျင်ကိုင်ပွဲကို ကလေး၊ လူကြီးမကျန် နှစ်သက် အားပေးသူများနှင့် ကြိတ်ကြိတ်တိုး အမြဲစည်ကားပျော်ရွှင် ဖွယ်ကောင်းသော ပွဲဖြစ်ကြောင်း အသေးစိတ်မဟုတ်ပေမယ့် အများနားလည် သင့်သလောက် သိရှိအောင် တင်ပြပေးပါသည်။


မေကြီးရှင်(စစ်တွေ)

မှီငြမ်း။

ရခိုင်စာပေယဉ်ကျေးမှုအဖွဲ့(ရန်ကုန်)၏လက်ကမ်းစာစောင်







ယဉ်ကျေးမှုများ တိုးတိုက်မိခြင်း

မန်းနဲနန္ဒာစာရ (တောကျောင်း)

ယနေ့မျက်မှောက်ခေတ်တွင် ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာဖြစ်သွားပြီဟု ပညာရှင်များက ပြောဆိုကြလေသည်။ ရွာတို့မည်သည် မိသားစုလိုနေကြသည်။ တစ်အိမ်နှင့်တစ်အိမ်လှမ်းခေါ်လို့ ကြားကြရသည်။ တစ်ခုခုဖြစ်သည့်အခါ ဖုန်းဖိထားလို့မရဘဲ တစ်စတစ်စနှင့် တစ်ရွာလုံး ကြားသိရလေသည်။ ယနေ့ကမ္ဘာကြီးသည်လည်း ထို့နည်းတူပင်ဖြစ်သည်။ သိပ္ပံနည်းပညာ၏ တိုးတက်မှုသည် အံ့မခန်းပင်ဖြစ်သည်။ မည်မျှပင် မိုင်ပေါင်းများစွာ ဝေးကွာနေပါစေ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အသံကြားနိုင်သလို မိမိတို့ရုပ်ပုံသည်လည်း တစ်ဦးနှင့်တစ်ဦး တွေ့မြင်နိုင်ကြသည်။ စကားပြောဆိုနိုင်ကြသည်။

၂၁ ရာစုရောက်သည်နှင့် ကွန်ပျူတာ၊ အင်တာနက်၊ မီဒီယာလုပ်ငန်းစသော သိပ္ပံပညာကြီးစိုးသည့် ကမ္ဘာကြီးဖြစ်လာသည်။ အရှေ့ဂျပန်၊ ကိုရီးယားအဖြစ်အပျက်များနှင့် အနောက်ဥရောပ၊ အင်္ဂလန်၊ ဂျာမနီတို့၏ မော်ဒယ်ရှိုး စသည့် ဖြစ်ပျက်မှုမျိုးစုံတို့ကို မိမိတို့၏ ဧည့်ခန်းရှိ တီဗီထဲတွင် သော်လည်းကောင်း၊ မိမိတို့၏ လက်ကိုင်ဖုန်းထဲတွင် သော်လည်းကောင်း မြင်နေရသည်။ စက္ကန့်မခြား အမေရိကန်က အီးမေးလ်စာကို မိမိ၏ရုံးခန်းထဲမှာပင် ဖတ်ခွင့်ရနေသလို မိမိကိုယ်တိုင်သည်လည်း အီးမေးလ်စာများကို ပေးပို့နိုင်သည်။

ကမ္ဘာကြီးသည် ရွာကြီးလိုဖြစ်နေ၍ ကမ္ဘာ့အရှေ့ခြမ်းနှင့် အနောက်ခြမ်းက ယဉ်ကျေးမှုများသည် တိုးတိုက်မိလာသည်။ ရောသမမွှေ ဟစ်ဟော့သီချင်းများ ထွက်ပေါ်လာခြင်းသည်လည်း မဆန်းတော့ပေ။ သို့သော် မတူညီသည့် တန်ဖိုး၊ ယဉ်ကျေးမှု၊ သမိုင်းနောက်ခံဓလေ့များကို ခွဲခြားသိမြင်ဖို့လိုမည်။ စင်စစ် မိမိတို့၏ စကား၊ စာပေ၊ ရိုးရာဓလေ့၊ ယဉ်ကျေးမှု၊ သမိုင်းများကို မထိန်းသိမ်းနိုင်ခြင်းသည် မိမိတို့၏တန်ဖိုးများ ကျရှုံးလာခြင်းပင်ဖြစ်သည်။ ကရင်ဖြစ်စေ၊ ဗမာဖြစ်စေ မည်သည့်တိုင်းရင်းသားမဆို ထိုကဲ့သို့ မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို မထိန်းသိမ်းနိုင်ခြင်းသည် သူတို့လည်း တို့လူမျိုးလိုပါပဲဟု သတ်မှတ်ခံလာရပါလိမ့်မည်။

လူမျိုးတစ်မျိုးနှင့်တစ်မျိုး မတူညီခြင်းသည် ထူးခြားသည့် အမျိုးသားရေးလက္ခဏာတည်ရှိခြင်းကြောင့်ပင်ဖြစ်သည်။ ကိုယ်ပိုင်အမျိုးသားရေးလက္ခဏာများကို မထိန်းသိမ်းနိုင်ပါက မိမိလူမျိုးသည် အခြားသောလူမျိုးများနှင့် ရောနှောကာကွယ်ပျောက်ပါမည်။အခြားသောလူမျိုးများ၏ ယဉ်ကျေးမှုသည် မိမိလူမျိုးနှင့်ယဉ်ကျေးမှုကို လွှမ်းမိုးသွားသည်။ မိမိလူမျိုးနှင့်ယဉ်ကျေးမှုသည်လည်း ကွယ်ပျောက်သွားမည်။အခြားသောယဉ်ကျေးမှုကို မမြတ်နိုးရဟု မဆိုလိုပေ။ အခြားလူမျိုးများ၏ ယဉ်ကျေးမှုကို မြတ်နိုးသလို မိမိတို့၏ယဉ်ကျေးမှုကို ပိုမိုမြတ်နိုးပြီး အမြဲတန်ဖိုးထားထိန်းသိမ်းနိုင်ရပါမည်။ သို့မှသာ မိမိလူမျိုးသည် ရေရှည်တည်တံ့နေမည်ဖြစ်သည်။

ယနေ့မျက်မှောက်ခေတ်တွင် မြန်မာ့ဇာတ်သဘင်နှင့် အငြိမ့်သည် ပျောက်ကွယ်မည်ကို စိုးရိမ်ရ၍ ဆိုကရေးတီးပုံစံဖြင့် ပြိုင်ပွဲအဖြစ် ကျင်းပလာသည်ဟု ယူဆရပါသည်။ ယခုအခါ ကရင်ယဉ်ကျေးမှုဇာတ်သဘင်သည်လည်း မပျောက်ကွယ်ဖို့ ထိန်းသိမ်းထားနိုင်ရမည်။ ထို့အတူ ကရင်ယဉ်ကျေးမှုဒုံးအကနှင့် တေးဂီတများသည်လည်း ထိန်းသိမ်းထားနိုင်ရမည်။ ထိန်းသိမ်းထားနိုင်ရမည်ဆိုသည်မှာ ကရင့်အနုပညာရှင်များသည် မိမိတို့၏ယဉ်ကျေးမှုကို မထိခိုက်စေဘဲ ဆန်းသစ်သည့် အနုပညာဆိုင်ရာ သီဆိုမှု၊ ပြသမှုများကို တီထွင်နိုင်စွမ်းရှိရမည်။ ကရင်ပြည်သူများ၏ နှလုံးသားတွင် မရိုးနိုင်စေဘဲ နှစ်သက်စေမည့် အနုပညာအသစ်အဆန်းများကို ဖန်တီးနိုင်ရမည်။ သို့မှသာ ကရင်ပြည်သူများသည် မိမိတို့၏ အနုပညာ၊ ယဉ်ကျေးမှု စသည်တို့ကို မြတ်နိုးမည်ဖြစ်သည်။

ထို့အတူ စကား၊ စာပေများကိုလည်း ထိန်းသိမ်းထားရပါမည်။ မျက်မှောက်ခေတ်တွင် ပြည်ပနိုင်ငံများသည် မိမိတို့၏ စကား၊ စာပေများကို အဘယ်မျှလောက် တန်ဖိုးထား မြတ်နိုးကြသနည်း။ ဥပမာ– ဂျပန်၊ ကိုရီးယားနိုင်ငံများကို သွားရောက်အလုပ်လုပ်မည်ဆိုလျှင် အရင်ဦးစွာ သူတို့၏ စကား၊ စာပေတို့ကို သင်ယူရပါမည်။ မည်သို့ပင်ဘွဲ့ရပြီး ပညာအရည်အချင်း ပြည့်ဝသည်ဖြစ်စေ သူတို့နိုင်ငံ၏ စကား၊ စာပေများကို မတတ်မြောက်ပါက လက်ခံလေ့မရှိပေ။ အနည်းဆုံး စကားကိုတော့ပြောတတ်ရပါမည်။ သူတို့နိုင်ငံရောက်လျှင် သူတို့နိုင်ငံ၏ စကား၊ စာပေကိုသာပြောဆိုရေးသားအသုံးပြုရပါသည်။ သူတို့၏ယဉ်ကျေးမှုကိုလည်း နားလည်၍ အထိုက်အလျောက်သိတတ်ရမည်။ အကြောင်းမှာ သူတို့နိုင်ငံ၏ စကား၊ စာပေများကို လုံးဝမပျောက်ပျက်စေလို၍ပင်ဖြစ်သည်။

အနောက်ဥရောပနိုင်ငံများနှင့် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်အလုပ်လုပ်မည် ဆိုလျှင်လည်း သူတို့နိုင်ငံ၏ စကား၊ စာပေများကို ပြောတတ်၊ ရေးတတ်ရမည်။ အင်္ဂလိပ်စာပေသည် ကမ္ဘာသုံးစာပေဖြစ်၍ မတတ်လို့ မရပေ။ ပြည်ပနိုင်ငံများ၌ အလုပ်သွားလုပ်၍ဖြစ်စေ၊ အလည်အပတ် ခရီးသွား၍ဖြစ်စေ၊ ကမ္ဘာသုံးအင်္ဂလိပ်စကား၊ စာပေကို မဖြစ်မနေတတ်မှ သွားလာနိုင်ပါသည်။ စင်စစ်

ကိုယ်ပိုင်အမျိုးသားရေးလက္ခဏာများကို မထိန်းသိမ်းနိုင်ပါက မိမိလူမျိုးသည် အခြားသောလူမျိုးများနှင့် ရောနှောကာ ကွယ်ပျောက်ပါမည်။ အခြားသောလူမျိုးများ၏ ယဉ်ကျေးမှုသည် မိမိလူမျိုးနှင့်ယဉ်ကျေးမှုကို လွှမ်းမိုးသွားသည်။ မိမိလူမျိုးနှင့်ယဉ်ကျေးမှုသည်လည်း ကွယ်ပျောက်သွားမည်။

သူတို့၏ စကား၊ စာပေများကို သင်ယူတတ်မြောက်ကြရပါသေးလျှင် မိမိနေထိုင်သည့်နိုင်ငံ၊ မိမိတို့လူမျိုး၏ စကား၊ စာပေများသည် အဘယ့်ကြောင့် မတတ်မြောက်ဘဲနေရပါသနည်း။ မတတ်လျှင် သင်ယူရပါမည်။ မိမိတို့၏ အမျိုးသားရေးလက္ခဏာများကို ထိန်းသိမ်းရပါမည်။

အင်္ဂလိပ်စကား၊ စာပေသည် အင်္ဂလိပ်များနယ်ချဲ့လာကတည်းက ပါလာခဲ့ပြီး ပြောဆိုရေးသားလာကြသည်။ အင်္ဂလိပ်များသည် ရောက်သည့်နိုင်ငံကို အုပ်ချုပ်ထားချိန်တွင် သူတို့၏ စကား၊ စာပေကိုမဖြစ်မနေ စာသင်ကျောင်းများ၌ ပြဋ္ဌာန်းစေပြီး ပထမဦးစားပေးအဖြစ် သင်ကြားစေခဲ့သည်။ သို့အတွက်ကြောင့် ယနေ့သူတို့၏ စကား၊ စာပေသည် ကမ္ဘာကြီးကို လွှမ်းမိုးသွားတော့သည်။

ထို့ကြောင့် အခိုက်အတန့်အားဖြင့် သူများနိုင်ငံသို့ အလုပ်သွားလုပ်၍ သူတို့၏ စကား၊ စာပေများကို သင်ယူတတ်မြောက်ကြရပါသေးလျှင် မိမိနေထိုင်သည့် နိုင်ငံ၊ မိမိတို့လူမျိုး၏ စကား၊ စာပေများသည် အဘယ့်ကြောင့် မတတ်မြောက်ဘဲနေရပါသနည်း။ မတတ်လျှင် သင်ယူရပါမည်။ မိမိတို့၏ အမျိုးသားရေးလက္ခဏာများကို ထိန်းသိမ်းရပါမည်။ ကရင်ဖြစ်စေ၊ ဗမာဖြစ်စေ စသည့် သက်ဆိုင်ရာ တိုင်းရင်းသားများ၏ အမျိုးသားရေးလက္ခဏာကို ထိန်းသိမ်းထားနိုင်ရပါမည်။

နိုင်ငံတော်အစိုးရစာသင်ကျောင်းများ၌ တိုင်းရင်းသားစာပေကို သင်ကြားခွင့်ပေးထားပြီး ဖြစ်၍ ကရင်စာပေသည်လည်း သင်ကြားခွင့်ရလေသည်။ ထိုအခါ မိဘကိုယ်တိုင်က မိမိတို့၏ စကား၊ စာပေကို မိမိတို့သားသမီးများ သင်ကြားကြရန် တိုက်တွန်းအားပေးရပါမည်။ မိမိစာပေကို အထင်သေးသည့်ပုံစံ ဘယ်သောအခါမှ မပြုလုပ်သင့်ပေ။ တချို့မှာကိုယ့်စကား၊ စာပေကို သင်ကြားဖို့ရန် စိတ်ဝင်စားမှုမရှိချင်ကြပေ။ မိဘဘိုးဘွားလက်ထက်က ထိန်းသိမ်းလာခဲ့သော စကား၊ စာပေကို မိမိလက်ထက်ရောက်မှ မထိန်းသိမ်းနိုင်ခြင်းသည် ညံ့ဖျင်းလှသည့် လူမျိုးပင်ဖြစ်သည်။ မိခင်ဘာသာကို လုံးဝမပျောက်ကွယ်သင့်ပေ။ မိမိလူမျိုးတည်ရှိဖို့အတွက် စကား၊ စာပေသည် အလေးထားသင်ကြားရပါမည်။

စကား၊ စာပေပျောက်ကွယ်လာမှုနှင့်ပတ်သက်၍ ဆရာကြီးမန်းသိန်းရွှေက အောက်ပါအတိုင်း ရေးပြထားသည်ကို တွေ့ရသည် -

ယနေ့ကမ္ဘာပေါ်တွင် ဘာသာစကားပေါင်း ခြောက်ထောင်ကျော်ရှိရာ ဘာသာစကားတစ်ထောင်ကျော်မှာ ကွယ်ပျောက်သွားမည့် အန္တရာယ်ရှိနေကြောင်း ဖော်ပြထားပါသည်။ ၁၂-၈-၂၀၀၂ ခုနှစ်ထုတ် နယူးဝိစ်စာစောင်မှ ကမ္ဘာပေါ်တွင် ယခုလက်ရှိဘာသာစကားပေါင်း ခြောက်ထောင်ကျော်ရှိသည့်အနက် ထက်ဝက်ခန့်သည် နှစ် ၁၀၀ အတွင်း တိမ်ကောပျောက်ကွယ်သွားကြမည်။ ယခုအခါတွင် နှစ်စဉ် ဘာသာစကားပေါင်း ၂၅ ခု တိမ်ကောပပျောက်နေကြောင်း ပါရှိပါသည်။

၂၄-၆-၂၀၀၂ ခုနှစ်ထုတ် တိုင်းမ်မဂ္ဂဇင်းတွင်လည်း သက္ကရာဇ် ၂၀၅၀ ခုနှစ်တွင် ယခုရှိနေသော ဘာသာစကားများအနက် ထက်ဝက်သာကျန်တော့မည်ဖြစ်ကြောင်း ရေးသားဖော်ပြထားပါသည်။

ယခုလို ကမ္ဘာကြီးတွင် ယဉ်ကျေးမှုများ ထိပ်တိုက်တိုးတိုက်မိလာသည့်အခါ ကိုယ်ပိုင်စာပေနှင့် ယဉ်ကျေးမှုများကို မထိန်းသိမ်းနိုင်သောလူမျိုးသည် မကြာသေအချိန်ကာလတစ်ခုတွင် ကွယ်ပျောက်မည်မှာ သေချာလှပေသည်။ ကမ္ဘာ့ပညာရှင်များကလည်း ဘာသာစကားပျောက်ကွယ်မည့် အခြေအနေကို တင်ပြထားပြီးဖြစ်သည်။ ထို့ကြောင့် ကရင်တို့သည် မိမိတို့၏ စကား၊ စာပေနှင့် ယဉ်ကျေးမှုများကို သားစဉ်မြေးဆက်များဖြစ်ကြသော မျိုးဆက်သစ်ကရင်များလက်ထဲတွင် ခိုင်မာစွာ ထည့်သွင်းထားနိုင်ဖို့ လိုသလို မျိုးဆက်သစ်ကရင်များကလည်း ဆက်လက်ပြီး ထမ်းဆောင်ကြရန် လိုအပ်ပါကြောင်း အထူးတင်ပြရေးသားလိုက်ပါသည်။

မန်းနဲနန္ဒာစာရ(တောကျောင်း)



စံနမူနာပြုထိုက်သော မင်းတစ်ပါး

နိုင်စိုးသိန်း (ပဲခူး)

မြန်မာနိုင်ငံသမိုင်းနှင့် မွန်သမိုင်းတို့တွင် ဘာသာ၊ သာသနာရေးနှင့်ပတ်သက်၍ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သော ဘုရင်တစ်ပါးကို ညွှန်ပြပါဆိုလျှင် အေဒီ ၁၄၇၁ ခုနှစ် ဟံသာဝတီတွင် နန်းတက်သော ရာမာဓိပတိဘွဲ့ခံ ဓမ္မစေတီမင်းတရားကြီးကို ရွေးချယ်ဖော်ပြရမည်ဖြစ်ပါသည်။ ဘာသာ၊ သာသနာရေးတွင် ပိဋကတ်သုံးပုံကို တတ်ကျွမ်းသော ရဟန်းလူထွက် ဘုရင်တစ်ပါး ဖြစ်သည်။

ဓမ္မစေတီမင်းကား မင်းမျိုးမင်းနွယ်မဟုတ်ပေ။ ငယ်စဉ်က ရှင်သာမဏေဘဝဖြင့် အင်းဝ၊ စစ်ကိုင်းတို့တွင် စာပေသင်ကြားခဲ့သည်။ အင်းဝတွင် ရှင်စောပု အင်းဝဘုရင်၏ မိဖုရားအဖြစ်ရှိစဉ် သာမဏေဘဝမှ ရဟန်းဘောင်သို့ သွတ်သွင်းခဲ့သည်။ ရှင်စောပုသည် နောင်တွင် ဓမ္မစေတီဖြစ်မည့် ဓမ္မဓရရဟန်းနှင့် ဓမ္မဉာဏ ရဟန်းနှစ်ပါး၏ ရဟန်းဒကာမအဖြစ် အင်းဝတွင်ရှိစဉ် ပစ္စည်းလေးပါး ထောက်ပံ့ခဲ့သည်။ ရှင်စောပု အင်းဝတွင် မပျော်ပိုက်သည့်အခါ ရဟန်းနှစ်ပါးတို့က ဟံသာဝတီသို့ ခေါ်ဆောင်ပေးခဲ့သည်။ ယင်းကျေးဇူးကြောင့် ရှင်စောပုသည် ဓမ္မဓရရဟန်းကို လူထွက်စေပြီး သမီးအငယ် နဝဒကာသင်နှင့် စုံဖက်ပေးခဲ့သည်။ မြန်မာသက္ကရာဇ် ၈၂၁ ခုတွင် ရှင်စောပု နန်းသက်(၇)နှစ်စံပြီးနောက် သမက်တော် ဓမ္မစေတီအား အိမ်ရှေ့ဥပရာဇာခန့်အပ်ပြီး ဟံသာဝတီထီးနန်းကို လွှဲအပ်ကာ ဒဂုံသို့ပြောင်းရွှေ့ စံနေခဲ့သည်။

ဓမ္မစေတီမင်းသည် အိမ်ရှေ့ဥပရာဇာအဖြစ်နှင့်ပင် ထီးနန်းစံပြီး တိုင်းပြည်အုပ်ချုပ်ခဲ့သည်။ ဘုရင်မကြီး ရှင်စောပုသည် ဒဂုံသို့ရောက်ရှိပြီးနောက် သာသနာရေးကိစ္စများကိုသာ အားသွန်စိုက်လုပ်ကိုင်ခဲ့ပြီး တိုင်းရေးပြည်ရာ အုပ်ချုပ်ရေးကိစ္စများကို ဓမ္မစေတီအား လွှဲအပ်ခဲ့သဖြင့် ဓမ္မစေတီသည် ရှင်စောပုနတ်ရွာစံသည့်နှစ် ၈၃၃ ခုနှစ်အထိ အုပ်ချုပ်ရေး၊ စစ်ရေးအာဏာများကို ဘုရင်သဖွယ် ကျင့်သုံးခဲ့သည်။ ရှင်စောပုနတ်ရွာစံပြီးသည့်အချိန်မှစ၍ ရာမာဓိပတိဘွဲ့ခံ၍ ထီးနန်းဆက်လက်စိုးစံခဲ့သည်။

ဓမ္မစေတီမင်းသည် သာသနာရေးရာ၌ သာသနာပြုမင်းတစ်ပါးဖြစ်သော သီရိဓမ္မသောက မင်းကြီး(ဘီစီ ၂၇၃–၂၃၆)ကို အားကျခဲ့သည်။ ၎င်းကိုယ်တိုင်ကပင် ဝိဋ္ဌကတ်သုံးပုံ၊ ပါဠိအဋ္ဌကထာ၊ အဘိဓမ္မာ၊ ဆန်းကျမ်း၊ ဗေဒင်တို့အပြင် လက်မှုပညာ ပန်းရံ၊ ဆင်မြင်းတို့၏ အင်္ဂါလက္ခဏာများနှင့် ဗမာဘာသာ၊ ယိုးဒယားဘာသာတို့ကိုလည်း တတ်ကျွမ်းသူဖြစ်သည်။ မြန်မာသက္ကရာဇ် ၈၃၃ ခုနှစ် မှစ၍ မွန်ဒေသသုံးရပ်ဖြစ်သည့် ဟံသာဝတီ၊ ပုသိမ်၊ မုတ္တမ ဒေသအလုံးစုံကို သိမ်းသွင်းနိုင်ခဲ့သည်။

သာသနာသန့်စင်ရေးအတွက် သီဟိုဠ်သို့ သံဃာစေလွှတ်ခြင်း

သာသနာတော်အား ပိုမိုသန့်ပြန့်စေရန် ရည်ရွယ်၍ မဟာဝိဟာရဝါသီတစ်ဂိုဏ်းတည်းသာရှိသော သီဟိုဠ်နိုင်ငံသို့ ရဟန်းတော်များသိက္ခာသစ်တင်ရန် ဆရာတော်ကြီးများနှင့်တိုင်ပင်ဆွေးနွေးခဲ့သည်။ ရှေးသာသနာ အစဉ်အလာကောင်းမွန်သော သီဟိုဠ်(သီရိလင်္ကာ)နိုင်ငံရှိ ကလျာဏီသိမ်တွင် မွန်တိုင်းဒေသမှ ရဟန်းတော်အချို့ကို ရွေးပြီးစေလွှတ်ကာ သိမ်တက်စေခဲ့သည်။ သီဟိုဠ်နိုင်ငံသို့ စေလွှတ်ရာတွင် ရာမဒူတသင်္ဃနှင့် စိတြဒူတသင်္ဃဖြင့် သံဃာတော်အဖွဲ့နှစ်ဖွဲ့ စေလွှတ်ခဲ့သည်။ ရာမဒူတသင်္ဃာတွင် မောဂ္ဂလာန်မထေရ် (ခ) သိရီသယ်ဗောဓိသာမိမထေရ် ဦးဆောင်သော မထေရ်ကြီး ၁၁ ပါးနှင့် နောက်လိုက်သံဃာ ၁၁ ပါး ပါရှိပြီး စိတြဒူတသင်္ဃာတွင် မဟာသီဝလိမထေရ် (ခ) ဘိလောကဂရုသာမထေရ် ဦးဆောင်သော မထေရ်ကြီး ၁၁ ပါးနှင့် နောက်လိုက်သံဃာ ၁၁ ပါး၊ သင်္ဃာနှစ်စီးတွင် သံဃာတော် ၄၄ ပါး ပါဝင်သည်။ မြန်မာသက္ကရာဇ် ၈၃၇ ခု၊ တပို့တွဲလဆုတ် ၁၁ ရက်၊ တနင်္ဂနွေနေ့တွင် စတင်ထွက်ခွာသည်။ လမ်းခရီးတွင် ၂၆ ရက်ကြာမှ ကိုလံဘိုသို့ ရောက်သည်။ ရာမဒူတသင်္ဃာသည် ၄၂ ရက် ကြာမှ ရောက်သည်။

ထိုစဉ်က သီဟိုဠ်တွင် ဘုဝနေကဗာဟုမင်း (AD ၁၄၇၂–၁၄၈၀) လက်ထက်ဖြစ်ပြီး ဓမ္မစေတီမင်းထံမှ ရာဇသံတမန်စာပါရှိ၍ သီဟိုဠ်မင်းသည် ဂရုတစိုက်ကြိုဆိုပြီး လိုအပ်သည်များကို ဖြည့်ဆည်း၍ ဒါနပြုသည်။ သီဟိုဠ်တွင် ကလျာဏီမြစ်အတွင်း ဥဒကုက္ခေပရေသီ မွန်သံဃာတော် ၄၄ ပါးစလုံးကို အသုတ်လိုက် သိမ်အသစ်တက်စေခဲ့သည်။ အပြန်ခရီးတွင် ရာမဒူတသင်္ဃာသည် မြန်မာသက္ကရာဇ် ၈၃၈ ခု၊ တော်သလင်းလဆန်း ၂ ရက်၊ ဗုဒ္ဓဟူးနေ့တွင် သီဟိုဠ်မှ ထွက်ခွာပြီး တော်သလင်းလဆုတ် ၂ ရက်တွင် ဒဂုံဆိပ်ကမ်းသို့ရောက်၍ ဓမ္မစေတီမင်းကိုယ်တိုင် လာရောက်ကြိုဆိုသည်။ စိတြဒူတသင်္ဃာကမူ လမ်းခရီးတွင် မုန်တိုင်းမိပြီး သင်္ဃာပျက်၍ ဖောင်ဖွဲ့ကာ အိန္ဒိယကမ်းခြေသို့ ရောက်သွားသည်။ အိန္ဒိယတွင် အုပ်စုခွဲကာ ကုန်သည်သင်္ဃာဖြင့် လိုက်သူလိုက်ကြသည်။ မထေရ်ကြီး ၆ ပါးနှင့် နောက်လိုက် သံဃာ ၄ ပါးတို့မှာ အိန္ဒိယမှအပြန် ၎င်းတို့စီးနင်းသောသင်္ဃာမှာ မုန်တိုင်းမိ၍ သင်္ဃာနစ်မြုပ်ကာ ပျံလွန်တော်မူကုန်သည်။ ကျန်သံဃာများ ပုသိမ်ဆိပ်ကမ်းသို့ အလီလီပြန်ရောက်လာကြသည်။

ဟံသာဝတီရှိ ကလျာဏီသိမ်သို့ သက္ကရာဇ် ၈၃၈ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်နေ့တွင် သိမ်သမုတ်ပြီး လဆန်း ၉ ရက်နေ့တွင် စ၍ သိမ်တက်ကြသည်။ သိမ်သမုတ်ခြင်း အောင်မြင်သည့် အထိမ်းအမှတ်အဖြစ် ကလျာဏီသိမ်ဝင်းအတွင်း မွန်ဘာသာကျောက်စာ(၇)ချပ် (၁၄)မျက်နှာ၊ ပါဠိဘာသာ (၃)ချပ် (၆)မျက်နှာ၊ စုစုပေါင်း ကျောက်စာ(၁၀)ချပ် စိုက်ထူခဲ့သည်။ ကျောက်စာတိုင် အရွယ်ပမာဏမှာ အမြင့်(၇)ပေ၊ အကျယ်(၄)ပေ၊ အထူ(၁)ပေ(၃)လက်မရှိသည်။ ကျောက်စာတစ်မျက်နှာတွင် စာကြောင်းရေ(၇၀)ပါရှိ၍ စာကြောင်းတစ်လက်မလျှင် အက္ခရာသုံးလုံးမျှပါရှိသည်။ ကျောက်စာတိုင်များသည် ကျောက်သက်နှခြင်းကြောင့် ကြာရှည်မခံဘဲ ပြိုကွဲပျက်စီးခဲ့ရသည်။ ကလျာဏီကျောက်စာတွင် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက် သာသနာတော် အရှေ့တိုင်းသို့ ပျံ့နှံ့

လာခြင်းမှအစ သိမ်သမုတ်ပြီး သံဃာများ သိမ်သစ်တက် ခြင်းအကြောင်းအရာများ ပါရှိသည်။ ဓမ္မစေတီမင်းသည် ဟံသာဝတီနယ်၊ မုတ္တမနယ်၊ ဒဂုံဒလနယ်၊ ပုသိမ်နယ်တို့တွင် စုစုပေါင်း သိမ် ၃၉၇ သိမ် တည်ဆောက်ခဲ့သည်။

ဓမ္မစေတီမင်းနှင့် ရွှေတိဂုံစေတီတော်

ဓမ္မစေတီ(ရာမာဓိပတိ)မင်းသည် သာသနာပြုလုပ်ငန်းတွင် စိတ်အားထက်သန်သည့်အလျောက် ရွှေတိဂုံစေတီတော်ကြီးကို ဘုရင်မကြီးရှင်စောပု လှူဒါန်းခဲ့သော ရွှေတိဂုံဘုရား ဝတ္တကမြေနယ်နိမိတ်ကို ကျယ်လွန်းလှသည့်အတွက် ပြန်၍ချုံ့ခဲ့သည်။ ထိုသို့ပြုလုပ်ရသည့်အတွက် ဘုရားကြီးအား ရွှေအစားလှူဒါန်းရာ မိမိကိုယ် အလေးချိန်နှင့်ညီမျှသည့် ရွှေနှင့် မိဖုရား၏ ကိုယ်အလေးချိန်နှင့်ညီမျှသော ရွှေနှစ်ရပ်ပေါင်း၏ လေးဆမျှရှိသော ရွှေကို ပုစွန်ခွံခပ်ပြီး စေတီတော်အား ရွှေသင်္ကန်းကပ်လှူခဲ့သည်။

ထို့ပြင် ဓမ္မစေတီမင်းသည် မိမိအုပ်ချုပ်ရသော နယ်နိမိတ်တွင်းရှိ အမြို့မြို့တွင် အိမ်ရှိ စာရင်းကို အမတ်ကြီးလေးဦးအား စာရင်းကောက်စေရာ အမတ်ကြီးများက ကြေးများပါကောက်ခံခဲ့သည်ကို တွေ့ရှိရ၍ ကြေးများကို ပြန်ပေးစေရာ ပြည်သူများက ကြေးကိုမယူလိုကြကြောင်း၊ မင်းကြီးအလိုရှိရာ ကောင်းမှုတစ်ခုခုတွင် အသုံးပြုရန် လျှောက်တင်ကြသဖြင့် မင်းကြီးသည် အလေးချိန်ကြေးပိသာချိန် ၁၈၀,၀၀၀ ရှိ ခေါင်းလောင်းကြီးကို ၈၃၈ ခုတွင် သွန်းစေခဲ့သည်။ခေါင်းလောင်းကြီးအား သွန်းလောင်းသည့် အချိန်အခါ ကျရောက်သော နက္ခတ်ကြောင့် အသံမမြည်ခြင်းဖြစ်ကြောင်း ပညာရှိအမတ်များကဆိုသည်။ ထိုခေါင်းလောင်းကြီး၏ အကျယ်အဝန်းမှ အဝ (၈)တောင်၊ စောက် (၁၂)တောင်ရှိသည်။ မြန်မာသက္ကရာဇ် ၈၃၈ ခု၊ သီတင်းကျွတ်လဆန်း ၁၃ ရက်၊ အင်္ဂါနေ့တွင် ထိုခေါင်းလောင်းကြီးကို ရွှေတိဂုံစေတီတော်ကြီး၌ဆက်ကပ်လှူဒါန်းခဲ့သည်။

ထိုခေါင်းလောင်းကြီးကို သာလွန်မင်း(၁၆၀၅–၂၈) လက်ထက် ခရစ်နှစ်(၁၆၁၂)ခု၊ မြန်မာ သက္ကရာဇ်(၉၇၄) ခုတွင် သန်လျင်၌ကြီးစိုးသော ပေါ်တူဂီဇင်ကာက အရည်ကြိုပြီး လက်နက်ပြုလုပ်ရန် သန်လျင်သို့သယ်ယူရာတွင် ဒေါပုံမြစ်အတွင်းသို့ ကျလေသည်။ ယနေ့တိုင် ထိုခေါင်းလောင်းတော်ကြီးကို ဆယ်ယူနိုင်ခြင်းမရှိသေးပေ။ ယခင်အချိန် ကာလများက မြစ်ရေကျချိန်တွင် ခေါင်းလောင်းကြီး၏ ပုစွန်တုပ်ကွေးပေါင်းကိုင်းကြီးကို မြင်ရကြောင်း အဆိုရှိကြသည်။ ယခု ၁၉၉၇–၉၈ ခုနှစ်များအတွင်း နိုင်ငံတော်အစိုးရက ခေါင်းလောင်းကြီးကို ဆယ်ယူနိုင်ရန် အတွက် အဖွဲ့ဖွဲ့ပြီး ဆောင်ရွက်ခဲ့သည်။ ခေါင်းလောင်းကြီးကို ၁၉၈၇ ခုနှစ်တွင် ပထမအကြိမ်၊ ၁၉၈၉ ခုနှစ်တွင် ဒုတိယအကြိမ်၊ ၁၉၉၇ ခုနှစ်တွင် တတိယအကြိမ်၊ ၂၀၁၄ ခုနှစ်တွင် စတုတ္ထအကြိမ် ရှာဖွေခဲ့သည်။

ထို့ပြင် ဓမ္မစေတီမင်းကြီးသည် ကြေးပိသာချိန် ၅၀၀ ရှိသော ခေါင်းလောင်းငယ်တစ်လုံးကိုလည်း ရွှေတိဂုံဘုရားတွင် လှူဒါန်းခဲ့သေးသည်။ ယခုအခါ ထိုခေါင်းလောင်းများ မရှိကြတော့ပါ။ မြန်မာသက္ကရာဇ် ၈၄၇ ခုနှစ်တွင် ရွှေတိဂုံစေတီတော်၏အရှေ့ဘက် စောင်းတန်းဘေးတွင် ပါဠို၊ မွန်၊ မြန်မာ ဘာသာ(၃)မျိုးဖြင့် ကျောက်စာတိုင်(၃)တိုင် စိုက်ထူခဲ့ရာ ၎င်းကျောက်စာတိုင်များကို ယနေ့အခါ နိုင်ငံတော်အစိုးရက ကျောက်စာရုံတည်ဆောက်ပြီး စနစ်တကျထိန်းသိမ်းစောင့်ရှောက်ထားသည်ကို တွေ့ရှိနိုင်သည်။

ထိုစဉ်က ဓမ္မစေတီမင်းကြီးသည် ရွှေတိဂုံစေတီတော်၏ ဝေယျာဝစ္စလုပ်ငန်းများကို မပြတ် ပြုလုပ်စေခဲ့ပြီး ဒဂုံမြို့နေ ဘုရင်ခံအား ဝါကျွတ်သည့်အချိန်ရောက်တိုင်း ပဒေသာပင် ၂၅ ပင်ဖြင့် နှစ်စဉ်ပူဇော်ရန် အမိန့်ချမှတ်ခဲ့ရာ ထိုအစဉ်အလာကို နောက်မင်းများကလည်း ဆက်လက်ကျင့်သုံးခဲ့လေသည်။

ဓမ္မစေတီမင်းကြီးသည် ရွှေတိဂုံစေတီတော်၏ ဝေယျာဝစ္စလုပ်ငန်းများကို မပြတ်ပြုလုပ်စေခဲ့ပြီး ဒဂုံမြို့နေ ဘုရင်ခံအား ဝါကျွတ်သည့်အချိန်ရောက်တိုင်း ပဒေသာပင် ၂၅ ပင်ဖြင့် နှစ်စဉ်ပူဇော်ရန် အမိန့်ချမှတ်ခဲ့ရာ ထိုအစဉ်အလာကို နောက်မင်းများကလည်း ဆက်လက်ကျင့်သုံးခဲ့လေသည်။

ဟံသာဝတီရှိ ဓမ္မစေတီမင်း၏ ကောင်းမှုတော်များ

ဓမ္မစေတီမင်းကြီးသည် ဟံသာဝတီရှိ ရွှေမော်ဓော စေတီတော်မြတ်ကြီးကို ၃ တောင်မြှင့်ပြီး ၁၈၅ တောင် အထိ တိုးတက်ပြုပြင်တော်မူ၏။ မင်းကြီး၏ကိုယ်အလေး ချိန် ၄၂ ပိသာ၊ မိဖုရား၏ ကိုယ်အလေးချိန် ၂၅ ပိသာ၊ နှစ်ရပ်ပေါင်း ရွှေ ၆၇ ပိသာကို မျက်ပါးခပ်၍ စေတီ လုံးပြည့် ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းတော်မူသည်။ ရွှေမော်ဓောဘုရား အင်္ဂါထောင့်တွင် ကြေးပိသာချိန် ၅၀၀၀ ရှိ ခေါင်းလောင်းတစ်လုံး လှူဒါန်းခဲ့ရာ ယနေ့တိုင် တွေ့ရသည်။

ပဲခူးဟံသာဝတီမြို့အနောက်ဘက်ခြမ်းတွင်လည်း ဘဒ္ဒကမ္ပာတွင် ပွင့်တော်မူပြီးသော ဘုရားလေးဆူကို ရည်မှန်း၍ ဟံသာဝတီမှ လူကုံထံ အပျိုကြီးလေးဦးမှ ပါဝင်သော အလှူငွေဖြင့် ကျိုက်ပွန် (ဘုရားလေးဆူ) တင်ပလ္လင်ခွေရုပ်ပွားတော်လေးဆူ ကျောချင်းကပ်မှီလျက် အလယ်ထိပ်တွင် အထွတ်စေတီငယ်တစ်ဆူ တည်ဆောက် တော်မူခဲ့သည်။ တည်သည့်ခုနှစ်ကား ၈၃၇ ခုနှစ်၊ တပို့တွဲ လဆုတ် ၁ ရက်နေ့ စတည်ပြီး ၈၃၈ ခု၊ ကဆုန်လတွင် ပြီးစီးသည်။ ယခုတိုင် အလွန်သပ္ပာယ်စွာ ဖူးတွေ့နေရသည်။ ပုံသဏ္ဌာန် ထူးခြား၍ မြန်မာနိုင်ငံတွင် ရှားပါးသော ဘုရား ပုံတော်မျိုး ဖြစ်သည်။

ထို့ပြင် ဓမ္မစေတီမင်းကြီးသည် မြတ်စွာဘုရား ပွင့် တော်မူရာ၊ သီတင်းသုံးတော်မူရာ ဒေသဖြစ်သော အိန္ဒိယ နိုင်ငံရှိ ဗုဒ္ဓဂယာဒေသသို့ ရဟန်းတော်များစေလွှတ်ပြီး သတ္တဋ္ဌာန နေရာဒေသများကို လေ့လာအတိုင်းအတာ ယူစေပြီး ဟံသာဝတီတွင် ဟံသာဝတီဗုဒ္ဓဂယာဟူ၍ တည် တော်မူသည်။ ယခုအခါ ပဲခူးမြို့အနောက်ဘက် ရွှေဂူကြီး ဘုရားတစ်ဝိုက်နေရာများဖြစ်သည်။ ရွှေဂူကြီးဘုရား တစ်ဝိုက်တွင် မွန်ဘာသာကျောက်စာတိုင် ၁၉ ချပ် စိုက်ထူ ခဲ့ရာ ယနေ့တိုင် တွေ့မြင်နိုင်သည်။ သို့သော် သဲကျောက်ဖြင့် ထွင်းထုထားသဖြင့် ပျက်စီးပြီး ဖတ်မရတော့ပေ။

တိသမင်းနှင့် မိဖုရားမဟာသုဘဒ္ဒါဒေဝီတို့၏ ကောင်းမှုတော်ဖြစ်သော ကျိုက်ကလွန်ပွန်း စေတီမှာ အေဒီ ၁၄၅၇ ခုနှစ်က တုန်လှုပ်ခဲ့သော ငလျင်ကြောင့် ပြိုကျပျက်စီးခဲ့ရာ ဥဇ္ဈာတော် အတောင် ၁၀၀ အထိ ပြန်လည်ဆောက်ခဲ့ပြီး အေဒီ ၁၄၆၄ ခုနှစ်၊ မြန်မာသက္ကရာဇ် ၈၂၆ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ထီးတော်အသစ် တင်လှူ ခဲ့သည်။ ထိုစေတီသည် သာလွန်မင်းလက်ထက်တွင် ပြုပြင် မွမ်းမံခဲ့ပြီး နောက်ပိုင်းတွင် ခေါင်းလောင်းပုံအောက်ခြေ အထက်နားအထိပြုကာ မူလအတိုင်း ၁၃၇၇-ခုအထိ ပြန်မတည်နိုင်ဘဲရှိခဲ့ရာ ၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်နေ့ တွင် အပြီးသတ် တည်ဆောက်ပြီး ထီးတော်တင်နိုင်ခဲ့သည်။

ဟံသာဝတီတွင် ကလျာဏီသိမ်အပြင် ပဲခူးမြို့ အနောက်ဘက်ခြမ်းတွင်ပင် နာရဏီသိမ်တော်ကြီးကိုလည်း သမုတ်ခဲ့သည်။ နာရဏီသိမ်တွင် အမြင့်ခြောက်တောင်စီခန့် မြင့်သော သိမ်နိမိတ်တိုင်ကြီး ရှစ်တိုင် ယနေ့ထိ အထင် အရှားရှိသည်။ ယခုအခါ နိုင်ငံတော်အစိုးရသည် နာရဏီ သိမ်ကို အသစ်ပြန်လည် တည်ဆောက်ခဲ့ပြီးဖြစ်သည်။ အလားတူ နာရဏီသိမ်နှင့် မနီးမဝေးခန့်တွင် နာဂဝံသိမ် ကိုလည်း တည်ဆောက်လှူဒါန်းခဲ့သည်။ ကျိုက်ပွန်ဘုရား အနီးတွင် နိဗ္ဗာန်ကလိုင်သိမ်ဟူ၍လည်း ရှိသေးသည်။ ပဲခူးဟံသာဝတီ အနီးတစ်ဝိုက်တွင် အားလုံးသိမ်ပေါင်း ၁၁၇ သိမ် အပါအဝင် သိမ်ပေါင်း ၃၉၇ သိမ် တည် ဆောက်လှူဒါန်းခဲ့ကြောင်း မှတ်တမ်းများအရ တွေ့ရှိရ သည်။

ထို့ကြောင့် ဓမ္မစေတီမင်းကြီးသည် နန်းမတက်မီကပင် တိုင်းရေးပြည်ရာကို ယောကျ်ားမ ဘုရင်မကြီးရှင်စောပုက လွဲအပ်၍ အုပ်ချုပ်ရေးကိစ္စများကို ဆောင်ရွက်ခဲ့ရသူ ဖြစ်သည်။ သို့ဖြစ်၍ သာသနာတော်သန့်ရှင်းရေးနှင့် သာသနာပြုလုပ်ငန်းများကို တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ သည်။ စေတီ၊ ကျောင်း၊ ကန်၊ ဘုရား မြောက်မြားစွာ ဆောက်လုပ်လှူဒါန်းခဲ့သည်။ ၎င်းတို့အနက် ကလျာဏီ သိမ်ကျောက်စာသည် သမိုင်းတန်ဖိုးကြီးမားသည့် ကျောက်စာဖြစ်သည်။ မြန်မာ့သမိုင်းတွင် အငြင်းပွားနေ သည့် သုဝဏ္ဏဘူမိမြို့ တည်ရှိရာနေရာအမှန်ကို ယင်း ကျောက်စာတွင် ဖော်ပြခဲ့သဖြင့် သုဝဏ္ဏဘူမိသည် မြန်မာ နိုင်ငံရှိ သထုံမြို့ကို ဆိုလိုကြောင်း အတည်ပြုနိုင်ခဲ့သည်။ သို့ဖြစ်၍ ဓမ္မစေတီမင်း၏ ဆောင်ရွက်ချက်များကို အသိ အမှတ်မပြုဘဲနေ၍ မရကြောင်း အခိုင်အမာယုံကြည်ရ မည်သာဖြစ်သည်။

နိုင်စိုးသိန်း၊ ပဲခူး
မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီ



ပအိုဝ်းတိုင်းရင်းသားလူမျိုးတို့ရဲ့ ပွယ်ထောက်နာမ်း

ဦးပညာသီရိ (ဓမ္မမေဒနီ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင်ပအိုဝ်းတိုင်းရင်းသားလူမျိုးအပါအဝင် တိုင်းရင်းသား လူမျိုးပေါင်း ၁၃၅ မျိုး ရှိပါသည်။ လူဦးရေစုစုပေါင်း ၅၁ သန်းကျော် ရှိပါသည်။

မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကို အများစု ကိုးကွယ်သည့် နိုင်ငံဖြစ်သည့် အားလျော်စွာ အချို့သော တိုင်းရင်းသားလူမျိုးတို့၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းတို့သည် ဗုဒ္ဓဘာသာမှ ဆင်းသက်လာသည့် ဓလေ့ထုံးစံများဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ ဗုဒ္ဓဘာသာဝင်တို့၏ ဝါဆိုပွဲ၊ ကထိန်ပွဲ၊ ဘုရားပွဲစသော ဘာသာရေးပွဲတော်မျိုး ရှိသကဲ့သို့ ဗုဒ္ဓဘာသာနှင့်နွယ်သည့် မိမိတို့ တိုင်းရင်းသားလူမျိုးအလိုက် ဓလေ့ထုံးတမ်းစဉ်လာအရ လူမှုရေးဆိုင်ရာ ဆုတောင်းပွဲများကိုလည်း ပြုလုပ်လေ့ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ဗုဒ္ဓဘာသာဝင် တိုင်းရင်းသားလူမျိုးတို့သည် အကြောင်းအရာ၊ အခြေအနေ၊ အချိန်အခါအလိုက် ရဟန်းသံဃာတော်များကို သံဃဒါနဆွမ်း၊ စာရေးတံမဲ (မဟာဒုတ်) ဆွမ်း၊ ဥပုသ်ဆွမ်း၊ ဥပုသ်အထွက်(ပါဠိပတိက)ဆွမ်း၊ ရက်လည်ဆွမ်း၊ လလည်ဆွမ်း၊ နှစ်ပတ်လည်ဆွမ်း၊ သင်္ခါဆွမ်း စသည်ဖြင့် လှူဒါန်းလေ့ရှိကြပါသည်။ ထို့အတူ အခါအားလျော်စွာ မိမိတို့မိသားစု (သို့မဟုတ်) မိမိတို့မိသားစုအတွင်းမှ တစ်ဦးဦးကံကောင်းစေရန်၊ အန္တရာယ်ကင်းစေရန်၊ ကျန်းမာစေရန် စသော ကောင်းကျိုးများ ဖြစ်စေရန်အတွက် ရပ်ရွာအတွင်းရှိ ဘိုးဘွားများက ဝိုင်းဝန်း၍ ဆုတောင်းပေးသည့်ပွဲဟု ဆိုရသည့် ဓလေ့တစ်မျိုး ကိုလည်း ကျင်းပလေ့ရှိရာ ပအိုဝ်းတိုင်းရင်းသားလူမျိုးတို့တွင်လည်း ကျင်းပလေ့ရှိပြီး ၎င်းမျိုးကို “ပွယ်ထောက်နာမ်း”ဟုခေါ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ပအိုဝ်းဘာသာစကား “ပွယ်ထောက်နာမ်း”ကို မြန်မာဘာသာဖြင့် တိုက်ရိုက်ပြန်ဆိုပါက “ခန္ဓာအထောက်အကူပြုပွဲ” ဟုဆိုရမည်ဖြစ်သော်လည်း ပအိုဝ်းဘာသာစကား “ပွယ်ထောက်နာမ်း”၏အနှစ်သာရကိုပီပြင်စွာကိုယ်စားပြုဖော်ပြနိုင်ခြင်းမရှိပါ။ သို့ဖြစ်၍ “ပွယ်ထောက်နာမ်း” ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ဖေါ်ပြအပ်ပါသည်။

ၔင်းတို့မှာ –

- မိသားစုဝင် (သို့မဟုတ်) မိသားစုဝင်တစ်ဦး အရပ်တစ်ပါးသို့ သွားရောက်၍ စီးပွားရှာဖွေရာတွင် ခရီးလမ်းအဆင်ပြေစေရန်၊ ဘေးအန္တရာယ်ကင်းစေရန်၊ အလုပ်အကိုင် အဆင်ပြေစေရန်၊ မိတ်ကောင်းဆွေကောင်းနှင့်တွေ့စေရန်၊
- ဆေးဝါးမျိုးစုံတို့ဖြင့် ကုသသော်လည်း ပြန်လည်ကျန်းမာလာခြင်းမရှိ၊ ဆေးခန်း ဆေးရုံများတွင် ပြသသော်လည်း ရောဂါတိတိကျကျ မသိရ၊ ဘာရောဂါလဲဟု အမည်တပ်၍ မရ၊ ဗေဒင်၊ နတ်၊ ဓာတ်၊ ယတြာ၊ ပယောဂ စသည်ဖြင့် စီမံကုသသော်လည်း သက်သာပျောက်ကင်းခြင်းမရှိ၊ ထိုထိုသို့သော ရက်လ ကြာမြင့်စွာ မကျန်းမာသော ပုဂ္ဂိုလ်များ (ရောဂါသည်)ကို ရောဂါသိ ဆေးရှိစေရန်နှင့် ပြန်လည်ကျန်းမာလာစေရန်၊
- မိသားစုတစ်စု၌ အလိုလိုနေရင်း မိမိတို့ ကျွဲနွားများပျောက်ဆုံးခြင်း၊ သေဆုံးခြင်း၊ ကောက်ပဲသီးနှံများမျှော်မှန်းထားသလောက် မဖြစ်ထွန်းခြင်း၊ မိမိတို့မိသားစုဝင်တစ်ဦးဦးသည် မကြာခဏ ဘေးအန္တရာယ်နှင့် ကြုံရခြင်း၊ ပြဿနာနှင့်ကြုံရခြင်း၊ စီးပွားနှင့် ယှဉ်သော ပစ္စည်းဥစ္စာများ ဆုံးရှုံးခြင်း၊ အလိုလိုနေရင်း အများသူငါ၏ မုန်းတီးမှု ခံနေရခြင်း၊ ချစ်ခင်မှုမရခြင်း စသည်ဖြင့် မိသားစု စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်၍ ကံညံ့ ကံနိမ့်နေသည်ဟု စိတ်ခံစားနေရခြင်းတို့မှ လွတ်မြောက်စေရန်၊

စသည်တို့အတွက် “ပွယ်ထောက်နာမ်း”ကို ပြုလုပ်လေ့ရှိကြပါသည်။

“ပွယ်ထောက်နာမ်း” ကို နေ့တစ်နေ့၏ ညနေပိုင်း၌သာ ပြုလုပ်ကြပြီး ပြုလုပ်မည့်နေ့၏ နံနက်(သို့မဟုတ်) နေ့လယ်ခင်းမှ ဖိတ်ကြားခြင်းပြုကြပါသည်။ အရပ်တစ်ပါးသို့ သွားရောက်မည့်သူအတွက် ပြုလုပ်ခြင်းဖြစ်ပါက ခရီးမထွက်ခွာမီ ရက်အနီးငယ်အလို(တစ်ပတ်အတွင်း) ပြုလုပ်ပေးလေ့ရှိကြပါသည်။ ပွယ်ထောက်နာမ်းသို့ ကြွရောက်ပြီး ဆုတောင်းပေးပါရန် “ဖြားဒုံ” နှင့် “ဖြားတန်” တို့ကို ဖိတ်ကြားကြပါသည်။ ပအိုဝ်းဘာသာဖြင့် “ဖြားဒုံ” သည် ရွာသူကြီးကို ခေါ်ဆိုခြင်းဖြစ်ပြီး “ဖြားတန်” ဟုဆိုရာ၌ ရပ်ရွာတွင် သီလသမာဓိရှိ၍ အများက လေးစားအားထားသည့် ပုဂ္ဂိုလ်ကိုခေါ်ဆိုပါသည်။ ဖိတ်ကြားခံရသူတို့သည် ဖိတ်ကြားခံရလျှင်မဖြစ်မနေ “ပွယ်ထောက်နာမ်း” သို့ ပါဝင်တက်ရောက်ကြပါသည်။

“ပွယ်ထောက်နာမ်း” ပြုလုပ်မည့်အိမ်ရှင်သည် အိမ်၏ဘုရားစင်ရှေ့တွင် ချည်ခင်များကို “ကောဝ်တလာင်” (သုံးချောင်းထောက်ပန်းတင် ယွန်းဗန်းငယ်)တွင် အဆင်သင့်ထည့်ထားပေးရပါသည်။ လာရောက်ဆုတောင်းပေးမည့် ပုဂ္ဂိုလ်များအတွက် နေရာထိုင်ခင်းကိုလည်း ဆရာတော်သံဃာတော်များအတွက် ပြင်ဆင်ထားသကဲ့သို့ သန့်ပြန့်စွာ ပြင်ဆင်ထားရပါသည်။ ဆုတောင်းပြီးပါက ကျွေးမွေးဧည့်ခံမည့် စားသောက်ဖွယ်ရာများကိုလည်း အသင့်ပြင်ဆင်ထားရပါသည်။

“ပွယ်ထောက်နာမ်း” သို့ တက်ရောက်ပါရန် ဖိတ်ကြားခံရသည့် ဖြားဒုံနှင့်ဖြားတန်တို့သည် ဘုရားသွား ကျောင်းတက်သည့်ပုံစံအတိုင်း အမျိုးသားဝတ်စုံပြည့်ဖြင့် ဝတ်ဆင်

**လာရောက်ဆုတောင်းပေးမည့်
ပုဂ္ဂိုလ်များအတွက်
နေရာထိုင်ခင်းကိုလည်း
ဆရာတော် သံဃာတော်များအတွက်
ပြင်ဆင်ထားသကဲ့သို့
သန့်ပြန့်စွာ ပြင်ဆင်ထားရပါသည်။
ဆုတောင်းပြီးပါက
ကျွေးမွေးဧည့်ခံမည့်
စားသောက်ဖွယ်ရာများကိုလည်း
အသင့်ပြင်ဆင်ထားရပါသည်။**

တက်ရောက်ကြပါသည်။ ဖိတ်ကြားသည့်အိမ်ကလည်း ဆရာတော် သံဃာတော်များကြွရောက်လာရာတွင် ကြိုဆိုသကဲ့သို့ကြိုဆို၍နေရာထိုင်ခင်းပေးကြပါသည်။ ကြွရောက်လာသည့် ပုဂ္ဂိုလ်တို့သည် ရောက်ရှိသည်နှင့် မြတ်စွာဘုရားကို ဦးစွာကန်တော့ပြီးမှ မိမိတို့နေရာတွင် ထိုင်ကြပါသည်။ ဖိတ်ကြားထားသည့်ပုဂ္ဂိုလ်များစုံလင်စွာရောက်ရှိသည့်အခါ အိမ်ရှင်အကြီးအကဲက ကြွရောက်လာကြသော ဖြားခုံ၊ ဖြားတန်နှင့် ဘိုးဘွားမိဘတို့ကို လက်အုပ်ချီ၍ –

- အိမ်သားတစ်ဦး ခရီးသွားမည့်သူ အတွက် ပြုလုပ်ပေးခြင်းဖြစ်ပါက “..... (ခရီးသွားမည့်သူ အမည်) သည် ခရီးဝေးသွားမည်ဖြစ်သည့်အတွက် သူ့အတွက် ဤ “ပွယ်ထောက်နာမ်း” ကို ပြုလုပ်ပေးတာပါ။ သူ့အတွက် ဆုတောင်းပေးပါ။ မေတ္တာပို့ပေးပါ”ဟု လည်းကောင်း၊
- မကျန်းမာသူအတွက် ပြုလုပ်ပေးခြင်းဖြစ်ပါက “..... (မကျန်းမာသူအမည်) သည် မကျန်းမာသည်မှာ ကြာမြင့်လှပါပြီ၊ သူကျန်းမာလာအောင် ဤ “ပွယ်ထောက်နာမ်း”ကိုပြုလုပ်ပေးတာပါ။ သူ့အတွက် ဆုတောင်းပေးပါ။ မေတ္တာပို့ပေးပါ” ဟုလည်းကောင်း၊
- မိသားစု ကံညံ့ ကံနိမ့်နေသည့်အတွက် ပြုလုပ်ခြင်းဖြစ်ပါက “ကျွန်တော်တို့ ကျွန်မတို့ မိသားစု ကံညံ့နေပါတယ်၊ ကံကောင်းအောင် ဤ “ပွယ်ထောက်နာမ်း” ပြုလုပ်တာပါ။ ဆုတောင်းပေးပါ၊ မေတ္တာပို့ပေးပါ” ဟုလည်းကောင်း ရှိသေစွာပန်ကြားရပါသည်။


ဤသို့ဖြင့် ပန်ကြားပြီးသည့်အခါ ကြွရောက်လာကြသော ဖြားခုံ၊ ဖြားတန်နှင့် ဘိုးဘွားမိဘတို့က နှုတ်ဖြင့် မေတ္တာပို့ ဆုတောင်းပေးရုံမျှ မဟုတ်ဘဲ အသင့်ပြင်ဆင်ထားသည့် ချည်ခင်ဖြင့် ကာယကံရှင် (ခရီးသွားမည့်သူ၊ မကျန်းမာသူ၊ အိမ်သားများအားလုံး) တို့၏ လက်တွင် ဖွဲ့ချည်ပေးကြပါသည်။ (ရှေးအခါက ဝါဖြင့်ငင်ထားသည့် (ဗိုင်းငင်) ဝါချည်ကိုသာ အသုံးပြုသည်ဟု ဆိုပါသည်) လက်တွင် ချည်ကိုရစ်ပတ်ပေးရင်း “ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဘေးကင်းပါစေ၊ ရန်ကင်းပါစေ၊ အန္တရာယ်ကင်းပါစေ၊ အနာသီ ဆေးရှိပါစေ၊ အမြန်ပြန်လည် ကျန်းမာလာပါစေ၊ ကံဆိုး ကံညံ့များမှ လွတ်ကင်းပါစေ၊ ကြီးပွားပါစေ၊ တိုးတက်ပါစေ၊ အောင်မြင်ပါစေ“ စသည်ဖြင့် “ပွယ်ထောက်နာမ်း” ပြုလုပ်ပေးရခြင်းနှင့် သက်ဆိုင်သည့် အကြောင်းအရာအလိုက် ဆုတောင်းပေးကြပါသည်။ အချို့က “ဣဏ္ဍိတံ ပတ္ထိတံ တုံယံ ခိပ္ပမေဝ သမိဇ္ဈတု” (အလိုရှိအပ် တောင့်တအပ်သောဆုတို့နှင့် လျင်မြန်စွာပြည့်ကြပါစေ)”ဟု ဆိုကာ ဆုတောင်းပေးကြသည်။ ဤကဲ့သို့ ဆုတောင်းပေးပြီးသည်နှင့် အိမ်ရှင်များက အဆင်သင့် ပြင်ဆင်ထားသည့် စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံကျွေးမွေးပါသည်။ များသောအားဖြင့် လက်ဖက်ရည်၊ မုန့်၊ ရေနွေးကြမ်းများဖြင့် ကျွေးမွေးဧည့်ခံကြပါသည်။ ဤမှာပင် “ပွယ်ထောက်နာမ်း” ပြုလုပ်ခြင်း အစီအစဉ် ပြီးစီးပါသည်။

အထက်တွင်ဖော်ပြထားသော “ပွယ်ထောက်နာမ်း” ဟုခေါ်သော ယဉ်ကျေးမှုဓလေ့ထုံးစံသည် ပအိုဝ်းဒေသ၊ ပအိုဝ်းရွာ တစ်နည်းအားဖြင့် ပအိုဝ်းအများစုနေထိုင်သည့် အရပ်ဒေသတို့တွင် မြင်တွေ့ရသည့် ဓလေ့ထုံးစံဖြစ်ပါသည်။ “ထောက်နာမ်း”၊ “ထောက်ဆော့နာမ်း”၊ “လူးခွမ်ဆော့နာမ်း” စသည်ဖြင့် အမျိုးမျိုးခေါ်ဝေါ်ကြသော်လည်း ပြုလုပ်ပုံနှင့် ပြင်ဆင်ကျင်းပပုံကား အတူတူပင် ဖြစ်ကြပါသည်။

ဤဓလေ့သည် ပအိုဝ်းတိုင်းရင်းသားလူမျိုးတို့၏ ကံ၊ ကံ၏အကျိုးကို ယုံကြည်ခြင်း၊ ထေရဝါဒဗုဒ္ဓသာသနာကို သက်ဝင်ယုံကြည်ခြင်းတို့ကို ပေါ်လွင်စေပါသည်။

ဤဆောင်းပါးသည် စာရေးသူလေ့လာတွေ့ရှိသည့် ပအိုဝ်းတိုင်းရင်းသားတို့၏ ယဉ်ကျေးမှု ဓလေ့ထုံးစံ တစ်ရပ်ဖြစ်သည့် “ပွယ်ထောက်နာမ်း” အကြောင်းကို တိုင်းရင်းသားညီအစ်ကို မောင်နှမများ သိရှိနိုင်စေရန် မျှဝေခြင်းဖြစ်ပါသည်။ လူမျိုးတစ်မျိုး၏ ရှိနှင့်နေပြီဖြစ်သော ယဉ်ကျေးမှုဓလေ့ထုံးစံများကို မတိမ်ကော မပပျောက်စေလိုသကဲ့သို့ ရှေးဘိုးဘွားမိဘတို့ထားရစ်ခဲ့သောရှေးဟောင်းယဉ်ကျေးမှုဓလေ့ထုံးစံတို့ကိုလည်း ထိန်းသိမ်းစောင့်ရှောက်စေလိုခြင်းသာဖြစ်ပါသည်။ ခေတ်မီတိုးတက်လာသည်နှင့်အမျှ ခေတ်ကိုအမီလိုက်နေရသဖြင့် ခေတ်ဟောင်း ယဉ်ကျေးမှုအမွေအနှစ်တို့ ပျောက်ကွယ်သွားမှာကို စာရေးသူအနေဖြင့် စိုးရိမ်လှပါသည်။

ဦးပညာသီရိ(ဓမ္မမေဒနီ)
ရန်ကုန် (၂၂-၇-၂၀၂၄)



မြန်မာ့သမိုင်းထဲက ထနော့လူမျိုး

အရှင်ဆေကိန္ဒ (ထနော့)



"ထနော့"ဟူသော အမည်ဆိုသည်မှာ "ထနော့" ဟူသည့် တိုင်းရင်းသားလူမျိုးစုတစ်စု၏ အမည်နာမ ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် တိုင်းရင်းသားပေါင်း ၁၃၅ မျိုး ရှိပါသည်။ ထိုတွင် ထနော့ တိုင်းရင်းသားလူမျိုးများသည်လည်း တရားဝင်တိုင်းရင်းသားအဖြစ် ရပ်တည်လျက်ရှိပါသည်။ ထောင်ဂဏန်းမျှသာရှိသော ထနော့လူမျိုးသည် ယနေ့တွင် ဂီတ၊ စာပေများနှင့် ရိုးရာယဉ်ကျေးမှုများ ပျောက်ကွယ်ပြီး ဘာသာစကားတစ်မျိုးတည်းသာ ကျန်ရှိသည့်လူမျိုးလည်းဖြစ်ပါသည်။

ဤသို့ တိမ်မြုပ်ပျောက်ကွယ်လုဆဲဖြစ်သော ထနော့တိုင်းရင်းသားတို့၏ အကြောင်းကို မိမိလေ့လာမိသမျှ၊ ဖတ်ရှုမိသမျှ၊ စုဆောင်းမိသမျှဖြင့် တင်ပြလိုပါသည်။

ထနော့တိုင်းရင်းသားတို့၏ အမျိုးအနွယ်

ကမ္ဘာပေါ်ရှိ လူသားအားလုံးသည် အမျိုးအနွယ်အားဖြင့် ခွဲကြည့်သော် သုံးမျိုးသာရှိသည်ကိုတွေ့ရပါသည်။ အသားဖြူလူမျိုးများကို အာရိယန်လူမျိုးများ၊ အာရိယန်အမျိုးအနွယ်ဟု ခေါ်ပြီး အသားမည်းလူမျိုးများကို နီဂရစ်တို အမျိုးအနွယ်များဟု ခေါ်ကြသည်။ တစ်ဖန် အသားဝါလူမျိုးများကို မွန်ဂိုအမျိုးအနွယ်များဟု ခေါ်ကြသည်။ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားများသည် မွန်ဂိုအမျိုးအနွယ်များမှ ဆင်းသက်လာကြသည်ဟု သမိုင်းပညာရှင်များက ဆိုကြသည်။

မူရင်းဒေသကိုစွန့်ပြီး ရေကြည်ရာ မြက်နုရာသို့ပြောင်းရွှေ့လာပုံ

မွန်ဂိုတို့၏ မူရင်းဒေသမှာ အာရှတိုက်အလယ်ပိုင်းတာရင့်မြစ်ဝှမ်းဒေသများဖြစ်ကြသည်။ အချိန်ကာလ ကြာလာသောအခါ လူဦးရေတိုးပွားသဖြင့် နေရာကျဉ်တည်းကျဉ်းမြောင်းလာခဲ့သည်။ ရာသီဥတုဖောက်ပြန်၍ မိုးလေဝသ ခေါင်းပါးလာခြင်းကြောင့်လည်း အစာရေစာများရှားပါးလာသည်။ ထိုသို့အစာရေစာများရှားပါးလာသည်ကို အကြောင်းပြု၍ အင်အားကြီးသူတို့က အင်အားနည်းသူတို့အပေါ် နိုင်ထက်စီးနင်းပြုလာကြသည်။ ဤသို့ အင်အားကြီးသူတို့၏ ဖိနှိပ်မှုဒဏ်ကြောင့် မူရင်း ဒေသကိုစွန့်ခွာ၍ ရေကြည်ရာမြက်နုရာသို့ ပြောင်းရွှေ့နေထိုင်လာကြသည်။

မြန်မာနိုင်ငံသို့ ဝင်ရောက်လာပုံ

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း၊ တိဗက်ကုန်းပြင်မြင့်နှင့် ဂိုဗီသဲကန္တာရကြားရှိ ကန်ဆူအရပ်မှ လူသားများသည် တရုတ်တို့၏နှိမ်နင်းမှုကြောင့် တိဗက်ပြည်သို့ ရွှေ့ပြောင်းထွက်ခွာခဲ့သည်။ တိဗက်များတန်ခိုးကြီးထွားလာပြန်၍ ယူနန်နယ်သို့ ပြောင်းရွှေ့ရပြန်သည်။

နန်ချောင်ရှမ်းများ တန်ခိုးကြီးချိန်ဖြစ်နေ၍ သူတို့လက်အောက်ခံ မန်းအမျိုးသားများနှင့် အချိန် အတော်ကြာရောနှော နေထိုင်ခဲ့ကြသည်။ တစ်ဖန်နန်ချောင်ရှမ်းတို့၏ လွှမ်းမိုးမှုကိုမခံလိုသဖြင့် သက္ကရာဇ် ၇ ရာစုအလယ်လောက်တွင် မေခမြစ်နှင့် သံလွင်မြစ်ကြားရှိ အရပ်များကို ဖြတ်ကျော်၍ ကျောက်ဆည်နယ်အတွင်းသို့ ဝင်ရောက်ခဲ့ကြသည်။ ပြည်၊ ရွှေဘို၊ ဒီပဲရင်း၊ မြေတူးနှင့် ချင်းတောင်တန်းများအထိ ပြန့်နှံ့နေထိုင်ခဲ့ကြသည်။

သက္ကရာဇ် ၉ ရာစုရောက်သောအခါ ပုဂံတည်ရာအရပ်၌ နေသားတကျစုဝေးမိလာကြသည်။ ထို့နောက် “မြန်မာ”အဖြစ် ရပ်တည်နိုင်ခဲ့သည်။ သက္ကရာဇ် ၁၁၀၂ ခုနှစ်က မွန်ကျောက်စာတွင် “မီးမား”ဟု ရေးသားထားပြီး တရုတ်တို့က “မီးယင်း”ဟုခေါ်သည်။ ၎င်းမှာ “မြန်မာ”ဟု အဓိပ္ပာယ်ရသည်။

သက္ကရာဇ် ၁၁၉၀ ပြည့်နှစ်ရောက်မှ မြန်မာ ကျောက်စာများတွင် “မြန်မာ”ဟု စတင်ရေးသားလာကြသည်။ ထိုသို့ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ရာတွင်လည်း တစ်ကြိမ်တစ်ခါတည်း မဟုတ်ဘဲ တစ်သုတ်ပြီးတစ်သုတ် နေရာချဲ့ကာ ဝင်လာကြသည်။ မြန်မာနိုင်ငံအတွင်းသို့ သုံးအုပ်စုခွဲ၍ ဝင်ရောက်လာကြသည်။ ယင်းအုပ်စုမှာ...

(၁) မွန်–ခမာအုပ်စု၊

(၂) တိဗက်–မြန်မာအုပ်စု၊

(၃) ထိုင်း–တရုတ်အုပ်စုတို့ဖြစ်ပါသည်။

ထနေ့တိုင်းရင်းသားတို့၏ မူရင်းဒေသ

မြန်မာနိုင်ငံအတွင်းသို့ အစောဆုံးဝင်ရောက်လာသောအုပ်စုမှာ မွန်ခမာအနွယ်ဝင်များဖြစ်ကြသည်။ မဲခေါင်မြစ်ကြောင်း၊ သံလွင်မြစ်ကြောင်းတစ်လျှောက် စုနှစ်ဆင်းပျံ့နှံ့နေထိုင်ကြသည်။ ဝ၊ လဝ၊ ခမူ၊ တိုင်းလွှီ၊ အန်၊ ယန်းလမ်၊ ပလောင်၊ ပလေး၊ ခနော့(ထနော့)စသည့် လူမျိုးစုများသည် မွန်ခမာ အနွယ်ဝင်များဖြစ်ကြသည်။ ထို့ကြောင့် “ထနော့တိုင်းရင်းသားတို့၏ မူရင်းနေရာဒေသမှာ တရုတ်နိုင်ငံယန်စီမြစ်ဝှမ်းဒေသဖြစ်သည်။ ရွှေ့လျားလာပုံမှာ မဲခေါင်မြစ်ဝှမ်းမှတစ်ဆင့် မဲနမ်မြစ်ဝှမ်း၊ ဧရာဝတီမြစ်ဝှမ်း တစ်လျှောက်စိုက်ပျိုး၍ကောင်းသောနေရာဒေသသို့ပျံ့နှံ့ရောက်ရှိလာကြသည်”ဟု သမိုင်းသုတေသီများက ဆိုကြသည်။

ဒုတိယအနေဖြင့် ဝင်ရောက်လာသော အုပ်စုမှာ တိဗက်မြန်မာ အနွယ်ဝင်များဖြစ်ကြသည်။ ဗမာ၊ ရခိုင်၊ မရူ၊ အဇီး၊ လရှီ၊ ထားဝယ်၊ ကတူး၊ ကနန်း၊ ဓနု၊ တောင်ရိုး၊ အင်း၊ မြိတ်၊ ယော၊ တောင်သား၊ ကချင်၊ ချင်း၊ လူရှိုင်း၊ နာဂ၊ ရာဘိန်းတိုင်းရင်းသားများသည် တိဗက်မြန်မာအနွယ်ဝင်များဖြစ်ကြသည်။

နောက်ဆုံးအနေဖြင့် ဝင်ရောက်လာသောအုပ်စုမှာ ထိုင်းတရုတ်အုပ်စုဖြစ်သည်။ ရှမ်း၊ ဂုံ၊ ခန့်ဘိ ရှမ်း၊ ကရင်၊

“ထနော့တိုင်းရင်းသားတို့၏ မူရင်းနေရာဒေသမှာ တရုတ်နိုင်ငံ ယန်စီမြစ်ဝှမ်းဒေသဖြစ်သည်။ ရွှေ့လျားလာပုံမှာ မဲခေါင်မြစ်ဝှမ်းမှတစ်ဆင့် မဲနမ်မြစ်ဝှမ်း၊ ဧရာဝတီမြစ်ဝှမ်းတစ်လျှောက် စိုက်ပျိုး၍ကောင်းသောနေရာဒေသသို့ ပျံ့နှံ့ရောက်ရှိလာကြသည်”

တောင်အောက်သို့ လိုက်ပါမသွားဘဲ ရေကြည်ရာ မြက်နုရာ ရှမ်းမြေလတ်တစ်ကြောတွင် တောင်ရိုး၊ ဓနု၊ ဓနော့(ထနော့) တိုင်းရင်းသားများက ကျန်ရစ်ခဲ့ကြသည်။ ရှမ်းပြည်နယ်တစ်ဝန်းတွင် မွန်ခမာအမျိုးအနွယ်တို့၏ မူလနေရာဒေသဖြစ်သည်။

ကယား၊ပအိုဝ်းတိုင်းရင်းသားများသည် ထိုင်းတရုတ်အနွယ်ဝင်များ ဖြစ်ကြသည်။

အထက်ပါ အမျိုးအနွယ်စုများသည် လွန်ခဲ့သော နှစ်ပေါင်း ၁၃၅၅ ခန့်က မြန်မာနိုင်ငံအတွင်းသို့ ပျံ့နှံ့ဝင်ရောက်လာကြသည်။

ရှမ်းမြေလတ်သို့ ရောက်ရှိလာပုံ

အေဒီ ၉ ရာစုပတ်ဝန်းကျင်က ရှေးမြန်မာများသည် လားရှိး၊ နောင်ချို၊ ရပ်စောက်နယ်များမှ ဖြတ်ကျော်ပြီး ရှမ်းမြေလတ် ရွာငံနယ် တောင်ထိပ်တောင်ကြားနှင့် မြားကလေးတောင်ကြားမှဝင်ရောက်လာကြသည်။စမုံမြစ်၊ ပန်းလောင်းမြစ်၊ ဇော်ဂျီမြစ်တောင်ပိုင်းတစ်လျှောက် စိုက်ပျိုးရေးအခြေခံလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်း ပြုခဲ့ကြသည်။ကျောက်ဆည်ဒေသ၌ နေရာမဆုံ ဖြစ်လာပြီး မင်းဘူး၊ တောင်တွင်းကြီး၊ ပြည်၊ ဒီပဲရင်း၊ မြေတူး၊ ရွှေဘို သာမကချင်းတောင်တန်းအထိ ပျံ့နှံ့သွားသည်။နောက်ဆုံး ပုဂံတည်ရာအရပ်၌ ရောက်လာကြသည်။ သက္ကရာဇ်(၈၄၉) ခုနှစ်တွင် ပျဉ်ပြားမင်းက ပုဂံပြည်ကြီးကို စတင်တည်ထောင်လိုက်ပါသည်။

သို့သော် တောင်အောက်သို့ လိုက်ပါမသွားဘဲ ရေကြည်ရာ မြက်နုရာ ရှမ်းမြေလတ်တစ်ကြောတွင် တောင်ရိုး၊ ဓနု၊ ဓနော့(ထနော့)တိုင်းရင်းသားများက ကျန်ရစ်ခဲ့ကြသည်။ရှမ်းပြည်နယ်တစ်ဝန်းတွင် မွန်ခမာအမျိုးအနွယ်တို့၏ မူလနေရာဒေသဖြစ်သည်။ ရှမ်းနှင့်မြန်မာတို့ ဝင်ရောက်သိမ်းပိုက်မှုကြောင့် မွန်လူမျိုးများသည် တောင်အောက် အရပ်သို့ ပြောင်းရွှေ့နေထိုင်ကြသည်။ သို့သော် ထနော့ လူမျိုးများသည် မွန်လူမျိုးများကို လိုက်ပါမသွားဘဲ ရှမ်းပြည်နယ်တစ်ဝန်း၌ ကျန်ရစ်ခဲ့သည်။

ခေတ်သစ်သမိုင်းသုတေသီများ

ဓနော့(ထနော့)လူမျိုးစုတို့မှာ ရှမ်းပြည်တောင်ပိုင်း မြေလတ်ပိုင်းရှိ လူမျိုးစုများအနက် တစ်မျိုးအပါအဝင် ဖြစ်သည်။ များသောအားဖြင့် ထနော့လူမျိုးစုတို့ကို ပင်းတယ၊ သာမိုင်းခမ်း၊ ပင်မီ စသည့် အရပ်များတွင် ဓနုလူမျိုးနှင့်အတူ တွေ့မြင်ရကြောင်း အဆိုရှိသည်။ (မင်းနိုင်၊ ၁၉၅၉၊ ၁၇။)

ထနော့လူမျိုးတို့၏ ပျံ့နှံ့ရာဒေသများ

မည်သို့ပင်ဆိုစေကာမူ ထနော့လူမျိုးများသည် ရှမ်းပြည်တောင်ပိုင်း၊ ရပ်စောက်၊ ရွာငံ၊ ပင်းတယ၊ ပင်လောင်း၊ အင်းလေး၊ ကျောက်ထပ်၊ သာမိုင်းခမ်း၊ လွယ်မော၊ လွယ်အုံ၊ ငုံးသုံး၊ ပေါတုတ်၊ ချောင်းကြား၊ မြင်းသာ၊ ကုန်းထိပ်၊ ထင်းရှူးကုန်း၊ ကျောက်ဆင့်၊ သအယ်တစ်၊ ဘုရားဦး၊ တောင်ပို့လှ၊ ပင်မီ၊ လယ်ကြား၊ တောင်နီ၊ သိမ်ကုန်း၊ ဗန်းပုံး၊ သစ်ပင်ထောင်၊ နောင်အင် စသော ရှမ်းမြေလတ်တောင်ပိုင်းနေရာဒေသများတွင် ပျံ့နှံ့နေထိုင်လျက်ရှိသည်ကို ယနေ့ထိတိုင် တွေ့မြင်နိုင်ပါသည်။ သက္ကရာဇ် ၁၈၉၇ ခုနှစ်ရောက်သည့်အခါ သာမိုင်းခမ်းနယ်အတွင်းနေထိုင်သော ထနော့တိုင်းရင်းသားလူဦးရေမှာ ၄၈၆ ယောက်ရှိသည်ဟု သိရသည်။ယင်းနေရာဒေသများသည် ပဒေသရာဇ်ရှမ်းစော်ဘွားများအုပ်ချုပ်ခဲ့သည်။ လူမျိုးတစ်မျိုး၏ သမိုင်းကိုလေ့လာရာ၌ ကျောက်စာ၊ မင်စာများသည် အဓိက ခိုင်လုံသော သက်သေအထောက်အထားဖြစ်သည်။ သို့သော်လည်း ထနော့လူမျိုးနှင့်ပတ်သက်သောကျောက်စာ၊မင်စာများဖြင့် ကမ္ဘည်းထိုးမှတ်တမ်းတင်ထားခြင်း မရှိသလောက် နည်းပါးလှပါသည်။ထို့ကြောင့် ထနော့လူမျိုးတို့၏ နေထိုင်ရာဒေသများ၊ ပြောဆိုသော ဘာသာစကားများ၊ အသံနေ အသံထားများ၊ ရိုးရာဝတ်စားဆင်ယင်မှုများကိုသာ ထောက်ဆ၍ လေ့လာရပါသည်။

အရှင်ဆေကိန္နဒ(ထနော့)



ရှေးမွန်စာပေသမိုင်း ဂေတ်ဦးမြင်ကွင်း

ဗညားဂုဏ်လဟေ

ပြောင်းလဲလာခဲ့သော သမိုင်းရေစီးကြောင်းနှင့်အတူ မွန်လူမျိုးတို့သည် အမျိုးမျိုးသော အမည်နာမဖြင့် “ရမေန်၊ ရေမေန်၊ ရမည်၊ ရမန်” စသဖြင့် ရွှေ့လျား ပြောင်းလဲလာခဲ့သည်။ မွန်လူမျိုးတို့ ပျံနှံ့နေထိုင်ရာဒေသ၏ တစ်ခွင်တစ်ပြင်ကို ရာမညမဏ္ဍလဟု ရှေးပညာရှင်တို့ ဆိုခဲ့ကြ၏။ ရာမညမဏ္ဍလတွင် ပုသိမ် ၃၂ မြို့၊ ဟံသာဝတီ ၃၂ မြို့၊ မုတ္တမ ၃၂ မြို့ ဟူ၍ ကလျာဏီ မွန်ကျောက်စာအရ ဆိုခဲ့ကြသည်။

မွန်လူမျိုးတို့၏ မြို့ပြနိုင်ငံထွန်းကားခြင်းနှင့်အတူ မွန်စာပေ မွန်အကွန်ရာအရေးအသား ထွန်းကားမှုမှာ ဆက်စပ်လျက်ရှိသည်။ မြို့ပြနိုင်ငံများထွန်းကားခြင်းနှင့်အတူ ယုံကြည်ကိုးကွယ်သော ဘာသာတရားကို အခြေခံ၍ စာပေယဉ်ကျေးမှုမှာလည်း ဖွံ့ဖြိုးပေါ်ပေါက်လာရသည်။ ဆရာမာမက(သုတေသီ)၏ “မွန်တို့ဌာနေ ရာမည” စာအုပ်တွင် “မွန်များသည် (ဘီစီ ၂၀၀၀) ခန့်က ပင် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်နေထိုင်ခဲ့ကြကြောင်း သမိုင်းသုတေသီတို့ ခန့်မှန်းကြသည်”ဟု ဆိုခဲ့သည်။ ထို့ကြောင့် မွန်လူမျိုးတို့သည် မြန်မာနိုင်ငံအောက်ပိုင်း၊ မြန်မာနိုင်ငံအရှေ့တောင်ဖက်တို့တွင် (ဘီစီ ၂၀၀၀)ခန့်ပင် ဝင်ရောက်ပျံနှံ့ နေထိုင်ခဲ့ကြလေသည်။ မွန်လူမျိုးတို့၏ မူလရေသောက်မြစ်ဖြစ်သော မွန်ခမာအနွယ်တို့သည် တရုတ်နိုင်ငံတောင်ပိုင်း ယန်စီကျန်မြစ်ဝှမ်းဒေသမှ တောင်ဘက်သို့ ဆင်းလာကြပြီးလျှင် သံလွင်မြစ်ကြောင်းနှင့် မဲခေါင်မြစ်ကြောင်းတို့အတိုင်း ဆင်းသက်လာခဲ့ကြသည်။ ထိုသို့ဆင်းသက်ရာတွင် ယိုးဒယားနိုင်ငံ မဲနန်မြစ်ဝှမ်းရောက် မွန်တို့သည် ဒွါရဝတီနိုင်ငံဟူ၍လည်းကောင်း၊ မဲခေါင်မြစ်ကြောင်းအတိုင်း အရှေ့ဘက်သို့ ဆင်းသက်သော ခမာသည် ကမ္ဘောဇ (ဂျွမ်း) နိုင်ငံဟူ၍လည်းကောင်း၊ မြန်မာနိုင်ငံတောင်ဘက်အတွင်းသို့ အရှေ့ဘက်မှ ဝင်ရောက်လာသော မွန်တို့သည် သံလွင်၊ စစ်တောင်းနှင့် ဧရာဝတီမြစ်ဝှမ်းဒေသတို့တွင် မွန်ဒေသ ရာမည ဟုဆိုသော သုဝဏ္ဏဘူမိရွှေပြည် ရွှေနိုင်ငံတော်ဟူ၍ မြို့ပြနိုင်ငံအသီးသီး တည်ထောင်ခဲ့ကြသည်။ ထို့အပြင် မွန်တို့သည် ကျောက်ဆည်မြေနှုလွင်ပြင်တွင်လည်း အခြေချခဲ့ကြ၏။

သုဝဏ္ဏဘုမ္မိဟုဆိုရာ၌ ဗုဒ္ဓမဝေါဓိခေတ် သုဝဏ္ဏဘုမ္မိ၊ ဗုဒ္ဓနှင့်ခေတ်ပြိုင် သုဝဏ္ဏဘုမ္မိ၊ ဗုဒ္ဓစံလွန်ပြီး သာသနာနှစ် (၂၃၅)၊ ဘီစီ သုံးရာစု သုဝဏ္ဏဘုမ္မိ၊ ဗုဒ္ဓစံလွန်ပြီး သာသနာ (၉၃၀) အေဒီ သုံးရာစုအလွန် သုဝဏ္ဏဘူမိ၊ ပေါက်ကံရာမ ပုဂံပြည် အနုရုဒ္ဓဒေဝ (အနော်ရထာ)နှင့် ခေတ်ပြိုင် အေဒီ ၁၁ ရာစုခန့် သုဝဏ္ဏဘုမ္မိခေတ်ဟူ၍ မွန်ဘာသာအကွဲရာ ပေါ်ထွန်းမှု၊ ထွန်းကားလာမှုတို့ကို အနုစိတ်ပိုင်းခြား လေ့လာနိုင်သည်။ သမိုင်းနှင့်ကျောက်စာဆရာကြီး ဒေါက်တာ နိုင်ပန်းလှက “သမိုင်းလေ့လာရာတွင် ကျောက်စာအပြင် ဘာသာဗေဒ၊ မနုဿဗေဒအရလည်း သိရန်လိုကြောင်း” ဆိုခဲ့သည်။ ရှေးဟောင်းသုတေသန ညွှန်ကြားရေးမှူး ဦးကျော်ငြိမ်းကလည်း “စင်စစ် လူ့ယဉ်ကျေးမှု သမိုင်းလေ့လာရာ၌ စာပေမှတ်တမ်းမှတ်ရာများနှင့် ရှေးဟောင်း သုတေသန အထောက်အထားများ မရနိုင်လျှင် စကား ဝေါဟာရ ကူးပြောင်းဆက်သွယ်သည့် အနှိုင်းဘာသာဗေဒ သုတေသနပညာရပ်သည် သမိုင်းသုတေသနအတွက် စိတ်ချရသော နည်းပညာတစ်ရပ် ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော်ဘာသာစကားဝေါဟာရတို့သည်ထုံးစံအရ ခေတ်ကိုလိုက်၍တရွေ့ရွေ့ပြောင်းလဲသွားတတ်သော်လည်း ၎င်းတို့၏ မူလရင်းမြစ်တို့သည် အလွယ်တကူနှင့် တိမ်ကောပျောက်ခြင်းမရှိသောကြောင့်တည်း”ဟူ၍ ဆိုခဲ့သည်။

ထို့ကြောင့် မွန်ဘာသာစကား၊ အင်္ဂရာစာပေ ပေါ်ထွန်းလာမှု အစကို ခြေရာကောက်ရာ၌ အပြောဘာသာဗေဒကို စတင်လေ့လာရမည်။ အပြောဘာသာဗေဒသည် သမိုင်းမတင်မီကပင် ရှိခဲ့၏။ အပြောဘာသာဗေဒသည် ဘာသာစကားပင်ဖြစ်ပေ၏။

ဗုဒ္ဓမဝေါဓိခေတ် သုဝဏ္ဏဘုမ္မိမှာ ရှေးအိန္ဒိယ မှတ်တမ်းများ၊ မဟာဇနကဇာတ်၊ သုသောန္ဒီဇာတ်တို့တွင် သုဝဏ္ဏဘုမ္မိသို့ သင်္ဘောဖြင့် ရွက်လွှင့်သွားကြကြောင်း ရေးသားဖော်ပြခဲ့ကြသည်။ သုဝဏ္ဏဘုမ္မိသည် စစ်တောင်းနှင့် သံလွင်မြစ်နှစ်သွယ်စပ်ကြား မုတ္တမပင်လယ်ကွေ့ပေါ်ရှိ ကမ်းမြောင်ဒေသ ကမ်းရိုးတန်းဒေသ တစ်လျှောက်ဖြစ်ပေသည်။ “မြန်မာနိုင်ငံတွင် ရှေးဦးပေါ်ပေါက်ခဲ့သော ပဒေသရာဇ်နိုင်ငံတို့အနက် သုဝဏ္ဏဘုမ္မိ၊ ဗိဿနိုး၊ တကောင်းနှင့် ဝေသာလီနိုင်ငံငယ်တို့ ထင်ရှားသည်” ဟု ဗိုလ်မှူးဘရှင်၏ “အနော်ရထာ အရင်ကမြန်မာနိုင်ငံ” တွင် ပြဆိုခဲ့၏။ ပါဠိဘာသာအရ သုဝဏ္ဏ = ရွှေ၊ ဘုမ္မိ = မြေ၊ သုဝဏ္ဏဘုမ္မိ = ရွှေမြေ” ဟု အဓိပ္ပာယ်မည်သည်။ “သုဝဏ္ဏဘုမ္မိ” သည် ဗုဒ္ဓမြတ်စွာ ရွှေနှတ်တော်ထွက် တိုင်းပြည်အမည်ဖြစ်သည်။ ဗုဒ္ဓမပွင့်မီကတည်းက တိုင်းတစ်ပါး ကုန်သည်များ မျက်စိကျခဲ့သော ရွှေတိုင်းပြည်ဖြစ်ခဲ့သည်။ နိုင်ငံရပ်ခြားကုန်သည်တို့ မှတ်တမ်းမှတ်ရာများအရ ထိုနိုင်ငံသည် မြန်မာနိုင်ငံအောက်ပိုင်း ရာမညဒေသပင် ဖြစ်၏။ ရှေးအခါက ရာမညဒေသတွင် မုတ္တမ၊ သထုံ (သုဝဏ္ဏဘုမ္မိ)၊ ဒဂုံ၊ ပုသိမ်မြို့တို့ပါဝင်လေသည်။

ဂျော့စ်ဝေဗာ (George Weber) က “မြန်မာနိုင်ငံအောက်ပိုင်းဒေသတွင် စမိုင်းတို့သည် မွန်တို့နှင့်အတူ ဘီစီ ၅၀၀၀ ကတည်းက ထိတွေ့များခဲ့သည့်အတွက် မိမိတို့ မူရင်းဘာသာစကား ပပျောက်သွားပြီး မွန်စကားကိုသာ ပြောဆိုနေသည်” ဟုအဆိုရှိခဲ့သည်။

ထို့ကြောင့်မွန်လူမျိုးတို့သည်မြန်မာနိုင်ငံအောက်ပိုင်း ရာမညဒေသတွင် ဘီစီ ၂၀၀၀ အထက်စောလျှင် နေထိုင်ခဲ့ကြကြောင်းကို သက်သေပြနိုင်သည့်အပြင် “စမိုင်း”တို့၏ ဝေါဟာရသည် လည်း မွန်တို့တွင် ယနေ့တိုင်ကျန်နေသေးကြောင်းကိုလည်း သက်သေပြနိုင်လေသည်။ “ရွှေ” ဟူသော မူရင်းဝေါဟာရကို စမိုင်းတို့က “တလ်” (ta:l/တေားလ်) ဟုခေါ်ငင်ခဲ့ရာ မွန်တို့က “ထလ်” (tha:l/ထော/) ဟူ၍ယနေ့တိုင်ခေါ်ယူမွေးစားခဲ့ကြောင်းကို တွေ့နိုင်သည်။ အင်ဒိုချိုင်းနားဒေသတွင် မွန်ခမာအနွယ်စကားပြောသော” မနောင်” (Mnong)လူမျိုး၊ စာရေနှင့် ကော်ဟို (sre’၊ Koho) လူမျိုးတို့သည် ရွှေကို “မး” (mah)ဟုခေါ်သည်။ ရှေးမွန်တွင် “ယိမာသ်”(Yimah) ဟူသော ဝေါဟာရ တွေ့နိုင်သည်။ “မး၊ ယိမာသ်” တို့သည် “တောက်ပသည်”ဟု အနက်ရနိုင်သည်။ “ကလေယ်”(kaler)ဟူသောဝေါဟာရတစ်ခုသည်လည်းတောက်ပသည်ဟု အဓိပ္ပာယ်ရသည်။ မွန်တို့သည် “ထလ်”ဟူသောဝေါဟာရ စမိုင်းတို့၏မူရင်းဝေါဟာရ မယူငင်မီတွင် “ကလေယ်” ဟူသော ဝေါဟာရ သုံးခဲ့ဟန် ရှိသည်။

မွန်တို့သည် မိမိတို့ပျံ့နှံ့နေထိုင်ခဲ့ရာဒေသတို့တွင် ကိုယ်ပိုင်ဘာသာစကား မျိုးစေ့များ ချခဲ့ကြသည်။ ရွှေတိဂုံဘုရားသမိုင်းများအရ ကဿပဘုရားရှင်လက်ထက်တွင်

အင်း၌ ရေကစားလေ့ရှိသော ဆင်များကို အစွဲပြု၍ “အင်စိုင်”ဟူသော “အင်းစိန်” ဝေါဟာရသည်လည်းကောင်း၊ ဗုဒ္ဓပွင့်တော်မူမည့်ကာလသို့ ရောက်လတ်သောကာလ မဟာသက္ကရာဇ်(၇၈) ဥက္ကလာပမင်းကြီးလက်ထက်တွင် သမင်ဦးခေါင်းနှင့်တူသောဦးခေါင်းရှိသည့် လုလင်ကို သမင်များကျက်စားရာဒေသ စောင့်ရှောက်စေသည်ကို အစွဲပြု၍ ချင်မင်ဂရဲ-ချင်မင်္ဂလာ-မင်္ဂလာချင်-မင်္ဂလာဒုံဟူ၍ ရွှေ့လျားလာသော ဝေါဟာရတို့သည် ရှေးမွန်တို့၏ ဝေါဟာရများဖြစ်၏။

ရွှေတိဂုံဘုရားသမိုင်းများနှင့် ပတ်သက်၍ စောဒကတက်မည်ဆိုသော် ဆရာကြီးပါရဂူ၏ “လေးဆူဓာတ်ပုံရွှေတိဂုံ” စာအုပ်တွင် “ရန်ကုန်မြို့ရှိသဘာဝသမိုင်းပြတိုက်နှင့် အနီးတွင် “Dinosaur” ခေါ် ကမ္ဘာဦး တိရစ္ဆာန်အန္တယ်ဝင်ကင်းလိပ်ချောကြီးသဏ္ဌာန် အရုပ်ကြီးကိုလည်း လေ့လာကြည့်ရှုသင့်ပါသည်”ဟူသော အဆိုဖြင့်လည်းကောင်း၊ ဆရာမောင်သွေးချွန်၏ “ဒေါက်တာသန်းထွန်း၏ သမိုင်းထဲကအလွဲများ” စာအုပ်တွင် “စာပေမပေါ်မီကတည်းက လူမျိုးဆိုတာ ပေါ်နေပြီးဖြစ်လို့ စာပေထက် အက္ခရာမတင်မီမှာ သက်ကြီးစကားသက်ငယ်ကြား ဆိုသလို ပါးစပ်ရာဇဝင် ခင်းခဲ့ရပါတယ်”ဟူသောအဆိုဖြင့်လည်းကောင်း၊ ထို့နောက် ထိုစာအုပ်တွင်ပင် ပျူမြို့ဟောင်း သရေခေတ္တရာနှင့် ပတ်သက်၍ “မြို့တော်၏ မြို့ရိုးထုထည်ကြီး၏၊ ပုဂံသို့မဟုတ် မန္တလေးမြို့ထက် ကျယ်၏၊ အဝိုင်းသဏ္ဌာန်ရှိ၏၊ သုံးစွဲသော အုတ်ချပ်များကြီး၏၊ မြန်မာရာဇဝင်ကျမ်းတို့၌ နဂါးမင်းက အမြီးကိုဝှေ့ယမ်းပြီး မြို့ဝန်းကိုဖော်ပေးသည်ဟုဆိုသည်မှာသင့်လှ၏” ဟုလက်ခံခဲ့သည်နှင့် ပြန်လည်ဖြေရသည်။ ထို့ကြောင့် “ထော၊ မး၊ ယိမာသ်၊ ကလေယ်၊ အင်းစိန်၊ မင်္ဂလာဒုံ” ဝေါဟာရတို့သည် စာပေထက် အက္ခရာမတင်မီ ဗုဒ္ဓမပေါ်မီ သုဝဏ္ဏဘုမ္မိရာမည ဝေါဟာရများဖြစ်နိုင်ပေသည်။

ဗုဒ္ဓနှင့်ခေတ်ပြိုင် သုဝဏ္ဏဘုမ္မိခေတ်တွင် ဗုဒ္ဓမတိုင်မီခေတ်ကဲ့သို့ပင် မွန်အက္ခရာအရေးအသားမပေါ်သေးဘဲ အပြောဘာသာစကားအဆင့်တွင်သာ ရှိနေသေးသည်။ ရာမညတိုင်းသားတို့သည် အိန္ဒိယတိုင်းသားတို့နှင့် ဗုဒ္ဓခေတ်မတိုင်မီ ခေတ်များစွာကပင် ကုန်သွယ်မှုများရှိခဲ့ကြသည်။ ထို့ကြောင့် အပြောဘာသာစကားဝေါဟာရများတွင် ပါဠိလွှမ်းသော အသုံးအနှုန်းများပါရှိသည်ကို တွေ့နိုင်သည်။ “သုဘိန္နဂရ၊ သုဝဏ္ဏဘုမ္မိ၊ သုဓမ္မဝတီ၊ ဥက္ကလာပ၊ တြိကုမ္ဘ” ကဲ့သို့ မြို့အမည်များကို သုံးသပ်ဆင်ခြင်ခြင်းဖြင့် သိနိုင်သည်။ ထိုကဲ့သို့ ပါဠိအသုံးဝေါဟာရများအပြင် “တိကုမ္ဘ၊ ကမာရွတ်၊ ကျိုက်ဒေးကနော်၊ ကျိုက်အင်ခလွန်၊ ကျိုက်လှာပတံ၊ ကျိုက်တဂိုးနွတ်၊ ကျိုက်တဂိုးတွတ်၊ ကျိုက်လှာပတီ၊ ကျိုက်ကော့မျှား၊ ကျိုက်ဖလ၊ ကျိုက်ကေသာ၊ ကျိုက်ထီးရိုး၊ ကျိုက်ဇင်းကျိုက်၊ ကျိုက်ဇွဲကပင်၊ ကျိုက်မုလအိ၊ ကျိုက်ဇုတ်သုတ်” စသည့် စေတီဘုရားဝေါဟာရတို့သည် ဗုဒ္ဓနှင့်ခေတ်ပြိုင်ပေါ်ပေါက်လာခဲ့သော သုဝဏ္ဏဘုမ္မိခေတ် ရာမညတိုင်းသား မွန်သာသာစကား ဝေါဟာရများ ဖြစ်ပေသည်။

မဟာသက္ကရာဇ် (၁၄၈)၊ ကဆုန်လပြည့်၊ ဘီစီ (၅၄၄) တွင် ဗုဒ္ဓမြတ်စွာဂေါတမ ပရိနိဗ္ဗာန် စံလွန်သည်။ မဟာသက္ကရာဇ် (၁၄၈)၊ ဝါခေါင်လဆန်း(၅)ရက်၊ သာသနာသက္ကရာဇ် (၁) ခု၊ ဘီစီ (၅၄၄) တွင် ရှင်မဟာကဿပဦးဆောင်ပြီး ပထမသင်္ဂါယနာတင်ခဲ့သည်။ သာသနာသက္ကရာဇ် (၁၀၀)၊ ကဆုန်လပြည့်နေ့၊ ဘီစီ (၄၄၄) တွင် ရှင်ယသမထေရ် ဦးဆောင်ပြီး ဒုတိယသင်္ဂါယနာတင်ခဲ့သည်။ သာသနာသက္ကရာဇ် (၂၃၄)ခု၊ တပို့တွဲလပြည့်၊ ဘီစီ (၃၁၀)တွင် ရှင်မောဂ္ဂလိပုတ္တတိဿမထေရ် ဦးဆောင်ပြီး တတိယသင်္ဂါယနာတင်ခဲ့သည်။ တတိယသင်္ဂါယနာတင်ပြီး ရှင်မောဂ္ဂလိ ပုတ္တတိဿမထေရ်၏ ကြံစည် လမ်းညွှန်မှုဖြင့် ကိုးတိုင်းကိုးဌာနသို့ သာသနာတော်ပြန့်ပွားစေသည်။

ထို့ကြောင့် ရာမညဒေသ သုဝဏ္ဏဘုမ္မိသည်လည်း အရှင်သောဏနှင့် ဥတ္တရမထေရ်တို့ သာသနာပြုမှုကြောင့် သာသနာတော်ထွန်းပခဲ့သည်။ သာသနာတော်နှင့်အတူ ပဋ္ဌကတ်တော် သည်လည်း တိုးပွားစေခဲ့သည်။ သို့သော်လည်း အိန္ဒိယဒေသတွင် သာသနာတော်နှစ် ၄၅၀ ပြည့်သည့်တိုင် ရဟန္တာအရှင်မြတ်တို့သည် ပဋ္ဌကတ်သုံးပုံကို ပေထက်၌ အက္ခရာမရေးရသေးဘဲ နှုတ်ဖြင့်သာ အာဂုံဆောင်ခဲ့ကြသည်။ သာသနာတော်နှစ် ၄၅၀ ပြည့်ပြီးနောက်တွင် ပညာဉာဏ် ဆုတ်လာ၍ နှုတ်အာဂုံမဆောင်နိုင်မည်ကို ရဟန္တာရှင်မြတ်တို့ မြင်တော်မူသဖြင့် ပဋ္ဌကတ်သုံးပုံကို အရှည်တည် စိမ့်သောငှာ ရဟန္တာငါးရာတို့ပေါင်းညီသည်ကို အကြောင်းပြု၍ စတုတ္ထသင်္ဂါယနာတင်ခဲ့ကြသည်။ ထိုအချိန်မှစ၍ အက္ခရာအရေးအသားသည်လည်း သာ

သနာတော်နှင့်အတူ စတင် ပျံ့နှံ့လာခဲ့သည်။ သာသနာသက္ကရာဇ် (၆၅၁) အေဒီ (၁၀၇)တွင် သမုဒ္ဒရာဇမင်း တမွဒီပတိုင်းကို တည်ထောင်အုပ်ချုပ်စဉ်၌ သုဝဏ္ဏဘုမ္မိ၊ သရေခေတ္တရာတို့တွင် ပြည်ရွာများ ပျက်ဆီးမှုကြောင့် ပရိယတ္တိသာသနာတော်သည် ကောင်းမွန်စွာ မဆောင်ရွက်နိုင်ဘဲ တွင်တွင်ကျယ်ကျယ် မပျံ့နှံ့နိုင်သဖြင့် နှုတ်အာဂုံအဆင့်တွင်သာ ရှိခဲ့သေး၏။

သာသနာသက္ကရာဇ်(၉၀၀)ပြည့်နှစ် အေဒီ (၃၅၆) ပျူဘုရင်သေလည်ကြောင်မင်း လက်ထက်၌ "သုဝဏ္ဏဘူမိ မည်သော သထုံပြည်၌ အစဦးစွာ မင်းပြုသော သီဟရာဇာမင်းမှ (၂၅) ဆက်မြောက် ဓမ္မပါလမင်းသည် အမတ်လေးယောက်၊ဆင်ဖြူတစ်စီးနှင့်တကွ ထည့်အပ်တော်မူလိုက်၏။ အရှင်ဗုဒ္ဓဃောသသည် နောက်ပါအဆွေအရံတို့နှင့်တကွ ပုသိမ်သဘော်ဆိပ်မှ မန္တိမဒေသသို့ကူး၍ ဗောဓိသတ္တဌာနစသည်တို့ကို ပန်းချီတို့အားရေးသားစေပြီးလျှင် သီဟိုဠ်ကျွန်းသို့ကူးခဲ့သည်" ဟူ၍ ဦးဘေ၏ ပုဂံရာဇဝင်သစ်စာအုပ်တွင် အဆိုရှိ၏။ "အရှင်ဗုဒ္ဓဃောသသည် သီဟိုဠ်ကျွန်းသို့သီဟိုဠ်ဘာသာအဋ္ဌကထာကိုမာဂဓဘာသာပြန်ဆိုရေးသားသတည်း"

"ထိုအခါသီဟိုဠ်ကျွန်း၌ မဟာနာမမင်းပြုသတည်း" ဟူ၍လည်း အဆိုရှိခဲ့၏။ ရှင်ဗုဒ္ဓဃောသသည် ပိဋကတ်သုံးပုံကိုကူးယူပြီး သထုံပြည်သို့ ဆောင်ယူခဲ့သည်။ ဤတွင် ရာမညဒေသ သထုံပြည်တွင် ပရိယတ္တိသာသနာထွန်းလင်းတောက်ပစေခဲ့သည်။ ပရိယတ္တိသာသနာ ထွန်းလင်းတောက်ပခြင်းနှင့်အတူ အက္ခရာစာပေအရေးအသား ပေါ်ပေါက်လာရခြင်း၏ ပြယုဂ်ပင်ဖြစ်သည်။ ရှင်ဗုဒ္ဓဃောသကူးယူလာခဲ့သော ပိဋကတ်သုံးပုံသည် အိန္ဒိယတောင်ပိုင်းအက္ခရာဖြစ်သော ဖြဟ္မီအက္ခရာပွားဖြစ်သော တေလုရု–ကနဒီ ခေါ် ရှေးဟောင်းအက္ခရာများဖြစ်နိုင်သည်ဟု ယူဆရသည်။ အက္ခရာဆရာကြီးဦးမြကလည်း မွန်မြန်မာအက္ခရာသမိုင်းတွင် "ယင်းတေလုရု–ကနဒီခေါ် ရှေးအရေးအသားများကို အသေးစိတ်ခွဲထုတ်သော် အုပ်စိုးသော မင်းများကို အစွဲပြု၍ ခေါ်သော ပလ္လဝ၊ ကဒံဗ၊ အနောက်ပိုင်း စလုကျအစရှိသည်တို့ ဖြစ်ကြသည်" ဟုဆိုခဲ့၏။

အေဒီ(၃)ရာစုကျော်ပြီး ရှင်မဟာဗုဒ္ဓဃောသကူးယူသော ဗုဒ္ဓစာပေမှအစပြုကာ ပေါ်ပေါက်လာခဲ့သော အက္ခရာစာပေ အရေးအသားတို့သည် ဗုဒ္ဓစံလွန်ပြီး သုဝဏ္ဏဘုမ္မိရာမည စာပေအရေးအသားဟု ဆိုရပေမည်။ ထို့အပြင် ရန်ကုန် ဗိုလ်တထောင်ရှိ ကျိုက်ဒေးအပ်စေတီတော်မှ တွေ့ရသော "ယေဓမ္မာ" အစချီပါဠိဂါထာအုတ်ခွက်အက္ခရာအရေးအသားသည်လည်းကောင်း၊ ကျိုက္ကသာမြို့ဟောင်းတူးဖော်မှုမှတွေ့ရသော အုတ်ခွက်နှစ်ချပ်မှ အက္ခရာအရေးအသားသည်လည်းကောင်း၊ ၂၀၁၅ ခုနှစ်၊ သထုံမြို့ရွှေစာရံဘုရားအနီး ၄ က်တွင်းစတုဘုမ္မိကကျောင်းမှ တူးဖော်တွေ့ရှိရသော အုတ်ခွက်ဘုရား အက္ခရာအရေးအသားတို့သည် ဗုဒ္ဓစံလွန်ပြီး သုဝဏ္ဏဘုမ္မိရာမည အက္ခရာ အရေးအသားများ ဖြစ်နိုင်ပေသည်။

ပေါက္ကံရာမ ပုဂံပြည်နှင့်ခေတ်ပြိုင် အေဒီ ၁၁ ရာစုခန့် သုဝဏ္ဏဘုမ္မိရာမည မွန်ဘာသာအက္ခရာ အရေးအသားများကို သထုံမြို့ကျိုက်စာရံ(ရွှေစာရံ) ဘုရား၀င်းရှိ တြာပ်၊ ပဏ္ဍိတ်ကျောက်စာ၊ သထုံကလျာဏီကျောက်စာနှင့် ကော့ဂွန်ဂူမတ်ရပ်ဆင်းတုတော်ကျောက်စာ၊ ကျွန်းတော်ကျွန်းဘုရားပျက်မှ အုတ်ပြားစာတို့မှာ ထိုခေတ်အခါက သုဝဏ္ဏဘုမ္မိ မွန်ဘာသာအက္ခရာ အရေးအသားများဖြစ်သည်။

ထိုခေတ်မှလွန်သော် အမတ်ကြီးမဟာဓမ္မသင်္ကြီ၏ သာသနာလင်္ကာရစာတမ်းတွင် "သာသနာ (၁၆၀၁) ခုနှစ် သက္ကရာဇ်(၄၁၉)ခုနှစ်တွင် သထုံပြည် သာသနာကို အနော်ရထာမင်းစော (၁၀၄၄–၇၈) ပုဂံသို့ဆောင်ခဲ့သည်" ဟု ဆို၏။ ထို့ကြောင့် သာသနာတော်နှင့်အတူ ပိဋကတ်စာပေသည် ပုဂံပြည်ကြီးတွင်လမင်းကြီးပမာ ထိန်ထိန်သာခဲ့၏။ ပိဋကတ်စာပေနှင့်အတူ မွန်အက္ခရာအရေးအသားသည်လည်း ပုဂံပြည်ကြီးတွင် နေရာရယူကာ ထွန်းကားလာခဲ့သည်။ အနော်ရထာမင်းစော နတ်ရွာစံပြီး နောက်ပိုင်း သာသနာသက္ကရာဇ် (၁၆၂၈) ခရစ် (၁၀၈၅) တွင် ထီးနန်းဆက်ခံသော ကျန်စစ်သားမင်းကြီးလက်ထက်တွင် မွန်စာပေအက္ခရာ အရေးအသားသည် ထီးသုံးနန်းသုံးစာပေအဖြစ်သို့ ရောက်ခဲ့ရသည်။ ကျန်စစ်သားမင်းကြီး ထုဆစ်ခဲ့သော ကျောက်စာများအနက် "ရွှေစည်းခုံမွန်ကျောက်စာ" သည် အလွန်ရှည်လျားသော၊ ခမ်းနားသော ကျောက်စာအရေးအသားဖြစ်သည်။

ရွှေစည်းခုံမွန်ကျောက်စာ(ခ)စာကြောင်းရေ (၂၈–၃၀) တွင် –

ကျောက်စာပြန် – "ရုံဝတ်ညး စာက်နောရ်ညးရုံလောသ်
ဂုံလောင်၊ နပုန်အာရ်တိတူလ် နမေယ်
တြိစိတ်မဒ္ဓသ်တေယ်

မြန်မာပြန် – "ချစ်သူအပေါင်းမှ ကွဲကွာကုန်သော
သူတို့၏မျက်ရည်များကို အကျိုးစီးပွား
ထွက်မြောက်ခြင်းကြောင့်လက်နှင့်
တူသော မေတ္တာစိတ်ဖြင့်"
နှင့်(ခ)မျက်နှာစာကြောင်းရေ(၃၄–၃၇)
တွင် –

ကျောက်စာပြန် – "နံ တေယ်သ္ဆာမ်သ္ကိလ်သ္ကေယ်ပူင်တွာင်
ကု မဟာဇနဲဂုံလောင်၊ နတေယ် ဇွိသ္ကိ
လ်ကြိယာလ္ဂိက်အန္တက်ကုမ္မးဂုံလောင်၊
အုတ်မဟာဇနဲစိရော၀် ကောန်မ တာ
၀်ပ္မဒ္ဓယ်စြိသ်အမွောရော၀်ဂေါး"

မြန်မာပြန် – "လက်ယာလက်ဖြင့် ပြည်သူအပေါင်း
တို့အား ထမင်း၊ မုန့်ပေး၍ လက်ဝဲ
လက်ဖြင့် လူအပေါင်းတို့အား ပစ္စည်း
ဥစ္စာ အ၀တ်ပုဆိုးများ ပေးကမ်းလိမ့်
မည်၊ သို့လျှင် ပြည်သူအပေါင်းတို့သည်
အမိရင်ခွင်၌ နေရသော သားငယ်ပမာ
ချမ်းသာသုခပြည့်၀ကြရန်" ကဲ့သို့သော
ပြောင်မြောက်သည့် ရှေး မွန်စာ အရေး
အသားများကို တွေ့ရသကဲ့သို့ ထိုမင်း
လက်ထက် နံရံဆေးရေးပန်းချီ မင်စာ
တွင်လည်း –

မင်စာပြန် – အန္တျယ်လ္ဘျက်ဗ္လးဒ၊ မရိသိသုမေဓ
ပဏ္ဍိတ် အဗါရ်ကာလ်ဂေါး ဂေါအ်
မနုဿအာရ်ဗိဗောယ် ကျောက်တြေယ်
ဂေါအ်မနုသ်ဂုံလိင်မပူဇော၀်

မြန်မာပြန် – ပညာရှိ သုမေဓာရသေ့ ရွှံ့ဗွက်ပေါ်
မှောက်ပြီးသောကာလ၌ လူအပေါင်း
တို့မြတ်စွာဘုရားကဲ့သို့ ပူဇော်သကဲ့သို့
သော ရုပ်ရှင်သဖွယ် ရုပ်လုံးကြွ စာပန်း
ချီအရေးအသားများရေးသားနိုင်သည်။

ထိုကျန်စစ်သားမင်းကြီး လက်ထက်၌ပင် ရေးထိုးခဲ့သည်ဟု ယူဆရသည့် ကျောက်ဆည်ကျောက်စာတွင်လည်း သမိုင်းအထောက်အထား ဝေါဟာရအသုံးအနှုန်း ရှေးမွန်စကားလုံးဖြစ်သော (စာ–၃)မှ မြို့နာမည် "ကျွောက် သယောင် > ကျောက်ဆည်" သည်လည်း တန်ဖိုးကြီးများလှပါသည်။ ဘာသာဗေဒပြောင်းထုံးကို သုတေသနပြုသော် "အန္ရက် > ကျွောက်"၊ "သမောဂုင် > သရောင် > သယောင် > သယေင် > သေယ် > ဆယ် > ဆည်" စသဖြင့် တဆင့်ပြီး၊ တစ်ဆင့်ရှေးမြို့ နာမည်ပြောင်းလဲခဲ့ပုံ စိတ်ဝင်စားဖွယ် ရှေးမွန်စာပေအရေးအသားများတွေ့နိုင်သည်။

အချုပ်အားဖြင့်ဆိုရသော် ရှေးမွန်စာပေသည် သမိုင်းရေစီးကြောင်း တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းရွှေ့သကဲ့သို့ သာသာတရားကို အခြေခံ၍ အပြောဘာသာစကားမှ တစ်ဆင့် တစ်ရွှေ့ပြီးတစ်ရွှေ့ ရွှေ့ခဲ့ရာမှာ ရှေးမွန်စာပေ ခေတ်ဦးမြင်ကွင်းသည်လည်း အသီးအပွင့်များဖြင့် ဝေဆာခဲ့ရသည်ကို လေ့လာနိုင်ပါသည်။ အဆင့်အတန်းမြင့်မားခဲ့သော စာပေအနှစ်သာရများ၊ ဗဟုသုတများဖြင့် ရွှန်းဝေစည်ပင်ခဲ့ရပါသည်။

ဗညားဂုဏ်လဟေ

ကျမ်းကိုးများ –

(၁) အသစ်မြင်မြန်မာသမိုင်းများ၊ ဒေါက်တာသန်းထွန်း
(၂) ပုဂံမြို့ဟောင်းမြင်းကပါဂူပြောက်ကြီးဘုရား၊ ဦးကျော်ငြိမ်း
(၃) အနော်ရထာအရင်က မြန်မာနိုင်ငံ၊ ဗိုလ်မှူးဘရှင်
(၄) မွန်တို့ဌာနေ ရာမည၊ မာမကသုတေသီ
(၅) ပုဂံရာဇဝင်သစ်၊ ဦးဘေ
(၆) မွန်မြန်မာအကွ၀ရာသမိုင်း၊ ဦးမြ
(၇) သာသနာလက်ံာရစာတမ်း၊ မဟာဓမ္မသင်္ကံ
(၈) မွန်ကျောက်စာပေါင်းချုပ်၊ ဦးချစ်သိန်း
(၉) တိုင်းရင်းသားရေးရာ၊ နိုင်ပန်းလှ
(၁၀) လေးဆူဓာတ်ပုံရွှေတိဂုံ၊ ပါရဂူ
(၁၁) ဒေါက်တာသန်းထွန်း၏သမိုင်းထဲကအလွဲများ၊ မောင်သွေးချွန်



အောင်ဆန်းသူရိယ စောဘဂီ

ဆရာမောင် (ပန်းတနော်)

စောဘဂီကို အဘဦးရန်အောင်၊ အမိဒေါ်အေးမေတို့က မြန်မာသက္ကရာဇ် ၁၂၉၁ ခုနှစ်တွင် ညောင်တုန်းမြို့နယ်၊ ကညင်ကောက်ကျေးရွာအုပ်စု၊ သံဖြူစုကျေးရွာတွင် မွေးဖွားခဲ့သည်။ ကြာသပတေးသားဖြစ်သည်။ အဘဦးရန်အောင်သည် သံဖြူကျေးရွာဇာတိဖြစ်ပြီး ပိုးကရင်လူမျိုးဖြစ်သော်လည်း ကရင်စကားကို အနည်းငယ်သာပြောတတ်သည်။ အမိဒေါ်အေးမေသည် ပန်းတနော်မြို့နယ်၊ ကဇင်းငူကျေးရွာအုပ်စု၊ ကဇင်းငူကျေးရွာဇာတိဖြစ်ပြီး ပိုးကရင်အမျိုးသမီးဖြစ်၍ ပိုးကရင်စကားကို ကျွမ်းကျင်စွာပြောတတ်သည်။ စောဘဂီ၏မွေးချင်းများမှာ (၁) ဒေါ်အေးသူ (၂) ဦးအောင်မြင့် (၃) စောဘဂီ (၄) ဦးခင်မောင် (၅) ဦးခင်မောင်ကလေးတို့ ဖြစ်ကြသည်။ စောဘဂီသည် အရပ်အမောင်းခပ်ပြတ်ပြတ် ဥပဓိရုပ်ကောင်းကောင်းနှင့် မျက်နှာလေးထောင့်ပုံရှိသည်။ နဖူးပြင်ကျယ်ကျယ်နှင့် မျက်လုံးမှာ တောက်ပလျက်ရှိသည်။ အေးအေးဆေးဆေးနေထိုင်တတ်ပြီး ကွမ်းအလွန်ကြိုက်သည်။ ဖျတ်ဖျတ်လတ်လတ်ရှိ၍ မျက်နှာမှာ အမြဲပြုံးနေတက်သည်။

စောဘဂီ၏ မိဘများမှာ လယ်သမားများဖြစ်ကြပြီး စောဘဂီ ခုနစ်နှစ်သားခန့်တွင် မိခင်၏ဇာတိ ကဇင်းငူကျေးရွာသို့ ပြောင်းရွှေ့အခြေချကာ လယ်လုပ်ငန်းနှင့် ကွမ်းခြံလုပ်ငန်းကို လုပ်ကိုင်ကြသည်။ စောဘဂီသည် ကဇင်းငူကျေးရွာ မူလတန်းကျောင်း၊ ကျောင်းအုပ်ဆရာကြီး ဦးဘကြီးအောင် (ခ) ဦးဘကျော်ထံတွင် (၄) တန်းအောင်သည်အထိ ပညာသင်ယူခဲ့သည်။ ထို့နောက် မအူပင်မြို့၊ စာရေးကုန်းရပ်ကွက်ရှိ အဒေါ်နေအိမ်တွင် နေထိုင်ပြီး မအူပင်အထက်တန်းကျောင်းသို့ တက်ရောက်ပညာသင်ယူခဲ့သည်။ ကဇင်းငူမူလတန်းကျောင်းမှ (၄) တန်းအောင်ခဲ့သော်လည်း မအူပင် အထက်တန်းကျောင်းတွင် (၃) တန်းသာ ဝင်ခွင့်ပြုခဲ့သည်။

မအူပင်အစိုးရအထက်တန်းကျောင်း၌ (၇) တန်းတွင် ပညာသင်ကြားနေဆဲ အင်းစိန်-ကေအင်န်ဒီအိုတပ် စကောမောလေးတပ်ဖွဲ့သို့ ဝင်ရောက်သွားခဲ့သည်။ ကေအင်န်ဒီအိုတပ်ဖွဲ့ အင်းစိန်မှ ဆုတ်ခွာသွားသောအခါ စောဘဂီသည် ကေအင်န်ဒီအိုမှ ၎င်း၏အပေါင်းအဖော်ရဲဘော်များနှင့် ကဇင်းငူရွာသို့ ပြန်လည်ရောက်ရှိလာကြသည်။ ၎င်းတို့နှင့်အတူ စတင်းဂန်းတစ်လက်နှင့် ခြောက်လုံးပြူးတစ်လက်ပါလာသည်။ ကဇင်းငူရွာတွင် ၃-၄ လခန့် နေထိုင်ပြီး ၎င်းတို့အဖွဲ့သည် တောင်ငူဘက်သို့ ထွက်ခွာသွားကြသည်။

စောဘဂီသည် ငယ်စဉ်ကလေးဘဝက ပိုးကရင်စကားကို အနည်းငယ်သာပြောတတ်ပြီး အင်းစိန်မှ ကဇင်းငူသို့ ပြန်လည်ရောက်ရှိရာတွင် စကောကရင်စကားကို ကျွမ်းကျင်စွာ ပြောတတ် လာသည်။ စောဘဂီသည် (၇) တန်းအထိသာ ပညာသင်ကြားရသော်လည်း အင်္ဂလိပ်စာနှင့် အင်္ဂလိပ်စကားကို အတော်အသင့်ရေးနိုင်ပြောနိုင်သူဖြစ်သည်။

စောဘဂီသည် သံတောင်မြို့နယ်ကို တာဝန်ယူထားသော ကေအင်န်ဒီအို ဗိုလ်ချုပ်စောရွှေလေး ဌာနချုပ်တွင်


တပ်စုမှူးအဆင့်တာဝန်ထမ်းဆောင်ခဲ့ပြီး တောတွင်း၌ မပျော်ပိုက်၍ ကျန်းမာရေးကို အကြောင်းပြကာ အလင်းဝင်လာသူဖြစ်သည်။ စောဘရီသည် တောတွင်း၌နေထိုင်စဉ် အဆုတ်ရောဂါ စွဲကပ်သဖြင့် မြို့တက်ဆေးကုသနိုင်ရေးအတွက် အခွင့်အရေးရရှိခဲ့သူဖြစ်သည်။ ဆေးကုသစရိတ်အတွက် ငွေရှာရန် တောတွင်းသို့ အရောင်းအဝယ်သွားရောက်လုပ်ကိုင်နိုင်သည့် အခွင့်အရေးပါ ရရှိထားသူလည်းဖြစ်သည်။

၁၉၄၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်က မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တိုင်းမှူး ဗိုလ်မှူးကြီးမောင်မောင်သည် သူ၏စစ်ဦးစီးအဖွဲ့နှင့်အတူ မိတ္ထီလာမြို့လုံခြုံရေးအတွက် မြို့တွင်းသို့ လှည့်လည်စစ်ဆေးစဉ် မိတ္ထီလာမြို့တွင်းသို့ ကြိုတင်ရောက်ရှိနေသော ကေအင်နဒီအိုအဖွဲ့၏ ဖမ်းဆီးခြင်းကို ခံခဲ့ကြရသည်။ ကေအင်နဒီအိုများ၏ဖမ်းဆီးချုပ်နှောင်ခံနေရသော ဗိုလ်မှူးကြီးမောင်မောင်နှင့်အဖွဲ့ကို ကယ်တင်နိုင်ရေးအတွက် အမှတ်(၂) ခြေမြန်တပ်မဟာမှူးဗိုလ်မှူးကြီးစောမြင့် (မှူးသမိန်) ၏ စီစဉ်ဆောင်ရွက်မှုအရစောဘရီနှင့်အမှတ်(၁)ကရင်သေနတ်ကိုင်တပ်ရင်းတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသူ ကရင်အမျိုးသားစောမြင့်တို့သည် ငါးပိ၊ ငါးခြောက်ရောင်းကုန်သည်ဟန်ဆောင်၍ ၁၉၅၁ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့ညက ခရီးထွက်ခဲ့ကြသည်။ ကေအင်နဒီအိုတို့ဖမ်းဆီးပြီး သံတောင်မြို့နယ်၊ ဘောဂလေအနီး ရေသိုးကြီးရွာ အချုပ်ခန်း၌ ချုပ်နှောင်ထားသော ဗိုလ်မှူးကြီးမောင်မောင် တို့နှင့် အဆက်အသွယ် ရယူနိုင်ခဲ့ကြသည်။


တပ်မဟာမှူး ဗိုလ်မှူးကြီးစောမြင့်သည် ဗိုလ်မှူးကြီးမောင်မောင်နှင့် တပ်မတော်အရာရှိများကို ကယ်တင်နိုင်ရေးအတွက် အသေးစိတ်အစီအစဉ်များ ရေးဆွဲဆောင်ရွက်ကာ အဖွဲ့ခေါင်းဆောင် စောဘရီနှင့် ဒုခေါင်းဆောင်တပ်သားစောမြင့်တို့နှင့်အတူ တပ်သားထွန်းယု၊ တပ်သားမောင်သွင်၊ အရပ်သားဦးကျော်သိန်း၊ အရပ်သားဦးထွန်းမင်းတို့ ပါဝင်သော ကွန်မန်ဒိုအဖွဲ့ကိုဖွဲ့စည်းပြီး ၁၉၅၁ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့တွင် ယုဇနစစ်ဆင်ရေးကိုစတင်ခဲ့သည်။

စောဘရီဦးဆောင်သော ကွန်မန်ဒိုအဖွဲ့သည် လုံလောက်သော ခဲယမ်းမီးကျောက်များ၊ ကုန်ပစ္စည်းများဖြင့် တောကုန်သည်ဟန်ဆောင်ကာ တပင်တပန်းခရီးကြမ်းနှင်ခဲ့ကြသော်လည်း အားလုံးသည် တက်တက်ကြွကြွရှိကြသည်။ လမ်းခရီးတွင် ကေအင်နဒီအိုစစ်ဆေးရေးဂိတ်များနှင့် အကောက်ခွန်ဌာနများကို လိမ္မာပါးနပ်စွာကျော်ဖြတ်နိုင်ခဲ့ကြသည်။ တောင်ငူ– မော်ချီးကားလမ်းအတိုင်း တစ်နေ့တာခရီးသွားပြီးသောအခါ ညနေပိုင်းတွင် ကရင်ရွာလေးတစ်ရွာသို့ ရောက်ရှိခဲ့ကြသည်။

ဇွန်လ ၂၇ ရက်နေ့တွင် ဆင်နှစ်ကောင် ငှားရမ်းပြီး ကုန်ပစ္စည်းများ တင်ဆောင်ကာ ခရီးဆက်ခဲ့ကြသည်။ ပလက်ဝတံတားအနီးသို့ဆိုက်ရောက်ချိန်တွင် စောဘရီသည် တံတားဂိတ်မှူးဗိုလ်ကီးနှင့်တွေ့ဆုံရာတွင် ဂိတ်ကြေးနှင့် လက်ဆောင်ပစ္စည်းများပေးပြီး အဆင်ပြေအောင်ဆောင်ရွက်နိုင်ခဲ့သည်။ ယုဇနစစ်ဆင်ရေး လေးရက်မြောက်နေ့တွင် ရေသိုးကြီးရွာအချုပ်ခန်းရှိရာသို့ နီးကပ်လာခဲ့သည်။ ဇွန်လ ၂၈ ရက်နေ့ ညနေစောင်းတွင် စောဘရီနှင့်အဖွဲ့သည်







နိုင်ငံတော် သမ္မတကြီးဦးနု၊ ယုက စောဘရီ (ကျဆုံး) အတွက်ရင်းကြီးဦးခင်စောင်အား စောင်ဆန်းသူရိယစွဲ ချီးမြှင့်စဉ်။

အဆင့်ဆင့် စီစဉ်မှုများပြုလုပ်ပြီး ည ၁၀ နာရီခန့်တွင် ညအမှောင်ထုကို အကာအကွယ်ပြုကာ စတင်လှုပ်ရှားခဲ့ကြသည်။ ချီတက်၍ တစ်နာရီခန့်ကြာသောအခါ မမျှော်လင့်ဘဲကေအင်နဒီအိုကင်းကကွန်မန်ဒိုများကိုတွေ့သွားပြီး တရကြမ်း တရစပ်ပစ်ခတ်ပါတော့သည်။ ထိုအခါ ခေါင်းဆောင် စောဘရီက "ကဲ– သူငယ်ချင်းတို့ သူတို့က စတိုက်လို့နောက်ကြောင်းပြန်မယ်ဆိုရင် တို့–သစ္စာရှိကရင်ဆိုတာ ရိုင်းတော့မယ်၊ ဒါကြောင့် တိုက်စရာရှိတာ လုပ်စရာရှိတာ ဆက်လုပ်ရမှာပဲ" ပြောပြီး အသေးစိတ်အစီအစဉ်များ စီမံပါတော့သည်။ ၎င်းအစီအစဉ်တွင် ၎င်းနှင့် ဆရာမောင်သွင်တို့က ကေအင်နဒီအိုတပ်များနှင့် ရွာက ကာကွယ်ရေးတပ်များ အကျဉ်းထောင်ဘက်မသွားနိုင်အောင် နေရာပြောင်း၍ တားဆီးတိုက်မည်။ ထောင်အနေအထားသိကျွမ်းသော စောမြင့်က အကျဉ်းထောင်ကိုဖွင့်ဖောက်ပြီး ထွန်းယု၊ ဦးကျော်သိန်း၊ ဦးထွန်းမင်းတို့က ဗိုလ်မှူးကြီးမောင်မောင်တို့အဖွဲ့အား ကယ်ထုတ်ရန် နှုတ်ဖြင့် ညွှန်ကြားလိုက်သည်။

စောဘရီသည် အသက်ပင်ငယ်သော်လည်း အရေးကြုံလာသောအခါ တကယ့်ခေါင်းဆောင်ကောင်းတစ်ဦးကဲ့သို့ ခေါင်းအေးအေးနှင့် သူသာအနစ်နာခံမည်ဟု ခံယူကာ အစီအစဉ်များကို စီမံခန့်ခွဲနိုင်ခဲ့သည်။ အမှန်အားဖြင့် ကွန်မန်ဒိုများရင်ဆိုင်တွေ့ကြုံရသောအခြေအနေမှာ ခေါင်းဆောင်သူက ပျော့ညံ့သူဖြစ်ပါလျှင် ရှေ့မတိုးတော့ဘဲ မသိမသာ ဆုတ်ခွာထွက်ပြေးလွတ်မြောက်နိုင်သည်။

သို့သော် ကွန်မန်ဒိုအားလုံးနှင့်ခေါင်းဆောင်ပါနောက်ကြောင်းပြန်ရန်လုံးဝစိတ်မကူးကြပေ။ ရန်သူ၏ လက်ဦးမှုကို ခံရသော်လည်း ကြောက်ရွံ့တုန်လှုပ်ခြင်းမရှိ တကယ့်သူရဲကောင်းများ ပီသစွာ တိုက်ပွဲဝင်ကာ ဗိုလ်မှူးကြီးမောင်မောင်နှင့်အဖွဲ့ကို အောင်မြင်စွာ ကယ်ထုတ်နိုင်ခဲ့သည်။ ယုဇနစစ်ဆင်ရေးတွင် ပါဝင်ခဲ့ကြသော သူရဲကောင်းခြောက်ဦးတို့သည် မိမိတို့ကိုယ်ကျိုးမငဲ့ အသက်စွန့်လျက် တိုက်ပွဲဝင်ဆောင်ရွက်ခဲ့ခြင်းကြောင့် နိုင်ငံတော်အစိုးရက ၁၉၅၂ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့တွင် အမိန့်စာအမှတ် ၃/ အထူး/ ၅၂ ဖြင့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များကို ထုတ်ပြန်ကြေညာဂုဏ်ပြုခဲ့သည်။ ယုဇနစစ်ဆင်ရေးတွင် ပါဝင်ခဲ့ကြသော အရပ်သားစောဘရီ (ကျဆုံး)၊ တပ်သားစောမြင့် (ကျဆုံး) တို့အား မြန်မာ့တပ်မတော်၏အမြင့်ဆုံးဘွဲ့ဖြစ်သော "အောင်ဆန်းသူရိယ" ကိုလည်းကောင်း၊ တပ်သားထွန်းယု (အသက်မသေကျန်ရစ်သူ)၊ တပ်သား မောင်သွင် (ကျဆုံး)၊ အရပ်သားဦးကျော်သိန်း (ကျဆုံး)နှင့် အရပ်သားဦးထွန်းမင်း(ကျဆုံး)တို့အား ဒုတိယအမြင့်ဆုံးဘွဲ့ ဖြစ်သည့် "သီဟသူရ" ကိုလည်းကောင်း ဂုဏ်ပြုချီးမြှင့်ခဲ့သည်။

၁၉၅၂ ခုနှစ်တွင်ရရှိသော အောင်ဆန်းသူရိယဘွဲ့ကို ၁၀–၄–၁၉၈၂ ရက်နေ့၌ အလုံလမ်း၊ သမ္မတအိမ်တော်ဝင်းအတွင်းရှိ ဗဟိုအစည်းအဝေးခန်းမတွင်းကျင်းပရာ နိုင်ငံတော်ကိုယ်စား နိုင်ငံတော် သမ္မတဦးစန်းယုက စောဘရီ (ကျဆုံး) အတွက် ညီဖြစ်သူဦးခင်မောင်အား ပေးအပ်ချီးမြှင့်ခဲ့သည်။ ထိုသို့ချီးမြှင့်ရာတွင် ရွှေအစစ်(၇)ကျပ်သားတံဆိပ်ကို စစ်သမိုင်းပြတိုက်တွင်ထားရှိကာ ငွေသား ၂၅၀၀၀/– နှင့်ရွှေတံဆိပ်အစား သတ္တုတံဆိပ်ကို ပေးအပ်ခဲ့သည်။

နိုင်ငံတော်၏စွမ်းရည်သတ္တိဆိုင်ရာ အမြင့်ဆုံးဘွဲ့ဖြစ်သည့်အောင်ဆန်းသူရိယဘွဲ့အား နိုင်ငံတော်ကသူရဲကောင်း (၆)ဦးသာ ချီးမြှင့်ခဲ့ပါသည်။ ၎င်းသူရဲကောင်းများမှာ –

(၁) ဗိုလ်မှူးအောင်ဆန်းသူရိယအေးချို
(ကျဆုံး –၁၉၄၈ ခုနှစ်)

(၂) ဗိုလ်မှူးအောင်ဆန်းသူရိယတိုက်ခွန်း(ခ)
တိုက်ကောင်း(အသက်ရှင်ကျန်ရစ်သူ–၁၉၄၉ ခုနှစ်)

(၃) ဗိုလ်မှူးအောင်ဆန်းသူရိယလှသောင်း
(ကျဆုံး– ၁၉၄၉ ခုနှစ်)

(၄) ဗိုလ်မှူးအောင်ဆန်းသူရိယစွတ်(က်)ဗဟာဒူးရိုင်း
(ကျဆုံး–၁၉၅၀ ပြည့်နှစ်)

(၅) အရပ်သားအောင်ဆန်းသူရိယ စောဘရီ
(ကျဆုံး –၁၉၅၂ ခုနှစ်)


(၆) တပ်သားအောင်ဆန်းသူရိယ စောမြင့်
(ကျဆုံး–၁၉၅၂ ခုနှစ်)

ဆရာမောင်(ပန်းတနော်)

ကိုးကားစာရင်း –

(၁) မန်းသင့်နောင် (ကော့ကရိတ်)၏ ၂၀၀၇ ခုနှစ်၊ သြဂုတ်လထုတ် အောင်ဆန်းသူရိယ စောမြင့်စာအုပ်။

(၂) စောဘရီ၏ညီ ဆရာဦးခင်မောင်(ခ) ဦးခင်မောင်ကလေး၏ ပြောကြားချက်များ။



ကရင်နှင့် တိုင်တစ်ရာကျောင်းကြီး

S.မင်းခိုက်သူ (PTN)

၁၈၂၄–၁၈၂၆ ခုနှစ်တွင် မြန်မာ–အင်္ဂလိပ်စစ်ပွဲ ပြီးသည့်အခါ တနင်္သာရီတိုင်းနှင့် ရခိုင်ပြည်နယ်ကို အင်္ဂလိပ်တို့အား ပေးလိုက်ရသည်။ ထိုစဉ်က မော်လမြိုင်၊ ကျိုက္ခမီတို့သည် တနင်္သာရီတိုင်းတွင်ပါဝင်နေသည်။ ခရစ်ယာန်သာသနာပြုဆရာယုဒဿန်သည် အင်းဝဘုရင့်နေပြည်တော်၌ ရှိနေစဉ် မြန်မာ–အင်္ဂလိပ်စစ်ပွဲတွင် စကားပြန်လုပ်ပြီးသည့်အခါ ရန်ကုန်သို့ပြန်လာသည်။ မိမိ၏ဇရပ်ကို ဖျက်၍ လွတ်လပ်စွာသာသနာပြုနိုင်သည့် ကျိုက္ခမီသို့ ရွှေ့ပြောင်းပြီး နှစ်ခြင်း သာသနာပြုလုပ်ငန်းကို စတင်လေသည်။

ထို့နောက်သာသနာပြုဆရာအသစ်အသစ်တွေရောက်လာကြပြီးအင်အားကောင်းလာသည်။ ထိုသာသနာပြုဆရာများအနက် မစ္စတာအက်ဘော့ (Mr.Abbot) သည် ပထမဦးဆုံးအဖြစ် ပုသိမ်မြို့သို့ ရောက်လာပြီး နှစ်ခြင်းသာသနာကို စတင်တည်ထောင်သည်။ ဆရာအက်ဘော့ ရောက်လာပြီးနောက်တွင် ပုသိမ်မြို့သို့ မစ္စတာဘီးချယ့်(Mr.Becher) ရောက်လာပြီး လုံခြုံရေးအသားမကျသေးသောနေရာကိုခဏထား၍ ပုသိမ်နှင့်လေးမိုင်အကွာ “ကိုးဆူ”ဒေသကို ရွေးချယ်လိုက်သည်။

ထို့နောက် ၁၆–၅–၁၈၇၈ ခုနှစ်တွင် မြေခြောက်ကေ ပေါ်၌ တိုင်တစ်ရာကျောင်းကြီးကို စတင်တည်ဆောက်သည်။ တိုင်တစ်ရာကျောင်းပေါ်လာပြီး မစ္စတာဘီးချယ့်၏ နောက်တွင် ဆရာကာပင်တာ (Mr.Carpenter) သည် ရန်ကုန်မြို့၌ ၁၈၇၄ ခုနှစ်တွင် ကရင်နှစ်ခြင်းကောလိပ် အမည်ခံယုဒဿန်ကောလိပ်ကို စတင်ဖွင့်လှစ်တည်ထောင်ပြီး ယင်းရာထူးမှ နုတ်ထွက်ကာ ပုသိမ်မြို့သို့ပြန်လည်ရောက်ရှိလာသည်။

ကရင်တို့၏ ပညာသင်ကြားရေးမြှင့်တင်မှုသည် နှစ်ခြင်းသာသနာပြုလုပ်ငန်းကို အကြောင်းပြု၍ ပုသိမ်မြို့တွင် တည်ရှိလို့လာသည်။ ပုသိမ်မြို့တွင် စကောကရင် တိုင်တစ်ရာအထက်တန်းကျောင်းကြီးနှင့် ပိုးကရင်အလယ်တန်းကျောင်းတို့သည်လည်း ပေါ်ပေါက်လာခဲ့ပြီး ကရင်အမျိုးသားတို့ ပညာသင်ကြားရာဗဟိုချက်မကြီး ဖြစ်လာပါသည်။

သူ၏လက်ထက်တွင် ဗြိတိသျှဒေသခံ အုပ်ချုပ်ရေးမှူးထံ မြေကွက်အလှူခံရာ မြေ ၁၀ ဧက ရသဖြင့် စုစုပေါင်းမြေ ၁၆ ဧက ရရှိလာခဲ့သည်။ ထိုမြေကေများပေါ်တွင် တိုင်အလုံးပေါင်း ၁၁၆ လုံးရှိသော တိုင်တစ်ရာကျောင်း(ခေါ်) ကိုသာဖြူအထက်တန်းကျောင်းကြီးကို တည်ထောင်ဖွင့်လှစ်ခဲ့သည်။

ထို့နောက် ဆရာကာပင်တာသည် အမေရိကသို့ ပြန်သွားသည့်နောက်တွင် ဒေါက်တာနစ်ကိုးလ်ရောက်လာပြီး ယင်းအမွေကို ဆက်လက်ခံယူထိန်းသိမ်းပါသည်။ နစ်ကိုးလ်သည် ပထမတိုင်တစ်ရာသစ်သားကျောင်းဆောင်ကြီးကို မဖြိုချဘဲ မြောက်ဘက်သို့ရွှေ့ပြီး ထိုနေရာ၌ သုံးထပ်တိုက်ကျောင်းဆောင်ကို တည်ဆောက်ပေးခဲ့သည်။၁၉၄၉ ခုနှစ်၊ ကရင်ပြည်နယ်အရေး တိုင်းပြည် မငြိမ်မသက် ဖြစ်နေစဉ် မေယုစစ်သင်္ဘော်၏ အမြောက်ဆန်ကြောင့် နှစ်ကျောင်းစလုံး ကြေမွပျက်စီးသွားလေသည်။

၁၉၄၉ ခုနှစ်၊ စစ်မဖြစ်ခင် ပုသိမ်မြို့သည် စည်ကားကျယ်ပြန့်လာသည့် ဒေသတစ်ခုဖြစ်လာသည်ဟု ဆိုသော်ငြားလည်း စင်စစ် ပုသိမ်မြို့သည် ပင်လယ်ကမ်းခြေတည်ရှိသည့်မြို့ဖြစ်၍ လွတ်လပ်ရေးမရမီ အင်္ဂလိပ်ခေတ်ကတည်းက စည်ကားသည့်တိုင်းမြို့ပင်ဖြစ်သည်။ ပုသိမ်မြို့တွင် လူများသည် တဖြည်းဖြည်းနေထိုင်လာကြသလို အထူးသဖြင့် ပိုးကရင်နှင့် စကောကရင်များ အတူတကွနေထိုင်ကြသော ကရင်ရပ်ကွက်သည် မြေကွက်အချက်အချာကောင်းနေရာဖြစ်လာ သည်။ ယင်းနေရာကောင်းတွင် ဒေါက်တာစံစီဖိုးသည် သူ၏ဆေးခန်းကို ဖွင့်လှစ်သည့်အပြင် သူသည် ပုသိမ်မြို့၏ မြူနီစီပယ်လူကြီးဖြစ်လာပြီး မြို့၏မျက်နှာဖုံးပင် ဆိုရပေမည်။ ခေတ်ပညာတတ်ဖြစ်၍ နောက်ပိုင်းတွင် ဥပဒေပြုကောင်စီတွင် အဖွဲ့ဝင်တစ်ဦးဖြစ်လာပြီး ဗြိတိသျှဘုရင်ခံကို အကြံပေးရသော ကောင်စီဖြစ်လာသဖြင့် ပုသိမ်မြို့ရှိ ကရင်အပါအဝင် မြို့သူများက များစွာ ဂုဏ်ယူကြသည်။

စောသာမြတ်ကြီးနှင့် ဒေါက်တာစံစီဖိုးသည် လွန်စွာခင်မင်ကြသဖြင့် ကောင်းတိုင်ပင် ဆိုးတိုင်ပင်ဖြစ်ကြ၍ မိသားစုများကဲ့သို့ ခွဲမရအောင် နေထိုင်လာခဲ့ကြသည်။ စောသာမြတ်ကြီးသည် ခေတ်အမြင်ရှိသူဖြစ်၍ သူ့ခေတ်အခါက ရှားပါးသည့် လူကြီးတစ်ယောက်ပင်ဖြစ်သည်။ ဒေါက်တာ စံစီဖိုးနှင့်ခင်မင်ပေါင်းသင်းရုံပင်မက ဒေါက်တာနစ်ကိုးလ်နှင့်လည်း အလွန်ရင်းနှီးလျက် ပေါင်းသင်းကြသည်။

ထိုစဉ်က ပုသိမ်မြို့ရှိ အသင်းတော်တွင် တိုင်တစ်ရာကျောင်းကို တည်ထောင်ကြရာတွင် စောသာမြတ်ကြီးနှင့် ဒေါက်တာနစ်ကိုးလ်တို့သည်လည်း ပါဝင်ခဲ့ကြသည်။ ယင်းကျောင်းကို တည်ထောင်ရာတွင် စောသာမြတ်ကြီး ပါဝင်သည်ကို သိရခြင်းအားဖြင့် သူသည် ကျောင်းတော်ကြီးကို များစွာ ထောက်ပံ့လှူဒါန်းခဲ့သည့်အပြင် ကရင်အမျိုးသားတို့၏ ပညာရေးကိုလည်း အားပေးအားမြောက်သည့် ပညာလိုလားသူတစ်ယောက်အဖြစ် သိရှိနိုင်ပေသည်။ သို့အတွက်ကြောင့် နောက်ပိုင်းတွင် သူ၏ တစ်ဦးတည်းသောသားဖြစ်သူ စောဘဦးကြီးကိုလည်း တိုင်တစ်ရာကျောင်းကြီးမှသည် လန်ဒန်သို့အထိ ပို့ဆောင်ပညာသင်ပေးခဲ့ခြင်းဖြစ်သည်။

ကရင်တို့၏ ပညာသင်ကြားရေးမြှင့်တင်မှုသည် နှစ်ခြင်းသာသနာပြုလုပ်ငန်းကို အကြောင်းပြု၍ ပုသိမ်မြို့တွင် တည်ရှိလို့လာသည်။ ပုသိမ်မြို့တွင် စကောကရင် တိုင်တစ်ရာအထက်တန်းကျောင်းကြီးနှင့် ပိုးကရင်အလယ်တန်းကျောင်းတို့သည်လည်း ပေါ်ပေါက်လာခဲ့ပြီး ကရင်အမျိုးသားတို့ ပညာသင်ကြားရာ ဗဟိုချက်မကြီး ဖြစ်လာ

ပါသည်။ မြစ်ဝကျွန်းပေါ် ဧရာဝတီတိုင်းအတွင်းရှိ နယ်စွန်မှ ကရင်လူမျိုးအများစုသည် ခေတ်ပညာကို ထိုကျောင်းမှာပင် သင်ယူကြသဖြင့် ယင်းကျောင်းကြီးသည် ကရင်လူမျိုးအများဆုံး ပညာသင်စုဝေးရာကျောင်းကြီးဖြစ်လာသည်။

ပိုးကရင်ကျောင်းနှင့် စကောကရင်ကျောင်းတို့တွင် စကောကရင်ကျောင်းသည် အထက်တန်းကျောင်းဖြစ်၍ ပညာရေးတွင်လည်းထိပ်ဆုံးသို့ရောက်နေချိန်ပင်ဖြစ်သည်။ တိုင်တစ်ရာကျောင်းတွင် လူမျိုးမရွေး၊ ဘာသာမရွေး၊ ဆင်းရဲချမ်းသာမရွေး ဧရာဝတီမြစ်ဝကျွန်းပေါ်ရှိ လယ်သမား၊ ကိုင်းသမားများ၏ သားသမီးများကို ပညာရေးမြှင့်တင်ရာတွင် တစ်ခုတည်းသော နာမည်ကြီး ကျောင်းတော်ပင်ဖြစ်သည်။

စကောကရင်ကျောင်းသည် ကျောင်းသားပေါင်း ၁၀၀၀ ကျော်ပင်ရှိသည်ကို တွေ့ရလေသည်။ ထိုကျောင်း၌ အထက်တန်းပညာကို အောင်မြင်သည်နှင့် ရန်ကုန်မြို့ရှိ ဂျပ်ဆင်ကောလိပ်နှင့် အစိုးရကောလိပ်သို့ တက်ရောက်ပညာသင်ကြားကြလေ့ရှိသည်။

တိုင်တစ်ရာ စကောကရင်ကျောင်းဝင်းအတွင်း၌ တည်ထောင်ထားသည့်ကြီးကျယ်ခမ်းနားသောအဆောက်အအုံများတွင် တစ်သက်တာကြာရှည်ခံအောင် လုံလစိုက်ကာ ဆရာတော် စီအေနီကိုးလ် (Rev.Dr.C,A,Nichois) က သေချာစွာ ဆောက်လုပ်ထားခဲ့သည်။ ထိုနေရာသို့ လာရောက်လည်ပတ်သည့် ဧည့်သည်အားလုံးသည် ထိုအဆောက်အအုံများကို သဘောကျ နှစ်သက်လျက်ရှိကြသည်။ ထိုသို့ဖြစ်လာရသည်မှာ အဓိကအားဖြင့် ကရင်များညီညွတ်မှုရှိစွာဖြင့် အားစိုက်လုပ် ဆောင်ခဲ့ခြင်း၏ ရလဒ်တစ်ခုပင်ဖြစ်သည်။ သာသနာပြုဆရာများ၏ ကူညီပေးခြင်းနှင့် အစိုးရ၏ ကရုဏာထား ကာကွယ်ပေးမှုအောက်တွင် နှစ်ပေါင်း ၆၀ ခန့်ကြာပြီးမှ ထိုအရာအား ကရင်များ လုပ်ဆောင်နိုင်ခဲ့ကြသလို ကရင်၏ပညာရေးအဖွဲ့အစည်းများလည်း စတင်တည်ထောင်နိုင်ခဲ့ကြခြင်းဖြစ်သည်ဟု ဆိုပါသည်။

ပညာရေးဌာနနှင့် ရင်းနှီးကျွမ်းဝင်မှုရှိသည့် မည်သည့်တစ်ဦးတစ်ယောက်မှ ကရင်ကျောင်းများသည် မျှော်မှန်းထားသည်ထက်ကျော်လွန်ကာ ပိုမိုတိုးတက်မှုရှိကြောင်းကို ငြင်းဆိုကြမည် မဟုတ်ပါ။ အရင်ကာလများတွင် ကရင်များအား ခေတ်နောက်ကျကျန်ရစ်သည့်လူမျိုးအဖြစ် သိထားကြသော်လည်း ယခုအချိန်၌ ပညာရေးပိုင်းတွင် တိုးတက်လာပြီဖြစ်သည်။ ယနေ့အချိန်တွင် တိုင်းပြည်အတွင်း၌ ရှိကြသော ကရင်များသည် ကျောင်းကောင်းအဖြစ် နာမည်ရထားသည့် သူတို့ ၏ ကိုယ်ပိုင်အထက်တန်းကျောင်းအများအပြားရှိထားပြီးဖြစ်သည့်အတွက်လည်း လူအများရှေ့တွင် ကရင်တို့ ဝံ့ကြွားနိုင်ပြီဖြစ်သည်။

ထို့အပြင် ရာထောင်မက များလှစွာသော ကျေးလက်တောရွာ၌ရှိသည့်စာသင်ကျောင်းများသည်လည်းတိုးတက်ပြောင်းလဲလာပြီဖြစ်သည်။ ထိုအချိန်ကာလက ဤတိုင်တစ်ရာကျောင်းကြီး၏ ပညာရေးသည် အရှေ့တောင်အာရှတွင် အကောင်းဆုံးကျောင်းအဖြစ် ကျော်ကြားခဲ့သည်။

လွန်ခဲ့သောနှစ်ပေါင်း ၄၀ တွင် ပုသိမ်မြို့ပေါ်၌ လူဦးရေ ၃၀၀၀၀ ရှိသည့်အနက် သာသနာဝင်း၏ အပြင်ဘက်တွင် ကရင်အိမ်ထောင်စု နှစ်အိမ်သာရှိသည်။ ကျန်အိမ်ထောင်စု အားလုံးသည် သာသနာဝင်းအတွင်း၌သာ ရှိကြသည်။ သို့သော်လည်း ယခုအချိန်တွင် ပုသိမ်မြို့ရှိ ရပ်ကွက်တိုင်း၌ ကရင်တို့၏အိမ်မှာ ရာပေါင်းများစွာရှိနေပြီဖြစ်သည်။

တိုင်းပြည်အတွင်းရှိ ရန်ကုန်နှင့် အခြားသောမြို့များသည်လည်း ထိုနည်းတူစွာပင်ဖြစ် သည်။ မြို့ကြီးအများစု

ပိုးကရင်ကျောင်းနှင့် စကောကရင်ကျောင်းတို့တွင် စကောကရင်ကျောင်းသည် အထက်တန်းကျောင်းဖြစ်၍ ပညာရေးတွင်လည်း ထိပ်ဆုံးသို့ ရောက်နေချိန်ပင်ဖြစ်သည်။ တိုင်တစ်ရာကျောင်းတွင် လူမျိုးမရွေး၊ ဘာသာမရွေး၊ ဆင်းရဲချမ်းသာမရွေး ဧရာဝတီမြစ်ဝကျွန်းပေါ်ရှိ လယ်သမား၊ ကိုင်းသမားများ၏ သားသမီးများကို ပညာရေးမြှင့်တင်ရာတွင် တစ်ခုတည်းသော နာမည်ကြီး ကျောင်းတော်ပင်ဖြစ်သည်။

တွင်ရှိသော ကျောင်းနှင့်တက္ကသိုလ်ကျောင်းများ၊ ကျယ်ဝန်းသောအဆောက်အအုံများသည် ကရင်လူငယ်များအတွက် ဖြစ်သည်။ ယခင်ကာလများတွင် အတန်းထဲတွင် အတော်ဆုံးသော ကျောင်းသူကျောင်းသား ငါးဦးကို ခက်ခက်ခဲခဲရှာဖွေ ခဲ့ရသော်လည်း ယခုအချိန်တွင် ရာနှင့်ချီရှိသည့် အတော်ဆုံးကျောင်းသူကျောင်းသားများရှိလာပြီဖြစ်သည်။

ပုသိမ်တွင်ရှိသော နီကိုးလ်စကောကရင်အထက်တန်းကျောင်း (MNichols'Sgaw Karen High School)၌ ကျောင်းသူကောင်းသား စုစုပေါင်း ၁၄၀၀ ရှိပြီး အတော်ဆုံးကျောင်းသူကျောင်းသားများသည် ထိုကျောင်းမှ ထွက်လာခြင်းဖြစ် သည်ကို သံသယရှိရန် မလိုပါ။ ကရင်အထက်တန်းကျောင်းများကို ပုသိမ်၊ ဟသ်ာတ၊ သာယာဝတီ၊ တောင်ငူ၊ မော်လမြိုင်နှင့် ရန်ကုန်တို့တွင် စတင်တည်ထောင်နိုင်ခဲ့သည်။ နှစ်တိုင်း အောင်ချက်ကောင်းသည့်အတွက်ကြောင့် ထိုကျောင်းသူကျောင်းသားများသည် တက္ကသိုလ်သို့ ဆက်လက်ပညာသင်ကြားနိုင်ခဲ့ကြပြီးပညာရေးပြီးဆုံးသည်အထိ ပညာဆည်းပူးကြ၍ ဝိဇ္ဇာ (သို့) သိပ္ပံပညာရပ်ဖြင့် ဘွဲ့ဒီဂရီ ယူနိုင်ခဲ့ကြသည်ဟု စောစီစီပိုးက ရေးပြထားပါသည်။

ဟသ်ာတနယ်သား ပညာဝန်ဦးဖိုးကျားသည် တိုင်တစ်ရာကျောင်းထွက် ထင်ရှားသည့် ခေတ်ပညာတတ်မြန်မာပညာရှိတစ်ယောက်ဖြစ်သည်။ သူ၏ဆရာတော်ဘုန်းတော်ကြီး ဦးသုန္ဒရကိုယ်တိုင် ခေတ်မီပညာရပ်များကို တတ်မြောက်လိုသဖြင့် ခေါ်ဆောင်လာပြီး ပိုးကရင် (ခေါင်တောက်ကျောင်း) ဒေါက်တာခရွန်းခိုက်ထံတွင် အပ်နှံ၍ အလယ်တန်းအထိလည်းကောင်း၊ စကောကရင်တိုင်တစ်ရာကျောင်းတွင် အထက်တန်းအထိလည်းကောင်း ပညာသင်ယူခဲ့သည်။

ဦးဖိုးကျားသည် ဟသ်ာတတွင် နေစဉ်ကတည်းက လောကဓာတ်ဆိုင်ရာ သခ္ခါဂဏန်း၊ ပထဝီ စသော ပညာရပ်များကို သင်ယူလာခဲ့ပြီး ဘုန်းတော်ကြီးကျောင်း၌ ၇ တန်းအောင်ခဲ့သော်လည်း အင်္ဂလိပ်စာကို ခုမှစသင်ရမည်ဖြစ်၍ ၄ တန်းကို ပြန်ဆင်းရသည်။ ၁၉၁၅ ခုနှစ်၊ အသက် ၂၄ နှစ်အရွယ်တွင် အင်္ဂလိပ်မြန်မာ ၇ တန်းကို အောင်မြင်သည်။ ထို့နောက် ၁၀ တန်းကို စကောကရင်ကျောင်းတွင် အောင်မြင်ပြီး ရန်ကုန်ဂျပ်ဆင်ကောလိပ်ကျောင်းသို့ တက်ရောက်ပညာသင်၍ ဘွဲ့ယူခဲ့သည်။

စာရေးဆရာတိုက်စိုးက "ဦးသုန္ဒရသည် မောင်ဖိုးကျားကိုခေါ်၍ ပိုးကရင်ကျောင်း အကြီးအကဲဖြစ်သူ ဒေါက်တာခရွန်းခိုက် (Dr.Cronkhite) နှင့် တွေ့ဆုံဆွေးနွေးလေသည်။ ဒေါက်တာခရွန်းခိုက်မှာ ကြင်နာတတ်သော ပုဂ္ဂိုလ်ဖြစ်လေသည်။ လူငယ်လူရွယ်များကို ချစ်တတ်သည်။ ယခုမူ မောင်ဖိုးကျား၏ ပညာအခံသည်မဆိုးလှ။ မောင်ဖိုးကျားမှာလည်း အပြောအဆိုချေငံသည်။ ကိုယ်လုံးပြည့်ပြည့်မျက်နှာကျတော့ ကရင်နှင့်တူ၍ လူရည်သန့်သည်။ ဒေါက်တာခရွန်းခိုက်သည် မောင်ဖိုးကျားကို ကျောင်းတွင်းလက်ခံလိုက်သည်။ ၁၉၁၅ ခုနှစ်တွင် အင်္ဂလိပ်နှင့် တိုင်းရင်းသားဘာသာ ၇ တန်းကို မောင်ဖိုးကျားဖြေဆိုအောင်မြင်သည်။ ထိုအချိန်တွင် သူသည် ဒေါက်တာ ခရွန်းခိုက်၏ တပည့်ရင်းချာဖြစ်ခဲ့လေပြီ။ ဒေါက်တာခရွန်းခိုက်၏ ကူညီစောင့်မမှုဖြင့် သူသည် စကောကရင်ကျောင်းတွင် ဆက်လက်၍ နေနိုင်လာသည်။ ပုသိမ်တလိုင်းချောင်းထဲမှ ဆွေတစ်စ မျိုးတစ်စတော်သူများက သူ့ကို နည်းနည်းပါးပါးထောက်ပံ့သဖြင့် ပို၍အဆင်ပြေလာသည်။ သူသည် ထိုကျောင်းတွင် သုံးနှစ်ကျောင်းတက်ခဲ့သည်" ဟု ပညာဝန်ဖိုးကျား စာအုပ်၌ ရေးပြထားပါသည်။

ထို့ကြောင့် ပုသိမ်တိုင်တစ်ရာကျောင်းသည် ဒေါက်တာစောစီဖိုး၊ စောဘဦးကြီး၊ စောစံဖိုးသင်း၊ ပညာဝန်ဦးဖိုးကျား၊ ကရင်အမျိုးသားသိသိချင်းရေးသော စောစံဘ၊ စောသာအေးကြီးအစရှိသော မြစ်ဝကျွန်းပေါ်ရှိလူမျိုးမရွေး၊ ဘာသာမရွေး ခေတ်ပညာတတ် ပုဂ္ဂိုလ်မြောက်များစွာကို မွေးထုတ်ပေးသည့်တစ်ခုတည်းသော ပညာဗိမာန်ကျောင်းတော်ကြီးဖြစ်ခဲ့လေသည်။

S.မင်းခိုက်သူ (PTN)

ကျမ်းကိုး။

၁။ ဦးလူနီလမ်းသမိုင်းနှင့် ကရင့်ကြိုးပမ်းမှုများ ၊ စောဝင်းဘတ်။

၂။ စောဘဦးကြီးနှင့်လူမျိုးစုများပြဿနာ၊ မောင်စင်ကြယ်။

၃။ ဗမာပြည်နှင့်ကရင်လူမျိုးများ ဒေါက်တာစံစီပိုး၊ စောကျော်လင်း(ဘာသာပြန်) ၂၀၂၀။

၄။ ဦးဖိုးကျား၊ မင်းယုဝေ၊ ဇော်ဝတီတိုင်းမဂ္ဂဇင်း၊ ၁၉၈၅

၅။ အမျိုးသားပညာဝန်ဦးဖိုးကျား၊ တိုက်စိုး။



ပန်းညင်မွေး

မောင်မြောက်

(ဝတ်လုံ)

(၁)

၁၉၇၄ ခုနှစ်၊ ဖေဖော်ဝါရီလ။

မြောင်းမြ ဆရာအတတ်သင်ကျောင်း စာမေးပွဲပြီးပြီ၊ နောက်နေ့ကျောင်းဆင်းပွဲလုပ်မည်။ ပြီးလျှင် သဘော်ဖြင့် ရန်ကုန်ပြန်ရန်ဖြစ်၏။ သို့သော် ပြန်၍မရသေး။

စာတတ်မြောက်ရေးစီမံကိန်းအရ ကလောမြို့နယ်သို့ "အ"သုံးလုံး လုပ်အားပေးဆရာအဖြစ် လိုက်ပါရဦးမည်။ ကလောမြို့နယ်ဆိုသည်မှာ ရှမ်းပြည်တောင်ပိုင်းတွင်ရှိကြောင်း သိ၏။ သို့သော် မရောက်ဘူးသေး။ ရောက်ချင်လှသည်။ အားလည်းတက်၏။ ပျော်လည်းပျော်၏။ စိတ်ကူးဖြင့်ပင် ကလိကလိဖြစ်သည်အထိ ဝမ်းသာနေ၏။

(၂)

ကလောမြို့နယ်၊မျက်ဆက်တောင်ရွာသို့ မဲကျသည်။

ကလောမြို့နယ်ဆိုသော်လည်း ကလောမြို့နှင့်မနီး ဟဲဟိုးမြို့နှင့်သာနီးသည်။ နီးသော်လည်း ဟဲဟိုးနှင့် မိုင်အနည်းငယ်ဝေးသည်။ ကျွန်တော် တာဝန်ကျသော မျက်ဆက်တောင်ရွာသည် တောင်ရိုးတိုင်းရင်းသားများနေထိုင်ရာ ရှေးဟောင်းကျေးရွာကြီးဖြစ်၏။

"အ" သုံးလုံးသင်တန်း၏ ညွှန်ကြားချက်အတိုင်း ဘုန်းတော်ကြီး၊ ကျောင်းဆရာကြီး၊ ရွာသူကြီး ကြီးသုံးကြီးကို ရှာရသည်။ ထိုသူတို့၏ အကူအညီကိုယူကာ စာသင်ပေးရသည်။ ထိုရွာတွင် စာသင်ကျောင်းမရှိ၊ စာတတ်သူမရှိ၊အရာရာရှေးဆန်သည်။ တောင်သူတို့နေထိုင်ရာ ကျေးရွာဖြစ်သည်။ မနက်မိုးမလင်းမီက ပေါက်တူးတစ်လက် ခားတစ်ဖက်ဖြင့် နှင်းမှုန်မှုန်တွင် တောင်ယာသွားကြ၏။ ထို့ကြောင့် စာသင်ပေးရသည့်အချိန်မှာ ညစာထမင်းစားပြီး ည ၈ နာရီမှ ၉ နာရီခန့်သာ အချိန် ရသည်။ အချိန်ကို လုပ်၍ စာတတ်မြောက်စေရန် အားစိုက်သင်ကြားပေးရ၏။ သာမိုင်းခန်းနယ်အတွင်းဖြစ်၍ တောင်များပတ်ကာဝိုင်းကာ ညဘက်တွင် အလွန်အေးသည်။ မီးဖို့၍တစ်ဖုံစောင်ခြုံ၍တစ်မျိုး စာသင်ပေးရသည်။

ထိုရွာတွင် ရွာခံသူငယ်ချင်း သုံးယောက်နှင့် ခင်မင်ခဲ့ရ၏။ လှမောင်၊ စံဘနှင့် ဖိုးလွယ်။ စာမတတ်ကြ၊ ကျွန်တော်နှင့် ရွယ်တူဖြစ်၍ အထူးရင်းနှီးချစ်ခင်မိပါသည်။ ကျွန်တော်၏ စာသင်သား တပည့်များတွင် သူတို့ သုံးယောက်လည်းပါသည်။ ကျွန်တော်၏ စည်းရုံးရေးမှူးများဖြစ်သည်။ တစ်ရွာလုံး ကျွန်တော့်ကို သျှာကီးဟု ခေါ်ကြ၏။ သျှာကီးဆိုသည်မှာ တောင်ရိုးလေသံဖြစ်သည်။ အမှန်မှာ ဆရာကြီးဟု ခေါ်ခြင်းဖြစ်သည်။ ကျွန်တော်၏ သူငယ်ချင်းရွာခံသုံးယောက်ကလည်း သျှာကီးဟုပင် ကျွန်တော်အား ခေါ်၏။

ယနေ့ဟဲဟိုးစျေးနေ့ဖြစ်သည်။

ဟဲဟိုးစျေးသည် နေ့တိုင်းမရှိ၊ ငါးရက်မှ တစ်ကြိမ်စျေးရှိသည်။ စျေးရှိသည့်နေ့တိုင်း အလွန်စည်ကားသည်။ ဟဲဟိုးစျေးနေ့တွင် ရွာခံသူငယ်ချင်းသုံးယောက်နှင့် ဆိုင်တစ်ဆိုင်တွင် ထမင်းလက်ဆုံစားကြသည်။ စားရင်း သောက်ရင်း ဖိုးလွယ်က ကောက်ကာငင်ကာ...

"သျှာကီး ဒို့ရွာမှာ စာသင်ရတာ အဆင်ပြေရဲ့လား၊ အခက်အခဲဘာရှိလဲ ပြောပါ၊ ငါတို့ ကူညီပါ့မယ်"

"အခက်အခဲကတော့ မင်းတို့ရွာမှာ အိမ်သာမရှိတာဘဲ။ ဘယ်အိမ်မှ အိမ်သာမရှိဘူး၊ ငှါအတွက် အဲ့ဒါ ဒုက္ခပဲ"

"ဒါဆို သျှာကီးအတွက် အိမ်သာတစ်လုံး ဆောက်ပေးမယ်လေ"

"ငါတစ်ယောက်တည်းအတွက် မလိုချင်ဘူး၊ မျက်ဆက်တစ်ရွာလုံး တစ်အိမ် တစ်လုံး ဖြစ်စေချင်တယ်ကွာ၊ အဲဒါ ငါလုပ်ချင်တယ်၊ မင်းတို့ မပါဘဲ မဖြစ်နိုင်ဘူး၊ ရွာလူကြီးတွေနဲ့ တိုင်ပင်ပြီး ဖြစ်အောင်လုပ်ချင်တယ်။ ဘယ်နဲ့လဲ သူငယ်ချင်း၊ တစ်အိမ်ကို အိမ်သာတစ်လုံး ဖြစ်သွားရင် မင်းတို့ တစ်ရွာလုံးရဲ့ကျန်းမာရေးဟာ စံပြလောက်အောင် ကောင်းသွားမယ်"

ပလုတ်ပလောင်းဖြင့် ထမင်းစားနေသော လှမောင်က –

"ဘာခက်တာမှတ်လို့ သျှာကီးရေ တစ်အိမ် တစ်ယောက် အစည်းအဝေးခေါ်ပြီး တာဝန်ပေးလိုက်ရင် မဖြစ်စရာ အကြောင်းမရှိပါဘူး"

"ဒါဖြင့် ဒို့လေးယောက် ဒီကိစ္စ ဖြစ်အောင် ကြိုးစားကြမယ် ဘယ့်နဲ့လဲ"

"လုပ်လိုက်လေ ကြာသလားလို့" စံဘ က ထောက်ခံသည်။

ကျွန်တော်က ဆက်၍ "ငါလုပ်ချင်တာ နောက်တစ်ခုရှိသေးတယ်ကွ"

"ဘာများလဲ သျှာကီး ပြောလေ"

"စာကြည့်တိုက်"

"ဘာလဲ စာကြည့်တိုက်ဆိုတာ"

"မင်းတို့ကို အခု ငါက စာသင်ပေးတယ်၊ စာတတ်သွားရင် စာတွေ ဆက်ပြီး ဖတ်ကြရမယ်။ ဆက်ပြီးဖတ်ဖို့ စာတွေရှိရမယ်၊ စာဆက်မဖတ်ရင် တတ်ထားတာတွေ ပျောက်သွားနိုင်တယ်။ မင်းတို့ စာတွေဆက်ဖတ်နိုင်အောင် စာလာဖတ်ဖို့နေရာကို စာကြည့်တိုက်လို့ခေါ်တယ်။ အဲဒီမှာ စာအုပ်တွေ၊ စာစောင်တွေ၊ သတင်းစာတွေ၊ ဂျာနယ်တွေ အဆင်သင့်ရှိနေမယ်။"

"အဲဒါတွေက ဘယ်ကရမှာလဲ"

"စာအုပ်စာစောင်တွေအတွက်က မင်းတို့မပူပါနဲ့ ငှါတာဝန်ထား။ မင်းတို့ ဘက်ကသာ စာကြည့်တိုက်ဆောက်ဖို့နေရာ၊ နေရာလိုတယ်။ အဆောက်အဦးအတွက်ကလည်း မပူရဘူး။ သစ်ဝါးတွေက အဆင်သင့်"

လှမောင်သည် ထမင်းစားနေရင်း ခေတ္တရပ်၍ စဉ်းစားသည်။ ထို့နောက်

"သျှာကီး နေရာအတွက် ငှါခြံ

ထဲမှာဆောက်မယ်။ အဲဒီမြေကို စာကြည့်တိုက်အတွက် ငါလှူမယ်ကွာ”

(၃)

၁၉၇၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့။

စာကြည့်တိုက်ဖွင့်ပွဲနေ့။

လှမောင်၏ ခြံထဲတွင်ဖြစ်သည်။ သက်ကယ်မိုး၊ ဝါးထရံကာ၊ ၁၅ ပေ ပတ်လည် တဲကလေး။ ပြတင်း ၂ ပေါက်၊ ကျွန်းဗီရိုအဟောင်းကလေး တစ်လုံး (ဦးထွိုးအိမ်ကပေးသည်)။ စာအုပ်တင်ရန် ဝါးစင် ၂ ခု၊ ဝါးကုလား ထိုင် ၂ လုံး၊ ခုံရှည် ၂ ခု။

ဝါးကွပ်ပျစ် ၂ ခုပေါ်တွင် စာအုပ်စာစောင်များ တင်ထား၏။ စာကြည့်တိုက်တဲအသစ်ကလေးရှေ့တွင်ကျေးရွာကောင်စီဥက္ကဋ္ဌ ဆရာဦးနိုး၊ ရပ်ရွာလူကြီး ဦးမာနှင့် ဦးထွိုး၊ ကာလသားခေါင်းဆောင်ထွန်းစိန်နှင့် ကာလသားများ၊ သူငယ်ချင်းလှမောင်၏ညီမမမြသီနှင့် ကျွန်တော်၏ စာသင်သားများက ကျွန်တော်အလာကို စောင့်နေကြ၏။ ကျွန်တော်ဝင်လာသည်ကို တွေ့ကြသောအခါ အားလုံးက လက်ခုပ်တီး၍ ကြိုဆိုကြသည်။

ကျွန်တော် စာကြည့်တိုက်ကို အမည်ပေးရန်ပြောသောအခါအားလုံးက ခေတ္တငြိမ်၍ စဉ်းစားကြ၏။ ထို့နောက် မမြသီက ကောက်ကာငင်ကာ ဤသို့ပြော၏။

“သျှာကီး ညဘက်မှာ စာသင်ရတယ်။ စာသင်တဲ့အချိန်ဆို ညမွှေးပန်းတွေပွင့်တယ်။ ညမွှေးပန်းတွေ မွှေးတဲ့အချိန် ညဘက်မှာ စာသင်ရတာမို့ ဒီစာကြည့်တိုက်ကို ညမွှေးပန်းလို့ နာမည်ပေးရင် ရမလား”

အားလုံးက တညီတညွတ်တည်း သဘောတူကြ၏။

“ညမွှေးပန်း စာကြည့်တိုက်”

(၄)

၁၉၇၄ မဟာသင်္ကြန်ကာလ၊ စာသင်ကြားမှုရပ်နားထားချိန် တောင်ရိုးရွာသူရွာသားတို့၏ နှစ်စဉ်ကျင်းပနေကျ တာတက်ပွဲ၊ လူကြီးသူကြီးများမှာ ဥပုသ်စောင့်ကြ၏။ အနီးအနားရှိဘုန်းတော်ကြီးကျောင်းများသို့ တစ်လှည့်စီ တစ်နေ့တစ်ကျောင်း သီလယူကြသည်။ သင်္ကြန်အကြိုနေ့မှသည် နှစ်ဆန်းတစ်ရက်နေ့တိုင်အောင် ဖြစ်သည်။

လုံမပျိုများမှာကား ညနေစောင်းနေရောင်ပျောက်ချိန်မှစ၍ အလှပြင်ကြသည်။ အလှပဆုံး အတောက်ပဆုံး ဖြစ်စေရန် ဝတ်ကြ၊ ဆင်ကြ၊ ခြယ်ကြ၊ သကြ၏။ အမွှေးနံ့သာ လိမ်းကြ၏။

လှလင်ပျိုများမှာ ရှမ်းဘောင်းဘီအနက်၊ တိုက်ပုံအနက် ဝတ်ကြသည်။ ခေါင်းတွင် ဖူးစောင်တဘက်ကို ပေါင်းသည်။ ဓာတ်ခဲသုံးတောင့်ထိုး လက်နှိပ်ဓာတ်မီးကိုခါးကြားထိုးထားသည်။ ဟန်ရေးတပြပြ၊ လူရေးတပြင်ပြင် ရှိကြ၏။

ရွာထိပ်တွင် ညောင်မုတ်ဆိတ်ပင်ကြီးရှိသည်။ ထိုအပင်ကြီးအောက်တွင် ရှမ်းအိုးစည်ဝိုင်းရှိ၏။ မောင်းသံညီညီ တီးခတ်လျက် လူစုနေသည်။ ထိုအိုးစည်သံတို့ကြောင့် လူပျိုအပျိုတို့သည် ဟန်တပြပြ၊ မာန်တကြွကြွဖြစ်နေ၏။ တာမှလွတ်မည့် ပြိုင်ဖြင်းများသဖွယ် မြူးထူးတက်ကြွနေကြ၏။ ရင်တထိတ်ထိတ်ခုန်ကာရင်ထဲတွင်ပျော်နေကြ၏။

“နောင် ... နောင် ... နောင်ဗေ့ နောင် ... နောင် ... နောင် ... ဗေ့ ... ဗေ့ ... ဗေ့”

လှလင်ပျိုများ၏ ခါးကြားတွင် လက်နှိပ်ဓာတ်မီးပါသကဲ့ လုံမပျိုများတွင် လင်ပန်းအသေး တစ်ချပ်စီနှင့် ဖယောင်းတိုင် ၉ တိုင် ပါကြ၏။

ညသည် အမှောင်ဘက်ဆီသို့ တဖြည်းဖြည်း ကူးလာခဲ့ပြီ။

အိုးစည်ဝိုင်းလူစုနေရာသို့ တဖွဖွ ရောက်လာကြ၏။ ဆိုင်ရာကာလသားခေါင်း၊ အပျိုခေါင်းတို့က “အဲဖက်ရွာ ရောက်ပြီလား၊ သရဲရွာရောက်ပြီလား၊ မျက်ဆက်တောင်ရွာ ရောက်ပြီလား၊ မြောက်ရွာ ရောက်ပြီလား၊ လူစုံပြီလား၊ ဘယ်သူကျန်သေးတုန်း” စသဖြင့် အချင်းချင်းမေး၍ လူစစ်ကြ၏။

လူစုံသောအခါ ကျား သပ်သပ်၊ မ သပ်သပ် တစ်ယောက်စီတန်းစီကြရ၏။ အောက်လင်းဓာတ်မီးကြီးကို ထမ်း၍ ခေါင်းပေါ်တွင် ရွက်ထားသူက ရှေ့ဆုံးမှ နေရာယူ၏။ သူ့နောက်မှ ကျေးရွာကောင်စီဥက္ကဋ္ဌက ဗုဒ္ဓရုပ်ပွားတော် တစ်ဆူအား ရင်ဝယ်ပိုက်၍ လိုက်သည်။ ထို့နောက်မှ ရွာလူကြီးများတန်းစီ၍ လိုက်သည်။ ရွာလူကြီးများနောက်တွင် ကာလသား လူပျိုခေါင်းနှင့် ကာလသားများလိုက်သည်။ ထိုနောက်မှာ အပျိုခေါင်းနှင့် အပျိုများ တန်းစီ၍ လိုက်၏။ နောက်ဆုံးတွင်မှ အိုးစည်ဝိုင်းနှင့် ရှမ်းသိုင်းအကများ လိုက်၏။

အိုးစည်ဝိုင်း၏မောင်းသံစည်းချက်နှင့်အညီ သိုင်းအကကို လူတိုင်းက၍ ခြေလှမ်း စတင်လှမ်းကြတော့၏၊ လှမ်းချင်တိုင်းတော့ လှမ်းမရ။ စည်း

ကမ်းရှိသည်။ နှစ်လှမ်း လှမ်းပြီးတိုင်း နောက်ကို တစ်လှမ်း ဆုတ်ရ၏။ နှစ်လှမ်းတက်၍ တစ်လှမ်းဆုတ်ရသည်။

လုံမပျိုလေးများ၏ခေါင်းပေါ်တွင် လင်ပန်းလေးများတင်ထား၏။ ထိုလင်ပန်းထဲတွင်ဖယောင်းတိုင်ကိုးတိုင်ပတ်၍ မီးထွန်းလိုက်ကြ၏။ ထိုမီးလင်ပန်းကလေးများကို ကိုယ်စီရွက်၍ စည်းချက်ညီညီ ကကြ၏။ မီးရောင်ကညှ၏အမှောင်ထု ကို ဖြိုခွင်းလိုက်သည်။ အဝေးမှ ကြည့်လျှင် မီးတန်းကြီးသည် ရိပ်ခနဲ ရှေ့သို့တက်သွားလိုက်၊ ရိပ်ခနဲနောက်ပြန်ဆုတ်သွားလိုက်နှင့် လွန်စွာ ကြည့်၍ကောင်းလှသည်။ ကြည်နူးစရာကောင်းလှ၏။

ကျွန်တော်သည်လည်း ဖိုးလွယ်၊ စံဘ၊ လှမောင်တို့နှင့်အတူ တောင်ရိုးဝတ်စုံကိုဝတ်၍ လက်နှိပ်ဓာတ်မီးတစ်လက်ကိုဆွဲကာ လိုက်ခဲ့၏။

စံဘက ကျွန်တော်ဝတ်စားထားပုံကို ပြင်ဆင်ပေးရင်း...

“ဒီပွဲက လူပျိုအပျိုမှ တက်ခွင့်ရတာ။ အိမ်ထောင်ရှင်မရဘူး။ အမှန်ကတော့ ဒီပွဲဟာ မိန်းမပျိုလည်တဲ့ပွဲပါပဲ သျှာကီး”

နာရီဝက်မျှကြာပြီး နောက်နှစ်လှမ်းတက်၍ တစ်လှမ်းဆုတ်ဖြင့် ဘုန်းတော်ကြီးကျောင်းသို့ ရောက်ကြ၏။

မိန်းမပျိုလေးများမှာ ခေါင်းပေါ်မှ မီးလင်ပန်းများကို ဘုန်းကြီးကျောင်းရှိ ဘုရားရုပ်ပွားတော်ရှေ့ရှိ ဝါးစင်များပေါ်သို့ စီစီရီရီ တင်လိုက်ကြ၏။ ဘုန်းကြီးကျောင်းကြီး တစ်ကျောင်းလုံး ထိန်လင်းသွားပြီ ဖြစ်သည်။

ဘုန်းတော်ကြီးက ငါးပါးသီလ ပေးသည်။ တရားဟောသည်။ တရားပွဲပြီး၍ အမျှဝေ သာဓုခေါ်သည်။ မိန်းမပျိုလေးများသည် ရွာအဖွဲ့လိုက် ကျောင်းအောက်သို့ ဆင်းသွားကြ၏။ ကျောင်းအောက်ဘက် ခပ်လှမ်းလှမ်းမြေပြန့်တစ်နေရာကို ရွေး၍ ရွာအလိုက် ဝိုင်းဖွဲ့၍ ထိုင်လိုက်ကြ၏။

အနူရိုးဟုခေါ်သော သံချပ်ဆန်ဆန်၊ ကဗျာဆန်ဆန်သီချင်းကို အတိုင်အဖောက်ညီစွာ အမေးအဖြေပြုလုပ်သီချင်းဆိုနေကြ၏။ ချစ်သူနှစ်ဦး – မေးသူကမေး၍ ဖြေသူကဖြေနေပုံရ၏။ အသံဖွဲ့စည်းပုံကကြည်နူးစရာကောင်းလှသည်။

မီးရောင်က ညှ၏အမှောင်ထုကို ဖြိုခွင်းလိုက်သည်။ အဝေးမှကြည့်လျှင် မီးတန်းကြီးသည် ရိပ်ခနဲ ရှေ့သို့တက်သွားလိုက်၊ ရိပ်ခနဲနောက်ပြန်ဆုတ် သွားလိုက်နှင့် လွန်စွာကြည့်၍ ကောင်းလှသည်။ ကြည်နူးစရာကောင်းလှ၏။

ကာလသားများကမူ အပျိုဝိုင်းတစ်ဝိုင်းစီကိုလိုက်၍တစ်ယောက်စီ၏ မျက်နှာကို လက်နှိပ်မီးဖြင့် ထိုးကြည့်ကြ၏။ ချစ်သူရှာခြင်းဖြစ်၏။ အနူရိုးသီချင်းကိုအဆိုမပျက်။

ကျွန်တော်သည် မိန်းကလေးတစ်ဦးစီ၏ မျက်နှာကို လက်နှိပ်မီးထိုး၍ ကြည့်ရန်မဝံ့ရဲ။ တွန့်ဆုတ်နေ၏။

“သျှာကီး မီးလင်းကြည့်လေ။ ကြည့်လို့ရတယ်။ လင်းကြည့်၊ လင်းကြည့်။”

ကျွန်တော်ဓာတ်မီးမနှိပ်ရဲအားနာနေ၏။ နောက်မှ စွန့်စားကာ မီးဖွင့်ကြည့်သည်။ ပထမဆုံး အရဲစွန့်၍ မီးထိုးကြည့်မိသူက သူငယ်ချင်းလှမောင်၏ ညီမဖြစ်နေသည်။ မမြသီတဲ့။

“ဟာ မမြသီပါလား။ သူက ကျွန်တော့်အသံမှတ်မိပုံရ၏။

“သျှာကီးလား”

“ဟုတ် မမြသီ”

“ငါတို့စကားပြောကြမယ်လေ သျှာကီး”

“အေး ပြောမယ်လေ”

မမြသီက ကျွန်တော့်လက်ကိုဆွဲ၍ မှောင်မည်းမည်းတစ်နေရာသို့ ထွက်ခဲ့ကြ၏။ ကြယ်ရောင်အောက်က မှုန်မှုန်မွှားမွှား သစ်ရိပ်အောက်တွင် ထိုင်၍ စကားပြောခဲ့ကြ၏။ ရွာဓလေ့အကြောင်း၊ စာသင်ရသည့်အကြောင်း၊ ပူပူနွေးနွေးစာကြည့်တိုက်အကြောင်းများ တောင်စဉ်ရေမရပြောဖြစ်ကြ၏။ ညမွှေးပန်း စာကြည့်တိုက်နှင့် ပတ်သက်၍ဆက်လက်ထိန်းသိမ်းထားရန်၊ ထာဝရတည်တံ့ရန်ကိစ္စများကို ကျွန်တော်ကသူ့အားတာဝန်ပေးသောအခါ သူက ကတိတစ်ခုပေး၏။

“အစ်ကိုလှမောင်နဲ့ တိုင်ပင်ပြီး ညမွှေးပန်းကို ထာဝရမွှေးနေအောင် ကြိုးစားပါမယ်”ဟူ၍ ဖြစ်၏။

ထိုညက တလက်လက်တောက်ပနေသော ကြယ်ရောင်အောက်တွင် ညဉ့်အတော်နက်သည်အထိ စကားတွေပြောခဲ့မိကြ၏။ဟဲဟိုးသာမိုင်းခန်းလွင်ပြင်၏အအေးသည် အသည်းခိုက်သည့်အထိ အေး၏။ တန်ခူးလ၏ မှုန်ဖွေးဖွေးလရောင်အောက်တွင် တစ်ယောက်ကိုတစ်ယောက် နွေးထွေးစေခဲ့၏။ အချိန်သင့်၍ လူချင်းခွဲခဲ့ရသော်လည်း စကားမဆုံး၊ စကားပြော၍မဝ၊ ခွဲလည်းမခွဲချင် သံယောဇဉ်ဖြစ်ခဲ့ကြလေပြီ။

သကြိန်အကြိုနေ့ညမှ အတက်နေ့ညအထိ လေးညတိုင်တိုင် လရောင်ခံခဲ့ကြ၏။

(၅)

"အ"သုံးလုံးသင်ကြားချိန် ကုန်ခဲ့ပြီဖြစ်၏။

ကျွန်တော်ချစ်သော မျက်ဆက်တောင်ရွာကိုလည်းကောင်း၊ ကျွန်တော်၏ စာသင်သားများကိုလည်းကောင်း၊ ညမွေးပန်းစာကြည့်တိုက်ကိုလည်းကောင်း၊ အထူးလေးစားချစ်ခင်ခဲ့ကြသော ရွာသူရွာသားများကိုလည်းကောင်း၊ ဒေသခံသူငယ်ချင်းများကိုသော်လည်းကောင်း၊ သံယောဇဉ်တွယ်ခဲ့သောမမြသီကိုသော်လည်းကောင်း ခွဲခွာ၍ မိဘများရှိရာ မြေပြန့်သို့ ပြန်ခဲ့ရပြီ။ ရွာသူရွာသားများမှာလည်း အားလုံးငိုကြသည်။ မမြသီလည်းငိုသည်။ ကျွန်တော်ကိုယ်တိုင်လည်း မျက်ရည်မဆည်နိုင်ခဲ့ပါ။ လက်ဆောင်အဖြစ် ဒေသထွက် ပစ္စည်းများလည်း ပေးကြ၏။ မသယ်နိုင်၍ တားယူခဲ့ရသည်အထိ ပေးကြ၏။ အားလုံးကို လက်ပြန့်တက်ဆက်ခဲ့သည်။

ရန်ကုန်ပြန်ရောက်သော အခါ မျက်ဆက်ကို လွမ်းသည်။ သတိရရင်း၊ လွမ်းရင်းဖြင့်ပင် ပညာရေးဝန်ထမ်းအဖြစ် အလုပ်ဝင်ခဲ့ရ၏။ အလုပ်ဝင်ပြီး သုံးလခန့်အကြာတွင် ...

တစ်နေ့။

စာတစ်စောင် ရောက်လာသည်။ ဟဲဟိုးစာတိုက်တံဆိပ်ရိုက်ထားသောကြောင့် မျက်ဆက်ရွာမှ ဟူ၍သိလိုက်ရသည်။ သင်ထားသောစာများအောင်မြင်သဖြင့် ဆရာထံ စာတောင်ရေးနိုင်ပြီဟု ချီးမွမ်းမိ၏။ ဝမ်းလည်းသာသည်။

ဖွင့်ဖောက်၍ ဖတ်လိုက်သောအခါ မမြသီထံမှ ဖြစ်နေသည်။

"ဆရာကြီး ကျွန်မ ထွန်းစိန်နှင့် အိမ်ထောင်ပြုလိုက်ပါပြီ"

"ညမွေးပန်း မွေးနေဆဲ"

မမြသီစာမှာ တိုလှသည်။ ကျွန်တော် စိတ်မကောင်းပါ။ ထိုစဉ်က ကျွန်တော်၏ ရင်တွင်းခံစားချက်ကို စာဖြင့်ချရေးရန် မဝံ့တော့ပါ။

(၆)

၂၀၂၄ ခုနှစ်။

နှစ်တွေအလီလီပြောင်းခဲ့ပါပြီ။

ကျွန်တော်သည်ပင် ၇၂ နှစ်သို့ ရောက်ခဲ့ပါပြီ။ အသက်ရလာသည်နှင့်အမျှ သွေးတိုး၊ နှလုံး၊ ဆီးချိုရောဂါများက ကျွန်တော့်အား ဝန်းရံ တိုက်ခိုက်လာခဲ့၏။ နှလုံးအထူးကုဆရာဝန်ကြီး ဒေါက်တာမြထွန်းစိန်နှင့် ပြသနေရ၏။ ဆရာဝန်ကြီးမှာ သဘောအထူးကောင်းလှသည်။ အသက် ၅၀ ခန့် ရှိမည်ထင်သည်။ အပြောချိုသည်။ စေတနာပါသည်။ လူနာနှင့်ဆက်ဆံရာတွင် အပေါ်စီးကမနေ၊ ငြင်သာလှသည်။ သမားတော်ပီသလှ၏။ သို့သော် စကားဝဲသည်။

ဆရာဝန်ကြီးသည် ကျွန်တော်၏ ECG စာရွက်ကို ကြည့်ရင်း –

"အဘရဲ့နှလုံးက သွေးကြောတစ်ချောင်း တော်တော်ကျဉ်းနေတယ်၊ စတန့်ထည့်မှရမယ်။ အသက်က ၇၀ ကျော်ဆိုတော့ အတော့်ကို သတိထားပြီးလုပ်ရမယ်။ ဆီးချိုကလည်း ရှိနေတယ်။"

ဆရာဝန်ကြီး၏ စကားသံမှာ ဝဲလှသည်။ ထိုစကားဝဲသံမျိုးကျွန်တော်နှင့် ရင်းနှီးခဲ့ဖူးသည်။ မည်သည်အရပ်က ဝဲပုံ ဖြစ်နိုင်မည်နည်း။ စဉ်းစားသည်။ သိပြီ။ ရှမ်းပြည်တောင်ပိုင်း အင်းသား၊ ဓနု၊ ပအို၀်း၊ တောင်ရိုး တို့ ဝဲပုံအတိုင်း။ ဆရာဝန်ဆက်ပြောသည်။

" အဘကရော နှလုံးကို စတန့်ထည့်ဖို့သဘောတူလား။ ဘယ်လို စဉ်းစားလဲ"

"အဘကတော့ မိသားစုနှင့် တိုင်ပင်ပြီး အဖြေပေးပါ့မယ်ဆရာ၊ အဓိကကတော့ ရောဂါပျောက်ဖို့ပါပဲ။ ဆရာသင့်သလို စီမံပါ၊ ဆရာ့ကို အပ်ပါတယ်။

"ဒါနဲ့ စကားမစပ် ဆရာ၊ ဆရာ့ဇာတိကရှမ်းပြည်တောင်ပိုင်းကလား"

သူကကျွန်တော့်ကို စိမ်းစိမ်းကြည့်၏။ ထို့နောက် –

"အဘက ဘယ်လိုသိသလဲ၊ တော်လိုက်တာ"

"စကားဝဲနေတာကိုး ဆရာရဲ့။ ဆရာဝဲပုံမျိုးက ဓနုဝဲပုံမျိုး"

"ဟား... အဘမှားသွားပြီ၊ ကျွန်တော်က ဓနုမဟုတ်ဘူး၊ တောင်ရိုး ...

ဟဲဟိုးဘက်က”

“မြို့ပေါ်ကလား ဆရာ။”

“မဟုတ်ပါဘူး၊ ကျေးရွာတွေဘက်ကပါ။”

“အော်... ရွာနာမည်လေး သိရမလား ဆရာ။”

စပ်စပ်စုစုနိုင်လိုက်တာ ဟူသောအကြည့်ဖြင့် ဆရာဝန်ကြီးက ပြန်ကြည့်သည်။ ထို့နောက် –

“မျက်ဆက်ရွာ”

ကျွန်တော်က ထပ်၍ စပ်စုလိုက်၏။

“မျက်ဆက်ရွာက နှစ်ရွာရှိတယ်။ တောင်ရွာရယ်။ မြောက်ရွာရယ် ဘယ်ရွာကလဲဆရာ”

အံသြသွားသူက ဆရာဝန်ကြီးဖြစ်သည်။

“ဟား ... အဘက တော်တော်နှံ့စပ်တာပဲ။ နှစ်ရွာရှိမှန်းတောင် သိနေတယ်။ ကျွန်တော့်ရွာက တောင်ရွာ”

ဆရာဝန်က ကျွန်တော့်အား ပြန်လှဲချသည်။

“ကျွန်တော် သွေးပေါင်ချိန်ရဦးမယ်လေ”

ဆရာဝန်က ကျွန်တော်၏ လက်မောင်းကို သွေးပေါင်ချိန်ရန် ပတ်နေ၏။ ကျွန်တော်က –

“အဘက ဆရာတို့ရွာကို “အ” သုံးလုံးစီမံကိန်းနဲ့စာလာသင်ခဲ့ဖူးတယ်။ တစ်လခွဲလောက် ကြာတယ်။ အဲဒီရွာမှာ ထမင်းရှင်လည်းရှိတယ်။ အသိအကျွမ်းတွေလည်းရှိတယ်။ သူငယ်ချင်းတွေလည်းရှိတယ်။ ဆရာတို့ တစ်ရွာလုံး စာတတ်အောင် အဘစာသင်ပေးခဲ့ဖူးတယ်”

“ဗျာ ... အဘ သင်ပေးခဲ့တာ... ဟုတ်လား။ ဘယ်နှခုနှစ်ကလဲ အဘ”

“၁၉၇၄ ခုနှစ် ဧပြီ”

“ဟုတ်လား ... ကျွန်တော်တောင် မမွေးသေးဘူး၊ ၁၉၇၅ ခုနှစ်မှ ကျွန်တော်မွေးတာ”

ထိုစဉ် ဆရာဝန်ကြီး၏ ဖုန်းမှ ဖုန်းသံတစ်ခုမြည်လာ၏။ သာမန်ဖုန်းသံမဟုတ်။ ဗိုက်ဘာမှ ဗွီဒီယိုကောခေါ်သံဖြစ်၏။ ဆရာဝန်ကြီးက ဖုန်းကို ကောက်ကိုင်ကာ ဖွင့်လိုက်သည်။ အဘွားကြီး ပုံပေါ်လာ၏။

“ဟုတ်ကဲ့ အမေနေကောင်းလား။ ကျွန်တော် အခုဆေးခန်းမှာ လူနာကြည့်နေတယ်”

ကျွန်တော်မှ ဖုန်းကို လှမ်းကြည့်လိုက်သောအခါ တဘက်ခေါင်းပေါင်းပေါင်းထားသော အသက်ကြီးကြီး အဘွားအိုတစ်ဦး၏ပုံကို ဘေးစောင်းမြင်ရ၏။

“နေကောင်းတယ် သား။ အမေတို့ ရွာကလူတွေ ရွှေတိဂုံဘုရားဖူးလာကြမယ်။ အဲဒါ သားကို အသိပေးတာ။ နေစရာထိုင်စရာလေး စီစဉ်ပေးဖို့ရယ်၊ လိုအပ်တာလေးကူညီပေးဖို့ရယ် လှမ်းပြောတာ”

“ဟုတ်ကဲ့ အမေ၊ သားကူညီလိုက်ပါမယ်။ ဘယ်တော့လာကြမှာလဲ။ ဘယ်နှယောက်လဲ၊ သားမအားတာနဲ့ ကြုံနေမှာစိုးလို့”

“သူတို့က ၁၀ ယောက်လောက် ရှိမယ်။ အဘိုးကြီး၊ အဘွားကြီးများတယ်။ သဘက်ခါလာကြမယ် ပြောတယ်သား။ သေချာရင် အမေ ပြန်ဆက်ပေးမယ်”

“ဟုတ်ကဲ့အမေ၊ ဒါနဲ့ ပြောရအုံးမယ် အမေ။ အခုသားကြည့်နေတဲ့ လူနာက သားတို့ရွာကို စာလာသင်ပေးဖူးတယ်တဲ့။”

“ဟေ ...ဟုတ်လား။ ဘယ်သူတဲ့လဲ။ ရွာက ကျောင်းဆရာလား။”

ဆရာဝန်ကြီးသည် လူနာမှတ်တမ်းကို လှန်ကြည့်လိုက်ပြီး

“ဦးရဲမင်းစိုးတဲ့ အမေ”

“တစ်ဖက်မှ ပြန်ပြောသံမကြားရတော့ပဲ တိတ်ဆိတ်သွား၏။ အတန်ကြာမှ –

“အခုရှိနေတာလား”

“ဟုတ်ကဲ့”

“ဒါဖြင့် အဲဒီလူနာကို ဖုန်းခဏပေးလိုက်စမ်းကွယ်”

ဆရာဝန်ကြီးက ကျွန်တော့်အား ဖုန်းပေး၏။ ဖုန်းထဲမှ အဘွားကြီးက ကျွန်တော့်အား စေ့စေ့ကြည့်၏။ ကျွန်တော်ကလည်း သူ့ကို စေ့စေ့ကြည့်၏။ အတိတ်၏ အရိပ်များဖြတ်ပြေးသည်။ ငယ်ရုပ်ကို ပြန်တွေး၊ ရေးရေးလေး မှတ်မိလာသည်။

ကျွန်တော်မှစ၍ –

“မင်း ... မင်း ... ဟို ... ဟို ...”

စကားမဆုံးမီသူက၊

“သျှာကီးလား ကျွန်မ မမြဲသီပါ မှတ်မိသေးရဲ့လား။”

ကျွန်တော်မည်သို့ ပြန်ပြောရမှန်းမသိ။ နှစ်ယောက်သားအတွေး ကိုယ်စီဖြင့် လွန်ခဲ့သော နှစ်ပေါင်းငါးဆယ်ဆီသို့ ခရီးပြန်သွားနေကြ၏။ တိတ်ဆိတ်မှုကို ကျွန်တော်က ဖျက်ဆီးကာ စကားလွှဲလိုက်သည်။

“နေကောင်းရဲ့လား မမြဲသီ၊ မတွေ့ရတာ နှစ်ပေါင်းကြာပြီနော်”

“ဟုတ်တယ်နော် ... အံ့သြစရာပဲ သျှာကီးရယ် ... တိုက်ဆိုင်လိုက်တာ

…အခု သျှာကီးကို ကုနေတဲ့ ဆရာဝန်ကြီးက ကျွန်မသားလေ … တိုက်တိုက်ဆိုင်ဆိုင်ရှင်။ တကယ်ပါပဲ၊ အံ့သြစရာ”

ကျွန်တော် က ရွာ က လူ တွေ အကြောင်းစကားပြောင်း၍မေးလိုက်၏။

“အကိုလှမောင်က မရှိတော့ဘူး။ ဦးစံဘလည်း သေပြီ။ ဦးဖိုးလွယ်တော့ ရှိသေးတယ်။ တောင်ရွာမနေတော့ဘူး။ မြောက်ရွာကိုပြောင်းသွားတာကြာပြီ။ သူလည်း ၇၀ ကျော်ပြီလေ။

“ကျွန်တော့်ကို ထမင်းကျွေးခဲ့တဲ့ ဦးထွိုးတို့၊ ဦးမာတို့ကော”

“ဟာ ဘယ်ရှိတော့မလဲ သျှာကီးရယ် ကျွန်မယောကျ်ား ကိုထွန်းစိန်တောင်မှ မရှိတော့တာပဲ”

“ဟာ … ဟုတ်လား၊ ကိုထွန်းစိန် မရှိတော့ဘူးလား။”

ထိုစဉ် ဆရာဝန်ကြီးက ကျွန်တော့်ကိုကြည့်၍ ကောက်ကာငင်ကာ ထပြော၏။

“ကျွန်တော့်အဖေဆုံးတာလာမယ့် ဇူလိုင်လဆို ၂ နှစ်ပြည့်ပီ အဘရဲ့။”

“ဟေ … ဟုတ်လား … အဘ စိတ်မကောင်းပါဘူးကွာ”

မမြသီက ကျွန်တော့်အား ဖုန်းမျက်နှာပြင်ပေါ်မှ အဓိပ္ပာယ်ပါပါ ကြည့်၏။ ထို့နောက်ပြုံး၏။ ထို့နောက် မဲ့၏။ ထို့နောက် ပြန်ပြုံး၏။ ထို့နောက် ဖုန်းကို သူ့သားဆရာဝန်ကို ပေးလိုက်ရန်ပြောသဖြင့် ပေးလိုက်သည်။

“သားရေ တို့တစ်ရွာလုံး ဒီဆရာကြီးရဲ့ ကျေးဇူးမကင်းဘူးကွဲ့။ ရွာလုံးကျွတ် စာတတ်သွားတာ၊ စာကြည့်တိုက်ကြီးဖြစ်လာတာ၊ ရွာကိုစာသင်ကျောင်းရောက်လာတာ၊ တစ်ရွာလုံးရေအိမ်ဆောက်တတ်သွားတာ အဲဒါတွေဟာ ဒီဆရာကြီးကြောင့်ပဲ။ သူလုပ်သွားတာ ပြောမယ်ဆိုရင် သူက တို့တစ်ရွာလုံးရဲ့ ကျေးဇူးရှင်ပဲ။

“အော် … ဟုတ်လား။ သားတို့ စာသွားသွားဖတ်တဲ့ ဦးလေးလှမောင်ခြံထဲက ညမွှေးပန်း စာကြည့်တိုက်လား အမေ”

“ဟုတ်တယ်လေ … အဲ့စာကြည့်တိုက်ကနေ သားတို့လို ဆရာဝန်ကြီးတွေ၊ မိဆုန်သမီးလို အင်ဂျင်နီယာတွေ၊ ဘကောက်ရဲ့သားတွေလို ကျောင်းဆရာကြီးတွေ၊ နပ်(စ်)မကြီးတွေ ဖြစ်ကုန်ကြတာပေါ့။ အဲဒီ ညမွှေးပန်း စာကြည့်တိုက်ဟာ ဒီဆရာကြီး စထောင်ခဲ့တာသားရဲ့။ သူ့လက်ငုတ်ကို အမေက ခုထိစောင့်ရှောက်လာခဲ့တာ၊ ကတိလဲ ရှိခဲ့တယ်လေ”

အဲ့စာကြည့်တိုက်ကနေ သားတို့လို ဆရာဝန်ကြီးတွေ၊ မိဆုန်သမီးလို အင်ဂျင်နီယာတွေ၊ ဘကောက်ရဲ့သားတွေလို ကျောင်းဆရာကြီးတွေ၊ နပ်(စ်)မကြီးတွေ ဖြစ်ကုန်ကြတာပေါ့။ အဲဒီ ညမွှေးပန်း စာကြည့်တိုက်ဟာ ဒီဆရာကြီး စထောင်ခဲ့တာ သားရဲ့။

ဒေါ်မြသီက ဆက်ပြောသည်။

“မနေ့ကပဲကလောပြန်ကြားရေးနဲ့ ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်တွေ လာယူပါဆိုလို့ အမေသွားယူခဲ့ရသေးတယ်။ ညမွှေးပန်းအတွက်”

“အော် … အမေ ခဏခဏပြောဖူးတဲ့ သျှာကီးဆိုတာ ဒီအဘလား”

“ဟုတ်ပ … ဟုတ်ပ ဟုတ်ပတော်သူပါပဲ။ ဦးရဲမင်းစိုးတဲ့၊ ဒါနဲ့ သူက ဘာရောဂါလဲ။

“နှလုံးပေါ့အမေရယ်၊ သွေးတိုး၊ ဆီးချိုလည်းပါတယ်”

“အော် … ဟုတ်လား၊ ဂရုတစိုက် ကုပေးပါသားရယ်”

ဒေါ်မြသီသည် အတန်ငယ်တိတ်ဆိတ်သွားပြီးမှ –

“သား”

“ဗျာ”

သားအဖေလည်း မရှိတော့ဘူး။ သူ့ကို သားအဖေလိုသဘောထားပြီး ကုပေးပေတော့။ အခုလည်း သားသူ့ကို ကန်တော့လိုက်ပါ။ ကျေးဇူးရှိတယ်။ ကန်တော့ဖြစ်အောင်ကန်တော့၊ အခုပဲ ထိုင်ကန်တော့ ကြားလား။

“ဟုတ်ကဲ့”

ဒေါ်မြသီသည် ရုတ်တရက် ဖုန်းပိတ်ပစ်လိုက်၏။


ဆရာဝန်ကြီးသည် ကြမ်းပြင်သို့ ဆင်းထိုင်၍ ကျွန်တော့်အား လက်အုပ်ချီ၍ ကန်တော့၏။ ကျွန်တော်က ဆုတွေပေးရင်း ရင်ထဲမှ လိပ်တက်လာသော အမည်မသိဝေဒနာကြောင့် ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာသော မျက်ရည်တို့ကို လက်ဖမိုးဖြင့် အရှက်မဲ့စွာ သုတ်လိုက်မိလေသည်။

“အော် သားလိမ္မာလေးပေကိုး”

မောင်မောက် (ဝတ်လုံ)

ဒေါ်ဟိုဒုပ်မည်းဟော်

ဝင်းဆွယ် (ပုသိမ်)



"ဆရာမ ရောက်လာပြီလား"

ကျွန်မဘွဲ့ရပြီးတော့ ပညာရေးဌာနမှာ စေလိုရာစေ ဆရာမအဖြစ် လျှောက်ဖြစ်တယ်။ အဓိက ရှမ်းပြည်နယ်ကိုထားပြီးလျှောက်တော့ ရှမ်းပြည်နယ်ရောက်ခဲ့ပြီ၊ ပြည်နယ်ပညာရေးမှူးရုံးမှာ သတင်း ပို့တော့ ပညာရေးမှူးကြီးက လှိုက်လဲ့ပျူငှာစွာဖြင့် ပြုံးရွှင်စွာ ကြိုဆိုလိုက်သည်။

"ဆရာမ နာမည်က ဒေါ်အေးသီတာနော်"

"ဟုတ်ကဲ့ ဆရာကြီး"

"ဆရာမကတန့်ယန်းခရိုင်အတွင်းက မြို့နယ်တစ်ခုဖြစ်တဲ့ မိုင်းရယ်မြို့နယ်က ပုန်တွန် (အလက-ခွဲ) မှာ တာဝန်ကျပါတယ် ဆရာမ"

"ဟုတ် အဲ့ဒီကို ဘယ်လိုသွားရမှာလဲဟင်"

"ဟုတ်ကဲ့ စိတ်မပူပါနဲ့ အဲ့ဒီရွာက ရွာခံဆရာလေး အိုက်အီး လာကြိုနေပါတယ်"

ဆရာကြီးညွှန်ပြရာဘက်ကိုကြည့်လိုက်တော့ အင်္ကျီခပ်နွမ်းနွမ်းနဲ့ တိုင်းရင်းသားမှန်းကို နာမည်ကြားရုံနှင့် သိနိုင်ပါသည်။ ဆရာလေး အိုက်အီးဆိုသူသည် မြန်မာသံမပီမသဖြင့် လေသံက တိုးညှင်းစွာ မင်္ဂလာပါဟု မိတ်ဆက်လာသည်။

"ဆရာမ ကျွန်တော်က အိုက်အီးပါ။ ပုန်တွန် (အလက-ခွဲ) က လုပ်အားပေး ဆရာပါ။ အဲ့ဒီ ပုန်တွန်ရွာသားပါ။ လိုအပ်တာရှိရင် ကူညီဖို့ရွာလူကြီးကို မှာထားပါတယ်"

မြန်မာစကားကို အသံက ဝဲနေပေမယ့် ရည်မွန်စွာ ပြောတတ်နေ၍ ကျွန်မ အံ့သြမိသည်။

ဆရာကြီးဝင်ပြီး -

"ဆရာမ ဆရာအိုက်အီးက ပုန်တွန်ရွာသားပါ။ ဒါပေမဲ့ ရန်ကုန်မှာကြီးတယ်လို့ပဲ ဆိုရမယ်ဆရာမ၊ သူက ငယ်စဉ်ကတည်းက ရန်ကုန်က ဘုန်းတော်ကြီးကျောင်းမှာနေပြီး အတန်းကျောင်းအောင်ခဲ့ရတာလေ။ ဆရာမ အဆင်သင့်ဖြစ်ရင် နေမပူခင် ပုန်တွန်ကို သွားကြရအောင် ကျွန်တော်လည်း မိုင်းရယ်ကို သွားစရာရှိတာနဲ့ ဆရာမ တို့နဲ့ လိုက်ခဲ့ပါ့မယ်"

+++++

ရွာကိုရောက်စမှာတော့ ရေမြေသဘာဝ မတူတာရယ်၊ ဓလေ့စရိုက် ဘာသာစကား မတူတာတွေကြောင့် အခက်အခဲ တော်တော်တွေ့ခဲ့သည်။ စာသင်ရာမှာပင် အခက်အခဲရှိနေ၍ ရန်ကုန်ကို ပြန်ချင်မိသည်။ မိသားစုနှင့် ခွဲခွာလာရသလို အလုပ်မှာလည်း အဆင်မပြေဆိုတော့ စိတ်အလွန်ညစ်ခဲ့သည်။

နောက်ဆုံးတော့ ငါအနည်းဆုံးနှစ်နှစ်နေပြီးမှ ရန်ကုန်ကို ပြန်ပြောင်းရမှာပါလားဆိုသော အသိဖြင့် ကြိတ်မှိတ်ပြီး နေခဲ့ရသည်။

"အေခ"

ကျွန်မနေတဲ့အခန်းရှေ့ကို ရွာလူကြီးနဲ့ အိုက်အီးရောက်လာပြီး "မင်္ဂလာပါ" ဟူသော သူတို့ပလောင်စကားဖြင့် ရွာလူကြီးမှ နှုတ်ဆက်လိုက်သည်။ ကျွန်မက ဘာသာစကားနှင့် စိမ်းနေ၍ ပြန်မပြောတတ်သောကြောင့် ပြုံးပြနှုတ်ဆက်လိုက်သည်။ ဆရာအိုက်အီးက -

"ပို့ဂ်ဟွန်းဘိုး"

သူတို့ဘာသာစကားဖြင့် ထမင်းစားပြီးပြီလားဟု ဆိုလာသောအခါ ကျွန်မ ခေါင်းညိတ်ပြီး ပြုံးပြရုံမှအပ ဘာမှ ပြန်မပြောတတ်ပေ။ စကားလုံးတွေကိုတော့ တပည့်လေးတွေ ပြောနေကျ မို့ နားယဉ်နေသည်။ ပြန်တော့ မပြောတတ်ပေ။

ကျွန်မ စာစသင်တော့ ကျွန်မက မြန်မာလိုပြောပြီး သင်တာမို့ တချို့ကျောင်းသားတွေက မြန်မာလိုမတတ်ကြတော့ ဘာသာစကားအခက်အခဲရှိနေ၍ ဆရာအိုက်အီးက ပလောင်စကားနဲ့ သင်ကြားနိုင်ဖို့ ပလောင်လိုသင်ပေးပါတယ်။

ဥစ - ၁၀၀။ အစ - ၂၀၀။ အွေစ - ၃၀၀။ ဖိုးအပ်စ - ၄၀၀။ ဖန်စ -၅၀၀ အစရှိတဲ့ ဂဏန်းတွေ ရေတွက်ပုံက အစ သင်ပေးတယ်။

"ဆရာမ ကျောင်းပိတ်ရက်မှာ ပျင်းမှာစိုးလို့ ရွာကအထင်ကရနေရာတွေ လိုက်ပို့ပေးဖို့ ဆရာမကို ဝင်ခေါ်တာ"

"အင်္ကီးယားလ်"

ကျွန်မက ကျေးဇူးတင်ပါတယ်လို့ သူတို့ဘာသာစကားနဲ့ ပြန်ပြောလိုက်တော့ ရွာလူကြီးက

"ဆရာမဘာသာစကားတွေတတ်နေပြီပဲ"

"တပည့်လေးတွေဆီက သင်ထားရတာပါ"

ကျွန်မက မြန်မာသံဝဲဝဲနဲ့ သူတို့ကို ပြန်ပြောလိုက်တဲ့အခါ ပြုံးရွှင်သောမျက်နှာများနှင့် ကျွန်မကိုကြည့်နေကြပြီး အိုက်အီးက -

"အိုက်ချောရေကျွန်တော်တို့တော့ ဆရာမအတင်းပြောလို့မရတော့ဘူး"

ဆရာ အိုက်အီးက ပြောရင်း ရယ်မောလိုက်ကြသည်။

+++++

ကျွန်မ ပုံတွန်ရွာလေးမှာ နှစ်နှစ်ဆိုပေမယ့် သုံးနှစ်ကျော်လာခဲ့ပြီး ရွာလူကြီးနှင့်ကျောင်းအုပ်ကြီး၊ တပည့်ရွာသူရွာသားများနှင့်နေသားကျလာခဲ့ပေပြီ။ ပုံတွန်ရွာလေးသည် မိုင်းရယ်မြို့နယ်၊ တန့်ယန်းခရိုင်အတွင်းက ရွာတစ်ရွာဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်အထက် ၂၈၅၈ ပေ (၇၈၁မီတာ) ရှိကြောင်း၊ မိုင်းရယ်မြို့လေးသည် သက္ကရာဇ် ၁၂၂၉ ခု စပ်ဖလုံ၊ စပ်ဆိုင်နေ့ဖ၊ သိန္နီပြည်တွင် နန်းတက်၍ ၁၂၃၁ ခုနှစ်၊ ဝန်ထောက်ဦးရွှေကြာ (သိန္နီပြည်ကို) တစ်နှစ်လာအုပ်ချုပ်ပြီး သက္ကရာဇ် ၁၃၃၂ ခုနှစ် စစ်ကဲ ဦးစောမင်း (သိန္နီပြည်ကို) လာအုပ်ချုပ်ခဲ့ဖူးကြောင်း အစရှိသည့် သမိုင်းကြောင်းများကို သိန္နီမင်းဆက်များအကြောင်းနှင့် သိန္နီရာဇဝင်ပုရပိုက်တွင်ရှိကြောင်း ရွာလူကြီးက ရှင်းပြဖူးသည်။

အိုက်အီးကလည်း ကုန်းဘောင်ခေတ်နောင်းပိုင်းက မြောက်ပိုင်းရှမ်းပြည် အရှေ့ပိုင်းအထွေးကြောင့် ရှမ်းပြည် (သိန္နီပြည်) နှစ်ပိုင်းကွဲထွက်သွားပြီး မြောက်သိန္နီနယ် (မူလသိန္နီ) နှင့် တောင်ပိုင်းသိန္နီနယ် (မိုင်းရယ်) တို့ နှစ်ပိုင်းကွဲသွားကြောင်း ရှင်းပြဖူးသည်။

မိုင်းရယ်မြို့ကလေးမှလှပထင်ရှားသော ကြာရေကန်၊ မဟာဗောဓိစေတီတော်တို့ကို လိုက်ပို့ပေးခဲ့သည်။ မကြာခဏသွားပြီး ဖူးဖြစ်တာကတော့ ဆုတောင်းပြည့်သည်ဟုဆိုသော မဟာမြတ်မုနိ ဆုတောင်းပြည့်ဘုရားကို ရောက်ခဲ့ပြီး အားလပ်ရက်များတွင် ရေပူရေတံခွန်ကိုလည်း တပည့်လေးများနှင့် မကြာခဏာရောက်ခဲ့ဖူးပေသည်။

+++++

ပုံတွန်ရွာလေးနှင့် ခွဲခွာလာခဲ့သည်မှာကိုဗစ်ကာလကျောင်းပိတ်ရက်တွင်

မိုင်းရယ်မြို့ကလေးမှ လှပထင်ရှားသော ကြာရေကန်၊ မဟာဗောဓိစေတီတော်တို့ကို လိုက်ပို့ပေးခဲ့သည်။ မကြာခဏသွားပြီး ဖူးဖြစ်တာကတော့ ဆုတောင်းပြည့်သည်ဟုဆိုသော မဟာမြတ်မုနိ ဆုတောင်းပြည့် ဘုရားကိုရောက်ခဲ့ပြီး အားလပ်ရက်များတွင် ရေပူရေတံခွန်ကိုလည်း တပည့်လေးများနှင့် မကြာခဏာရောက်ခဲ့ဖူးပေသည်။

အပြောင်းအရွှေ့လျှောက်လွှာတင်ကာ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စဉ့်ငူရပ်ကွက်၊ အ.လ.က(၁၄) ကျောင်းလေးမှာ အထက်တန်းပြဌာထူးနှင့် မြို့ပေါ်ကို ပြန်ရောက်ခဲ့သည်။

တိုက်ဆိုင်ထူးခြားသည်က ဆရာအိုက်အီး ငယ်စဉ်က လာနေခဲ့ဖူးတဲ့ မိုးကုတ်ဝပဿနာကျောင်းနားမှာ ရှိနေခြင်းက ဆရာအိုက်အီးကို ပိုပြီး သတိရနေမိတယ်။ ဆရာအိုက်အီးက ငယ်ဘဝကသူရန်ကုန်ကိုရောက်တော့ မားမားခေါက်ဆွဲကို ရေနွေးနဲ့မပြုတ်ဘဲ အထဲက အိတ်တွေကိုဖောက်ခေါက်ဆွဲခြောက်တွေနဲ့ နယ်ပြီးစားခဲ့မိတာကို ဟာသနှောပြီး ပြောခဲ့တာတွေ သတိရမိတယ်။

“သမီးရေ ဖုန်းလာတယ်”

“ဘယ်သူ့ဖုန်းလည်းမသိဘူး”

ကျွန်မအမေက ကျမဖုန်းကိုယူလာပြီး ပေးတယ်။ ဖုန်းက အစိမ်းဖြစ်နေတယ်။

“ဟယ်လို အမိန့်ရှိပါရှင် ကျွန်မအေးသီတာပါ”

“ဟေး ဆရာမ အေခ”

“ဟာ အဘ အိုက်ချော – သတိရလိုက်တာ။ ကျွန်မဖုန်းနံပါတ် ဘယ်ကရတာလဲ၊ ကျွန်မက အဘအိုက်ချောတို့ ဖုန်းမရှိလို့ မဆက်ဖြစ်တာပါ။ ဒါနဲ့ ဆရာအိုက်အီးတစ်ယောက်ရော”

“ဟုတ် ဆရာမ၊ သူ့အကြောင်းလည်း ပြောချင်တာနဲ့ ဖုန်းဆက်လိုက်တာပါ”

“အဘ အိုက်ချော၊ သူရွာကျောင်းမှာပဲလား”

ကျွန်မ အလောတကြီး မေးလိုက်သည်။

ရွာလူကြီးအဘအိုက်ချောကတော့ သူ့ထုံးစံအတိုင်း လေပြည်လေးနဲ့။

“ဆရာ အိုက်အီးတစ်ယောက်ကတော့ ပြောမပြောချင်ပေါင် ပြည်နယ်လွတ်မြောက်ရေးတပ်ဆိုလား၊ ဘာလားမသိပါဘူး၊ ကိုဗစ်ကာလအပြီး စစ်တပ်ထဲဝင်သွားတာပဲ ဆရာမရယ်”

“အို”

ကျွန်မ ‘အို’ဟူသော အာမေဋိတ်

စကားသံက အရင်ထွက်သွားမိသည်။ ပြီး အသံကို ငြိမ်အောင်ထားပြီး ရွာလူကြီးအဘအိုက်ချောနှင့်မာကြောင်းသာကြောင်းဆက်ပြောနေမိသည်။ အတွေးထဲမှာတော့ အိုက်အီးတစ်ယောက် ယုံကြည်ချက်ပြောင်းသွား၍ စိတ်မကောင်းဖြစ်မိပါသည်။

+++++

"ဆရာမ ဧည့်သည်တစ်ယောက်တွေ့ချင်လို့တဲ့၊ ရုံးခန်းထဲမှာစောင့်နေတယ်"

"ဘယ်သူလဲ မောင်ဌေး"

"မသိဘူးဆရာမ စစ်ယူနီဖောင်းနဲ့"

"အေးအေး လာခဲ့မယ်၊ ခဏစောင့်လို့ ပြောထားပါ၊ ကလေးတွေကို စာပေးခဲ့ဦးမယ်"

ကျွန်မ ဒီ အ.လ.က(၁၄) စဉ့်ငူကျောင်းကို ရောက်တာ သုံးနှစ်ကျော်ပြီ၊ ဘယ်သူငယ်ချင်းမှ ကျောင်းကို ခေါ်လေ့မရှိ၊ ပိုဆိုးတာက ယောကျ်ားလေးဧည့်သည် ...

ကျွန်မ ကလေးတွေကို သင်္ချာပဋ္ဌာတစ်ခုပေးပြီး တွက်ခိုင်းခဲ့ကာ ကျောင်းအုပ်ကြီးရုံးခန်းဘက်သို့ သွားလိုက်သည်။

"ဟယ် အိုက်အီး"

ကျွန်မ မထင်ထားသူ၊ တွေ့ချင်နေသူ၊ ဆရာအိုက်အီး ရင်းနှီးမှု ခင်မင်မှု တွေကနေ ပိုလာတော့ ဆရာ ဆရာမ ဟူသော ဂုဏ်ဒြပ်တွေပျောက်ကာ နာမည်ကိုပင် ခေါ်လာတဲ့အဆင့်ရောက်ခဲ့သည်။ အဘအိုက်ချောပြောတော့ပြည်နယ်လွတ်မြောက်ရေးတပ်တဲ့၊ အခုတွေ့ရတာကတပ်မတော်သား စစ်ယူနီဖောင်း၊ လက်မောင်းမှာလည်း အရစ်သုံးရစ်နဲ့ တပ်ကြပ်ကြီးအဆင့်။

"နင် ... နင်"

"ငါ ဘာဖြစ်လို့လဲ"

"နင် ပြည်နယ်လွတ်မြောက်ရေး"

"ဟုတ်တယ် – ပထမတော့ ပြည်နယ်လွတ်မြောက်ရေး တပ်ထဲဝင်တာ အခဲ့ဒီထဲရောက်တော့မှ တို့တစ်တွေ ဖြစ်ချင်တဲ့ ပြည်နယ်လွတ်မြောက်ရေး မဟုတ်ဘဲ သူတို့ကောင်းစားရေး အတွက်ပဲ လုပ်နေကြတာ သဘောပေါက်လို့ နိုင်ငံတော်အစိုးရက လွတ်ငြိမ်းချမ်းသာခွင့်နဲ့ ခေါ်နေတဲ့ အချိန်မှာ တောထဲက ပြန်ဝင်လာပြီး တပ်မတော်ရဲ့သဘောထားအမှန်ကိုသိလို့ ငါကတပ်မတော်ထဲဝင်လိုက်တာလေ။

အခုမှော်ဘီ(၁၀၇)ကိုရောက်တယ်လေ။ နင်ဒီကျောင်းမှာ ရှိတယ်ဆိုတာ အဘအိုက်ချော ပြောလို့ သိရတယ်။ အခု နင့်ကိုခေါ်ပြီး ငါ့ကို ငယ်ငယ်ကတည်းက ကျွေးမွေးစောင့်ရှောက်ပညာသင်ပေးတဲ့ အောင်ဆန်းဆရာတော်ဆီ သွားမလို့၊ နင်လည်း ဆရာတော်ကို တွေ့ရတာပေါ့။

ကျွန်မတို့နှစ်ယောက် ရှေးဟောင်းနောင်းဖြစ်တွေပြောရင်း အချိန်တွေကုန်လွန်ခဲ့သည်။ ကျောင်းဆင်းပြီး နှစ်ဦးသား အောင်ဆန်းတံဦး ကျောင်းတစ်လျှောက် ထန်းပင်အစီအရီနှင့် လှချင်တိုင်းလှနေတဲ့ တိမ်တောက်တဲ့လမ်းပေါ် လျှောက်လှမ်းရင်း ကျွန်မ ပုံတွန်ရွာလေးမှာ မပြောဖြစ်ခဲ့တဲ့ စကားလေးနဲ့.....

"အော်ဟို့ အုမ့် မည်းဟော်" ဟူရွာမှာ အဖြေမပေးခဲ့ရတဲ့ "နင့်ကိုငါချစ်တယ်" ဟူသော အဖြေကို ပေးလိုက်မိပေသည်။

ဝင်းနွယ် – ပုသိမ်



အားသစ်ငတ်တိုး

ပုညိမ်းအောင်သန်းခိုင်



တောင်ကြီးမြို့သည် ရှမ်းပြည်နယ်၏ မြို့တော် ဖြစ်ပါသည်။ ပေလေးထောင်ကျော် တောင်ကုန်းမြင့်ပေါ်တွင်ရှိသော အလွန်လှပသန့်ရှင်းသည့် မြို့တစ်မြို့လည်းဖြစ်ပါသည်။

ပြည်နယ်၏ မြို့တော်ဖြစ်သည့် အားလျော်စွာ မြို့တော်၏အင်္ဂါရုပ်နှင့် ပြည့်စုံသောမြို့ကြီးလည်းဖြစ်ပါသည်။ သုံးထပ်စျေးကြီး၊ မိုင်းပွန်စော်ဘွား စင်စံထွန်းစျေး၊ စင်စံထွန်းဆေးရုံကြီး၊ ဘဏ်တိုက်၊ တောင်ကြီးတက္ကသိုလ် စသည်တို့ဖြင့် အလွန်ကျက်သရေမင်္ဂလာနှင့်ပြည့်စုံသည့် မြို့ကြီးဖြစ်ပေသည်။

မြို့၏အထိမ်းအမှတ် တောင်တန်းကြီးမှာ မြို့ကို အထက်ကမိုးကြည့် လျက်နေပေသည်။ မြို့၏ အဓိကလမ်းမကြီးဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးသည် ကျယ်ပြီး ပန်းပွင့်ရောင်စုံတို့ဖြင့် ပဏာရလှနေပေသည်။ လမ်းဘေးဝဲယာရှိ မိုးမြင့် အဆောက်အဦကြီးများ၊ ဟိုတယ်ကြီးများ၊ စားသောက်ဆိုင်များ၊ စျေးဆိုင်များမှာလည်း မြို့၏ဂုဏ်ကို ဆောင်လျက်ရှိနေပါသည်။

တောင်ကြီးတွင် ပအိုဝ်းတိုင်းရင်းသားများကို အများဆုံးတွေ့မြင်နိုင်ပါသည်။ ရှေးက တောင်ကြီးမြို့တည်ရာ နေရာသည် ပအိုဝ်းရွာကြီးဖြစ်ကြောင်း ဦးစိုင်းပန်းက ကျွန်တော်တို့ကို ဤသို့ ပြောပြပါသည်။

သက္ကရာဇ် ၁၂၀၀ ခန့်က ဒုံတောင်တီလိုခေါ်တဲ့ ပအိုဝ်းရွာကြီး ရှိဖူးသည်။ ရှမ်းသံနှင့် တွမ်တီလို့လည်း ခေါ်ခဲ့ကြသည်။ တချို့ကလည်း တောင်ကျည်၊ မြန်မာသံနှင့် တောင်ကြီးဟု ခေါ်ခဲ့ကြကြောင်း၊ မြို့ကိုဆီးပြီး မိုးကြည့်နေသည့် တောင်ကြီးကို အမှတ်သညာပြု ခေါ်ခဲ့ဟန်တူကြောင်း ပြောပြပါသည်။

“ဒါဖြင့် တောင်ကြီးမြို့ ပေါ်ပေါက်လာတာ ကြာပြီပေါ့နော်....”



"အင်း ... နှစ်ပေါင်းတစ်ရာကျော်ခဲ့ပြီပေါ့၊ အင်္ဂလိပ်သက္ကရာဇ် ၁၈၉၀ ခုနှစ်လောက်မှာ အင်္ဂလိပ်အစိုးရက တောင်ကြီးမြို့ကိုစတင်တည်ထောင်ခဲ့တယ်လို့ မှတ်တမ်းများမှာ တွေ့ရတယ်ကွဲ့"

"ဒါဆို ၁၉၉၀ ပြည့်နှစ်က တောင်ကြီးမြို့ဟာမြို့တည်သက်တမ်းတစ်ရာပြည့်ခဲ့တာပေါ့နော်"

"မှန်တယ်ကွဲ့၊ အခုမြို့မစ္စျေးကြီး သုံးထပ်စျေးသစ်ကြီး တည်ဆောက်ထားတဲ့ နေရာဟာ ဟိုး ... လွန်ခဲ့တဲ့ နှစ်တစ်ရာကျော်က ဦးကြီးခမ်းလော်ရွာကြီးရဲ့ နေရာဟောင်းဖြစ်တယ်ကွဲ့"

"အဲ့ ... ဒုံတောင်တီကို အုပ်ချုပ်ခဲ့တဲ့ သူကြီးကတော့ ဦးအောင်သာလို့ အမည်ရှိသကွဲ့"

ဦးစိုင်းပန်းသည် တောင်ကြီးမြို့၏ ရှေးအတိတ်သမိုင်းကို မမောမပန်းရှာနိုင် တတွတ်တွတ်ဖြင့် ပြောပြနေလေသည်။

+++++

"ဒါတောင်ကြီးမြို့နဲ့ ပတ်သက်ပြီး ဦးလေးစပ်ထားတဲ့ကဗျာ ဖတ်ကြည့်ပါဦး"

ကျွန်တော်တို့သည် ဦးစိုင်းပန်း၏ စာအုပ်ကိုယူကာ ဖတ်ကြည့်ကြသည်။ ကဗျာခေါင်းစဉ်ကို "တောင်ကြီးမြို့" ဟု ရိုးရိုးလေးပေးထားသည်။

တောင်ကြီးမြို့

- သက်တစ်ရာပြည့်ပြီဆို ၊
  မရီ(ရယ်)နဲ့ အဘိုး။
- သွင်ရူပါ နုပျိုလို့
  မအိုပေါင် စိုပြည်သားနဲ့
  အားသစ်တွေတိုး။
- ကျန်းမာပြီး ကြံ့ခိုင်တယ်၊
  ဖနိုင်ငံ ချစ်သား။
- တောင်ပေါ်ဖွား တောင်ပေါ်နေ၊
  တောင်ပေါ်ရေ နေ့စဉ်ချိုးလို့၊
  ဝဖြိုးနေလား။ ။

ဦးစိုင်းပန်းသည် တောင်ကြီးမြို့ကို သက်တစ်ရာပြည့် အဘိုးအိုကြီးနှင့် နှိုင်းထားသည်။ သို့သော် နုပျိုကျန်းမာကြံ့ခိုင်သော အဘိုးအိုအား တောင်ပေါ်ဖွား တောင်ပေါ်နေ၊ တောင်ပေါ်ရေ နေ့စဉ်ချိုးလို့ ဝဖြိုးနေသလားဟု မေးခွန်းမေးထားသည်။

"ကဗျာကို နားလည်ကြရဲ့လား"

ကျွန်တော်တို့မှာ ရှစ်တန်းကျောင်းသား များဖြစ်ရုံမက ကျောင်းတွင် အလယ်တန်းမြန်မာကဗျာများကိုသင်ကြားခဲ့ရသည့်ပြင် ဂန္ဓဝင်ကဗျာများကို လေ့လာခဲ့သူများမို့ ဦးစိုင်းပန်း၏ ကဗျာကိုကောင်းစွာနားလည်သဘော ပေါက်ကြပါသည်။

"နားလည်ပါတယ် ဦးလေးပန်း" ဟု ကျွန်တော်တို့က ပြောလိုက်ရာ ဦးလေးပန်းမှာ သဘောကျနေလေသည်။

"တောင်ကြီး နှစ်တစ်ရာပြည့် မဂ္ဂဇင်းပို့ဖို့ ရေးထားတာ၊ မဂ္ဂဇင်းအယ်ဒီတာက စာမူတွေပို့ကိုပြီး ရန်ကုန်ကိုဆင်းသွားတာနဲ့ မဂ္ဂဇင်းထဲ ပါမသွားရှာဘူး"

ကျွန်တော်တို့တွေ ဦးစိုင်းပန်း၏ မျက်နှာကိုကြည့်ပြီးပြုံးမိလိုက်ကြ၏။

"ဦးလေးပန်းက ကဗျာဆရာပဲ"

"ကဗျာဆရာတော့ မဟုတ်ပါဘူးကွာ၊ ဦးလေးလည်း စိတ်ကူးလေးရတာနဲ့ ရေးကြည့်တာ၊ သူငယ်ချင်းမောင်ခွန်နွယ်(အင်းလေး)က ကဗျာလေး စာလေးရေးပါဦး ဆိုတာနဲ့"

"ကဲ ... အဝတ်အစားတွေ လဲပြီးကြပြီလား၊ ဦးလေးတို့ကြိုးတံတားကို သွားကြမယ်"

ကျွန်တော်တို့သည် မြို့မြောက်ဘက်ရှိကမ္ဘောဧပန်းခြံနှင့်ကြိုးတံတားကြီးဆီသို့ ကားဖြင့် ထွက်ခဲ့ကြသည်။ ပန်းခြံထဲတွင် အမှတ်တရ ဓာတ်ပုံများ ရိုက်ကြသည်။ ကြိုးတံတားကြီးပေါ်မှ ရွှေညောင်လွင်ပြင်ကို တောင်အောက်တွင် လှပစွာ တွေ့မြင်နေရသည်။

"တောင်ကြီးမြို့ဟာ တဖြည်းဖြည်း တိုးတက်လာပြီနော် ဦးလေးပန်း"

"သွင်ရူပါနုပျိုလို့
မအိုပေါင် စိုပြည်သားနဲ့
အားသစ်တွေ တိုးနေတာပေါ့ကွယ်"

သူ့ကဗျာထဲက စာသားများကို ရွတ်ကာဦးလေးပန်းရယ်မောနေလေသည်။

"တကယ်ပါ ဦးလေးပန်း၊ တောင်ကြီးမြို့ဟာ မြန်မာနိုင်ငံမှာတော့ သိပ်လှတဲ့ မြို့တစ်မြို့ပါပဲ"

"ဩော် ... မင်းတို့က မြန်မာနိုင်ငံထဲက ဘယ်မြို့တွေရောက်ဖူးလို့လဲ၊ တခြားမြို့ကြီးတွေ စုံအောင်ရောက်ဖူးမှ ကိုယ့်မြို့ရဲ့အလှကို ချီးမွမ်းသင့်တာပေါ့၊ ခု တို့မြန်မာနိုင်ငံရဲ့ မြို့ကြီးတွေ အားလုံးဟာ မြို့အင်္ဂါရုပ်နဲ့ညီပြီး အလှကိုယ်စီနဲ့ လှချင်တိုင်းလှနေကြပြီကွဲ့"

"ဟုတ်ပါတယ် ဦးလေးပန်း၊ ဒါပေမဲ့ ကျွန်တော်တို့ တောင်ကြီးမြို့မှာ

ထူးဆန်းတာတွေ ရှိတယ်။ အထူးသဖြင့် လမ်းပန်းဆက်သွယ်ရေး။ တောင်ကြီးမြို့ပေါ်ကိုတက်တဲ့ ကားလမ်းသစ်ကို န.ဝ.တ အစိုးရလက်ထက်မှာ ဖောက်ပေးခဲ့တယ်၊ အခုဆိုရင် ကားတွေဟာ အဆင်းလမ်း၊ အတက်လမ်းတွေက နေ ယာဉ် အန္တရာယ်ကင်းကင်းနဲ့ မောင်းနိုင်ကြပြီ။ အင်္ဂလိပ်အစိုးရလက်ထက်က ဖောက်လုပ်တဲ့လမ်းကို အဆင်းလမ်း အဖြစ် အသုံးပြုနေပြီး အတက်လမ်းကတော့ ခုနဝတအစိုးရလက်ထက်မှာ ဖောက်တဲ့လမ်းသစ်ကိုအသုံးပြုနေကြပြီလေ”

“ဒါပဲလားကွာ၊ ပြောပါဦး နောက်ထူးခြားမှုတွေ “

“နောက်တစ်ခုက မီးရထားလမ်းပဲ ဦးလေးပန်း၊ အင်္ဂလိပ်အစိုးရ လက်ထက်ကဖောက်မပေးခဲ့တဲ့တောင်ကြီး – ရွှေညောင်ရထားလမ်းပိုင်းကို အခုအစိုးရလက်ထက်မှာ ရွှေညောင် – တောင်ကြီး လမ်းသာမကဘူး၊ တောင်ကြီးကနေ နမ့်ဆန်အထိ မီးရထားလမ်းတွေ ဖောက်ပေးနေပြီလေ”

“ဒါပေါ့ကွာ၊ တစ်ကြိမ်တစ်ခါမှ မကြားရဘူးတဲ့ တောင်ကြီးမြို့ပေါ်မှာ မီးရထားဥဩသံကို ခု ငါတို့ကြားနေရပြီ”

“အဲ နောက်ထူးခြားမှုတစ်ခုက ရှမ်းပြည်တောင်ပိုင်းနဲ့ မြောက်ပိုင်းကို ဆက်သွယ်ပေးမယ့် ရွှေညောင်၊ ရပ်စောက်၊ ကျောက်ဂူ၊ တောင်ခမ်း၊ နောင်ချိုလမ်းပဲ။ အဲဒီလမ်းကြောင့် မိတ္ထီလာ၊ မန္တလေးဘက်က လှည့်ပတ်ရတဲ့လမ်းထက် မိုင် ၂၀၀ ကျော် လျော့နည်းသက်သာပြီး အချိန်ကုန်ငွေကုန် သက်သာမယ် ဦးလေးပန်း”

“အင်း ... မောင်ရင်တို့က မျက်စိမှိတ် နားပိတ်မနေကြဘဲ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ရဲ့ တိုင်းရင်းသားတွေအပေါ် ထားတဲ့ စေတနာတွေ၊ လုပ်ဆောင်ချက်တွေကို ဂရုတစိုက် လေ့လာနေကြတာကိုး၊ ဝမ်းသာပါတယ်ကွာ”

“ဩော် ... မင်းတို့က မြန်မာနိုင်ငံထဲက ဘယ်မြို့တွေ ရောက်ဖူးလို့လဲ၊ တခြားမြို့ကြီးတွေ စုံအောင်ရောက်ဖူးမှ ကိုယ့်မြို့ရဲ့အလှကို ချီးမွမ်းသင့်တာပေါ့၊ ခု တို့မြန်မာနိုင်ငံရဲ့ မြို့ကြီးတွေအားလုံးဟာ မြို့အင်္ဂါရုပ်နဲ့ညီပြီး အလှကိုယ်စီနဲ့ လှချင်တိုင်း လှနေကြပြီကွဲ့”

“တခြားပြည်နယ်နဲ့ တိုင်းအသီးသီးမှာလည်း ဖွံ့ဖြိုးတိုးတက်မှုတွေ အများကြီးရှိနေမှာပေါ့ ဦးလေးပန်း”

“ရှိတာပေါ့ကွာ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အစိုးရအနေနဲ့ နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီနိုင်ငံတော်ကြီးဖြစ်ဖို့ကို ဦးတည်ပြီး လမ်းပန်းဆက်သွယ်ရေးတွေကောင်းမွန်ဖို့ နိုင်ငံတော်ကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ကို ဘက်စုံထောင့်စုံက ကြိုးပမ်းအကောင်အထည်ဖော်နေကြတာကွ။ တို့တောင်ကြီးမြို့ပေါ်မှာ မီးရထားလမ်းဖောက်ပြီး ရွှေညောင်၊ တောင်ကြီး၊ နမ့်ဆန် မီးရထားလမ်းပေါက်သွားတာဟာ နိုင်ငံတော်ကြီးတစ်ခုလုံးမှာ ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေအနက်က တစ်စိတ်တစ်ဒေသ တစ်ခုပဲ ရှိသေးတယ်”


“ကျွန်တော်တို့နိုင်ငံ ချမ်းသာကြွယ်ဝလာရင် ခုထက် လမ်းတွေ၊ တံတားတွေ၊ ကျောင်း၊ ဆေးရုံတွေ ရပ်တိုင်း၊ နယ်တိုင်းမှာ တိုးတက်ဆောက်လုပ်ပေးနိုင်မှာပေါ့နော်”

“ဒါပေါ့ကွာ၊ ဒါကြောင့် စီးပွားရေးဦးတည်ချက်ထဲမှာ ပြည်တွင်းပြည်ပမှ အတတ်ပညာနဲ့ အရင်းအနှီးများ ဖိတ်ခေါ်၍စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဆိုတဲ့ ဦးတည်ချက်ကို ချမှတ်ပြီး အကောင်အထည်ဖော်နေတာပေါ့၊ ကိုယ့်နိုင်ငံ စီးပွားရေးတိုးတက်မြင့်မားလာရင် တို့တွေအားလုံးစီးပွားတိုးတက်လာမှာပဲပေါ့”

“ဒါပေါ့ ဦးလေးပန်း၊ သွင်ရူပါနုပျိုလို့၊ မအိုပေါင် စိုပြည်သားနဲ့ အားသစ်တွေ တိုးနေမှာပေါ့”

ဦးလေးပန်းကား တဟားဟားနှင့် ရယ်မောနေလေ၏။

ပုသိမ်အောင်သန်းဦး



ဘဝတော်ဆရာ ဆိုသမျှ အလိုကျ

ရဲမဲ့နုနယ်အောင်
(RASU)

မြင်ကွင်း(၁)
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၏ ရုံးခန်း၊ နေပြည်တော်။

"မင်္ဂလာပါ ... အဘ ဒုဝန်ကြီး ..."

"အား ... မင်္ဂလာပါဗျ ... ထိုင်ပါ၊ ထိုင်ကြပါ၊ ဟို ဧည့်ခံကုလားထိုင်မှာ ထိုင်ပါ ဒေါ်ခင်ခင်သွယ်"

ဒုတိယဝန်ကြီးက ဒေါ်ခင်ခင်သွယ်ဟု ပြောလိုက်သူမှာ တစ်ချိန်က ဝန်ကြီးဌာနတစ်ခု၏ ... ဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူးတစ်ဦး ဖြစ်ပါသည်။ အမည်ရင်းမှာ "မိခင်ခင်သွယ်"ဟု ခေါ်ပြီး မွန်တိုင်းရင်းသူတစ်ဦး ဖြစ်ပါသည်။လက်မှတ်ထိုးစရာကျန်နေသော စာတစ်စောင်အား လက်စသတ် လက်မှတ်ရေးထိုးပြီးနောက် ဒုတိယဝန်ကြီးလည်း ဧည့်ခံစားပွဲဝိုင်းတွင် ဝင်၍ ထိုင်လိုက်လေသည်။

ထို့နောက် ...

"ပြောပါ ဒေါ်ခင်ခင်သွယ်၊ ကျွန်တော် ဘာများအကူအညီပေးရမလဲ" ဟု စကားစလိုက်သည်တွင် ဒေါ်ခင်ခင်သွယ်က–

"သူ့နာမည်က စိုင်းဉာဏ်ပေါ်ပါ၊ မှော်ဘီလေထီးတပ်မှာဗိုလ်မှူးတာဝန်နဲ့ပါ၊ သူ့ဘက်ကလည်း လက်ထပ်ခွင့်တင်တာ ကျပြီး နှစ်ဖက်မိဘတွေရဲ့ သဘောတူညီချက်နဲ့ တရားရုံးမှာလည်း လက်မှတ်ထိုးပြီးပါပြီ အဘ။ ခုလာတာက ခွင့်ရက်ရှည်တင်ထားတာကျပြီဆိုတာကို ကျွန်မတို့ နှစ်ယောက်က အဘကို အသိလာပေးရင်း ကျေးဇူးတင်စကား လာပြောတာပါ"

"ကောင်းပါပြီ... ကျေးဇူးတင်ဖို့ မဟုတ်တာ၊ စည်းမျဉ်းစည်းကမ်းနဲ့ ညီညွတ်ရင် ခွင့်က ပေးရမှာပဲလေ၊ ဘယ်နေ့ ခွင့် စခံစားပြီလဲ"

"ဒီနေ့ပဲ စပါပြီ အဘ၊ သူတို့တပ်ထဲမှာ ရှေ့လကျရင် မင်္ဂလာဧည့်ခံပွဲလေး အရင်လုပ်မှာ ဖြစ်လို့ မနက်ခရီးထွက်မှာပါ အဘ..."

စကားလည်းဆုံး ဧနီးမောင်နှံ အသစ်စက်စက်တို့က ဖိနပ်ကလေးတွေ ကိုယ်စီချွတ်ပြီး ဆယ်ဖြာလက်ယှက် ဦးထိပ်ရွက်လို့ ထိုင်ကန်တော့ကြပါတော့တယ်။

"ရပါတယ်ဗျာ ... သာခု၊ သာခု... သာခုပါ...ကဲ.. အပေါ်မှာ ပြန်ထိုင်ကြ" လို့ ပြောသဖြင့် ဧနီးမောင်နှံတို့လည်း ဧည့်ခံထိုင်ခုံအသီးသီးတွင် ထိုင်လိုက်ကြပါသည်။ ဒုတိယဝန်ကြီးက ၎င်း၏ အလုပ်စားပွဲသို့ ထသွားပြီး လက်ထဲတွင် ထုပ်ပိုးစက္ကူအကောင်းစားဖြင့် ထုပ်ပိုးထားသော အထုပ်တစ်ထုပ်ကို ယူ၍ ဗိုလ်မှူးလက်ထဲသို့ထည့်ပြီး နှုတ်မှလည်း..."Congratulation ဗျာ၊ ဧနီးမောင်နှံရယ်လို့ ဖြစ်သွားကြပြီဆိုတော့ ဘဝနှစ်ခုကို တစ်ခုအဖြစ် ပေါင်းစပ်ပြီး ရှေ့ဘဝခရီးကို အတူလက်တွဲလို့ ဒုက္ခဆိုတဲ့ ခံစရာ ဒဏ်၊ သုခဆိုတဲ့ စံစရာကံတွေကို မျှဝေယူကြရတော့မှာပေါ့၊ ဒါနဲ့နာမည်မှာ 'စိုင်း' ဆိုတာပါတော့ ရှမ်းတိုင်းရင်းသားပေါ့..." ဟု မေးလိုက်သည်။

"ဟုတ်ကဲ့...ရှမ်း–ကရင်ကပြားပါ၊ ပေါ့ကရှမ်း၊ အမိုးက ကရင်ပါ၊ ပေါ့ကရင်ဘက်မှာ တာဝန်ကျတုန်းက အမိုးနဲ့တွေ့ပြီး လက်ထပ်ခဲ့တာလို့ ငယ်ငယ်က အမိုးက ပြောဖူးပါတယ်"

ရှင်းလင်းပြောပြနေတဲ့ 'ဗိုလ်မှူး' ဆိုသည့် လူငယ်ကလေးမှာ အရပ်အမောင်းကောင်းကောင်းနှင့် ပင်ကော်လံကတုံးအဖြူရောင်ကို လည်ပင်းကြယ်သီးတပ်ထားပြီး တိုက်ပုံအင်္ကျီ အညိုနုနုအရောင်ကို တိုက်ပုံကြယ်သီး ငါးလုံးစလုံး ရင်စေ့တပ်၍ ဝတ်ဆင်ထားပြီး ယောပုဆိုး အညိုရင့်ရင့်ကို ဝတ်ဆင်ထားသည့် လူရည်သန့်လေးတစ်ယောက်ဟု ဒုတိယဝန်ကြီးတစ်ယောက် ရင်တွင်းမှ မှတ်ချက်ပြုရင်းညီမတစ်ဦး၊ တပည့်တစ်ဦး၊ လုပ်ဖော်ဆောင်ဖက်တစ်ဦးဖြစ်သူ 'မွန်တိုင်းရင်းသူ'လေးအတွက် စိတ်ချလက်ချဖြစ်လျက်ရှိသည်။

"ကဲ.. ကော်ဖီသောက်ကြအုံး၊ ခုနကစကားကို ဆက်ပါအုံးမယ်၊ တစ်ဦးနဲ့တစ်ဦး ချစ်ခင်နှစ်သက်ကြရာမှာတော့ ကာယကံရှင်နှစ်ယောက်နဲ့ပဲ ဆိုင်ပါတယ်၊ ဒါပေမဲ့ နှစ်ဘဝကို တစ်ဘဝအဖြစ် ပေါင်းဖက်ကြရင်တော့ အသိုင်းအဝိုင်းနှစ်ခု ပါလာပြီဖြစ်လို့ ကာယကံရှင်နှစ်ယောက်က အထူးပဲ ဂရုတစိုက်ရှိရပါမယ်၊ ဒါ့အပြင် နှစ်ယောက်စလုံးကို အထူးမှာချင်တာကတော့ –

– မိမိအရေးအရာနဲ့နိုင်ငံတော်အရေးအရာ ယှဉ်လာရင် နိုင်ငံတော်အရေးအရာကို ဦးစားပေးပါ။

– နိုင်ငံတော်နဲ့ နိုင်ငံသားတွေကို ချစ်ကြပါ၊ သစ္စာရှိကြပါ၊

– အိုအောင်မင်းအောင်လက်တွဲပြီး၊

ဘဝအရေး၊ နိုင်ငံအရေး၊ ဘာသာသာသနာအရေးတွေကို အောင်မြင်အောင် တက်ညီလက်ညီ ဆောင်ရွက်သွားနိုင်တဲ့သူတွေ ဖြစ်ကြပါစေဗျာ...၊

ဒါနဲ့ စပ်စုလိုက်ဆုံးမယ်၊ အားကစားတွေဘာတွေရောလုပ်ဖြစ်လားဗိုလ်မှူး”

“ကျောင်းတုန်းကတော့ ဘောလုံးကန်ဖြစ်ပါတယ်၊ ခုတော့ အလွတ်ခုန်လေထီး အဖွဲ့မှာ ပါဝင်လေ့ကျင့်အလွတ်လေထီးခုန်ဖြစ်ပါတယ်အဘာ...”

“အာရောဂျံ ပရမံလာဘံဆိုသလို အားကစားကိုလည်း ဇနီးမောင်နှံ နှစ်ယောက် အနည်းဆုံး လမ်းလျှောက်၊ ကြက်တောင်ရိုက်စတာတို့ကို လုပ်စေချင်ပါတယ်၊ ဒါ့အပြင် စာအုပ်စာတမ်းများကိုလည်း မှတ်သားဖတ်ရှုရမှာဖြစ်ပါတယ်၊ နိုင်ငံတော်အကြီးအကဲဝန်ကြီးချုပ်ရဲ့ မိန့်မှတ်ချက်ကလေးဖြစ်တဲ့-

*စာမတတ်တဲ့သူတွေက ထိုင်နေသောသူများနဲ့တူတယ်။

*စာတတ်ပြီး စာမဖတ်တဲ့သူကရုပ်နေတဲ့သူနဲ့တူတယ်။

*စာလည်းတတ်၊စာလည်းဖတ်တဲ့သူကတော့ သွားနေတဲ့သူနဲ့တူတယ်။ လို့ပြောတာလေးကို အစဉ် မှတ်ထားပြီး ကိုယ်တိုင်လည်းဖတ်သလို၊အများသူငါကိုလည်း စာဖတ်ဖို့ကိုတိုက်တွန်းပြောကြား လုပ်ကိုင်သွားရမှာ ဖြစ်ပါတယ်။ “ကဲ... စကားတွေလည်းရှည်သွားပြီ၊ လာပါဝင်ပါထွက်ပါဗိုလ်မှူး၊ ကျွန်တော်တို့ မွန်မလေးကိုလည်း စောင့်ရှောက်ပါဗျာ...”ဟူ၍ အဆုံးသတ်လိုက်ပါတော့သည်။

မြင်ကွင်း(၂)

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊

ဒုတိယဝန်ကြီး၏ နေအိမ်ဧည့်ခန်း၊ နေပြည်တော်။

လမ်းလျှောက်ပြေးစက်ပေါ်မှဆင်းပြီး ရေသောက် ချွေးသုတ်နေသော ဝန်ကြီးအား...

“အဘာ... ဖုန်းလာပါတယ်ခင်ဗျ”

အိမ်တွင်းမှနေ၍ကျောင်းတက်နေသော ဆွေတစ်စု မျိုးတစ်စတော်သူ လူငယ်ကလေးက လက်ကိုင်ဖုန်းကို ဒုတိယဝန်ကြီးလက်သို့ ယူလာပေးလေသည်။

“ဟုတ်ကဲ့ အမိန့်ရှိပါခင်ဗျာ”

“.....”

“ဗျာ သား တကယ်ကြီးလားဗျာ”

“.....”

“ယုံတောင် မယုံနိုင်စရာပါပဲဗျာ”

“ကိုကိုဦးတို့ အဖရေ၊ ဘယ်ကဖုန်းများလဲ၊ ရင်တုန်ပန်းတုန်ဖြစ်လိုက်တာ၊ ဘယ်သူ ဘာဖြစ်တာပါလဲ”

“.....”

“.....”

လက်ကိုင်ဖုန်းကိုကိုင်၍ အတန်ကြာ ငြိမ်သက်ပြီးနေသော ဒုတိယဝန်ကြီးနှုတ်ဖျားမှ ...

“ကွယ် ... မခင်ခင်သွယ့်ခင်ပွန်းဗိုလ်မှူးစိုင်းဉာဏ်ပေါ်တစ်ယောက် လုပ်ကြံခံရလို့ ကျဆွားရှာပြီတဲ့ကွာ”

“ဖြစ်မှဖြစ်ရပလေတယ်” ဟူသော ဒုတိယဝန်ကြီးဇနီးက ခပ်ညည်းညည်းလေး ပြောလိုက်ပါသည်။

“..... ဘက်မှာ တပ်ပြောင်းတာ လမ်းလုံခြုံရေးယူဖို့ လူစားအနေနဲ့လိုက်ဖို့ တပ်ကအထွက် မြို့စွန်မှာ မော်တော်ဆိုင်ကယ်နဲ့ လာပစ်ပြီး လုပ်ကြံထွက်ပြေးသွားတယ်တဲ့ကွာ”

“ဖြစ်မှဖြစ်ရပလေလို့ပဲ ပြောရတော့မယ်”

“လုံခြုံရေးအပြည့်ရှိတဲ့ ယာဉ်တန်းကြားထဲကို မိုက်ရူးရဲဆန်ဆန် အတင်းတိုးဝင်လာပြီး ပစ်သွားကြတယ်တဲ့။ လာပစ်တဲ့သူတွေလည်း တပ်မတော်နဲ့သူတစ်ပြန် ကိုယ်တစ်ပြန် ပစ်ကြရင်းကလာတဲ့သူသုံးယောက်စလုံးအသေပစ်ခတ် ချေမှုန်းလိုက်တယ်တဲ့” ဆိုတဲ့ ဒုတိယဝန်ကြီးရဲ့ အသံက အနည်းငယ်တုန်နေတာကိုတော့ အိမ်သားများအားလုံးသိနားလည်လိုက်ကြပါတော့တယ်။

မြင်ကွင်း(၃)

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ပြည်တွင်းထွက်ခွာ ခရီးသည်စောင့်ဆိုင်းရာနေရာ၊ မင်္ဂလာဒုံ၊ ရန်ကုန်။

“အဘာ ဒုဝန်ကြီး နေကောင်းပါရဲ့လားခင်ဗျာ...”

“ဟင် ... မင်း....မင်း.....”

“ဟုတ်ကဲ့... ကျွန်တော်နဲ့အဘာနဲ့ စသိခါစက ဗိုလ်ကြီး ရဲသူပါ”

“အေး... အေး... မှတ်မိပြီ၊ အခုကော ဘယ်မှာလဲ”

“အခု ပြင်ဦးလွင်မှာပါအဘာ၊ ရုရှားပညာတော်သင်ပါသွားပြီး ပြန်လာကတည်းကပါ”

“အင်း... မတွေ့ကြတာလည်းကြာပြီပဲ...”

“ဒါ ကျွန်တော့ဇနီး ဒေါက်တာကော့မိုင်ပါ၊ သူလည်း ပြင်ဦးလွင်

ဆေးရုံကို တာဝန်နဲ့ပြောင်းရလို့ လာခေါ်တာပါ”

“သိရတာဝမ်းသာပါတယ်ကွယ်... သားလေး ဘယ်လောက်ရပြီလဲ”

“၅ နှစ်ကျော်ပါပြီအဘ”

“အခုတစ်ယောက်က duedate နီးပြီးလား”

“အာထရာဆောင်းတွေ ဘာတွေရော ရိုက်ပြီးပြီလား၊ ဒီတစ်ခါ ဘာလေးလဲ”

“သမီးလေးပါ အဘ၊ duedate ဧပြီလောက် ဖြစ်ပါမယ်”

“ကောင်းတယ်... ကောင်းတယ်”

“ကျွန်တော်လည်း နေပြည်တော်လာရပါအုံးမယ်ခင်ဗျ။ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲမှာ လိုက်လာရမှာပါ”

“ဟုတ်လား၊ ကောင်းတာပေါ့ဗျာ၊ အချိန်ရရင်လည်း ဖုန်းကြိုဆက်ပြီး ရုံးကိုလာလည်ပေါ့၊ ဖိတ်သာဖိတ်ရတာပါ ဗိုလ်မှူးတို့လည်း တာဝန်က အများသားဆိုတာ သိပါတယ်”

“ကျေးဇူးပါအဘ... ကျွန်တော်တို့ မန္တလေးလေယာဉ်စောင့်ဆိုင်းဂိတ်ကို သွားခွင့်ပြုပါအုံး အဘ”

“အေး... ကောင်းပါပြီကွယ်”

ဗိုလ်မှူးရဲသူတို့မိသားစုကိုကြည့်ရင်း ဖျတ်ခနဲ ဗိုလ်မှူးစိုင်းဉာဏ်ပေါ်နဲ့ ခင်ခင်သွယ်တို့ကို အမှတ်ရလိုက်ခြင်းနဲ့အတူ ကုသိုလ်အတွက် စိတ်ညွတ်ပြီး အမျှအတန်းဝေနေလိုက်ပါတယ်။ ထိုခဏမှာတော့ ကိုယ်ရေးအရာရှိ ဦးကံလင်းက လေယာဉ်ပေါ်တက်ရန် သတိလာပေးသဖြင့် အတွေးစကို ဖြတ်လိုက်ရပေသည်။

မြင်ကွင်း(၄)
ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲကျင်းပသည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ နေပြည်တော်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် (ယခု နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကောင်မရှင်ဥက္ကဋ္ဌ)နှင့် ဧနီးတို့က ၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်မြောက်၊ အားကစားပွဲတော်ဖွင့်ပွဲအဖြစ်ကုံကော်ပင်ကို စိုက်ပျိုးခြင်း၊ ကမ္ဘည်းမော်ကွန်းအား အမွေးနုံသာရည်များ ပက်ဖျန်းပေးပြီးနောက် ကွင်းအတွင်းရောက်ရှိနေရာယူပြီးချိန်တွင် ဖွင့်ပွဲအခမ်းအနားကို အလွတ်ခုန် လေထီးစစ်သည်များက အမျိုးသားအားကစားပွဲတော်အလံနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အလံများကို ဝေဟင်ထက်မှ မြေပြင်သို့ ချိတ်ဆွဲသယ်ဆောင်ပြီး ကွင်းအတွင်းသို့အောင်မြင်စွာဂုဏ်ပြုဆင်းသက်ပြု၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် (ယခု နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကောင်မရှင်ဥက္ကဋ္ဌ)အား အလေးပြုနေကြသည့် မြင်ကွင်းကလည်း ဂုဏ်ယူဖွယ်ပင်ဖြစ်နေပေတော့သည်။ ထိုစဉ်တွင်ပင် ဗိုလ်မှူးစိုင်းဉာဏ်ပေါ်သာ ရှိနေသေးပါက ထိုအလွတ်ခုန်လေထီးအဖွဲ့မှ လေထီးစစ်သည်များထဲတွင် ပါလေမလားလို့ တိုင်းရင်းသားလူမျိုးများရေးရာ ဒုတိယဝန်ကြီးတစ်ယောက်တွေးမှတ်နေဆဲမှာပင် တေးသံရှင် ထူးအယ်လင်း၏ ဖျော်ဖြေမှုပြီး၍ အစီအစဉ်များကို ဆက်လက်ကျင်းပပြီးနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် (ယခု နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကောင်မရှင်ဥက္ကဋ္ဌ)က အဖွင့်အမှာစကား မြွက်ကြားခြင်းကို စိတ်ဝင်တစား မှတ်သားနေခဲ့ပါပေသည်။

မြင်ကွင်း(၅)
မာရဝိဇယရုပ်ပွားတော်တည်ရှိရာ ရင်ပြင်
နေပြည်တော်။

ပုတီးစိပ်၊ ဘုရားကိုဝတ်ဖြည့်အပြီး အမျှအတန်းများဝေခဲ့ပါသည်။ ကမ္ဘာ့ထိပ်တော်မူကျောက်ဆစ်ရုပ်ပွားတော်များအနက် အကြီးမားဆုံး၊ အခန့်အထည်ဆုံး ရုပ်ပွားဆင်းတုတော်ကြီးဖြစ်ပေသည်။ တိုင်းရင်းသားလူမျိုးများရေးရာ ဒုတိယဝန်ကြီးလည်း သူ၏နံဘေးမှဖြတ်လျှောက်သွားသောစုံတွဲတစ်တွဲကိုကြည့်ရင်း ဗိုလ်မှူးစိုင်းဉာဏ်ပေါ်တို့ ဧနီးမောင်နှံကို ဖျတ်ခနဲသတိရမိလိုက်သည်။ နေမယ်ဆို နေလို့ အကြာကြီးရသေးတဲ့အရွယ်၊ နှမြောလိုက်တာ၊ နိုင်ငံတော်ကြီးရဲ့ နိုင်ငံ့သားကောင်းတစ်ယောက်ဆုံးရှုံးရတာပေါ့လို့စိတ်ထဲမှရေရွတ်မိသည်။ သူ့ကိုလာလုပ်ကြံလို့ ပစ်ခတ်ခံရပြီး ဘဝဆုံးသွားတဲ့သူတွေလည်း သည်နိုင်ငံတော်ကြီးရဲ့ နိုင်ငံသားတွေပဲမဟုတ်ပါလား။ တို့နိုင်ငံရဲ့ အနာဂတ်အင်အားတွေ ဆုံးရှုံးရတာပါလားဟု ရေရွတ်မိသည်။

“ရှေးဝယ်မယွင်း၊ မင်းပေါရိသဒ်၊ ဗြဟ္မဒတ်ရာဇာ၊ အာနန္ဒာနှင့် ဟင်္သာကိုးသောင်း၊ ထိုအပေါင်းတို့ တိမ်း

စောင်းတရား ဇာတ်တူသားကို၊ စား၍ မုချ ပျက်စီးကြ၏” ဟူသည့် ဟသ်ာ အချင်းချင်း ပြန်စားကြ၍ ပျက်စီး ကြသော ဘုရားရှင်ဟောကြားတော်မူခဲ့သော မဟာသုတသောမ ဇာတ်ကို တွေး၍ ဆင်ခြင်နေမိသည်။ ငါတို့ အသက်တွေက “၆၀” တန်း ဝင်၍နေ ပေပြီ။ ရှေးဘဝက သီလကံကောင်းလို့ နောက်နေရလှ ၁၀ နှစ်၊ ၁၅ နှစ် အဘိုးအို‌ဖြစ်ချိန်မှာ နိုင်ငံတော်တာဝန် ကို ပခုံးပြောင်းယူကြမယ့် လူငယ်တွေ ဆုံးရှုံးလိုက်ရတာ။ ကျည်ကွယ် မျက် ကွယ်မှာနေပြီး အမျိုးမျိုးသော လှိမ့် လုံး၊ ခြောက်လုံး၊ မြောက်လုံးတွေနဲ့ အဖန်ဖန်တူတဲ့ နိုင်ငံတော်ကြီးလိုဖြစ်နေ တဲ့ ဗိမ္မိသာရ ဘုရင်ကြီးကိုသတ်ရန် အမျိုးမျိုးပြောဆိုနေတဲ့ ဒေဝဒတ်နဲ့ တူတဲ့ ပြည်တွင်းပြည်ပမှ အဖျက် သမားများ၊ ဆင်ခြင်တုံတရားနဲ့ စာပေ ဖတ်ရှုမှု အင်အားချည့်နဲ့တဲ့ လူငယ် လူရွယ်လေးတွေကို အဇာတသတ် ဖြစ်ကုန်စေပါပကောလားလို့လည်း တွေး မိရင်းက လေပူသက်ပြင်းတစ် ချက်ကို မှုတ်ထုတ်မိပြန်ပါသည်။

ပြာသိုအညာဆောင်း နံနက်ခင်း ကား အေးသည်ကတော့ အမှန်ပင်။ မိမိကိုယ်မှ မှုတ်ထုတ်လိုက်သော လေပူသက်ပြင်းကြောင့် ဘေးမှာရှိတဲ့ ဆောင်းလေအေးလေးတွေပင် နွေး တေးတေး ဖြစ်သွားလေသလားလို့ စိတ်မှာ မှတ်ထင်၍လည်း နေပါတော့ သည်။ အဝေးမှ ကသုတ်ကရက် တိုက် ခတ်လာသောလေနုအေးလေးကြောင့် စိတ်မှာလန်း သွားခဲ့လေသည်။ ထိုသို့ လန်းဆန်းသွားခြင်းနှင့်အတူ ငယ်စဉ် အထက်တန်း ကျောင်းသားဘဝက ဖတ်ဖူး၊ မှတ်ဖူး၊ လေ့လာဖူးခဲ့သော ဆရာကြီးဇော်ဂျီ၏ “ရှေးခေတ်ပုဂံ ပြည်” ကဗျာအား ရင်ထဲမှ ရွတ်ဆိုရင်း မာရဝိဇယရုပ်ပွား တော်မြတ်ကြီး စံမြန်းရာ ကုန်းတော်ပေါ်မှ ယာဉ်ရပ် နားစခန်းသို့ တစ်လှမ်းချင်းလှမ်း၍ လျှောက်ခဲ့မိပါလေတော့သည်။

ရှေးခေတ်ပုဂံပြည်

ဇော်ဂျီ

မောင်တို့ကြားကုန်လော့၊
မယ်တို့ကြားကုန်လော့
ရှေးဖျားပုဂံပြေမှာဖြင့်
မြန်မာတတွေမှာ၊
ရတနာရွှေငွေအပေါင်းငှဲပြင်
မင်းကောင်းနော်ရထာတဲ့
မော်စရာဟိုတစ်ခေတ်ကိုဖြင့်
ဉာဏ်သစ်ကာ တရွှင်ရွှင်နဲ့
ဘဝင်မှာ အမြင်မှန်းကာပါ့
တမ်းတ၍ ကြည်ညိုပါ …..။
သြော် …..
ပြေမြန်မာခေတ်ထူး
ရာဇဝင်မှာ စာတင်လို့ကျူးခဲ့ကြ
ငထွေရူး၊ လုံးလက်ဖယ်
ညောင်ဦးနယ် ကိုရွှေဖီး
ရွှေထီးလောင်း မင်းကျန်စစ်
ထီမတင်အောင်၊ ပြည်ခွင်ကိုချစ်ခဲ့ကြ
ရဲစစ်တပ်ခြံအရံ၊ မြန်မာ့နယ်တစ်ရိုး
ရန်ထိုထိုကို၊ ရန်လိုလျှင်ချိုးခဲ့၍
မြို့ရိုးမြင့်ပြေပုဂံ၊ ရဲစစ်တပ်အပြန်မှာ
အောင်လံတွေရောင်ပြန်မြူးကာပါ့
တပ်ဦးမှာတချီချီနဲ့
အောင်ရွှေစည်၊
အောင်သံညှင်းလိုက်တော့
ပြည်တွင်းမှာညံဆူဆူနဲ့
ကျန်ရစ်သူ ပုဂံသားတို့မှာလ
အားတက်ကြမှာ…..။
လာစမ်းဟဲ့မွေသား
အမယ်မင်းထွားလိုက်တာ
စစ်သားကြီးလုံးလုံး၊
ဗိုလ်မှူးကြီးရှုံးလောက်ရဲ့
ပခုံးနဲ့လက်ပြင်၊
ကြောချင်ကသံချောင်း
တစ်နှစ်အတွင်းမှာ
ချက်ချင်းပဲပြောင်းရော့ …..။
တရားငယ်မှန်
ရှင်မြတ်ကယ် ထေရ်အရဟံနဲ့
ပြေပုဂံနော်ရထာဘုန်းငှဲပြင်
ပြည်လုံးညီညာလေတော့
ဤကမ္ဘာမှာ ပြည်မြန်မာရယ်လို့
ဝင်းခဲ့သတဲ့
သည်မင်း သည်ပြည်ထောင်ဖြင့်
မလေးမောင် ချစ်မညီးနိုင်ဘူး
ရွှေစည်းခုံခြေတော်ရင်းဆီက
ခေတ်ဟောင်းစံ ပုဂံသီချင်းကိုဖြင့်
ညှင်းဆိုခဲ့ကြောင်း…..။

- အမိနိုင်ငံတော်ကြီး
  ငြိမ်းချမ်းပါစေ …
- အမိနိုင်ငံတော်ကြီး
  ဖွံ့ဖြိုးတိုးတက်ပါစေ …
- အမိနိုင်ငံတော်ကြီး
  ဥပဒေရန်ဘေးကင်းဝေးပါစေ …

ရဲမာန်အောင် (RASU)

(စာရေးသူ၏ စိတ်ကူးဉာဏ်ကူ ရေးဖွဲ့ ထားမှုသီးသန့်သာ ဖြစ်ပါသည်။)



ငှက်ချင်းသစ္စာ ကမ္ဘာတည်ဇစ်

ဆရာဘွဲ့နွယ်

(ဘားအံ)

အခန်း(၁)

ဟုမ္မလင်းမြို့နယ်၊ချင်းတွင်းမြစ်အနောက်ဘက်ကမ်းတွင် အခြေချနေထိုင်ကြသော ချင်းအမျိုးသားကျေးရွာများမှာ ပေပင်ရွာ စော်ဘွားကြီး ဟော်လွန်းက အုပ်ချုပ်ပေသည်။ ပေပင်ရွာသည် မြင့်မားသော ကညင်ပင်တောကြီးများ ထူထပ်စွာ ပေါက်ရောက်နေသည့် တောင်စွယ်တစ်ခုတွင် တည်ရှိ၏။ ထို့ကြောင့် ရွာကိုအဝေးမှမမြင်နိုင်ချေ။ ရွာသို့ဝင်ရောက်သည်နှင့်တစ်ပြိုင်နက် ရုံးရွက်များ ထူထပ် စွာမိုးထားပြီး လေရွေ့ပျံငှက်ကြီးများ ကာရံထားသည့် အိမ်ဝိုင်းများကို တွေ့ရသည်။ ဆင်ပုံရွာ၏ ကာလသားတို့သည် လယ်ယာထွန်ယက်ရန်အတွက် ထွန်တုံး၊ ထယ်သွား၊ ဓား စသည်တို့ကို ပန်းပဲဖိုကြီးများတွင် ပြုလုပ်နေသဖြင့် တူထုသံက ညံနေသည်။ အချို့မှာ အမဲလိုက်ရန်အတွက် ဒူးလေးနှင့်မြားတို့ကို ပြုလုပ်နေကြသည်။ ဖြူဝင်းသော အသားအရေနှင့် ဖြူစင်ရိုးသားသည့် မျက်နှာပိုင်ရှင် သမီးပျိုလေးတစ်စုသည်လွန်းသံတဒေါင်ဒေါင်ဖြင့် လက်ရက္ကန်းရက်နေကြသည်။ ဒူးဆစ်အထိ ဂျပ်ခုတ်ထမီ ဂျပ်ခုတ်လည်ပိုင်းထူထူတစ်စကို ပုခုံးနှစ်ဖက် ပေါ်စုံချပြီး ရောင်စုံသန္တာပုတီးများဆွဲထားသောအလှက ရင်သပ်ရှုမောဖွယ်လှနေသည်။ အိမ်ဝိုင်းများထဲမှ အကြီးဆုံးအိမ်ကြီးတစ်အိမ်သည် စော်ဘွားကြီး ဟော်လွန်း၏အိမ်ဖြစ်ပြီး ရွာအလယ်တွင် သစ်လုံးခြံကျယ်ကြီးအတွင်း၌ ထည်ထည်ခန့်ခန့်ကြီး တည်ရှိနေပါသည်။

ပေပင်ရွာကြီး၏စော်ဘွားကြီး ဟော်လွန်းသည် နာဂတောင်ရိုးကို နေလုံးကြီး မေးတင်နူတ်ဆက်နေသည့် အချိန်မှ အိပ်ရာမှနိုးထလာခဲ့သည်။ ရွာသူ ရွာသားများသည် ခေါင်ရည်အိုးကြီးတစ်လုံးနှင့် ကြက်ဖြူတစ်ကောင်

ကို ပိုက်ကာ စော်ဘွားကြီး၏အိမ်သို့ တက်လာကြသည်။ စော်ဘွားကြီးသည် အဝတ်အစားလဲပြီးနောက် အိမ်ဦးခန်းတွင်ထိုင်လိုက်သည်။ စော်ဘွားကြီး၏ အိမ်သည် ကျွန်းသစ်ပြားကြီးများဖြင့် ကျယ်ဝန်းစွာ တည်ဆောက်ထားပြီး အခင်းကိုလည်း သစ်လုံးသစ်ခေါက်များဖြင့် ခင်းထားလေသည်။ စော်ဘွားကြီးကတော်နှင့် လုံမပျိုများသည်ကြက်ဖြူသားဟင်းနှင့် နတ်တင်သည့် ဝက်ခေါင်းဟင်းကို ချက်ပြုတ်နေကြသည်။ ယနေ့အရေးကြီးသည့်တွေ့ဆုံပွဲရှိသည်။ ရွာလူကြီးများနှင့် အခြားချင်းကျေးရွာများမှ လူကြီးများ အိမ်ပေါ်သို့ တက်လာကြပြီ။ လူအားလုံးသည် ဝါးပြွန်တပ်ထားသော ခေါင်ရည်အိုးတွင် ဝိုင်းထိုင်လိုက်ကြသည်။

ခေါင်ရည်အိုးဝိုင်းဆီသို့ စော်ဘွားကြီးရောက်လာသဖြင့် ခေါင်ရည်စုပ်တံဝါးပြွန်ကို စော်ဘွားကြီးထံသို့ လှည့်ပေးလိုက်သည်။ စော်ဘွားကြီးမှ ခေါင်ရည်ပြွန်ကို စုပ်သောက်ပြီး ကြီးစဉ်ငယ်လိုက် ခေါင်ရည်စုပ်ကြရာ ခေါင်ရည်အိုးဘေးတွင်ဝိုင်းထိုင်နေကြသော ချင်းအမျိုးသား အားလုံး ပတ်မိသွားလေသည်။ ချင်းလုံမပျိုတစ်ဦးသည် သစ်သားဗျပ်ခွက်ကြီးထဲတွင် ထည့်ထားသော ထမင်းပုံပေါ်၌ ကြက်ဖြူသားဟင်းအိုးသွန်ထည့်ပြီး လာချပေးသည်။ နောက်မိန်းမပျိုနှစ်ဦးမှ ကြက်ဥပြုတ်တစ်ပန်းကန်၊ ဝိန်းဥပြုတ် တစ်ပန်းကန်၊ နွားနောက်သားခြောက်၊ ငရုတ်သီးလှော်ထောင်းကို ချပေးသည်။ စော်ဘွားကြီးဟော်လွန်းမှစ၍ ထမင်းကိုတစ်လှည့်စီ နှိုက်စားရင်း လူစေ့တက်စေ့ဖြစ်သွားသည်။ စော်ဘွားကြီးက –

“ကျုပ်တို့ ဒီနေ့ ဖိတ်ခေါ်ရတဲ့ အကြောင်းအရင်းက ကျုပ်တို့နိုင်ငံကို ဗြိတိသျှအင်ပါယာအတွင်း သွတ်သွင်းခဲ့ပြီး ကုလားဖြူတွေက မကြာခင် ကြေးစားစစ်သားတွေ ခေါ်တော့မယ် … ဒီတော့ ငါတို့ ဘာလုပ်ကြမလဲ အင်္ဂလိပ်စစ်သားလုပ်မလား … မဝင်ဘဲ နေကြမလားဆိုတာ စဉ်းစားကြဖို့ပဲ … ကျုပ်တို့ သွေးအေးနေလို့မရတော့ဘူး”

ပကူးရွာသူကြီးက –

“ဖလမ်းမှာရှိတဲ့ ကျုပ်တို့ ချင်းအမျိုးသားတွေကို ဟိုးလွန်ခဲ့တဲ့ တောင်ယာခုတ်ချိန်ကစပြီး ခေါ်သွားတာ ခုချိန်ထိ သေသည်ရှင်သည် မသိကြရတော့ဘူး … သေချာစဉ်းစားကြရမယ်”

ဟော်လွန်းစော်ဘွားကြီးက စော်ဘွားကြီးကတော် နောက်ထပ်ချပေးသော ဝက်ခေါင်းဟင်းဖြင့် စီစဉ်ထားသော ထမင်းဗျပ်ခွက်ကြီးကို အရင်နှိုက်စားပြီးကြီးစဉ်ငယ်လိုက် နှိုက်စားကြပြန်သည်။ပြီးနောက် စော်ဘွားကြီး ဟော်လွန်းက ပြတ်သားသော လေသံဖြင့် –

“ကိုင်း … ကျုပ်တို့ ချင်းတွေကို ကုလားဖြူတွေ စစ်သားလာခေါ်ရင် ထည့်လိုက်ကြမလား၊ မထည့်ဘူးလား ပြတ်ပြတ်ပြောကြ”

ဘုံထမ်းရွာမှလူငယ်တစ်ဦးက –

“ကျုပ်တို့ လူဖြစ်ထားတာ … ကုလားဖြူကျွန်လုပ်ဖို့မဟုတ်ဘူး … ဟော်လွန်းစော်ဘွားကြီးသာဆုံးဖြတ်ပေးပါ”



မောင်းခန်းရှေ့သူကြီး ဆာဒါးက–

“ကျုပ်တို့ရဲ့ မျိုးချစ်ခေါင်းဆောင်ကြီးကြွမ်ဘိခ်ထံကို အရေးပါတဲ့သူတွေသွားပြီး အကြံဉာဏ်ယူကြရမယ် … ပေပင်စော်ဘွားကြီးက အခုဆုံးဖြတ်ပေးပါ”

“ခေါင်းဆောင်ကြီးက ကုလားဖြူတွေကို ဘယ်တော့မှ ဒူးထောက်ခိုင်းမှာမဟုတ်ဘူး”

စော်ဘွားကြီး၏သမီး ကပ်ဆန်းမန်က ဝင်ရောက်ပြောဆိုခြင်းကို စော်ဘွားကြီးကတော်က ဟန့်တားလိုက်သည်။

“ဆန်းမန် ဝင်မပြောနဲ့လေ … ဆလိုင်းရေ မိုင်းမိုင်းကို ထင်းသယ်ဖို့ခေါ်ပါ။

ဟယ်ကင်ရွာမှ သူကြီးစဲပက –

“စော်ဘွားကြီး … ခေါင်းဆောင်ကြီးကြွမ်ဘိခ်ထံသွားဖို့ ကျုပ်တို့ တာဝန်ယူပါမယ်။

“ကောင်းပြီစဲပ…စစ်သားများများစုပေးသူကိုနှစ်လုံးပူးသေနတ်နဲ့သူကြီးရာထူးပေးမယ် ဆိုတဲ့စကား လုံးဝမပေါက်ကြားစေနဲ့ သွေးသောက်ကြီးတို့ … ဒို့ခေါင်းဆောင်ကြီးကြွမ်ဘိခ်လည်း အဲဒီစကားကြောင့် တပ်ပျက်ခဲ့ဖူးတယ်”

“ကောင်းပြီစော်ဘွားကြီး ကျုပ်တို့ ချင်းလူမျိုးတွေက သစ္စာတည်ပါတယ်ကဲ … ဒီခေါင်ရည်ပွဲနဲ့ သစ္စာပြုကြစို့”

“ငါတို့သည် ငါတို့၏မြန်မာနိုင်ငံတော်အား ကုလားဖြူလူမျိုးခြားတို့၏လက်မှ ပြန်လည်ရယူကြမည် … ငါတို့ချည်းတိုက်လို့မရပါ … တိုင်းရင်းသားအားလုံး စည်းစည်းလုံးလုံး တိုက်ယူကြမည်ဟု သစ္စာပြုပါသည်။

ပြီးလျှင် သစ်သားဗျပ်ကြီးထဲမှ ဝက်ခေါင်းဟင်းနှင့်ထမင်းကို တစ်ဆုပ်စီစားကြပြီးခေါင်ရည် တစ်ငုံစီသောက်ကြသည်။

စော်ဘွားကြီး ဟော်လွန်းသည် ဆတ်သားခြောက်တစ်ဖတ်ကို တမြို့မြို့ဝါးရင်းမှ –

“ဒီကနေ့ကစပြီး ငါတို့ရွာထဲကို လူစိမ်းအဝင်မခံကြောင်းပြတဲ့အနေနဲ့ ရွာအဝင်မှာရော အိမ်တွေမှာပါ သစ်ရွက်စိမ်းတွေချိတ်ဆွဲကြရမယ်”

“ကောင်းပါပြီစော်ဘွားကြီး … ခေါင်ရမ်းရွာ၊ စီပူရွာနဲ့ နာဂရွာတွေအားလုံးမောင်းခန်းရွာကပေါ်မိုင်းကြီးတို့ထံ သတင်းပို့ပါမယ်”

“ကောင်းပြီ မျက်နှာဖြူဆန့်ကျင်တဲ့ ငါတို့ အာဇာနည်ကြွမ်ဘိခ်ထံကို အမြန်သွားဖို့ရယ်၊ ဝန်းသိုအာဇာနည်စော်ဘွားကြီး ဦးအောင်မြတ်နဲ့လည်း ညှိနှိုင်းဖို့လိုတယ်”

“ဝန်သိုစော်ဘွားကြီးထံမှာတာဝန်ထမ်းနေတဲ့ မယ်လဗိုရွာက ဒဏ်ရာရတဲ့ ရာလွန်းတို့ ထံက ဘာသတင်းမှမကြားဘူးလား”

“ဒဏ်ရာသက်သာလာပြီစဲပ”

ချင်းတောင်တန်းကြီးကို မေးတင်နေသော နေလုံးကြီးသည် အစွမ်းကုန်တောက်ပသော အလင်းရောင်ဖြင့် နှုတ်ဆက်နေလေပြီ။ အမှောင်ပြီးလျှင် အလင်းရောက်တော့မည်ပ။

အခန်း(၂)

ကျွန်းပင်များထူထပ်စွာ ပေါက်ရောက်နေသောအရပ်တွင် ဝန်းသိုခံတပ်က ခိုင်ခံ့စွာ တည်ဆောက်ထားသည်။ ထူထဲသောနှင်းထုက ဝန်းသိုခံတပ်ကို လွှမ်းခြုံထားသည်။ ဝန်းသိုခံတပ်မှ အာဇာနည်စော်ဘွားကြီး ဦးအောင်မြတ်ထံသို့ချင်းစော်ဘွားကြီး ဟော်လွန်း၏ ဌာနေမှသူကြီးနှင့် ချင်းအမျိုးသား၊ နာဂအမျိုးသားဆယ်ဦးခန့် သွားရောက်ကြသည်။

“မန်းထာစော်ဘွားကြီးခင်ဗျား….. ချင်းတောင်တန်းက စော်ဘွားကြီးဟော်လွန်းက လွတ်လိုက်ပါတယ်ခင်ဗျာ”

“အော် … လာထိုင်ကြကွယ့် …. မိုင်ဆွန်းခ မိုင်ဆွန်းခ ဟော… ဒီမှာအဆင်သင့်လိုက်လေ … ခေါပုတ်ထောင်းနဲ့ လက်ဖက်ရည်ခါးခါးလေးသောက်ကြစားကြပါဦး ….ဟော့ဒီမှာဆားခွက်”

သိပ်သည်းထူထပ်သော နှင်းထုကြားဝယ် မီးဖိုမှရေနွေးကရားကြီးက အငွေ့တထောင်းထောင်းနှင့်။ အားလုံးသည် စော်ဘွားကြီး၏အရှေ့တွင် လက်ဖက်ရည်ဝိုင်းကို ဝိုင်း၍ထိုင်လိုက်ကြ၏။

“ဟောဒီမှာပါခင်ဗျာ … အရေးကြုံရင်သုံးဖို့ စော်ဘွားကြီးဟော်လွန်းက နွားနောက်သားခြောက်နဲ့ ဆတ်သားခြောက်တစ်အိတ်ရယ်… လက်ဖက်ခြောက်တောင့်ရယ်… ဂျပ်ခုတ်စောင်ရယ် လက်ဆောင်ပေးလိုက်ပါတယ်”

“အော်…စော်ဘွားကြီးဟော်လွန်းက အမြော်အမြင်ကြီးပါပေတယ် … စိုင်းမောက်နဲ့ စောခမ်းရေ … ပစ္စည်းတွေ လာယူကြကွယ် ….. ထမင်းဝိုင်းလည်းပြင်ဆင်ယူခဲ့ကြဦးကွယ့် … အဝေးကြီးကလာရတာ ဆာနေရော့မယ်”

မကြာမီ ဒေါင်းလန်းကြီးထဲတွင် ထမင်းနှင့်မျှစ်ချဉ်ဟင်းပူပူဆမ်း၍ ရောက်လာသည်။ ချင်းအမျိုးသားတို့ အားပါးတရစားသောက်နေကြသည်ကို ကြည့်ပြီး ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်က –

“ကျုပ်တို့ ကုလားဖြူတော်လှန်ရေးက အင်အားကြီးထွားမလာဘဲ တစ်စတစ်စ အင်အားနည်းလာမှာ ကျုပ်သိပါတယ်…ဒီကုလားဖြူတွေရဲ့ အင်အားကို ကျုပ်တို့ရှမ်းအမျိုးသား ချည်း တိုက်လို့မရဘူး … ဗမာရော၊ ချင်းရော၊ ကချင်ရော၊ ကရင်ရော၊ ကယားရော၊ မွန်ရော၊ ရခိုင်ရော၊ အို … ဒို့တိုင်းရင်းသားလူမျိုးအားလုံးက ကုလားဖြူမုန်းတီးတဲ့စိတ်၊ကုလားဖြူ ကျွန်မခံလိုတဲ့ စိတ်မွေးပါမှ ကျုပ်တို့ ကုလားဖြူ ဆန့်ကျင်ရေးအောင်မြင်မယ်ဆိုတာ သိတယ် … ဒါပေမဲ့”

ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်၏ တည်ကြည်ခန့်ထည်သော မျက်နှာက ဝမ်းနည်းရိပ်သန်းသွားပြီး

“အင်္ဂလိပ်မျက်နှာဖြူတွေက ဒို့အမျိုးသားတွေကို ချင်းကတစ်မျိုး၊ ကချင်ကတစ်ဖုံ၊ ကရင် ကတစ်နည်း လူမျိုးစုအချင်းချင်းစိတ်ဝမ်းကွဲအောင် သူတို့လုပ်နိုင်ခဲ့ပြီလေ … လူမျိုးစုအချင်းချင်း မတည့်အောင် အိမ်ကြက်ချင်း အိုးမဲသုတ်ထားခဲ့ပြီလေ … အိုးမဲသုတ်ခံချင်တဲ့ လူမျိုးတွေကြောင့် အချင်းချင်း ခွပ်နေကြပြီ”

အားလုံးက ခေါင်းတညိတ်ညိတ်နှင့် မျက်ရည်ဝဲလာကြသည်။

“ကျုပ်ကတော့ ဒီတစ်သက်နဲ့ ခန္ဓာမြဲနေသမျှ ကုလားဖြူကို တော်လှန်သွားမှာပဲ … ပူးပေါင်းပါဝင်ပေးလို့ ကျေးဇူးတင်တယ် … ချင်းစော်ဘွားကြီးကို ပြောလိုက်ပါ…အင်္ဂလိပ်ကျွန်ဘယ်တော့မှ မလုပ်စေရဘူးလို့”

အားလုံးသည် ဝန်းသိုစော်ဘွားကြီးဦးအောင်မြတ်ကို ကန်တော့ပြီး ရွာတွင် လုပ်စရာများ ရှိ၍ ပြန်လာခဲ့ကြသည်။

၁၈၈၇ ခုနှစ်၊ ဇန်နဝါရီလတွင်

အင်္ဂလိပ်မျက်နှာဖြူတွေက ဒို့ အမျိုးသားတွေကို ချင်းက တစ်မျိုး၊ ကချင်က တစ်ဖုံ၊ ကရင်က တစ်နည်း၊ ရှမ်းက တစ်သွယ်နဲ့ လူမျိုးစုအချင်းချင်း စိတ်ဝမ်းကွဲအောင် သူတို့လုပ်နိုင်ခဲ့ကြပြီလေ။ အချင်းချင်း မသင့်တင့်ဘဲ အိမ်ကြက်ချင်း အိုးမဲသုတ်ထားခဲ့ပြီလေ။ စုည်းတဲ့အင်အားကို ဖြိုခွဲခဲ့ပြီလေ။

နယ်ချဲ့အင်္ဂလိပ်တို့သည် ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်အား မိမိတို့လက်အောက်သို့ဝင်ရောက်ရန် စကားကမ်းလှမ်းခဲ့ရာ မအောင်မြင်ခဲ့ပေ။

အခန်း(၃)

မြင့်မားသော တောင်စဉ်တောင်တန်း၊ ပြန့်ပြူးသောမြေနိမ့်လွင်ပြင်တွင် နေထိုင်ကြသည့် မြန်မာတိုင်းရင်းသားတို့၏ မျိုးချစ်စိတ်နှင့် ဗီဇသည် အတူတူပင်ဖြစ်ကြသည်။

ထိုစဉ်အခါက ဟုမ္မလင်းမြို့နယ်၊ ချင်းတွင်းမြစ်အနောက်ဘက်ကမ်းမှ ချင်းရွာများဖြစ်ကြသော စန္ဒကူးရွာ၊ မွေဆန်ရွာ၊ မွေဖဲရွာ၊ ဟွန်ဝီရွာ၊ ဆယ်စမ်း၊ ငန်းနင်း၊ ဆင်ပုံရွာ စသည့် ကျေးရွာများမှ အင်အားပေါင်းစုလျှင် လက်နက်ကိုင်နိုင်သည့် လူငါးရာကျော် ရှိသည်။ ချင်းတိုင်းရင်းသားတို့သည် မိမိတို့အထဲမှ ရဲစွမ်းသတ္တိပြည့်စုံ၍ ဆင်ခြင်တုံတရားရှိသူကို ခေါင်းဆောင်ခန့်ကြသည်။ ထို့ကြောင့် မိမိတို့နယ်မြေကိုထိပါးလာသူဖြိတ်သူတို့ကို တိုက်ထုတ်ရန်နှင့် မိမိတို့၏ လူမျိုးစုအား အုပ်ချုပ်ရန်အတွက် သူရသတ္တိနှင့်ပြည့်စုံ၍ ဆင်ခြင်တုံတရားရှိသူကြွမ်ဘိခ်အား အကြီးအကဲအဖြစ် တင်မြောက်ခဲ့ကြသည်။ ၁၈၈၇ ခုနှစ်၊ မတ်လတွင် ခေါင်းဆောင်ကြီး ကြွမ်ဘိခ်၏စခန်းတွင် ချင်းတောင်ဒေသရှာလူကြီးများ၊ ကလေးတောင်ခြေကျေးရွာ၊ ဟားခါးနယ်တို့ကို စည်းရုံးအောင်မြင်၍ အောင်မြင်ခြင်းကျောက်တိုင်ကို စိုက်ထူခဲ့ကြသည်။

ထို့ကြောင့် ဖြိတ်သျှတို့၏ ချင်းတောင် အုပ်ချုပ်ရေးမှာ ထိရောက်မှုမရှိပေ။ မြင့်မားသော ကညင်ပင်ကြီးများ အောက်တွင် သစ်ဝါးတို့ဖြင့် တဲတန်းကြီးများ တည်ဆောက်ထားသည်။ တဲတန်းကြီးအရှေ့တွင်ရှိသော ဝါးကွပ်ပျစ်ပေါ်တွင် ချက်ပြုတ်ပြင်ဆင်ထားသော ထမင်းဟင်းစားသောက်ဖွယ်ရာများက အင်္ဂေတေါင်းထောင်းနှင့်။ မြင့်မားသောအရပ်၊ ကျစ်

လျစ်သောခန္ဓာကိုယ်နှင့် ခိုင်ခံ့သော မေးရိုး၊ တောက်ပြောင်စူးရှသော မျက်လုံး၊ ထူထဲသောမျက်ခုံးတို့ဖြင့် တည်ဆောက်ထားသော မျက်နှာပြင်ကို မဟာနဖူးပြင်နှင့်နက်မှောင်သောဆံကေသာကိုထုံးဖွဲ့အနားသတ်ထား၏။ မျိုးချစ်ခေါင်းဆောင်ကြီး ကြွမ်ဘိခ်သည် ခေါင်းပေါင်းကိုပြင်၍ ပေါင်းလိုက်ပြီး ထူထဲသောအင်္ကျီကို ဆွဲဆန့်ရင်း တစ်စုံတစ်ခုကို စောင့်မျှော်နေသည်။

"ရွှီ-ရွှီ-ရွှီ-ရွှီမြွေတွန်သံများသည် ကညင်ပင်ပေါ်ရှိကင်းစခန်းအသီးသီးမှ ထွက်ပေါ်လာခဲ့ပြီ"

"ဗိုလ်မင်းခင်ဗျား ဧည့်သည်တော်များစခန်းအဝင်ဝမှာရောက်ရှိနေပါပြီ"

ဆက်သား ချင်းမျိုးချစ်တစ်ဦး သတင်းပေးပို့သံကြောင့် ချင်းမျိုးချစ်ခေါင်းဆောင်ကြီး ကြွမ်ဘိခ်နှင့် ခေါင်းဆောင်တို့သည် စခန်းအဝင်ဝသို့ သွားရောက်ကြိုဆိုကြသည်။ ဧည့်ခံချက်ပြုတ်ရေးအဖွဲ့မှလည်း စားဖွယ်များကိုပြင်ဆင်ခင်းကျင်းနေကြသည်။

စခန်းအဝင်ဝတွင် အုံကောင်းလှသော ဆံပင်ကို ယောင်တစောင်းထုံးထားပြီး ခေါင်းပေါင်းစ အဝါနုပေါင်းထားသော မဟာနဖူးပိုင်ရှင်၏ တိကျပြတ်သားခန့်ညားသော မျက်နှာပြင်နှင့် မြင့်မားကျစ်လျစ်သော ခန္ဓာကိုယ်တွင် တိုက်ပုံရင်ဖုံးအဝါနုနှင့် ယောချည်ကွက်ပုဆိုးတို့ကို ဆင်မြန်းထားသည့် ရွှေချိုးဖြူမင်းသားနှင့် မြင်းခြံ၊ ပုဂံ၊ ယောနယ်တို့မှ မျိုးချစ်အင်အားတစ်ရာခန့်ကို တွေ့ရသည်။

"ကြွပါ ရွှေချိုးဖြူမင်းသားခင်ဗျာ ... ကြိုဆိုပါတယ်" ချင်းခေါင်းဆောင် ဗိုလ်မင်း ကြွမ်ဘိခ်နှင့် ရွှေချိုးဖြူမင်းသားတို့သည် တစ်ဦးနှင့်တစ်ဦး လက်ဆွဲနှုတ်ဆက်ကြပြီး နွေးထွေးမှုများသည် ရင်တွင်းအထိ စီးဝင်သွားလေသည်။ ရွှန်းလဲ့တောက်ပသော မျက်ဝန်းအစုံဖြင့် တစ်ဦးနှင့်တစ်ဦး စိုက်ကြည့်နေကြသည်။ နက်ရှိုင်းသော ချစ်ကြည်မှုသည် နောက်မှလိုက်ပါလာကြသော မျိုးချစ်အဖွဲ့များအားလုံးထံသို့ စီးဝင်သွားလေသတည်း။ အားလုံး ဝါးတန်းလျားကြီးပေါ်တွင် နေရာယူပြီးကြသောအခါ -

"မင်းသားအားပါးတရသုံးဆောင်ပါ ... ရှိတာနဲ့ စေတနာအပြည့် ချက်ပြုတ်ကြိုဆိုကြတာပါ"

"ဗိုလ်မင်းကြွမ်ဘိခ်ရယ် ... အခုလို ညီညီညွတ်ညွတ်ပူးပေါင်းပြီး ဒီကုလားဖြူတွေကို တိုက်ထုတ်ခွင့်ရတာပဲ ကျေနပ်လှပါပြီ"

ခြင်းတောင်းကြီးများထဲမှ ထမင်းပေါင်းရနံ့က တောင်ယာဆန်သစ်ပေမို့ မွှေးနေသည်။ ခေါင်ရည်အိုးကြီးများလည်း အလယ်မှာတည်လျက်၊ ချေသားလတ်လတ်ဆတ်ဆတ်ဟင်းက ဆီနည်းနည်း ငရုတ်သီးများများစပါးလင်း အမွှေးအကြိုင်တို့ဖြင့်ချိုနေသည်။ မျှစ်၊ ပိန်ဥ၊ ရွှေဖရုံသီး၊ ဇင်ပြွမ်းသီးတို့နှင့် နွားနောက်သားခြောက်ကို ရောချက်ထားပြီးအာပူရွက်အုပ်ထားသောဟင်းကမွှေးနေသည်။ ချင်းမျိုးချစ်ခေါင်းဆောင်ကြီးကြွမ်ဘိခ်က ခရီးဆောင်အတွက်ပြုလုပ်ထားသော လက်ဖက်ခြောက်တုံးကိုဖဲ့ပြီး ကျိုက်ကျိုက်ဆူသောရေနွေးထည့်ထားသည့်ဝါးကျည်တောက်ခွက်ထဲသို့ထည့်သည်။

"သုံးဆောင်ပါ မင်းသားကြီး"

"အရသာရှိလှတယ်ဗိုလ်မင်းရယ် ... ဖြိတိသျှတွေနဲ့ တိုက်ပွဲအလီလီဖြစ်နေချိန်များလို့သွေးသောက်ရဲမက် တွေ့လည်း ဝဝလင်လင် စားရတယ် မရှိခဲ့ဘူး"

ရွှေချိုးဖြူမင်းသားကြီးက အားပါးတရစားနေသော ရဲမက်များကို ကြည့်ပြီး ခေါင်ရည်ကိုစုပ်သောက်ရင်းမေးလိုက်သည်။

"အခုလိုမင်းသားကြီးပူးပေါင်းတာ အင်အားတစ်ရပ်ပါဗျ"

"ဟုတ်ပေတယ် ဗိုလ်မင်း ... ပုဂံနယ်တစ်ဝိုက်နဲ့ မြင်းခြံ၊ ယော စတဲ့ မြန်မာပြည်အလယ်ပိုင်းမှာ ဒင်းတို့ အင်္ဂလိပ်တွေကို ကျူပ်တို့ကြိုးစားခုခံခဲ့ကြတယ်... လူအင်အား၊ လက်နက်အင်အားမမျှလို့ အခုလို ပူးပေါင်းရတာပဲ...သူတို့ကတော့ဗိုလ်သာဒွန်းနဲ့ ဗိုလ်တုတ်စံပဲ"

အမည်နှင့်လိုက်အောင် ဗလကောင်းကြသောသူနှစ်ဦးကပြုံးရွှင်စွာနှုတ်ဆက်ကြသည်။

"ကိုင်း မင်းသားကြီးတို့ ခရီးပန်းလာကြတယ် ... နေထိုင်ဖို့အသင့်စီမံထားတဲ့ နေရာကို ပို့ပါမယ်"

ရုန်းရွက်ထူထူများ မိုးထားပြီး သစ်လုံးများဖြင့် ဆောက်ထားသော အဆောက်အဦက ကျယ်ဝန်းပြီး သစ်ရွေပျဉ်ကြီးများ တစ်တောင်ခန့်ကို ခင်းထားသည်။ ချင်းမျိုးချစ်ခေါင်းဆောင်ကြီး ကြွမ်ဘိခ်နှင့် ဗမာမျိုးချစ်ခေါင်းဆောင် ရွှေချိုးဖြူမင်းသားတို့ ပူးပေါင်းကာ နယ်ချဲ့ကိုတော်လှန်မည့် စီမံကိန်းကြီးတစ်ခု တည်ဆောက်ခဲ့ပေပြီ။

အခန်း(၄)

ဟိုးအဝေးမှ နာဂတောင်တန်းကြီးသည် နှင်းပဝါ ကန့်လန့်ကာကြားမှာ ငေးမောကြည့်ရှုနေသလိုပင်။ ပေပင်စော်ဘွားကြီး၏ ညွှန်ကြားချက်အရ တောင်ယာခင်းများကိုတိုးချဲ့ခုတ်ထွင်ပြီး စိုက်ပျိုးကြသဖြင့် စပါးပေါ်သောယခုလို သီတင်းကျွတ်ရာသီတွင် တောင်ပေါ်ဒေသတစ်ခုလုံး ရွှေရောင်ဝင်းနေသော စပါးခင်းများကို တွေ့နေရသည်။ ချင်းအမျိုးသား၊ နာဂအမျိုးသားတို့သည် သက်ကြီးရွယ်အိုမှ အစ ပြုပြီး ကလေးပါမကျန် စပါးရိတ်သိမ်းကြသည်။ စုဆောင်း သိုလှောင်ကြသည်။

သန်မာသောလူငယ်များမှာ သစ်ဝါးများကို လျှို့ဝှက်စွာခုတ်ထွင်ပြီး ကျောက်တုံးကျောက်ခဲများကို သယ်ယူကြသည်။ မြေပြန့်ဒေသမှ တောင်ပေါ်သို့ တက်လာနိုင်သော လူသွားလမ်း မှန်သမျှတွင် ခံတပ်များပြုလုပ်ကြသည်။ ခံတပ်များကို လူမမြင်နိုင်သော လမ်းများတွင်ပြုလုပ်ကြသည်။ လက်ရှိလူသွားလမ်းကို သစ်ပင်များခုတ်လဲပြီး လမ်းပိတ်မည်။ လက်ရှိလူသွားလမ်းမှ လမ်းခွဲလေးတစ်ခုဖောက်ပေးသည်နှင့် ထိုခရီးသွားသူတို့သည် မိမိတို့ကြုံတင်စီစဉ်ထားသည့် ခံတပ်များတည်ရှိရာ လမ်းမှ ဖြတ်သန်းရပေမည်။ အနောက်ရိုးမတောင်တန်း၏ မြောက်ပိုင်းဒေသ တောင်တန်းများသည် မတ်စောက်ပြီး မြေပသဖြင့် လမ်းပိတ်ရန်၊ လမ်းဖောက်ရန်လွယ်ကူသည်။

အရေးကြီးလျှင် တစ်နာရီအတွင်း လမ်းဟောင်းများကွယ်ပျောက်၍ လူသွားလမ်းသစ်များ ပေါ်ပေါက်စေရန် ချင်းအမျိုးသားများက စီမံခဲ့ကြခြင်းဖြစ်ပေသည်။ ထို့အပြင် လက်နက်အတွက် တူမီးသေနတ်၊ ကျောက်မီးသေနတ်များကို တီထွင်ဖန်တီးကြပြီး လိုအပ်သောယမ်းမှုန့်များကို တန်ကွန်နာဂလူမျိုးများမှ ဆောင်ရွက်ပေးကြသည်။ ယမ်းမှုန့်ထောင်းရသည်မှာ အန္တရာယ်အလွန်များသည်။

အခန်း(၅)

နေလုံးနီသည် အနောက်ရိုးမတောင်တန်းကြီးကို ကျော်ဖြတ်ပြီး မြင့်တက်လာချိန်တွင် သိပ်သည်းထူထဲနေသော နှင်းထုသည်လည်း တစ်စတစ်စ ပါးလျွခဲ့ချေပြီ။ တောင်စောင်းတစ်လျှောက်တွင် ကျိုးတိုးကျဲတဲ ပေါက်နေသော တောင်ဇလပ်ပန်းနီနီတို့နှင့်အပြိုင် လှပစွာ ဖွံ့ထွားသော သစ်ခွပန်းများကလည်း အသွေးအရောင် စုံလင်စွာ ရှိနေကြသည်။ ကညင်ပင်မြင့်မြင့်ကြီး ပေါ်တွင် အသိုက်ဆောက်၍ တသီးတခြား နေထိုင်ကြသော အောက်ချင်းငှက်မောင်နှံသည် သစ်ကိုင်းပေါ်တွင် ရွှေလည်တွဲလျက် သာယာလှပမှုကို မြင်တွေ့ပျော်မြူးနေကြသည်။

ပေပင်စော်ဘွားကြီး၏သမီး ကပ်ဆန်းမန်နှင့် ရွှေချိုးဖြူမင်းသား၏ သွေးသောက်ရဲဘော်မောင်ဝဏ္ဏတို့မှာ ကုလားဖြူတော်လှန်ရေးအတွက် ကျရာတာဝန်ကို အတူတကွထမ်းဆောင်ကြရင်းမှ ချစ်သူတွေအဖြစ်သို့ ရောက်ရှိခဲ့ကြလေပြီ။

“ဆန်းမန်ကို တစ်နေ့မှာ ခွဲခွာမသွားပါဘူးနော်... အမောင် ဟိုးမှာမြင်ရတဲ့တောင်ဇလပ်နီတွေကပေသုံးထောင်ကျော်မြင့်တဲ့နေရာမှာ ပေါက်သလိုရှားပါးတဲ့အချစ်ပေါ့နော်”

မောင်ဝဏ္ဏာက လပြည့်ဝန်းပမာ ဝိုင်းစက်ပြည့်ဖြိုးနေသော ကပ်ဆန်းမန်၏မျက်နှာလေးကိုဆွဲယူမော့စေပြီး

“အမောင်က ဆန်းမန်ကို ဘယ်တော့မှခွဲမသွားဘူးနော်...ဟောဟိုက သစ်ခွပန်းတွေ..တောင်ဇလပ်ပန်းတွေထက် ပိုပြီး ဆယ့်နှစ်ရာသီလုံးအမောင့်အချစ်ပန်းကပွင့်လန်းနေမှာယုံပါနော်”

ကပ်ဆန်းမန်က သွားတက်လေးများပေါ်အောင် ပြုံးလိုက်ပြီး မျက်ဝန်းထဲတွင် မျက်ရည်များဝိုင်းလာသည်။

“ဟောဟိုမှာမြင်နေရတဲ့ အောက်ချင်းငှက်မောင်နှံကို ကြည့်ပါဦး အမောင်ရယ်... သူတို့က သိပ်ချစ်ကြတယ်... သစ္စာရှိကြတယ်.. တစ်ဦးနဲ့တစ်ဦးဘယ်တော့မှမခွဲဘူး... တစ်ဦးသေရင် တစ်ဦးက လိုက်ပြီးသေပွဲဝင်သတဲ့ အမောင်.. အဲဒါ ဆန်းမန်တို့ချင်းလူမျိုးတွေရဲ့သစ္စာတရားပဲ”

“အမောင်လည်း ဆန်းမန်တို့အောက်ချင်းငှက်ထက် မလျော့တဲ့သစ္စာနဲ့ ချစ်နေမှာပါကွယ်”

“အမောင်ရယ် ဆန်းမန်လေ အခုကုလားဖြူတော်လှန်ရေး ကာလကြီးမှာ အမောင်သေရင် ဆန်းမန်ပါ လိုက်သေပစ်မှာပါ”

“အောက်ချင်းငှက်ရဲ့သစ္စာတရားနဲ့ အမောင့်ကိုချစ်ပါတယ်”

မောင်ဝဏ္ဏာက ဆန်းမန်၏ပါးစပ်လေးကို ခပ်ဖွဖွလေးပိတ်ပြီး

“နိမိတ်မရှိတာတွေ မပြောပါနဲ့ကွယ်.. အမောင်လည်း မသေဘူး.. ဆန်းမန်လည်း မသေရဘူးနော် ”

ရွှေချိုးဖြူမင်းသား၏ တပည့်မောင်ဝဏ္ဏနှင့် ပေပင်ရွာသူ ကပ်ဆန်းမန်တို့သည် ရှေးက ပန္နက်ချခဲ့ဖူးသော ရေစက်နှင့်အတူ မကြာခဏမြင်တွေ့ကြ၍ အလုပ်အတူတူလုပ်ခဲ့ကြရာမှ ချစ်ကျွမ်းဝင်ခဲ့ကြခြင်းကို မတားဆီးနိုင်ခဲ့ပေ။ ရွှေချိုးဖြူမင်းသားနှင့် ပေပင်စော်ဘွားကြီးထံသို့ သတင်းပေါက်သွားခဲ့သောအခါ စော်ဘွားကြီးက –

“မင်းသားရေ ကလေးအချင်းချင်းက ရင်းနှီးချစ်ခင်နေကြပြီ... ပေးစားကြဖို့ပဲရှိတော့တယ် ... ကျုပ်တို့ ချင်းလူမျိုး ရိုးရာအရ သတို့သားဘက်က သတို့သမီးကို တင်တောင်းပြီး မင်္ဂလာပွဲလေး ကျင်းပပေးကြရုံပ”

“တိုင်းပြည်အတွက် မိမိကိုယ်တောင်မိမိမပိုင်ဘဲ ပြေးလွှားသွားလာနေရတဲ့ကာလမှာ တင်တောင်းစရာထိုက်ထိုက်တန်တန်မရှိပါဘူး စော်ဘွားကြီး...အလွန်အားနာလှပါတယ်”

ရွှေချိုးဖြူမင်းသားက မသာယာသောနှလုံးသားဖြင့် တောင်းပန်သည်။

“အို... ထုံးစံကထုံးစံပဲဟေ့ မင်းသားကြီး အကြွေးနဲ့ တင်တောင်းပါ.. လက်ခံပါတယ်... ဒီကုလားဖြူတွေ ပြေးပြီး နိုင်ငံအေးချမ်းမှ အကြွေးဆပ်ပေါ့ကွယ်”

ဤသို့ဖြင့် မောင်ဝဏ္ဏနှင့် ကပ်ဆန်းမန်တို့၏ မင်္ဂလာပွဲကို နွားနောက်သား၊ ခေါင်ရည်တို့ဖြင့် အကျဉ်းရုံး ကျင်းပကြသည်။

ရွှေချိုးဖြူမင်းသားကြီးက ချင်းပျိုဖြူ ကပ်ဆန်းမန်ကို ရွှေစင်ရွှေသားတစ်ဆယ်သား၊ လယ်ဆယ်ဧကနှင့် နွားတစ်ရှဉ်း၊ အိမ်တစ်လုံးဖြင့် အကြွေးတင်တောင်းခဲ့သည်။

ချင်းအမျိုးသားတို့၏ ဖြူစင်သော စိတ်ဓာတ်ကိုမင်သားကြီး၏ရင်ထဲတွင် လေးစားစွာ သိမ်းဆည်းထားမိသည်။

အခန်း(၆)

နယ်ချဲ့ဗြိတိသျှသည် ၎င်းတို့ကို အစဉ်အမြဲ ဆန့်ကျင်တော်လှန်နေသော ရှမ်းတိုင်းရင်းသားတို့ထံသွားရန်

ငါတို့နဲ့ တစ်မြေတည်းနေ တစ်ရေတည်းသောက်တဲ့ ရှမ်းစော်ဘွားတွေ ဗမာဘုရင်တွေကိစ္စဆိုရင် ငါတို့အသေခံတိုက်မယ်။ ကုလားဖြူအတွက်နဲ့ ငှါအမျိုးတွေ အသက်အသေမခံနိုင်ဘူး။ တစ်ဦးနဲ့တစ်ဦးအရမ်းချစ်ကြပြီး တစ်ဦးသေရင် ကျန်တစ်ဦးပါ အသေခံဝံ့တဲ့ အောက်ချင်းငှက်ရဲ့ သစ္စာတရား ငါတို့လူမျိုးတွေအကြားမှာ ရှင်သန်ပေါက်ဖွားစေချင်တယ်။

မဝံ့ဘဲ တောင်တန်းနှင့် မြေပြန့်ဒေသ တိုင်းရင်းသားများကိုအင်အားနည်းပါးစေရန် အတွက်သွေးခွဲမှုများပြုလုပ်ကြသည်။သွေးကွဲအောင်ခွဲခြားခဲ့ကြသည်။ အေးဆေးစွာနေထိုင်ကြသော ချင်းတောင်တန်း၊ နာဂတောင်တန်းများကို ၎င်းတို့လက်အောက်သို့ဝင်ရောက်ရန် ကြိုးစားခဲ့သည်။ ချင်းတိုင်းရင်းသားတို့မှာ လူစိမ်းမဝင်ရဟူသောအဓိပ္ပာယ်ဖြင့် အိမ်ရှေ့တွင် သစ်ရွက်စိမ်းများချိတ်ဆွဲ၍ တင်းမာမှုကိုပြခဲ့ကြသည်။ ထိုအခါ အင်္ဂလိပ်နယ်ချဲ့တို့သည် ရှမ်းလူမျိုးများထဲမှ ပြောဟန်ဆိုဟန်သွက်လက်သူဦးအိုက်ခမ်းကို ပေပင်ရွာစော်ဘွားကြီးထံသို့ စေလွှတ်ခဲ့ကြသည်။

ပေပင်ရွာစော်ဘွားကြီး၏ နေအိမ်တွင် လူစုံလျက်ရှိနေသည်။ အပ်ကျသံပင် မကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေရာမှ စော်ဘွားကြီးက ချောင်းတစ်ချက်ဟန့်လိုက်ပြီး

“အော်... မောင်အိုက်ခမ်းရောက်လာပြီကိုး”

ဦးအိုက်ခမ်းသည် စော်ဘွားကြီး၏အရောင်တဝင်းဝင်းထွက်နေသောမျက်လုံးအစုံကို လှမ်းကြည့်ရင်း တုန်ယင်သောအသိကိုထိန်း၍ ပြောလိုက်သည်။

“ရောက်လာပါပြီစော်ဘွားကြီး”

“မောင်အိုက်ခမ်း ဘာကိစ္စနဲ့လာသလဲ... ကိုယ်ရေးကိုယ်တာကိစ္စလား...ကုလားဖြူခိုင်းလို့ လာတာလား”

စော်ဘွားကြီး၏ အသံက အေးဆေးမာကျောလျက်။

“ကုလားဖြူတွေက မသွားရင် ကျုပ်ရွာကို ဒုက္ခပေးမယ်ဆိုလို့ မလာချင်ဘဲလာရပါတယ် စော်ဘွားကြီး... ပြီးတော့ အခုလာရတဲ့ကိစ္စကလည်း စော်ဘွားကြီးတို့ကို ဒုက္ခပေးဖို့ကိစ္စမဟုတ်လို့ပါ”

“ဒီမှာအိုက်ခမ်း... မင်းကို ငါဘာပြောထားလဲ”

ချင်းစော်ဘွားကြီးအသံကမိုးချုန်းသံနှယ်ပေါ်ထွက်လာသည်။

"ကုလားဖြူကိစ္စဆိုရင်မလာနဲ့လို့ မှာလိုက်ပါတယ်... ဒါပေမဲ့ မသွားရင်ကျုပ်တို့ရွာ ဒုက္ခပေးမယ် ပြောပါတယ်... ကျုပ်တို့ချင်းတွင်းအနောက်ရှမ်းတွေက လူအင်အား၊ လက်နက်အင်အားနည်းပါးလို့ရပ်ရွာလူကြီးများကပါ စေလွှတ်လို့ လာရခြင်းဖြစ်ပါတယ်... ဟောဒီမှာ လက်ဆောင်ပစ္စည်း ဆားနဲ့အဝတ်အထည်တွေပေးလိုက်ပါတယ်"

စော်ဘွားကြီးသည် အိုက်ခမ်း၏ စကားကိုနားထောင်ပြီး ပြတ်သားစွာ ပြောကြားသည်။

"ဒီမှာအိုက်ခမ်း... ငါတို့ချင်းလူမျိုးတွေက စကားနှစ်မျိုးမပြောဘူး ... စိတ်နှစ်မျိုး မပြောင်းဘူး ကုလားဖြူတွေရဲ့ လက်ဆောင်လည်း ငါမလိုဘူး ... ငွါလူမျိုးတွေကိုလည်း သူတို့ပို့မယ့်သေတွင်းထဲ မထည့်ဘူး... အင်္ဂလိပ်စစ်သား မလုပ်စေရဘူး... ငါတို့နဲ့ တစ်မြေထဲနေ တစ်ရေထဲ သောက်တဲ့ ရှမ်းစော်ဘွားတွေ၊ဗမာဘုရင်တွေကိစ္စဆိုရင် ငါတို့ အသေခံတိုက်မယ်... ကုလားဖြူတွေအတွက် ငွါအမျိုးတွေ အသေမခံဘူး...အေး... ပြန်တော့... ဘယ်တော့မှမလာနဲ့"

အိမ်ခေါင်မိုးပေါ်မှ အိမ်မြှောင်စုတ်ထိုးသံ တကျွတ်ကျွတ်က ဆူညံလာသည်။ ဝင်လုဆဲ နေလုံးကြီးသည် ဝင်းလက်သောအဆင်းဖြင့် အစွမ်းကုန်လင်းနေပါတော့သည်။

အခန်း(၇)

တစ်ပတ်ခန့်အကြာတွင် ကုလားဖြူတို့သည် အင်အား အလုံးအရင်းဖြင့် ချီတက်လာပေပြီ။

"မောင်မင်းတို့ ချင်းတွေခေါင်းမာတယ်... ကျုပ်အကြောင်း ပြရတာပေါ့... တွေ့သမျှ အကုန်ဖမ်း ကျုပ်တို့ထံအမှုထမ်းလို့ ချင်းတောင်တန်းကို ကျုပ်တို့သိမ်းမယ်"

နာဂတောင်တန်းကြီးနှင့် ချင်းတွင်းမြစ်ညာဝဲယာဒေသတို့မှ စော်ဘွားကြီးဦးဆောင်သောချင်းတိုင်းရင်းသားများ၊ရွှေချိုးဖြူမင်းသားဦးဆောင်သော ဗမာတိုင်းရင်းသားများနှင့် ကြွမ်ဘိခ်(ခ) ဗိုလ်ဆွန်ပက်ခေါင်းဆောင်သောချင်းတိုင်းရင်းသားများ၊ဦးတက်၊ ဦးပြူးတို့ခေါင်းဆောင်သော ရှမ်းဗမာတိုင်းရင်းသားတို့သည် ကုလားဖြူနယ်ချဲ့ကို ပြင်းထန်စွာတော်လှန်တိုက်ခိုက်ခဲ့ကြပေပြီ။ဘိုးမောင်တို့ပြန်သွားသည့်အချိန်မှစပြီး စော်ဘွားကြီးသည် မိမိတို့ချင်းတောင်တန်းကာကွယ်ရေး၊ရန်သူချေမှုန်းရေးတို့ကို ပိုမိုတင်းကျပ်ဆောင်ရွက်သည်။ ချင်းတွင်းမြစ်ကမ်းမှ နာဂတောင်တန်းပေါ်သို့တက်လာနိုင်မည့် တောင်တက်လမ်းများအားလုံး၏လမ်းကျဉ်းနေရာများ၌ ခံတပ်များ တည်ဆောက်ကြသည်။ ညသည် တိတ်ဆိတ်လျက်ရှိသည်။ နာဂတောင်တန်းကြီး တစ်ခုလုံး သည်လည်း လကွေးကွေး၏ ရေးရေးသာပေါ်နေသော အလင်းရောင်အောက်တွင် တိတ်ဆိတ် ငြိမ်သက်နေပါသည်။ တစ်ခါတစ်ရံ ထွက်ပေါ်လာသော သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ်တို့၏ အသံလေးများက ကြိုကြားပေါ်ထွက်လာနေပြီး ကျားဟိန်းသံသဲ့သဲ့ ကြားသည်နှင့် အားလုံး ငြိမ်သက်သွားကြပြန်သည်။ လေပြင်းတစ်ချက် တိုးဝှေ့လာသော အခါကညင်သီးလေးများက စကြာသဖွယ် လည်၍ တဖျောက်ဖျောက်ကြွေဆင်းကြသည်။

"ဖျောက်..ဖျောက်..ဖျောက်..ဖျောက်..."

ကညင်ရွက်များအကြားမှ ထိုးဆင်းနေသော လရောင်အောက်တွင် ဖြိတိသျှအရေးပိုင် မစ္စတာရမ်းဒိုး ဦးဆောင်သော ကုလားဖြူစစ်သားတို့သည်ချင်းတောင်၏တစ်ခုတည်းသော အဝင်လမ်းဆီသို့ ချီတက်လာနေချေပြီ။

"ဂွတ်ကူး...ဂွတ်ကူး"

ချီးငှက်ကလေးကူသံက တစ်နေရာမှထွက်ပေါ်လာသည်။ နာဂတောင်တန်း ကင်းစခန်းများဆီမှ ငှက်မြည်သံ၊ ချေဟောက်သံ၊ မျောက်အူသံ၊ သမင်တောက်သံတို့က တစ်ဆက်တည်း ထွက်ပေါ်လာနေသည်။ ထိုအသံတို့မှာ ကင်းစခန်းများမှ အချက်ပေးသံများဖြစ်ကြသည်။ ကုလားဖြူတို့သည် တောင်၏ဆင်ခြေလျှောမှတစ်ဆင့် တောင်ပေါ်သို့စတင်တက်နေကြပြီ။

"ဝုန်း... ဝရော.. ဝရော..ဝရော"

"အိုးမိုင်ဂေါ့... ဒိန်းဂျရပ် ဒိန်းဂျရပ်"

ရုတ်တရက်မြေများပြိုဆင်းလာပြီး သစ်ပင်ကြီးများလဲကျလာသည်ဖြစ်၍ ကုလားဖြူတို့သည် ဒရောသောပါးဆင်းပြေးကြသည်။

Why? ... Why? ... Where Another Road?

ကုလားဖြူတို့သည် တောင်ပြို၍ လမ်းပိတ်သွားသဖြင့် အခြားလမ်းကို ရှာဖွေကြသည်။ ထိုအခါ ချင်းလူမျိုး

တို့စီမံထားသော လမ်းသစ်များကို တွေ့သွား ကြလေပြီ။

“We go to this road”

လမ်းတစ်လမ်းသည် ချင်းခေါင်းဆောင်ကြီး ကြွမ်ဘိခ်ဦးဆောင်နေသော ခံတပ်ကြီးသို့ သွားရာလမ်းဖြစ်သည်။

“ဂျိုင်း... အား... ဝုန်း... ဝရော... ဝရော...”

ရုတ်တရက်ကျလာသော ထောင်ချောက်များအတွင်းတွင် အင်္ဂလိပ်ကုလားဖြူစစ်သားများမှာ အပြံလိုက်သေဆုံးကုန်သည်။ကုလားဖြူတို့သည် လက်နက်များဖြင့် ခံတပ်များဆီသို့ တရစပ်ပစ်ခတ်ကြသည်။ ပေပင်စော်ဘွားကြီးနှင့် အဖွဲ့ကလည်း ဒူးလေးများ၊ လက်လုပ်သေနတ်များ၊ လေးမြားကျွမ်းကျင်သူတို့က လေးမြားများဖြင့် ပစ်ခတ်ကြ၍ တောင်ကြောတစ်ခုလုံးမှာ ကမ္ဘာပျက်သကဲ့သို့ ပွက်လောရိုက်နေသည်။ ချင်းလူမျိုးအချို့မှာ ရှည်လျားသော နွယ်ပင်ကြီးများကို လေထဲတွင်ခိုစီးပြီး ကုလားဖြူများ၏ လည်ပင်းကို ဒူးဖြင့်ညှပ်ကာ ကျောက်ဆောင်ဖြင့် ရိုက်ခြင်း၊ လည်ပင်းကို ဓားဖြင့်လှီးခြင်းများဖြင့် သတ္တိသွေးတို့ အစွမ်းကုန် ဆူပွက်နေကြသည်။

ချင်းခေါင်းဆောင်ကြီးကြွမ်ဘိခ်နှင့် ချင်းနာဂလူမျိုးတို့၏ကျောက်ဆင်ကျောက်မောင်းများ၊ အဆိပ်လူးမြားနှင့် ဓားချက်များအောက်တွင် အသက်ပျောက်သောကုလားဖြူစစ်သားအရေအတွက်မှာ မနည်းလှပေ။ ခေါင်းဆောင်ကြီး ကြွမ်ဘိခ်သည် တိုက်ပွဲအလယ်တွင် မားမားရပ်လျက် စီစဉ်ညွှန်ကြားခြင်း၊ တိုက်ခိုက်ခြင်းတို့ကို ပြုလုပ်နေပါသည်။ ချင်းလူမျိုးတို့၏ လက်ဆကောင်းမွန်လှသဖြင့် ကျောက်တုံးတစ်တုံးသည် ကုလားဖြူတစ်ယောက်၏ အသက်ဇီဝိန်ကို ချွေနိုင်ခဲ့လေပြီ။

ရွှေချိုးဖြူမင်းသား၏ ခံတပ်သို့ ရောက်ရှိလာကြသော ကုလားဖြူများမှာလည်း အထိနာချက်ပြင်းလှသည်။ ပြိုဆင်းလာသော ကျောက်တုံးများအကြားဝယ် ဖရိုဖရဲပြေးလွှားနေကြရှာသော ကုလားဖြူတို့သည် ရွှေချိုးဖြူမင်းသားအဖွဲ့၏ ဓားချက်၊ လုံချက်အောက်တွင် အသက်ပျောက်ခဲ့ရပေသည်။ လက်နက်အားကိုးပြီး သတ္တိမရှိသော ကုလားဖြူတို့၏သေနတ်ဖြင့် ရမ်းသမ်းပစ်ခတ်ခြင်းကြောင့် ရွှေချိုးဖြူမင်းသားအဖွဲ့နှင့် ချင်းခေါင်းဆောင်ကြီး ကြွမ်ဘိခ်အဖွဲ့၊ ပေပင်စော်ဘွားကြီးအဖွဲ့၊ ဦးတက်နှင့် ဦးပြားတို့အဖွဲ့ ခံတပ်များဆီတွင် အနည်းငယ်ထိခိုက်ကျဆုံးမှုများ ရှိခဲ့ပါသည်။ သို့သော် တစ်ယောက်လဲလျှင်နှစ်ယောက်တွဲ၍ ထွက်ကြသည့် ချင်းလူမျိုးတို့၏ စိတ်ဓာတ်အင်အားကို မထိခိုက်၊ မပျက်စီးစေပါ။ တောတောင်ရေမြေကျွမ်းကျင်သူတို့ကို မယှဉ်နိုင်ပါ။

ပေပင်စော်ဘွားကြီး၏သမီး ကပ်ဆန်းမန်တို့သည်လည်း ခံတပ်တစ်ခုမှ တစ်ခုပြေးလွှားကာ မြားတံများပို့ပေးခြင်း၊ သတင်းပေးပို့ခြင်းများကို တက်တက်ကြွကြွမကြောက်မရွံ့ဆောင်ရွက်ကြသည်။ စော်ဘွားကြီးကတော်မှာ သမီးအတွက်စိုးရိမ်စိတ်ဖြင့်တားမြစ်သော်လည်း ပေပင်စော်ဘွားက –

“ပေပင်စော်ဘွားကြီးဟော်လွန်းရဲ့ တစ်ဦးတည်းသောသားနှင့် တစ်ဦးတည်းသောသမီးဆိုတာ တိုင်းပြည်နဲ့ လူမျိုးအတွက် အသုံးကျတဲ့သူတွေပဲဖြစ်စေရမယ်... ငါဂုဏ်ယူတယ်”

အခန်း(၈)

“မန်းထာ...မန်းထာ.. နေဦး.. နေပါဦးကွယ်..”

ရွာသားမန်းထာသည် ကျည်တောင့်များကို ခံတပ်များဆီသို့ပို့ရန် သွားနေဆဲမှာနောက်မှခေါ်သံကြောင့် ရပ်တန့်၍ လှည့်ကြည့်လိုက်သည်။ လရောင်အောက်တွင် ချင်းစောင်လေးကိုခေါင်းပေါင်းထားသော နှစ်မဝမ်းကွဲကပ်ဆန်းမန်၏မျက်နှာလေးက အပြစ်ကင်းစွာ ဖွေးစင်နေသည်။

“ဟယ်...ဆန်းမန် ဘာလုပ်မလို့လဲ ဒီမှာလေးရတဲ့အထဲ”

“အို... မန်းထာရယ်.. တိုက်ပွဲက တော်တော်ကြာရှည်နေပြီ..နောက်က ကုလားဖြူအင်အား တိုးလာတယ်ဆိုပဲ... ဒါ... ဒါထက်... ငါကြားတဲ့သတင်း နင့်ကို မေးချင်လို့ပါ... ကို.. ကိုဝဏ္ဏ ကုလားဖြူလက်နက်ထိသွားတယ်ဆို”

“အေး ငါလည်း ကြားတယ်... ဒါလောက်ရှုပ်ထွေးနေတဲ့ကြားမှာ ဘယ်သိပဲ့ါမလဲဟယ်... ကဲ..ငါသွားမယ်”

“ဟဲ့... နေပါဦး ငါ့ကိုပြောခဲ့ပါဦး မန်းထာရယ်”

“ရော့...သိချင်သွားကြည့်ဟယ်... ကဲ...”

မန်းထာက ခြေလှမ်းကျဲကြီးဖြင့် ထွက်ခွာသွားလေပြီ။ အနောက်မှ ကပ်ဆန်းမန်က ပြေးလိုက်ပြီး ကျော်တက်သွားသည်။

"အေး...ငါသွားပြီးမန်းထာရေ"

"ဆန်းမန်...ရော်... ဒီကလေးမ နှယ်... စဲပရေ... ခိုဆေးရေ... ဆန်းမန် ကို ခေါ်ဦး... ဟာ ဒုက္ခပဲဗျာ... ရန်သူကြားထဲကို မသွားနဲ့ဆန်းမန်... ဆန်းမန်..."

ဆန်းမန်က ကိုင်နေကျ မြွေနေ အောင်သွေးထားသည့် ဓားမြှောင်ကို တင်းကျပ်စွာဆုပ်ကိုင်ပြီး ခံတပ်များ ဆီသို့ပြေးလေသည်။

"ငါ့ချစ်သူကိုသတ်တဲ့ ကုလားဖြူ တွေ နင်တို့ကိုငါ့လက်နဲ့သတ်မယ်... ငါ့ချစ်သူအတွက်...ငါ့ တိုင်းပြည် ငါ့လူမျိုးအတွက် သေကြစမ်း"

ရွှေချိုးဖြူမင်းသား၏ ခံတပ်အနီး တွင် တိုက်ပွဲက ပြင်းထန်နေသည်။ ကပ်ဆန်းမန်သည် ကုလားဖြူများ၏ သေနတ်ကိုမကြောက်မရွံ့ဘဲ အတင်း ဝင်လုံးသည်။ ပူးသတ်သည်။ ပါးစပ်မှ လည်း တကြော်ကြော်အော်သည်။

"ဟာ...ဗိုလ်လေး...ဗိုလ်လေး ဝဏ္ဏ..ဟိုမှာကြည့်ပါဦး"

ဒဏ်ရာဆေးစည်းခံယူနေရာမှ ရဲမက်တစ်ဦးက သတင်းပို့ညွှန်ပြရာသို့ မောင်ဝဏ္ဏကြည့်လိုက်သောအခါ မြင့် တက်လာသော လရောင်အောက်တွင် ဓားမြှောင်တစ်ချောင်းဖြင့် ကုလားဖြူ များ အံ့အားသင့်စေသည်အထိ လျင် မြန်ဖျတ်လတ် ရဲဝံ့သူလေး ဇနီးဖြစ်သူ ကပ်ဆန်းမန်ကိုတွေ့ ရလေပြီ။

"ဟာ..."

မောင်ဝဏ္ဏသည် ဒဏ်ရာရထား သော ညာဘက်ပခုံးမှ ချင်းရိုးရာ ဆေး စည်းထားသော နေရာကို တစ်ချက် ဖိပြီးအံကြိတ်ကာ ညာလက်မှ ဓားကို တင်းတင်းဆုပ်ကာ တိုက်ပွဲဆီသို့ပြေး ဝင်ခဲ့သည်။

"ဆန်းမန်ရေ..."

"အဲဒါ ငါ့ချစ်သူအတွက်...ငါ့နိုင်ငံ ငါ့လူမျိုး ငါတို့ချင်း တောင်တန်း အတွက်..ဟေ့...ရော့..."

"ဒုတ်... အား"

"ဒိုင်း.. ဒိုင်း.. ဒိုင်း...အ"

ဓားမြှောင်တစ်လက်ဖြင့်ပြေးလွှား

ဒဏ်ရာဆေးစည်း ခံယူနေရာမှ ရဲမက်တစ်ဦးက သတင်းပို့ညွှန်ပြရာသို့ မောင်ဝဏ္ဏကြည့် လိုက်သောအခါ မြင့်တက်လာသော လရောင်အောက်တွင် ဓားမြှောင်တစ်ချောင်းဖြင့် ကုလားဖြူများ အံ့အားသင့်စေသည်အထိ လျင်မြန်ဖျတ်လတ် ရဲဝံ့သူလေး ဇနီးဖြစ်သူ ကပ်ဆန်းမန်ကို တွေ့ရလေပြီ။

ကာလေတံခွန်သဖွယ် ကုလားဖြူများ ကို နှိမ်နင်းနေသော ဆန်းမန်သည် ကုလားဖြူသုံးဦးထံမှ သေနတ်သံ သုံးချက်နှင့်အတူ တစ်ချက်မှ မည်သည်း ညူဘဲအံကြိတ်၍ခွေလဲကျသွားသည်။ ရဲမက်တို့၏ဓားချက်ကလည်း ကုလား ဖြူသုံးကောင်ကို ဇီဝိန်ခွေခဲ့ပြီ။

"ဆန်းမန်"

မောင်ဝဏ္ဏသည် ဆန်းမန်ကိုပြေး ပွေ့သည်။ ထိုအချိန်တွင် ရွှေချိုးဖြူ မင်းသား၊ ချင်းခေါင်းဆောင်ကြီးကြွမ် ဘိခ်နှင့်စော်ဘွားကြီးတို့အဖွဲ့များသည် ဆုတ်ခွာထွက်ပြေးသွားပြီဖြစ်သော ကုလားဖြူတို့၏ လက်နက်များကို သိမ်းယူပြီး စခန်းသို့ပြန်လာနေကြ ပေပြီ။

"ကပ်ဆန်းမန်... ဆန်းမန်... ကိုဝဏ္ဏပါ... ကိုဝဏ္ဏခေါ်နေတယ်"

ကပ်ဆန်းမန်မျက်လုံးလေးများ ပွင့်လာသည်။ တိုးတိတ်သောလေသံ ယဲ့ယဲ့ဖြင့် -

"ကိုဝဏ္ဏမသေဘူးနော်...ဆန်းမန် ဝမ်းသာ..."

"ကိုယ်မသေပါဘူးဆန်းမန်... ဆန်းမန်လည်းမသေရဘူး...ကိုယ်တို့ အတူနေမယ်လေနော်"

တပ်မှူးလေးဝဏ္ဏ၏ပါးပြင်ပေါ်သို့ မျက်ရည်ပေါက်ကြီးများလိမ့်ဆင်းလာ သည်။

"ဆန်းမန်... အောက်ချင်းမောင် နှံကိုသစ္စာထားပြီး ကိုဝဏ္ဏနောက်ကို လိုက်ခဲ့...တာ...ဆန်း မန်သစ္စာကို ယုံ....."

ကပ်ဆန်းမန်၏ဦးခေါင်းက လည် ကျသွားပေပြီ။

"ဆန်းမန်...ဆန်းမန်...ဖြစ်ရလေ ဆန်းမန်ရယ်"

"ဟာ... တပ်မှူးလေးဝဏ္ဏ... ဟင်.. ကပ်ဆန်းမန် ဘယ်လိုဖြစ်ရ တာလဲဗျာ..."

"သမီးသမီးလေးကပ်ဆန်းမန်..."

"ညီမလေး.. ဆန်းမန်..."

"ဆန်းမန်ရေ..."

တပ်မှူးလေးဝဏ္ဏ၏ အသံက

နာဂတောင်တန်း၊ ချင်းတောင်တန်းကြီးများအထိ ပဲ့တင်ထပ်ခဲ့လေပြီ။ လရောင်အောက်မှ တောင်ဇလပ်ပွင့်နီနီရဲရဲလေးအချို့သည် တဖြတ်ဖြတ်ကြွေလေပြီ။ ကညင်ပင်ကြီးအောက်ဆီမှ အောက်ချင်းဌက်မောင်နှံ၏ မျက်ရည်များက မြေပြင်ပေါ်သို့ ကျလာသည်။ တောင်စောင်းများထက်ဝယ် ကုလားဖြူတို့၏အလောင်းများ ပြန့်ကျဲ နေသည်။ အချို့သောကုလားဖြူတို့မှာထိခိုက်ဒဏ်ရာအနာတရများစွာဖြင့် သေပြေးရှင်ပြေး ဆုတ်ခွာပြေးကြလေပြီတည်း။ ကုလားဖြူတို့၏ ချင်းတောင်တန်းများကို သိမ်းပိုက်ရန် အကြံသည်လည်းကောင်း၊ ချင်းလူမျိုးများကို ကုလားဖြူစစ်သားအဖြစ် အသုံးချရန်အကြံသည်လည်းကောင်း မအောင်မြင်ခဲ့လေပြီတည်း။

အခန်း(၉)

ကျဆုံးသွားသူ ချင်း၊ ဗမာ၊ နာဂ လူမျိုးများအား ကောင်းမွန်စွာသင်ကြီးပြင်းခဲ့ကြသည်။ ချင်းတောင်တန်း၏ ရဲရဲတောက် တောင်ဇလပ်အနီလေးတစ်ပွင့် ကြွေလွင့်ခဲ့ရခြင်းအတွက် အားလုံးက ယူကြုံးမရဖြစ်ရရှာသည်။

အရုဏ်လင်းခဲ့ချေပြီ။ အားလုံးသည် စခန်းဆီသို့ ပြန်လာခဲ့ကြပြီ။ တပ်မှူးလေးဝဏ္ဏသည် ဆန်းမန်၏ သက်မဲ့ခန္ဓာကိုယ်အား ပွေ့ချီလာခဲ့သည်။ ဖခင်စော်ဘွားကြီး၊ ချင်းခေါင်းဆောင်ကြီး ကြွမ်ဘိခ်၊ ရွှေချိုးဖြူမင်းသား၊ ဗမာရှမ်းခေါင်းဆောင် ဦးတက်နှင့် ဦးပြား၊ မိုးလင်းကာနီးတွင် စစ်ကူရောက်လာသော ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်နှင့် အားလုံးရင်ထဲတွင် အောင်မြင်ခြင်းကြောင့် ရရှိသောပီတိ၊ မျိုးချစ်စော်ဘွားကြီး၏ တစ်ဦးတည်း သောသမီး၊ တပ်မှူးလေး၏ပူပူနွေးနွေး ဇနီးသည်အတွက် ကြေကွဲခြင်းများက ဒွန်တွဲနေကြသည်။

ပေ ၃၀၀၀ ကျော်မြင့်သောတောင်တန်းပေါ်တွင်တောင်ဇလပ်ပန်းများက နီရဲစွာပွင့်နေကြသည်။ ရဲရဲနီသောတောင်ဇလပ်ပန်းလေးတစ်ပွင့်က မြတ်သောကြွေခြင်းမျိုးဖြင့် ကြွေလွင့်ခဲ့ရရှာလေပြီ။ ကညင်ပင်ထက်ဆီမှ အောက်ချင်းဌက်မောင်နှံ၏ မျက်ရည်များသည် နှင်းပွင့်များနှင့်အပြိုင် မြေပြင်ပေါ်သို့ကျလာခဲ့ပေပြီ။ အချစ်ကြီးသော၊ သစ္စာတရားကြီးမားသော အောက်ချင်းဌက်မောင်နှံဝမ်းနည်းနေရှာပြီ။

"ဆန်းမန်ရေ... အောက်ချင်းဌက်မောင်နှံလိုပဲ တစ်ဦးသေရင်တစ်ဦးကလိုက်သေကြတဲ့ သစ္စာကို ဆန်းမန်ပြခဲ့ပါပြီ။ ကိုဝဏ္ဏလည်း အသက်ရှင်ခွင့်လေး ခဏပေးပါကွယ်... အသက်ရှင်နေတဲ့ ကာလမှာ ဒီကုလားဖြူတွေကို အစွမ်းကုန်တိုက်ခိုက်တွန်းလှန်ပြီး အကျိုးရှိသော သေခြင်းတရားနဲ့ ဆန်းမန်နောက်ကိုလိုက်ခဲ့ပါ့မယ်... တိုင်းရင်းသားတွေရဲ့ ရိုးရာအစဉ်အလာအကြွေးကိုလည်း ဆပ်ခွင့်ပြုပါကွယ်။

ခေါင်းဆောင်ကြီးများအားလုံး၏ လက်များသည် တစ်ဦးပေါ်တစ်ဦး ထပ်ဆင့်တင်းကျပ်စွာ ဆုပ်ကိုင်လျက်သစ္စာပြုကြသည်။

"ငါတို့လူမျိုးတွေတိုင်းတစ်ပါးကျွန်အဖြစ် နှံမနစ်စေရဘူး။ ငါတို့ရဲ့ တစ်မြေထဲနေ တစ်ရေထဲသောက်တဲ့တိုင်းရင်းသားတွေအရေးနဲ့ ဒို့ဗမာဘုရင်ရဲ့ အရေးကို အသက်ပေးကြဖို့ဝန်မလေးဘူး... ဆိုတဲ့စကားကို ဟောဟိုက တောင်ဇလပ်ပန်းနီနီတွေနဲ့အပြိုင် တည်ဆောက်ကြပါပြီ။ ဟိုးကအောက်ချင်းဌက်မောင်နှံ သစ္စာထားသလို ငါတို့တိုင်းရင်းသားအားလုံး သည်လည်း တစ်ဦးအပေါ် တစ်ဦး သစ္စာထားကြပါစို့"

နှင်းထုများပျက်ပြယ်စပြုလေပြီ။ မပီဝိုးတဝါးသော မြင်ကွင်းသည် နေခြည်အလင်းတွင် ကြည်လင်ဝင်းပနေချေပြီတည်း။

ဆုလာဘ်နွယ်(ဘားအံ)




အလွမ်းဆိုတာ ဖွင့်ထားတဲ့ တံခါးတစ်ချပ်ကနေ

ဝင်ရောက်လာတတ်တယ်

မင်းဆက်ပိုင်





မင်းလွင်လိုလို၊ စုံတစ်ခိုဝယ်၊ လေချိန်ဝန်းလု၊ လွမ်းရတဉ့် ရွက်နုမငြိမ်၊ မြေနှင့်ချိန်လျက် စိမ့်မြိုင်ရဂုံ၊ ကြိုင်ကြိုင်ထုံသည် ...

မော်လမြိုင်တောင်ပေါ် View Point ကနေ မြို့တစ်ခွင်ကိုကြည့်လိုက်တဲ့အခါမှာ ညို့ညို့ဆိုင်းဆိုင်းတောင်တန်းနောက်ခံနဲ့ သံလွင်မြစ်အကွေ့အဝိုက်ကို မြင်တွေ့ရတာ ရင်ထဲမှာ လွမ်းသလိုဆွေးသလိုဖြစ်သွားပါတယ်။

“လှလိုက်တာ ခြူးရယ်”

“ဟုတ်တယ်နော် မောင်”

ကျွန်တော်နဲ့ ချစ်သူအိမ့်ခြူးမေ နှစ်ဦးသားအားလပ်ရက်မှာ View Point မှာ ချိန်းတွေ့ကြတာပါ။ မော်လမြိုင်သားကျွန်တော်နဲ့ မော်လမြိုင်သူ အိမ့်ခြူးမေ ချစ်သူဖြစ်တာ ဒီနေ့မှာ တစ်နှစ်ပြည့်ပါပြီ။ ချစ်သူဖြစ်စကတည်းက ကျွန်တော်က ချစ်စနိုး "ခြူး"လို့ခေါ်ပါတယ်။ သူက "မောင်" လို့ ခေါ်ပါတယ်။ ဘာဖြစ်လို့ မောင်လို့ ခေါ်တာလည်းမေးတော့ ချစ်လို့ဆိုပြီး ရှက်စနိုးလေးနဲ့ ပြန်ဖြေပါတယ်။

စာရေးဆရာလုပ်ချင်တဲ့ ကျွန်တော်နဲ့ ဈေးထဲမှာကုန်စုံဆိုင်ဖွင့် ဈေးရောင်းနေတဲ့ခြူးနဲ့ ဖူးစာဆုံတာဟာ ဆန်းသလိုလိုတော့ရှိပါတယ်။ သေချာတာကတော့ကျွန်တော်တို့နှစ်ယောက် သိပ်ချစ်ကြပါတယ်။ အချိန်တန်လို့ ရည်မှန်းထားတာပြည့်ရင် လက်ထပ်ဖို့ စီစဉ်ထားပါတယ်။

ချစ်သူခြူးနဲ့စကားပြောနေရင်း ကျွန်တော်ရေးထားတဲ့ တစ်မျက်နှာ ဝတ္ထုလေးကို ပြောပြမိပါတယ်။

+++++

လေညင်းနုနုကခွေးလို့
ရော်ရွက်ဝါ ကြွေပါပေါ့ ...
မြေမှုန်ကိုထိတော့
နာလိုက်တာ ... တဲ့ ...
အလွမ်းဆိုတာ
ပန်းတစ်ခင်းကြွေနိုင်တယ် ...
ပန်းသီးဖီလင်နဲ့
ညမွှေးပန်းကလန်းနေသလို
လမင်းလေးက
အရိုင်းဆန်ဆန်လှနေတယ် ...
ကြယ်တွေကြွေတဲ့ညမှာ
ကြာတွေကလည်းပွင့်သမို့
လှစ်ကနဲချစ်သူကိုခိုးအနမ်း
ပင်လယ်မှာ မုန်တိုင်းဖြစ်သွားတယ် ...
အဲဒီမုန်တိုင်းကို
ငါ့ရင်အုံမှာထည့်လို့
လာကွယ် ...
အချစ်လှေစီးကြမယ် ... ။ ။
... ...

ကဗျာဆရာ သူ့ချစ်သူကို သူစပ်ထားတဲ့ကဗျာတစ်ပုဒ် ဖတ်ပြပါတယ်။ အဲဒီအခါမှာ သူ့ချစ်သူက ကဗျာဆရာကို ပုံပြင်တစ်ပုဒ် ပြန်ပြောပြပါတယ်။

တစ်နေ့ ကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်နေတဲ့ အူတူတူလူတစ်ဦးဟာ လစာထုတ်တော့ သူ့မိန်းမမွေးနေ့ အတွက်အမှတ်တရလက်ဆောင်ပေးဖို့ စတိုးဆိုင်ထဲဝင်သွားတယ်။ ဆိုင်ထဲမှာ မိန်းမအသုံးအဆောင်ပစ္စည်းတွေ အများကြီးပဲ။ ပြထားတဲ့ပစ္စည်းတွေကို တစ်ခုပြီးတစ်ခု လိုက်ကြည့်တာ အချိန်သာကြာသွားတယ်။ သူ့မိန်းမ အတွက်ဘာဝယ်ပေးရမှန်းမသိဘူးဖြစ် နေတယ်။ နောက်ဆုံးကြံရာမရဖြစ်ပြီး စတိုးဆိုင်က ဝန်ထမ်းမိန်းကလေး ချောချောကို မေးလိုက်တယ်။

"ဟိုလေ ... တကယ်လို့များ ညီမ လေးက အစ်ကို့အမျိုးသမီးဆိုရင် ဘာ ပစ္စည်းလိုချင်သလဲ"

အဲဒီအခါမှာ ဝန်ထမ်းအမျိုးသမီး မျက်စောင်းတစ်ချက်ချီကာ ခပ်စိမ်း စိမ်းကြည့်ပြီးအခုလိုပြောလိုက်တယ်။

"သေသေချာချာမှတ်ထား .... နောက်ယောကျ်ား"

ကဗျာဆရာရဲ့ချစ်သူက အဲ့ဒီပုံပြင် ပြောပြပြီးတဲ့အခါမှာ ကဗျာဆရာကို ယခုလိုထပ်ပြောလိုက်တယ်။

"ရှင်လည်းကျွန်မဘာကြိုက်တတ် တယ်၊ ဘာလိုချင်သလဲဆိုတာ သေသေချာချာ စဉ်းစားပြီး လေ့လာဦး။ ကျွန်မကြိုက်တဲ့ပစ္စည်း ကျွန်မလိုချင်တဲ့ ပစ္စည်းကို မပေးဘဲ မလိုချင်တဲ့ ကဗျာတွေ လာမပေးနဲ့။ လာမပြနဲ့။ အဲဒီကဗျာတွေပဲ လာပေးနေရင် နောက်တစ်ခါ ကျွန်မဘာပြောမယ်ဆိုတာ ရှင်တွေးမိမှာပါ။

+++++

ကျွန်တော့်ရဲ့ တစ်မျက်နှာဝတ္ထုကို ခြူးကြိုက်ပုံမပေါ်ပါဘူး။ မျက်နှာလေး ညိုးသွားပြီးမျက်ဝန်းမှာမျက်ရည်တွေ စို့လာပါတယ်။

"ခြူးကအဲဒီလိုမိန်းကလေးမဟုတ်ပါဘူး မောင်ရယ်"

ပြောပြောဆိုဆိုနဲ့ ငိုမဲ့မဲ့အရိပ် အယောင် ဖြစ်လာပါတယ်။

"မောင်ပြောတာ ဝတ္ထုပါခြူးရဲ့ ... ခြူးကိုပြောတာမဟုတ်ပါဘူး။ မငိုနဲ့ နော်"

ကျွန်တော်ပြာပြာသလဲနဲ့ ခြူးပခုံး လေးကိုပွေ့ပြီး ချော့လိုက်ရပါတယ်။ ခဏအကြာမှာ ခြူးက ထပ်ပြောပါ တယ်။

"ခြူးက မောင့်ကို စာရေးတာ ဝါသနာပါလို့ စာရေးဆရာလုပ်မယ့်သူမို့ ချစ်တာပါ။ ခြူးအတွက် ဂုဏ်ပကာသန၊ ငွေမလိုပါဘူး။ မောင်သာ စာရေးဆရာဖြစ်အောင် ကြိုးစားပါ။ မောင် စာများများရေးလေ ခြူးက ချစ်လေပဲ။ မောင့်ကိုခြူးဖတ်ဖူးတဲ့ရောမပညာရှင် ဆိုကရေးတီး ပြောခဲ့တာ ပြောပြမယ်။ စာရေးဆရာကို ဆရာလုပ်တာ မဟုတ်

ပါဘူးနော်။ ဆိုကရေးတီး ပြောခဲ့တာ က စံပြလူ့အဖွဲ့အစည်းထဲ ကဗျာဆရာ မဝင်ရလို့ ပြောခဲ့တယ်။ ကဗျာဆရာ ဆိုမှတော့ စာရေးဆရာလည်း ပါတာ ပေါ့။သူဘာကြောင့်အဲဒီလိုပြောတာလဲ ဆိုတာ ခြူးစဉ်းစားကြည့်တယ်။

စာရေးဆရာဆိုတာ မြင်တာ၊တွေ့ တာ၊ ကြားတာ၊ ဖြစ်နေတာတွေကို ခံစားပြီးရေးတတ်သလို မခြင်တာ၊ မတွေ့တာ၊မကြားတာ၊မဖြစ်တာတွေ ကို ဖြစ်နေသယောင်၊ ရှိနေသယောင် စိတ်ကူးဉာဏ်နဲ့ ခံစားပြီးလည်း ရေး တတ်ကြတယ်။ အဲဒါကို ဆိုကရေးတီး က လိမ်ညာရေးတယ်လို့ထင်ပုံရတယ်။ အဲဒါကြောင့် စံပြလူ့အဖွဲ့အစည်းထဲ ကဗျာဆရာမဝင်ရလို့ ပြောခဲ့တာဖြစ် ပါလိမ့်မယ်။ ဆိုကရေးတီး ဘယ်လို ထင်ထင် စာရေးဆရာ၊ ကဗျာဆရာ ဆိုတာ ကိုယ့်ဘဝ မလှမှန်းသိရက်နဲ့ ကိုယ့်ဝါသနာ၊ ကိုယ့်စေတနာအရ စာပေတာဝန်ကို ထမ်းဆောင်နေတဲ့ သူတွေပါ။ အဲဒါကြောင့် စာရေးဆရာ ဖြစ်ချင်တဲ့ မောင့်ကို ခြူးချစ်တာပါ”

သြော် ... ချစ်ရတဲ့ခြူးရယ် ... ။ ခြူးရဲ့အချစ်ကို မောင် အံ့သြမိတယ်။ လေးစားမိတယ်ကွယ်။

အဲဒီလို ခြူးရဲ့သဘောထားကို သိပြီးနောက်ပိုင်းမှာ ကျွန်တော် စာကို ကြိုးစားရေးပါတယ်။ တစ်နေ့ကို အနည်းလေး ခြောက်နာရီလောက် စာရေးစားပွဲမှာထိုင်ပြီး စာရေးပါ တယ်။ ခြူးဖြစ်စေချင်တဲ့ စာရေးဆရာ ဖြစ်ကိုဖြစ် ရပါစေမယ်။ ကျွန်တော့်ရဲ့ အတွေးတွေ အဲဒီလို ရှေ့ဆောင်နေလို့ လား မသိဘူး။ ကျွန်တော့်ရဲ့ ကဗျာ၊ ဝတ္ထုတွေ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း တွေမှာ ကြိုကြား ကြိုကြား ပါလာပါ တယ်။ တဖြည်းဖြည်းနဲ့ မကြာမကြာ ပါလာပါတယ်။

ကျွန်တော် ပုံနှိပ်ဖော်ပြခံရတဲ့ စာမူတွေကိုခြူးတွေ့လို့ဝမ်းသာသလို၊ ကျွန်တော်လည်း ဝမ်းသာရပါတယ်။ အဲဒီလိုနဲ့ ချစ်သူသက်တမ်း နှစ်နှစ် ပြည့်တဲ့နေ့မှာ လက်ထပ်ဖို့တိုင်ပင်ကြ ပါတယ်။ လက်ထပ်မယ်ဆိုကာမှ ပြဿနာက စဝင်လာပါတယ်။

ကျွန်တော်နဲ့ခြူး လက်ထပ်မှာကို မိဘနှစ်ပါးက မပြောပေမယ့် မောင်နှမ ဆွေမျိုးတွေက သဘောမတူပါဘူး။ သူတို့ပြောတာ စုံနေတာပါပဲ။

“စာပဲရေးနေတာ အလုပ်မရှိတဲ့ ကောင်”

“အလုပ်အကိုင်မရှိဘဲ စာရေးပြီး ဘယ်လိုထမင်းစားမှာလဲ”

“စာရေးဆရာဆိုတာ ငမွဲတွေ ချည်းပဲ။ နင်တို့အိမ်ထောင်ရေး အဆင် မပြေနိုင်ပါဘူး”

စာရေးဆရာဖြစ်နေတဲ့ ကျွန်တော့် ကို ဘာအလုပ်မှမလုပ်တဲ့ကောင်ဆိုပြီး မောင်နှမတွေ ဆွေမျိုးတွေက ရစရာ မရှိအောင် ပြောကြပါတယ်။

ကျွန်တော်ပြုံးမိပါတယ်။ ရှေ့က ဆရာတွေလည်း အဲဒီလို အပြောခံခဲ့ရ ပါတယ်။ ရှေ့က စာရေးဆရာတွေ၊ ကဗျာဆရာတွေ၊မြန်မာစာပေ၊မြန်မာ က ဗျာ ကို ရေးခဲ့လို့ ယနေ့ထိတိုင် မြန်မာ စာပေရှိနေတယ်ဆိုတဲ့ စာရေး ဆရာတွေရဲ့ကျေးဇူးကို သူတို့မသိ သလို ဆရာ့ဆရာတွေ လက်ဆင့်ကမ်း ရေးသားခဲ့လို့မြန်မာစာပေမပျောက်ဘဲ မြန်မာလူမျိုးမပျောက်တာကို သူတို့ မသိပါဘူး။

ခြူးအနေနဲ့လည်း သူရဲ့မောင်နှမ ဆွေမျိုးတွေ ကျွန်တော့်ကို ဝေဖန် တိုက်ခိုက်တာကို လုံးဝ လက်မခံပါ ဘူး။

“ဟဲ့ စာရေးဆရာဖြစ်လို့ ငါယူတာ ဘာဖြစ်လဲ။ ငါတို့ရပ်ကွက်ထဲမှာ ဆရာ ဆရာမတွေ ရှိတယ်။ ဆရာဝန်တွေ ရှိတယ်။ အင်ဂျင်နီယာတွေ ရှိတယ်။ စီးပွားရေးသမားတွေရှိတယ်။ စာရေး ဆရာဆိုလို့ တစ်ယောက်မှ မရှိဘူး။ စာရေးဆရာဆိုတာ ရှားတယ်။ တန်ဖိုးရှိတယ်။ နင်တို့သိအောင် ငါ ပြောပြမယ်။ တက္ကသိုလ်ကောလိပ် တွေမှာ ရာနဲ့ချီပြီး ဘွဲ့ဒီဂရီရသွားကြ တယ်။ အဲဒီအထဲမှာမှ စာရေးဆရာ တစ်ယောက် ဖြစ်တည်လာဖို့ မလွယ် ဘူး။ အင်မတန်ခဲယဉ်းတယ်။ အဲဒါ ကြောင့် စာရေးဆရာကို ငါယူတယ် ဘာဖြစ်လဲ”

ခြူးရဲ့ပြန်လည်ချေပတဲ့စကားကို ကြားရတော့ ကျွန်တော်အံ့သြဝမ်းသာ ရပါတယ်။

ခြူးရယ် ... မောင်လေ ခြူးကို အသက်ထက်ဆုံး သစ္စာရှိရှိချစ်ပါ့မယ်။ မောင့်ကြောင့် ခြူး စိတ်မဆင်းရဲစေရ ပါဘူး။

ကျွန်တော်နဲ့ခြူး မင်္ဂလာဆောင် လက်ထပ်ဖို့အရေး ကန့်ကွက်တဲ့ ပြဿနာတွေဝင်လာလို့ ကျွန်တော် စိတ်ရှုပ်သွားတာကို ခြူးရိပ်မိပုံရပါ တယ်။

“မနက်ဖြန်မနက် ခြူးတို့ ကျိုက္ခမီ သွားမယ်။ ဟိုမှာ သဲပုံစေတီပွဲရှိတယ်။ ခြူးတို့ ကုသိုလ် သွားယူကြမယ်”

သဲပုံစေတီပွဲဆိုတာ မွန်လူမျိုးတွေ ရဲ့ ရိုးရာပွဲပါ။ ကျိုက္ခမီကမ်းခြေနဲ့

စက်စဲကမ်းခြေမှာ နှစ်စဉ် ကျင်းပပါတယ်။

စေတီတော်တွေ တည်ထားကိုးကွယ်မှုအကြောင်းကိုပြောရင် သဲပုံစေတီဆိုတာ စေတီတော်တွေရဲ့ အစဦးဆုံးစေတီပါ။ စေတီတော်တွေကို အခိုင်အမာ အုတ်အင်္ဂတေနဲ့တည်မည်ဆိုရင် ငွေကြေးလုံလောက်ဖို့ လိုပါတယ်။ စေတီတည်ချင်တဲ့ သဒ္ဓါတရားရှိပြီး ငွေကြေးမတတ်နိုင်လို့ မတည်နိုင်မဖြစ်ရအောင် ငွေကြေးအကုန်အကျနည်းတဲ့ သဲပုံစေတီကို တည်ကြတာဖြစ်ပါတယ်။

သဲပုံစေတီပွဲကို ကျိုက္ခမီကမ်းခြေမှာ နှစ်စဉ်သီတင်းကျွတ်လဆန်း ၃ ရက်ကနေ ၅ ရက်နေ့အထိ ကျင်းပပါတယ်။ မွန်ရိုးရာပွဲတော်ဖြစ်လို့ မွန်လူမျိုးအများအပြား လာရောက်ကြပါတယ်။ စေတီတည်ဖို့ ဝါးတွေနဲ့ ဘုံသုံးဆင့်၊ ဘုံငါးဆင့်၊ ဘုံခုနှစ်ဆင့် ခွေလာပါတယ်။ သဲတွေနဲ့ ဘုံအဆင့်ဆင့် ပြုလုပ်ပြီး တဲ့အခါ ထီးတော်တင်လှူပြီး ပင့်ဖိတ်ထားတဲ့ သံဃာတော်များက အနေကဇော တင်ပေးပါတယ်။ အလှူရှင်များက ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး၊ အမွှေးနံ့သာများနဲ့ ပူဇော်ကြပါတယ်။ ကောင်းမှုကုသိုလ်အစုစုကို ရေစက်ချအမျှဝေကြပါတယ်။

မွန်လူမျိုးတို့ရဲ့ သဲပုံစေတီပွဲဟာ နှစ်ပေါင်းတစ်ထောင်ကျော်နေပြီလို့ ဆိုပါတယ်။ မွန်လူမျိုးတို့ ရိုးရာဓလေ့ကို ယနေ့ထက်တိုင် ဆက်လက်ထိန်းသိမ်းထားပါတယ်။

+++++

မောင်နှမဆွေမျိုးတွေ ကန့်ကွက်နေတဲ့ကြားကပဲ ချစ်သူသက်တမ်းနှစ်နှစ်ပြည့်တဲ့နေ့မှာ ကျွန်တော်နဲ့ခြူး မင်္ဂလာဆောင်ပါတယ်။ ကျွန်တော်နဲ့ ခြူး မွန်ရိုးရာဓလေ့နဲ့အညီ မင်္ဂလာပွဲကို ကျင်းပပါတယ်။ ကျွန်တော်တတ်နိုင်သလောက်ပေါ့။ ခြူးကလက်ခံပါတယ်။ မင်္ဂလာဆောင်ပြီးလို့ ရတာတဲ့လက်ဖွဲ့ငွေလေးနဲ့ ကျွန်တော်တို့ အိမ်

စေတီတော်တွေကို အခိုင်အမာ အုတ်အင်္ဂတေနဲ့ တည်မည်ဆိုရင် ငွေကြေးလုံလောက်ဖို့ လိုပါတယ်။ စေတီတည်ချင်တဲ့ သဒ္ဓါတရားရှိပြီး ငွေကြေးမတတ်နိုင်လို့ မတည်နိုင်မဖြစ်ရအောင် ငွေကြေးအကုန်အကျနည်းတဲ့ သဲပုံစေတီကို တည်ကြတာဖြစ်ပါတယ်။

ခန်းငှားနေပါတယ်။ မင်္ဂလာပွဲကို တတ်နိုင်သလောက်နဲ့ ဆင်ယင်ကျင်းပခဲ့လို့ စိတ်ပူစရာမရှိခဲ့ဘဲ ပျော်စရာဖြစ်ခဲ့ပါတယ်။

ရန်ကုန်မြို့က စာရေးဆရာ မိတ်ဆွေများနဲ့ အခြားမိတ်ဆွေများက ကျွန်တော်နဲ့ခြူးအတွက် မင်္ဂလာဆုတောင်းများနဲ့အတူလက်ဖွဲ့ငွေတွေ ပေးပို့ပါတယ်။ ကျေးဇူးတင်ရပါတယ်။ အချို့က မော်လမြိုင်ကို လာလည်ချင်တယ် ဆိုလို့ ကဗျာလေးတစ်ပုဒ်စပ်ပြီး လာခဲ့ဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။

သံလွင်ရဲ့ခေါ်သံဟာ
အနုပညာဆန်သလို
ဟင်္သာမောင်နှံရဲ့စကားသံ
မောင်ခဟာ ...
ရှစ်ပုန်းတော်လဟန် ... ဟာ ...
ကဗျာဆန်ပါတယ် ...
လာခဲ့ပါ ...
ကျိုက်သလ္လံကစ
ကျိုက္ခမီအဆုံး
မမုန်းနိုင်တဲ့သဘာဝတွေနဲ့
အလွန်လှတဲ့
မွန်ပြည်နယ်ကို
အရောက်လာခဲ့ပါ
လာခဲ့ရင်
ဘီလူးကျွန်းမှာ တစ်ထောက်နား
ခြောက်ဆယ့်လေးရွာကလည်း
ကြိုနေမယ် ...
အပျိုစင်တုမရတဲ့
ရှင်စောပုဘုရင်မတည်ထားတဲ့
ကျိုက်မရောဘုရား
လိုက်ပို့ပေးမယ် ...
အပြန်မှာ မမှောင်ခင်
တောင်ဝိုင်းကိုဝင် ခဏနား ...
ခင်ခင်မင်မင် ညနေစာစား
သံလွင်ရဲ့ဆည်းဆာမှာ ...
ငါတို့တစ်တွေ
အနုပညာရှာကြမယ်
လာခဲ့ပါ ... လာခဲ့ပါ ... ကွယ် ... ။

အဲ့ဒီကဗျာလေးနဲ့ ဖိတ်ခေါ်လိုက်တော့ မိတ်ဆွေသုံးယောက် ရောက်လာခဲ့ပါတယ်။ ကဗျာလေးထဲက အတိုင်း မော်လမြိုင်တစ်ခွင် လိုက်ပို့ပေးလို့ သူတို့ပျော်ကြပါတယ်။

မိတ်ဆွေတွေ ပြန်သွားပြီးတဲ့အခါမှာ ကျွန်တော်တို့ရဲ့ ဘဝခရီးအတွက် ပြင်ဆင်ရပါတယ်။ ဘဝခရီးမစခင်မှာ ခြူးက မင်္ဂလာသက်သုံးနှစ်ပြည့်လို့ ကလေးယူမယ်ပြောတာကိုကျွန်တော် လက်ခံခဲ့ပါတယ်။

မင်္ဂလာဆောင်ပြီးလို့နှစ်အကြာမှာ ခြူးကစျေးထဲမှာ ဆိုင်ခန်းတစ်ခန်း ငှားပြီး ကုန်စုံဆိုင်ခွဲဖွင့်ပါတယ်။ ကုန်စုံဆိုင်လုပ်ငန်းက သူကျွမ်းကျင်တဲ့ လုပ်ငန်းဖြစ်လို့ ဆက်လုပ်တာပါ။ ကျွန်တော်က မနက်ပိုင်းခြူးနဲ့အတူ ဆိုင်လိုက်ဖွင့်ပြီး ကုန်ပစ္စည်းများကို ခင်းကျင်းပါတယ်။ စျေးအတူ ရောင်းပါတယ်။ စျေးကွဲချိန် ဆယ်နာရီလောက်မှာအိမ်ပြန်ပြီးစာရေးတဲ့အလုပ်ကိုလုပ်ပါတယ်။ ခြူးက စာရေးတဲ့အလုပ်ကို နေ့စဉ်လုပ်ပါ၊ မပျက်စေနဲ့လို့ ပြောပါတယ်။

ကျွန်တော်နဲ့ခြူးရဲ့ ဘဝခရီးလမ်းက မချမ်းသာပေမယ့် မဆင်းရဲပါဘူး။ ခြူးက နေ့စဉ် အိမ်စားစရိတ်ဝင်ငွေရသလို ကျွန်တော်ကလည်း ဟိုနည်းနည်း ဒီနည်းနည်းပါနေတဲ့ စာမူတွေကနေ စာမူခတွေရပါတယ်။ ကျွန်တော့်အနေနဲ့စာရေးဆရာလောကမှာ အထိုက်အသင့်နာမည် ရလာသလို မဂ္ဂဇင်း၊ စာစောင်အချို့ စာမူတောင်းတာတွေလည်း ကြုံရပါတယ်။ အဲဒါတွေကို ခြူးသိတော့ ဝမ်းသာနေပါတယ်။ လုံးချင်းစာအုပ်ထုတ်နိုင်အောင် ကြိုးစားဖို့လည်း ပြောပါတယ်။

စိတ်ချပါခြူးရယ် ... မောင်လုံးချင်းစာအုပ်ထုတ်နိုင်အောင် ကြိုးစားပါ့မယ်။

+++++

မင်းလွင်လိုလို၊ စုံတစ်ခုဝယ်၊ လေချိန်ဝန်းလု၊ လွမ်းရတုဌ္ဌ ရွှက်နုမငြိမ်း၊ မြေနှင့်ချိန်လျက်၊ စိမ့်မြိုင်ရဂုံ၊ ကြိုင်ကြိုင်ထုံနေတဲ့ ... မော်လမြိုင်တောင်ပေါ် View Point ကို ကျွန်တော်နဲ့ခြူး မင်္ဂလာဆောင်ပြီး ခုနစ်နှစ်အကြာမှာ ပြန်ရောက်လာပါတယ်။

View Point ကနေ့ မော်လမြိုင်မြို့တစ်ခွင်ကို ကြည့်လိုက်တဲ့အခါမှာ ညို့ ညို့ ဆိုင်း ဆိုင်း တောင်တန်း နောက်ခံနဲ့ သံလွင်မြစ်အကွေ့အဝိုက်ကို မြင်ရတာ ဒီတစ်ခါတော့ ရင်ထဲမှာ ပိုပိုလွမ်း ပိုပိုဆွေးရပါတယ်။

ဘယ်လောက်ကြာအောင် လွမ်းနေသလဲ၊ ဆွေးနေသလဲ ကျွန်တော် မသိတော့ပါဘူး။ အနောက်ကနေ “ဖေကြီး” ခေါ်သံကြား လို့ လှည့်အကြည့် သမီးငယ် သူ့အဒေါ်နဲ့ဘုရားဖူးပြီးပြန်လာတာကို တွေ့ရပါတယ်။ ကျွန်တော်က သမီးငယ်ကိုပွေ့ချီပြီး ပါးနှစ်ဖက်ကို နမ်းလိုက်ပါတယ်။

“ဖေကြီး ... မေကြီး ခရီးသွားတာ ပြန်လာတော့မှာလား”


သမီးငယ်အမေးစကားကြောင့် ကျွန်တော့်ရင်ထဲ နင့်ကနဲဖြစ်သွားပါတယ်။ ကျွန်တော့် မျက်ဝန်းမှာ မျက်ရည်စို့လာပါတယ်။ သူ့အဒေါ်လည်း မျက်နှာမကောင်းပါဘူး။ သမီးငယ်လေးက သူ့အမေခြူး ခရီးသွားနေတယ်လို့ ထင်နေတာပါ။ အဲဒါကြောင့် မေကြီးပြန်လာတော့မှာလားလို့ ခဏခဏ မေးနေတာပါ။

“ခြူးရယ် မောင် သမီးငယ်လေးကို ဘယ်လိုပြောရမလဲ၊ ပြောပါဦး ခြူးရယ် ...”

သမီးငယ်လေးမွေးပြီး တစ်နှစ်ခွဲမှာ ကုန်ပစ္စည်းမှာလို့ စျေးကနေဆိုင်ကယ်နဲ့သွားပို့ပြီး အပြန်မှာ ကားတိုက်ခံရလို့ ခြူးကွယ်လွန်သွားပါတယ်။ ခြူးရဲ့အဖြစ်အပျက်ကို သမီးကငယ်သေးတော့ ဘာမှမသိပါဘူး။ ခြူးကွယ်လွန်ပြီး သမီးငယ်လေး သူ့အမေကို မတွေ့လို့ငိုတာ နေ့တိုင်းလိုပါပဲ။ သမီးငယ်လေး ငိုတော့ ကျွန်တော်လည်း ငိုပေါ့။ သမီးငယ်လေးသိတတ်တဲ့အရွယ်ရောက်လာတဲ့အခါ သူ့အမေခရီးသွားနေတယ်လို့ ကျွန်တော် လိမ်ပြောထားပါတယ်။ တစ်ချိန်တော့ သူ့အမေ မရှိတော့ဘူးဆိုတာ သူသိသွားမှာပါ။

ခြူးရယ် ... မောင်တို့သားအဖ အဖြစ်ကို မြင်စေချင်တယ်ကွယ်။ ဘဝဆက်တိုင်း ချစ်တဲ့သူတွေနဲ့ ကွေကွင်းရတဲ့ အဖြစ်မျိုး ခြူးဘယ်တော့မှ မဖြစ်ပါစေနဲ့။ မောင်လည်း ခြူးဖြစ်စေချင်တဲ့ စာရေးဆရာကြီးဖြစ်အောင် ကြိုးစားပါ့မယ်။ သမီးငယ်လေးကိုလည်း လူတစ်လုံး သူတစ်လုံး ဖြစ်အောင် စောင့်ရှောက်ပေးပါ့မယ်။ ခြူးဘာမှစိတ်မပူနဲ့နော်၊ ခြူးတစ်ယောက် ကောင်းမွန်တဲ့ ဘုံဘဝရောက်ပါစေ။ နောက်ဘဝမှာ လူပြန်ဖြစ်ရင် စာရေးဆရာတွေကို ကူညီပေးနိုင်တဲ့သူ၊ စာပေကိုချစ်တဲ့သူ၊ စာပေအကျိုးကို ထမ်းဆောင်နိုင်တဲ့သူ ဖြစ်ပါစေလို့ မောင်ဆုတောင်းလိုက်ပါတယ် ... ခြူးရယ် ... ။ ။

မင်းဆက်ပိုင်



ကောက်စိုက်အပြန် ရေကန်ကြီးက


ကြာတစ်စည်းလောက် ချိုးခဲ့ကွယ်

လက်ကျန်ရည်ရွယ်ချက်

အခန်း(၁)

ကရင်ပြည်နယ်၏ ထာဝရအလှ ပိုင်ရှင် ဇွဲကပင်တောင်တန်းကြီးသည် မြူသင်တိုင်းနှင့် ဇာပဝါများအကြား တွင် တည်တည်ငြိမ်ငြိမ် လဲလျောင်း နေပေသည်။ဒေါနတောင်ခြေအနီးတွင် ရှိသော စက္ကဝက်ရွာလေးမှာလည်း နှင်းပဝါကိုခြုံသိုင်းလျက် ငြိမ်သက်စွာ ရှိနေပါသည်။ အဖူး စောခေါင်စေးဖိုး သည် တဲအိမ်အမြင့်ကြီး၏ အရှေ့မြေ ကွက်လပ်တွင် ထင်းတုံးကြီးများဖြင့် မီးဖိုပြီး မီးလှုံနေသည်။ မီးလှုံနေရင်းမှ မီးဖိုတွင်းသို့ ထမင်းကြမ်းခဲကြီးကို ထည့်၍ မီးအုံးလိုက်သည်။ ထမင်း ကြမ်းခဲကြီး တဖျစ်ဖျစ် မြည်လာသော အခါအနီးရှိထင်းချောင်းငယ်တစ်ခုဖြင့် အထက် အောက်လှန်ပေးလိုက်သည်။ ထမင်းမီးဖုတ်ကျက်သောအခါ ထင်းစ ဖြင့်ယက်ထုတ်လိုက်ပြီး လည်ပင်းတွင် စလွယ်သိုင်းထားသော ပုဆိုးစဖြင့် ထမင်းမီးဖုတ်အပေါ်မှ ပြာများနှင့် မဲတူးနေသော ထမင်းစေ့များကို ဖယ်ထုတ်လိုက်သည်။

အနီးတွင်ထိုင်နေသော နန်းသဝါ ဖော့မှ ထမင်းမီးဖုတ်ကို ဆီဆမ်း ဆား ဖြူးသည်။ မီးအုံးထားသော ငါးရံ့ ခြောက်ပြားကိုယူပြီး မွှေးအောင်ထု သည်။ အဖူးစောခေါင်စေးဖိုးတို့ သား



အဖသည် မွေးပြီးဆိမ့်နေသော ထမင်း မီးအုံးနှင့် ငါးခြောက်ဖုတ်ကို မြိန်ရှက် စွာစားကြပြီး အဖူးစောခေါင်စေးဖိုးက မီးဖိုဘေးတွင်နှပ်ထားသည့် မြေရေ နွေးကရား မည်းမည်းထဲမှ လက်ဖက် ခြောက်ကျကျ ခတ်ထားသောရေနွေး ကို တဖူးဖူးမှုတ်သောက်သည်။ ပြီး လျှင် ကိုယ်တိုင်လိပ်သော ပြောင်းဖူး ဖက်ဆေးလိပ်ကြီးကို ဖွာရှိုက်ပြန် သည်။ တအောင့်မျှကြာသောအခါ တံ စက်မြိတ်တွင်ချိတ်ထားသော ပလိုင်း နှင့် ရေကပြင်မှ ဓားမကြီးကို ယူပြီး

"ဖိုးမူရေ အဖူးဆေးမြစ်သွားတူး မယ်၊ နင့်ကျော့(အစ်ကို) ပြန်လာလို့ နုန်းတိုးငါးလေးတွေ ပါလာရင် ဆဂဲ သား(ငရုတ်သီး)များများနဲ့ချက် ဝေ့ ... သင်ပေါင်းပိုးပါလာရင် ရေစိမ်ပြီးမှ ချက်ဝေ့ ..."

"အဖူးရေ ... ပြောင်းဖူးချိုးခဲ့ဝေ့"

"ရော် ... ထမင်းအိုးတည်ပြီးရင် ငါးပိရည်ကျိုထားလိုက်ဝေ့ ..."

အဖူးစောခေါင်စေးဖိုးမှာ ဖြူဖြူ ထွားထွားနှင့် သန်မာသော ကရင် အမျိုးသားတစ်ဦး ဖြစ်သည်။ ဒေသ စကားကို ကျွမ်းကျင်စွာပြောတတ်ပြီး ဗမာစကားကို ကျွမ်းကျင်စွာမပြော တတ်ပေ။ သားဖြစ်သူ စောသာအဲ့နှင့် သမီးနန်းသဝဲ့ဖော့တို့နှင့် အတူနေထိုင် ခဲ့သည်မှာ ဇနီးနန်းခလိန်းလိန်း ဆုံးပြီး ကတည်းကဖြစ်သည်။ ကရင်ရိုးရာ ဆေးကျမ်းကို ဘကြီးစောဒူးဒူးမှ သင် ပေး၍ ဆေးဆရာကြီးဟု လူသိများ သည်။ ကတိသစ္စာတည်သောအခါ



နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏ ဟူသောစကားအတိုင်း သဘာဝသစ်ဥသစ်ဖု ဆေးဖက်ဝင်အပင်များနှင့် ကရင်ရိုးရာဆေးပညာ ပေါင်းပြီး သစ္စာဆို၍ကုသပေးရာ ပျောက်ကင်းချမ်းသာကြသည်။

အဖူးစောခေါင်စေးဖိုးတို့ရွာမှာ အိမ်ခြေကျိုးတိုးကျဲတဲနှင့် အနည်းငယ် သာရှိပြီး အိမ် အားလုံးမှာ ဝါးပိုးဝါးဖြင့် ခြေတံအမြင့်ဆောက်ကြသည်။ ဝါးလှေကားထား ရှိပြီး ညဘက်တွင် လှေကားကို ဆွဲတင်ထားခြင်းဖြင့် သားရဲတိရစ္ဆာန်ရန်သူကို ကာကွယ်ပြီး သားဖြစ်သည်။ တံခါးဟူ၍ မထားကြပေ။

မငြိမ်းချမ်းသည့် ကာလအတွင်းတွင် ဖြစ်ပွားသောတိုက်ပွဲများကြောင့် မကြာခဏထွက်ပြေးတိမ်းရှောင်ကြရသဖြင့် ပစ္စည်းဟူ၍ များများစားစားမရှိကြပါ။ အိပ်စရာဖျာကို မြက်ပင်နှင့် တောင်ခြေစမ်းချောင်းများတွင်ပေါက်သော သဘော့ပင်တို့ကိုစိတ်ဖြာ၍ရက်လုပ်သည်။ ဝါးပိုးဝါးကြီးများသည် ထမင်းအိုးလည်းဟုတ်သည်၊ ဟင်းအိုးလည်းဟုတ်သည်။ သစ်ဝါးပေါသဖြင့် အိမ်ရှေ့တွင် ထင်းတုံးကြီးများဖြင့် မီးမပြတ်ဖို၍ ချက်ပြုတ်ကြသည်။ ပဒတ်၊ ယုန်၊ ခါ စသည့် အကောင်ငယ်လေးများရှာဖွေရလျှင် အရေခွံဆုတ်၍ မီးကင်စားကြသည်။ တစ်ခါတစ်ရံ ရတတ်သော ချေသား၊ ဆတ်သားများကို ဆား၊ နနွင်း၊ ကြက်သွန်ဖြူ ငရုတ်သီးထုထောင်း၍ နယ်ဖတ်ပြီးလျှင် အုန်းသီးအတွင်းသို့ထည့်ကာ အပေါ်မှ ရွှဲဖြင့်မံပြီး မီးအုံစားကြသည်။ အထူးဟင်းလျာဖြစ်သည်။ တာလပေါဟင်းနှင့် ငါးပိရည်ကျိုတစ်ခွက်မှာ မပါမဖြစ်သည့် ရိုးရာဟင်းဖြစ်သည်။

နန်းသဝါဖော့သည် မြေအိုးကြီးထဲသို့ ရေထည့်ကာဆူအောင်တည်ပြီး စိမ်းစားငါးပိအနည်းငယ် ပစ်ထည့်လိုက်သည်။ ရေဆူသောအခါ ပါးပါးလေး ဆတ်ထားသော မျှစ်စိမ်းများကို ထည့်သည်။ ပြီးလျှင် ညကကောက်ထားသော ခရုများကို ရေထဲမှဆယ်၍ ထည့်သည်။ ဆားထည့်ပြီး ဟင်းချိုရွက်ကို ထည့်သည်။ အပေါ့အငန် မြည်းပြီးသောအခါထောင်းထားသော ဆန်လှော်မှုန့်ကိုထည့်သည်။ ဆန်မှုန့်များ ခွဲလာသောအခါ ငါးသေးသေးလေးနှင့် ပုစွန်သေးသေးလေးများနှင့် ဆူးပုတ်ရွက်၊ ပင်စိမ်းရွက်တို့ကိုအုပ်ပြီး ဟင်းအိုးကိုမီးဖိုပေါ်မှချသည်။ ပြီးလျှင် ငရုတ်ဆုံကိုဆွဲ၍ မီးဖုတ်ထားသော ငရုတ်သီးစိမ်းတစ်ဆုပ်၊ ကြက်သွန်ဖြူအနည်းငယ်၊ ပုစွန်အစိမ်းနှင့် ငရုတ်လှော်မှုန့်ကို ထည့်၍ထောင်းသည်။ မွှေးနေအောင်ကျိုထားသော ငါးပိရည်ပန်းကန်ကြီးထဲသို့ ထည့်လိုက်သည်။ နန်းသဝါဖော့၏ တာဝန်ပြီးလေပြီ။

တာကျော့(အစ်ကို)ပြန်လာလျှင် ဟင်းချက်ဖို့ငရုတ်တစ်ဆုံတော့ ရေချိုးပြီးမှထောင်းတော့မည်။

ဆေးရွက်ဆေးပင်များပေါများရာ တောင်ခြေသို့ထွက်လာသည့် စောခေါင်စေးဖိုးမှာ နဘူးခြုံများအကြားဖြတ်လမ်းလေးတစ်ခုအတွင်းမှ ထွက်လာသည့် အသွင်သဏ္ဌာန်များကြောင့် အနီးသို့ ခြေဖော့၍ သွားရောက်ပြီး ချောင်းမြောင်းကြည့်ရှုလိုက်သည်။ အဖူးစောခေါင်စေးဖိုး မြင်ရသည့် မြင်ကွင်းက လူလေးဦးသည် လူနာစင်တစ်ခုကို ထမ်းလာပြီးမှ မြရာပင်ကြီးအောက်တွင် ခေတ္တနားနေသည်ကို တွေ့ရသည်။ အဖူးစောခေါင်စေးဖိုး လန့်သွားသည်။

“ရော့် ... ဗမာကောင်တွေပဲဝေ့ ... ဒုက္ခပါပဲ ... ဟိုတူးသည်တူးနဲ့ ငါ့ခြံထဲ ရွှေရှာဦးမလို့လား၊ ခနောက်စိမ်းရှာမလို့လား ... ခရမ်းစွဲရှာမလို့လား ... စိတ်ညစ်ပါတယ်ဝေ့ ...”

ထိုလူများသည် ထမ်းစင်ပေါ်မှ လူနာနှစ်ဦးအား လှုပ်နှိုး၍ ခေါ်နေသည်။

“သူငယ်ချင်း ဂျူလိုင်ထွန်း ... သတိထားပါ သူငယ်ချင်းရယ် ... မင်းပြောတယ်လေ... တောင်ဇလပ်ပန်းတွေနဲ့ချင်းတောင်တန်းကြီးကိုလွမ်းလို့ ခွင့်ယူပြီးပြန်မယ်ဆို ...”

“သိန်းတန်သူငယ်ချင်း မျက်စိဖွင့်ပါဦးကွာ ... .သတိထားပါ သူငယ်ချင်းရယ် ဆေးရုံနှင့်နီးနေပြီလေ ... အားတင်းထားပါဦးကွာ ...”

အဖူးစောခေါင်စေးဖိုးရင်ထဲတွင် အလွန်သနားသွားသည်။ သူတို့အထဲတွင် ချင်းတိုင်းရင်းသားလည်း ပါပုံရသည်။ လူနာတစ်ဦးမှာ သတိလစ်နေပြီး တစ်ဦးမှာ မျက်ဖြူလန်ပြီး ခွဲများ တခွီးခွီး တက်နေသည်ကို တွေ့ရသည်။ ဒီလိုပုံနှင့် ဘားအံဆေးရုံကို မည်သို့ရောက်မည်နည်း။ ဆေးဆရာတို့ မည်သည် အသက်တစ်ချောင်းကို ရန်သူမိတ်ဆွေမခွဲခြားဘဲ ကယ်တင်ရပေမည်။ တစ်ခါက လူမျိုးကွဲနှင့် သံသယအမုန်းဆိုးကြောင့် အမှားကြီးမှားခဲ့ပြီးပြီ၊ အဖူးစောခေါင်စေးဖိုး စိတ်ကို ဆုံးဖြတ်၍ ထိုနေရာသို့ သွားခဲ့သည်။

"ဒီမှာဖိုးခွားတို့ ကျုပ်ဘာကူညီပေးဖို့ ရှိလဲ ..."

"သြော် ... ဖထီးရယ် ကျေးဇူးတင်ပါတယ်ခင်ဗျာ ကျွန်တော်တို့ခနောက် စိမ်းတူးဖော်ရေး ကုမ္ပဏီက ပါ ... ဟိုးမှာ စခန်းချပါတယ်၊ အခုကျွန်တော်တို့ လူနှစ်ဦး ငှက်ဖျားပိုး ဦးနှောက်ထဲဝင်တဲ့လက္ခဏာရှိလို့ဘားအံဆေးရုံကို ပို့ဖို့သွားတာပါခင်ဗျာ.....တစ်ယောက်က ငုတ်စူးမိပြီး မေးခိုင်ပိုးဝင်တယ် ဖထီး ... ကားလမ်းမကြီးပေါ်မှာ ကားစောင့်နေပါတယ်ခင်ဗျ ... သွားလိုက်ပါဦးမယ် ဖထီး"

လူလေးယောက်က ထမ်းစင်များကို ထမ်းပြီး ကားလမ်းဆီသို့ ဦးတည်ကြသည်။

"ဟေ့ ... ဟေ့ ... ဖိုးခွားတို့ ခဏနေကြပါဦးကွယ် ... မင်းတို့ရဲ့ လူနာတွေရဲ့ အခြေအနေနဲ့ သွားရမယ့်ခရီးက ဖြစ်ပါ့မလားဝေ့"

"သူတို့ကံပေါ့ ဖထီးရယ်"

"ငါက ဒီရွာကဆေးဆရာပဲ ... ဒီလူနှစ်ယောက်ကို ငါတို့ကရင်ရိုးရာဆေးနည်းနဲ့ကယ်တင်ကြည့်ချင်တယ် ... လက်ခံပါ"

အဖူးစောခေါင်စေးဖိုးသည် လူနာများကိုဦးဆောင်ပြီး အိမ်သို့အမြန်ပြန်ခဲ့သည်။ အိမ်ပေါ်တွင် လူနာများကို နေရာချပြီးနောက် ဝါးပင်မှဝါးသုံးလုံးခုတ်သည်။ ပြီးနောက် ခြင်းကျားအရှည်ကြီး တစ်ခုကို အလျင်အမြန်ယက်လုပ်သည်။

"ဝေ့ ... သဝါဖော့ရေ ... ဧည့်သည်တွေကို ထမင်းကျွေးပါကွယ်"

နန်းသဝါဖော့မှထမင်းပူပူကို စတီးပန်းကန်များဖြင့်ထည့်လာပြီး တာလပေါ့ဇလုံကြီးနှင့် ငါးပိရည်၊ တို့စရာပန်းကန်ကြီးများကို ထမင်းဝိုင်းအလယ်တွင် ချထားလိုက်သည်။

အဖူးစောခေါင်စေးဖိုးသည် ဦးနှောက်ထဲသို့ ငှက်ဖျားပိုးဝင်နေသောလူနာကို ခြင်းကျားကြီးဖြင့်အုပ်သည်။ ခြင်းကျားပေါ်မှ စောင်အပါးထပ်အုပ်သည်။ ပြီးနောက် သံဇလုံထဲတွင် မိုးမျှော်ငရုတ်သီးလက်တစ်ဆုပ်ထည့် ၍ ဒီဇယ်လောင်းကာ မီးရှို့ပြန်သည်။

လူနာတစ်ဦးမှာ သတိလစ်နေပြီး တစ်ဦးမှာမျက်ဖြူလန်ပြီး ချွဲများ တွဲခိုးခိုး တက်နေသည်ကို တွေ့ရသည်။ ဒီလိုပုံနှင့် ဘားအံဆေးရုံကို မည်သို့ရောက်မည်နည်း။ ဆေးဆရာတို့မည်သည် အသက်တစ်ချောင်းကို ရန်သူမိတ်ဆွေမခွဲခြားဘဲ ကယ်တင်ရပေမည်။

ထိုဇလုံအား ခြင်းကျားကြီးအတွင်းထည့်ထားလိုက်သည်။ မကြာမီ အချိန်တွင် ခြင်းကျားကြီးအတွင်းရှိ လူနာထံမှ နာချေနာဆတ်သံ ဆက်တိုက်ကြားရ၍ အဖူးစောခေါင်စေးဖိုးမှ ဒီဇယ်ဆွတ်ထားသော ငရုတ်သီးအနည်းငယ်ကို ဇလုံအတွင်းသို့ထပ်ထည့်သောအခါချောင်းဆိုးသောအသံ၊ အော့အန်သံများနှင့်အတူ ခြင်းကျားကြီးမှာ ဝုန်းကနဲလွင့်ထွက်သွားသည်။

သတိမေ့နေသောလူနာက ငုတ်တုတ်ထထိုင်ပြီးအဆက်မပြတ်အော့အန်နေသည်။ မကြာမီ ရေတောင်းသဖြင့် အဖူးစောခေါင်စေးဖိုး ရေအနည်းငယ်တိုက်သည်။ လူနာကနွမ်းလျစွာယဲ့ယဲ့လေးပြုံးပြီး ကျေးဇူးတင်ကြောင်းအမူအရာပြသည်။

"အေး ... မင်းအသက်မသေတော့ဘူး ... ဆေးဆက်ကုပေါ့ကွာ...ငရုတ်သီးညော်နဲ့ ဒီဇယ်ဆီညော်ကို ဘယ်ပိုးမှ မခံနိုင်ဘူး ... မင်းတို့သူငယ်ချင်းရဲ့ခေါင်းထဲကငှက်ဖျားကိုလည်း ပြေးပေါက်မှားပြီး အောက်ဆင်းပြီလေ ... ဆေးဖမ်းတိုက်ရင် ပျောက်ပြီပေါ့ ..."

"ဖထီးရေ ... သူကမေးခိုင်ပြီး မျက်ဖြူလန်နေပြီ ... ချွဲတက်ရင် အခြေအနေမကောင်းဘူးနော်....."

အဖူးစောခေါင်စေးဖိုးက လူနာကို ကြည့်လိုက်ရာ တခွိုးခွိုးဖြင့် ချွဲများပိတ်ဆို့ကာမျက်ဖြူလန်နေသည်ကို တွေ့ရသဖြင့် –

"ဟေ့ ... စောသာအဲ့ရေ ... အိမ်ခေါင်မိုးမှာထိုးထားတဲ့ပိုက်ပျော့ရယ် စတီးဇွန်းတစ်ချောင်း ရယ်ယူခဲ့ပါ"

"အပါး ... ဖြစ်ပါ့မလား ... လူနာက အသက်ရှူလမ်းမှာ ချွဲတွေပိတ်နေပြီး နှုတ်ခမ်းပြာနေပြီနော် ... သွားလည်းစေ့နေပြီ ... အဖျားလည်းတက်နေတယ် ..."

လူနာမှာမေးခိုင်ပြီး သွားစေ့နေသဖြင့် ခဲခဲယဉ်းယဉ်းဖြင့် ပါးစပ်ကို ဖွင့်ကြရသည်။ စတီးဇွန်းဖြင့် ကလော်သည်၊ ခက်ခက်ခဲခဲပြုလုပ်ကြပြီးနောက် –

"ပွတ် ... ပွတ်"

"ဟာ ... သွားနှစ်ချောင်း ကျိုးသွား

ပြီ ဖထီး…”

“သွားနဲ့အသက် ဘယ်ဟာ တန်ဖိုးရှိသလဲကွဲ့ …”

ဆေးဆရာကြီးအဖူးစောခေါင်စေးဖိုးမှ သွားကျိုးသည့်နေရာမှ ဒရစ်သွင်းသည့် ပိုက်ပျော့ကို ထိုးထည့်သည်။ လည်ချောင်းအတွင်းသို့ ရောက်သော အခါ ပိုက်၏တစ်ဖက်မှ ပါးစပ်ဖြင့် စုပ်ထုတ်ခြင်းဖြင့် ချွဲများက ပိုက်အတွင်းသို့ပါလာသည်။ လက်ဖြင့်ညှစ်ထုတ်ပြီး နောက်တစ်ကြိမ် စုပ်ထုတ်ပြန်ရာ ခြောက်ကြိမ်မြောက်တွင် လူနာထံမှ တန်ဖိုးနိမ့်အသံများ ငြိမ်သက်သွားပြီး အသက်မှန်မှန်ရှူနေသည်ကို တွေ့ရပါသည်။

“ကဲ … မင်းတို့လူနာတွေ မသေနိုင်တော့ဘူး … ဆေးရုံခေါ်သွားကြတော့ဝေ့”

တဖြည်းဖြည်းဝေးသွားသောထမ်းစင်များကိုကြည့်၍ ဆေးဆရာကြီး အဖူးစောခေါင် စေးဖိုးမှာ တီးတိုးရေရွတ်လိုက်သည်။

“အကြွေးတစ်ခုဆပ်ပြီးပြီပေါ့ညီမလေး မေမြန်မာထွန်းရေ”

အဖူးစောခေါင်စေးဖိုး၏မြေးနှစ်ဦးက အနားသို့ရောက်လာပြီး

“အဖူးရေ … တို့နားမလည်တော့ဘူး … သေမယ်ရှင်မယ်မသိတဲ့သူတွေကို အပါးရဲ့အသက်နဲ့ လောင်းကြေးထပ် ပြီး ဆေးကုပေးတာဘာကြောင့်လဲဟင်”

စောသာအဲ့ကလည်း မကျေမနပ်ဖြင့် ဝင်ပြောပြန်သည်။

“ဟုတ်တယ်အဖူး … ဒီလူတွေက ဗမာတွေလေ … အားကြီးဉာဏ်များတယ် … သေမယ်ရှင် မယ်မသိတဲ့သူတွေကို ဘာလို့သွားကယ်နေလဲ … ဒုက္ခပေးဦးမယ် …”

“မေး … ဝေ့ … ငါ ဗမာကိုသိပ်မုန်းတာပဲ …”

အဖူးစောခေါင်စေးဖိုးမျက်နှာက ညှိုးရော့်သွားသည်။

“ဝေး … ကရင်နဲ့ ဗမာက ဂျပန်ရောက်မှသွေးခွဲလို့ မုန်းကြတာကွယ် ကရင်က မြန်မာပြည်မှာကြီးရင် မြန်မာဖြစ်တယ် … ဗမာက ကရင်ပြည်နယ်မှာကြီးရင် ကရင်ဖြစ်သွားတာ နင်တို့မသိ ပါဘူးဝေ့ … အဲဒါ တိုင်းရင်းသားဆွေမျိုးတွေမို့ တစ်သွေးထဲတူညီကြလို့ ဖြစ်ရတာ … အင်္ဂလိပ် တစ်ယောက်ကို ဗမာလုပ်ခိုင်းလို့မရဘူး… ကရင်လုပ်ခိုင်းလို့မရဘူး … အသွေးအရောင်ကွဲတယ်ဝေ့ မှတ်ထားကြ”

“အဖူးကလည်း … အဖူးပြောတာ နားမလည်ဘူးဝေ့ …”

“အေး … နားလည်အောင် အဖူးပြောပြမယ်ဝေ့ … အဲဒီဗမာရယ်၊ ချင်းရယ်ဆိုတာ ငါတို့အမျိုးတွေ ဖြစ်တဲ့အကြောင်း နားထောင်ကြ … ဒီလိုကွဲ့”

မောင်နှမနှစ်ဦးက အဖူး၏မျက်နှာကို ငေးစိုက်၍ နားထောင်နေကြလေသည်။

အခန်း(၂)

နောက်ကြောင်းပြန်လေသော် …

၁၉၄၅ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် အထက်ဗမာပြည် တာဝန်ခံ ဗိုလ်မှူးကြီးဗထူးမှ ဖက်ဆစ်ဂျပန်တို့ကို တော်လှန်တိုက်ခိုက်ခဲ့သည်။ မတ်လ ၂၇ ရက်နေ့တွင် တစ်ပြည်လုံးအတိုင်းအတာအရ တိုင်းရင်းသားအားလုံးမှ ညီညွတ်စွာစုပေါင်းတော်လှန်တိုက်ခိုက်ခဲ့ကြလေပြီ။

ဒေါနတောင်ခြေရှိ စက္ကဝက်ရွာလေးတွင် စောကျော်ဃှီနှင့် နန်းအဲထဘာယူး တို့သည် တောင်ယာလုပ်ကိုင် စားသောက်ကြသည်။ ရေတာရှည်မြို့တွင် နေထိုင်သည့် ဦးအောင်မောင်းနှင့်ဒေါ်မွေးတို့မှာစောကျော်ဃှီတို့ထံတွင် ခိုလှုံနေထိုင်လျက်ရှိ၏။ ဂျပန် ကိုကြောက်၍ စစ်ပြေးခိုလှုံနေထိုင် ကြခြင်းဖြစ်၏။

ဂျပန်တပ်သည်မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသားများ၏ သွေးစည်းညီညွတ်မှုကြောင့် အထိနာပြီး ကစဉ့်ကလျား ဆုတ်ခွာလျက်ရှိချေပြီ။ လေးလံလှသော အမြောက်လက်နက်ကြီးများအား မသယ်နိုင်သော်လည်း မြန်မာပိုင်ရွှေငွေ၊ကျောက်သံပတ္တမြားတို့ကို ကြိုးစားသယ်ယူကြသည်။ မြန်မာ့မြေမှ ရတနာများကို သယ်ယူရာတွင် မြန်မာလူမျိုးများကို ချွေးတပ်ဆွဲကြ၏။ သစ္စာဖောက် မြန်မာအချို့ကလည်း ဂျပန်အလိုတော်ရိ လုပ်ပြီး ဂျပန်အလိုကျ မြန်မာများကို သေတွင်းပို့ခဲ့လေသည်။

ဂျပန်တပ်မ(၅၅)မှ တပ်မမှူး ‘မီယာဇောကီ’ အနေဖြင့် မိမိ၏တပ်ကို တောင်ငူအောက်ဘက်ဖြူးမြို့ဒေသမှ ဖောက်ထွက်ဖြတ်ကျော်ပြီး ရှမ်းကုန်းမြေမြင့်သို့ဝင်ရန် စီစဉ်သည်။ ရိက္ခာနှင့် လူအင်အားစုနေသော ဂျပန်တပ်၏ မြန်မာစကားပြန် အောင်မင်းအဖွဲ့နှင့် ဖြူးမြို့သို့ အလုပ်ကိစ္စဖြင့် လာကြသော စောကျော်ဃှီ၊ ဦးအောင်မောင်းတို့ထိပ်တိုက်တွေ့ပြီး ချွေးတပ်သားများအဖြစ် ဖမ်းဆီးခေါ်ဆောင်ခြင်းခံရလေပြီ။

လေးလံလှသော ရတနာသေတ္တာများကိုထမ်းပြီး ဂျပန်တပ်၏ ခေါ်ဆောင်ရာသို့လိုက်ခဲ့ကြရသည်မှာ ငါးရက်နှင့် လေးညရှိခဲ့ပြီ။ ဂျပန်များ စားပြီးကျန်ရှိသော ပေါင်မုန့်အပိုင်းအစများကိုသာ စားကြရပြီး ညမှာလည်း ကင်းစောင့်ပေးရသေးသည်။ ခြေလှမ်းနှေးပြန်ရင်လည်း ဂျပန်၏ ပါးရိုက်ပညာမှာ သွားပင်ထွက်သည်။

လကွေးကွေးကရေးရေးလေးသာသာည ...

ဂျပန်စစ်တပ်သည် တစ်ပတ်ခန့် ခရီးပေါက်ချေပြီ။ မြန်မာမျိုးချစ်များ မတွေ့အောင် ပုန်းကွယ်သွားရသော ခရီးက ထင်သလောက် မတွင်ခဲ့ပါ။ ဂျပန်များ အိပ်စက်နားနေချိန်တွင် စောကျော်ဃီတို့ ကရင်– ဗမာနှင့် ချွေးတပ်ဆွဲခံရသော တိုင်းရင်းသားများက ကင်းစောင့်ပေးရသည်။

“စောကျော်ဃီရေငါတို့ထွက်ပြေးကြမယ်၊ ခရီးဆုံးလည်း အသတ်ခံရမှာပဲ”

“ဖြစ်ပါ့မလား အောင်မောင်း”

“ဖြစ်တယ်နောက်လည်းသေမှာပဲလေ”

လမင်းကို တိမ်ညိုဖုံးသောအချိန်တွင် စောကျော်ဃီတို့ ထွက်ပြေးကြသည်။

“ဘိရုမာ ဘိရုမာ ပြေးတကား”

“ဒိုင်း ... ဒိုင်း ...”

“အား ...ကိုအောင်မောင်း...ကျုပ်ကို ထိသွားပြီ ... ခင်ဗျားပြေးတော့ နန်းအဲထဘာယျူးနဲ့ ဖိုးမူကို စောင့်ရှောက်ပေးပါ...”

“ဟာ ... စောကျော်ဃီသူငယ်ချင်းဖြစ်ရလေကွာ...”

“ဘိရုမာ... ဒိုင်း... ဒိုင်း...အား”

ဂျပန်များက နီးကပ်လာချေပြီ၊ ကိုအောင်မောင်းသည်ချောက်အတွင်းသို့ လိုမ့်ချပြီး ဒူးဆစ်မှာ သေနတ်ထိမှန်ထားသော ဒဏ်ရာကြောင့် သတိလစ်သွားပေပြီ။ မိမိသတိရလာသော အခါ ပဲခူးရိုးမအတွင်းရှိ ရွာတစ်ရွာသို့ ရောက်နေပြီး မိမိအား ဆေးကုသပေးနေသည်ကို တွေ့ရသည်။ တစ်လခန့် အကြာတွင် ဦးအောင်မောင်းသည် ခြေတစ်ဖက် မသန်စွမ်းသူအဖြစ်နှင့် စက္ကဝက်ရွာသို့ ပြန်လည်ရောက်ရှိခဲ့သည်။

“ဝေ့ ... ဒီဗမာကောင်ကွယ် စောကျော်ဃီကိုသတ်ပြီး ပါသွားတဲ့ ငွေတွေယူ၊ ခြေထောက် မကောင်းဟန်ဆောင်နေတာ ...”

သံသယမျက်ဝန်းများ၏ဒဏ်ကို ဦးအောင်မောင်း အတော်ကြာခံစားပြီးမှ အဖြစ်မှန်ကို အချို့ကလက်ခံသည်။ တချို့က မျက်စိစုံမှိတ်၍ စွပ်စွဲနေဆဲပင်၊ ဇနီးမမွေးမှာ အမြွာမောင်နှမနှစ်ဦးကိုမွေးဖွားပြီးကွယ်လွန်သွားရှာသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရသော အချိန်ဖြစ်၍ ဦးအောင်မောင်းက –

“နန်းအဲထဘာယျူးရေကျွန်တော့် ဒေသကို ပြန်ပါတော့မယ်”

“ဟုတ် ... ကိုအောင်မောင်း နှင့်မှာ သန်သန်စွမ်းစွမ်းမဟုတ်လေတော့ ကလေးတစ်ယောက် ငါ့ကိုပေးခဲ့ကွယ် ငါ့မှာ ... ဖိုးမူရှိနေတော့ ဖိုးခွားလေးကို ပေးခဲ့နော်”

“ကောင်းပါပြီဗျာ ... ကျွန်တော့် သမီးလေးကို မေမြန်မာထွန်းလို့ အမည်မှည့်ပါ့မယ်”

“ကောင်းတယ်ဝေ့ ... ကျွန်မက ဖိုးခွားလေးကို ကရင်ပြည်နယ်မှာ မွေးလို့စောခေါင်စေးဖိုးလို့နာမည်ပေးမယ် ... တို့ကရင်ပြည်နယ်ပေါ့ကွယ်”

ရေတာရှည်မှ ရောက်လာသော ဒေါ်မြမြနှင့် နန်းအဲထဘာယျူး၏ အစ်ကိုစောအဒူးတို့မှာလည်းကလေးများကို တစ်ဦးစီခေါ်ယူကြသည်။

“ကလေးနှစ်ဦးရဲ့ လည်ပင်းမှာ အနီရောင်အမှတ်လေးတွေနဲ့ကွယ် ... ပြန်ဆုံရင်မှတ်မိဖို့ အမှတ်အသားပဲ”

အခန်း(၃)

၁၉၇၅ ခုနှစ်ကာလသို့ရောက်ခဲ့ပြီ။ အချိန်တို့သည် တရွေ့ရွေ့ကုန်ဆုံးခဲ့လေပြီ။ စောခေါင်စေးဖိုးနှင့် မေမြန်မာထွန်းတို့လည်း အသက် ၂၇ ခန့်ရှိခဲ့ပြီ။ သို့သော် သူတို့နှစ်ဦးမှာ အဖြစ်မှန်ကို မသိရှာပေ။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးချိန်မှစပြီး သွေးကွဲမှုများကြောင့် ပြည်တွင်း ဆူပူမှုများ ဖြစ်ပေါ်လာသည်။ ဗမာနှင့်ကရင်ကိုသွေးကွဲအောင် ဖန်တီးခဲ့သော အင်္ဂလိပ်နယ်ချဲ့၏ အဆိပ်ဆူးများကလည်း စူးနစ်နေဆဲပင်ဖြစ်သည်။ တိုင်းရင်းသားအားလုံးကို ပေါင်းရုံးသိမ်းကျုံးပြီး ခေါ်ဆိုသော “မြန်မာ”ဟူသောလူမျိုးကို နယ်ချဲ့တို့ကသပ်လျှိုသွေးခွဲထားခဲ့လေသည်။

နေလုံးနီက အနောက်ဂေါယာကျွန်းသို့ ယွန်းစပြုချေပြီ။ စပါးနက်သဘော်ကြီးသည် ရွှေဂွန်းမှဘားအံသို့ ခရီးသည်များတင်ဆောင်ပြီး သံလွင်မြစ်ကြောင်းအတိုင်း တရွေ့ရွေ့ခုတ်မောင်းနေပါ၏။ နှစ်ထပ်သဘော်ဖြစ်၍ အပေါ်ထပ်တွင် ခရီးသည်များနှင့် သဘော်အောက်ထပ်တွင် ရွှေဂွန်း၌

တာဝန်ကျနေသော ဆရာမလေး မေမြန်မာထွန်းနှင့် ဖခင် ဦးအောင်မောင်း၊ အဒေါ် ဒေါ်မြမြတို့ပါလာခဲ့သည်။ ဘားအံမှတစ်ဆင့် ရေတာရှည်မြို့သို့ ပြန်ကြမည်ဖြစ်၍ ရွာမှလက်ဆောင်အဖြစ်ပေးလိုက်သော မြေပဲ၊ နှမ်း၊ အသီးအနှံများနှင့် အတူ ခြံထွက်အုန်းသီးခြောက်များကို ငါးလုံးစီတွဲ၍ ပါလာသည်။ စပါးနက်သဘော်ကြီးသည် ကရင်ရွာ အနီးသို့ရောက်သော အခါ

"ဒိန်း ... ဒိန်း ... ဒိန်း ..."

သံလွင်မြစ်တစ်ဖက်ကမ်းဆီမှ လက်နက်ကြီးပစ်ခတ်သံများ ပေါ်ထွက်လာပြီး သဘော်၏ ဦးခေါင်းပိုင်းကို ထိမှန်ခဲ့လေပြီ။

"သဘော်ဦးခေါင်းမီးတွေလောင်နေပြီ ... အောက်ထပ်ကိုဆင်းကြဝပ်နေကြပါ..."

"ဒိန်း ... ဒိန်း ... ဒိန်း ... ဒက်ဒက် ဒက် ... ဒက်"

"ကယ်ကြပါ ... သဘော်ကြီးနစ်တော့မယ် ကယ်ကြပါ"

သဘော်ပေါ်တွင် ပါလာသော ရဟန်းရှင်လူ ပြည်သူများမှာ အသက်လုံ၍ ပြေးလွှားနေကြသည်။

"သဘော်ကြီးမှောက်တော့မယ်၊ ရေထဲကို ခုန်ဆင်းကြပါ"

မီးစွဲလောင်နေပြီဖြစ်သော သဘော်ကြီးမှာ ရေလယ်တွင်စောင်း၍ ချာချာလည်နေရာမှ ရေလယ်တွင် ထွန်းနေသောသောင်ခုံတစ်ခုနှင့် တိုက်မိပြီးရပ်သွားတော့သည်။ ခြေတစ်ဖက်မသန်သော ဦးအောင်မောင်းမှာ အစ်မကြီးဒေါ်မြမြ နှင့် သမီးလေး မေမြန်မာထွန်းတို့ကို အုန်းသီးတွဲများနှင့် ချည်နှောင်ပြီး သူကိုယ်တိုင်ကပုံးခွံတစ်ခုကို ဖက်၍ ရေထဲသို့ခုန်ဆင်းကြသည်။

"အား ... ပူလိုက်တာ ..."

"ကယ်ကြပါ ... ကျွန်မသားလေးရှာမတွေ့တော့ဘူး"

ရေများကရေနွေးကဲ့သို့ပူနေသည်။ သံလွင်မြစ်ကလည်း ရေစီးသန်စွာ တစ်ရှိန်ထိုး စီးဆင်းနေဆဲ။ လက်နက်ကြီးများကလည်း ပစ်ခတ်နေဆဲမှာ အစ်မဖြစ်သူနှင့် သမီးငယ်ကိုဖေးမပြီး ရေစီးနှင့်အတူမျောနေသော ဦးအောင်မောင်းမှာ လက်အံသေလာသည်။ ဝက တော့ ထိုး နေ သော နေ ရာ သို့ အရောက်တွင် ကူးရသည်မှာပို၍ ခက်ခဲပင်ပန်းလာသည်။ ထိုစဉ် –

"ဒိန်း ..."

"အား ... အဖေရေ ကယ်ပါဦး ..."

"သမီးလေး ... မေမြန်မာထွန်း ..."

လက်နက်ကြီးအစတစ်စက မေမြန်မာထွန်း၏ပခုံးကိုထိမှန်ပြီး အုန်းသီးတွဲနှင့် လွတ်သွားလေပြီ။ သွေးများက ရေပြင်တွင် နီလာသည်။

"သမီး ..."

ရေနစ်သွားသော မေမြန်မာထွန်းကို စိုးရိမ်ကြီးစွာဆွဲယူသော ဦးအောင်မောင်းလက်မှ မှီခိုထားသော ပုံးလွတ်သွားသည်။ အစ်မဖြစ်သူမှာလည်း အဝေးသို့ မျောသွားလေပြီ။

"မောင်လေး ... အောင်မောင်းရေ"

"အစ်မရေ ... သမီးလေး ... ဖရူး ... ဖရူး ..."

ဦးအောင်မောင်းမှာသမီးဖြစ်သူကို ဖက်တွယ်ပြီး ရေထဲသို့နစ်မြုပ်ခဲ့ပြီ။ နားထဲတွင် သေနတ်သံများပို၍ ဆူညံလာသည်ဟုထင်မိပြီး ဘာမှမသိတော့ပေ။ သို့သော် အချိန်မီစွာပင် သဘော်ပေါ်တွင် ပါလာသော ဗမာလူမျိုးကျောင်းဆရာတစ်ဦးနှင့်အတူ ကရင်ပြည်နယ်သို့လေ့လာ ရေးခရီးထွက်ခဲ့ကြသော ဗမာလူမျိုးကျောင်းဆရာအုပ်စုမှ ခရီးသည်များကို ရေထဲမှကယ်တင်ပြီး ဆေးရုံသို့ပို့ပေးကြ၍ ကံကောင်းထောက်မစွာဖြင့် ဦးအောင်မောင်းတို့မိသားစုမှာအသက်မသေဘဲ ဆေးရုံရောက်ပြီးဆေးကုသမှုများခံယူကြရသည်။ ဒဏ်ရာပြင်းသော မေမြန်မာထွန်းမှာ မေ့မြောနေဆဲပင်။

"ဒီလူနာရဲ့ ပခုံးထဲက သံစကို ခွဲထုတ်ရမယ် ... လူနာကသွေးထွက်လွန်နေပြီ ... အေဘီသွေး အမြန်လိုအပ်ပါတယ် ... နောက်ကျရင် အသက်ကယ်ဖို့မလွယ်ဘူး ... သွေးအမြန်ရှာပါ"

သဘော်နစ်သည့်သတင်းကြောင့် မိမိတို့၏သွေးချင်းများအတွက် လိုအပ်သည်များ ကူညီပေးနိုင်ရန် စောခေါင်စေးဖိုးနှင့်သူငယ်ချင်းများ ဆေးရုံတွင် ရှိနေကြသည် ... သွေးအမျိုးအစားစစ်ဆေးသောအခါ

"စောခေါင်စေးဖိုးကအေဘီသွေးပဲ ... လျှုမယ်ဟုတ်"

စောခေါင်စေးဖိုးမှ လူနာအမျိုးသမီးကို ကြည့်မိသည်... ကြည့်ရင်းမှ ရင်ထဲတွင် စူးဝင်နေသောဆူးဒဏ်ရာက နာကျင်လာသည်။ ပါးစပ်မှ တီးတိုးရေရွတ်၍ အံကြိတ်နေသော စောခေါင်စေးဖိုး။

"သူကဗမာမပဲ ... ငါ့ပါးပါးကို သတ်ပြီး ငွေတွေယူသွားတာဗမာပဲ ... သူတို့အသက်ကို ငါ့သွေးနဲ့ ကယ်မပေးနိုင်ဘူး ... ငါက ကရင်သွေး... ငါ့ကရင်လူမျိုးတွေကိုပဲ ငါကယ်မယ် ..."

"ဟေ့... စောခေါင်စေးဖိုး သွားလေ ..."

"ငါမလျှုဘူးကွာ ... ဒီဗမာမကို ငါ့သွေးမလျှုဘူး"

"ကျွန်တော် အေဘီသွေးပါခင်ဗျာ... လိုအပ်တဲ့သွေးအတွက်လျှုပါမယ်..."

ရေစိုနေသောအဝတ်များကိုဝတ်ဆင်ထားသည့် ဗမာကျောင်းဆရာတစ်ဦးသည် သွေးလှူခဲ့လေသည်။ နောက်တစ်ဦးမှလည်း လှူသဖြင့် မေမြန်မာထွန်းကို အောင်မြင်စွာခွဲစိတ်နိုင်ခဲ့လေသည်။

ဦးအောင်မောင်းတို့မောင်နှမမှာ ခွဲစိတ်ခန်းရှေ့တွင် နွမ်းနယ်စွာထိုင်နေကြသည်။ ဆေးရုံတစ်ခုလုံးတွင်လည်း သတင်းမေးသူများ၊ ဒဏ်ရာရလူနာများဖြင့် ပြည့်နှက်နေပေသည်။ တချို့မှာ ဒဏ်ရာမရသော်လည်း ရေအပူလောင်သဖြင့် အရေခွံကွာနေသူများလည်း ရှိနေသည်။

"ခင်ဗျား ... ကိုအောင်မောင်းဟုတ်ပါတယ်နော်..."

ကရင်ရိုးရာဝတ်စုံကို ဝတ်ဆင်ထားသော ကရင်အမျိုးသားကြီးတစ်ဦးက ဦးအောင်မောင်းကို စိုက်ကြည့်ရာမှ ဝမ်းသာအားရမေးလာ၍ ဦးအောင်မောင်းမှ သေချာစွာ စိုက်ကြည့်ရာမှ မှတ်မိခဲ့လေပြီ။

"ဟာ စောအဒူး .... စောအဒူးနော်...ဟုတ်တယ်ကျုပ်အောင်မောင်းပါ ... ဒါထက် ကျုပ် ... ကျုပ် ... အဲလေနန်းအဲထဘာယူးသားလေးစောခေါင်စေးဖိုးရော ..."

ဦးအောင်မောင်း၏ မျက်ဝန်းမှ မျက်ရည်များ ဝေလာသည်။

စောအဒူးက –

"ဟောဟိုမှာ ... လာနေပါပြီခင်ဗျာ ... အဲဒါခင်ဗျားရဲ့ သားကြီး စောခေါင်စေးဖိုးပဲ ..."

"ဟင် ..."

သမီးလေးမေမြန်မာထွန်းကိုသွေးလှူရန်ငြင်းဆန်သည့် ကရင်လေးက ကျုပ်ဗမာလူမျိုး အောင်မောင်းရဲ့ ရင်သွေးတဲ့လား။ ဖြူဖြူထွားထွား ကရင်လူမျိုးဖြစ်နေပါလား။

"ဝေ့ ... ကျော့ ... ငါတို့ပြန်တော့မယ် ... ပြန်လိုက်မှာလား ..."

ကရင်သံပီသစွာ ပြောနေသော သားဖြစ်သူကို ဦးအောင်မောင်း တရှိုက်မက်မက် ငေးမောနေမိသည်။ ဖြစ်ရလေသားကြီးရယ်။ မေမြန်မာထွန်းက မင်းရဲ့ညီမလေးပါ။ ဆယ်မိနစ်ခြားသော အမြွာဆိုသော်လည်း စေ့စေ့ကြည့်မှ ရေးရေးတူသည်။

"ပြန်ကြစို့လေ ကျော့ရေ.... အမိုးက နေမကောင်းဘူး ဝေ ..."

စောအဒူးက စောခေါင်စေးဖိုး၏ ပခုံးကိုဖက်လိုက်သည်။ ပြီးမှတုန်ယင်ဆို့နှင့်စွာဖြင့် ....

"ဖိုးခွားရေ မောင်ကျော့(ဦးလေး) မပြောမဖြစ်တဲ့ စကားပြောရမယ် ... ခွင့်လွှတ်ကွယ် ..."

"ကျော့ဘာဖြစ်တာလဲ ... သူတို့က ဘယ်သူတွေလဲ ..."

"ဟောဒီက ဦးအောင်မောင်းဆိုတာ တခြားသူမဟုတ်ဘူး ... ဖိုးခွားရဲ့ အဖေအရင်းပဲဖိုးခွား ..."

"ဟာ ... မောင်ကျော့ဘာတွေပြောနေတာလဲဗျာ ..."

"သားလေး ... စောခေါင်စေးဖိုး"

ဦးအောင်မောင်းက စောခေါင်စေးဖိုးကို ပြေးဖက်လိုက်သည်။ ဒေါ်မြမြကရှိုက်ငိုသည်။

"ဟုတ်တယ်လူလေး ... အဖေဟာသားရဲ့အဖေအရင်းပါ ... ဟောဟိုက ခွဲစိတ်ခန်းမှာရှိနေတာ သားရဲ့အမြွာညီမလေးပါ ...မေမြန်မာထွန်းတဲ့ ..."

စောခေါင်စေးဖိုးမှန်ထူသွားသည်။

"ကျော့ရာ ...ဘာတွေလဲဗျာ ... ကျွန်တော့်အပါးက စောကျော်ဃိဆို ... ကျော့ရယ် ရှင်းပြပါဦး ...

ကျွန်တော်က ကရင်လေ ... ကျော့ရဲ့"

ရှင်းပြ၍ အကြောင်းစုံသိရသော အခါမှ စောခေါင်စေးဖိုး ချုံးပွဲချ၍ ငိုသည်။ ခွဲစိတ်ခန်းတွင်းမှ အောင်မြင်စွာ ထွက်လာသော ညီမလေးကို နွေးထွေးစွာဖက်တွယ်ထားမိသည်။ မောင်ကျော့တို့ပြောသကဲ့သို့ပင် လည်ပင်းမှ စာနီအမှတ်ကလေးက ထင်ရှားစွာမြင်ရသည်။ ညီမလေး မေမြန်မာထွန်း၏ မျက်နှာ၊ နှာတံ၊ ပါးစပ်တို့က သူနှင့်ဆင်တူလေသည်။

"ဖြစ်ရလေတယ် ညီမလေးရယ်... နှလုံးသားထဲကို စူးဝင်နေတဲ့သံသယတွေ ကြောင့် လူမျိုးစွဲ ပုဂ္ဂိုလ်စွဲတွေကကြာလေရင့်သန်လေဖြစ်ခဲ့ပြီ၊ အမှန်တရားကို တွေးတောနိုင်စွမ်းတွေ ပျောက်ကွယ်ခဲ့ရတယ်၊ ဗမာလူမျိုးတွေကိုမုန်းခဲ့တယ်...တကယ်တော့... ငါက ဗမာလူမျိုးကမွေးတဲ့ ဗမာပဲ... ကရင်လူမျိုးတွေလက်ထဲမှာ ကြီးပြင်းခဲ့လို့ ကရင်ဖြစ်ခဲ့တယ်... တိုင်းရင်းသားဆိုတာ တစ်သွေးထဲ တစ်သားထဲ အတူတူပါဆိုတာသိရပြီ"

နောက်ကြောင်းကို ပြန်လည်ပြောပြနေသော အဖူးစောခေါင်

စေးဖိုး၏စကားကို နန်းသဝါဖော့တို့ မောင်နှမမှာ နားထောင်ပြီး မျက်ရည်ဝဲကာ ခေါင်းလေးတညိတ်ညိတ်နှင့် ရှိနေခဲ့ကြသည်။

အခန်း(၄)

နှစ်နှစ်ခန့်ကြာသောအခါ

ကရင်ပြည်နယ်၊ ကန်သာယာနံဘေးတွင်တည်ရှိသော ဇွဲကပင်ခန်းမကြီးတွင် ပြည်နယ်အတွင်းနေထိုင်ကြသော တိုင်းရင်းသားများနှင့် ဌာနဆိုင်ရာများ၊ ပြည်သူလူထုများ ပျားပန်းခပ်မျှ စည်ကားနေသည်။ ခန်းမအတွင်းတွင်လည်း အားလုံးကအသင့်နေရာယူထားကြသည်။တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နှင့်အတူ ညွှန်ကြားရေးမှူးချုပ်တို့သည် (၆၈)နှစ်မြောက် ကရင်ပြည်နယ်နေ့ပွဲတော်သို့ ကြွရောက် အားပေးချီးမြှင့်ခြင်းနှင့်အတူ ဤဇွဲကပင်ခန်းမတွင် တိုင်းရင်းသားများနှင့် ချစ်ခင်ရင်းနှီးစွာ တွေ့ဆုံပွဲကို ကျင်းပပြုလုပ်ခဲ့သည်။

ကန်သာယာတံတားတွင် တောတောင်ရေမြေအလှကို ကြည့်ရှုခံစားသူ၊ ဓာတ်ပုံရိုက်နေသူများနှင့် ပြည့်နှက်နေသည်။

“ဟော... နန်းသဝါဖော့ မဟုတ်လားခင်ဗျ...”

ကရင်မလေး နန်းသဝါဖော့မှာ အသားဖြူဖြူ အရပ်မြင့်မြင့်နှင့် အင်္ကျီအဖြူ၊ ဘောင်းဘီရှည် အနက်ရောင်၊ နက်တိုင်၊ ရှူးဖိနပ်နှင့် သေသပ်ကျနစွာဝတ်ထားသူကို အံ့အားသင့်စွာ ကြည့်လိုက်မိသည်။ ပြီးနောက် –

“အယ်... ဟို... အဖူးဆေးကုပေးခဲ့တဲ့ ကိုဂျူလိုင်ထွန်း”

“ဟုတ်ပါတယ်ဗျ... မင်္ဂလာပါနန်း ကျွန်တော် ဂျူလိုင်ထွန်းပါ... ဘူမိဗေဒနဲ့ကျောင်းပြီးပြီ.. အဲဒီတုန်းက ခနောက်စိမ်းသတ္တုကြောရှာဖွေရေးမှာ အလုပ်လုပ်ခဲ့တာပါ... ကျေးဇူးအထူးတင်ပါတယ်ခင်ဗျ”

ဂျူလိုင်ထွန်းက နန်းသဝါဖော့ကို စေ့စေ့ကြည့်ပြီး –

“နန်းသဝါဖော့ဆိုတာ ကြာပန်းလို့ အဓိပ္ပာယ်ရတယ်လို့ သိရပါတယ်... ကျွန်တော်အခု ဒီနယ်မြေမှာ တာဝန်ကျပြီး ဒီပွဲကိုတက်ရောက်ခဲ့ပါတယ်... ကျွန်တော့်အဘိုးက မှာလိုက်တယ်.. ကောက်စိုက်အပြန် ရေကန်ကြီးက ကြာတစ်စည်းလောက်ချိုးခဲ့ပါတဲ့... ကျွန်တော်ကြာပွင့်လေး တစ်ပွင့်ကို မြတ်မြတ်နိုးနိုး ယူသွားချင်ပါတယ်ခင်ဗျာ...”

“အေ... အေ... ဘာလဲကွယ်...”

ထိုစဉ် ဆောင်းဘောက်မှ ပြည်ထောင်စုဝန်ကြီး၊ ကရင်ပြည်နယ် ဝန်ကြီးချုပ်နှင့် ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးတို့ကြွရောက်လာတော့ မည်ဖြစ်ပါ၍ အားလုံး နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျာ... တဲ့

အခန်း(၅)

အခမ်းအနား ပြီးဆုံးသောအခါ ဇွဲကပင်ခန်းမအတွင်းမှ အားလုံးထွက်လာကြသည်။ နော်ဆေးဖောတို့နှင့် ဓာတ်ပုံရိုက်ရန် ကန်သာယာ တံတားဆီသို့ သွားနေသော နန်းသဝါဖော့နောက်သို့ ကိုဂျူလိုင်ထွန်းရောက်လာသည်။

“ကြာပန်းလေး.. အဲ.. နန်းသဝါဖော့...ခဏလေးပါနော်...ကျွန်တော့် စကားလေးဆုံးအောင် ပြောပါရစေခင်ဗျား...”

“ဝယ်... ဘာပြောမှာလည်း... ဟိုမှာသူငယ်ချင်းတွေစောင့်နေပြီ”

“ခဏလေးပါ နန်းရယ်... ကျွန်တော် ပြောမယ့်စကားက... နန်းကို ချစ်တယ်... တောင်းရမ်းလက်ထပ်ပါရစေ...ချစ်နေတာ စတွေ့ကတည်းကပါ”

“ဘာ..ဘာ.. ဆိုင်လို့လည်း... မရပါဘူး... မသိဘူး...” နန်းသဝါဖော့က ရှက်သွေးဖြာစွာခေါင်းလေးငုံ့နေသည်။

“ဘာလို့လည်းဟင်... ကျွန်တော်က ချင်းလူမျိုးမို့လား... ဟင်”

“အို... မဟုတ်ရပါဘူးလေ... နန်းတို့တိုင်းရင်းသားတွေက အတူတူပဲလေ... သွေးချင်းတွေပါ.. ဝယ်”

“ဒါ.. ဒါ.. ဆို.. ကျွန်တော့်အဘိုးဆီ ကြာပန်းလက်ဆောင် ယူသွားတော့မယ်နော်”

လေပြေညင်းက ကန်ရေပြင်ကို ရှုပ်တိုက်ပြေးလာသည်။ ဟိုးအဝေးက ဇွဲကပင်တောင်တန်းကြီးက အပြုံးလှလှဖြင့် ပြုံးနေလေသတည်း။

လက်ဘရည်ရည်ခိုင်

ကျမ်းကိုး။

(၁) မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်း၊ ရန်ကုန်တက္ကသိုလ်

(၂) တိုင်းရင်းသားလူမျိုးများ၏ နယ်ချဲ့ဆန့် ကျင်ရေးသမိုင်း